www.burmeseclassic.com

အမှတ် ၂၇၅ ငွေနီ ၂၀၁၄

ချစ်ခြင်း

ရုပ်စုံမဂ္ဂဇင်း

BURMESE CLASSIC .com

မိုးဟောကို

ဓာတ်ပုံ - ကိုထင်း(Studio-K)

www.burmeseclassic.com

www.burmeseclassic.com

ဒီဂီတသုခစီးရီးလိုင်းသာ တရားဝင်ထုတ်ဝေခွင့်ရှိသည်

တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း
စာတည်း
လင်းနိုင်ဦး
အပူဆောင် စာတည်း
မသိတာ(စမ်းသွေး)

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည့်

ရုပ်ရှင်များမှ ဇင်း၊
အမှတ် ၂၀၅ ဒွန် ၂၀၁၄

ရွှေပန်းခါ ဇော်ဝင်း(ငှက်ပျောသီး)၊ ဆန်နီညိမ်း၊ ဖေညွန့်ဝေ၊ မုတ်သုံ၊ မြင့်မောင်ကျော်၊ မျိုးမြင့်၊ လှမြင့်ဆွေ၊ လင်းဝင်္ကာ၊ ဇော်မောင်၊ ဝင်းတင့်၊ မောင်နိုး၊ စိုးအောင်၊ အောင်ကျော်၊ ဖေသစ်တည့်၊ ထွန်းအုံ၊ Win Iszudia မျက်နှာဖုံးဓာတ်ပုံ ကိုလင်း(Studio-K)၊ ရွှေဒီဇိုင်း – ခိုင်ဇင်ထွန်း၊ ဖြိုးဦးပိုင်၊ ရွှေဓာတ်ပုံ –ကိုလင်း(Studio-K)၊ လင်းနိုင်ဦး၊ ရွှေဓာတ်ပြား -နိုင်ခွန်အား၊ စိမ်းလဲ့စံ၊ မိုးမိုးမြင့်၊ ဓာပြင် – ကျော်စိန်ဝင်း၊ Available at : iTune Store

www.burmeseclassic.com

www.burmeseclassic.com

ဘုံတော်ရောင်

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၅၊ ဇွန်၊ ၂၀၁၄

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်

သူတို့အရေး

၄။ ဒေါ်အေးသန်းထွန်း

ဧရာချစ်သူမှ ဧရာချစ်သူသို့

၁၀။ စင်းငြိမ်း

ဧရာမင်းသား၊ ဧရာမင်းသမီး

၁၄။ လင်းနိုင်ဦး

မိုးဟောကိုရဲ့ကျွန်မချစ်သော

One Minute Interview

၂၂။ ဘီ

မြင့်မြင့်ခိုင်၊

ညီညီထွန်းလွင်၊ ဝိုင်း

ဧရာရုပ်ရှင်

၄၂။ မိုးကျော်ထွန်း

ကျွန်မက နှင်းဆီပါမောင်

လူမှုဝန်းကျင်

၃၄။ လင်းနိုင်ဦး

K-Pop အဆိုတော်များကို

သည်းသည်းလှုပ်

အားပေးခဲ့ကြတဲ့ပွဲ

၅၄။ မိုးကျော်ထွန်း

မန္တလေးမှာ ပျော်ပျော်ကြီး

ဖျော်ဖြေခဲ့တဲ့ စိုးသူ

နိုင်ငံတကာစာမျက်နှာ

၂၈။ ဇာနည်ညီခိုး

ဧစ္ဆပ်ကြောင်းလမ်း

လိုက်တဲ့ ကျော့ချ်ကလူနီ

၄၈။ ဦးထားအောင်း NY၊

လူပီးတာနီယောင်းဝို

၆၀။ စင်းငြိမ်း

ရမ္ဘက်စော

ဧရာနှလုံးသား

၁၀။ အိပ်မက်မိုးကောင်းကင်

ဧရာဝတ္ထု

၁၄။ ကိုကိုချစ်သူ

၁၈။ ဘယ်ခွေး

၁၉။ နေပြည်တော်တွင် နေကာမျက်မှန်တပ်၍ ခွေးကျောင်းခြင်း

၂၉။ ခဲအဖြူ-အစိမ်းနှင့် ရေးခြစ်သော တစ်ပိုင်းတစ်စကဗျာ

၃၄။ မျက်ဝန်းလေးတွေ လှသွားတဲ့အခါ

၁၆၄။ စင်ဖြိုင်

၁၇၂။ ချစ်မိုးကြီးသည်းပါလေ

၁၉၆။ ရှစ်တစ်ဆယ် ဆယ့်နှစ်

၂၀၄။ နင်တန် နင်တန်

၂၀၈။ မြို့ကလေးက ကိုထွေးအကြောင်း

ဧရာဝတ္ထုဂျာနယ်စ/ဆုံး

၁၄၆။ ဘဝ...ဘဝတွေ ချိုပါရဲ့လား

၁၈၂။ လူစစ်စစ်ဖြစ်ချင်သူများရဲ့ အတ္ထုပ္ပတ္တိ



www.burmeseclassic.com

www.burmeseclassic.com

ရေးစာတမ်း

၁၇။ ရဲသျှမ်း
မိခင်မြစ်

ရွှေအခန်းဆက် ဝတ္ထုရှည်

၂၄၀။ ခင်ခင်ထူး
တောမင်းသမီး

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း

၈၂။ သိပ္ပံမိုးရင်
စာရေးဆရာမ ချစ်လင်

ရွှေအသစ်

၂၁၄။ .....
၂၂၀။ .....
၂၂၆။ .....
၂၃၄။ .....

ရွှေသုတ

၇၆။ မဟာရွှေဆောင်း
စာကောင်းကင်က
လင်းလက်ကြယ်

၈၈။ ဆောင်သန်းဆွေ
သီပေါမင်းတရားနှင့်
တွေ့ဆုံသော
ဆရာတော် ဦးဥတ္တမ

၁၀၈။ ပြုံ့သန်း
ဗစ်ဂိုင်ရှတိုင်းဘက်မှ
ချေပပေးရန် ဖြစ်လာရခြင်း

၁၃၆။ ဆောင်ခင်ဆင်
ပန်ဖြူ
စကားသမုဒ္ဒရာထဲမှာ (၁)

၁၅၈။ ဆနဇင်လေး
ကိုကိုကြီး
တစ်သက်လုံး
ထောင်ကျသွားပြီ

၁၉၂။ ဆောင်ဖွေးဦး
ပန်းပန်းတက်ကုံးပိတ်
ဥသြကိုမုန်းတယ်

ကော်ပီသစ်ကူးရန်-တိုက်ကြေး ၂၀/၂၅ အထိ ရသည်။ ကျွန်ုပ်၏ကော်ပီသစ်ကူးခြင်းလုပ်ငန်းကို ဝါသနာပါသူ
ရန်ကုန်၊ မန္တလေးတွင် E-mail : nyeinfamily@gmail.com
များစွာသော မေးမြန်းစုံစမ်းမှုများနှင့် အပေါ်စီးပိုင်းမှ ဦးညီထွန်းဦး ဘဝကျွန်ုပ်၏ ဘဝတွင် အများကြီးကို
အမှတ် သဘော ထွက်ကောင်းကြောင်း ကျွန်ုပ်၏ ဘဝတွင် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို
ဦးညီထွန်းဦး ဘဝသည် အမှန် ပင် ကုန်းသိုက်မြေမင်းသားများ ကြားတွင်
ကျွန်ုပ်တို့ကြားမှ ဇနီးကိုနီနီ ရွှေပြန်ဆိုခြင်း - သမုဒ္ဒရာအလယ် အပေါ် ဘဝ ပေါ် ဘဝ
ကုန်သည်လမ်းမှ ကောဝှက်လမ်းကြောင်းကျော်ကိုတောင်ပြုမည် ကုန်ကုန်ပြီ - နှင့် ဘဝတွေ့ကြုံ
ကတ်ပြားဆောင်ထွက်ဆုတ် ဘဝတွေ့ E-mail : zabutalu@gmail.com
Available at : iTune Store

www.burmeseclassic.com

www.burmeseclassic.com



သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၉၅၊ ဇွန်၊ ၂၀၁၄

စိုင်းစိုင်းခမ်းလွိုင်
မွေးနေ့ပေါ်ဖြေပွဲ ကျင်းပ

အဆိုတော်၊ သရုပ်ဆောင် စိုင်းစိုင်းခမ်းလွိုင်ရဲ့မွေးနေ့ အမှတ်တရအဖြစ် သီဆိုဖျော်ဖြေပွဲတစ်ရပ်ကို ဧပြီလ ၁၁ ရက်နေ့က ရန်ကုန်မြို့ ဖျော်စင်ကျွန်းမှာ ကျင်းပခဲ့ပါတယ်။ ဒီနှစ် ပွဲဟာ စိုင်းစိုင်းရဲ့ ၁၀ ကြိမ်မြောက် ဖျော်ဖြေပွဲဖြစ်တယ်လို့လည်း သိရပါတယ်။ စိုင်းစိုင်းရဲ့မိတ်ဆွေအနုပညာရှင်များ၊ စိုင်းနိုင်းကို ချစ်တဲ့ဧည့်ပရိသတ်များနဲ့ အောင်မြင်စည်ကားစွာ ကျင်းပသွားခဲ့ပါတယ်။ ❑

ပရိသတ်နဲ့ အတွဲညီညီ ဖျော်ဖြေခဲ့တဲ့ စိုင်းစိုင်းခမ်းလွိုင်

www.burmeseclassic.com

www.burmeseclassic.com

ဘန်းဒ်ပြိုး၊ နေဝင်း(Snare)တို့က ယူရေနီယမ်အကအဖွဲနဲ့
တွဲဖက်ပြီး သီဆိုပျော်ပွဲခဲ့ပါတယ်

နိုင်းနိုင်းခမ်းလှိုင်နဲ့ ငယ်ငယ်

ဂျပန်နိုင်ငံမှ လာရောက်တဲ့
ဟာရိုင်ရီအင်တာနေရှင်နယ်
တီဗွီအစီအစဉ်မှ မော်ဒယ်လ် ၃ ဦးက
နိုင်းနိုင်းကို ပန်းစည်းပေးအပ်ခဲ့ကြပါတယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သူတို့အရေး

ရွှေအပြုံတောရုပ်စုံမဂ္ဂဇင်း၊ အမှတ် (၂၇)၊ ဒုန်၊ ၂၀၁၄

သားစိုးက ကူးထုတ်ခြားခြား
ပါဖော်မန့်များနဲ့ ဖျော်ဖြေခဲ့ပါတယ်

သားစိုးရဲ့ ဖျော်ဖြေမှု

နန်းဆုရတီစိုးရဲ့
ဖျော်ဖြေမှု

ကမ္ဘာ့ဖလားအကြို သားစိုးတစ်ကိုယ်တော် ဖျော်ဖြေပွဲ ကျင်းပ

လေးနှစ်တစ်ကြိမ်သာ ကျင်းပတဲ့ကမ္ဘာ့ဖလားဘောလုံးပွဲကို ဘရာဇီးလ်နိုင်ငံမှာ မကြာမီကျင်းပတော့မှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားဘောလုံးပွဲများ ကျင်းပပုံကို မြန်မာနိုင်ငံရှိ ရုပ်မြင်သံကြားအစီအစဉ်များထဲက Sky Net ရုပ်မြင်သံကြားအစီအစဉ်က တစ်ဦးတည်းမူပိုင် လွှင့်ထုတ်ခွင့်ရရှိခဲ့ပါပြီ။ ဒါကြောင့် ကမ္ဘာ့ဖလားအကြိုပွဲအဖြစ် Sky Net က သူတို့ပိုင် ရွှေထွဋ်တင် ရင်ပြင်မှာ သားစိုး တစ်ကိုယ်တော်ဖျော်ဖြေပွဲကို မေလ ၉ ရက်နေ့ ညက ကျင်းပခဲ့ပါတယ်။ ဝင်ကြေးမရှိ အခမဲ့ဖျော်ဖြေတဲ့ပွဲမှာ သားစိုးက ထူးထူးခြားခြား ပါဖော်မန့်များနဲ့ သီဆိုဖျော်ဖြေသွားခဲ့တာကြောင့် ပရိသတ်များ ကျေနပ်အားရခဲ့ကြပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာသတို့သား ပိုးသော်ကြာနဲ့
မင်္ဂလာသတို့သမီး လှိုင်ဒေါ်တာနာဆု

စည်သူဒေါက်တာ ဖိုလ်ကလေးတင့်အောင်နဲ့
ဇနီး ဒေါ်ခင်ရီတို့က မင်္ဂလာမောင်နှံကို
မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်ပြန်းပေးခဲ့ပါတယ်

ဒေါ်အေးဇော်၊ ပိုးသော်ကြာနဲ့ ဖိုးဆိန်သူ

သရဖ်ဆောင်၊ အဆိုတော် ပိုးသော်ကြာ ထိမ်းမြားမင်္ဂလာဆောင်နှင်း

ကွယ်လွန်သူ စာရေးဆရာ၊ သရဖ်ဆောင်၊ အဆိုတော်၊ ဒါရိုက်တာ အကယ်ဒမီသမားတော်နဲ့ အငြိမ်းစားဆရာမ ဒေါ်အေးအေးမေ(ဒေါ်အေးသွဲ့)တို့ရဲ့သားကြီး သရဖ်ဆောင်၊ အဆိုတော် ပိုးသော်ကြာ(B A Music)နဲ့ ဗိုလ်ကြီးဦးသိန်း(ငြိမ်း)နဲ့ ဒေါ်သီတာလှိုင်တို့ရဲ့သမီးတွေး ဧရိုင်ရတနာဆု (B A Eng)တို့ရဲ့ စုလွှားရစ်ပတ် လက်ထပ်မင်္ဂလာ အခမ်းအနားကို မေလ ၁ ရက်နေ့ နံနက် ၉ နာရီအချိန်က နေကျနှင်းငြိ၊ ကဉ္စရအေးဇေဟိလမ်းရှိ ဆီဒိုးနားဟိုတယ် မင်္ဂလာခန်းမမှာ ဘာသံးပခဲ့ပါတယ်။ ရှပ်ရှင်၊ ဂီတ၊ စာပေ ဓိဂ်ိဳလ်ခွေများ စုံစုံညီညီ တက်ရောက်ခဲ့ကြတဲ့ ဒီမင်္ဂလာပွဲမှာ ဂီတ ပညာရှင်ကြီးဖြစ်တဲ့ စည်သူဒေါက်တာ ဖိုလ်ကလေးတင့်အောင်နဲ့ဇနီး ဒေါ်ခင်ရီတို့က စုလွှားရစ်ပတ် လက်ထပ်ပေးပြီး အောင်စံပယ်ပန်းကုံးများ ချီးမြှင့်ခြင်း၊ မင်္ဂလာလက်ဖွဲ့များဆင်ပြန်းပေးခြင်းတို့ အောင်ရွှက်ပေးကြပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com

အကယ်ဒမီ ဆွေဇင်ထိုက်

Person of The Year
အကယ်ဒမီ ဆွေဇင်ထိုက်

ဥပဒေအကျိုးဆောင်တစ်ဦးလည်းဖြစ်၊ ဇာတ်ညွှန်းရေးဆရာတစ်ဦးလည်းဖြစ်တဲ့ ဦးအောင်စိုးဦးက မူပိုင်ခွင့်ဥပဒေကို ဦးဆောင်ဆွဲနေသူပီပီ မြန်မာနိုင်ငံမှာ ဉာဏပစ္စည်းမူပိုင်ခွင့်နေ့ကို တက်ကြွစွာဆောင်ရွက်နေသူ ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း သက်ဆိုင်ရာလုပ်ငန်းများမှာ မူပိုင်ခွင့်အရေး တက်ကြွစွာ ဆောင်ရွက်နေတဲ့သူများကို Person of The Year အဖြစ် ရွေးချယ်ဆုချီးမြှင့်လေ့ ရှိပါတယ်။

ဒီနှစ်မှာ ကမ္ဘာလုံးဆိုင်ရာ မူပိုင်ခွင့်အဖွဲ့ကြီးကလည်း ဦးစားပေးတာက ရုပ်ရှင်လုပ်ငန်းမှာ တက်ကြွစွာ ဦးဆောင်သူဖြစ်တာကြောင့် မြန်မာနိုင်ငံမှာ ဦးဆောင်နေတဲ့ ဦးအောင်စိုးဦးတို့ကလည်း ရုပ်ရှင်အရေးကိစ္စမှာ တက်ကြွစွာ ဆောင်ရွက်နေတဲ့ အကယ်ဒမီ ဆွေဇင်ထိုက်ကို ရွေးချယ်လိုက်ခြင်း ဖြစ်ပါတယ်။

ရွေးချယ်ခံရခြင်းနဲ့ပတ်သက်လို့ အကယ်ဒမီ ဆွေဇင်ထိုက်က "ဒီနှစ် ကမ္ဘာလုံးဆိုင်ရာအဖွဲ့ ကြီးက သတ်မှတ်ပေးတဲ့ ခေါင်းစဉ်ကိုက ရုပ်ရှင်လုပ်ငန်းဖြစ်နေတာကြောင့် ရုပ်ရှင်အရေး တက်ကြွစွာလုပ်နေတဲ့ကျွန်မကို ရွေးချယ်ခဲ့တာပါ" လို့ ဆိုပါတယ်။ ဒီဆုရရှိတဲ့အတွက် ဒေါ်ဆွေဇင်ထိုက်ကို မိတ်ဆွေများက မေလ ၁၀ ရက်နေ့ည ရန်ကုန်မြို့ ကန်တော်ကြီးစောင်းမှာ ရှိတဲ့ White Rice စားသောက်ဆိုင်မှာ ညစာစားပွဲနဲ့ တည်ခင်းဧည့်ခံဂုဏ်ပြုခဲ့ကြောင်း သိရပါတယ်။ ❑

ကျွန်မ ချစ်သော အယ်လာစ်ထုတ်မယ့် ဝီးလောကို

www.burmeseclassic.com

www.burmeseclassic.com

Dozen Ladies Show ကျင်းပ

မြန်မာနိုင်ငံမှာ မိခင်ဖြစ်သူနဲ့အတူ လာရောက်နေထိုင်နေတဲ့ အဆိုတော် မေဆိုက အမျိုးသမီး ၁၂ ဦး ပါဝင်သီဆိုတဲ့ Dozen Ladies အမည်ရှိ Show ပွဲတစ်ခုကို မေလ ၁၀ ရက်နေ့ ညက ရန်ကုန်မြို့ အလုံမြို့နယ် ရှင်စောပုလဲမိုး Myanmar Event Park မှာကျင်းပခဲ့ပါ တယ်။ မေဆို၊ မေခလာ၊ ကော်နီ၊ တင်ဇာမော်၊ ထွန်းအိန္ဒြာဝို၊ ရှင်ဖုန်း၊ ချမ်းချမ်း၊ ချစ်သူဝေ၊ ရေဖက္ကဝင်း၊ ဝိုင်းစုခိုင်သိန်း၊ အိုင်ရင်းဇင်မာမြင့်၊ နီနီခင်ဇော်တို့ ပါဝင်သီဆို ခဲ့ကြတာဖြစ်ပါတယ်။ အပိုင်းနှစ်ပိုင်းခွဲခြားပြီး တစ်ပိုင်းမှာ တစ်ဦးလျှင် သီချင်းနှစ်ပုဒ်စီနဲ့ ဖျော်ဖြေ ခဲ့ကြတာပါ။ မေဆို ပထမဆုံးစီစဉ်တဲ့ပွဲဖြစ်ပြီး ပရိသတ်များ ရုံပြည့်အားပေးခဲ့ကြပါတယ်။ ■ **အောင်သန်းထွန်း**

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပါ ဆရာ။

'ရွှေ'မှာ ဖော်ပြနေတဲ့ ဆရာ မောင်သာရုရဲ့ America က လာတဲ့စာတစ်စောင် ဆောင်းပါးတွေကို နှစ်သက်လွန်းလို့ ဒီစာကို ရေးရခြင်းပါဗျာ။ 'ဦးနောက်မှုန်တယ်'ဆိုတဲ့ ဝေါဟာရကို အရမ်းနှစ်သက်မိသလို 'ဦးနှောက်မှုန်တာက အသက်အရွယ်နဲ့မဆိုင်ဘူး။ ကာလအခြေအနေနဲ့သာ ဆိုင်တယ်' ဆိုတဲ့ အချက်ကိုလည်း သဘောကျမိပါတယ်။ ကျွန်တော် ဦးနှောက်မှုန်မှာ ကြောက်တယ်ဆရာ။ ဒါ့ကြောင့် ပြည်သူ့ခေတ် အပတ်စဉ်ဝယ်ပါတယ်။ ရွှေအမြဲတေနဲ့ ရုန့်သစ် လစဉ်ဝယ်ပါတယ်။ ဖတ်ရမှတ်ရတာ မဝသေးပေမဲ့ လွန်ခဲ့တဲ့ ၁ နှစ်လောက်က ရေးထားတဲ့ ဝတ္ထုတိုလေးတွေကို ဆရာတို့'ရွှေ'ဆီ စတင်ပေးပို့နေပါပြီ။ အရွေးခံရဖို့အထိ မမျှော်လင့်ရဲသေးပါဘူး။ ဒါပေမဲ့ ကျွန်တော့်ရဲ့အားနည်းချက်လေးတွေ သိချင်လို့ ပို့လိုက်တာပါ။'ရွှေအသစ်' မဖြစ်မချင်း ကျွန်တော် ကြိုးစားနေမှာပါ ဆရာ။

ဟိုတစ်နေ့က ဆရာရေးတဲ့ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရပါတယ် ဆရာ။'အမေကြည်နဲ့ ကျွန်တော်'တဲ့။ အသက် ၆၀ ကျော်အရွယ် ကျွန်တော့်မေကြီးရဲ့ အသည်းစွဲမင်းသမီးကြီး ဒေါ်ကြည်ကြည်ဌေးအကြောင်း ရေးထားတဲ့ဆောင်းပါးပါ။ မှတ်မိပါသေးတယ် ဆရာ။ ကျွန်တော် ၆ နှစ်၊ ၇ နှစ်လောက် တုန်းက တစ်ရက်မှာ ကျွန်တော့်မေကြီးနဲ့ ဥပုသ်ကျောင်းကို လိုက်သွားပါတယ်။ ကျောင်းရောက်တော့ မေကြီးက သူ့အပေါင်းအဖော် မိန်းမကြီးတွေနဲ့ 'မနေ့ညက မဗေဒါ၊ ကြည်ကြည်ဌေး'အကြောင်း တီဗွီ(အဖြူအမည်း)မှာ ကြည့်ခဲ့တာတွေကို ဥပုသ်မယူခင် စားမြဲပြန်ကြတာ မမောနိုင် မပန်းနိုင်ပါပဲ။

ဆရာ့ဆောင်းပါးကို ဖတ်ပြီးနောက် ဆရာ့ကော်ဂျရဲ့'ဗေဒါလမ်း'ကဗျာစာအုပ်လေးကို တစ်ခေါက်ပြန်ဖတ်မိပြန်ပါတယ် ဆရာ။ ကဗျာတွေကို ဖတ်ရင်းနဲ့လည်း ဆရာမ ခင်ခင်ထူးရဲ့ တောမင်းသမီးတွေရဲ့ဘဝကလည်း ဗေဒါတွေလို ကြမ်းတမ်းခက်ထန်တဲ့ဘဝလမ်းတွေပါလားလို့ အတွေးရောက်မိပါရဲ့။ တောမင်းသမီးတွေကို 'ပန်းပန်လျက်ပဲ ကျွန်တော် မြင်ချင်ပါတယ် ဆရာ'။

'ရွှေကို ချစ်သူ'

ကောင်းစေသူ ၊မုံရွာ၊

ဆရာ မောင်သာရုရဲ့ စာပေဆောင်းပါးများက ဒီနေ့စာရေးနေကြတဲ့သူများအတွက် အသိပညာ တိုးပွားစေတာမို့ ကျွန်တော်ကိုယ်တိုင် နှစ်နှစ်ခြိုက်ခြိုက် ထည့်သွင်းဖော်ပြနေခြင်း ဖြစ်ပါတယ်။ 'ပန်းပန်လျက်ပါ'ကို ကျွန်တော်လည်း နှစ်သက်ပါတယ်။ ဒါပေမဲ့ ရုပ်မြင်သံကြားက ပြန်ပြတဲ့အခါ တချို့စာတဝင်ခန်းက အမေကြည့်အသံကို အစားထိုးထားတာ မြင်ရပါတယ်။ ဦးမြတ်လေးကို 'ဆရာကရော မဗေဒါကို တက္ကသိုလ်က ပဝါခြုံထားတဲ့ ဆရာမလေးတွေနဲ့ တန်းစီထားပြီး မြင်နိုင်ပါ့မလား'(စကားလုံးအတိအကျ ဟုတ်ချင်

www.burmeseclassic.com

www.burmeseclassic.com

ခုဟုတ်မယ်။ အဲဒီနေရာကို ဆိုလိုတာပါ။)လို့ အစကြည်ကကြာတဲ့အယ်မာ အစကြည့်အယ် ဟုတ်တော့ပါဘူး။ နှစ်ခြာနို့ ကောင်းပါတယ်။ ဒီစေတ်မှာ အငြိုခွင်မင်းသမီးစစ်စစ် ကတဲ့ အငြိခွဲကို ချီးဆက်သစ်များ မြင်ခွင့်ရမှုနိုင်တော့ပါဘူး။ အငြိခွဲ မင်းသမီးယောင်ဆောင်တဲ့ ရုပ်ရှင်မင်းသမီးများရဲ့ ချိုင်းပို့ တဲ့အကမျိုးကိုသာ မြင်ခွင့်ရတော့မှာပါ။

❑

ဆရာဦးဝင်းငြိမ်းခင်များ

စာမရေးတာ ကြာလို့ ရေးလိုက်ပါတယ်။ လင်းယဉ်နဲ့ (ငြိုသစ်ကလေး)ရဲ့ ခုတိယအကြိမ် ရွှေအသစ်မှာ အရွေးခံရလို့ ကချင်ပြည်နယ်ကိုယ်စား၊ မိုးညှင်းခရိုင်ကိုယ်စား ဝမ်းသာရပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဆရာမ လင်းယဉ်နဲ့ စာရေးကျဲလို့ စာများများရေးပါလို့ တိုက်တွန်းလိုပါတယ်။

ဆရာအောင်နိုင်စန်းရဲ့ မီးလာတဲ့နေ့ စာမူကို ဖော်ပြလို့ ဆရာဦးဝင်းငြိမ်းကို လေးစားချီးကျူးပါတယ်။ ဆရာရဲ့စာပေ အပေါ်ထားတဲ့ သစ္စာတရားကို ထင်ထင်ရှားရှား သိမှတ်ရပါတယ်။

အနုပညာရှင်များနဲ့ တွေ့ဆုံခန်းမှာ ကလေးသရုပ်ဆောင်များနဲ့ တွေ့ဆုံဖြို့ ယခင်ကစာရေးခဲ့ဖူးပါတယ်။ ဆရာဦးဝင်းငြိမ်းက အခြေအနေပေးရင် ဆောင်ရွက်ပေးမယ်လို့ ပြန်ကြားခဲ့ပေမဲ့ ယခုထိအကောင်အထည် မဖော်နိုင်သေးပါဘူး။ ဆရာတို့ အခက်အခဲကို သိပေမဲ့ တတ်နိုင်သလောက် ဆောင်ရွက်ပေးပါ ခင်ဗျာ။

ဆရာမြတ်သွင်းသွင်ရဲ့ လမင်းလွှတ်ပွဲ စာမူကို မတ်လမှာ ပုံနှိပ်အမှာကြောင့် ခေါင်းပြတ်တာကို ဧပြီလမှာ အစအဆုံး ပြန်လည်ဖော်ပြပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။

ဆရာမခင်ခင်ထူးရဲ့ တောမင်းသမီးကို အထူးချီးကျူးစရာ မလိုတော့ပါဘူး။ ဒါပေမဲ့ ကျွန်တော်စိတ်ထဲပေါ်တာလေး ပြောပါရစေ။ အဲဒါက ဆရာမရဲ့ဝတ္ထုဟာ ဓာတ်သဘာဝနောက်ခံဝတ္ထုဆိုတော့ အဆိုအပြောတွေ အများအပြား ပါပါတယ်။ အထူးသဖြင့် ရှေးကအဆိုအပြောတွေပေါ့။ အခုတိမ်မြုပ်နေပြီဖြစ်တဲ့ ဇယင်ကျူးခြင်းတွေလည်း ပါပါတယ်။ ကျွန်တော်အတွေးပေါ်တာက အဲဒီအဆိုအပြောတွေကို အသံသွင်းပြီး CDနဲ့ ဖြန့်ချိရင် ဘယ်လိုနေမလဲ။ သိပ်ငွေကုန်ကြေးကျများမလား၊ တောမင်းသမီးလုံးချင်းနဲ့အတူ ထုတ်ရင်ဖြစ်မလား။ ကအားခက်ခဲမယ်လို့ ထင်ပေမဲ့ မဖြစ်နိုင်တာ မရှိဘူးလို့ ထင်ပါတယ်။ မြန်မာ့အနုသဘင်မှာ အကြီးအကျယ် ထူးခြားတဲ့မှတ်တိုင်ကြီးတစ်ခု ဖြစ်နိုင်ပါတယ်။ စိတ်ကူးယဉ်လွန်သွားသလား မသိပါ။

ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ပုံပြင်လေးတစ်ပုဒ် ရှိပါတယ်။ တစ်ခါတုန်းက အနောက်ခြစ်က အကိုးအဘွားလင်မယားနှစ်ဦးမှော်ထဲမှာ လာကျောက်တူးကြသတဲ့။ (အနောက်ခြစ်ဆိုတာ ဖားကန့်ရဲ့အနောက်ဘက် ချင်းတွင်းဘက်က လူတွေကို ဆိုလိုတာပါ။)

အစဝိုင်း အကိုးကြီးက ကြိုးကြိုးစားစားကျောက်တူးပေမဲ့ နောက်တော့ ဘိန်းခွဲပြီး အလုပ်မလုပ်တော့ဘူးတဲ့။ ဒါနဲ့အဘွားကြီးက စိတ်ပေါက်ပြီး 'တော့ဟာ ဒါပဲလုပ်နေတယ်။ ကျွဲပဲဖြင့် အုံသြတယ်၊ အုံသြတယ်'နဲ့ မြည်တွန်တောက်တီးနေသတဲ့။

ဒါနဲ့အကိုးကြီးက ဘိန်းဝိုန်းနေရာကနေ ပြန်ပြောတယ်။ 'ရှင်မရာ၊ မိုးပေါ်က သံတုံးသံခဲတွေ ပျံနေတာကိုတော့

ရောနည်နဲ့ ဝမ်း

ကောင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

မအံ့၊ ငါ့ကိုသာ အံ့နေ၊ ငါကလည်း ရှင်မကို အံ့တယ်'လို့ ပြန်ပြောသတဲ့။

ကျွန်တော်လည်း ခင်ခင်ထူးရဲ့တောမင်းသမီးထဲက အဆို အပြောတွေ CDနဲ့ထုတ်ဖို့ ပြောတာ အံ့ပါရဲ့လို့ ပြောစရာများ ဖြစ်နေမလားလို့ စဉ်းစားမိပါတယ်။

ဆရာဦးဝင်းငြိမ်းနဲ့ ရွှေအဖွဲ့သားများ ကျန်းမာချမ်းသာကြ ပါစေ။

ဒီဇင်မိုးမိုးညွှန်း၊

ဆရာမ ခင်ခင်ထူးက 'တောမင်းသမီး' ဝတ္ထုကို ရေးဖို့ သူကိုယ်တိုင် ရွေးခေတ်က တောမင်းသမီးပေါင်းများစွာကို ကက်ဆက်နဲ့ အင်တာဗျူးလုပ်ခဲ့တာပါ။ တောမင်းသမီးကြီး တွေကလည်း ငိုချင်ရက် လက်တို့ဆိုတာလို သူတို့ကို ဘယ် သူမှ ဂရုမထားတော့တဲ့အချိန် ဆရာမက သူတို့ခေတ်က အကြောင်း မေးမြန်းတော့ ဆိုတော့၊ ငိုတော့တာပေါ့။ ဒါ့ကြောင့် ဆရာမ ခင်ခင်ထူးဆီမှာ မင်းသမီးကြီးများရဲ့ မူရင်းအသံတွေ နဲ့ တိပ်ခွေတွေ ရှိပါတယ်။

စီဒီနဲ့ထုတ်ဖို့အကြံပေးတာ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ ခိုးကူးကိစ္စကို အခုထက်ထိ ထိထိ ရောက်ရောက် မနှိမ်နင်းနိုင်သေးတာဆိုတော့ တစ်ချပ်ရောင်း ပြီးရင် တစ်နိုင်ငံလုံး ပျံ့နှံ့သွားနိုင်ပါတယ်။ ဒီသီချင်းမူရင်း စာသားတွေ မပျောက်ပျက်သွားရအောင် ဆရာမကို အမေမာ (လူထုဒေါ်အမာ)တို့ ရေးသလို ပြည်သူချစ်သော အနုပညာ သည်များပုံစံမျိုးသီချင်းများနဲ့တကွ ရေးဖို့ တိုက်တွန်းထားပါ တယ်။

❑

ဆရာ ဦးဝင်းငြိမ်း၊ ရွှေချစ်သူ

ဆရာရေ မင်္ဂလာပါ၊ နေကောင်းတယ်နော်။

၈၆ ကြိမ်မြောက် 'Oscar' ဆုပေးပွဲကြီး ပြီးသွားပါပြီ။ ကျွန်တော် ဆရာ့ကို E-mailနဲ့ ကြိုတင်ခန့်မှန်းခဲ့သလိုပဲ **Dallas Buyers Club** ကား:ထဲက Mathew McConaughey ရသွားခဲ့ပါတယ်။ **Blue Jasmine** ကိုတော့ နောက်မှ ကြည့်ခဲ့ရတာပါ။ Kate Blanchetကောင်းတာတော့ မပြောတော့ဘူး ဆရာရေ့။ ဒါရိုက်တာကလည်း Woody Allen ကြီးကိုး ဆရာရဲ့။ ဒီမှာ ကျွန်တော် စဉ်းစားမိတာက ဒီလို အနုပညာ အစွမ်းသက်သက်နဲ့ ရိုက်တဲ့ကားမျိုး မြန်မာဒါရိုက်တာတွေ၊ သရုပ်ဆောင်တွေ ဘာလို့မဖန်တီးနိုင်ရမှာလဲဆိုတာကိုပါ။ ဘာအထူးပြုလုပ်ချက်မှ မပါဘဲနဲ့ ဒါရိုက်တာရဲ့ တင်ပြမှုရယ်၊ မင်းသမီးရဲ့အနုပညာပြောင်မြောက်မှုသက်သက်နဲ့ ရိုက်တဲ့ ရိုးရိုးဇာတ်ပါပဲ ဆရာ။

တစ်ခုတော့ရှိပါတယ်။ ဟောလိဝုဒ်ဆိုတာက လွယ်လွယ် နဲ့ လုပ်ကြတာမဟုတ်ပါဘူး။ လိုအပ်ရင် ကျွမ်းကျင်သူတွေရှင်တွေ (ဥပမာ ရှေ့နေ၊ ဆရာဝန်၊ စီတွန်ဇရောဂါသည်သနပြားသူ၊ ကုသသူ စသည်)ရဲ့ အကူအညီနဲ့ အကြံဉာဏ်တွေနဲ့ တိတိ

www.burmeseclassic.com

www.burmeseclassic.com

ကျကျ ဖန်တီးတတ်ကြတာပါ။ ပြောရရင် ကျွန်တော်တို့ဆီက လက်ရှိဝန်ထမ်းသည်များဟာ မာနနဲ့ ဒေါသစရိုက်ကိုပဲ ဝိဝိပြင်ပြင် သရုပ်ဆောင်နိုင်ကြပြီး ကျန်တဲ့ စိတ္တဇနောမ်ပိုင်းဆိုင်ရာ သရုပ်ကို ပီပြင်အောင် မဖော်ပြနိုင်ကြပါဘူး။ ဆရာကြီး ဦးသုခ ရိုက်ခဲ့တဲ့ **စိတ်စေတသိက်** ကားထဲက ကောလိပ်ဂျင်နေဝင်းရဲ့ စိတ္တဇောတ်ရုပ်၊ ပြီးတော့ အစားထိုးမရတဲ့ အမေကြည်(ကြည်ကြည်နွေး)ရဲ့ **နွေကန္တာဦး** ကားထဲက စိတ္တဇောတ်ရုပ်တွေက တော့ လွမ်းစရာပါပဲ ဆရာရယ်။ တကယ်လွမ်းရတာပါခမျာ။ ကွယ်လွန်သူ ဓောင်ဝင်္ဘာရဲ့ **ဖြေဝေါ်းတော်နန္ဒ** ဘာလင့်ပဲမှမာ ပြန်ခဲ့ခဲ့တာကတော့ ကျေနပ်စရာပေါ့။ ဂုဏ်ယူစရာကားတွေ ပေါ်မလာသေးတာတော့ မကျေနပ်သေးဘူး ဆရာရယ်။ ဒီနှစ် အော်စကာရုပ်သွားတဲ့ ဓင်းသား၊ မင်းသမီးတွေရဲ့ သရုပ်ဆောင် မှုတွေကတော့ အံ့မခန်းပါပဲ။ မြန်မာဇီဒီယိုကားတွေ တုံးကြည့်ပါတယ် ဆရာရယ်။ Burmese Classic ဆိုတဲ့ စာတန်းကြီး ထိုးထားတာလည်း တွေ့ရပါတယ်။ အရည်အသွေးမှ မြင့်အောင်မလုပ်ကြသေးဘူး၊ ကြားချင်ကြတာက အရင် ဖြစ်ခဲ့ တယ် ထင်တာပါပဲ။ "မြန်မာအားကစား ကဒ္ဒာကို လွှမ်းရ မည်" ဆိုတဲ့ ဟာကြီးလို "မြန်မာရုပ်ရှင် ကဒ္ဒာတစ်ခွင်ပြ ရမည်" လို့ မအော်ကြသေးတာဘဲ ကောင်းပါသေးရဲ့။ ရန်ကုန်က လာတဲ့ ဧည့်သည်တစ်ယောက်ကတော့ ပြောတယ် "ရုက်ပိုင်း ကလေးနဲ့ လုပ်နိုင်ကြတာ ကျွပ်တို့က ပိုကော်တာပေါ့ဗျ" တဲ့။ အင်း ဒါလည်း ဟုတ်တာပါပဲလေ။ မြန်မာကားတွေထဲမှာ Biography, Musical အချို့အစားတွေ ပေါ်လာရင် ကောင်း မယ်။ ဒါရိုက်တာတွေလည်း လုပ်မယ်ဆို လုပ်နိုင်ကြမယ် ထင်ပါတယ်။ အချိန်ယူပြီး ထောင့်စေ့အောင် ရိုက်ပြပြီး နိုင်ငံ တကာပွဲတွေမှာ ယှဉ်ခဲ့ရအောင် ကြိုးစားကြရင် ကောင်းမယ်။ (အရေးထဲ ဟို---- မင်းသမီးကို ပရိသတ်တစ်ယောက်တဲ့ "ကျန်းမာရေးဂရုစိုက်ပါ၊ သူလို အနုပညာရှင် မရှိတော့ဘူး" လို့ ပြောတယ်လို့ အင်တာဗျူးတစ်ခုမှာ ဖတ်လိုက်ရတယ်။ အနုပညာရှင်တွေ မှန်သမျှ ကျန်းမာရေး လိုက်စားကြတာ ကောင်းပါတယ်။ သူလို အနုပညာရှင် မရှိတော့ဘူးဆိုတာ ကတော့လည်း အင်း ဟုတ်မှာပါပဲလေ--- ထားလိုက်ပါ တော့)။ ဓခိုင်ကြီးတို့လို သရုပ်ဆောင်မှုကိုတော့ နိုင်ငံတကာ အနုပညာသည်တွေနဲ့ ယှဉ်နိုင်အောင် ဒါရိုက်တာတွေ တင်ပြ နိုင်ကြရင် ကောင်းမယ်ထင်ပါတယ်။ အနိတိမေ ကွယ်လွန် သွားတာ နှမြောကြေကွဲရပါတယ် ခင်ဗျား။

ဆရာ ကျန်းမာရေးသာပါစေ

စိန်ချည်ပေါင်ရည်

လမင်းအောင်အောင်

ဆရာ စိန်ချည်ပေါင်ရည်က အော်စကာဆုကိုဆောင် ဒက် ထိမှန်အောင် တစ်ကြိမ်ပေးနိုင်တဲ့သူဆိုတော့ မြန်မာရုပ်ရှင် လောကတော့ တစ်ရှေးနှီးတောင် နှမ်အောင် ဆန့်မှန်းနိုင်လိမ့် မယ် ထင်ပါတယ်။ ပြစ်နိုင်မယ်ဆိုရင် ရွေးချယ်ခြင်းဝေဒနာတို့ များ ကြုံတင်ရင်ခုန်ရလိုရအောင် ၂၀၁၃ မြန်မာရုပ်ရှင် အကယ် ဒမီကြိုတင်ခန့်မှန်းဆောင်းပါး ရေးပါလား ဆရာ။ ဒါဆိုရင် ဆရာဟာ ရုပ်ရှင်ကို ထုံးဖဲ့ချေ။ ရေလိုနေတော်နိုင်တဲ့ ဆရာ တစ်ဆူ ဖြစ်တယ်လို့ ရွေးချယ်ခြင်းသတ်မှတ်ချက် အသိအမှတ် ပြုခြွားအောင်ပါ ဆရာ။ ဆန့်မှန်းဆောင်းပါး ကျွန်တော် မျှော် နေပါတယ်။

■

ဝင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

ဒွန်လ ရွှေအမြှေတော
ချက်နှာပုံးရိုက်ဖို့
ဆရာ ဦးဝင်းငြိမ်းက မိုးဟေကိုကို
ရွေးပေးလိုက်တဲ့အခါ မိုးဟေကိုနဲ့
ရိုက်ကူးနိုင်ဖို့ ချိတ်ကြည့်
လိုက်တော့ မိုးဟေကိုရဲ့ဖုန်းက
စက်ပိတ်ထားတယ်ချည်း
အော်လို့နေပါတယ်။ မရတဲ့အဆုံး
မိုးဟေကိုရဲ့ ကိစ္စအဝဝကို
ကူညီဆောင်ရွက်ပေးတတ်တဲ့
ကိုဆာမီကို ဆက်ကြည့်
လိုက်တော့မှ မိုးဟေကို
တစ်ယောက် သူအခန်းတရ
ထုတ်မယ့် စာရွက်အတွက်
ပူတာဆိုရော ကော်ပို
သွားရိုက်နေပါတယ်။ ဧပြီလ
၂၉ ရက်နေ့ ညနေခင်းနဲ့မှ
ပြန်ရောက်မယ်လို့ သိရပါတယ်။
ဒါနဲ့ပဲ ပြန်ရောက်မယ့်အချိန်
ဆက်သွယ်ကြည့်ပါတော့တယ်။
မိုးဟေကိုက ဒီရက်ပိုင်းအတွင်း
ပဲခူးကို တစ်ခေါက် နှစ်ရက်
သွားစရာရှိတယ်။ ပြန်ရောက်တာနဲ့
ရိုက်ပေးမယ်လို့
ဆိုတာကြောင့် အဲဒါပဲရော
ရိုက်ကြည့်လိုက်တဲ့အခါ
အဆင်သင့်ဖြစ်ပါတယ်။
မိုးဟေကိုက ပန်းတိုင်ဖြေလည်း
မတူတဲ့ပုံစံနဲ့ ကြည့်ခဲ့ရအောင်
ပြီး ပမာ ရိုက်ချင်တယ်
ဆိုတာကြောင့် ဧပြီ ၄ ရက်နေ့
ရေကိုင်းကို
ချက်လိုက်ကြပါတယ်။
မိုးဟေကိုကလည်း
တာဝန်ကျရှိတယ်။ ပြီးတော့
ဇာတ်ဆရာ ရိုက်ချင်တယ်။
ကိုယင်းကလည်း နေပူရင်
ရိုက်လို့ မကောင်းဘူး
ဆိုတာကြောင့် မနက် ၈ နာရီ
ကနေ တော်တော်
ညနေသာသာထိမှာ
ရိုက်ဖို့ ချိန်းဆိုခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

မိုးဟေကိုရဲ့ ကျွန်မချစ်သော

ဝင်းနိုင်ဦး

ဓာတ်ပုံ - ကိုလင်း(Studio-K)

www.burmeseclassic.com

www.burmeseclassic.com

ဝတ်စုံများနဲ့ ဆံဝင်နဲ့
မိတ်ကပ်ကိုတော့
ပေါက်စီ(ခွေး)က
အလှဆင်ပေးထားတာ
ဖြစ်ပါတယ်။
တိတ်ဆိတ်ပေါ်မှာ ဝတ်စုံ
တစ်စုံ။ အဲဒီဝတ်စုံနဲ့ပဲ
လိုက်ဖက်တဲ့
အနုပင်အောက်မှာ
ရိုက်ကူးပြီးတဲ့အခါ
နောက်ထပ်ဝတ်စုံတစ်စုံကို
လဲလိုက်တဲ့အချိန်မှာတော့
မြေပဒေသာကျွန်းဘက်က
ပန်းခြံလေးထဲမှာဆက်ပြီး
စိတ်တိုင်းကျ ရိုက်ကူး
ခွင့်ရခဲ့ကြပါတယ်။
စိတ်တိုင်းကျရိုက်ကူးပြီးလို့
မိုးဟောကိုကို မေးဖြစ်တဲ့
အင်တာဗျူးကိုလည်း
တစ်ဆက်တည်း
ဖော်ပြပေးလိုက်ပါတယ်။
မိုးဟောကိုက
ရွှေအမြှေး ချက်နှစ်ဝိုး
အတွက် ဝတ်စုံတွေကို
ဘယ်လိုလေး
စီစဉ်ခဲ့တာလဲ။

ပရိသတ်တွေအတွက်
ထူးခြားတဲ့ဝတ်စုံလေးနဲ့
အရောင်အသွေးလှလှကို
ဝတ်ဆင်ပေးထားတဲ့
အတွက် တော်တော်လေး
အားရကျေနပ်မှု
ဖြစ်ခဲ့ရပါတယ်။
မိုးဟောကိုက ရွှေအမြှေးတေ
မျက်နှာဝိုးအတွက်
ဓာတ်ပုံရိုက်ကူးပေးဖို့
စီစဉ်တဲ့အတွက်
ဒီနေ့ဧည့် ဆန်းဘောက်ရာ
(ရှရီဖတ်ရှင်)ရဲ့

ဝိုလူမယ်ဆိုတာကြောင့်
ငါးပြုတိုက်ဘက်ကို
ထပ်ရွှေ့ကြပါတယ်။
ကိုလင်း(Studio-K)က
ကန့်တော်ကြီး
ပဲဇော်စ် ဟိုတယ်နောက်ခံနဲ့
တံတားပေါ်မှာရိုက်ဖို့
အဆင်သင့်ပြင်ပြီးတဲ့အခါ
မိုးဟောကိုက ရိုက်လို့
ရပြီဆိုရင် လာခဲ့မယ်လို့
ပြောပြီး သူကားပေါ်က
ဆင်းလာတဲ့အခါ
မိုးဟောကိုက သူ့

အဲဒီမနက်မှာတော့
မိုးဟောကိုရော၊
ကိုလင်းရော
မရွေးမနေနိုင်းပဲ
ရိုက်ကွင်းကို
ရောက်လာကြ တာကြောင့်
စိတ်အေးသွားရ ပါတယ်။
မြေပဒေသာကျွန်း
ဘက်မှာပဲ ရိုက်ကူးဖို့
စဉ်းစားကြပေခဲ့
ဟိုဘက်က
ဘက်မှာ
ရိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းမျက်နှာဖုံးတွေ ရိုက်လို့ရိုရင် တစ်ခုခုနဲ့ တစ်ခု မတူတဲ့ရသတွေ ပေးချင်တဲ့အတွက်ကြောင့် ဒီဖိုင်နာ မဆန်းဘောက်ရာရဲ့ ကချင်ရိုးရာဝတ်စုံကို တစ်မျိုးလေး ထွင်ပြီး ဝတ်ဆင်ရိုက်ကူးဖြစ်သွားတာပါ။

ကချင်အထည်တွေနဲ့ ခေတ်ဘက်ကိုရောက်အောင် ဒီဖိုင်းထွင်ထားတာလေး ဝတ်ချင်တယ်လို့ ပြောလိုက်တာကြောင့် မဆန်းဘောက်ရာကပဲ စီစဉ်ပေးလိုက်တာပါ။ ပထမဝတ်စုံမှာ မတူတဲ့ ကာလာနှစ်ခုကို ပေါင်းပြီး သူရဲ့အိုင်ဒီယာနဲ့ ချုပ်ပေးထားတယ်။

ဒုတိယ ဝတ်စုံကတော့ ကချင်ပိတ်စပေါ်မှာ စီးကွင့်ရောင်စုံလေးတွေနဲ့ ရောပြီး ဒီဖိုင်းဆင်ပေးထားတာပါ။

မိုးဟောကိုက ဖက်ရှင်ကို ဦးစားပေးတယ်လို့ ပြောလို့ရမလား။ ဘာကြောင့်လဲဆိုတော့ ဒီဇနီမာပဲဝတ်စုံကို ကြည့်လိုက်တဲ့အခါ နှစ်စုံစလုံးက ထူးထူးခြားခြားလေး ဖြစ်နေသလို လန်းလည်း လန်းနေလို့ပါ။

မျက်နှာဖုံးတွေ ရိုက်တော့မယ်ဆိုရင်တော့ ဖက်ရှင်ပိုင်းကို ပိုပြီး ဦးစားပေးဖြစ်တယ်။ ကားရိုက်တယ်ဆိုရင်တော့ ဖက်ရှင်ထက် ကာရိုက်တာကို ပိုပြီး ဦးစားပေးဖြစ်တယ်။

ကားရိုက်တဲ့အခါ ပြင်ဆင်တဲ့ ဆံပင်၊ မိတ်ကပ်နဲ့ ဒီလိုမျက်နှာဖုံးတွေ၊ ပိုစတာတွေ ရိုက်တဲ့အခါ ပြင်ဆင်တဲ့ မိတ်ကပ်၊ ဆံပင် ကွာခြားမှု ရှိလား။

ကားရိုက်တဲ့အခါဆို ရင်တော့ မိတ်ကပ်၊ ဆံပင်ကို ဇာတ်ရဲ့အပေါ် မူတည်ပြီးတော့ သာမန်လောက်ပဲ လိမ်းခြယ်တာပါ။ မျက်နှာဖုံးကျရိုက်တဲ့အခါကျတော့ မျက်နှာမှာ အိုင်းရှဒိုးကအစ တောက်တဲ့အရောင်ဘက်ကို ပိုပြီးတော့ လိမ်းခြယ်ရတယ်။ တစ်ခုနဲ့တစ်ခု မတူသလို ကွဲလည်း ကွဲရတယ်။

မိုးဟောကိုက ပရိသတ်တွေကို မေတ္တာတို့ပြန်ချင်လို့ အမှတ်တရအနေနဲ့ လုပ်နေတဲ့ စာအုပ်အခြေအရေ ပြီးတော့မှာလား။ ဘယ်လိုနာမည်ပေးပြီး ထုတ်သွားမှာလဲ။

ရိုက်ကူးမှုကို အချိန်ယူပြီးလုပ်နေတာတော့ ပြီးသလောက် ရှိသွားပါပြီ။ ပုံရွေး ဒီဇိုင်းထိုင်ပြီး ထုတ်လုပ်ဖြန့်ချိသွားဖို့ပဲ ကျန်ပါတော့တယ်။ အချိန်ယူပြီး

www.burmeseclassic.com

www.burmeseclassic.com

ပြန်စောင့်ပြီး ကိုယ်လိုချင်တဲ့ မြို့တွေမှာရှိမယ့် ရာသီဥတုနဲ့ ကိုက်ညီအောင် အချိန်ပေးရတာတွေရှိလို့ မကြာသင့်ဘဲနဲ့ ကြာသွားတာပါ။ အကောင်းဆုံးပဲ ဖြစ်ချင်လို့အချိန်၊ ရာသီဥတု ကို စောင့် ခဲ့ ရတာပါ။ ဓာတ်ပုံကို ကိုနိုင်ထွန်းနဲ့ တိုင်ပင်ပြီး ရိုက်ခဲ့တယ်။ Movie ကိုတော့ ကိုသုံးပေါင်က ရိုက်ပေးထားတာပါ။

မိုးဟောကိုက မင်းသမီးဖြစ်ခင် မော်ဒယ်လ်လောကကို ဘယ်လို ရောက်ဖြစ်ခဲ့တာလဲ။ တမင်ရည်ရွယ်ပြီး လုပ်ခဲ့တာလား။ မထင်မှတ်ဘဲ ဖြစ်ခဲ့တာလား။

မိုးတို့ ငယ်ငယ်တုန်းက ဆိုရင် မိုးမြတ်နန္ဒာတို့၊ အိန္ဒြာကျော်မင်တို့၊ ပပဝင်း၊ မသန္တာလွင်တို့ အရမ်းခေတ်စားတဲ့အချိန်ပါ။ အဲဒါတွေအားကျပြီး အရွယ်ရောက်လာတဲ့အချိန်မှာ ကိုယ်လည်း မော်ဒယ်လ်လုပ်ချင်တယ်။ မင်းသမီးဆိုတာတော့ မရည်ရွယ်သေးပါဘူး။ Cat Walk တွေလျှောက်တာ၊ ဂါဝန်တွေ ဝတ်ပြီး ဒေါက်မြင့် ဖိနပ်စီးပြီး လျှောက်ရတာ သူတို့ကိုကြည့်ပြီး ကိုယ်လည်း လျှောက်ချင်တယ်ဆိုတဲ့စိတ်နဲ့ မော်ဒယ်လ် သင်တန်း မတက်ရသေးဘဲနဲ့ ပြိုင်ပွဲ စပြိုင်ဖြစ်ခဲ့တယ်။ အဲဒီတုန်းက မတင်မိုးလွင်တို့ လုပ်တဲ့ New Face ပြိုင်ပွဲမှာ ဒုတိယရပြီး၊ ပိုးဝင်းသွားတာနဲ့ တောက်လျှောက်လုပ်ဖြစ်ခဲ့တာပါ။

မော်ဒယ်လ် အဖြစ် အောင်မြင်လို့ ရုပ်ရှင်မင်းသမီး ဖြစ်ခဲ့တာလား။ ဒါမှမဟုတ် ကိုယ်ကိုယ်တိုင်က သရုပ်

လုပ်နေတယ်။ စာအုပ်နာမည်ကိုတော့ ကျွန်မချစ်သော လို့ မိုးက အမည်ပေးထားပါတယ်။ ကျွန်မချစ်သောမှာ ပရိသတ်တွေ ဘယ်လို မျိုးတွေ မြင်တွေ့ စံစားရမှာလဲ။ ဘယ်လို ထူးခြားမှုမျိုးတွေ ပါဝင်မှာလဲ။ အဲဒီအကြောင်း ထူးခြားမှု ဆိုတာဆောက် မိုးရဲ့ အနုပညာသဘောတရားမှာ အမှတ်တရအနေနဲ့ ပြန်ပြီး ပေးဆပ်သွားမယ့် သဘောပါ။ အမှတ်တရလေး တစ်ခုပါပဲ။

မိုးဟောကိုက ဒီစာအုပ် သွားကို ကြိုးစားနေတာ ကြာပြီဆိုတော့ ဘာဖြစ်လို့ တကူးတက အချိန်ယူပြီး လုပ်ဖြစ်ရတာလဲ။ အနုပညာမှတ်တမ်းလေး၊ ဘယ်လို ဟာမျိုး ဖြစ်မလဲ။

ပရိသတ်ကို အမှတ်တရ တစ်ခုခု ချပြချင်လို့ပါ။ အလုပ် တစ်ခုခု လုပ်လို့ရှိရင် အကောင်းဆုံးလုပ်တတ်တဲ့ မိုးရဲ့အကျင့်ကြောင့် ကိုယ်ကိုယ်တိုင် ထုတ်ထားတဲ့ စာအုပ်ဆိုတော့ အချိန်ယူပြီးတော့ တစ်လကို တစ်နေရာ အချိန်ပေးပြီး ရိုက်တယ်။ အဲဒီအတွက် ၈ လ၊ ၉ လလောက် ကားရိုက်တွေကို နှားပြီး အချိန်ပေးခဲ့ရတယ်။ ကိုယ်အားပေမဲ့ ဓာတ်ပုံဆရာတွေ၊ ကင်မရာမန်းတွေ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်အလုပ်ကို
ရည်ရွယ်ထားလို့
မင်းသမီး ဖြစ်ခဲ့တာ
မော်ဒယ်လ်ဆိုတာလည်း
အနုပညာအလုပ်ကလဲ့
နောက်ဆုံးကျမှတော့
ကိုယ့်ရဲ့ခံယူချက်က
ဘာဖြစ်ချင်တာလဲဆိုတာ
ရှိးပွဲလျှောက်ဖြစ်ခဲ့တာတွေက
လည်း အများကြီး
မဟုတ်ဘူး။ ပွဲလျှောက်
လျှောက်ဖြစ်ခဲ့တာ။
ကိုယ့်ရဲ့အဓိက
ရည်ရွယ်ချက်နဲ့
ကိုယ့်ရဲ့ဝါသနာကို
ပြန်လေ့လာတဲ့အခါ။
သရုပ်ဆောင်တာ
ဖြစ်ချင်နေတဲ့အတွက်
ကားတွေရိုက်ရဲ့
ကမ်းလှမ်းလာတဲ့သဘင်
သေချာစီစစ်ပြီး
လုပ်ဖြစ်ခဲ့တာပါ။
အစပိုင်းမှာ မော်ဒယ်လ်ရဲ့
လျှောက်ပြီး ဗီစီဒီမှာ
သရုပ်ဆောင်ခွင့်ရတယ်။
သီချင်းတွေရိုက်တယ်၊
ကြော်ငြာတွေ
ရိုက်တယ်ပေါ့။
ပထမဆုံး စရိုက်ဖြစ်တဲ့
ဗီဒီယိုနဲ့ ရုပ်ရှင်ကားကို
ဘယ်လိုကြောင့်
ရိုက်ဖြစ်ခဲ့တာလဲ။
ဘယ်ဒါရိုက်တာတွေက
ရိုက်ပေးခဲ့တာလဲ။
ပထမဆုံး စရိုက်ဖြစ်တာက
မော်ဒယ်လ်လုပ်နေရင်းနဲ့
ဦးကျော်ဟိန်းက
မျက်နှာသစ်တွေ
တင်ရိုက်ချင်တယ်ဆိုတာနဲ့
၅၂၈ ကို စိန်ဇော်ခြင်း
ဆိုတဲ့ ဗီဒီယိုကားကို
ရိုက်ဖြစ်ခဲ့တာပါ။
အဲဒီကနေပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



နေတာကြောင့် ဝေဖန်ခဲ့ကြ တာတွေ ဘာပြန်ပြောချင်လဲ။

အဲဒီအကြောင်း ပြန်ပြော ရလို့ရှိရင် အဲဒီကားက စရိုက် တဲ့ ရုပ်ရှင်ဇာတ်ကားလည်း ဖြစ်တယ်။ မကြည်ဖြူသွင် ကလည်း လှလှလေးလုပ်ပေး ပါ။ မသက်ရီ ကာရိုက်တာ ကလည်း အမြဲတမ်း သပ် သပ်ရပ်ရပ် လှလှပပနဲ့ နေ တတ်သူမို့လို့ပါ။ သူများအိမ် ကိုရောက်လာတယ်ဆိုပေမဲ့ အဝတ်အစားအသစ်တွေနဲ့ပဲ ရောက် လာတာဆို တော့ Night Scene ဖြစ်ပေမဲ့ ညမှာ လည်း ပေါ်လွင်စေချင်တာ ကြောင့် ဝတ်လိုက်ရတာပါ။

ဟုတ်ပါပြီ။ အဲဒီအချိန် ကတည်းကစပြီး ကားတွေ အများကြီး ရိုက်ခဲ့ရတယ်။ အောင်မြင်မှုတွေလည်း ရခဲ့ တယ်။ ဒါပေမဲ့ ဒီဘက် နောက်ပိုင်းမှာ ကားရိုက်ကျဲ နေတာ ဘာကြောင့်လဲ။

အဲဒါက တိုက်ဆိုင်သွား တာတွေလည်း ပါပါတယ်။ မိုးရဲ့ အမှတ်တရ စာအုပ် ထုတ်ဝေဖို့ အချိန် ၈လ၊ ၉လ လောက် လုပ်လိုက်ရတာ လည်း ပါတယ်။ ဒီစာအုပ် အတွက်က ရန်ကုန်တစ်မြို့ တည်းမှာ ရိုက်တာ မဟုတ် ဘဲ၊ ကိုယ်သွားချင်တဲ့မြို့တွေ ကို အချိန်စောင့်ကာ သွားပြီး ရိုက်ရတဲ့အခါ ကားရိုက်ကို တစ်လ တစ်ကား၊ နှစ်ကား လောက်ပဲ ရိုက်နိုင်တာ ပါ တယ်။ လာဌားပေမဲ့ မအား လို့ ငြင်းလိုက်ရတာတွေ ရှိ တယ်။ အဲဒီမှာ မောင်လေး ရဲ့ နာရေးဖြစ်သွားတာကြောင့် လည်း စိတ် မရှင်လန်းဖြစ်ပြီး နားခဲ့တာတွေကြောင့်လည်း ငယ်လည်း ငယ်သေး တယ်။ အရမ်းလည်း ခက်တယ်ဆိုပြီးတော့ ပြန်နားလိုက်တယ်။ ဒုတိယ ပြန်ရိုက် ဖြစ်တာကတော့ **အိပ်မက်အလွန်** ဇာတ်ကားပါ။ အဲဒီကားနဲ့ ပရိသတ် အသိအမှတ်ပြုခံလိုက်ရတာ ဖြစ်ပါတယ်။ ပထမဆုံး ရိုက်ဖြစ်ခဲ့တဲ့ ရုပ်ရှင်ကားကတော့ ဒါရိုက်တာ မကြည်ဖြူသွင် ရိုက်တဲ့ **မိုးညအိပ်မက်မြူ** ပါ။ အဲဒီကားမှာ မသက်ရီနေရာ က သရုပ်ဆောင်ခဲ့ရတာပါ။

မသက် ရီ နေ ရာ က သရုပ်ဆောင်ခွင့် ရခဲ့တဲ့နေရာ မှာ ဖက်ရှင်ကို အရမ်းပေါ် ပေါ်လွင်လွင်ကြီး လုပ်ဖြစ်ခဲ့ တာ ဘာကြောင့်လဲ။

အဲဒါက ဒါရိုက်တာတွေ ပြတဲ့ ဇာတ်ပုံပေါ်မှာ အဲဒီ ခေတ်က ဇာအပါးတွေ၊ ဘော လီတွေနဲ့၊ ရွှေကြိုးတွေနဲ့ ဝတ်ကြတယ်။ မသက်ရီက လည်း ချမ်းသာတဲ့သူတစ် ယောက်ဖြစ်လို့ ရင်ဖုံးကို ဇာ လေးတွေနဲ့ ရွှေကြိုးတွေနဲ့ ဝတ်ပေးပါလို့ ပြောလို့ ဝတ် ဖြစ်ခဲ့တာပါ။ ဇာတ်ပုံကိုပဲ မှီ ငြမ်းပြီး ဒီဇိုင်းထွင်ခဲ့တာပါ။

အဲဒီကားထဲက မသက် ရီရဲ့ ဝတ်စုံက အရမ်းတောက် ပြောင် လှ ပနေတဲ့ အပြင် Night Scene အခန်းမှာ လည်း ဝတ်ထားတဲ့ဝတ်စုံက အရမ်းတောက်ပြောင်ပြီး လှပ နားခဲ့တာတွေကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com

ပါပါတယ်။ **အမှတ်တရအတွက် ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးတဲ့ အခါမှာ ဘာဖြစ်လို့ တိုင်းနဲ့ ပြည်နယ်တွေကို သွားပြီး ရိုက်ရတာလဲ။** အဓိကရည်ရွယ်ချက် ကတော့ မိုးကို မြန်မာနိုင်ငံမှာ မွေးဖွားလာတယ်။ မြန်မာနိုင်ငံမှာ နေတဲ့အချိန်မှာ မိုးဟောကို ဆိုပြီး အားပေးတဲ့ ပရိသတ်တွေက တိုင်းနဲ့ပြည်နယ် အသီးသီးမှာရှိကြတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဒေသတွေက စုံတယ်။ အဲဒီတော့ အမှတ်တရစာအုပ် ထုတ်ချင်တဲ့အခါမှာ အဲဒီဒေသတွေကို သွားပြီး အဲဒီက အမှတ်တရတွေနဲ့ ရိုက်ဖြစ်ခဲ့တယ်။ ရည်ရွယ်ချက်ကတော့ အမှတ်တရစာအုပ်မှာ ဖက်ရှင်ကက်တလောက်တွေလို မရိုက်ပြချင်ဘူး။ ဒါမျိုးတွေကမြင်ရတာ များပြီး၊ ကိုယ်တိုင်လည်း ရိုက်ရမှာ ငြီးငွေ့လာတယ်။ အဲဒီမှာ ဘာလုပ်ရင်ကောင်းမလဲလို့ စဉ်းစားကြည့်တဲ့အခါဒေသလေးတွေသွားတယ်။ ဒေသက အမှတ်တရတွေ၊ ဒေသခံတွေနဲ့ ထူးခြားတဲ့အရာလေးတွေနဲ့ ကိုယ်နဲ့ရိုက်ပြီး တိုင်းရင်းသား ခုနစ်ရက်သားသမီးတွေနဲ့ အမှတ်တရ ရိုးရိုးရှင်းရှင်းရှင်းလေး ရိုက်ဖြစ်ခဲ့တာပါ။

နောက်ဆုံးပိတ် မေးချင်တာက ရှေ့ပိုင်းမှာ အသံတော်တော်ထွက်ခဲ့တဲ့ မိုးဟောကိုရဲ့ အချစ်ရေးအခြေအနေ ပရိသတ်ကို ပြောပေးပါဦး။ တစ်ယောက်တည်းပဲနေ သွားမှာလား။

အခုအချိန်မှာတော့ အေးအေးဆေးဆေးပါပဲ။ ကိုလင်းမြင့်ရတဲ့အတိုင်း တစ်ယောက်တည်းပါပဲ။ ဒီတိုင်းပဲ တစ်ယောက်တည်းနေသွားမလားဆိုတာကိုတော့ စကားကုန်ပြောလို့ မဖြစ်သေးပါဘူး။

ကျေးဇူးပါပဲ မိုးဟောကို။

■

လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com

ONE MINUTE INTERVIEW

ဓမ္မဝိလာသနဲ့ အကယ်ဒမီ မြင့်မြင့်ခိုင်

ဘို

ရုပ်မြင်သံကြား အစီအစဉ်များအတွက်
မြန်မာစာတော်လမ်းတွဲများ ရိုက်ကူး
နေကြရာမှာ သရုပ်ဆောင်
အကယ်ဒမီ မြင့်မြင့်ခိုင်က **ဓမ္မဝိလာသ**
ဝတ္ထုကို စာတော်လမ်းတွဲအဖြစ်
ရိုက်ကူးနေပါတယ်။ မြင့်မြင့်ခိုင်ရဲ့
ရိုက်ကူးမှုအခြေအနေများကို
တင်ပြနိုင်ဖို့အတွက် ဆက်သွယ်
မေးမြန်းခဲ့ပါတယ်။

မကြူ ဓမ္မဝိလာသ ရိုက်တဲ့အခြေအနေ သိချင်လို့ပါ။

ကြူကြူရိုက်နေတာ
ပြီးသလောက်ဖြစ်သွားပါပြီ။
ကောက်သင်းကောက်ကလေး
ရိုက်ဖို့လောက်သာ ကျန်ပါတော့တယ်။
ရိုက်ပြီးသမျှကိုလည်း ကားဆက်နေပါပြီ။

မကြူ အပိုင်းဘယ်လောက်ထွက်သလဲ။

အပိုင်း ၃၀ ရှိပါတယ်။

မကြူအနေနဲ့ အခု စာတော်လမ်းတွဲတစ်ခုကို ရိုက်ပြီးသွားပြီဆိုတော့ ရုပ်ရှင်၊ ဗီဒီယိုရိုက်ရတာနဲ့ ဘာများကွာခြားမှုရှိလဲ။

အများကြီး ကွာခြားပါတယ်။
ဝတ္ထုက ခေတ်ဟောင်းကို
နောက်ခံထားတဲ့ စာတော်လမ်း
ဖြစ်တာကြောင့် ပြင်ရဆင်ရတာတွေ
အများကြီး ရှိသလို၊ ကြူကြူက
စာတော်ကောင်ကြီးတွေကိုလည်း
ထည့်သွင်းသရုပ်ဆောင်
ခိုင်းထားတာဆိုတော့ ညှိရနှိုင်းရတဲ့
အခက်အခဲလေးတွေရှိပါတယ်။
လူကြီးပိုင်းတွေကတော့ တတ်နိုင်သလောက်
လုပ်ပေးကြပါတယ်။ ဒီဘက်ခေတ်

ကြိုရာဆုံရာ တစ်မိနစ်တာ

www.burmeseclassic.com

www.burmeseclassic.com

သရုပ်ဆောင်သစ်ကလေးတွေလည်း ပါဝင်တာဆိုတော့ သူတို့က အလုပ်သိပ်များကြတယ်။ အာရုံလည်းများကြတယ်။ အဲဒီတော့ သူတို့ကို ညှိနှိုင်းရတဲ့နေရာမှာတော့ အခက်အခဲလေးတွေရှိပါတယ်။ လူတွေ အများကြီးနဲ့ ရက်ရှည်လုပ်ရတဲ့ လုပ်ငန်းဖြစ်တော့ ကိုယ့်စိတ်သဘောနဲ့ တိုက်ဆိုင်ဖို့ ခဲယဉ်းတာကို တွေ့ရတယ်။ သူတို့အတွက် လိုက်လျောရတာတွေလည်း အများကြီးပါပဲ။ အဲဒီတော့ စိတ်ထဲမှာ အခက်အခဲအနေနဲ့ ခံစားရတာ အများကြီး ရှိပါတယ်။ ကြူးကြူးအမျိုးသားကတော့ အခက်အခဲဆိုတာ ဘယ်အလုပ်မှာပဲ ဖြစ်ဖြစ် ရှိမှာပဲ။ ဖွဲ့မလျှော့နဲ့။ ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်လုပ်။ အဲဒီလိုလုပ်ရင် အောင်မြင်မယ်။ ဘာပဲဖြစ်ဖြစ် ဒီကားထဲမှာ ကိုယ်တင်ပေးချင်တဲ့ အသစ်ကလေးတွေကိုလည်း တင်ပေးခွင့်ရတဲ့အတွက် စိတ်ကြည်နူးမှုနဲ့ ဖြေဖျောက်လိုက်ရင် အခက်အခဲ ဆိုတာ မေ့သွားမှာပါ။ အခက်အခဲဆိုတာ ရှိမှသာ ဉာဏ်တွေက ပိုထွက်လာမယ်လို့ အားပေးခဲ့ပါတယ်။ တကယ်လည်း လူတွေရဲ့ စိတ်ဓာတ်ကို အများကြီး နားလည်ခွင့်ရခဲ့ပါတယ်။ စက်ပိုင်းဆိုင်ရာက ပုဂ္ဂိုလ်တွေရဲ့ စိတ်ဓာတ်ကအစ သိလာရတယ်။ အမျိုးစုံပါပဲ။

မကြူ အပိုင်း ၃၀
ပြီးဖို့အတွက်
ရိုက်ရက်
ဘယ်လောက်ကြာခဲ့သလဲ။
ရက်ပေါင်း ၄၅၊ ၅၀
လောက်တော့ ရှိမယ်။
ဂျူတီပေါင်းကတော့
မနည်းဘူးပေါ့။နောက်ထပ်
ကောက်သင်းကောက်
ရိုက်စရာလေးတွေ
ကျန်သေးတယ်။
မကြူရဲ့ ဓမ္မဝိလာသက
SKY Net ကနေလွှင့်မှာနော်။
ဟုတ်ပါတယ်။
ကြူကြူ ဒီဇာတ်လမ်းကို
ရိုက်ဖြစ်တယ်
ဆိုတာကလည်း
ဆရာကြီးရဲ့
ဇာတ်အိမ်ဖွဲ့စည်းပုံက
တစ်မျိုးလေးဆန်းပြားတယ်။
အဲဒါကို နှစ်သက်လို့
ရိုက်ဖြစ်ခဲ့တာပါ။
ဇာတ်ဝင်ခန်းတိုင်းက
သရုပ်ဆောင်တွေ
အများကြီးပါတယ်။
တစ်နေ့တစ်နေ့
ထမင်းကျွေးရတာကိုက
အများကြီးပါပဲ။
သယ်ယူပို့ဆောင်ရေး
ဆိုလည်း
အများကြီးပါပဲ။
လူလည်း တော်တော်
ပင်ပန်းသွားတယ်။
ရိုက်တော့လည်း
ဒီလောက် ပူပြင်းတဲ့
နွေရာသီမှာ Out door တွေပဲ
ရိုက်ခဲ့ရတာ။
ရာသီဥတုအရမ်းပြင်းတဲ့အချိန်
နေ့တိုင်း တောမှာချည်းပဲ
သွားရိုက်ရတာ။ ဒါကြောင့်
ဇာတ်လမ်းတွဲရိုက်ရတာက
ပညာတော့ ရပါတယ်။
ကျေးဇူးပါပဲ မကြူ။

■
ဘို

www.burmeseclassic.com

www.burmeseclassic.com

ONE MINUTE INTERVIEW

ဝါစိမ်းနီ ကမ္ဘာသိမ်းမည် ဆိုတဲ့ ညီညီထွန်းလွင်

ဘို

SKY Net အတွက် ဇာတ်လမ်းတွဲများ ရိုက်ကူးနေကြတဲ့အထဲမှာ ဒါရိုက်တာ အကယ်ဒမီ ညီညီထွန်းလွင် တာဝန်ယူရိုက်ကူးတဲ့ **ဝါစိမ်းနီ ကမ္ဘာသိမ်းမည်** ဇာတ်လမ်းတွဲလည်း ရိုက်ကူးပြီးစီးသွားပြီလို့ သတင်းကြားရတာကြောင့် ဒါရိုက်တာ ညီညီထွန်းလွင်နဲ့ ဆက်သွယ်ပြီး အခြေအနေကို မေးမြန်းခဲ့ပါတယ်။

ကိုညီရေ ဝါစိမ်းနီ ကမ္ဘာသိမ်းမည် အခြေအနေလေး သိချင်လို့ပါ။

လုံးဝ ရိုက်ကူးပြီးစီးသွားပါပြီ။

အဲဒီဇာတ်လမ်းတွဲမှာ အဓိကသရုပ်ဆောင်တဲ့သူတွေက ဘယ်သူတွေများပါလဲ။

အဓိကသရုပ်ဆောင်တွေကတော့ မင်းဦး၊ နေဆန်း၊ စည်ဖြူး၊ ညီထွဋ်ခေါင်၊ မင်းသမီးတွေကတော့ မျိုးသန္တာထွန်း၊ ကြည်လဲ့လဲ့ဦး၊ အေးမြတ်သူ၊ နန်းမြတ်ဖြူးသင်း၊ ယွန်းယွန်းတို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

ကိုညီ အပိုင်း ဘယ်လောက်ရှိလဲ။

အပိုင်း ၃၀ ရှိပါတယ်။

ကိုညီ အပိုင်း ၃၀ အတွက် ရိုက်ရက် ဘယ်လောက်ယူခဲ့ရသလဲ။

ရိုက်ရက်က ၃ လလောက် ကျွန်တော်တို့ ရိုက်လိုက်ရတယ်။

ကိုညီက ရုပ်ရှင်၊ ဒီဒီယို ကားပေါင်းများစွာ ရိုက်ခဲ့ဖူးတဲ့ ဒါရိုက်တာတစ်ယောက်ဆိုတော့ အခု ဇာတ်လမ်းတွဲရိုက်ရတာနဲ့ ဘာများ ကွာသလဲ။

ကျွန်တော်ကတော့ ရိုက်ရင်း ရိုက်ရင်းနဲ့ **ကြိုရာဆုံရာ တစ်မိနစ်တာ**

www.burmeseclassic.com

www.burmeseclassic.com

ပင်ပန်းလွန်းတော့
ထွက်တောင်
ပြေးချင်ပါတယ်။
၃ လ ဆက်တိုက်
ရိုက်ရတာဆိုတော့
အတွေ့အကြုံလည်း
မရှိသေးတဲ့အတွက်
အရမ်းပင်ပန်းပါတယ်။
စာကယ်လို့ တစ်လရိုက်၊
တစ်လနား
လုပ်နိုင်မယ်ဆိုရင်တော့
ဒီလောက်
ပင်ပန်းမယ် မထင်ဘူး။
ဒါတောင်မှ ကျွန်တော်က
စာကယ့်စူပါတွေကို
သုံးထားတာ မဟုတ်ဘူး။
ဒါတောင်မှ ရိုက်ရင်က
သိပ်အဆင်မပြေချင်ဘူး။
သူတို့မှာကလည်း
ရိုက်ရက်ချိတ်ပြီးသားတွေ
ရှိနေတာကိုး။
ကျွန်တော်ပြောသလို
တစ်လရိုက်၊ တစ်လ
နားဆို ပြန်ရင်လည်း
ဒီ လ လောက်
ဒီသရုပ်ဆောင်တွေကို
ထိန်းထားရမှာဆိုတော့
မလွယ်ပြန်ဘူး။
သူတို့မှာက အခြား
အလုပ်လက်ခံထားတာတွေ
ရှိသေးတယ်လေ။
ကိုညီ နောက်ထပ်
စာတ်လမ်းတွဲ ရိုက်ဖို့
အစီအစဉ်ရှိသေးလား။
လာပြောထားတာတွေ
တော့ ရှိပါတယ်။
စာတ်လမ်းတော့
မရသေးပါဘူး။
ကိုညီ
စိတ်ထဲမှာ
ရိုက်ချင်
စိတ်
ရော

ရှိသေးလား။
ဘယ်လိုပဲဖြစ်ဖြစ် ရိုက်တာတော့ ရိုက်ရမှာပေါ့လေ။
ကိုညီ အဲဒီစာတ်လမ်းတွဲကို ဘယ်တော့လောက်များ လွှင့်မယ်လို့ သိထားလဲ။
အခု ကျွန်တော်က ကားဆက်၊ တည်းဖြတ်နေတယ်။ နောက်ခံတီးလုံး ထည့်ရမယ်။
အင်္ဂလိပ်စာတန်းထိုးလည်း လုပ်မှာဆိုတော့ မေ၊ ဇွန်လောက်မှာတော့ သူတို့ကို
အပ်နှိုင်လိမ့်မယ် ထင်ပါတယ်။ လွှင့်တာကတော့ သူတို့ အစီအစဉ်ပေါ့လေ။
ကျေးဇူးပဲ ကိုညီ။
■
ဘို

www.burmeseclassic.com

www.burmeseclassic.com

ONE MINUTE INTERVIEW

အချစ်၏နောက်ဆက်တွဲ စာမျက်နှာနဲ့ ဝိုင်း

ဘို

မဟေသီမဂ္ဂဇင်းမှာ အခန်းဆက်ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့စဉ်က စာဖတ်ပရိသတ်များ စောင့်ဖတ်ခဲ့ရတဲ့ စာရေးဆရာမ ဝင်းဝင်းလတ်ရဲ့ **အချစ်၏ နောက်ဆက်တွဲ စာမျက်နှာ** ဝတ္ထုကို ဒါရိုက်တာ ဝိုင်းက ကိုယ်တိုင် ဇာတ်ညွှန်းရေးဖွဲ့ပြီး နိုင်းနိုင်း၊ စိုးမြတ်သူဇာတို့နဲ့ မေလမှာ ရိုက်မယ်လို့ ရိုက်ရက် ချိတ်ထား ပြီးပါပြီ။ **အချစ်၏ နောက်ဆက်တွဲ** အခြေအနေသိနိုင်စေဖို့ ဒါရိုက်တာ ဝိုင်းနဲ့ ဆက်သွယ် မေးမြန်းခဲ့ပါတယ်။

ကိုဝိုင်းရေ အချစ်၏ နောက်ဆက်တွဲစာမျက်နှာ ဇာတ်လမ်းတွဲကို မေလမှာ ရိုက်မယ်လို့ ပြောထားတော့ အဆင်သင့် ဖြစ်နေပြီလား။

ကျွန်တော် မရိုက်ဖြစ် သေးဘူး။ ဇာတ်ညွှန်းက ရေးပြီး သွားပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

စိတ်တိုင်းကျ မဖြစ်လို့ ရိုက်ရက်ကို
၁၀ လပိုင်း ပြောင်းထားတယ်။
ဒါဆို သရုပ်ဆောင်တွေလည်း ပြောင်းထားရတာပေါ့။
ဟုတ်ပါတယ်။
ကျွန်တော်တို့ သိထားတာက ဒီစာတ်လမ်းမှာ
နိုင်းနိုင်းရယ်၊ စိုးမြတ်သူစာရယ်...
ကျွန်တော် နောက်ထပ် ရွေးထားတာရှိပါသေးတယ်။
အသက် ၃၀ အရွယ်လောက် စာတ်ဆောင်တစ်ယောက်
ပါရဦးမယ်။ စဉ်းစားထားတာ ၃၊ ၄ ယောက်တော့
ရှိပါတယ်။ အတည်မပြုရသေးလို့ပါ။
ဒါဆို စာတ်ညွှန်း စိတ်တိုင်းမကျသေးလို့
နောက်ဆုတ်တာပေါ့။
ဟုတ်ကဲ့၊ အဲဒါအပြင်
နောက်အကြောင်း တစ်ခုကတော့
ကျွန်တော့်အနေနဲ့
မြန်မာနိုင်ငံ ရဲတပ်ဖွဲ့
နှစ် ၅၀ ပြည့် ဂုဏ်ပြု
စာတ်လမ်းတွဲအဖြစ်
အပိုင်း ၁၀ ပိုင်းလောက်ပါမယ့်
မိနစ်စီးရီး တစ်ခုရိုက်ဖို့
တာဝန်ယူထားတာလည်း
ရှိလို့ပါ။
အဲဒီစာတ်လမ်းတွဲက
ဘယ် Channel က
လွှင့်မှာလဲ။
အဲဒါတော့
မပြောတတ်သေးဘူးဗျ။
စာတ်ကောင်လည်း
အသေအချာမရွေးရသေးဘူး။
စာတ်ညွှန်းကလည်း
စဉ်းစားနေဆဲပါ။
ဒါဆို
ကိုဝိုင်းအတွက်
အဲဒီ မိနစ်စီးရီးက
ပထမဆုံး ထွက်လာမယ့်
စာတ်လမ်းတွဲ ဖြစ်မယ်ပေါ့။
ဖြစ်ဖို့များပါတယ်။
ရိုက်ပေးမယ်လို့
ကျွန်တော် တာဝန်ယူထားလို့ပါ။
ကျေးဇူးပါပဲ ကိုဝိုင်း။

■

ဘို

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ် ၂၇ ရက်က တရားဝင်နှစ်ပေါင်းလမ်းလျှိုက်ခြင်းတွေ
လုနဲ့ဒန်မြို့ ဝတ်လုံတော်ရတနာဘုရားဖြစ်တဲ့
အမာလိအလောမွတ်ဒင်နဲ့ အကျိုးရှိကလူနီ

www.burmeseclassic.com

www.burmeseclassic.com

စွဲစဝ်ကြောင်းလမ်းလိုက်တဲ့ ဂျော့ချ်ကလွန်နီ

ဟန်ညီကျော်

၂၀၁၄ ခုနှစ်
မေလ ၆ ရက်နေ့မှာ
အသက် ၅၃ နှစ်ပြည့်ခဲ့တဲ့
ရုပ်ရှင်မင်းသား ဂျော့ချ်ကလွန်နီက
၁၉၈၉ ခုနှစ်မှ ၁၉၉၂ ခုနှစ်ထိ
တာလီယာဘာလ်ဆမ်နဲ့
အိမ်ထောင်ကျခဲ့ပြီး
ကွာရှင်းပြတ်စဲခြင်းဖြင့်
လမ်းခွဲခဲ့ပါတယ်။
အဲဒီနောက်ပိုင်းမှာ ကလွန်နီဟာ
မိန်းမချောများစွာနဲ့
ချစ်ကျွမ်းဝင်ခဲ့ပေမဲ့
ဘယ်အမျိုးသမီးနဲ့မှ
အတည်တကျ
အိမ်ထောင်မပြုခဲ့ပါဘူး။
၁၉၉၅ ခုနှစ်တုန်းက
ဘာဘာရာဝေါ်လ်တာကို
'ကျွန်တော် ဘယ်တော့မှ
အိမ်ထောင်ပြုတော့မှာ မဟုတ်ဘူး။
အိမ်ထောင်ရေးက ကျွန်တော့်အတွက်
ကောင်းကျိုးမပေးဘူး' လို့
ပြောခဲ့ဖူးပါတယ်။
၂၀၀၀ ပြည့်နှစ်တုန်းကလည်း
ပလေးဘွိုင်မဂ္ဂဇင်းနဲ့
တွေ့ဆုံရာမှာ
'ကျွန်တော့် ပထမအချစ်က
အလုပ်ဖြစ်ပြီး
ဒုတိယအချစ်က
မိတ်ဆွေများ ဖြစ်ပါတယ်။
နောင်မှာကော့
ပြောင်းလဲမယ်ဆိုတာ
သေချာပါတယ်။
တစ်စုံတစ်ယောက်နဲ့
တွေ့တဲ့အခါ ကျွန်တော်
အားလုံးကိုစွန့်လွှတ်ပြီး
ချစ်မိသွားမယ်
ထင်ပါတယ်' လို့
ဆိုခဲ့ပြန်ပါတယ်။
၂၀၀၆ ခုနှစ်က
People မဂ္ဂဇင်းနဲ့
တွေ့ဆုံရာမှာတော့
'အိမ်ထောင် ဟုတ်လား။
ကျွန်တော် အိမ်ထောင်ပြုခဲ့ဖူးပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေတစ်ခုမှာ အတူတွေ့ရတဲ့ ကျော်ချိုကလူနီနဲ့ အမာလ်အလာမွတ်ဒင်

အဲဒါက ကျွန်တော့်ဘဝမှာ တကူး တက ရှာဖွေရမယ့်ကိစ္စ မဟုတ်ပါဘူး။ အရာရာတိုင်းဟာ အမြဲတမ်း ပြောင်းလဲနေတာဖြစ်လို့ ခုအချိန်မှာတော့ အိမ်ထောင်ရေးဟာ ကျွန်တော် စဉ်းစားရမယ့်ကိစ္စ မဟုတ်သေးပါဘူး' လို့ ဆိုခဲ့ပြန်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ Enquire မဂ္ဂဇင်းနဲ့ တွေ့ဆုံရာမှာတော့ ' လူတွေက ကျွန်တော် အိမ်ထောင်ကျခဲ့ဖူးတယ်ဆိုတာ မေ့နေကြပုံရတယ်။ အဲဒါကို ကျွန်တော် သဘောကျပါတယ်။ တချို့က သူ အိမ်ထောင် မပြုတော့ဘူးလား လို့လည်း မေးကြပါတယ်။ ကျွန်တော်က အိမ်ထောင်ရေးကို စဉ်းလည်း မစဉ်းစားတဲ့အတွက် ပြောလည်း မပြောချင်ပါဘူး' လို့ ပြောကြားခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ The Hollywood Reporter နဲ့ တွေ့တော့ ' လူတစ်ယောက်က ဘယ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အသက် ၅၃ နှစ်ပြည့်သွားပြီဖြစ်တဲ့ မင်းသား ကျော်ချိကလူနီ

တော့မှ အထီးကျန်မဆန့်ပါဘူးလို့
ပြောရင် အဲဒီလူ ညာနေတာပဲ' လို့
ဆိုခဲ့ပါတယ်။
အချစ်နဲ့ပတ်သက်ပြီး
ခပ်ပေါ့ပေါ့နေတတ်တဲ့
ကျော်ချိကလူနီ
နောက်ဆုံးတွဲနေခဲ့တဲ့
ရုပ်ရှင်မင်းသမီးကတော့
အော်စကာဆုရ မင်းသမီးဖြစ်တဲ့
စန္ဒြာဘူးလော့ခ်ဖြစ်ပါတယ်။
သူတို့နှစ်ယောက်တွဲပြီး
၂၀၁၃ ခုနှစ်အတွင်းက
The Gravity ရုပ်ရှင်ဇာတ်ကားကို
ရိုက်ခဲ့ကြဖူးပါတယ်။
ဧပြီလ ၂၇ ရက်နေ့က
ကျော်ချိကလူနီတစ်ယောက်
လန်ဒန်မြို့က ဝတ်လုံတော်ရ
အကျော်အမော်တစ်ဦးဖြစ်တဲ့
ဘီရွတ်နွယ်ဖွား
အမာလ်အလာမွတ်ဒင်
(အသက် ၃၆ နှစ်)နဲ့
မိတ်ဆွေများရှေ့မှောက်မှာ
တရားဝင်စေ့စပ်ကြောင်းလမ်း
လိုက်တယ်လို့ သတင်းများ
ပေါ်ထွက်လာခဲ့ပါတယ်။
မိတ်ဆွေများဖြစ်တဲ့
စင်ဒီခရော့ဖို့ဒ်နဲ့
ခင်ပွန်းသည် ဂါဘာတို့
ရှေ့မှောက်မှာ ကလူနီက
အမာလ်ရဲ့ရှေ့ ဒူးထောက်ပြီး
လက်ထပ်ခွင့်တောင်းကာ
စေ့စပ်ကြောင်းလမ်းလိုက်ခြင်း
ဖြစ်ပါတယ်။
စေ့စပ်ကြောင်းလမ်းလက်စွပ်အဖြစ်
၇ ကာရက်ခန့် ရှိတဲ့ စိန်ကို
မြပုံစံအကွက်ဖော်သွေးထားပြီး
ကလူနီစိတ်တိုင်းကျ ပြုလုပ်ထားတဲ့
လက်စွပ်ကို ဝတ်ဆင်ပေးခဲ့တာ
ဖြစ်ပါတယ်။ အိမ်ထောင်ရေးနဲ့
ပတ်သက်ပြီး ကလူနီက
'ဘယ်တော့မှ မစဉ်းစားဘူး' လို့
ဆိုခဲ့ပေမဲ့ အမာလ်နဲ့
တွေ့ချိန်မှာတော့

www.burmeseclassic.com

www.burmeseclassic.com

သူစကားကို ဖျက်လိုက်ရပြီ ဖြစ်ပါတယ်။ မိတ်ဆွေများက အမာလ်ဟာ အဆင်းရော အချင်းပါ အရည်အသွေး ပြည့်စုံသူဖြစ်တာကြောင့် ကလူနီအနေနဲ့ ရာသက်ပန်လက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့တာ မမှားဘူးလို့ သုံးသပ်ကြပါတယ်။

အမာလ်ရဲ့ ဆွေမျိုးတစ်ဦးက ပြောပြရာမှာ ကလူနီက ဒူဘိုင်းကို မတ်လအတွင်းက လာရောက်လည်ပတ်ပြီး အမာလ်ရဲ့ မိသားစုဝင်များနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ ဆိုပါတယ်။ ဒူဘိုင်းမှာရှိစဉ်ကာလအတွင်း အမာလ်ရဲ့ အဖေတူ အမေကွဲ မောင်နှစ်ဦးဖြစ်တဲ့ ဆမာနဲ့ ဇအစ်တို့ကိုခေါ်ပြီး ၄၈ နာရီကြာ ရွက်လှေတစ်စီးနဲ့ ခရီးထွက်ခဲ့ကြတယ်လို့လည်း ဆိုပါတယ်။ အမာလ်ရဲ့ မောင်များက 'သူရောက်လာတာ ရုတ်တရက်ကြီးဖြစ်ပေမဲ့ ကျွန်တော်တို့ အတွက် အံ့သြစရာတော့ မဟုတ်ပါဘူး။ ပြီးတော့ သူက ပေါင်းရသင်းရတာလည်း လွယ်ကူတဲ့သူတစ်ယောက် ဖြစ်ပါတယ်' လို့ ဆိုကြပါတယ်။

မိတ်ဆွေများက ကလူနီဟာ အတည်တကျ အိမ်ထောင်မပြုသေးဘဲ သူအတွက် စစ်မှန်တဲ့ အိမ်ထောင်ဖက် ရွေးချယ်နေခဲ့တာ မှန်သွားတယ်လို့ ဆိုကြပါတယ်။ ခုတော့ စနစ်တကျ ပြုစုပျိုးထောင်ထားတဲ့ သူ့စည်းစိမ်ဥစ္စာ၊ သူ့နေအိမ်တို့ကို ထိန်းသိမ်းပေးမယ့် အိမ်ရှင်မကောင်းတစ်ဦး တွေ့ပြီပေါ့။

ကလူနီက အနုပညာဘက်မှာ ထူးချွန်အောင်မြင် သူတစ်ဦးဖြစ်ပေမဲ့ အမာလ်ကတော့ အနုပညာလောကနဲ့ စိမ်းလွန်းသူဖြစ်ပါတယ်။ ဒါပေမဲ့ အမာလ်ဟာ ဥပဒေလောကမှာတော့ လျှမ်းလျှမ်းတောက် အောင်မြင်နေသူပါ။ ဥပမာအားဖြင့် သူ့အမှုသည်များထဲမှာ ဝီကီလစ်ထူထောင်သူ ဂျူလီယန်အဆန်ဂီ ပါဝင်သလို၊ ယူကရိန်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်းဖြစ်တဲ့ ယူလီယာတိုင်မိုရှင်ကိုလည်း ပါဝင်ပါတယ်။ ကမ္ဘာ့တရားရုံးရှိရာ ဟိတ်မြို့မှာ သူနဲ့တွဲပြီး အလုပ်လုပ်ခဲ့ဖူးသူ ဝန်လုံတော်ရတစ်ဦးဖြစ်တဲ့ ရော့ဒ်မင်ဘန်ဒီက 'အမာလ်ဟာ အင်မတန် ထက်မြက်တဲ့ အမျိုးသမီး တစ်ယောက်ပါ။ ဘာသာပေါင်းစုံ တတ်ကျွမ်းသလို နိုင်ငံရေးကိုလည်း နားလည်ပါတယ်။ အနုပညာနဲ့ ဂီတအကြောင်းလည်း နှံ့နှံ့စပ်စပ် သိပါတယ်။ ဒါကြောင့် အမာလ်ဟာ ၂၁ ရာစုရဲ့ အမျိုးသမီးကောင်းတစ်ဦး ပီသပါတယ်' လို့ ချီးကျူးစကားဆိုခဲ့ပါတယ်။

အမာလ်ဟာ မိဘမျိုးရိုးအားဖြင့်လည်း ကောင်းမွန်သူတစ်ဦးလို့ ဆိုရပါမယ်။ မိဘဖြစ်သူ မာရီယာက အာရဗစ်ဘာသာနဲ့ ထုတ်ဝေတဲ့ သတင်းစာ အာလ်ဟာရတ် သတင်းစာရဲ့ အယ်ဒီ

အနုပညာလောကနဲ့ စိမ်းပေမယ့် ဥပဒေလောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်နေတဲ့ အသက် ၃၆ နှစ်အရွယ်ရှိ အမာလ်

တာတစ်ဦးဖြစ်ပြီး ဖခင်ဖြစ်သူကတော့ ခရီးသွားလုပ်ငန်း အကျင့်စီတစ်ခုကို ထူထောင်ခဲ့ဖူးပြီး အခုတော့ အနားယူနေပြီဖြစ်ပါတယ်။

သူတို့နှစ်ဦးရဲ့ မင်္ဂလာခေါင်းလောင်းသံကို ဟောလိဝုဒ်လောကသားများနဲ့တကွ ကလူနီရဲ့ ပရိသတ်များက စောင့်မျှော်နေကြပါပြီ။

■

ဒေနည်ညိုမိုး

www.burmeseclassic.com

မြန်မာနိုင်ငံမှာ K Pop ဖျော်ဖြေပွဲ တင်ဆက်ပေးနိုင်ဖို့ ကြိုးစားခဲ့ကြတာ တော်တော်လေး ကြာခဲ့ပါပြီ။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ ဒီလိုကြိုးစားတာကလည်း မြန်မာနိုင်ငံက K Pop ချစ်သူတွေ ကိုရီးယား အနုပညာရှင်များကို အားပေးကြတဲ့ ပရိသတ်များ အတွက်ပဲ ဖြစ်ပါတယ်။ တကယ်ဖြစ်လာတော့ ဆိုင်းမဆင့် ဇုံမဆင့်ဆိုသလိုပဲ ရှိုးပွဲကျင်းပဖို့နီးမှ K Pop Concert in Myanmar 2014 ပွဲကို ဧပြီလ ၃၀ ရက်နေ့မှာ ကျင်းပပေးတော့မယ်ဆိုတာ သိရပါတယ်။ ဒီပွဲကို မြန်မာနိုင်ငံ ဟိုက်ကွမ်ဒိုအဖွဲ့ချုပ် ရန်ပုံငွေအဖြစ် ကျင်းပပေးသွားမှာဖြစ်ပြီး မြန်မာနိုင်ငံမှ

X Girls အဖွဲ့

K-Pop အဆိုတော်များကို သည်းသည်းလှုပ် အားပေးခဲ့ကြတဲ့ပွဲ

ကင်းနှင်းကြိုး

www.burmeseclassic.com

www.burmeseclassic.com



Girls Day အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

FORTUNE International ကုမ္ပဏီနဲ့ ကိုရီးယားဘက်မှ Hanback ကုမ္ပဏီတို့ မူးပေါင်းပြီး တင်ဆက်ပေးသွားကြမယ်လို့ သိရပါတယ်။ ပွဲအစီအစဉ်များကိုတော့ တေးရေး စိုးနိုင်ထွန်း(အီကြာကွေး) တည်ထောင်ထားတဲ့ ရွှေစင်အင်တာတိန်းမန့်က တင်ဆက်ပေးသွားမယ်လို့ သိရပါတယ်။

K Pop ကို အားပေးတဲ့ မြန်မာပရိသတ်တွေ အများကြီးရှိတဲ့အတွက် ဒီပွဲ အောင်မြင်လိမ့်မယ်လို့ မျှော်မှန်းခဲ့ပြီး ကိုရီးယား အနုပညာရှင်များ ဧပြီလ ၂၉ ရက်နေ့ည လေဆိပ်ကို ရောက်ရှိလာတဲ့အချိန်မှာလည်း ကြိတ်ကြိတ်တိုးသွားရောက်ကြိုဆို ခဲ့ကြပါတယ်။ ဧပြီလ ၃၀ ရက်နေ့ညနေ ၆ နာရီခွဲအချိန် K Pop ဖျော်ဖြေပွဲကို စတင်ကျင်းပပေးမယ်လို့ ကြေညာထားတဲ့အတွက် K Pop ချစ်သူများက အနုပညာရှင်တွေ ဝင်ရောက်လာမယ့်လမ်းကနေ ကြိုတင်နေရာယူပြီး သူတို့ကြိုက်နှစ်သက်တဲ့ အဖွဲ့တွေရဲ့အမည်တွေကို ဆိုင်းဘုတ်တွေထောင်ပြီး ကြိုဆိုခဲ့ကြပါတယ်။

ဖျော်ဖြေပွဲ ကျင်းပတော့မှာဖြစ်လို့ စိစဉ်တင်ဆက်သူများက စတင်ကြေညာပေးလိုက်တဲ့အချိန်မှာ သူတို့ချစ်တဲ့ အနုပညာရှင်များရဲ့ သီဆိုဖျော်ဖြေမှုများကို မျက်ဝါးထင်ထင် သူတို့အရှေ့မှာ မြင်တွေ့ခွင့် ရတော့မှာဖြစ်လို့ အော်ဟစ်ကြိုဆိုအားပေးနေကြတဲ့အသံများက သုဝဏ္ဏ မိုးလုံလေလုံအားကစားကွင်းထဲမှာ ဟိန်းထွက်လို့ နေပါတယ်။ အဲဒီထဲကမှ ဒီနေ့ညမှာ ပထမ

Wanday နဲ့ ဟလေးတို့ကလည်း အကအဖွဲနဲ့အတူ အဆိုအကများဖြင့် ပရိသတ်ကြီး ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်

M.I.B အဖွဲ့ကို အားပေးနေကြတဲ့ ဆယ်ကျော်သက်အမျိုးသမီးလေးများ

www.burmeseclassic.com

www.burmeseclassic.com

ဦးဆုံး စတင်ဖျော်ဖြေပေးမယ့် အဖွဲ့ကတော့ X Girls အဖွဲ့ ဖြစ်တယ်လို့ ကြေညာပေးလိုက်တာနဲ့ K Pop ချစ်သူများက ကိုရီးယားစကားနဲ့ အော်ဟစ်မိတ်ဆက်ပြီး သူတို့ဆိုတဲ့သီချင်းတွေ သူတို့နဲ့အတူတူ ပွဲစကတည်းက လိုက်ပါသီဆိုပေးခဲ့ကြပါတယ်။ X Girls အဖွဲ့ကလည်း သူတို့ကို သည်းသည်းလှုပ်

Jung Il Young ရဲ့ သီဆိုဖျော်ဖြေမှု

Bobby Soxer ရဲ့ သီဆိုဖျော်ဖြေမှု

M.I.B အဖွဲ့ရဲ့သီဆိုဖျော်ဖြေမှု

www.burmeseclassic.com

www.burmeseclassic.com

ချောမောလှပကြသလို အရွယ်တွေကလည်း တစ်ညီတည်း၊ ရုပ်ရည်တွေကလည်း ဆင်တူသလို ရှိတဲ့အပြင် အားလုံးရဲ့ ကိုယ်လုံးကိုယ်ပေါက်တွေကလည်း ပုတဲ့သူကပု၊ ရှည်တဲ့သူကရှည် ဖြစ်မနေဘဲ တစ်ညီတစ်ညာတည်းလို ထင်ရပါတယ်။ သူတို့တွေက အဆိုတွေအပြင် အကအလှ အပြောလေးတွေနဲ့ပါ ဖမ်းစားနိုင်တဲ့အတွက် ပရိသတ် ကြိုက်ကြတာပဲ ဖြစ်ပါတယ်။ TINT အဖွဲ့ သီဆိုဖျော်ဖြေပြီး အားပေးနေတဲ့ ပရိသတ်များကို ကျေးဇူး တင်ပါတယ်၊ ချစ်တယ် စတဲ့ စကားလုံးတွေနဲ့ တုံ့ပြန်ပြောတဲ့အတွက် K Pop ချစ်သူများအတွက် ပိုပြီး ကျေနပ်ဝမ်းသာစရာ ဖြစ်ခဲ့ပါ တယ်။ အမှုအရာမျိုးစုံကို လည်း ပရိသတ်ကို လုပ်ပြ ပြီး နှုတ်ဆက်ခဲ့တာတွေက လည်း မပြီးနိုင်အောင်ပါပဲ။ ဒုတိယခြောက် ဖျော်ဖြေတင် ဆက်မှုမှာတော့ TINT အဖွဲ့ ဖြစ်ပြီး အမျိုးသမီး ၅ ဦးနဲ့ ဖွဲ့ထားတဲ့ အဖွဲ့ပဲဖြစ်ပါတယ်။ အမျိုးသမီးလေး ၅ ဦးစလုံး က

Girls Day
အဖွဲ့တင်တစ်ဦးရဲ့
ဖျော်ဖြေတင်ဆက်မှု

www.burmeseclassic.com

www.burmeseclassic.com

ခြံ့ခြံ့မှာ အမျိုးသမီး ၆ ဦးနဲ့ ဒွန်စည်းထားတဲ့ Dal & Shabel အဖွဲ့ရဲ့ ဖျော်ဖြေမှုနဲ့ ဆက်လက်တင်ဆက်ပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မြန်မာနိုင်ငံက အဆိုတော် နှစ်ဦးဖြစ်ကြတဲ့ Bobby Soxer တို့ဦးတော့ ဟဲလေးတို့ကို သီချင်းများနဲ့ သီဆိုဖျော်ဖြေပေးခဲ့ကြပါတယ်။ ဟဲလေးနဲ့ Bobby Soxer တို့ကလည်း K Pop ပွဲမှာ ပါဖောမန့်မျိုးစုံ၊ အကအလှမျိုးစုံ၊ ဟဲလေးဆိုရင်လည်း Waiလျှဲ၊ စစ်သွေးစတဲ့ အနုပညာ ညီအစ်ကိုများနဲ့ အားရပါးရ တင်ဆက်ပေးပေမဲ့ K Pop ချစ်သူများက အဲဒီအချိန်မှာ အော်ဟစ်အားပေးတာတွေ လက်ခုပ်တီးကြတာတွေ မတွေ့ရဘဲ ငြိမ်သက်လို့ နေပါတယ်။ ဒါကြောင့် လည်း တကူးတက လာရောက်အားပေးကြတဲ့ မြန်မာအနုပညာရှင်များ၊ အဆိုတော်များကပဲ ကိုယ့် အဆိုတော်တွေကို ကိုယ်ပြန်ပြီး အားပေးရပါတယ်။

ဟဲလေးနဲ့ Bobby Soxer တို့ပြီးတော့ မြန်မာပရိသတ်တွေ နှစ်သက်စွဲလမ်းအားပေးခဲ့ကြတဲ့ **ဆောင်းဦးရွက်ကြွေ ချစ်သက်သေ** ဇာတ်လမ်းတွဲမှာ ဇာတ်ဝင် သီချင်းကို သီဆိုပေးခဲ့တဲ့ Jung Il Young က ဇာတ်ဝင် သီချင်း နှစ်ပုဒ်နဲ့ ဖျော်ဖြေပေးခဲ့ပါတယ်။ Jung Il Young သီဆိုဖျော်ဖြေပေးနေချိန်မှာ သူသီဆိုဖျော်ဖြေပေးထားတဲ့ ဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းတွေကိုလည်း ပရိုဂျက်တာနဲ့ ထိုးပြပေးနေတဲ့ အတွက် သီချင်းနဲ့ ဇာတ်ဝင်ခန်းကို ပြန်ပြီး မြင်ယောင်ကြရပါတယ်။ နောက်ထပ် ဖျော်ဖြေပေးမယ့် အဖွဲ့ကတော့ အမျိုးသား လေးဦးနဲ့ ဖွဲ့စည်းထားတဲ့ M.I.B အဖွဲ့ပဲ ဖြစ်ပါတယ်လို့ ကြေညာပေးတဲ့ အချိန်မှာတော့ ပရိသတ်တွေက သူတို့ ထိုင်ပြီးအားပေးနေတဲ့ထိုင်ခုံတွေကနေ စင်ရှေ့ကို တိုးဝှေ့ရောက်လာပြီး အော်ဟစ်အားပေးကြတော့တာပါပဲ။ အော်ဟစ်အားပေးရုံတင်မက သူတို့တွေရဲ့ လက်ထဲမှာ အဆို

X Girls အဖွဲ့ကလည်း မြားမြားကြွကြွ သီဆိုကပြနိုင်များနဲ့ ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



Bobby Soxer နဲ့အတူ
အကအဖွဲ့သားများလည်း
ပါဝင်တင်ဆက်ခဲ့ပါတယ်

တော်တွေကိုပေးဖို့ ပန်းတွေ
ရော၊ လက်ထဲမှာ ဆိုင်းဘုတ်
တွေကို ကိုင်မြှောက်ပြီး သူတို့
ဘယ်လောက် ချစ်ခင်အား
ပေးတယ်ဆိုတာ ပြသခဲ့ကြ
ပါတယ်။ ထူးခြားတာက
တော့ K Pop ချစ်သူများက
အဲဒီအဆိုတော်တွေ ကိုရီးယား
လို ပြောတဲ့ စကားတွေကို
သိရှိပြီး ကိုရီးယားလို ပြန်ပြော
ကြတာတွေရှိသလို၊ သီချင်း
တွေအားလုံးကိုလည်း လိုက်
ဆိုနိုင်တာတွေက ထူးခြားမှု
ပါပဲ။ နောက်ဆုံး ဖျော်ဖြေပေး
တဲ့ အမျိုးသမီး ၄ ယောက်
နဲ့ ဖွဲ့စည်းတဲ့ Girls Day အဖွဲ့ပဲ
ဖြစ်ပါတယ်။ Girls Day အဖွဲ့
ဝင် အမျိုးသမီးလေးများက
အားလုံး ချောမောလှပကြ
သလို အပြောတွေလည်း
ကောင်း၊ ကပြတာတွေလည်း
ကောင်းခဲ့ပါတယ်။ ပြီးတော့
ပေါင်ရင်းထိအောင်
တစ်ခြမ်း ခွဲထားတဲ့
စကတ်တွေကို လွှားခနဲ
လွှားခနဲ ခြေထောက်
တွေမြှောက်ပြီး Post
မျိုးစုံနဲ့ ကပြနေတဲ့အတွက်
သီချင်းတွေကိုပဲ
ကြည့်ရမလား၊
ပေါင်တံ
ဖွေးဖွေးတွေကိုပဲ
ကြည့်ရမလား
မကွဲပြားအောင်ရှိခဲ့ပါတယ်။
တကယ်လည်း
ညီညီညာညာနဲ့ အတွဲညီညီ
သီဆိုကခြင်းတာကြောင့်
သူတို့တွေကို
မြန်မာပရိသတ်တွေ
ချစ်ကြတာ မဆန်းပါဘူး။
ဒါပေမဲ့ သူတို့တွေလည်း
အားကစားရုံထဲမှာ
ပူအိုက်လှတဲ့အတွက်
မသက်မသာ ရှိခဲ့ကြသလို

Bobby Soxer ရဲ့ဖျော်ဖြေမှုကို အားပေးနေကြတဲ့ မြန်မာအနုပညာရှင်များနဲ့ ပရိသတ်များ

www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်တွေ တော်တော်များများကလည်း ယပ်တောင်တွေခတ်ပြီး အားပေးနေကြတာကို မြင်တွေ့ခဲ့ရပါတယ်။

ဒါကြောင့်လည်း နောက်ဆုံးပိတ်မှာ အားလုံးပူးပေါင်းပြီး သီဆို တင်ဆက်မယ့် အိုပါဂန်းနားစတိုင် သီချင်းကိုတောင် မဆိုနိုင်ကြတော့ဘဲ သီချင်းကိုပဲ ဖွင့်ပြီး တင်ဆက်လိုက်ရပါတယ်။

ဘာပဲပြောပြော မြန်မာနိုင်ငံမှာ ပထမဦးဆုံး လာရောက်ဖျော်ဖြေတဲ့ K Pop ပွဲ က အောင်မြင်ခဲ့သလို ကိုရီးယားအနုပညာရှင်များကလည်း သူတို့ကို သည်းသည်းလှုပ် အားပေးခဲ့ကြတာတွေ တွေ့ရတဲ့အတွက် နောက်တစ်ခါ လာခဲ့ပါဦးမယ်လို့ နှုတ်ဆက်ပြီး အဲဒီညမှာပဲ ပြန်သွားခဲ့ကြတယ်လို့ ကြားသိခဲ့ရပါတယ်။

■

လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက နင်းဆီပါမောင်

မိုးကျော်ထွန်း

ထားဝယ်ရပ်ရှင်ထုတ်လုပ်ရေးအတွက်
စာရေးဆရာမ ပုညခင်ရဲ့ ဝတ္ထုကို ဝိုင်းက
ကိုယ်တိုင်ဇာတ်ညွှန်းရေးကာ ဒါရိုက်တာအဖြစ်
ရိုက်ကူးမယ့် **ကျွန်မက နင်းဆီပါမောင်** ရုပ်ရှင်
ဇာတ်ကားမှာ မရိုက်ကူးမီကတည်းက
အသံထွက်ခဲ့ပါတယ်။ နေတိုး၊ သက်မွန်မြင့်တို့နဲ့
ရိုက်ကူးမှာဖြစ်ပြီး ဇာတ်ညွှန်းကို ဖတ်လိုက်တဲ့အခါ
အမျိုးသားလေးက သူ့အပေါ် တစ်သက်လုံး နှိမ်ချ
ဆက်ဆံခဲ့တဲ့ မိန်းကလေးကို မာနချိုးတဲ့အနေနဲ့
သူပါးပြင်ကို စုံစုံမက်မက် နမ်းခိုင်းတဲ့ ဇာတ်ဝင်ခန်း
ပါပါတယ်။ ပါးသာမက နှုတ်ခမ်းကိုလည်း နမ်းရမယ်
ဆိုတာကြောင့် သက်မွန်မြင့်က ဒီဇာတ်ကို ငြင်းလိုက်
ပါတော့တယ်။ ဒီကိစ္စကို ဂျာနယ်စာမျက်နှာများမှာလည်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်နဲ့တစ်ဖက်
ပြောခဲ့ဆိုခဲ့ ကြပါတယ်။
ပြဿဖို့ အဆင်သင့်
ဖြစ်နေပြီဖြစ်တဲ့
ကျွန်မက နှင်းဆီပါဆောင်
ရုပ်ရှင်ဇာတ်ကားကို
ဇွိုလ ၂၀ ရက်နေ့က
သမ္မတ
အဆင့်မြှင့်ရုပ်ရှင်ရုံမှာ
ထုတ်လုပ်သူက
ကားစမ်းရင်းကြည့်မှာမို့
စိတ်ဝင်စားရင်
လာကြည့်ပါဆိုတာကြောင့်
မနက်စောစောစီးစီး
သွားကြည့်ဖြစ်ခဲ့ပါတယ်။
ပြင်ဦးလွင်မြို့ရဲ့
မဟာစံအိမ်ကြီးမှာ
အဘိုးဖြစ်သူရဲ့အရိပ်ကို
ခိုလှုံနေရတဲ့
ခွန်းသ ဆိုတဲ့
လူငယ်ကလေး၊
သူလာရင် ခြံထဲမှာ
အပြင့်မပွင့်တဲ့

www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီအိုးတစ်အိုးမှ မမြင်ချင်ဘူးဆိုတဲ့ ထားသခင်တို့ရဲ့ ပဋိပက္ခများက ဆယ်ကျော်သက် အရွယ်ဝင်ခါစမှာပဲ အစပျိုးခဲ့ပါတယ်။ ထားသခင်က မိတစ်ကွဲ ဖတစ်ကွဲ ဖြစ်ပြီး ဖခင်ဖြစ်သူက ပြည်ပမှာ အိမ်ထောင်ကျနေသလို မိခင်ဖြစ်သူကလည်း နောက်အိမ်ထောင်နဲ့ ဖြစ်တာကြောင့် ထားသခင်ကို အဘွားဖြစ်သူကသာ ထိန်းသိမ်းစောင့် ရှောက်ထားပါတယ်။

ပြည်ပမှ ဖခင်ဖြစ်သူက ချမ်းသာကြွယ်ဝသူဖြစ်ခြင်း ကြောင့် ငွေကို အလျှံပယ် ပေးပို့ပြီး သမီးလိုသမျှကို ဖြစ် စေပါတယ်။ ဒါကြောင့် အဘွားကလည်း မြေးကို အစစအရာရာ အလိုလိုက်ရင်း သူလည်း လောင်းကစားနဲ့ ပျော်မွေ့နေခဲ့ပါတယ်။

ထားသခင်က ဆယ် ကျော်သက် အရွယ်ဝင်ခါစ ဖြစ်ပေမဲ့ လူတန်းစားခွဲခြား တတ်ပြီး အစစအရာရာ အနိုင် ယူတတ်သူဖြစ်ပါတယ်။

ထားသခင် ဆယ်ကျော် သက်ဘဝအဖြစ် ၂၀၁၂ ခုနှစ် အတွက် **တိမ်မင်းသမီးရဲ့ ဒဏ္ဍာရီ** ဇာတ်ကားနဲ့ အကယ် ဒမီ အထူးဆု ဆွတ်ခူးခဲ့တဲ့ ယွန်းယွန်းက သရုပ်ဆောင် ထားပြီး ခွန်းသနေရာမှာ တော့ ဟဲဗီးဖြိုးက သရုပ် ဆောင်ထားပါတယ်။

ထားသခင်စိတ်ကြိုက် အစစအရာရာ ဖြစ်စေရမယ် ဆိုပေမဲ့ ခွန်းသကတော့ မှန် တယ်ထင်ရင် ပြန်ပြောတတ် ပြီး ထားသခင်ကို ပုန်ကန် တတ်ပါတယ်။ ထားသခင် ကလည်း ခွန်းသကို ကစား စရာအရုပ်ကလေး တစ်ရုပ် လို သဘောထားပြီး နိုင်ချင် တိုင်းနိုင်ပါတယ်။ သူခိုင်းတာ လုပ်မပေးရင် ခွန်းသရဲ့ အဘိုးကို အလုပ်ထုတ်လိုက် မယ်ဆိုတဲ့ အားနည်းချက်နဲ့ ကိုင်ပေါက်လေ့ရှိတာကြောင့် ခွန်းသမှာ မလှုပ်သာပါဘူး။

အထူးသဖြင့် ထားသခင်ကို ဖိနှပ်စီးပေးရတဲ့အခါများ၊ ရှဲ့ ပေနေတဲ့ခြေထောက်ကို ရေ ဆေးပေးရတဲ့ အခါများမှာ မျက်ရည်ကျသည်အထိ စိတ် နာခဲ့ရပေမဲ့ တစ်ဖက်မှာတော့ ထားသခင်ကို ချစ်စိတ်တွေ ဝင်မိပါတယ်။

ပြည်ပနိုင်ငံများကိုသာ အလည်ထွက်နေတာကြောင့် ပြင်ဦးလွင်က မဟာစံအိမ်ကို မရောက်ဖြစ်တာ ငါးနှစ်ကြာ သွားတဲ့ အချိန်မှာတော့ ထားသခင်ရော ခွန်းသပါ အရွယ်ရောက်လာခဲ့ကြပါပြီ။ အရွယ်ရောက်လာချိန်မှာ ထားသခင်အဖြစ် **လက်ပံ** ဇာတ်ကားနဲ့ အမျိုးသမီး ဇာတ်ဆောင်ဆုရခဲ့တဲ့ ဖွေး



www.burmeseclassic.com

www.burmeseclassic.com

မွေးက သရုပ်ဆောင်ပြီး ခွန်းသအဖြစ် နေတိုးက သရုပ်ဆောင်ပါတယ်။

သူငယ်ချင်းများနဲ့ ပြင်ဦးလွင်ကို ရောက်ရှိလာတဲ့ ထားသခင်က သူငယ်ချင်းများရှေ့မှာ တမင်တကာ ခွန်းသကို နှိုင်ပြပါတယ်။ တစ်ရက်မှာတော့ စက်ဘီးစီး သင်ချင်တယ်ဆိုတဲ့ ထားသခင်ကို ခွန်းသက လိုက်သင်ပေးရင်း တစ်နေရာမှာ လိမ့်ကျကြတဲ့ အခါ မတော်တဆ ထားသခင်ရဲ့ပါးနဲ့ ခွန်းသရဲ့နှာခေါင်းတို့ ဂဟေဆက်မိကြပါတယ်။ မတော်တဆဖြစ်တာမှန်ပေမဲ့ ထားသခင်က ခွန်းသကို ရက်ရက်စက်စက် ပါးရိုက်လိုက်ပါတယ်။

လောကဓံ အလှည့်အပြောင်းများနဲ့ ဘယ်တော့မှ မဆင်းရဲတော့ဘူးလို့ ခံယူထားတဲ့ ထားသခင်တို့ ဆင်းရဲသွားကြပြီး နာကြည်းစိတ်နဲ့ ကြိုးစားခဲ့တဲ့ ခွန်းသက အောင်မြင်ထင်ရှားတဲ့ လုပ်ငန်းရှင်တစ်ဦးဖြစ်လာခဲ့ပါတယ်။ အထည်ကြီးပျက် ထားသခင်က နေစရာ အိမ်မရှိတော့တဲ့အတွက် အဆောင်မှာသွားနေပြီး အဆောင်နေသူငယ်ချင်းတစ်ယောက် အကူအညီနဲ့ ဖိနပ်ဆိုင်တစ်ခုမှာ အရောင်းစာရေးနေရာ အလုပ်ရခဲ့ပါတယ်။ ဒါပေမဲ့ ဝယ်သူကို ဖိနပ်စီး မပေးချင်တဲ့ ထားသခင် အလုပ်ပြုတ်ခဲ့ရပါတယ်။ စိတ်ပျက်ပျက်နဲ့ ပြန်လာစဉ် လူတစ်ယောက်က အလုပ်လိုချင်ရင် သူ့ကုမ္ပဏီမှာ လာလျှောက်ပါလို့ စကားကမ်းလှမ်းတာကြောင့် သွားလျှောက်တဲ့အခါမှာ ဖိနပ်ရောင်းတဲ့နေရာမှာပဲ တာဝန်ချထားခံရပါတယ်။ ထားသခင်က

www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ ဝိုင်းက ရိုက်တဲ့ကားတိုင်း သမားရိုးကျ ဇာတ်လမ်းတွေကနေ ခွဲထွက်ပြီး တင်ပြပုံတွေလည်း ထူးခြားလေ့ရှိတဲ့အတိုင်း **ကျွန်မက နှင်းဆီပါမောင်** ရုပ်ရှင် ဇာတ်ကား ရုံတင်ပြသတဲ့ အခါမှာလည်း မြန်မာရုပ်ရှင် ကြည့်ပရိသတ်များ စိတ်ဝင်စားမှုရမယ့် ကားတစ်ကား လည်း ဖြစ်ပါတယ်။

■

မိုးကျော်ထွန်း

ဖြစ်နေပါတော့တယ်။

ရိုက်ခဲ့တဲ့ပါးကို မြတ်မြတ်နိုးနိုး နမ်းစေတဲ့အခန်း လည်း ပါဝင်ပါတယ်။ ဒါပေမဲ့ ပြည်ပရုပ်ရှင်ကားများလို ပက်ပက်စက်စက် ပြတာမျိုး မဟုတ်ဘဲ ကင်မရာလှည့်စားမှုနဲ့ ရိုက်ကူးထားခြင်းသာဖြစ်ပါတယ်။ လူငယ်များအနေနဲ့ လက်ခံနိုင်မှာဖြစ်ပေမဲ့ လူကြီးများ အပြစ်တင်မယ့် ဇာတ်ဝင်ခန်းလည်း ပါပါတယ်။

ဆင်းလာပြီး အလုပ်သွားမယ် သူဌေးကို ဝတ်ထားတဲ့ ဝတ်စုံရဲ့အရောင်နဲ့ လိုက်ဖက်တဲ့ ဖိနပ်တစ်ရန် အဆင်သင့်ချထားပြီး သူဌေးကို ဖိနပ်စီးပေးရတဲ့ အလုပ်ပါပဲ။ သူဌေးရဲ့ ဖိနပ်တွေကို လည်း နေ့စဉ်နဲ့အမျှ သန့်ရှင်းရေး လုပ်ရပြန်ပါသေးတယ်။ သူဖိနပ်စီးပေးရတဲ့ သူဌေးကို မေ့ကြည့်လိုက်တဲ့အခါမှာတော့ တစ်ချိန်တုန်းက သူဖိနပ်စီးခိုင်းခဲ့တဲ့ ခွန်းသ

ဒီအလုပ်ကို မလုပ်လိုလို့ ငြင်းတဲ့အခါမှာ သူဌေးအိမ်မှာ လိုအပ်တာတွေကူညီ စီစဉ်ပေးဖို့ တာဝန်ပြောင်းပေးပါတယ်။ ထိုးခဲ့တဲ့လက်မှတ်အရ လျော်ရမယ့် လျော်ကြေးကို မပေးနိုင်တာကြောင့် သူဌေးအိမ်ကအလုပ်ကိုပဲ ရွေးချယ်လိုက်ရပါတယ်။ သူလုပ်ရတဲ့ အလုပ်ကတိုက်ပေါ်က

www.burmeseclassic.com

www.burmeseclassic.com

လူပီးတာနီယောင်းဂို

ရီတာဒေအာင်၊ NY၊

၂၀၁၄ ခုနှစ်၊
မတ်လ ၂ ရက်နေ့က
ကျင်းပသွားတဲ့ ၈၆ ကြိမ်မြောက်
အော်စကာဆုပေးပွဲအခမ်းအနားမှာ
Lupita Nyong'o က အကောင်းဆုံး
အမျိုးသမီးဇာတ်ပို့ဆုကို
12 Years a Slave ရုပ်ရှင်ဖြင့်
ဆွတ်ခူးသွားခဲ့ပါတယ်။
မူရင်းစာအုပ်
Twelve Years a Slave ကို
စာရေးဆရာ Solomon Northup က
၁၈၅၃ ခုနှစ်တွင်ရေးသားခဲ့တာပါ။
အဲဒီစာအုပ်ကို John Ridley က
ဇာတ်ညွှန်းရေးကာ
ဒါရိုက်တာ Steve McQueen က
ရိုက်ကူးတင်ပြသွားခဲ့တာပါ။
ထုတ်လုပ်သူ စုစုပေါင်း ၇ ဦး
ရှိခဲ့ပြီး နာမည်ကျော်မင်းသား
Brad Pitt မှာ တစ်ယောက်အပါအဝင် ဖြစ်ပါတယ်။
အော်စကာဆုပိုင်ရှင်ဖြစ်လာမယ့် လူပီးတာနီယောင်းဂိုကို မက္ကဆီကိုနိုင်ငံ
Mexico City မှာ မွေးဖွားခဲ့တယ်။ သူမဖခင်ဟာ ကင်ညာနိုင်ငံတွင်
ကောလိပ်ပရော်ဖက်ဆာတစ်ဦး ဖြစ်ခဲ့ဖူးပြီးနောက်ပိုင်း နိုင်ငံရေးသမား
တစ်ယောက် ဖြစ်လာခဲ့တယ်။ ဖခင် ပီတာက မက္ကဆီကိုမြို့ရှိ
ကောလိပ်ကျောင်းတစ်ကျောင်းတွင် ဧည့်သည်ကထိကအဖြစ်
ရောက်ရှိနေတုန်း လူပီးတာကို မွေးဖွားခဲ့ပါတယ်။ ငယ်စဉ်က
နယူးယောက်မြို့ကို ခေတ္တရောက်လာခဲ့ဖူးပေမဲ့ မိဘများနဲ့အတူ
ကင်ညာနိုင်ငံတွင်သာ အနေများခဲ့တယ်။ လူပီးတာက
သူမကိုယ်ကို (Mexican -Kenyan) မက္ကဆီကိုဖွား
ကင်ညာသူတစ်ယောက်အဖြစ် ခံယူထားပါတယ်။
အသက် ၁၆ နှစ်အရွယ်လောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



မက္ကာစီကို မွား ကင်ညာသူတစ်ယောက်အဖြစ်
ခံယူထားတဲ့ မင်းသမီး Lupita Nyong'o

၂၀၁၄ ခွန် ကျောပြတော်ရုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



Vogue မဂ္ဂဇင်းမှာ
ဓာတ်ပုံအရိုက်ခံခဲ့စဉ်က
မင်းသမီး
Lupita Nyong'o

မက္ကဆီကိုသို့သွားပြီး စပိန်ဘာသာ
စကား သင်ယူခဲ့ပါသေးတယ်။

လူပီးတာတို့က မိသားစုလိုက် အနု
ပညာဝါသနာပါကြတယ်။ သူတို့မောင်
နှမ ၆ ယောက်အပြင် ဆွေမျိုးမိတ်ဆွေ
တို့ရဲ့ သားသမီးတွေအပါအဝင် တွေ့ဆုံ
ပြီး သီဆိုကခုန်မှုများ ပြုလုပ်လေ့ရှိကြ
တယ်။ တစ်ခါတလေ ပြဇာတ်များ
ကြည့်ဖို့ ခရီးဝေးဝေးသို့ပင် သွားရောက်
တတ်ကြပါတယ်။ မိန်းကလေးသီးသန့်
ကျောင်းမှာနေပြီး ကျောင်းကပွဲတွေမှာ
ပါဝင်ကပြဖြစ်ခဲ့ပါတယ်။

အသက် ၁၄ နှစ်အရွယ်မှာတော့
ကင်ညာနိုင်ငံ နိုရိုဘီ (Nairobi) ရှိ
Phoenix Players ပြဇာတ်ကုမ္ပဏီက
ကြီးမှူးတင်ဆက်တဲ့ ရိုမီယိုနဲ့ ဂျူးလီ
ယက် ပြဇာတ်မှာ အဓိကသရုပ်ဆောင်
မင်းသမီးအဖြစ် ရွေးချယ်ကပြခွင့် ရခဲ့ပါ
တယ်။ သူမအသက် ၁၈ နှစ် (၂၀၀၁
ခုနှစ်)မှာ စိန့်မေရီကျောင်းမှ IB
(International Baccalaureate) ဒီပလို
မာရရှိပြီး အမေရိကန်နိုင်ငံ မန်ဆက်ချူး
ဆက်ပြည်နယ်ရှိ Hampshire ကောလိပ်
သို့ ဆက်လက်တက်ရောက်ခဲ့ပြန်တယ်။
ရုပ်ရှင်နဲ့ ပြဇာတ်ဆိုင်ရာ ဒီဂရီတစ်ခု
လက်ခံရရှိခဲ့တယ်။

၂၀၀၈ ခုနှစ်က East River ဆိုတဲ့
ရုပ်ရှင်မှာ သရုပ်ဆောင်ခဲ့ပြီး ကင်ညာ
နိုင်ငံကို ပြန်သွားခဲ့ပါတယ်။ မိခင်နိုင်ငံ
မှာ ရုပ်သံစီးရီးများ၊ ဂီတပွဲတော်များ၊
ရုန်ပုံငွေရှာဖွေပွဲများမှာ ပါဝင်ဆေးရင်း In
My Genes ဆိုတဲ့ မှတ်တမ်းရုပ်ရှင်ကို
ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဒါရိုက်တာ
လုပ်၊ ကိုယ်တိုင်ထုတ်လုပ်ခဲ့ဖူးပါတယ်။
နိုင်ငံတကာရုပ်ရှင်ပွဲတော် အတော်များ
များမှာ ပြသနိုင်ခဲ့သလို အဲဒီရုပ်ရှင်ဖြင့်
၂၀၀၈ ခုနှစ် Five College ဖလင်ပွဲတော်
မှာ ပထမဆု ရရှိသွားခဲ့တယ်။

ဒါ့အပြင် The Little Things You
Do ဆိုတဲ့ ဂီတဗီဒီယိုကို လူပီးတာကိုယ်
တိုင် ရိုက်ကူးတင်ပြပြန်ရာ ၂၀၀၉ MTV
Africa Music ဆုပေးပွဲအတွက်
အကောင်းဆုံး ဗီဒီယိုအဖြစ် ဆန်ခါ
တင်စာရင်း ဝင်ခဲ့ပါသေးတယ်။ ၂၀၁၀
ခုနှစ်မှာတော့ ကမ္ဘာကျော် Yale School
of Drama တက္ကသိုလ်သို့ တက်ရောက်
ကာ မာစတာဘွဲ့ရအောင် ပညာသင်ခဲ့
တယ်။ အဲဒီကျောင်းမှာ ရိုးစဉ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com

မိဘများနဲ့အတူ တွေ့ရတဲ့ မင်းသမီး Lupita Nyong'o

ဒီလျှံရှိတ်စပီးယားရဲ့ ပြဇာတ် ၂ ပုဒ် အပါအဝင် အခြားနာမည်ကျော် ပြဇာတ်များ စီစဉ်ထုတ်လုပ်မှုများ ပါဝင်ခွင့်ရခဲ့သူပါ။ Herschel William Prize ဆု ရွေးချယ်ရေးအဖွဲ့မှ ချီးမြှင့်တဲ့ သရုပ်ဆောင်ထူးချွန်သော ကျောင်းသူဆုကို ၂၀၁၁-၂၀၁၂ စာသင်နှစ်တွင် အပ်နှင်းခံခဲ့ရတယ်။

လူပီးတာရဲ့နာမည် ကမ္ဘာကျော် သွားစေမယ့် 12 Years A Slave ရုပ်ရှင်မှာ လူမည်းကျွန်မကလေး Patsey အဖြစ် သရုပ်ဆောင်ဖို့ ၂၀၁၂ ခုနှစ် ကတည်းက လျာထားခံခဲ့ရတာပါ။ ဒီသတင်းကောင်း လက်ခံရရှိစဉ်က ယေးစာတ္တသိုလ်မှ ကျောင်းပင် မပြီးသေးပါ။ အမေရိကန်ပြည်ထောင်စု၊ လူဝီစီယားနားပြည်နယ်၊ နယူအော်လင်းစ်မြို့မှာ ဇွန်လ ၁၂ ရက်နေ့မှ သြဂုတ်လ ၁၃ ရက်(၂၀၁၂ ခုနှစ်)အတွင်း ရိုက်ကူးခဲ့ကြပါတယ်။ အဲဒီရုပ်ရှင်ကြောင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ အော်စကာဆုအပါအဝင် နိုင်ငံတကာမှ ချီးမြှင့်တဲ့ ဆုပေါင်း ၂၄ ဆု လူပီးတာ လက်ခံရရှိခဲ့ပါတယ်။

၈၆ ကြိမ်မြောက် အော်စကာဆုပေးပွဲ အခမ်းအနားမှာ အကောင်းဆုံးဇာတ်ကားဆု၊ စာအုပ်မှ ပြန်လည်ရေးသားတဲ့ အကောင်းဆုံးဇာတ်ညွှန်းဆု စသဖြင့် ဆုကြီး ၃ ဆု ဆွတ်ခူးခဲ့တဲ့ အဲဒီရုပ်ရှင်ရဲ့ အထွေထွေ ကုန်ကျစရိတ်မှာ ဒေါ်လာ ၁၈ သန်းဖြစ်ပြီး ဝင်ငွေစုစုပေါင်းမှာ ၁၇၈ သန်းတောင် ဖြစ်ပါတယ်။

Marie Claire မဂ္ဂဇင်း မေလထုတ် အတွက် အင်တာဗျူးဆရာမ Merle Ginsberg နဲ့ နယူးယောက်မြို့ The Carlyle ဟိုတယ်တွင် တွေ့ဆုံခဲ့ကြပါတယ်။ လူပီးတာက 'တခမ်းတနား လှပတဲ့ အမျိုးသမီးတစ်ယောက်လို့ သတ်မှတ်ခြင်းခံရတာ မဆိုးပါဘူး' လို့ ဆိုပါတယ်။ တွေ့ဆုံတဲ့ နေ့က လူပီးတာ စားတဲ့ မနက်ခင်းစာမှာ ကြက်ဥအုံးမလက်၊ ဘယ်ရီသီးများနဲ့ လက်ဖက်ရည်ဖြစ်ပါတယ်။ သူမက ကော်ဖီ မကြိုက်ပေ။

'ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ လူတွေရဲ့ ထင်မြင်ယူဆချက်တွေနဲ့ ကျွန်မကတော့ မရှင်သန်ချင်ပါဘူး' လို့ပြောတဲ့ လူပီးတာက တကယ်တမ်းမှာလည်း သူမကိုယ်တိုင် အားသွန်ခွန်စိုက်ကြိုးစားခဲ့လို့ ပွဲလယ်တင့်ခဲ့သူပါ။ ဘယ်သူတွေ ဘယ်လိုပဲ ထင်မြင်ယူဆပါစေ၊ ဒါတွေအားလုံးက မျက်နှာလို မျက်နှာရ စကားလုံးများနဲ့ ဖော်လံဖားခြင်းသာဖြစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



Vanity Fair မဂ္ဂဇင်းမှာ
ဓာတ်ပုံအရိုက်ခံခဲ့စဉ်က
မင်းသမီး
Lupita Nyong'o

လို့ ဆိုထားပါတယ်။

ဒီကနေ့ ၃၁ နှစ်အရွယ် လူပီးတာက 'ကျွန်မ ဖက်ရှင်နောက် တကောက်ကောက်လိုက်တတ်တဲ့သူ တစ်ယောက်မဟုတ်ဘူး။ ကျွန်မ အခု ရွေးချယ်လက်တွဲထားတဲ့ ဝတ်စုံဒီဇိုင်းနာ Micaela Erlanger ဆိုတာ ကမ္ဘာကျော်တစ်ယောက် မဟုတ်ပါဘူး။ ကျွန်မမိတ်ဆွေတစ်ယောက်ကတစ်ဆင့် မိတ်ဆက်ပေးလို့သိခဲ့ရပြီး ကျွန်မစိတ်တိုင်းကျ စတိုင်လစ်တစ်ယောက် ဖြစ်လာခဲ့တာမျိုးပါ။ သူစီစဉ်ပေးတဲ့ဝတ်စုံအရောင်တွေက ကြိုက်ခိုင်တယ်။ သူမရဲ့ စတိုင်ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောင်းလဲပေးတယ်။ လူတွေ အထင်ကြီးသဘောကျစေအောင်လို့ ကျွန်မဝတ်စုံတွေ ရွေးမဝတ်ဘူး။ အဲဒီစိတ်ဖိအားကို ကျွန်မမခံစားချင်ဘူး' တဲ့။

အော်စကာဆုပေးပွဲနေ့က အတွေ့အကြုံနဲ့ ပတ်သက်ပြီး 'ကျွန်မရဲ့ အဆိုးဆုံးရန်သူရယ်လို့ ဆုမတောင်းခဲ့ပါဘူး။ ဒါပေမဲ့ ရင်ထဲမှာတော့ အသံတွေ ကျယ်ကျယ်လောင်လောင်ကို မြည်ဟည်းနေခဲ့တာပေါ့။ ရလဒ် သို့မဟုတ် အကျိုးအမြတ်ရယ်လို့ စောင့်မျှော်နေရတာလည်း မဟုတ်ဘူး။ ဘာမှန်းမသိတာအတွက် ပူပန်သောကရောက်နေရတာမျိုးပါ။ ဆေးရုံမှာ စမ်းသပ်စစ်ဆေးမှုတွေလုပ်ပြီး အဖြစောင့်နေရသလိုပါပဲ' လို့ ရှင်းပြပါတယ်။

ဆုပေးပွဲ တက်ရောက်လာတဲ့ အခြားသော ကမ္ဘာကျော် အနုပညာရှင်တွေနဲ့ တွေ့ဆုံခွင့်ရတာကို လူပီးတာက ကျေနပ်ကြည်နူးနေခဲ့တယ်။ သူမက 'ကျွန်မ ဟိုး အရင်ကတည်းက အဝေးကြီးကနေ လေးစားအားကျခဲ့ရတဲ့ Sidney Poitierနဲ့ တွေ့ခဲ့ရတယ်။ ဒါဟာ တကယ့်ကို အံ့သြဝမ်းသာစရာဖြစ်ပြီး ကျွန်မအသည်းနှလုံးမှာ စွဲမြဲနေတော့မယ့် အရာပါပဲ' တဲ့။

အခုလက်ရှိ လူပီးတာ အမေရိကန် ပြည်ထောင်စု၊ နယူးယောက်မြို့က Brooklyn ရပ်ကွက်မှာ နေထိုင်နေပါတယ်။ သူမက သူမတို့ Luoမျိုးနွယ်စု (ဆူဒန်နိုင်ငံတောင်ဘက်နဲ့ ကင်ညာနိုင်ငံတောင်ဘက်ဧရိယာတွင် အခြေချနေထိုင်ကြတဲ့)တွေပြောတဲ့ ဘာသာစကား Luo (သို့မဟုတ်) Lwoian, Swahili (တန်ဇန်းနီးယား၊ ကင်ညာ၊ ယူဂန်ဒါ၊ ရဝမ်ဒါ၊ မိုဇမ်ဘစ် စတဲ့ အာဖရိကတောင်ပိုင်းသားများ ပြောလေ့ရှိတဲ့ဘာသာစကား)၊ အင်္ဂလိပ်ဘာသာနဲ့ စပ်နီဘာသာစကားများ ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်ပါတယ်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်နေ့မှာ သူမက လူမည်းအမျိုးသမီးများရဲ့ လှပမှုအကြောင်း Essence လစဉ်မဂ္ဂဇင်းမှ ကြီးမှူးကျင်းပတဲ့ပွဲမှာ မိန့်ခွန်းပြောကြားဖို့ ဖိတ်ကြားခံခဲ့ရတယ်။ ဆယ်ကျော်သက်အရွယ်တုန်းက သူမစိတ်မလုံခြုံတဲ့ ခံစားချက်တွေ ရှိခဲ့ဖူးပြီး ဆူဒန်မော်ဒယ်လ် Alek Wekအောင်မြင်မှုရလာတဲ့အကြောင်းတွေ သိခွင့်ရလာမှ စိတ်ဓာတ်အင်အားများ မွေးမွားလာကာ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိလာခဲ့တယ် ဆိုတာလေးကို ဖွင့်ဟဝန်ခံသွားခဲ့ပါတယ်။

၂၀၁၃၊ ၂၀၁၄ ခုနှစ်များတွေ့ နီယောင်းဂို မိသားစု၊ ခွေးပူးစုတို့အား

www.burmeseclassic.com

www.burmeseclassic.com

လုံး ထိပ်ဆုံးရောက် အောင်မွှဲခဲ့တဲ့ကာလ များပဲ ဖြစ်ပါတယ်။ လူပီးတာရဲ့ဖခင် က ကင်ညာနိုင်ငံရဲ့ အထက်လွှတ် တော်အမတ်အဖြစ် ရွေးကောက်ခံခဲ့ရ တယ်။ မိခင်မှာ အာဖရိက ကင်ဆာ ဖောင်ဒေးရှင်းရဲ့ မန်နေဂျင်းဒါရိုက်တာ ဖြစ်လာပြီး၊ ဝမ်းကွဲမောင်နှမများ အသီး သီး နယူးယောက်တက္ကသိုလ်၌ ကထိက ဖြစ်လာခြင်း၊ ကယ်လီဖိုးနီးယားတွင် မျက်စိအထူးကု ဆရာဝန်ကြီး ဖြစ်လာ ခြင်း၊ ကာတွန်းရုပ်ရှင်အတွက် အဓိက ကျတဲ့ ကာတွန်းရေးဆွဲသူဖြစ်လာခြင်း၊ Forbes မဂ္ဂဇင်းစစ်တမ်းအရ အာဖရိကရဲ့ သြဇာပါဝါအရှိဆုံး အမျိုးသမီးတစ်ဦး ဖြစ်လာခြင်း စတဲ့ ထူးခြားတိုးတက်မှု များ ဆက်တိုက် ဖြစ်လာခဲ့ကြပါတယ်။

Prada ဖက်ရှင်ဒီဇိုင်းကုမ္ပဏီကြီးရဲ့ လုပ်ငန်းခွဲ Miu Miu ဖက်ရှင်ရဲ့ ပင်တိုင် မော်ဒယ်လ်အဖြစ် လူပီးတာ မကြာခင် က ရွေးချယ်ခံခဲ့ရပါတယ်။ ဒါ့အပြင် အမေရိကန်နဲ့ ဥရောပတိုင်းပြည်တွေမှာ လစဉ်၊ အပတ်စဉ် ထုတ်ဝေနေတဲ့ မဂ္ဂဇင်း၊ ဂျာနယ်အသီးသီးမှာ မျက်နှာဖုံး ရုပ်အဖြစ် အပြိုင်အဆိုင် ဖော်ပြခြင်းခံနေ ရတယ်။ မင်းသား Liam Neeson, မင်းသမီး Julianne Moore တို့နဲ့ တွဲဖက် ကာ **Non-Stop** ဆိုတဲ့ ရုပ်ရှင်ကားတစ် ကားလည်း ရိုက်ကူးထားပါပြီ။

၂၀၁၄ ခုနှစ် ဧပြီလကစပြီး Lancome ဖက်ရှင်လုပ်ငန်းက ပင်တိုင် ကြော်ငြာမော်ဒယ်လ်အဖြစ် ရွေးချယ် စာချုပ်ချုပ်လိုက်ကြပြန်တယ်။ People Magazine ကလည်း အလှအပဆုံး အမျိုး သမီးအဖြစ် ရွေးချယ်သတ်မှတ်ကြောင်း ကြေညာလာခဲ့ပါတယ်။ ၁၉၉၀ နောက် ပိုင်း အလှပဆုံး အမျိုးသမီးအဖြစ် ရွေးခံရသူ လူမည်း အနုပညာသည်များ မှာ Halle Berry (၂၀၀၃)၊ Beyonce (၂၀၁၂)တို့ဖြစ်ကာ လူပီးတာက ၂၀၁၄ ခုနှစ်တွင် အရွေးချယ်ခံရသော တတိယ မြောက် အနုပညာသည်ဖြစ်ပါတယ်။

■

ရိတာအောင်၊NY၊

www.burmeseclassic.com

www.burmeseclassic.com

ဝိုးဝါး

မန္တလေးမှာ မော်မော်ကြီး

အောက်ခြေခံငါ

ဖိုးကျော်ထွန်း

တုတ်ကြီးကို ကမ်းလှမ်းခဲ့ကပေးဦး
သီချင်းတောင်းများကို ပြန်ဆိုတတ်ကာ
သီချင်းသစ်ကိုသာ သီဆိုချင်တဲ့ စိုးသူက
ပပါဝင် ဖြစ်ခဲ့ပါဘူး။ ၂၀၁၂ ခုနှစ်အတွင်းမှာ
မိဝင်ဖြစ်သူ မကျန်းမာဖြစ်ခဲ့ရတာကြောင့်
မိဝင်ကို ပြုစုဖို့ မြန်မာနိုင်ငံသို့ ပြန်လာခဲ့
ရပြောင်ရှိသွားခဲ့ပါတယ်။ အနုပညာလောကမှာ
မိတ်ဆွေ ကမျိုးက စိုးသူရောက်နေကြောင်း
သိတာနဲ့ စိုးရိမ်သွင်းဖို့၊ ပွဲလုပ်ဖို့
စကားကမ်းလှမ်းကြပေမဲ့ စိုးသူက
မိဝင်အပါးမှာ တစ်ဖပါးမှမခွာဘဲ
ပြုစုနေခဲ့ကာကြောင့် ကမ်းလှမ်းသမျှကို
ငြင်းဆန်ခဲ့ပါတယ်။ မိဝင် ကွယ်လွန်သွားပြီး
တဲ့နောက်မှာ ကမ်းလှမ်းသူများနဲ့
ညှိနှိုင်းရပါတယ်။ Forever Group
နဲ့ပွဲလုပ်မယ် လို့ စီစဉ်တဲ့အခါ စိုးသူက

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးမြို့ရှိ အောင်ပင်လယ်ကွင်းမှာ စိုးသူက ပရိသတ်များနဲ့ အပေးအယူမျှမျှ ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံအဝန်းမှ ပရိသတ်သိန်းပေါင်းများစွာတို့ ကြည့်ရှုခွင့်ရခဲ့ကြပါတယ်။

Forever Group က စိုးသူကို စပြီးစကားကမ်းလှမ်းစဉ်ကတည်းက ပြည်တွင်းမှာ လေး၊ ငါးပွဲနဲ့ ပြည်ပမှာ နှစ်ပွဲလောက် လုပ်ချင်တယ်လို့ဆိုခဲ့တာပါ။ စိုးသူက ပွဲခပ်စိပ်စိပ် လုပ်တာထက် ငါးလ ခြောက်လလောက်ခွာပြီး မတူတဲ့ နေရာတွေမှာ လုပ်စေချင်ပါတယ်။ ဒါကြောင့် ဒုတိယနေရာအဖြစ် မန္တလေးမြို့ကို ရွေးချယ်ခဲ့ပါတယ်။

ပွဲစီစဉ်သူများက မန္တလေးမှာ လက်မှတ်ရောင်းပြီး ပွဲကျင်းပချင်ကြပေမဲ့ စိုးသူက ရန်ကုန်ပရိသတ်ကိုတော့ အခမဲ့ဖျော်ဖြေခဲ့ပြီး မန္တလေးပရိသတ်ကမှ လက်မှတ်ရောင်းမယ်ဆိုရင် မသင့်တော်ဘူးလို့ အကြံပြုတာကြောင့် ရန်ကုန်နည်းတူ မေတ္တာနဲ့ဖျော်ဖြေပွဲအဖြစ် ကျင်းပဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

မန္တလေးမှာ လူများများ ဆဲ့မယ့် နေရာကျယ်ကျယ်ကို

သင်္ကြန်မထွက်ပဲမှာလည်း ပရိသတ်ကို သွားရောက်ဖျော်ဖြေပေးခဲ့တဲ့ စိုးသူ

နေရာကျယ်ကျယ်မှာ သူ့ပရိသတ်တွေကို မေတ္တာနဲ့ ဖျော်ဖြေချင်တာကြောင့် Forever ကလည်း သူတို့ထုတ်လွှင့်နေတဲ့ MRTV-4 နှစ်ပတ်လည်နဲ့ တိုက်ဆိုင်ပြီး မတ်လ ၃၀ ရက်နေ့မှာ စိုးသူနဲ့ Plus Three တို့ရဲ့ဖျော်ဖြေပွဲကို ရန်ကုန်မြို့ရဲ့မြို့လယ်လို့ ဆိုနိုင်တဲ့ မြို့မ ကျောင်းလမ်းပေါ်က မိုင်ဒါကွင်းမှာ ဖျော်ဖြေခဲ့ပါတယ်။

အခမဲ့ဖျော်ဖြေတဲ့ ဒီပွဲကို ပရိသတ်ပေါင်း ခုနစ်သောင်းမှ တစ်သိန်းအတွင်း လာရောက်ကြည့်ရှုခဲ့ကြတဲ့အပြင် ရုပ်မြင်သံကြားအစီအစဉ်မှလည်း တိုက်ရိုက်ထုတ်လွှင့်ပေးမှုကြောင့် ရှာကြတဲ့အခါ ဘောလုံးကွင်းများက လေ့ကျင့်ရေးတွေ ရှိနေတာကြောင့်တစ်ကြောင်း၊ ကွင်းကို ပြုပြင်မွမ်းမံထားကြတာကြောင့်တစ်ကြောင်း နေရာအဆက်အခဲတွေ့ခဲ့တဲ့အတွက် မူလခန့်မှန်းထားတဲ့ လပိုင်းမှာ မကျင်းပနိုင်ခဲ့ပါဘူး။ နောက်ဆုံးမှာ အောင်ပင်လယ်ဘောလုံးကွင်းကို တွေ့ကြပါတယ်။ အောင်ပင်လယ်ကွင်းက ရန်ကုန် မိုင်ဒါကွင်းထက် နှစ်ဆမက ပိုကျယ်တာကြောင့် အကြိုက်တွေ့ခဲ့ကြပါတယ်။ ဒါကြောင့် ရက်ရွေးကြတဲ့အခါမှာတော့ မတ်လနောက်ဆုံးပတ်လို့ မှန်းကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ အခြေခံပညာအထက်တန်းစာမေးပွဲများရှိနေတာကတစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း စတင်မယ့်ရက် ဖြစ်တာကြောင့်တစ်ကြောင်း ရှောင်ရှားပြန်ပါတယ်။ နောက်ဆုံးမှာတော့ ဧပြီလ ၁၁ ရက် နေ့ကို ရွေးချယ်လိုက်ကြပါတယ်။

လုံခြုံရေးအတွက် စနစ်တကျ ဆောင်ရွက်ကြပြီး ပွဲထိန်းနိုင်ဖို့ စီစဉ်ကြပါတယ်။ ပွဲကို ညနေ ၄ နာရီမှာ စတင်မယ်လို့လည်း ကြေညာခဲ့ပါတယ်။ ဝင်ခွင့်လက်မှတ်များကို မန္တလေးမြို့ရဲ့ ထင်ရှားတဲ့ နေရာအသီးသီးမှာထုတ်ယူခွင့် ရရှိနိုင်ရေးကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ကွင်းထဲမှာ မိသားစုအေးအေး ဆေးဆေးကြည့်လိုသူများ၊ သီချင်းနဲ့အတူ ကခုန်မြူးထူးလိုသူများရယ်လို့ နှစ်ပိုင်းရှိတာကြောင့် ကခုန်ပျော်ရွှင်လိုသူများအတွက် ကိုလည်း နေရာသီးခြားထားရှိပေးခဲ့ပါတယ်။ မန္တလေးနေက ဒီနှစ်မှာ ထူးထူးကဲကဲ ပူပြင်းနေတာဖြစ်လို့ ညနေ ၄ နာရီ စမယ်ဆိုပေမဲ့ လက်တွေ့မှာတော့ ညနေ ၅ နာရီမှ စတင်နိုင်ခဲ့ပါတယ်။ Sky Net မှလည်း တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ပါတယ်။

စိုးသူကို သရုပ်ဆောင်ဘဝကတည်းက ချစ်ခင်အားပေးခဲ့ကြတဲ့ ပရိသတ်များက နေ့လယ် ၂ နာရီခွဲ၊ ၃ နာရီအချိန်ကတည်းက အောင်ပင်လယ်အားကစားကွင်းထဲကို စတင်ရောက်ရှိနေကြပါပြီ။ စိုးသူကိုယ်တိုင်လည်း ၄ နာရီမှာ ရောက်နေခဲ့ပါပြီ။ ၅ နာရီလောက်မှ စဖြစ်မယ်ဆိုပေမဲ့ သူ့ဘက်က တာဝန်ရှိတာကြောင့် ကြေညာထားတဲ့ အချိန် အဆင်သင့်ဖြစ်အောင် ရောက်နေခဲ့တာပါ။

ရန်ကုန်မှာဆိုတဲ့ သီချင်း

စိုးသူရဲ့ဖျော်ဖြေတင်ဆက်ပုံ

www.burmeseclassic.com

www.burmeseclassic.com

အောင်ပင်လယ်ကွင်းထဲက ပုံများက အလင်းတန်းဂျာနယ်မှ မန္တလေးသတင်းထောက်ဖြစ်တဲ့ နန္ဒကျော်ကရိုက်ကူးပေးခဲ့တာဖြစ်ပြီး သင်္ကြန်ပုံများကတော့ စိုးသူရဲ့တယ်လီဖုန်းနဲ့ မိတ်ဆွေတစ်ဦးရိုက်ပေးတာကို စိုးသူထံမှ ရရှိခဲ့တာကြောင့် ရွှေအမြုတေပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါတယ်။ ■

မိုးကျော်ထွန်း

ပုဒ်ရေထက် ပိုများပြီးဆိုဖြစ်တယ်လို့ ဆိုပါတယ်။ တီးဝိုင်းက Plus Three အပြင် သူ သီချင်းစဆိုကတည်းက လက်တွဲခဲ့တဲ့ Majester တီးဝိုင်းပါ ပါပါတယ်။ အနုညာသမားရဲ့ထုံးစံအတိုင်း ပရိသတ်နဲ့တွေ့ရင် ခွန်အားတွေတိုးပွားလာတာမို့ သူဖျော်ဖြေချိန် ၅ နာရီကျော်ခဲ့တယ်လို့ စိုးသူက ဆိုပါတယ်။

အောင်ပင်လယ်ကွင်းဆိုတာ မန္တလေးမြို့စွန်မှာ ဖြစ်တဲ့အတွက် နေ့လယ်ကတည်းက ရောက်နေသူတချို့ ပွဲမပြီးခင် ပြန်ကြပေမဲ့ ကျန်တဲ့ပရိသတ်နဲ့ပဲ သူဖျော်ဖြေကြီးဖျော်ဖြေခဲ့ပါတယ်။ နောက်တစ်နေ့မှာ သင်္ကြန် ရောက်ပါတော့မယ်။ ၁၁ ရက်နေ့ညက မကြည့် လိုက်ရသူတွေကို ဖျော်ဖြေချင်တဲ့ စိတ်က ရှိနေတာကြောင့် မိတ်ဆွေများ စီစဉ်ထားတဲ့ ၂၆ လမ်းပေါက မဏ္ဍပ်တစ်ခုမှာ ဖျော်ဖြေပါးပါးသီချင်းများ သီဆိုရင်း ရေကစားကာ မန္တလေးသင်္ကြန်ကို ဖြတ်သန်းခဲ့ပါတယ်။ မန္တလေးမှာ ရှိနေတဲ့စိုးသူကို Shells တေးဂီတဝိုင်းမှ ဂျေမောင်မောင်၊ ကိုကျော်ဝင်းတို့က ဖိတ်ကြားတာကြောင့် နေ့လယ်ပိုင်းများမှာ စိုးသူက Shells မဏ္ဍပ်သို့ သွားရောက်သီဆိုခဲ့တယ်လို့ ရွှေအမြုတေ မဂ္ဂဇင်းသို့ ပြောပြခဲ့ပါတယ်။



သင်္ကြန်ကာလမှာလည်း ပရိသတ်များအတွက် တေးသီချင်းများစွာကို မမောနိုင်မပန်းနိုင် ဖျော်ဖြေတင်ဆက်ခဲ့တဲ့ စိုးသူ

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်

စင်ကြေးမြိုး



ယခင်လမ္ဘအဆက်...

The Comedians ရုပ်ရှင်ဇာတ်ကား ရိုက်ကူးနေဆဲမှာ ဘာတန်မောင်နှံတို့က သူတို့ဝန်ထမ်းများထဲမှာ နောက်တစ်ယောက် ထပ်တိုးခန့်ထားလိုက်ပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ ဂျီရာနီဘိုဇာချီ အမည်ရှိတဲ့ဓာတ်ပုံဆရာတစ်ဦးပါပဲ။ သူက ဆယ်ကျော်သက်အရွယ်သာ ရှိသေးပြီး လစ်ဇဲရဲ့ဓာတ်ပုံဟောင်းများကို ပျက်စီးတဲ့နေရာမှာ ပြန်လည်ပြုပြင်ပေးဖို့အတွက် တာဝန်ပေးထားတာပါ။ လစ်ဇဲက ကမ္ဘာကိုပဲ့နဲ့သွားမယ့် သူပုံများဟာ အရုပ်နဲ့မတူဘဲ လူလိုလှနေအောင် ဘိုဇာချီက တာဝန်ယူ လုပ်ဆောင်ပေးရခြင်းပါပဲ။

ဘိုဇာချီက သူ မှတ်မိသမျှ ပြန်လည်ပြောပြရာမှာ 'အီတလီမှာတော့ ကျွန်တော်ဟာ ဓာတ်ပုံများကို Touching လုပ်တဲ့နေရာမှာ အတော်ဆုံးလို့ သတ်မှတ်ထားကြပါတယ်။ အီတလီက ပုံများသာမက တခြို့ပုဂ္ဂိုလ်များက အမေရိကန် ပြည်ထောင်စုကနေ လှမ်းပြီး အပ်တာတွေလည်း ရှိပါတယ်'လို့ ဆိုပါတယ်။ ဒီပညာကို ဖခင်ဖြစ်သူ ဘရူနိုဘိုဇာချီထံမှ သင်ယူတတ်မြောက်ခဲ့တာပါ။ ဖခင်ဖြစ်သူက အီတလီမှာ ရှားပါးမှတ်တမ်းများနဲ့ ဓာတ်ပုံများကို ပြင်ဆင်ထိန်းသိမ်းရာမှာ နာမည်ကြီးသူဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ သူဟာ ရှားပါးစာအုပ်များအတွက် ဆေးရုံဖွင့်ထားသူဆိုရင်လည်း မမှားပါဘူး။ အဲဒါအပြင် သူက သမိုင်းဝင်ရှားပါးစာပေများကိုလည်း ထိန်းသိမ်းသူ ဖြစ်ပါတယ်။ သူထံမှာ ပန်းချီဆရာကြီး လီယိုနာဒို ဒါဗင်ချီနဲ့ မိတ်ဆွေတို့ အပြန်အလှန်ရေးတဲ့စာများ ထိန်းသိမ်းထားရှိထားတာရှိပါတယ်။ ဂျီရာနီကတော့ သူ့ဘဝကို ဓာတ်ပုံပြင်ဆင်ရတဲ့ အမှောင်ခန်းထဲမှာ မကုန်ဆုံးချင်ပါဘူး။ ဒါကြောင့် ရုပ်ရှင်ထုတ်လုပ်သူနဲ့ ဓာတ်ပုံဆရာအဖြစ် ကူးပြောင်းလာခြင်းဖြစ်ပါတယ်။ သူက 'ပြန်ပြင်တဲ့အလုပ်ကို ကျွန်တော် မလုပ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ အလင်းအမှောင်နဲ့

www.burmeseclassic.com

www.burmeseclassic.com

The Comedian ရုပ်ရှင်ဇာတ်ကားမှ [illegible]တန်နဲ့ လစ်ဇ်

ပြင်ဆင်ထိန်းသိမ်းတဲ့အလုပ်ကို ကျွန်တော် တတ်မြောက်သွားလို့ပါပဲ' လို့ဆိုပါတယ်။

လစ်ဇ်က သူဇာတ်ပုံကို ကုမ္ပဏီ အနေနဲ့ ကမ္ဘာကို ဖြန့်ချိတော့မယ်ဆိုရင် သူခွင့်ပြုချက်ယူရပါတယ်။ ဒါကြောင့် ရုပ်ရှင်ကုမ္ပဏီက အာဖရိကမှာ အခြေချ ရိုက်ကူးတော့မယ်ဆိုတော့ ဂလဲန်ဗီးလ်က နာမည်ကြီးဇာတ်ပုံဆရာတစ်ဦးဖြစ်တဲ့ ပီရာလူဂီပရာတူလွန်ကို ငှားရမ်းခဲ့ပါတယ်။ အဲဒီအချိန်မှာ ဘိဇာချီက သူထံမှာ အလုပ်လုပ်နေသူဖြစ်တာကြောင့် ရိုက်ကွင်းပေါ်ကို ရောက်ရှိလာခဲ့ခြင်းပါ။ ဇာတ်ပုံဆရာ ပီရာလူဂီက ဖရန့်စင်နာထရာတို့၊ ဖရက်ဒီကိုဖဲလီနီးတို့ရဲ့ စိတ်တိုင်းကျတဲ့ဇာတ်ပုံဆရာ ဖြစ်ပါတယ်။ ဘာတန်က သူပုံကို ခွင့်ပြုချက်မယူဘဲ ဖြန့်ဝေခွင့်ပြုပေမဲ့ လစ်ဇ်ကတော့ ဘယ်ရွှေ့ထောင့်ကပဲ ရိုက်ရိုက် လှနေဖို့ လိုသူဖြစ်တာကြောင့် သူခွင့်ပြုချက်ရမှသာ ဇာတ်ပုံကို ဖြန့်ဝေခွင့်ရှိပါတယ်။

ဘိဇာချီနဲ့ ပထမဆုံးအကြိမ် တွေ့တဲ့အခါ လစ်ဇ်ကို ဘိဇာချီက အမှတ်တမဲ့ဇာတ်ပုံများ ရိုက်ကူးခြင်းကြောင့် လစ်ဇ်က ဒေါသထွက်ခဲ့ပါသေးတယ်။ ဒါကြောင့် ဘိဇာချီကို ခေါ်ခိုင်းလိုက်ပြီး 'မင်းက တော်တာတော့ တော်ပါတယ်။ ဒါပေမဲ့ အခုလို ငါ့ခွင့်ပြုချက်

www.burmeseclassic.com

မရှိဘဲ အမှတ်တမဲ့ဓာတ်ပုံတွေ ရိုက်တာကတော့ မိုက်ရိုင်းလွန်းတယ်'လို့ ဆိုခဲ့ပါတယ်။ ဒါပေမဲ့ ဘိဇာချီရဲ့ဓာတ်ပုံများကို တွေ့ရမြင်ရတဲ့အခါမှာတော့ လစ်ဇ်ကိုယ်တိုင် သူ့ပုံတွေကို အလွန်အမင်းကြိုက်နှစ်သက်သွားပြီး ဘိဇာချီကို သူ့ဓာတ်ပုံများအတွက် သွားလေရာ လိုက်ပါစေတဲ့အထိ ချီးမြှင့်ခဲ့ပါတယ်။ ဘိဇာချီက ဓာတ်ပုံအကြောင်း ပြောပြရာမှာ 'ကျွန်တော်က ဓာတ်ပုံရိုက်တဲ့အခါ အရိုက်ခံသူတွေကိုယ်တိုင်က ကင်မရာကို ဂရုတစိုက်ရှိနေတာမျိုး မကြိုက်ပါဘူး။ လစ်ဇ်ကတော့ အရမ်းကျွမ်းကျင်တယ်။ ဘယ်နေရာကပဲရိုက်ရိုက် သူကိုယ်သူ လှနေအောင် နေတတ်တယ်။ အဝတ်အစား၊ ဆံပင်၊ မိတ်ကပ်အားလုံးဟာ ကောင်းနေရမယ်။ တချို့က ကိုယ့်ကိုယ်ကို အမြဲဂရုမစိုက်နိုင်ကြတဲ့အတွက် တစ်ခုမဟုတ်တစ်ခုမှာ ချွတ်ယွင်းနေကြတယ်။ လစ်ဇ်မှာက အဲဒါမျိုး မရှိဘူး။ အမြဲတမ်း Perfect ဖြစ်နေတယ်။ ဒါကြောင့် ရိုက်ချင်တဲ့ရူထောင်က ရိုက်မလှဘူးဆိုတာ မရှိစေရဘူး။ ဒါကြောင့်လည်း သူနဲ့ကျွန်တော်ရဲ့ ဆက်ဆံရေးကပြေလည်သွားတာပါ'လို့ ဆိုပါတယ်။

ဘိဇာချီကလည်း ပီတာမီဒက်လို ပဲ The V.I.Ps ရိုက်ကွင်းပေါ်မှာကတည်းက သတိထားမိတဲ့အချက်တစ်ခု ရှိပါတယ်။ အဲဒါကတော့ လစ်ဇ်ဟာ ကင်မရာမှာထက် အပြင်မှာ ပိုပြီးချောတယ်ဆိုတာပါပဲ။ 'ကမ္ဘာက ပရိသတ်တွေ မြင်ရတွေ့ရတာက မိတ်ကပ်လိမ်းပြီး အဝတ်အစားလှလှပပ ဝတ်ဆင်ထားတဲ့ လစ်ဇ်ကို တွေ့ရတာပါ။ ကျွန်တော်က လစ်ဇ်ရဲ့မိတ်ကပ်မပါတဲ့အလှကို ပိုသဘောကျတယ်။ ဒါကြောင့် မိတ်ကပ်မလိမ်းစေဘဲ ရိုက်ကြည့်လိုက်တဲ့အခါ မယုံနိုင်စရာကောင်းလောက်အောင် လှနေတာကို တွေ့ရတယ်'လို့ ဆိုတယ်။

အရပ်မြင့်ပြီး ကောက်ကောက်ကွေးကွေး ဆံပင်တွေရှိတဲ့ ဘိဇာချီက အင်္ကလိပ်စကား မပြောတတ်ပါဘူး။ ငယ်ရွယ်ပြီး အပြစ်ကင်းစင်တဲ့ရုပ်ရည်လည်း ရှိပါတယ်။ သူက ရိုက်ကွင်းပေါ်မှာ ရှိတယ်ဆိုပေမဲ့ ဘာတန်နဲ့ ခပ်ဝေးဝေးမှာ နေလေ့ရှိပါတယ်။ လစ်ဇ်ကိုသာ အရိပ်တကြည့်ကြည့်နဲ့ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်နေတဲ့ ဘိဇာချီကို ဘာတန်က သဝန်တိုစိတ်တွေ ရှိပါတယ်။ ဒါပေမဲ့ ဘိဇာချီကတော့ 'သူ ဘာပဲထင်ထင် ကျွန်တော်ကတော့ ကျွန်တော့်အလုပ်ကိုကျွန်တော် လုပ်နေခဲ့တာပါပဲ' လို့ ဆိုပါတယ်။ ဘာတန်က သဝန်တိုတယ်ဆိုပေမဲ့ လစ်ဇ်ကိုယ်တိုင်ကတော့ အရေးပေးဆက်ဆံနေတာကြောင့် ဘိဇာချီဟာ ဘာတန်မိသားစုဝင်တစ်ဦးလို အရေးပေးဆက်ဆံမှုခံခဲ့ရပါတယ်။ ဒါကြောင့် ဘိဇာချီဟာ ဘာတန်မောင်နှံရဲ့တရားဝင်ဓာတ်ပုံဆရာ၊ ရင်းနှီးတဲ့မိတ်ဆွေတစ်ဦးအဖြစ် ၇ နှစ်လုံးလုံး သူတို့အပါးမှာ ရှိနေခဲ့ပါတယ်။ ဘိဇာချီရဲ့ ဇနီးလောင်းဖြစ်တဲ့ ကလော်ဒီအက်တိုရီက The Comedians ဓာတ်ကားအတွက် လစ်ဇ်ရဲ့ဆံပင်ပုံစံ ပြုပြင်ပေးရတဲ့သူပါ။ ဒါကြောင့် ၁၉၆၈ ခုနှစ်မှာ ဘိဇာချီနဲ့ ကလော်ဒီတို့ လက်ထပ်ကြတဲ့အခါ ဘာတန်က လူပျိုရံအဖြစ် ဆောင်ရွက်ပေးပြီး လစ်ဇ်က အပျိုရံအဖြစ် ဆောင်ရွက်ပေးတဲ့အထိ ရင်းနှီးသွားခဲ့ကြပါတယ်။ ကလော်ဒီက လစ်ဇ်ကိုသာမက တခြားဖောက်သည်အများကြီး ရှိပါတယ်။ သူ့ဖောက်သည်တွေထဲမှာ အင်္ဂလန်နိုင်ငံ ဘုရင်မကြီး၊ အီရန်နိုင်ငံ ဘုရင်ရဲ့

ရစ်ချတ်ဘာတန်နဲ့
အဲလစ်ဇောက်တေလာ

www.burmeseclassic.com

www.burmeseclassic.com

မိဖုရား၊ မိုနာကိုမင်းသမီး ဂရေစ်ကယ်လီတို့ပါဝင်ပါတယ်။ ဒါကြောင့် ဘိုဇာ ဦးတို့ရဲ့မင်္ဂလာပွဲမှာ ဓာတ်ပုံဆရာပေါင်းစုံချီပြီး သတင်းယူဖို့ စောင့်ဆိုင်းခဲ့ကြပါတယ်။ ဒါကလည်း လစ်ဇနဲ့ဘာတန်တို့ကြောင့် ဖြစ်ပါတယ်။

တခြားပါရမီရှင် ဓာတ်ပုံဆရာတစ်ဦးကတော့ လစ်ဇ်ရဲ့ရင်းနှီးတဲ့မိတ်ဆွေတစ်ဦးဖြစ်သူ ရော်ဒီမက်ဒေါဝဲလ် ဖြစ်ပါတယ်။ ရင်းနှီးတဲ့မိတ်ဆွေဖြစ်တာကြောင့် လစ်ဇ်ကို ဆယ်စုနှစ်ပေါင်းများစွာ ဓာတ်ပုံရိုက်ခွင့်ရခဲ့သူလည်း ဖြစ်ပါတယ်။ ရော်ဒီကိုယ်တိုင်ကလည်း လစ်ဇ်နဲ့အတူ ကလေးသရုပ်ဆောင်အဖြစ် Lassie Come Home ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ဖူးပါတယ်။ လစ်ဇ်ကို တွေ့လိုက်ချိန် ရင်းရင်းနှီးနှီးရယ်ပြလိုက်တဲ့ မျက်နှာပေးကို စွဲလမ်းသွားခဲ့တယ်လို့ ဆိုပါတယ်(အဲဒီမျက်နှာပေးကိုပဲ ဘာတန်က စတီးဝပ်ဂရင်းဂါရဲ့အိမ်မှာ လစ်ဇ်ကို စတွေ့ချိန် စွဲသွားခဲ့တာပါ။)။ ရော်ဒီက သူ့အပြုံးဟာ အရပ်ကလေးတစ်ရပ်နဲ့တူပြီး တွေ့ဖူးသမျှထဲမှာ အလှဆုံးပါပဲလို့ တင်စားခဲ့ပါတယ်။ ရင်းနှီးကျွမ်းဝင်နေကြချိန်တစ်လျှောက်လုံး ရော်ဒီက လစ်ဇ် လိုသမျှကို ဖြည့်ဆည်းပေးခဲ့သူလည်း ဖြစ်ပါတယ်။ ရော်ဒီရဲ့အယူအဆက အလှအပဆိုတာ အနုပညာတစ်ရပ်ဖြစ်ပြီး အလွန်လှသူများက အလွန်အနုပညာပြောင်မြောက်သူများ ဖြစ်လာပါသတဲ့။ ဒါကြောင့် သူက လစ်ဇ်ကို 'တချို့လူတွေက လှတော့လှပါရဲ့။ ဒါပေမဲ့ သူတို့ရဲ့အလှကို မထိန်းသိမ်းတတ်ကြတာကြောင့် အလွယ်တကူပျောက်ကွယ်သွားကြတာပဲ' လို့ ဆိုခဲ့ဖူးပါတယ်။ လစ်ဇ်ကတော့ သူ့အလှတရားကို သူကိုယ်တိုင် သိနေတဲ့အတွက် အဲဒီအလှတရား မကွယ်ပျောက်အောင် ထိန်းထားနိုင်သူဖြစ်တယ်လို့ ရော်ဒီက ဆိုပါတယ်။ ဓာတ်ပုံဆရာများက လစ်ဇ်ကို ပုံပေါင်းများစွာရိုက်ခဲ့ကြဖူးပါတယ်။ ဒါပေမဲ့ အဲဒီပုံတွေဟာ ရော်ဒီရိုက်တဲ့ပုံလောက် လစ်ဇ်ရဲ့အလှ ပေါ်လွင်အောင် ရိုက်နိုင်ခဲ့သူ မရှိဘူးလို့ လစ်ဇ်ကိုယ်တိုင်က ယုံကြည်ပါတယ်။

❑

ဘာတန်တို့နှစ်ယောက်တွဲ သရုပ်ဆောင်တဲ့ သတ္တမမြောက်ရုပ်ရှင်ကားဖြစ်တဲ့ The Comedians ကို ၁၉၆၇ ခုနှစ် ဇန်နဝါရီလမှာ စတင်ရိုက်ကူးပါတယ်။ The Taming of the Shrew နဲ့ Doctor Faustus တို့ကို ရောမမြို့မှာ လက်စသတ်ကြပြီး စတင်ရိုက်ကူးခြင်းပါ။ ထုတ်လုပ်သူဖြစ်တဲ့ MGM ကုမ္ပဏီကြီးနဲ့ ဝီတာဂလဲန်ဗီးလ်တို့က ဒီတစ်ကြိမ်မှာတော့ ရောမမှာ မရိုက်တော့ဘဲ ဟောတီမှာ သွားရိုက်ဖို့ စီစဉ်ထားပါတယ်။ အဲဒီအချိန်တုန်းက စာအုပ်က မထွက်သေးပါဘူး။ စာအုပ်ထွက်လာရင် ဟောတီအာဏာရှင်နဲ့ ပြဿနာများစွာဖြစ်နိုင်တဲ့အခြေအနေ ရှိပါတယ်။ ကားရိုက်မပြီးခင် စာအုပ်ထွက်လာမှာကိုလည်း သူတို့ စိုးရိမ်ပါသေးတယ်။ သရုပ်ဆောင်များနဲ့ စက်အဖွဲ့သားများ ပါဝင်တဲ့ လူ ၁၁၅ ဦးစလုံးကို ယခု 'ဘီနင်း' လို့ခေါ်တွင်နေတဲ့ 'ဒါဟိုမီ' သို့ လေယာဉ်ပျံနဲ့ ပို့ဆောင်ပေးခဲ့ပါတယ်။ ဒီနေရာက အာဖရိကအနောက်ဖက်ကမ်းခြေမှာရှိပြီး ဟောတီနိုင်ငံနဲ့ ခပ်ဆင်ဆင်တူတဲ့နေရာဖြစ်တာကြောင့် စာအုပ်ပေါက်ကြားသွားရင်လည်း ပြဿနာမရှိနိုင်တော့ပါဘူး။ ဟောတီနိုင်ငံက ပြင်သစ်တို့ရဲ့ကိုလိုနီဘဝကနေ လွတ်မြောက်လာခဲ့တာ မကြာသေးပါဘူး။ နှစ်ပေါင်းများစွာ ကျွန်ပြုခြင်းခံခဲ့ရတာပါ။ ဒါဟိုမီမှာရှိတဲ့ တိုင်းသူပြည်သားများကလည်း အာဖရိကမျိုးနွယ်များမှ ပေါက်ဖွားလာတာဖြစ်ပြီး ကျွန်ပြုခြင်းခံရကာ ကာရေဘီယမ်သို့ အပို့ခံခဲ့ကြရသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့တိုင်းပြည်မှာ ယဉ်ကျေးမှုအမွေအနှစ်များစွာတို့ ကျန်ရစ်နေဆဲဖြစ်ပါတယ်။ အဲဒီအထဲမှာ ကျွန်စာတိုက်ခြင်းကလည်း တစ်ခုအပါအဝင်ပါ။ ဒီအကြောင်းကို ပထမဆုံးအကြိမ်အနေနဲ့ ရုပ်ရှင်အဖြစ် ရိုက်ကူးမှာ ဖြစ်တာကြောင့် အိမ်ခံ ဒါဟိုမီနိုင်ငံသားတွေကိုလည်း ဇာတ်ရံများအဖြစ် ငှားရမ်းကာ ပါဝင်သရုပ်ဆောင်စေခဲ့ပါတယ်။ ဇာတ်ဝင်ခန်းတစ်ခုမှာ ကျွန်စာတိုက်တဲ့အခန်းကို ထည့်သွင်းရိုက်ကူးခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်စာအစစ်ကိုတော့ မရွက်ဆိုကြဖို့ တားမြစ်ခဲ့ပါတယ်။

ဒါဟိုမီနိုင်ငံသားများက သူတို့နိုင်ငံမှာ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်တဲ့ ကျွန်စာတိုက်ခြင်းခလေ့ကို ရုပ်ရှင်အဖြစ် လာရောက်ရိုက်ကူးတာ မနှစ်သက်တဲ့အတွက် ရုပ်ရှင်အဖွဲ့သားအားလုံးကို ကျွန်စာတိုက်ခဲ့တယ်လို့ ဆိုပါတယ်။ မတော်တဆမှုတွေ မကြာခဏဖြစ်သလို ရေနှစ်တဲ့သူတွေလည်း ရှိခဲ့ပါတယ်။ အကြီးအကျယ်ဖျားနာသူတွေလည်း ပေါ်ပေါက်တာကြောင့် တခြားနိုင်ငံပို့ပြီး ဆေးကုရတာတွေလည်း ရှိခဲ့ပါတယ်။ အဲလက်ဂျီးနုပ်စ်ရဲ့ရင်ဘတ်ပေါ်မှာ အာဖရိကမြေပုံတစ်ခုလို ပုံစံမျိုး ထူးထူးဆန်းဆန်း ပေါ်လာခဲ့ပါတယ်။ ၄ ရက်လောက်ကြာမှ ပျောက်သွားခဲ့တာပါ။ (ဂျီးနုပ်စ်က မိတ်ဆွေတစ်ဦးထံသို့ ရေးတဲ့စာမှာ ကားရိုက်ပြီးစီးသွားတာကြောင့် ဒါဟိုမီကနေ ပြန်ရတော့မှာကို အလွန်အမင်းဝမ်းသာကြောင်း၊ ဒါဟိုမီတို့ရဲ့ကျွန်စာကိုလည်း သူ ယုံသင့်သလောက် ယုံသွားကြောင်း၊ သူမျက်စိရှေ့မှာတင် ရင်းနှီးတဲ့မိတ်ဆွေတစ်ဦးဖြစ်တဲ့ ဝီတာဂလဲန်ဗီးလ်အား ရေကူးကျွမ်းကျင်သူဖြစ်ပါလျက် ရေနှစ်တာကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။)

ဘာတန်တို့ဇနီးမောင်နှံက သူတို့ခြွေရံသင်းပင်းများနဲ့အတူ အာဖရိကကို ရောက်ရှိလာပါတယ်။ ပါလာတဲ့သူတွေထဲမှာ အလင်္ကန္ဒားဒီပဲရစ္စ၊ ဘာတန်ရဲ့ညာလက်ရုံး သစ္စာရှိ လူယုံတော်ကြီး ဘော့ပ်ဝီလ်ဆင်၊ ဒစ်ဟာမ်လေ၊ ဂျွန်လီတို့လည်း ပါဝင်ပါတယ်။ ရောက်ရှိလာတဲ့ ဘာတန်တို့ဇနီးမောင်နှံကို ပရိသတ် ၃၀၀ တို့က ကြိုဆိုခဲ့ကြပါတယ်။ ဒီနိုင်ငံမှာ ရောက်ရှိလာတဲ့ အနုပညာရှင်များ

www.burmeseclassic.com

www.burmeseclassic.com

ကို ပရိသတ်က ကြိုဆိုလေ့ရှိပေမဲ့ ဘာတန်တို့မောင်နှံကိုတော့ သမ္မတ ဆော်ဂလိုကိုယ်တိုင် ခေါ်ယူတွေ့ဆုံပြီး သူ့အိမ်တော်မှာ အသုံးပြုခွင့် ပေးခဲ့ပါ တယ်။ သူတို့မောင်နှံကို သမ္မတအိမ် တော်သို့ ဗိုလ်ချုပ်ဟောင်းတစ်ဦးက ဦး ဆောင်ခေါ်ယူသွားခဲ့တာပါ။ ဒီဗိုလ်ချုပ် က လွန်ခဲ့တဲ့ ၁၀ နှစ်လောက်တုန်းက ပြင်သစ်လက်အောက်ကနေ လွတ် မြောက်ဖို့ ဦးဆောင်တိုက်ပွဲဝင်ခဲ့တဲ့သူ လည်း ဖြစ်ပါတယ်။ သမ္မတကြီးက သူ့ အိမ်တော်ကိုသုံးပါလို့ ဆိုပေမဲ့ တခြား နိုင်ငံများက ဧိမ်ခံဟိုတယ်လောက် မသားနားပါဘူး။ သမ္မတကတော်ရဲ့ ဖိနပ်စင်မှာရှိတဲ့ ဖိနပ်တွေကလည်း သာ မန်ဖိနပ်များသာ ဖြစ်တာကြောင့် လစ်ဗ် မှာ အံ့သြခဲ့ရပါတယ်။

ဒါဟိုမိမှာ ကားရိုက်နေစဉ်ကာလ အတွင်း ရိုက်ကွင်းပေါ်ကို နေ့စဉ်နဲ့အမျှ ရောက်ရှိလာသူတွေကတော့ ကျောင်းသူ ကျောင်းသားများပါပဲ။ လစ်ဗ်တို့မောင်နှံ က ကလီယိုပါထရာ ဇာတ်ကားရိုက်ကူး ပြီးတဲ့နောက် တစ်ခါမျှ လွတ်လွတ်လပ် လပ် စားသောက်ဆိုင်တွေကို မသွား နိုင်ခဲ့ကြပေမဲ့ ဒါဟိုမိမှာတော့ သူတို့ စိတ်တိုင်းကျ သွားလာနိုင်ခဲ့ကြပါတယ်။ တစ်ကြိမ်မှာ အိမ်ခံဂျာနယ်လစ်တစ်ဦး က ဘာတန်ကို စားသောက်ဆိုင်မှာ တွေ့ သွားတဲ့အတွက် အင်တာဗျူးလုပ်ခွင့် တောင်းပေမဲ့ လစ်ဗ်ကိုတော့ မမှတ် မိခဲ့ပါဘူး။ ဘာတန်ရဲ့လက်ထောက် တစ်ဦးလို့သာ ထင်နေခဲ့တာပါ။ အဲဒါကို ပဲ လစ်ဗ်က ပျော်နေခဲ့ပါတယ်။ နောက် တစ်ကြိမ်မှာ ဂျာနယ်လစ်တစ်ဦးက ဘာ တန်ကို မျက်နှာချင်းဆိုင်တွေ့ပေမဲ့ ကင်မရာမဲန်းတစ်ယောက်လို့သာ ထင် သွားခဲ့ပါတယ်။ ပြင်ပမှာ အေးအေးဆေး ဆေး လွတ်လွတ်လပ်လပ် နေခွင့်ရခြင်း ကြောင့် သူတို့နှစ်ယောက် ကင်မရာရှေ့ ရောက်တဲ့အခါမှာ ခါတိုင်းလို စိတ်ဖိစီး တင်းကျပ်မှုမရှိတော့ဘဲ အလွယ်တကူ သရုပ်ဆောင်သွားနိုင်ကြတယ်လို့ ဂလန် ဗီးလ်က ယူဆပါတယ်။

ဘိုဇာချိန်နဲ့ ပထမဆုံးအကြိမ် တွေ့တဲ့အခါ လစ်ဗ်ကို ဘိုဇာချိုက အမှတ်တမဲ့ဓာတ်ပုံများ ရိုက်ကူးခြင်းကြောင့် လစ်ဗ်က ဒေါသထွက်ခဲ့ပါသေးတယ် ဒါကြောင့် ဘိုဇာချိုကို ခေါ်ခိုင်းလိုက်ပြီး 'မင်းက တော်တာတော့ တော်ပါတယ် ဒါပေမဲ့ အခုလို ငါ့ခွင့်ပြုချက်မရှိဘဲ အမှတ်တမဲ့ဓာတ်ပုံတွေ ရိုက်တာကတော့ မိုက်ရိုင်းလွန်းတယ်'လို့ ဆိုခဲ့ပါတယ်

၁၉၆၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ ရက်စွဲနဲ့ ထုတ်ဝေတဲ့ LOOKမဂ္ဂဇင်းက ရိုက်ကွင်းပေါ်မှ သူတို့နှစ်ယောက်တွဲပုံ ကို မျက်နှာဖုံးအဖြစ် ဖော်ပြခဲ့ပါတယ်။ အတွင်းက ဆောင်းပါးမှာ 'ရိုက်ကွင်း ပေါ်မှ ရစ်ချတ်ဘာတန်နဲ့ လစ်ဗ်တေ လာ။ သူတို့နှစ်ယောက်အတွဲကို ပရိ သတ်က ဘာကြောင့်များ မငြိုင်ငြနိုင် ကြသေးတာလဲ'လို့ ဖော်ပြခဲ့ပါတယ်။ အတွင်းက ပုံများမှာလည်း သူတို့နှစ် ယောက် ပင်လယ်ကမ်းခြေမှာ အဖရို က ကလေးငယ်များ ဝန်းရံပြီးလမ်း လျှောက်လာကြပုံကို ဖော်ပြထားခဲ့ပါ တယ်။ LOOKမဂ္ဂဇင်းနဲ့ တွေ့ဆုံရာမှာ ဘာတန်က 'လစ်ဗ်နဲ့ကျွန်တော်က ကလေးတွေကို ချစ်တတ်တယ်။ ကျွန်တော်တို့နှစ်ယောက် သားသမီး မွေး ချင်ပေမဲ့ ဆရာဝန်က လစ်ဗ်အနေနဲ့ နောက်ထပ်သားသမီးယူလို့ မရတော့ ဘူးဆိုတာကြောင့် မယူဖြစ်တာပါ'လို့ ပြောပြခဲ့ပါတယ်။ ရောမမှာ ဆေးရုံ တက်ရပြီးကတည်းက သားသမီးရရှိ ရေးကို သူတို့နှစ်ယောက်စလုံး လက် လျှော့ခဲ့ဟန်ရှိပါတယ်။ အာဖရိကန် ကလေးငယ်များ ဝန်းရံထားတဲ့ပုံကို ကြည့်ရင်း သူတို့နှစ်ယောက် ကြည်နူး ပျော်ရွှင်နေတာကို သိသာပါတယ်။ ဘာ တန်က သူ့လက်မောင်းကို လာကိုင် ထားတဲ့ ကလေးငယ်တစ်ယောက်ကို နမ်းနေပါတယ်။ တကယ်တော့ ကလေး ငယ်တွေက သူတို့ဘယ်သူလဲဆိုတာ သိ ကြသူတွေ မဟုတ်ပါဘူး။

သူတို့နှစ်ယောက်စလုံးက ညနေ ခင်းများမှာ စာဖတ်ခြင်းနဲ့ အချိန်ကုန်ဆုံး စေပါတယ်။ ဘာတန်က အကျွင့်လုပ် ပေးထားတာကြောင့် လစ်ဗ်ကိုယ်တိုင် ကဗျာများကို စိတ်ပါဝင်စားလာခဲ့ပါ တယ်။ အဲဒီကာလတုန်းက ဘာတန်က တော့ အဲလက်စ်ဟေလီ ရေးသားတဲ့ The Autobiography of Malcom X ဆို တဲ့ စာအုပ်ကို သဲကြီးမဲကြီးဖတ် နေတဲ့အချိန်ပါ။ ရာသီဥတုက တချို့ ရက်တွေမှာ ၁၁၀ ဒီဂရီအထိ မြင့်တက် တတ်ပါတယ်။ ဘာတန်က 'မင်း အသက်က မင်းလက်ထဲမှာရှိပြီး မွန်း တည့်ချိန်မှာ အပြင်ထွက်ခြင်းက မင်း ကိုယ်မင်း သတ်တာပဲ'လို့ ပြောတတ်ပါ တယ်။ သူက နိုဝယ်လ်ကောင်းဝပ်ရဲ့ သီချင်းဖြစ်တဲ့ 'Only Mad Dogs and Englishmen(go out in the midday sun)'ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်ပါ တယ်။ နေ့ခင်း ကားရိုက်ရတဲ့အချိန်များ မှာ မီးအပူချိန်များကလည်း ရှိတာ ကြောင့် တစ်ခါတစ်ရံမှာ အပူချိန်က ၁၃၈ ဒီဂရီအထိမြင့်တက်တတ်ပါတယ်။ ဒါကြောင့် ရိုက်ကွင်းပေါ်မှာ ရှိတဲ့လူ တိုင်းက ကိုယ့်နည်းကိုယ့်ဟန်နဲ့ အလု သက်သာရာသက်သာကြောင်း နေကြရ ပါတယ်။ လစ်ဗ်နဲ့ အသက် ၂၄ နှစ်

www.burmeseclassic.com

www.burmeseclassic.com

အရှယ်ရှိပြီဖြစ်တဲ့ လီလီယံဂစ်ရှ်တို့လည်း အပူချိန်ကြောင့် တော်တော်ကလေး စိတ်ရှုပ်ကြရပါတယ်။

အပူချိန်များနေတဲ့အချိန်မှာပဲ ဘာတန်က အရက်ကို ပိုသောက်လာတာ သတိပြုမိကြပါတယ်။ ဂရေဟမ်ဂရင်းကိုယ်တိုင်လည်း သူ သောက်တဲ့အရက်ဟာ ပုံမှန်ထက် ပိုနေတာကို သတိပြုမိပါတယ်။ ဂရေဟမ်က 'လစ်ဇ်ရော ဘာတန်ပါ မူးကုန်ကြပြီဆိုရင်တော့ သူတို့အတွက် ပေးထားတဲ့ နားနေခန်းထဲမှာ လဲကုန်ကြတာပဲ။ ဒီလောက်ပူတဲ့အထဲမှာ ဘာကြောင့်များ သူတို့သောက်နိုင်တယ်ဆိုတာတော့ ဘယ်သူမှ မမှန်းဆနိုင်ပါဘူး' လို့ ဆိုပါတယ်။

၁၉၄၉ ခုနှစ် ဘာတန် ပြဇာတ်လောကမှာ ကျင်လည်နေတဲ့အချိန် ဂျီးနပ်စ်နဲ့ မကြာခဏဆိုသလို လန်ဒန်မြို့က စိန့်ပီတာစကွဲယားမှာ ဆုံကြပြီး ညစာစားလေ့ရှိပါတယ်။ တစ်ရက်မှာ ဘာတန်က ဂျီးနပ်စ်ကို ဒိုင်လန်သောစော်စ် ရေးသားတဲ့ ကဗျာတစ်ပုဒ်နဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ အခု ၁၈ နှစ်ကြာတဲ့အခါမှာ ဂျီးနပ်စ်နဲ့ ဘာတန်တို့ ပြန်လည်ဆုံတွေ့ကြတာကြောင့် ဂျီးနပ်စ်က သူသားထံကို စာတစ်စောင် ရေးခဲ့ပါတယ်။ အဲဒီစာထဲမှာ 'ဘာတန်နဲ့ ပြန်ဆုံမိကြပြန်ပြီ။ သူက ဘာမှ မပြောင်းလဲဘူး။ ရွှင်ရွှင်မြူးမြူးနေတတ်ပြီး ဉာဏ်ရည်လည်းထက်တဲ့ မင်းသားတစ်လက်ပါပဲ။ ဒါပေမဲ့ ပြောင်းလဲလာတာတစ်ခုကတော့ အရင်ကထက်ပိုပြီး သောက်လာတာကို တွေ့ရတယ်။ အဲဒီအတွက်တော့ စိုးရိမ်မိတယ်' လို့ဖော်ပြခဲ့ပါတယ်။

သူတို့ဇနီးမောင်နှံ ပါဝင်သရုပ်ဆောင်တဲ့ ရုပ်ရှင်ကားတိုင်းဟာ သူတို့နှစ်ယောက်ရဲ့လက်တွေ့ဘဝနဲ့ တစ်နည်းမဟုတ်တစ်နည်း ထင်ဟပ်လေ့ရှိတဲ့အတိုင်း ဒီကားမှာလည်း အစိတ်အပိုင်းတော်တော်များများက ထင်ဟပ်နေပါတယ်။ ပေါလ်ဖိုဒ် အမည်ရှိ အတွေးအခေါ်ပညာရှင်တစ်ဦးက သူဇနီးသည်နဲ့ ဟောတိုနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာတဲ့ဇာတ်လမ်းပါ။ ဇနီးသည်အဖြစ် လီလီယံဂစ်ရှ်က သရုပ်ဆောင်ပါတယ်။ အဲဒီအပိုင်းက ဘာတန်အတွက် ရေးပေးခဲ့သလိုပါပဲ။ ဟိုတယ်ဝိုင်ရှင် မစ္စတာ ဘရောင်းအဖြစ် ဘာတန်က သရုပ်ဆောင်ပြီး မစ္စတာ စမစ်အဖြစ် ပေါလ်ဖိုဒ်က သရုပ်ဆောင်တာပါ။ ရောက်ရှိလာတဲ့ ဇနီးမောင်နှံ နှစ်ဦးကို မစ္စတာ ဘရောင်းက ဂျွန်ဘယ်ရီအခန်းလို့ အမည်ပေးထားတဲ့အခန်းမှာ နေရာချထားပါတယ်။ အဲဒီအခါ မစ္စစ် စမစ်က ဂျွန်ဘယ်ရီဟာ ဒီအခန်းမှာ တကယ်နေသွားခဲ့တာလားလို့ မေးမြန်းပါတော့တယ်။

'ကျွန်တော် သူ သောက်သွားတဲ့ အရက်ဖိုးဘေလ်တွေ သက်သေပြနိုင်ပါတယ်' လို့ မစ္စတာ ဘရောင်းက ဖြေပါတယ်။

'အို...ဒီလိုဆို သူပါရမီတွေ ပျက်စီးကုန်တာပေါ့' လို့ မစ္စတာ စမစ်က မှတ်ချက်ချလိုက်ပါတယ်။

အရက်တွေ အဆက်မပြတ် သောက်လာတဲ့ ဘာတန်ကို လစ်ဇ်က အပြစ်တင်စပြုလာပါတော့တယ်။ ဒါပေမဲ့ သူကိုယ်တိုင်ကလည်း ပုံမှန်ထက် ပိုပြီးသောက်နေတာပါ။ တစ်ကြိမ်မှာတော့ ဟောတိုနိုင်ငံသမ္မတကြီးက သူတို့ ဇနီးမောင်နှံကို ဂုဏ်ပြုတဲ့ညစာစားပွဲ ကျင်းပပေးပါတယ်။ ဧည့်သည် ၂၀၀ ကျော် တက်ရောက်လာခဲ့ကြပေမဲ့ ဂုဏ်ပြုခံတဲ့ ဇနီးမောင်နှံကတော့ အမူးလွန်နေလို့ ညစာစားပွဲကို မတက်နိုင်ခဲ့ကြပါဘူး။ တစ်ခါတလေမှာ အမူးလွန်နေတဲ့ဘာတန်က နာရီပေါင်းများစွာ ငူငူကြီး ထိုင်နေတတ်ပါတယ်။ အဲဒီအခါမျိုးမှာ လစ်ဇ်က သူနာမည်ကို တကြော်တကြော် အော်ခေါ်တော့မှသာ အိပ်ရာကလန့်နိုးလာတဲ့သူလို ဖြစ်သွားတတ်ပါတယ်။ တစ်ခါတစ်ရံမှာလည်း သူတို့ တည်းခိုဖို့ နေရာချထားပေးတဲ့ သမ္မတအိမ်တော်ဝင်းထဲက အေးအေးသက်သာနေနိုင်တဲ့ လေအေးစက်တပ်ထားတဲ့အိမ်ကနေ နာရီပေါင်းများစွာ ပျောက်သွားတတ်ပြန်ပါတယ်။ အဲဒီအခါမျိုးမှာ လစ်ဇ်က အိမ်တော်ဝင်းအတွင်းအနှံ့ လိုက်ရှာရတဲ့အပြင် မြို့ထဲက ဟိုတယ်မှန်သမျှ၊ အရက်ဆိုင်မှန်သမျှကိုလည်း တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် လိုက်ရှာရပြန်ပါတယ်။ ကမ္ဘာမှာ အလှဆုံးမိန်းမသားလို့ တင်စားခံရတဲ့မိန်းမတစ်ယောက် အရက်သမား လင်တော်မောင်ကို လိုက်ရှာရတဲ့အဖြစ် သူကိုယ်သူလည်း သတိပြုမိပါတယ်။

အရက်ဆိုင်ထဲဝင်ပြီး 'ရစ်ချတ် ဘာတန်ကိုများ တွေ့မိသလား' လို့ သွားမေးရင် သူတို့ကလည်း 'ဘယ်သူကို မေးတာလဲ' လို့ ပြန်မေးလောက်အောင် ဗဟုသုတနည်းပါးကြပါတယ်။ 'ရစ်ချတ်ဘာတန်ကို ပြောတာရှင့်' လို့ ထပ်ဆင့်ပြောလိုက်ရင် 'သူက လူဖြူလား၊ လူမည်းလား' လို့ မေးကြပြန်ပါတယ်။

အဲဒီအခါမျိုးမှာ ပြန်ပေးပဲ အဆွဲခံရပြီလားလို့ စိတ်ပူရပြန်ပါတယ်။ အဲဒီကာလတုန်းက ဟောတီမှာ ပြန်ပေးဆွဲမှုတွေကလည်း တော်တော်များနေတဲ့အချိန် ဖြစ်ပါတယ်။ ရိုက်ကွင်းပေါ်မှာလည်း တစ်ပတ်ကို နှစ်ကြိမ်သုံးကြိမ်လောက် ပြန်ပေးဆွဲမယ်လို့ ခြိမ်းခြောက်စာတွေ ရနေတာဖြစ်လို့ လစ်ဇ် စိတ်ပူမယ်ဆိုရင်လည်း ပူလောက်ပါတယ်။ တကယ်တော့ ဘာတန်က စက်အဖွဲ့သားတချို့နဲ့ လွတ်လွတ်လပ်လပ် လည်ပတ်နေတာပါ။ တစ်ကြိမ်မှာတော့ အဲလက်စ်ဂျီးနပ်စ်ရဲ့ အဝတ်လဲခန်းထဲကို လစ်ဇ် ငိုကြီးချက်မနဲ့ ရောက်လာခဲ့ပါတယ်။ ဘာတန် အရက်မူးပြီး ထိန်းမနိုင်သိမ်းမရ သူ့ကို အော်ဟစ်ကြိမ်းမောင်းနေတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက် ထုံးစံအတိုင်း သူတစ်ပြန်ကိုယ်တစ်ပြန် အော်ကြဟစ်ကြပြီး အဆုံးသတ်သွားတာပါပဲ။ သူတို့နှစ်ယောက်ရဲ့ဘဝမှာက သရုပ်မဆောင်ရတဲ့အချိန်များမှာ အရက်သောက်၊ ရန်ဖြစ် ဒီလိုနဲ့ပဲ သံသရာလည်နေတာပါ။ ရန်ဖြစ်ပြီးရင်တော့လည်း ချစ်ပွဲဝင်ကြပြန်ပါရော။

အာဖရိကကို ရောက်တဲ့အချိန်က

www.burmeseclassic.com

www.burmeseclassic.com

စပြီး လစ်ဓဏ်ဟာ ပိုပြီးလှလာတယ်လို့ ဘာတန် သတိထားမိပါတယ်။ အဲဒီနှစ်ဇန်နဝါရီလ သူဒိုင်ယာရီထဲမှာ 'လစ်ဓဏ်က ပိုလှလာတယ်။ ရာသီ ဥတုပူပြင်း နေပေမဲ့ ဘယ်တော့မှ မညှိုးတဲ့ပန်းကလေးတစ်ပွင့်လို လန်းဆန်းနေတယ်' လို့ ရေးခဲ့ပါတယ်။ အဲဒီကာလက ရေးခဲ့တဲ့ စာတစ်စောင်မှာလည်း 'ကိုယ်ကတော့ သူ့ကို အရူးအမူးချစ်မိနေပြီ။ မိနစ်တိုင်း ချစ်နေချင်တော့တာပဲ'လို့ ရေးသားခဲ့ပါတယ်။

အနောက်အာဖရိကမှာ ကားရိုက်နေစဉ်အတောအတွင်း ဘာတန်က အရက်ကို မလျှော့တမ်းသောက်လာတဲ့အတွက် သူတို့နှစ်ယောက် ပုံစံက ကြောင်နဲ့ခွေးလိုဖြစ်လာခဲ့ပါတယ်။ ဘာတန် ရစ်သမျှကို လစ်ဓ် ခံစားလာရတယ်။ The Comedians စာတ်ကားမှာ နောက်ထပ် မာသာစရိုက်တစ်ခု ဝင်လာခဲ့ပါတော့တယ်။ တကယ်တော့ ဘာတန်ဟာ လစ်ဓ်ကို မြတ်မြတ်နိုးနိုး ချစ်နေတာပါ။ ဒါပေမဲ့ တစ်ဖက်မှာလည်း သူ ခေါ်ဆောင်လာခဲ့တဲ့ ရုပ်ရှင်ကမ္ဘာထဲမှာ မျော်မွေ့နိုင်ဖို့၊ အရက်ကိုလည်း အဆက်မပြတ်သောက်နေဖို့ လိုအပ်တယ်လို့ ဘာတန်က ယုံကြည်ထားပါတယ်။ ရုန်ဖြစ်ကြပြီဆိုတိုင်း လစ်ဓ်ကလည်း ကျိန်ဆဲတတ်တာ သူဝသီဖြစ်နေပါပြီ။ သူက သူ့အကျင့်အတိုင်း ကျိန်ဆဲတာဖြစ်ပေမဲ့ အဲဒီကျိန်ဆဲမှုခံရတိုင်း ဘာတန်က ကင်းတစ်ကောင် အကိုက်ခံရသလို နှက်နက်နဲနဲ နာကျင်ရပါတယ်။ အခုဆိုရင် သူတို့နှစ်ယောက်ရဲ့ပေါင်းစည်းမှုက ငါးနှစ်အတွင်းရောက်လာပြီး အတူတွဲသရုပ်ဆောင်ဖြစ်တာက ခုနစ်ကားရှိခဲ့ပါပြီ။ စာနယ်ဇင်းဆရာများက စပြီးချစ်ကြတဲ့ အချိန်ကစပြီး သည်းသည်းလှုပ် စိတ်ဝင်စားခဲ့ကြတာ အခုချိန်ထိ တစ်ရွေးသားမျှ မလျော့သေးပါဘူး။ သူတို့နှစ်ယောက်ကို 'လစ်ဓ်နဲ့ဒစ်ခ်'လို့ ကင်ပွန်းတပ်ထားကြဆဲပါ။ သူတို့နှစ်ယောက် စလုံးကလည်း အဲဒီလို ခေါ်တာကို မကြိုက်ပါဘူး။

> ဂရေဟမ်က 'လစ်ဝ်ရော ဘာတန်ပါ မူးကျန်ကြပြီဆိုရင်တော့ သူတို့အတွက် ပေးထားတဲ့ နားနေခန်းထဲမှာ လဲကျန်ကြတာပဲ ဒီလောက် ပူတဲ့အထဲမှာ ဘာကြောင့်များ သူတို့ သောက်နိုင်တယ် ဆိုတာတော့ ဘယ်သူမှ မမှန်းဆနိုင်ပါဘူး'လို့ ဆိုပါတယ်

ဒါဟိုမိမှာ ရိုက်ဖို့ရှိတာတွေ အကုန်လုံးရိုက်ပြီးသွားတဲ့အချိန် သရုပ်ဆောင်များနဲ့ စက်အဖွဲ့ကို ပဲရစ်မှာရှိတဲ့ နိုက်စ်က စတူဒီယိုများဆီ ပို့ဆောင်ကြပါတယ်။ ကျန်တဲ့ဇာတ်ဝင်ခန်းတွေကို ဆက်လက်ရိုက်ကူးရမှာပါ။ ဖိမ်ခံဟိုတယ်တစ်ခုမှာ သူတို့ဇနီးမောင်နှံ တည်းခိုနေစဉ်အတွင်း LOOK မဂ္ဂဇင်းက အင်တာဗျူးဆက်လုပ်ပါတယ်။ ဒီအင်တာဗျူးမှာ ဘာတန်ကို အင်တာဗျူးမေးသူက 'အမေရိကန်ရုပ်ရှင်ကြည့် ပရိသတ်ရဲ့အမြင်က ပြောင်းလဲသွားပြီလား'လို့ မေးလိုက်ပါတယ်။ ဘာတန်က ပြောင်းလဲသွားပြီလို့ သူ ယုံကြည်ကြောင်း၊ ဒါကြောင့်လည်း The Spy Who Came in from the Cold, Who's Afraid of Virginia Woolf ? နဲ့ The Taming of the Shrew စာတ်ကားများ အောင်မြင်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ ရုပ်ရှင်ကားတွေ ဘာကြောင့် ဆက်တိုက်ရိုက်ဖြစ်နေတာလဲဆိုတဲ့ မေးခွန်းကိုတော့ ဘာတန်က သူ့အနေနဲ့ လစ်ဓ်နဲ့တွဲဖက်သရုပ်ဆောင်ခြင်းက ပရိသတ်အနေနဲ့ သူ့ကို ပိုမိုလေးစားတယ်လို့မြင်ကြောင်း ဖြေကြားခဲ့ပါတယ်။ LOOK မဂ္ဂဇင်းရဲ့အင်တာဗျူးသမားက စာတ်ခဲ့ကို ထာဝရကျောခိုင်းလိုက်ပြီလားဆိုတဲ့ အမေးကိုတော့ ဘာတန်က 'မဟုတ်ပါဘူးဗျာ။ ကျွန်တော် ဘယ်နည်းနဲ့မှ စာတ်ခဲ့ကို ကျောခိုင်းမှာ မဟုတ်ပါဘူး။ ပြီးတော့ စာတ်မကနိုင်တာကိုဘဲ ကျွန်တော့်မှာ ရင်နာနေမိတာပါ။ ပြောရရင် ပြစာတ်ကဖို့ဟာ ကျွန်တော့်အတွက် တာဝန်တစ်ရပ်လို့ အမြဲခံယူထားတာပါ'လို့ ဖြေကြားခဲ့ပါတယ်။

အင်တာဗျူးသမားက နောက်ဆုံးမေးခွန်းအနေနဲ့ သူတို့နှစ်ယောက် ရိုက်ကူးခဲ့တဲ့ Le Scandale စာတ်ကားနဲ့ပတ်သက်ပြီး မေးမြန်းရာမှာတော့ ဘာတန်က 'အားလုံးလည်း ပြီးဆုံးသွားခဲ့ပြီမို့ မပြောချင်တော့ပါဘူး။ အဲဒီကာလတုန်းက ကျွန်တော်ဟာ သူများ မိန်းမကို ခိုးယူပေါင်းသင်းခဲ့သူ ဖြစ်သလို လစ်ဓ်ဟာလည်း သူများအိမ်ထောင်ဖျက်ဆီးတဲ့သူလို့ အားလုံးက မြင်ကြတယ်။ အနောက်တိုင်းယဉ်ကျေးမှုကို ဖျက်ဆီးတဲ့သူတွေလို့လည်း စွပ်စွဲခဲ့ကြတယ် မဟုတ်လား'လို့ ဖြေကြားသွားခဲ့ပါတယ်။

❑

ဒီတစ်ကြိမ်မှာတော့ ဘာတန်က အော်စကာနဲ့ မလွဲချင်တော့ဘူး။ ၁၉၆၇ ခုနှစ် ဧပြီလ ၁၀ ရက်နေ့မှာ အော်စကာဆုပေးပွဲ ကျင်းပပါတော့မယ်။ ပြင်သစ်မှာရှိနေတဲ့ သူတို့ဇနီးမောင်နှံထံ ရောက်ရှိလာတဲ့ သတင်းတွေအရ လစ်ဓ်က နယူးယောက် ရုပ်ရှင်ဝေဖန်ရေးဆရာများအသင်းက ချီးမြှင့်တဲ့ဆုကို Virginia Woolf စာတ်ကားနဲ့ ရရှိတာဖြစ်လို့ ဆို

www.burmeseclassic.com

www.burmeseclassic.com

ာယ်။ ဒါပေမဲ့ ဘာတန်ကတော့ အဲဒီ ဆုအတွက် လက်လွတ်ခဲ့ရတယ်လို့ဆို ပါတယ်။ သူတို့နှစ်ယောက်စလုံး အော်စကာဆုပေးပွဲအတွက် Who's Afraid of Virginai Woolf? ဇာတ်ကားနဲ့ ဆန်ခါတင်စာရင်းဝင်တယ်လို့ သိရပါတယ်။ ဒီတစ်ကြိမ်ဟာ ဘာတန်အတွက် ပဉ္စမ အကြိမ်မြောက် ဆန်ခါတင်စာရင်းဝင် ခြင်းဖြစ်လို့ အော်စကာရသင့်ပြီလို့ ထင် ပါတယ်။ ဒါပေမဲ့ သူအဓိကပြိုင်ဘက် ဟာ ရှိတ်စပီးယားပြဇာတ်တွေမှာ ပါဝင် သရုပ်ဆောင်နေသူတစ်ဦးဖြစ်တဲ့ ပေါလ် စနိုးဖီးဖြစ်ပြီး A Man for All Season ဇာတ်ကားအတွက် ဆန်ခါတင်စာရင်း ဝင်နေပြန်ပါတယ်။ ဒီနှစ်မှာ ဘာတန်က အော်စကာကို မဖြစ်မနေ ရချင်နေတယ်။ ရမှကို ဖြစ်မယ်လို့လည်း ခံယူထားပါ တယ်။ သူ့သရုပ်ဆောင်သက်တမ်းမှာ ဒီရုပ်ရှင်ကားက အကောင်းဆုံးလို့လည်း ဆင်ထားပါတယ်။ ဒါပေမဲ့ အော်စကာ ဆုအတွက် မဲပေးကြသူတွေက သူ့ အပေါ် မကောင်းမြင်သူတွေ များတယ် လို့လည်း သူက စိတ်စွဲထားပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်က သူတို့နှစ်ယောက် ကျူးလွန်ခဲ့တဲ့ အိမ်ထောင်ရေးပြစ်မှုကို လည်း ဒီလူတွေက အခုထက်ထိ စိတ် ထဲမှာ ရှိနေကြတုန်းလို့ သူက မြင်ထား ပါတယ်။ တကယ်လို့ သူတို့နှစ်ယောက် စလုံး အော်စကာဆုရသွားမယ်ဆိုရင် တော့ အမေရိကန်ရုပ်ရှင်လောကက သူတို့နှစ်ယောက်ကို ကျေကျေနပ်နပ် လက်ခံလိုက်ပြီလို့ ယူဆနိုင်စရာရှိပါ တယ်။

လစ်ဇ်ကာ အော်စကာဆုပေးပွဲကို တက်ချင်ပါတယ်။ Warner Bros ရဲ့ အကြီးအကဲဖြစ်တဲ့ ဂျက်ဝါနာကလည်း လစ်ဇ်ကို ပွဲတက်စေချင်ပါတယ်။ လစ်ဇ် ထံကို ကြေးနန်းတစ်စောင်ပို့ပြီး ပွဲတက် ဖို့အကြောင်း တိုက်တွန်းခဲ့ပါတယ်။ အဲဒီ ကြေးနန်းမှာ 'မင်း တည်ဆောက်ခဲ့တဲ့ ဇာတ်ကားတွေကို မင်း မီးရှို့မပစ်လိုက် ပါနဲ့' လို့ ရေးခဲ့ပါတယ်။ လစ်ဇ်က Utterfield 8 ဇာတ်ကားနဲ့ အော်စကာ တစ်ကြိမ်ရပြီးသားပါ။ ဒါပေမဲ့ လင် မယားနှစ်ယောက် အတူတူရမယ်ဆိုရင် အော်စကာသမိုင်းမှာ မှတ်တမ်းဝင်နိုင် မှာဖြစ်လို့ သူကလည်း လိုချင်ပါတယ်။

လစ်ဇ်ကို မိတ်ဆွေများက ဆုပေး ပွဲတက်ပါလို့ တိုက်တွန်းကြပါတယ်။ သူကိုယ်တိုင်ကလည်း ဆန်ခါတင်စာ ရင်းဝင်သူများကို အလွယ်တကူ ကျော် ဖြတ်ပြီး သူ ရနိုင်မယ်လို့ ယုံကြည်ပါ တယ်။ ဆန်ခါတင်စာရင်းဝင်တဲ့ ဗနက် ဆာရပ်ဂရေဗ်က Georgy Girl ဇာတ် ကား၊ အန္တတ်အေမီက A Man and a Woman, ရုရှားမင်းသမီးတစ်လက်ဖြစ် တဲ့ အိုင်ဒါကမင်စကာက The Shop on Main Street ဇာတ်ကားများနဲ့ ဆန် ခါတင်စာရင်းဝင်နေကြတာပါ။ ဘာတန် က လစ်ဇ် ရသွားပြီး သူ မရခဲ့ရင် ခံနိုင် ရည်ရှိမှာမဟုတ်လို့ ဒီပွဲကို မတက်ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။

လစ်ဇ်ကတော့ မဖြစ်မနေ တက် မယ်လို့ စိတ်ကူးထားပါတယ်။ ဒါပေမဲ့ ဘာတန်က မသွားသင့်ကြောင်း၊ သူ အိပ်မက်ထဲမှာ လစ်ဇ် စီးသွားတဲ့လေ ယာဉ် ပျက်ကျသွားတယ်လို့ မက်ထား ကြောင်း၊ အိပ်မက်မကောင်းတဲ့အတွက် မသွားပါနဲ့လို့ တားခဲ့ပါတယ်။ ဒါ ကြောင့် လစ်ဇ်က ဘာတန်စကားကို နားထောင်ပြီး ဆုပေးပွဲကို မသွားတော့ ဘူး။ ဘာတန့်အနားမှာပဲ နေတော့မယ် လို့ သူဝန်ထမ်းများကို အသိပေးလိုက် ပါတယ်။ ပွဲကျင်းပမယ့်သူများကို တရားဝင်အသိပေးတာကတော့ The Comedians ဇာတ်ကားမှာ ဘာတန်ရဲ့ အခန်းတွေ ကျန်နေသေးလို့ ဆက်လက် ရိုက်ကူးနေရတဲ့အတွက် သူတို့နှစ်ယောက် စလုံး တက်ဖြစ်မှာမဟုတ်ဘူးလို့ အကြောင်းပြလိုက်ပါတယ်။ လစ်ဇ် ကိုယ်တိုင်ကလည်း ဘာတန်သာ မရခဲ့ ဘူးဆိုရင် သန်း ၁၅၀ သောပရိသတ် များ ရှေ့မှောက်မှာ ဆုံးရှုံးရမှာဖြစ်တဲ့ အတွက် သူအနေနဲ့ ခံနိုင်ရည်ရှိမှာမဟုတ် ဘူးလို့ တွက်ခဲ့ပါတယ်။

သူတို့တွက်ကိန်း မှန်ခဲ့ပါတယ်။ ဒီတစ်ပွဲမှာလည်း ဘာတန် မရပြန်ပါ ဘူး။ သူပြိုင်ဘက်ဖြစ်တဲ့ ပေါလ်စကိုဖီး သာ အော်စကာဆုရသွားခဲ့တာပါ။ A Man for All Seasons ဇာတ်ကားက အကောင်းဆုံးအမျိုးသားသရုပ်ဆောင် ဆုအပြင် ဒါရိုက်တာ ဖရက်ဇင်နီမန်း၊ ဇာတ်ကားဆုတို့ကိုလည်း ဆွတ်ခူးသွား ခဲ့ပါတယ်။ ဆုလက်လွတ်ဆုံးရှုံးတာ ထက် ပိုပြီးခံစားရတာကတော့ ပေါလ် စကိုဖီးဟာ ရှိတ်စပီးယားပြဇာတ်များ မှသာ အစဉ်တစိုက် သရုပ်ဆောင်သူဖြစ် ပြီး ပြဇာတ်ကို ကျောခိုင်းကာ ရုပ်ရှင် ဘက် ကူးပြောင်းမလာသူ ဖြစ်ခြင်းပါပဲ။ တစ်ကားဆိုတစ်ကား အောင်မြင်သွားတဲ့ ဇာတ်ဆောင်လို့ ပြောရပါလိမ့်မယ်။ အခု ဆုရလိုက်တဲ့ဇာတ်ကားက ပေါလ်ရဲ့ စတုတ္ထမြောက်ကားသာဖြစ်ပြီး ရွှေကမ္ဘာ လုံးဆုနဲ့အတူ နယူးယောက်ရုပ်ရှင်ဝေဖန် ရေးဆရာများအသင်းဆုကိုပါ ရရှိသွား ပါသေးတယ်။ သူ သရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်က သမိုင်းဝင်သူတော်စင်တစ် ဦးလို့ ဆိုနိုင်တဲ့ ဆာသောမတ်စ်မိုးအဖြစ် သရုပ်ဆောင်ရတာပါ။ သူ သရုပ်ဆောင် ခဲ့ရတာက မိန်းမနဲ့အဆင်မပြေတဲ့ သမိုင်း ပါမောက္ခဟောင်း ဂျော့ခ်ျအဖြစ် သရုပ် ဆောင်ရတာဆိုတော့ ဇာတ်ရုပ်ချင်းက လည်း မယှဉ်သာလောက်အောင် ကွာ ခြားနေပါတယ်။ ဒါကြောင့် ပေါလ်စကို ဖီးကို ရှုံးနိမ့်လိုက်ရခြင်းဟာ သူတော် စင်တစ်ဦးဦးကို ရှုံးနိမ့်လိုက်ရခြင်းလို့ လည်း တင်စားနိုင်ပါတယ်။

ဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ သူ့ဒါ ရိုက်တာ မိုက်နီကိုးလ်ကလည်း ဖရက် ဇနီမန်းကို ရှုံးနိမ့်လိုက်ရချိန်မှာ ဘာတန် ဘယ်လိုခံစားရမယ်ဆိုတာ နားလည်ခဲ့ ပါတယ်။ 'သူက တခြားမင်းသားတွေ ဘာလုပ်နေတယ်ဆိုတာ အမြဲမျက်ခြည် မပြတ် ကြည့်နေတတ်တယ်။ သူ မလုပ် ဖြစ်တာကို တခြားမင်းသားတွေက လုပ် နေကြတဲ့အခါ မချင့်မရဲဖြစ်တတ်ပါ တယ်' လို့ မိုက်က ဘာတန်နဲ့ပတ်သက် ပြီး သုံးသပ်ပါတယ်။

အော်စကာဆုရသွားတဲ့ ပေါလ်ကို

www.burmeseclassic.com

www.burmeseclassic.com

ဘာတန်က ဂုဏ်ယူပါကြောင်း ကြေးနန်းတစ်စောင် ပို့ပေးခဲ့ပါတယ်။ ပေါလ် ကလည်း ကျေးဇူးတင်ပါကြောင်း တဲ့ ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ဒိုင်ယာရီထဲမှာတော့ " ဒီနှစ်အော်စကာပွဲမှာ လစ်ဖ် ကတော့ ရလိမ့်မယ်။ ကိုယ်ကတော့ မရနိုင်ဘူးတဲ့။ ပေါလ် ရသွားတယ်။ ကောင်းပါတယ်' လို့ ရေးခဲ့ပါတယ်။ သူက တကယ်ပဲ လစ်ဖ်နဲ့ပတ်သက်ပြီး ဂုဏ်ယူခဲ့ပါတယ်။ သူ မရဘူးဆိုတာ အစောကြီးကတည်းက သိနေတယ်ဆိုပေမဲ့ တကယ်မရတဲ့အခါမှာတော့ ခံစားရတာလည်း အမှန်ပါပဲ။ လစ်ဖ်နဲ့ ပတ်သက်လို့ကတော့ ပရိသတ်များ ကျေနပ်ကြပါတယ်။ စတုတ္ထအကြိမ် မြောက် ဆန်ခါတင်စာရင်းဝင်ခဲ့တာ ဖြစ်ပြီး ဒုတိယအကြိမ် အော်စကာဆု ရရှိသွားခဲ့တာပါ။ ပွဲမတက်တာနဲ့ပတ်သက်ပြီးတော့လည်း ပရိသတ်များက သူ့အပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ခဲ့ကြပါတယ်။ ဒီတစ်ကြိမ် လစ်ဖ်က ရရှိတဲ့ အော်စကာက ထိုက်ထိုက်တန်တန် ရရှိခြင်းဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။

ဆန်မီဒေးဗစ်ဂျုန်ယာက လစ်ဖ်ကို ပထမဆုံးကလေးသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့တဲ့ National Valvet ကာလ လောက်ကတည်းက သိကျွမ်းခဲ့တာပါ။ Hamlet ပြဇာတ်ကို ဘာတန် က,တော့ လစ်ဖ်ရဲ့ဖိတ်ကြားမှုနဲ့ ၁၅ ကြိမ်ထက် မနည်း ကြည့်ခဲ့ဖူးပါတယ်။ ဒီပြဇာတ်က ဘယ်တော့မှ မရိုးနိုင်တဲ့ပြဇာတ်ပါလို့ လည်း ဆန်မီက ဆိုခဲ့ပါတယ်။ ဆန်မီက ရစ်ချတ်ရဲ့ဂုဏ်သရေဟာ ၁၉၆၃ ခုနှစ်တုန်းက ဗွက်အိုင်ထဲ ရောက်နေခဲ့တယ်ဆိုတာကိုလည်း သိပါတယ်။ 20th Century Fox ရုပ်ရှင်ကုမ္ပဏီကြီးက လစ်ဖ်အတွက် ဒေါ်လာ သန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံပြီး ကားရိုက်ပေးနေချိန်မှာ ဘာတန်နဲ့ ချစ်ကြိုးသွယ်မှုကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ လုံးဝဥသုံဆုံးရှုံးရတော့မလို ဖြစ်ခဲ့တာကိုး။ ဒါကို သိထားတဲ့ ဆန်မီက အခုနေခါမှာတော့ ဘာတန်ဟာ အော်စကာဆုရသင့် ရထိုက်တဲ့ သရုပ်ဆောင်တစ်ယောက် ဖြစ်နေပါပြီလို့ မှတ်ချက်ချခဲ့ပါတယ်။

စိတ်ဓာတ်ကျဆင်းသမျှကို ဘာတန်ကတော့ အရက်နဲ့သာ ဖြေဖျောက်ပါတယ်။ အရက်သောက်ပါများလေ သူ့စိတ်ဓာတ်က ပြိုကွဲလေလေ သံသရာလည်လာခဲ့ပါပြီ။ ၁၉၆၇ ခုနှစ် မေလ ၁၀ ရက်နေ့ ရက်စွဲနဲ့ ရေးခဲ့တဲ့မှတ်တမ်းမှာ "မနေ့က တစ်နေ့လုံး အရက်သောက်နေခဲ့တယ်။ ဒီနေ့တော့ အလုပ်လုပ်ရမှာ ဖြစ်လို့ အရက်မသောက်ဘူး။ ဘာဖြစ်လို့ဒီလောက်သောက်ဖြစ်နေတယ်ဆိုတာ ကိုယ်တိုင်လည်း နားမလည်တော့ဘူး။ ကိုယ့်စိတ်ထဲမှာ မပျော်ဘူး။ အဲဒီခံစားမှုကို ကိုယ် မကြိုက်ဘူး။ အရက်မူးနေတာတောင် ကိုယ် မပျော်နိုင်ဘူး ဖြစ်နေတယ်' လို့ ရေးသားခဲ့ပါတယ်။ လစ်ဖ်ကတော့ ခင်ပွန်းသည်ရဲ့စိတ်ဓာတ်ပြိုလဲမှုကို ထူမပေးနိုင်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားခဲ့ပါတယ်။

အဲဒီနှစ် ဇွန်လမှာ သမီးကလေး မာရီယာရဲ့ကျောင်းက ကျင်းပတဲ့ လူပ်ရှားမှုများမှာ ဘာတန် ပါဝင်ခဲ့ပါတယ်။ မသန်မစွမ်းသူဖြစ်နေတဲ့ သမီးရဲ့ကျောင်းက ကလေးတွေ စိတ်ဓာတ်တက်ကြွအောင် အားကစားမျိုးစုံ၊ ပြိုင်ပွဲများ ကျင်းပပေးတာပါ။ သူတို့ကျင်းပတဲ့ပွဲများထဲမှာ မိဘများကိုယ်တိုင် ပါဝင်ဆင်နွှဲရတဲ့ ပြိုင်ပွဲလည်းရှိတာကြောင့် ဘာတန်က ဝင်ပြိုင်မယ်လို့ စာရင်းပေးခဲ့ပါတယ်။ ဒါပေမဲ့ ပြိုင်ပွဲနေ့မှာ အရက်သုံးပုလင်းသောက်ပြီး မထနိုင်တော့ကြောင့် ရောက်မသွားတော့ပါဘူး။ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း သူတော်တော်စိတ်ထိခိုက်ခဲ့ပါတယ်။ ရစ်ချတ်က သူ့ကလေးများကို ချစ်သလို လစ်ဖ် မွေးထားတဲ့ကလေးတွေကိုလည်း ချစ်ပါတယ်။ လစ်ဖ်ရဲ့ခင်ပွန်းဟောင်းဖြစ်တဲ့ အယ်ဒီဖစ်ရှားက သမီး လီဆာတော့ဒ်ကို အုပ်ထိန်းခွင့်ရရှိဖို့ ရုံးတော်မှတစ်ဆင့် တောင်းဆိုမယ်ဆိုတော့ ဘာတန်က စိန်ခေါ်ခဲ့ပါတယ်။ သူ သေမှသာ သူ့အလောင်းကိုခွဲကျော်ပြီး လီဆာကိုခေါ်သွားပါလို့ ဆိုတာကြောင့် အယ်ဒီဖစ်ရှားက လက်လျှော့သွားခဲ့ပါတယ်။

နောက်လေးလကြာတဲ့အခါမှာ ဘာတန်က အရက်လျှော့သောက်လာပေမယ့် လစ်ဖ်ကတော့ ပုံမှန်သောက်ခြင်းပါပဲ။ နိုဝင်ဘာလမှာ သူ့ရဲ့ ၄၁ နှစ်မြောက် မွေးနေ့ ကျရောက်ဖို့ ရက်ပိုင်းအလိုမှာ ဘာတန် ၂ ရက်လုံးလုံး အရက်ဆက်တိုက်သောက်ပြီး ဘော့ပ်ဝီလ်ဆင်ကို ရွှတ်ချပြောဆိုခဲ့သလို သူသမီး မာရီယာရဲ့ သူနာပြုဆရာမကလေးကိုလည်း ထိကပါးရိကပါး လုပ်ခဲ့မိပါတယ်။ နောက်တစ်နေ့မနက် အမူးပြေချိန်မှာ သူ မှားသွားပြီဆိုတာ သိလိုက်တဲ့ လစ်ဖ်ကိုတောင်းပန်ပါတယ်။ လစ်ဖ်က အားရပါးရဟားတိုက်ရယ်လိုက်ပြီး သူနာပြုဆရာမကလေးကို အားနာစရာကောင်းတာထက် ဘာတန်ရဲ့အပြုအမူများဟာ တခြားမိန်းမသားများအပေါ် စိတ်ဝင်စားမှုရှိနေပြီဆိုတာ ဖော်ပြလိုက်တာပဲလို့ လစ်ဖ်က ခံယူပါတယ်။

သူတို့အိမ်ထောင်ရေးဖိုးကောင်းကင်မှာ တိမ်ညိုတိမ်မည်းတွေ ဖုံးအုပ်စပြုလာခဲ့ပါပြီ။ ပေါင်းသင်းခဲ့ကြတဲ့ အိမ်ထောင်သက်တမ်း ၅ နှစ်အတွင်းမှာ နှစ်ယောက်တွဲ သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်ကား ၆ ကားက ဝင်ငွေကောင်းခဲ့တယ်။ ဒီ ၆ ကားထဲမှာ အကယ်ဒမီဆန်ခါတင်ဆုလေးဆု ပါဝင်ခဲ့ပြီး လစ်ဖ်က ဆုတစ်ဆု ထပ်ရခဲ့တယ်။ LOOK မဂ္ဂဇင်းနဲ့ အင်တာဗျူးမှာ သူ ပြောခဲ့တဲ့ အတိုင်း အမေရိကန်ရုပ်ရှင်ကြည့် ပရိသတ်က သူတို့အပေါ် အမြင်ကြည့်လင်လာပြီဆိုတာ မှန်သင့်သလောက် မှန်လာခဲ့ပါပြီ။ အခြေအနေကောင်းတော့မယ့် အချိန်မှာ ဘာတန်က အရက်ကို မထိန်းနိုင်ဘဲ ခေါင်းမော်တမ်း သောက်တဲ့ အဆင့်ကို ရောက်လာခဲ့ပါတယ်။ နောက်ထပ် သူတို့နှစ်ယောက် တွဲပြီး ရုပ်ရှင်ကားတစ်ကားရိုက်ဖို့ အစီအစဉ်ရှိပါသေးတယ်။ ကားနာမည်က Boom ပါတဲ့။

(ဆက်လက်ဖော်ပြပါမည်)

■ ခင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်းကောင်းတို့၏အရည်အချင်း - ဗဟုဿုတ ဒေါက်တာအရှင်ဒေဝိန္ဒ

ဗီးဟားရး နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လက်ဦးမှုအတွက် လိုက်နာ ကျင့်ကြံအားထုတ်ဝိုင်ရန် ဧနေသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်း တို့၏အရည်အချင်းကို ဗုဒ္ဓဒေသနာအရ ဝန်ဆောင်မှုစိတ်ရှိထောင့်မှ ဧနေသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း ခေါင်းဆောင်ကောင်းတို့၏ အဂိုရိုယ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြုအမူ၊ စကားပြောနည်း၊ ခေါင်းဆောင် ကောင်းတို့၏ အမူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူစွယ် အမူအရာများ စသဖြင့် ခေါင်းဆွဲ ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ဧနေသားထားသည်။

မြတ်ဗုဒ္ဓဘရားတော်များနှင့် မြန်မာစကားပုံများ - ဝဗွာစရိယ ဦးအေးနိုင်(ဘီအေ)

ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာဘုရားဟောနာတော်များကို အသိုးသိုးတော်ညွှန်း လျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓဘာရားတော်များကို သိရိုလိုက်နာကျင့်ကြံရှိလောက်အောက်ရှိ လောကတွေ့ရှာအကျိုးများရရှိရန် ရည်ဝန်ဧနေသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမဩဝါဒများကို ပေးလိုသည့်အခါ နိဒါးစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး သိမ့်မဟုတ် ဧနေသားပြီး ဆုံးမဩဝါဒပေးခြင်းက ပိုရှိထိရောက်နိုင်ဝေကြောင်း လမ်းညွှန်ထားပါသည်။

ကျွန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဝါဏိဇ)

ဒုတိယကမ္ဘာစစ်အပြီး ပြုပုံဘဝမုရန်းထခဲ့ရသော ကျွန်နိုင်ငံ၏ ဗီးဟားရေးပုံပြီးတိုးတက်စေရန်အဓိကအကြောင်းရင်း တစ်ခုဖြစ်ဝေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ဧနေသားထားသည်။ အသိပါ အဓိက ဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ပြိုးစနိုင်ငံများ ဗီးဟားရေး ဖွံ့ပြိုးတိုးတက်မှု အရိန်အဟုန် မြင့်မားစေရန် အဓိကပောင်းနင်းအားကို ဖြစ်ပေါ်စေနိုင်သည့် အဃင့်လျော်ဆုံးစနစ်ဟုဆိုသည်။ ဗီးဟားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်း ထားသည်။ ဗီးဟားရေးလောကအတွင်းကျင်လည်ကြကုန်သူအား လုံး အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ ငွေကြေး ဆွေးကွက်တွင် လှုပ်ရှားသူများ ဗီးဟားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

အလင်းသစ်ရုတ္တုဆင်ခွင်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့

နည်းပြ သရုပ်ပြများ၊ ဗီဗဒန်ခွဲဧနေဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒဏ္ဍီနယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-ဗီဗဒန်မှူးများ၊ ဃည့်ဌာနသိုင်ရာ အရာရှိငယ်များနှင့် ပြန်တမ်းဝင်အရာရှိရာထူးအား လုံးအတွက် ဧနေပြေ နှတ်ခြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန် ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် ပြန်မာစာ ဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အသိုန်တိုအတွင်းအကျိုး ပြုနိုင်အောင် ဝေဘန်ရာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။

ဃေရဝါအရှေ့ဃော့ - မင်းနန့်(ဃော်ကျွန်း)

လွယ်းတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိ ကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကာသ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ဧနေသားထားသည့် စာအုပ်ဖြစ် သည်။ သီလမူမဟုတ်ဘဲလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျှင်မဟာ ဘာတရားထူးမူလည်းမရနိုင်၊ သော တာနဲ့ ဖြစ်ပို့ဆိုသည့်မှာဝေးလေ၊ ထို့ကြောင့်လည်း အပူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှု ကုသိုလ်တို့၏ အစအမှန်ဖြစ်ကြောင်း ဖော်ပြထားသည်။

မြတ်ဗုဒ္ဓလက်ထက် ပါရမီပုဂ္ဂိုလ်အမျိုးသမီးများ

အရာရာ၌ ယောကျ်ားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထို အရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီပုဂ္ဂိုလ်အမျိုးသမီး ၁၂ ဦး၏အကြောင်းကို ဧနေသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသောဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ဥဋ္ဌုသုဘဒ္ဒါ၊ သုမနဒေဝီ၊ ဒီဃကောသိ၊ ဇဋ္ဌာရာနှင့် သိရိမာ၊ စာဂါ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

အလင်းသစ်

အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၀၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂။

Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဒါန အကြောင်းအရာနှင့်

"အန်တီ၊ ပစ္စည်းတွေ
ထည့်လိုက်တော့မယ်နော်။
ဒီမှာကြည့် One Tea
ရိုဆီတစ်ဘူး၊
သကြားအစိတ်သား၊
ကော်ဖီမစ်ထုပ်
တစ်ပါကင်၊
လေဆာတစ်ဘူး၊
ဂေါ်ဒီလာတစ်ဘူး၊
ဆင်တိုးမန္တယ်တစ်ဘူး
ရပြီ အန်တီ"
နှင်းသည်
ကြွပ်ကြွပ်အိတ်ထဲကို
ပစ္စည်းတွေ
သေသေချာချာ
စစ်ထည့်ပေးရင်း
ဈေးဝယ်အန်တီကြီးကို
လက်နှစ်ဖက်ဖြင့် ရှိသေစွာ
ကမ်းပေးလိုက်သည်။
အန်တီကြီးမပြန်ခင်
"ကျေးဇူးတင်ပါတယ်ရှင့်"
ဆိုသော စကားဖြင့်လည်း
နှုတ်ဆက်လိုက်ရလေသည်။
ဒီတစ်ယောက်ပြီးတော့
နောက်တစ်ယောက်၊
နောက်တစ်ယောက်။
ဒီနေ့ နှင်း ကောင်တာမှာ
လူတော်တော်စည်သည်။

တစ်ယောက်ပြီးတစ်ယောက်
ရောင်းလိုက်ရတာ
လက်မလည်တော့ပေ။
ပစ္စည်းတွေကို ထုတ်ပြရ၊
တွက်ချက်ရ၊ ထုပ်ပိုးရနှင့်
လက်ကိုစက်တပ်ထားသလား
အောက်မေ့ရသည်။
ဈေးဝယ်သူတွေ
ဆိုင်ထဲက မထွက်ခင်မှာလည်း
ပစ္စည်းတွေကို သေသေချာချာ
စစ်ထည့်ပေးရသေးသည်။
အကယ်၍ တစ်ခုခုများမေ့
ကျန်ခဲ့လျှင်၊ တစ်စုံတစ်ခု
လွဲမှားသွားခဲ့လျှင်
ဆိုင်ရှင်တရုတ်မကြီးနှင့်
နှင်း စကားပြောရတော့မည်။
တရုတ်မကြီးက
သဘောကောင်းသလောက်
ပြတ်လည်းပြတ်သားသည်။
ဝယ်သူ အမြဲမှန်၏
ဆိုသောစကားကို
လက်ကိုင်ထားကာ
ပြဿနာတစ်စုံတစ်ရာ
ဖြစ်လာလျှင် နှင်းတို့
အရောင်းစာရေးမလေး
တွေဆီက ဖြေရှင်းချက်ကို
တောင်းတော့သည်။
ဒီတော့ နှင်းသည် လူ
ဘယ်လောက်ပင်ရှုပ်ရှုပ်၊

အမှတ် ၂၉၅၊ ၆၆ လမ်း၊ ၂၀၁၄

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ပြီးတစ်ယောက် စေ့စပ်သေချာစွာ အဆင်ပြေအောင် ရောင်းချပေးရသည်။

ဒီနေ့ နှင်းသည် လူလည်း မအား၊ စိတ်လည်း မအား၊ လက်လည်းမအား ပေ။ ဆိုင်ကို ရောက်လာသည့် သူမှန်သမျှကိုလည်း အပြုံးတွေတစ်ပွင့်ပြီးတစ်ပွင့် ခွဲပြရသေးသည်။ စိတ်က ဘယ်လောက်ပဲ ရှုပ်နေပါစေ ဈေးဝယ်သူတွေကိုတော့ အပြုံးလေးနှင့် ဆက်ဆံရမည်တဲ့။ ဆိုင်ရှင်တရုတ်မကြီးက နေ့စဉ်နေ့တိုင်း နှင်းတို့ကို သင်ပေးနေတဲ့ လက်ချာ(Lecture) တွေလေ။ အိမ်မှာ စိတ်ရှုပ်စရာ ဘယ်လောက်ပဲ ရှိခဲ့ရှိခဲ့၊ ပြဿနာတွေ ဘယ်လောက်ပဲတက်ခဲ့တက်ခဲ့၊ ဒီဆိုင်ရောက်လျှင်တော့ နှင်းမျက်နှာကို အပြုံးတွေ ဖန်ဆင်းထားရသည်။ နှင်း တစ်ခါပြုံးတိုင်းသာ ဝိုက်ဆံတွေ ရမည်ဆိုလျှင် အခုလောက်ရှိ နှင်းကျောင်းတက်နေရပြီပေါ့။

နှင်းကောင်တာမှာ လူရှင်းသွားတော့မှ ဒီနေ့အတွက် မိုးချုပ်စပြုပြီဆိုတာ သိရသည်။ ဆိုင်အပြင်ဘက် ပတ်ဝန်းကျင်သည် ညိုမှိုင်းအေးမြလာသည်။ လမ်းမပေါ်မှာ ကားတွေ၊ ဆိုင်ကယ်တွေဖြင့် ရှုပ်ထွေးစည်ကားနေသည်။

'ဟေ့ နှင်း၊ ဟိုမှာ လာနေပါပြီ'

ဆိုင်အဝင်ပေါက်နားက အလှကုန်ကောင်တာမှ မမို့အသံကြောင့် နှင်းသည် ဆိုင်ရှေ့ကို လှမ်းကြည့်လိုက်မိသည်။ နှင်း ရင်ထဲမှာ လှုပ်ခတ်သွားသည်။ ထွန်းပေါက်ဦးပါလား။ သူ ပြန်လာပြီပဲ။

သူသည် ဆိုင်ထဲကို တန်းတန်းမတ်မတ်ဝင်ရောက်လာကာ နှင်း ကောင်တာရှိရာသို့ ရောက်လာသည်။

'နှင်း ငါတို့ဒီညအကင် သွားစားရအောင် ငါ ဝင်ခေါ်မယ်'

ထို့နောက် ပြောပြီးပြီး ချင်း သူဆိုင်ထဲမှ ထွက်သွားသည်။ ဒီထက်ပိုပြီး စကားကောင်းနေလို့လည်း ဖြစ်တာမှ မဟုတ်ဘဲ။ ဆိုင်ရှင် တရုတ်မကြီး မြင်သွားလျှင် နှင်းကို အလုပ်ထုတ်ပစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ် ဒီနေ့ အတွက် အခုမှ နှင်းစိတ်ချမ်းသာပျော်ရွှင်ရသည်။ ဒီနေ့ ဒီအချိန်တွေကို ရောက်ဖို့ ငါး ရက်တောင် နှင်းစောင့်မျှော်ခဲ့ရသည်။ ဒီနေ့ သောကြာနေ့ဆိုတာ နှင်း မသိဘဲနေမတဲ့လား။ ထွန်းပေါက်ဦး တစ်ပတ်တစ်ခါ ကျောင်းကနေ ပြန်လာတတ်သည့် သောကြာနေ့တွေကို နှင်း အချစ်ဆုံးဖြစ်သည်။

သောကြာနေ့တွေသည် နှင်းဘဝကို စိုပြည်စိမ်းလန်းသောအချိန်တွေဖြစ်သည်။ သူ နှင်းကို လာတွေ့သည်ဆိုတာက သူ ပြန်ရောက်နေပြီဖြစ်ကြောင်း အသိလာပေးတာလည်း ဖြစ်သလို၊ နှင်းကို သူ ပြောပြစရာတွေ ရှိနေကြောင်းကိုလည်း နှင်းက အလိုလိုသိနေခဲ့သည်။

နှင်းသည် လက်ပတ်နာရီကို ကြည့်လိုက်မိသည်။ ခြောက်နာရီထိုးဖို့ မိနစ်နှစ်ဆယ်တောင်လိုသေးတာပဲ။ အချိန်တွေကို အကုန်မြန်စေချင်လွန်းလှသည်။ နှင်းသည် ကောင်တာမှာ ရပ်နေရင်း စိတ်လှုပ်ရှားပျော်ရွှင်နေမိသည်။ နှင်းအပြုံးတွေ ကြည့်မြဲသလာကြောင်းကို ဆိုင်ထဲက ဝန်ထမ်းကောင်မလေးတွေ ရိပ်မိနေလေသည်။

သူ တစ်ပတ်တစ်ခါ ပျော်ဘွယ်ကို ပြန်ရောက်လာသဖြင့် နှင်းသည် အားဆေးတစ်ခွက်သောက်လိုက်ရသကဲ့သို့ အားအင်တွေအပြည့် ရှိလာသည်။ ဘဝကို ကျေနပ်စိတ်၊ ချစ်စိတ်ဖြင့် တွယ်တာတတ်လာသည်။ သူ ရမည်းသင်းကနေ ပြန်ရောက်လာတိုင်း နှင်းကို မပျက်မကွက် လာတွေ့တတ်တာလည်း နှင်းနှလုံးသားကို စိုရွှန်းစေခဲ့သည်။ တကယ်တော့ ရမည်းသင်းနှင့် ပျော်ဘွယ်ဆိုတာ ဘယ်လောက်တောင် ခရီးဝေးနေလို့လဲ။

သို့သော် သူ ကျောင်းပြန်သွားတိုင်း နှင်းသည် တစ်ယောက်တည်း အထီးကျန်စိတ်ဖြင့် ကျန်ရစ်မြဲဖြစ်သည်။ အားငယ်ဝမ်းနည်းစိတ်ဖြင့် လွမ်းဆွတ်စမြဲဖြစ်သည်။

နှင်းနှင့် သူ ဘယ်လောက်မှ မဝေးပါဘူးဆိုစေ၊ သူတစ်ပတ်တစ်ကြိမ်ပြန်လာမှာပါဆိုစေ နှင်းကတော့ သူ့ကို အမြဲလိုလို တောင့်တတတ်စမြဲဖြစ်သည်။ ဆယ်တန်းအောင် စာရင်းထွက်သည့်နေ့က နှင်း ရင်ထဲမှာ လေးလံကျပ်ခဲနေသော ဝေဒနာတွေကို ဖွင့်ဟပြောပြခဲ့ဖူးသည်။

'နှင်နဲ့ငါကျောင်းအတူတူ တက်ရရင် ကောင်းမှာပဲ ထွန်းပေါက်ရယ်'

နှင်းက နှင့်သည်းစွာ တောင့်တမိတော့ သူက ဘာမှမသိနားမလည်ဘဲ နှစ်သိမ့်ပြောဆိုသည်။

'အတူတူ တက်ရမှာပေါ့ဟ နင်ကလည်း စာမေးပွဲ အတူတူအောင် တာပဲ။ အမှတ်လည်း သိပ်မကွာဘူးလေ။ ငါတို့တက္ကသိုလ်တက်ကြရတော့မှာ နှင်း'

'ငါ တက္ကသိုလ် မသွားနိုင်တော့ပါဘူး ထွန်းပေါက်ရယ်'

နှင်းက ငိုသံစွက်ကာ ပြောလိုက်တော့ သူသည် အံ့သြသွားကာ နှင်းကို အကြာကြီးငေးမောကြည့်နေလေသည်။ နှင်းသည် ရစ်ပိုင်းလာသောမျက်ရည်စများဖြင့် သူ့ကိုတိတ်ဆိတ်စွာပင် ကြည့်နေမိသည်။

'နင် ကလည်း ဟာ ငါတို့နှစ်ယောက် ဆယ်တန်းစာမေးပွဲကို အတူတူအောင် လာကြပြီးမှ တက္ကသိုလ်ကို အတူတူ မသွားနိုင်တော့ဘူးလား'

'နောက်ထပ် လေ့ကား တစ်ထစ်ကို တက်ဖို့အတွက် အခြေခံအုတ်မြစ်မှ မကောင်းဘဲ ထွန်းပေါက်ရယ်'

နှင်းသည် ဝမ်းနည်းထိခိုက်စွာ မျက်ရည်ကျရင်း ပြောတော့ သူလည်း ငြိမ်သက်တိတ်ဆိတ်သွားသည်။ နှင်းတို့တွေ ဘာမျှမတတ်နိုင်ခဲ့ကြပေ။

ဒီနောက် သူက ရမည်းသင်းနည်းပညာတက္ကသိုလ်သို့ သွားတော့ နှင်းက စတိုးဆိုင်တစ်ခုသို့ ရောက်ရလေသည်။ နှင်းဘဝနှင့်သူ့ဘဝ မတူညီဘူးလေ။ နှင်းဆီမှာ

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်စာမေးပွဲနှင့် တက္ကသိုလ်ဝင်ခွင့် စာရွက်ကလေးက နှင်းသေတ္တာထဲမှာ တရိုတသေ မပြမစုတ်ရှိနေဆဲဖြစ်သည်။ နှင်းဘယ်တော့ ကျောင်းတက်ရမလဲဆိုတာ နှင်း လက်ချိုးရေတွက်စမြဲဖြစ်သည်။

အသက်ဆယ့်ခြောက်နှစ်အရွယ် နှင်းသည် တက္ကသိုလ်သို့ မသွားရသော်လည်း အလုပ်ထဲကို နေ့စဉ်လမ်းလျှောက်သွားရစမြဲဖြစ်သည်။ နှင်းပတ်ဝန်းကျင်မှာ နှင်းလို ပဲ လမ်းအတူတူ လျှောက်ရသည့် သူငယ်ချင်းတွေရှိသည်။

တစ်ခါတစ်ရံ နှင်းသည် ကားဂိတ်မှာ မိတ္ထီလာကို သွားမည့် ကားတွေ၊ ရမည်းသင်းကို သွားမည့် ကားတွေကို စောင့်စားနေကြသော ကျောင်းသူလေးတွေကို မြင်သည့်အခါတိုင်း တစ်ခဏတော့ ငေးမောကာ ရပ်ကြည့်စမြဲဖြစ်သည်။ နှင်းလည်း သူတို့လိုကျောင်းသွားတက်ဖို့ ကားစောင့်စီးသည့် နေရာမှာ ရှိနေချင်လိုက်တာ။ လွယ်အိတ်လေးတစ်လုံးလွယ်၊ စာအုပ်တွေကို ရင်မှာပိုက်ကာ အထုပ်အပိုးတွေ ထည့်ထားသည့်ခြင်းတစ်လုံးကိုဆွဲပြီး ကျောင်းသွားဖို့ ကားစောင့်စီးနေရသည့်ဘဝကို နှင်း အားကျသည်။ ပတ်ဝန်းကျင်ကလည်း ကျောင်းသူလေးတွေဆိုပြီး အထင်ကြီးစိတ်နှင့် စောင့်ရှောက်ကြသည်။ နှင်းလို အရောင်းစာရေးမတစ်ယောက်ကို ကျောင်းသူတစ်ယောက်ကို ကြည့်ယည့်အကြည့်မျိုးဖြင့် ဘယ်သူကြည့်ကြမှာလဲ။

နှင်းသည် တွေးရင်းတောရင်း မျက်ရည်များ ဝိုင်းလာသည့်အခါ ထိုနေရာမှ ချာခနဲလှည့်ထွက်သွားခဲ့သည်။ နှင်းဘဝကို နှင်း ဘယ်သူကို အပြစ်တင်ရမှာလဲဆိုတာကို မတွေးတတ်တော့။ နှင်းကတော့ ပိုက်ဆံတွေကို ရေတွက်တွက်ချက်နေမယ့်အစား စာအုပ်တွေ ကိုင်ချင်လှသည်။ စာတွေပဲ ဖတ်ချင်လှသည်။ စာတွေပဲ သင်ချင်လှသည်။ ကောင်တာတစ်ခုကနေ တစ်ခုလှည့်ပြောင်းနေမယ့်အစား စာသင်ခန်းတွေ တစ်ခန်းပြီး တစ်ခန်းဝင်ထွက်ချင်လှသည်။

စတိုးဆိုင်တစ်ခု၏ အရောင်းစာရေးမတစ်ယောက် အတွက် ဖတ်ရမည့်စာတွေဆိုတာ ဘာတွေရှိနိုင်မလဲ။ ထွန်းပေါက်ပေးသည့် မြသန်းတင့် ဘာသာပြန်သော တဂိုးကဗျာစာအုပ်ကို အားလပ်ချိန်မှာ ဖတ်ဖို့ဆိုင်ကို နှင်းယူသွားသော်လည်း နှင်းထုတ်မဖတ်ရဲပါ။ အကယ်၍ တရုတ်မကြီးက သူ့အလုပ်မလုပ်ဘဲ စာဖတ်နေတာကို မြင်တွေ့သွားလျှင် သူမ ကြိုက်နိုင်မှာမဟုတ်။ အလုပ်ရှင် မငြိုငြင်အောင်တော့ နှင်းနေတတ်ထိုင်တတ်ရမည်လေ။

ဒီတော့ နှင်းသည် စာအုပ်ကို ထုတ်မဖတ်နိုင်သော်လည်း စာတစ်ခုခုဖတ်နိုင်အောင် ကြံစည်ရသည်။ အဖျားပျောက်ဆေးကတ်ပေါ်ကစာသားတွေ၊ နို့ဆီဘူးပေါ်ကစာသားတွေ၊ ဆပ်ပြာခဲကို ပတ်ထားသည့်ပလတ်စတစ်ပေါ်က စာသားတွေ။ အို နှင်းတွေ့သမျှစာတွေကိုပဲ ကောက်ဖတ်ကာ နှင်းဦးနှောက်ကို သံချေးမတက်အောင် တသသသွေးနေရတော့သည်။ ကျောင်းမတက်ရ၍ စာတွေ့နှင့်ဝေးနေသည့်အခါ စာတွေ့နှင့် အစိမ်းသက်သက်အနေဝေးသွားမှာကို နှင်း ကြောက်သည်။ နှင်းတို့ရပ်ကွက်ထဲမှာ မိသားစုစားဝတ်နေရေးအတွက် လက်သုပ်စုံဆိုင်လေးဖွင့်ထားသည့် အစ်မတစ်ယောက်ဆိုလျှင် ဆယ်တန်းအောင်တာ ကြာပြီဖြစ်ပေမဲ့ တက္ကသိုလ် ဆက်မတက်နိုင်သောကြောင့် ကျောင်းစာတွေနှင့် ဝေးနေသောအခါ စာတွေကို မဖတ်ချင် မကျက်ချင်တော့ဘူးတဲ့။ နှင်းကတော့ အဲသလိုမဖြစ်စေရ။ နှင်း အခုကျောင်းမတက်ရသေးပေမဲ့ နောင်တစ်ချိန်ချိန်ကျရင်တော့ ကျောင်းတက်ရမှာပါ။ အဲဒီအခါ နှင်း ဦးနှောက်တွေ လေးလံထိုင်းမှိုင်းမနေဖို့ လိုသည်။ နှင်း သင်ယူရမည့် ဘာသာရပ်တွေကို နှင်း သင်ယူတတ်မြောက်နိုင်ရမည်။ မှတ်သားနိုင်ရမည်။ နှင်း ဦးနှောက်လေးကို နှင်း ဒီအတိုင်း ခန်းခြောက်မသွားစေချင်ပါ။

တက္ကသိုလ်ပညာရေး အကြောင်း စဉ်းစားမိတော့ နှင်းသည် သူငယ်ချင်းအေးကို ရိုက်နှက်ပစ်ချင်စိတ်တွေ ဖြစ်လာသည်။ မနှစ်က အေး ပထမနှစ်စာမေးပွဲ ကျသည်။ အေးမိဘတွေက ဒီနှစ်တော့ Day ကို မထားနိုင်တော့ဘူး ဆိုကာ အဝေးသင်ကို ပြောင်းပစ်ရသည်။ တက္ကသိုလ် ကျောင်းသူဘဝစစ်စစ်ကို ခံစားရမည့် နေ့ကျောင်းသူ အဖြစ် အေးခံစားခွင့်မရှိတော့ပြီ။ မိဘတွေက မရှိသည့်ကြားထဲက ခြစ်ခြုတ်ကုတ်ကတ်ပြီး ကိုယ့်သမီးကို တက္ကသိုလ်ကျောင်းထားပေမဲ့ အေးက စာမကြိုးစားဘဲ ပေတေပေါ့လျော့ခဲ့သဖြင့် စာမေးပွဲကျခဲ့ရသည်။ အခုတော့ အေးသည် ကိုယ့်အပြစ်နှင့် ကိုယ် ဒဏ်ခတ်ထားခံရသည်။ အေး အမေနှင့်အတူ ဈေးပတ်တွေကိုလိုက်ရင်း ကျောင်းသူဘဝတစ်ပိုင်း၊ ဈေးသည်ဘဝတစ်ပိုင်းဖြစ်နေရသည်။

အေးနေရာမှာ နှင်းသာဆိုလျှင် နှင်း အသေအလဲစာကြိုးစားပြမှာပေါ့။ တက္ကသိုလ်ကျောင်းသူဘဝဆိုတာ အဆင့်အတန်းမြင့်မြင့်၊ အတွေးအခေါ်မြင့်မြင့်နှင့် ပညာသင်ကြားရင်း နုပျိုစွာရှင်သန်ရသည့် ဘဝ၏လတ်ဆတ်သောအချိန်ကလေးတွေပဲ ဖြစ်သည်။ ဘဝထဲကို တိုးဝင်ဖို့တက္ကသိုလ်က ပညာတွေက နှင်းတို့ကို သင်ကြားပေးမည်ဖြစ်သည်။ သို့သော် အခုတော့ နှင်းသည် ဘဝထဲကို စောစီးစွာတိုးဝင်ဖြတ်သန်းနေရတော့သည်။

ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာတဲ့။ နှင်းအရွယ်က ဒုတိယအရွယ်မှ မဟုတ်ဘဲနော်။ ဒါပေမဲ့ နှင်း ပညာမရှာရဘဲ ဥစ္စာ ရှာနေရသည်။ နှင်း ဘယ်သူ့ကိုအပြစ်တင်ရမှာလဲ။ နှင်း မသိပါ။

တစ်နေ့တစ်နေ့ ဒီဆိုင်ထဲမှာ ငြီးငွေ့စိတ်ပျက်ရအောင် ထိုင်နေရကာ ဒီကုန်ပစ္စည်းတွေနှင့်ပဲ ရင်းနှီးဆက်ဆံယဉ်နေရပြီး ရောက်လာသမျှဝယ်သူတွေကို တစ်ယောက်ပြီး တစ်ယောက် ရောင်းချနေရ

www.burmeseclassic.com

တာ ဘာပညာမှလည်း မတိုးပေ။ နှင်းကိုင်ရသည့် စက်တစ်လုံးမှာ Calculator (ဂဏန်းတွက်စက်)တစ်လုံးသာဖြစ်သည်။ တစ်ခါတစ်ရံ နှင်းသည် Calculator က ခလုတ်လေးတွေကို နှင်းသင်ယူချင်သည့်ကွန်ပျူတာ Keyboardဟုပင် အောက်မေ့ကာ လက်ချောင်းကလေးများဖြင့် တဒေါက်ဒေါက်နှိပ်ရင်း အာသာဖြေရသည်။ တရုတ်မကြီး မမြင်အောင်၊ မကြားအောင် သူ့အလစ်မှာ ခပ်တိုးတိုး နိပ်ရင်း ကိုယ့်ကိုယ်ကို ကျေနပ်နှစ်သိမ့်မှုရှာရလေသည်။

ဒီဆို ငါ့ကျွဲ့ကျွဲ့လေးထဲမှာ မတတ်သာ၍ နှင်း အခုနေရပေမဲ့ တစ်နေ့ကျရင် ကွန်ပျူတာတစ်လုံးရှေ့မှာထိုင်ပြီး ကမ္ဘာလောကကြီးနှင့်ဆက်သွယ်ပြီး အလုပ်လုပ်နိုင်ရမည်ဟု နှင်း ရည်မှန်းထားသည်။ နှင်း အိပ်မက်တွေ အကောင်အထည်ဖော်နိုင်ရမည်ဟု နှင်း ယုံကြည်သည်။

'နှင်းရေ ခြောက်နာရီထိုးနေပြီ၊ သွားကြစို့၊ ဟိုမှာ ထွန်းပေါက်ဦးလည်း စောင့်နေတယ်'

နှင်း အလုပ်ချိန်ပြီးသွားပြီ။ နှင်းသည် ထမင်းချိုင့်ကို ဆွဲကာ ဆိုင်ထဲမှခပ်သွက်သွက် ထွက်လာသောအခါ ကောင်းကင်ထဲကို ပျံသန်းသည့် ငှက်တစ်ကောင်ကဲ့သို့ ပေါ့ပါးလွတ်မြောက်နေသည်။

ဆိုင်ရှေ့မှာ ဆိုင်ကယ်ရပ်ပြီး သူ စောင့်နေသည်။ နှင်းသည် ရွှင်လန်းအားရစွာပင် ပြုံးပြလိုက်လေသည်။ သူကလည်း နှင်းကို အပြုံးဖြင့် စောင့်ကြိုလေသည်။ ကြည့်စမ်း၊ သူ့အပြုံးက နှင်းရင်ကို အေးမြသွားစေလိုက်တာ။

❑

အကင် ဆိုင်ရောက်တော့ ဆိုင်ထဲမှာ ထိုင်စရာနေရာမကျန်တော့လောက်အောင် လူတော်တော်စည်လေသည်။ ကံကောင်းထောက်မစွာ ဆိုင်ထောင့်တစ်နေရာမှာ စားပွဲဝိုင်းတစ်ဝိုင်း လွတ်သွားသဖြင့် နှင်းတို့ ထိုနေရာကို ဦးလို က် ကြသည် ။ နှ စ် ယောက်အတူတူ နေရာကို ပြိုင်တူဦးလိုက်ကြရင်း ရယ်လိုက်မိကြသည်။

ပူပူနွေးနွေး အသားကင်တွေ ရောက်လာတော့ နှစ်ယောက်သား စကားမဆိုမိကြဘဲ ခေါင်းမဖော်တမ်း အလုအယက် စားကြသည်။ ဒါ နှင်းတို့ ငယ်ငယ်တုန်းက အကျင့်ပဲ။ နှင်းနှင့်သူ ဆိုင်မှာ တစ်ခုခုစားကြပြီဆို လျှင် တစ်ယောက်ကိုတစ်ယောက် မည္ဘာဘဲ လုစားနေကျဖြစ်သည်။ စကားတစ်လုံးမှ မဆိုဘဲ အစားတွေကိုသာ သဲကြီးမဲကြီး လုစားနေကျသဖြင့် စားစရာတွေ တစ်ခဏသာ တွင်းမှာပင် ကုန်သွားသည်။

'နှင်း၊ နင် တော်တော် အစားကြီးတာပဲ၊ ဝက်ပုပ်'

'နင်လဲ ဘာထူးလဲ၊ အတူတူပဲ၊ ဝက်ပုပ်'

သူက မည္ဘာမတာပြောတော့ နှင်းကလည်း ပြန်ပက်လိုက်သည်။ ထို့နောက် နောက်တစ်ပွဲ ဆက်မှာကာ အသားကုန် လုစားကြပြန်သည်။ တစ်ပွဲပြီးတစ်ပွဲ မှာစားကြပြီးမှ ဗိုက်ပြည့်တော့မှပင် ရပ်တော့သည်။ နှင်းဗိုက်ထဲမှာ အစာတွေပြည့်သွားသလို ရင်ထဲမှာလည်း ပျော်ရွှင်ကြည်နူးခြင်းတွေ ပြည့်အင်နေသည်။

'ငါလည်း နင်ပြန်လာမှပဲ အကင်ဆိုင်တွေ ဘာတွေ ရောက်ပြီး အပြင်ထွက်လည်ရတော့တယ်၊ နင်မရှိရင်တော့ ငါဘယ်မှ မထွက်ဖြစ်ပါဘူး ထွန်းပေါက်ရယ်'

သူ မရှိလျှင်တော့ နှင်း တကယ်ပဲ ဘယ်ကိုမှ မထွက်ဖြစ်ပါ။ အလုပ်ပြီးတော့ အိမ်ကိုပဲ တန်းတန်းမတ်မတ် ပြန်သွားကာ အိမ်မှုကိစ္စတွေနှင့် လုံးလည်ချာလည်လိုက်နေရင်း ညတစ်ညကို ဖြတ်သန်းရသည်။ အိပ်ရာဝင်ခါနီးတော့ နှင်း စာတွေဖတ်သည်။ ထွန်းပေါက်ပေးသည့် မြန်မာကဗျာစာအုပ်တွေ ဖတ်သည်။ ပြီးတော့ နှင်း ငွေစုပြီး ဝယ်ထားသည့် အင်္ဂလိပ်ကဗျာစာအုပ်လေးနှစ်အုပ်ကို နှင်းတတ်သမျှ ဘာသာပြန်ကြည့်ရင်း ဖတ်သည်။ ပြီး မျက်စိနှစ်လုံး စုံမှိတ်ခင်မှာ သူ့ကို သတိတရ မြင်ယောင်တွေးရင်း နှင်း ဘဝ၏သမားရိုးကျနေ့တစ်နေ့ကို ကုန်ဆုံးပစ်ခဲ့ရသည်။ သူပြန်လာသည့် ဒီလိုနေ့မျိုးကတော့ နှင်းဘဝ၏ ထူးခြားဆန်းပြားသော နေ့လေးတစ်နေ့ပေါ့။

'ကဲ ပြော၊ ဒီတစ်ပတ် ကြုံတွေ့ခဲ့ရတဲ့ နင့်ရဲ့ ကျောင်းအတွေ့အကြုံက ဘာတွေလဲ'

သူပြန်လာသည့် အခါတိုင်း ကျောင်းက အတွေ့အကြုံတွေကို နှင်းကို သူပြောပြတတ်သည်။ နှင်းက သူ့မျက်လုံးတွေထဲ စူးစူးနစ်နစ် စိုက်ကြည့်ရင်း မျက်လုံးတွေ အရောင်တဖျပ်ဖျပ်လက်ကာ နားထောင်တတ်သည်။ သူ ငယ်ချင်းတွေအကြောင်း၊ စာသင်ရသည့် အကြောင်းတွေ ဆိုလျှင် နှင်းသည် အားကျမက်မောစွာ မျက်တောင်မခတ်ဘဲ နားထောင်မိရင်း နှင်း၏ကျောင်းသူဘဝကို စိတ်ကူးယဉ်နေမိတတ်သည်။

လူငယ်ဘဝမှာ ကျောင်းတက်ပြီး ပညာပဲသင်ယူနေရတာ ဘယ်လောက်တောင် အားကျဖို့ကောင်းလိုက်သလဲ။ ဘယ်လောက်တောင် ပျော်ရွှင်ဖွယ်ကောင်းလိုက်သလဲ။ နှင်းကော အဲဒီဘဝကို မရနိုင်ဘူးလား။ နှင်းသည် တစ်ခါတစ်ခါ အားငယ်စိတ်ဖြင့် ဝမ်းနည်းကြေကွဲလာပြန်သည်။ သို့သော် နှင်းဘေးမှာ နှင်းကို အားပေးမည့် ထွန်းပေါက်ဦး တစ်ယောက် ရှိနေရုံဖြင့် နှင်း၏ သိမ်ငယ်စိတ်တွေ အဝေးကို လွင့်ပြေးသွားကာ အားမာန်တွေ ရှိလာခဲ့သည်။

'ငါ ဒီတစ်ပတ် ကောင်မလေးတစ်ယောက်ကို တွေ့လာတယ် နှင်း'

သူက နှင်းမျက်နှာကို မရဲတရဲကြည့်ကာ တစ်လုံးချင်းပြောလိုက်တော့ နှင်း ရင်တွေ တဖျပ်ဖျပ် အခုန်မြန်သွားသည်။ နှင်းသည် သူမခြင်နိုင်သည့် စားပွဲအောက်မှာတွင် လက်နှစ်ဖက်ကို အချင်းချင်း ဆုပ်နယ်နေမိရင်း ဘာစကားမျှ မဆိုနိုင်လောက်အောင် ရှိတော့သည်။ ကြည့်စမ်း နှင်းအကြောက်ဆုံး အချိန်ကို ရောက်လာပြီ။ သူ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသွားတက်သည့် အခါ ကျောင်းမှာ ရည်းစား သနာတွေ ရလာမှာကို နှင်းကြောက်သည်။ ကျောင်းက ကောင်မလေးတွေ အကြောင်းကို သူပြောပြသည့် အခါတိုင်း နှင်းသည် ရင်ထိတ်ခုန်စွာ ကြားဝံ့တော့သလို နားထောင် မိမြဲဖြစ်သည်။ ကျောင်းမှာ သက်မွန်မြင့်နဲ့ နာမည်ဆင်တူတဲ့ သက်မွန် အေးဆိုတဲ့ ကောင်မလေးက ချက်မှန်နဲ့ အရမ်းချစ်ဖို့ ကောင်းတယ်၊ ဒါပေမဲ့ မာန ကြီးတယ်ဆိုတာမျိုး၊ မော်ဒယ်လ်တစ်ယောက်လို အရပ် ရှည်ရှည်နဲ့ ခေတ်ဆန်သွက် လက်တဲ့ ကောင်မလေးက တော့ ငါ့ကို ငြိနေတယ်နဲ့တူ တယ်ဆိုတာမျိုး။ သူပါးစပ်က ကောင်မလေးတစ် ယောက်အသံကြားတိုင်း နှင်း သည် ထိတ်လန့်စွာပင် စောင့် စားနားထောင်နေမြဲဖြစ်သည်။ သူမျက်လုံးထဲက အရိပ်တစ် ခုကိုလည်း နှင်း ဖတ်မိဖို့ ကြိုး စားတတ်သည်။ သူ အဲဒီ ကောင်မလေးကို ကြိုက်နေ ပြီလား။ တွယ်တာငြိစွန်း သွားခဲ့ပြီလား။ အို နှင်း ကလွဲပြီး သူ့ကို ဘယ်သူမှ တွယ်တာရဘူး။ သူက လည်း နှင်းကလွဲပြီး ဘယ် သူ့ကိုမှ မတွယ်တာရဘူး။ နှင်း သူ့ကို သူငယ်ချင်းအဖြစ် ထက် ပိုပြီး တွယ်တာနေတာ ကို သူ သိရဲ့လား။ သူကရော နှင်းကို…။

'ဟေ့ နှင်း၊ ဘာတွေ တွေးနေတာလဲ၊ ငါပြောတာ နှင် နားမထောင်တော့ဘူး လား'

'အင်း၊ ငါ နားထောင် နေပါတယ်၊ ပြောလေ၊ ဘယ် ကောင်မလေးလဲ'

နှင်းအသံက စိတ်မပါ လက်မပါနှင့် ခပ်တိုးတိုးပဲဖြစ် သည်။

'ဘယ်ကောင်မလေး လဲဆိုတော့ ကျောင်းသူလေး ပေါ့၊ ငါတို့ကျောင်းထဲမှာ ကျောင်းသူတွေမတွေ့လို့ ငါ ဘယ်သူ့ကို တွေ့ရမှာလဲ၊ ကောင်မလေးတစ်ယောက် တည်း မဟုတ်ဘူး၊ အများ ကြီး'

သူ ရုတ်တရက် ရယ်ချ လိုက်မှ သူ နောက်နေတာပါ လားဟု နှင်းသည် စိတ်ပြေ သွားပြီး သက်ပြင်းချနိုင် တော့သည်။ သူ့ကိုလည်း မျက်စောင်းထိုးကာ ပါးစပ် ကနေ ကိုန်ဆဲလိုက်တော့ သူ ကပို၍ပင် အော်ဟစ်ရယ်မော လိုက်လေတော့သည်။

ဘာကြောင့်များ ကောင် မလေးတွေနှင့် ပတ်သက်ပြီး သူ နှင်းကို စနောက်နေရတာ လဲ။ နှင်းရင်ထဲမှာ ဘာတွေ ရှိမလဲဆိုတာ သူ သိချင်၍ တံခါးလှစ်ကာ အကဲခတ်နေ တာလား။ အို နှင်းမျက်နှာ တွေ ပူရှိန်းသွားလေသည်။

'ထွန်းပေါက်၊ ငါ နှင့်ကို ဝမ်းသာစရာ သတင်းတစ်ခု ပြောရဦးမယ်၊ အဲဒီအတွက် လည်း ဒီနေ့စားထားသမျှ ငါပဲ ရှင်းမှာနော်'

'ဟုတ်လိုက်လေ၊ ပြော၊ နှင့်ရဲ့ ဝမ်းသာစရာ သတင်း တစ်ခု'

သူက ရယ်သံတွေကို တိခနဲ ရပ်ပစ်လိုက်ကာ နှင်း မျက်နှာကို စေ့စေ့ကြည့်လျက် လေးလေးနက်နက် နားထောင်နေသည်။ သူမျက်လုံး တွေ ရွှန်းစိုနက်မှောင်နေတာ ကို နှင်းရင်ခုန်စွာ သိရသည်။

'ငါ ဆယ်တန်းကျောင်း သားတစ်ယောက်ကို ညမှာ Guide ပြပေးဖို့ အလုပ်တစ်ခု ရထားတယ်၊ စာသင်လို့ရတဲ့ ဌေးတွေကို ငါကျောင်းတက် နိုင်အောင် စုထားမယ်၊ နောက်နှစ် မောင်လေး ဆယ် တန်းဖြေပြီးရင် ငါ ကျောင်း တက်နိုင်တော့မှာပါ၊ အဝေး သင်ပဲဖြစ်ဖြစ်ပေါ့'

'ဟာ ကောင်းလှချည် လား၊ ကြိုးစားပါ သူငယ် ချင်း၊ ရှေ့ဆက်လျှောက်ပါ၊ ငါ အားပေးတယ်'

သူက လို့က်လို့က်လဲလဲ အားပါးတရ ချီးကျူးဝမ်း မြောက်တော့ နှင်းလောက် ဒီကမ္ဘာမှာ အတိုင်းမသိ ပျော်မည့် သူ ရှိပါတော့ မလား။ နှင်း ခုနှစ်ပေါက်ပစ် ချင်လောက်အောင် စိတ်ဓာတ် တက်ကြွနေမိသည်။

'ဒါပေမဲ့ နင် အရောင်း စာရေးအလုပ်တစ်ဖက်နဲ့ ပင်ပန်းမှာကိုတော့ ငါ စိုးရိမ် တယ်နှင်း'

'နင် ငါ့အတွက် စိုးရိမ် ပေးတာနဲ့တင် ငါအပင်ပန်းခံ နိုင်သွားပြီ ထွန်းပေါက်၊ လောကကြီးမှာ တစ်ခုခုလိုချင်ရင် တစ်ခုခုတော့ ရင်းနှီးပေး ဆပ်ရတာ နိယာမတရားပဲ၊ မထူးဆန်းတော့ပါဘူး'

'နင် သိပ်တော်တယ် နှင်း'

သူ ညာဘက်လက်ဖြင့် နှင်း၏ လက်ဖမိုးတစ်ဖက်ကို အုပ်မိုးဆုပ်ကိုင်လိုက်တော့ နှင်းခန္ဓာကိုယ်ထဲကို ခွန်အား တွေ တစိမ့်စိမ့် စီးဝင်ပျံနှံသွား သည်။

'စိတ်ချ၊ ဘယ်တော့မှ ငါ အရှုံးမပေးဘူး ထွန်း ပေါက်၊ ငါ ကြိုးစားမှာပါ'

အကင် ဆိုင်ထဲက မထွက်ခင်မှာတော့ မနက်ဖြန် စနေနေ့တစ်ညနေခင်း သူနှင့် တွေ့ပြီးလျှင် နှင်း သူ့ကို တစ်ခု တောင်းဆိုရဦးမည်ဟု တွေးထားသည်။ တနင်္ဂနွေ မနက်ကျလျှင် နှင်းကို ဆိုင် လိုက်ပို့ပေးပါဦးဟု သူ့ကို ပူဆာတောင်းဆိုရဦးမည်။ တနင်္ဂနွေညနေခင်း သူ ကျောင်းကို ပြန်လျှင် နှင်းနှင့် သူငါးရက်တောင် ခွဲနေရဦး မှာ။ ကျောင်းဝိတ်ရက်တွေသူ ဒီမြို့မှာ ရှိနေသလောက် နှင်း တွေ့ခွင့် ရချင်သည်။ သူ နှင်း ဆန္ဒကို လိုက်လျောမှာ သေချာလေသည်။

ဆိုင်ထဲကထွက်တော့ ညသည် လျှပ်စစ်အလင်း တိုင်များကြားမှ လင်းလက် တောက်ပနေသည်။ သူ့ ဆိုင်ကယ်နောက်မှာ ထိုင် လိုက်လာရင်း နွေထွေးမှုကို နှင်းခံစားရသည်။ ဒီလို နွေထွေးမှုမျိုးကို နှင်းတစ် သက်လုံး ပိုင်ဆိုင်ခွင့်ရလျှင် သိပ်ကောင်းမှာပဲ။

နှင်းဘဝမှာ နှင်းဖြစ်ချင် တာတွေ၊ နှင်းလိုချင်တာတွေ များများစားစားတော့ မရှိပါ ဘူး။ နှစ်ခုတည်းပါပဲ။ အဲဒီနှစ်ခုသာ ပြီးပြည့်စုံခဲ့ လျှင်…။

ကြည့်စမ်း…ဟိုး မိုး ကောင်းကင်ထက်မှာ ကြယ် တွေ လင်းလက်ပြန့်ကျဲနေ လိုက်တာ။ နှင်း ကြယ်တစ် ပွင့်ဖြစ်ချင်သည်။

■

ထွန်

www.burmeseclassic.com

အကြည်ကြည်လင်ဘူး

မင်္ဂလာရွှေမောင်း

graphic design by aung kyaw @ 2014

နိုင်ငံရေးနဲ့လူမှုရေးနယ်ပယ်မှာ 'အမြင်မကြည်လင်ဘူး' ဆိုတဲ့ စကားကို မကြာခဏသုံးစွဲလေ့ရှိတယ်။ အဲဒါ ဘာကိုဆိုလိုတာလဲ။ လူတစ်ယောက်ရဲ့သဘောထားအမြင် မကြည်လင်တာကို ရည်ညွှန်းပြောဆိုတာ ဖြစ်ပါတယ်။

လူမှာ မျက်စိမှုန်တယ်ဆိုတာမျိုး ဖြစ်တတ်တယ်။ ကြည့်လိုက်ရင် သဲသဲကွဲကွဲ၊ ကြည်ကြည်လင်လင်၊ ပြတ်ပြတ်သားသား မမြင်ရတာမျိုးကို ပြောကြတာပါ။ ဒီလိုပါပဲ။ ဦးနှောက်မှာလည်း ဦးနှောက်မှုန်တယ်ဆိုတာ ရှိတယ်။ မျက်စိမှုန်တာကို ခေတ်မီဆေးသိပ္ပံပညာနဲ့ ကုသလို့ရနိုင်ပေမဲ့ ဦးနှောက်မှုန်တာကျတော့ အဲဒီလို ကုသလို့မရပြန်ပါဘူး။

လူတစ်ယောက်ရဲ့ခန္ဓာဗေဒ ဖွဲ့စည်းပုံအရ မျက်စိထက် အရေးကြီးတာက ဦးနှောက်ဖြစ်နေတယ်။ ဒီတော့ ပြောရရင် မျက်စိမှုန်တာထက် ဦးနှောက်မှုန်တာက ပိုပြီးအဓိကကျတယ်။ ပိုပြီးအရေးကြီးတယ်။ မျက်စိမှုန်တဲ့သူတွေ သဲသဲကွဲကွဲမမြင်ရလို့ ခလုတ်တိုက်တာမျိုး၊ ခြေခေါက်လဲတာမျိုး ရှိချင်ရှိမယ်။ ယာဉ်တိုက်မှုမျိုးလည်း ရှိနိုင်တယ်။ ဒီအတွက် အဖြစ်နိုင်ဆုံးက မသကာ သေဆုံးသွားတဲ့အထိပေါ့။ ဒါပေမဲ့ အဲဒါဟာ လူတစ်ယောက် ဒါမှမဟုတ် တချို့ပဲ ထိခိုက်နိုင်ပါတယ်။ အဲ ဦးနှောက်မှုန်တာကျတော့ တစ်တိုင်းပြည်လုံး ထိခိုက်သွားနိုင်တယ်။

ဆိုပါစို့။ ဦးနှောက်နဲ့အလုပ်လုပ်ပြီး လူတကာတွေကို လမ်းညွှန်ပြနေတဲ့ စာရေးဆရာလိုလူမျိုး ဦးနှောက်မှုန်နေပြီဆိုရင် ဘာတွေဖြစ်လာမလဲ။

ဦးနှောက်နဲ့အလုပ်လုပ်တဲ့လူ ဦးနှောက်မှုန်ရင် ဘယ်လို ဘယ်မျှအထိ ဆိုးမယ်ဆိုတာ တွေးကြည့်ပုံစရာ မရှိတော့ဘူး။ သိုးဆောင်းစကားပုံတစ်ခုရှိတယ်။ 'မျက်မခြင်ရဲ့လက်ထဲက တုတ်မီး(Flame Torch)ကို ယူထားလိုက်ပါ။ အန္ဓကာရယ်ရှိတယ်' တဲ့။ စာရေးဆရာဆိုတာ တိုင်းပြည်ရဲ့ 'နားကြီး၊ မျက်စိကြီး' လို့ သတ်မှတ်ထားကြတယ် မဟုတ်လား။ ဒီတော့ ဘယ်နှယ်မရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဝန် ကျေရမယ်။ အခုလို
နိုင်ငံရေး အခြေအနေမျိုးမှာ
စာရေးဆရာဟာ ပြည်သူလူထုရဲ့
ချက်နှာတစ်ခုတည်းကိုပဲ ကြည့်ရမယ်။
လူထုအကျိုး အတွက် လိုအပ်တဲ့ စာပေတွေကို
ရဲရဲရင့်ရင့် ပြတ်ပြတ်သား သား ရေးရမယ်။ ပြည်သူကို
ဆိမ်ချန်ဖုံးကွယ်ထားလို့ မဖြစ်ဘူး။ စာရေးဆရာရဲ့ ကျေးဇူးရှင်၊
စာရေးဆရာရဲ့ အလုပ်ရှင်က စာဖတ်သူ ပြည်သူသာဖြစ်တယ်။
စာရေးဆရာဆိုတာ ပွင့်လင်း ရိုးသားတယ်။ ပြည်သူကို
ဘယ်တော့မှ သစ္စာ မဖောက်ဘူး။ ငတ်ရင်ငတ်မယ်၊ ချို့တဲ့
ရင်လည်း ချို့တဲ့မယ်။ ဒါပေမဲ့ အပေးအယူလုပ်ပြီး ယုံကြည်
ချက်ကို ရောင်းမစားဘူး။ နိုင်ငံရေးမှာ အပေးအယူရှိတယ်။
စာရေးဆရာရဲ့မူမှာ အပေးအယူ လုံးဝမရှိဘူး။ ငြိမ်းချမ်းရေး
ခင်၊ ပြည်သူ့စာဆိုတော် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို

www.burmeseclassic.com

www.burmeseclassic.com

ပြန်ကြည့်ပါ။ ရင်၌ ဖြစ်တည်လာတဲ့စာပေကို အသပြာ၊ ရာထူး၊ အာဏာနဲ့ မလဲခဲ့ပါဘူး။

၂၀၁၄ ခု ဧပြီလထုတ် ရွှေအမြုတေမှာ ဖော်ပြပါရှိတဲ့ မောင်သာရဲ့ **America ကလာတဲ့ စာတစ်စောင်-၄** ဟာ ရသစာပေ အဆင့်မြင့်လာရေး အတွက် ရေးစရာတွေ ရလာဖို့ဆိုရင် စာရေးဆရာတွေအနေနဲ့ ကိုယ့်ရဲ့ နိုင်ငံရေးအမြင်၊ ဒဿနအမြင် မကြည်လင်တာတွေကို ကြည်လင်ပြတ်သားလာအောင် အားထုတ်ကြီးပမ်းကြဖို့ တိုက်တွန်းထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။

ဒီလ ရွှေအမြုတေမှာ မဂ္ဂဇင်းဝတ္ထုရှည်(စ-ဆုံး)နှစ်ပုဒ် ဖော်ပြထားပါတယ်။ မောင်နှင်းပန်းရဲ့ **မိုးခေါင်ရေရှားရပ်ဝန်းမှ အော်သံများ**ဟာ ပျံကျဆင်းရဲသားရပ်ကွက်ထဲက ငွေချေးစားတဲ့ ဒေါ်အေးလူရဲ့ စရိုက်ကို ပုံဖော်ပြရင်း မဖွံ့ဖြိုးတဲ့ လူအဖွဲ့အစည်းတစ်ခုကို လက်ညှိုးထိုးပြထားတဲ့ ဝတ္ထုရှည်ပါ။

ညီငယ်လေးရဲ့ **ရွှေရည်စိမ်သောမြစ်**ဟာ အထည်ကြီးပျက် ဒေါ်ခင်ဆွေရီရဲ့ ဘဝနေဟန်ကို ရေးဖွဲ့ထားတဲ့ ဝတ္ထုရှည်တစ်ပုဒ်ပါ။ ကျေးလက်မှာ အတူနေခဲ့ရစဉ်က မိမိရဲ့ လက်အောက်ငယ်သားဖြစ်နေခဲ့တဲ့သူက စီးပွားရေး ပုံမှန်ဖွံ့ဖြိုးပြီး တိုးတက်စည်ပင်နေတဲ့ အချိန်မှာ ဒေါ်ခင်ဆွေရီအနေနဲ့ စီးပွားရေး ကျဆင်းသွားခဲ့ရတယ်။ ရွာအလှူတစ်ခုကို သွားရမယ့် အခြေအနေမှာ သမီးရွှေရည် အတွက် ရွှေတု၊ စိန်တုကို

စာရေးဆရာ ဆိုတာ ပွင့်လင်း ရိုးသားတယ် ပြည်သူကို ဘယ်တော့မှ သစ္စာ မဖောက်ဘူး ငတ်ရင်ငတ်မယ် ချို့တဲ့ရင်လည်း ချို့တဲ့မယ် ဒါပေမဲ့ အပေးအယူ လုပ်ပြီး ယုံကြည်ချက်ကို ရောင်းမစားဘူး နိုင်ငံရေးမှာ အပေးအယူ ရှိတယ် စာရေးဆရာရဲ့မူမှာ အပေးအယူ လုံးဝမရှိဘူး

သမီးမသိအောင်ဝယ်ပြီး သွားခဲ့ရတယ်။ ဒီဝတ္ထုလေးဟာ စိန်လော့ကက်သီး(အတု) ရေချိုးရင်း မြစ်ထဲကျခဲ့ ကျန်ရစ်ခဲ့ခြင်းက ဝတ္ထုရဲ့ Tempo ကို မြှင့်တင်ပြီး ရေးဖွဲ့သွားတဲ့ ဝတ္ထုလေးပါ။ အကြောင်းအရာက ကြီးကျယ်ခမ်းနားမှု မရှိပေမဲ့ အဲဒါလေးကို ကြီးကျယ်ခမ်းနားသွားအောင် ညီငယ်လေးက သွန်းထုပြထားတဲ့ ဝတ္ထုရှည်ပါ။ ဖတ်ကြည့်ပါဦး။

ဒီလ ဝတ္ထုတိုတွေထဲက ပထမဦးဆုံး ညွှန်းချင်တာက မှူးဆက်ပိုင်(ရွှေတောင်)ရဲ့ **နောက်ဆုံးလက်နက်**ပါ။ စာသင်ရမယ့် အရွယ်မှာ စာသင်ခွင့်မရဘဲ ခရေပန်းကောက်လိုက်၊ ဈေးရောင်းလိုက်နဲ့ မိသားစု ဝမ်းဝရေးကို ကူညီနေကြရရှာတဲ့ ပျိုဖော်ဝင်စကလေးငယ်တွေရဲ့ ဘဝဖြတ်သန်းမှုကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ မှူးဆက်ပိုင်ဟာ ဒီနေ့ မြန်မာနိုင်ငံရဲ့ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးနေမှုနဲ့ ကလေးငယ်တွေ စာသင်ခန်းမှ တဖြတ်ဖြတ် ထွက်ကျနေမှုတို့ကို စာတစ်ကြောင်းမှ မရေးဘဲ ဒီဝတ္ထုလေးနဲ့ ရေးပြသွားခဲ့ပါတယ်။ အဲဒီမှာ သူဝတ္ထုကို စာဖတ်သူ စိတ်ဝင်စားအောင် ဂျစ်တူးဆိုတဲ့ ကလေးမလေးကိုလည်း ယောကျ်ားလျာအဖြစ် ဖန်ဆင်းပြထားပါတယ်။ ဂျစ်တူးနဲ့အတူ အရွယ်တူဖိုးထူးကို မိဘမဲ့၊ တစ်ကောင်ကြွက် ဂျစ်တူးအပေါ် သံယောဇဉ်ကြီးသူအဖြစ် ရေးဖွဲ့ပြပါတယ်။ ဖတ်ကြည့်ပါ။ မှူးဆက်ပိုင်ပြောတဲ့ ဂျစ်တူးရဲ့ နောက်ဆုံး လက်နက်က ဘာလဲဆိုတာ သိလာရပါလိမ့်မယ်။ သိပ်လှတဲ့ ဝတ္ထုတိုလေးပါ။

မောင်သစ်လှိုင်းရဲ့ **မြေစိုက်လရောင်**ကိုလည်း ညွှန်းချင်ပါတယ်။ ၃ ပင် ၂ ခန်း မြေစိုက်အိမ်ကို တိုက်ဆောက်ဖို့ သမီးဖြစ်သူက ကြိုးပမ်းတာကို မောင်နဲ့အမေက သဘောမတူ၊ ခွင့်မပြုတဲ့ အကြောင်းအရာပါ။ တဲပေါက တိုက်ပေါ်တင်ပေးမယ်ဆိုတာကိုမှ မြင့်လွန်းတယ်လို့ ငြင်းပြီး သဘောမတူတဲ့ မိခင်နဲ့ မောင်အပြစ်လား၊ ဒါမှမဟုတ် တင်ပေးမယ့် သမီးကြီးရဲ့ ရည်ရွယ်ချက်ကိုလား မှားနေတာလား။ ဒီလိုချည်းသာ မြေတွေ့ယာတွေ့ရောင်းပစ်ကြ၊ တိုက်သစ်တွေ ဖြိုဆောက်ကြရင်ကော မိနှီးဖလာ ဓားမဦးချ နေလာခဲ့ကြတဲ့ နေရာ၊ ဒေသတွေ ရှိပါဦးတော့မလား။ အဲဒါတွေကို တွေးစရာတွေအဖြစ် ချထားတဲ့ ဝတ္ထုတိုပါ။ ဖတ်ကြည့်ပါဦး။

၂၀၁၄ ဧပြီ
ရွှေအမြုတေ

❑

ဒီလ ရန်သစ်ဟာ အခုလက်ရှိ တည်းဖြတ်ထုတ်ဝေနေတဲ့ အယ်ဒီတာအဖွဲ့ရဲ့ နောက်ဆုံးလက်ရာလေးပါ။ မေလထုတ်ကစပြီး ဒီလမ်းကြောင်း၊ ဒီအနှစ်သာရ အတိုင်းပဲ 'ခေတ်ရန်' ထွက်လာတော့မှာပါ။ သူများသားသမီးကို ကောက်ယူမွေးစားပြီး ပေါက်မြောက်အောင်မြင်လာတော့မှ အဖေ၊ အမေ အရင်းအချာတွေက ပြန်ခေါ်လို့ ပြန်သွားတော့ အဲဒီသားသမီးနဲ့ ပုံစံတူ သားတစ်ယောက် ထုလုပ်အသက်သွင်းပေးနေရတဲ့ သဘောပါပဲ။ ဘာပဲပြောပြော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာအပြင် ရသစာပေကိုပါ အမြတ်တနိုး ထည့်သွင်းဖော်ပြလာမယ့် ခေတ်ရန်ကို စာဖတ်သူများ ကြိုဆိုကြမှာပါ။

ဒီလ ရန်သစ်မှာပါတဲ့ ဧော်ဝင်းကိုရဲ့ **ဘာမှန်းမသိ ညာမှန်းမသိ အခြေခံဥပဒေ၊ ထုံးဆိုးထဲ ထည့်ဝင်ရမည့် အခြေခံဥပဒေ**ဟာ ယနေ့

www.burmeseclassic.com

www.burmeseclassic.com

တားတား ဖြေဆိုသွားပါတယ်။ ရခိုင်လူမျိုးတွေဟာ အမျိုးကို သိပ်ချစ်တဲ့ လူမျိုးတွေပါ။ ဒါပေမဲ့ ရခိုင်ပြည်နယ်ထဲကို ဘင်္ဂလီတွေ တရားဝင် ဝင်ခွင့်ရရှိအောင် အဖြစ်အပျက်တွေက ရှိခဲ့ဖူးပါတယ်။ နမူနာ-ဟသ်ံစီမံချက်။ ပြီးတော့ အခုဖြစ်တဲ့ ကိစ္စက ကမန်(ရခိုင်လို့ အသိအမှတ်ပြုထားတဲ့ အစ္စလာမ်ဘာသာဝင်)နဲ့ ရခိုင်ဖြစ်တဲ့ ကိစ္စပါ။ ဘယ်သူပဲလွန်လွန် ကျူးလွန်သူတွေကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရမှာပဲ မဟုတ်လား။ သံတွဲဆိုတာ ကမန်နဲ့ရခိုင် အေးအတူပူအမျှ အတူတကွနှစ်ပေါင်းရာချီ နေလာခဲ့ကြတဲ့ မြို့လေးတစ်မြို့ပါ။ ဒါကို ဦးအေးသာအောင်ကလည်း လက်ခံပါတယ်။ ဒီတော့ ဘယ်သူမှာ တာဝန်ရှိသလဲ။ နိုင်ငံရေးပါတီနဲ့ ရခိုင်ပြည်နယ်အစိုးရမှာကော တာဝန်မရှိဘူးလား။ စဉ်းစားစရာပါ။ မဖွံ့ဖြိုးတဲ့၊ ဒီဇင်္ဂါဗြာရရှင် သယံဇာတ အရင်းအမြစ်ပေါကြွယ်ဝတဲ့ ရခိုင်ပြည်နယ်ကို စီမံခန့်ခွဲခွင့်ရတဲ့ သူတွေအနေနဲ့ အာဏာလက်ကိုင်ရရှိဖို့ထက် ရခိုင်ပြည်နယ် ငြိမ်းချမ်း၊ ဖွံ့ဖြိုးအောင် စီမံခန့်ခွဲနိုင်ဖို့ လိုလိမ့်မယ် ထင်ပါတယ်။ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေတဲ့ အကူးအပြောင်းကာလမှာ ဒီလို အင်တာဗျူးမျိုးဟာ အထောက်အကူပြုတဲ့ အင်တာဗျူးမျိုးပါ။ ကျေးဇူးပဲ ယမင်းမြတ်အေးရေ။

၂၀၁၄ ဧပြီ ရန်ုံသစ်

❑

ခုက တောင်ကုတ်အရေးအခင်း။ နေ့ခင်းကြောင် တောင် ဘတ်စ်ကားပေါ်က ဆွဲချပြီး သတ်တဲ့ အရေးအခင်း။ အဲဒီအရေးအခင်းနဲ့ ပတ်သက်ပြီး နိုင်ငံပိုင် သတင်းစာများက သုံးတဲ့ အသုံးအနှုန်း။ ကန့်ကွက်မှုများ၊ ကူးစက်လောင်ကျွမ်းသွားပုံ အဲဒါတွေကို ဆောင်းပါးရှင်က အသေးစိတ် ရေးသားထားပါတယ်။

ဘာပဲပြောပြော တကယ်ပြောရရင် ဒီနိုင်ငံမှာ ဥပဒေအရ အရေးယူလို့ မရတဲ့သူတွေ ရှိနေကြောင်း ထင်ရှားပါတယ်။ ဒီဆောင်းပါးဟာ ၂၀၁၅ မှာ ပြည်သူတွေအနေနဲ့ လူတစ်စုရဲ့ လှည့်ကွက်ထဲကို မကျရောက်အောင် သတိထားဖို့ အသိပေး တိုက်တွန်းထားတဲ့ ဆောင်းပါးပါပါ။

ယမင်းမြတ်အေးရဲ့ **ဦးအေးသာအောင်(ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ)နှင့် တွေ့ဆုံခြင်း**ကိုလည်း ညွှန်းချင်ပါတယ်။ ဦးအေးသာအောင်က ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စ၊ ညီလာခံကိစ္စ၊ ရိုဟင်ဂျာကိစ္စ၊ ဖက်ဒရယ်ကိစ္စ၊ သံတွဲမှာ ဖြစ်ပေါ်တဲ့ ပဋိပက္ခတို့ကို ဆွေးနွေးဖြေကြား သွားပါတယ်။ 'သံတွဲကိစ္စမှာ အစိုးရဘက်ကနေ ရခိုင်တွေကို စွပ်စွဲခဲ့တဲ့ အပေါ် ဆရာ့သဘောထားကို သိချင်ပါတယ်'လို့ မေးတော့ ဦးအေးသာအောင်က ယမင်းမြတ်အေးရဲ့ အမေးကို ဝါးထားပြီး ပြန်သွားသတဲ့။ ဆရာတော်က အဲဒီကျမ်းကို ဖတ်ပြီး နောက်နေ့မနက်ကျတော့ ကပ္ပိယကြီးကို 'ဟဲ့ မောင်ကပ္ပိယ ဒီပုရပိုက်ကို ထုံးအိုးထဲသာ ထည့်ပစ်လိုက်ပေတော့'လို့ မိန့်သတဲ့။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ ဥပဒေဟာလည်း ထုံးအိုးထဲ ပစ်ထည့်လိုက်ရမယ့် ဥပဒေပါလို့ ဆရာက ပြတ်ပြတ်သားသား ဆိုပါတယ်။ ဖတ်ကြည့်ပါဦး။ ဒီနေ့ မြန်မာနိုင်ငံသားအားလုံးရဲ့ အရေးတကြီးကိစ္စတစ်ခု ဖြစ်နေလို့ အခုလို ညွှန်းလိုက်ရတာပါ။

ကို သောင်း(ကမာရွတ်)ရဲ့ **၂၀၁၅ လှည့်ကွက်ကို သတိပြုပါ**ဟာ မြန်မာ့နိုင်ငံရေးရဲ့ လက်ရှိအခြေအနေမှာ လှည့်ကွက်ရှိနေကြောင်း ဖော်ထုတ်သတိပေးထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ စာရေးသူက ဒီနေ့ အရွယ်အထွေးတွေထဲမှာ အဆိုးဆုံးဖြစ်နေတာက ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများ၊ ဘာသာတူချင်း ဖြစ်နေတဲ့ ပဋိပက္ခများဖြစ်တယ်။ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခရဲ့ အရင်းအမြစ်ကို ဆန်းစစ်ကြည့်လိုက်ရင် ကြားဖြတ်ရွေးကောက်ပွဲမှာ NLD နိုင်ပြီး ဖြစ်ပေါ်လာတဲ့ ကျောက်နီမော် ဖြစ်ရပ်ဆိုး။ အဲဒီ ဖြစ်ရပ်ဆိုးဟာ တမင် ဖန်တီးထားတာလား၊ မတော်တဆ ဖြစ်တာလား ဆန်းစစ်ဖို့ လိုလာတယ်။ ပြစ်မှု ကျူးလွန်သူကို ဖမ်းဆီးပြီး အချုပ်ခန်းထဲမှာ ထားပါလျက်နဲ့ သူကိုယ်သူ သတ်သေသွားတယ် ဆိုတာကလည်း စဉ်းစားစရာပါ။ နောက်တစ်

အတည်ဖြစ်နေတဲ့ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ ပတ်သက်ပြီး စနစ်တကျ လေ့လာချဉ်းကပ်ထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။

'ဘာမှန်းမသိ ညာမှန်းသေ မဖြစ်ကြစေနဲ့။ ဘာမှန်းသေရင် ညာမှန်းလည်း သိမှာမဟုတ်ဘူး'ဆိုတဲ့ ရွှေညိုဆရာတော်ရဲ့ မိန့်ကြားချက်ကို ဖော်ပြပြီး ဒီဥပဒေအတည်ဖြစ်လာပုံ သမိုင်းအမှန်ကို တင်ပြပါတယ်။ ပြီးမှ ဆရာက ၁၉၄၇ ဥပဒေဟာ ဘော်လှန်ရေးရဲ့ အသီးအပွင့်၊ ၁၉၇၄ ဥပဒေဟာ ဖောက်ပြန်ရေးရဲ့ အသီးအပွင့်၊ ၂၀၀၈ ဥပဒေကတော့ ရှုစ်လေးလုံး တော်လှန်ရေးကြီးရဲ့ အောင်သီးအောင်ပွင့်လို့ ဆိုပါတယ်။ ပြီး မြန်မာ့သမိုင်းနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို သိပ်နုနည်းကျကျ ချဉ်းကပ်လေ့လာပြခဲ့ပါတယ်။ အမှန်တော့ မြန်မာနိုင်ငံမှာ ဘယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမှ သူ့အတွင်း ပြဋ္ဌာန်းထားတဲ့ နည်းလမ်းတွေနဲ့ ပြင်ဆင်ခံရတာ မရှိဘဲနဲ့ ယျက်သိမ်းခံရ တာချည်း ဖြစ်တာကို တွေ့ရ တယ်။ ဆရာက သူ့ဆောင်း ပါးမှာ ၂၀၀၈ အခြေခံဥပဒေ ရဲ့ အားနည်းချက်တွေကို ပုဒ်မအလိုက် ဖော်ပြပါတယ်။ မန်လည်ဆရာတော်ဘုရားထံ ကျမ်းပြုဆရာတော်တစ်ပါးက သူပြုစုထားတဲ့ ကျမ်းကိုပေးပြီး 'မှားတာရှိရင် အဲဒီစာရဲ့ အောက်မှာ ထုံးတို့ပြီး ပြပေးပါဘုရား။ တပည့်တော် ပြင်ပါ့မယ်ဘုရား'လို့ လျှောက်

www.burmeseclassic.com

ဒီလ ကလျာမှာ ပထမဦးဆုံး ညွှန်းချင်တဲ့ ဝတ္ထုတိုက မြို့သာ-မရာထိုရဲ့ **တန်ကြေး** ပါ။ အမှန်တရားဘက်က ရဲရဲရပ်တည်ချင်တဲ့ ဒေါ်လှတင်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ စိတ်ယဉ်ကျေးမှုကို ပုံဖော်ရက်ဖွဲ့ပြထားတဲ့ ဝတ္ထုတိုလေးပါ။ လမ်းစဉ်ပါတီခေတ် ဦးနေဝင်းရဲ့ 'ဒွေစက္ကူ'ကိစ္စကို အောက်ခံထားပြီး အဲဒီအပေါ်မှာ အလွန်ရိုးသားတဲ့ အောင်ဒင်နဲ့မိဖော့တို့ မိသားစုရဲ့ တရားမဝင် ဒွေစက္ကူသုံးသောင်းအပေါ် စိတ်လှုပ်ရှားခံစားပုံကို ရေးဖွဲ့ထားတာပါ။ မြို့သာ-မရာထိုဟာ အောင်ဒင် မိဖော့နဲ့ သူတို့သား၊ ဦးပိုက်နဲ့ ဒေါ်လှတင်တို့ကို ပုံဖော်ရာမှာ အလွန်ပီပြင်ပါတယ်။ ရွှေမောင်းကြိုက်တာက 'ဒေါ်လှတင်'ရဲ့ စိတ်စရိုက်ကို စာဖတ်သူရင်ထဲရောက်အောင် ရေးဖွဲ့ပြနိုင်တာကိုပါ။ ဖတ်ကြည့်ပါဦး။

ရဲသျှမ်းရဲ့ **ဟိန်းမင်း သို့မဟုတ် ဝပ်ကျင်းရှာနေသူလေး**ကိုလည်း ညွှန်းချင်ပါတယ်။ ဆရာ ရဲသျှမ်းဟာ စာရေးကောင်းပြီး စာပေပုံစံမျိုးစုံကို ရေးသားနိုင်တဲ့ စာရေးဆရာတစ်ဦးပါ။ ဒီစာစုကိုတော့ အယ်ဒီတာတွေက မာတိကာမှာ 'ဘဝအိပ်မက်'လို့ ခေါင်းစဉ်တပ်ထားပါတယ်။ ဟုတ်ပါတယ်။ လူတစ်ယောက်မှာ အနာဂတ်ဘဝအိပ်မက်ဆိုတာ ရှိပါတယ်။ ဆရာ ရဲသျှမ်းက 'လေတိုက်ရာ လွှင့်မျောနေတဲ့ ဟိန်းမင်း'ရဲ့ဘဝအိပ်မက်ကို ရေးပြထားပါတယ်။ ဘယ်သူတွေ ဘာပဲပြောပြော မြန်မာနိုင်ငံရဲ့

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ ဥပဒေဟာလည်း ထုံးအိုးထဲ ပစ်ထည့် လိုက်ရမယ့် ဥပဒေပါလို့ ဆရာက ပြတ်ပြတ်သားသား ဆိုပါတယ် ဖတ်ကြည့်ပါဦး ဒီနေ့ မြန်မာနိုင်ငံသား အားလုံးရဲ့ အရေးတကြီးကိစ္စ တစ်ခုဖြစ်နေလို့ အခုလို ညွှန်းလိုက် ရတာပါ

စီးပွားရေး မြို့တော်ကြီးမှာတောင် ကျောချစရာ နေရာတစ်နေရာ မရှိတဲ့၊ ဖြစ်သလို ကျောချနေကြရတဲ့သူတွေ ဒုနှင့်ဒေး ရှိနေကြောင်း စာရေးသူက 'ဟိန်းမင်း'ကို သက်သေထူပြထားပါတယ်။ ဖတ်ကြည့်ပါဦး။

ဒီလ ကလျာမှာပါတဲ့ မောင်ကိုကို(အမရပူရ)ရဲ့ **စစ်မိုလ်ကိုဘာကြောင့်...**ဟာ တစ်ခါက ပြည်သူ့အချစ်တော် တပ်မတော်ရဲ့ ဒီနေ့ အခြေအနေကို စာရေးသူက သူ့အမြင်နဲ့ ရေးသားတင်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ BIA, BDA ကစပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်လာခဲ့တဲ့ တပ်မတော်ကို ပြည်သူက လေးစားချစ်ခင်ခဲ့ပါတယ်။ အဲ ဦးနေဝင်းလက်ထက်ကစပြီး တပ်မတော်ဟာ တပ်မတော်နေရာ မနေဘဲ မနေသင့်တဲ့ မနေအပ်တဲ့ နေရာကို ရောက်လာလို့ တိုင်းပြည်ငါးပါး မှောက်ခဲ့ရပါတယ်။ စာရေးသူက ကိုယ့်သားသမီး တပ်မတော်ထဲသွင်းတာကစပြီး ရည်ရွယ်ချက်မှားခဲ့ပုံကို ရေးပြထားပါတယ်။ ဒီနေ့ တပ်မတော်ဟာ ပြည်ချစ်တပ်မတော် ဟုတ်မဟုတ် သိရအောင် ဒီဆောင်းပါးလေးကို ဖတ်ကြည့်ပါလို့ ညွှန်းလိုက်ပါရစေ။

၂၀၁၄
မေ ကလျာ

❑

ဒီလ ရုပ်ရှင်တေးကဗျာမှာ ညွှန်းချင်တာက ဘိုးသိမ်းရဲ့ **တက္ကသိုလ်များ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး**ပါ။ စာရေးသူဟာ ရှေးမီနောက်မီ ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့အတွက် ၁၉၆၂ ခု စစ်တပ်က အာဏာသိမ်းမီ တက္ကသိုလ်နဲ့ ဒီနေ့ တက္ကသိုလ်ကို စာဖတ်သူ ခွဲခြားမြင်လာအောင် တင်ပြနိုင်ပါတယ်။ တက္ကသိုလ်များ ဗဟိုကောင်စီ ဖွဲ့စည်းရေး ဥပဒေ (ဒုတိယမူကြမ်း)ကို ၂၀၁၃ ဒီဇင်ဘာ ၁၈ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ ဥပဒေကို တက္ကသိုလ်များက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ပါတယ်။ တကယ်လုပ်ရမှာက 'အမျိုးသားပညာရေး ဥပဒေ'ပါ။ ဒါပေမဲ့ ဒီနေ့အထိ မပြဋ္ဌာန်းနိုင်သေးပါဘူး။ စာရေးသူက တက္ကသိုလ်သမိုင်းကို ပြန်ပြောင်းပြောပြပြီး အာဏာသိမ်း စစ်အစိုးရက ၁၉၆၂ မေ ၉ ရက်မှာ 'ရန်ကုန်တက္ကသိုလ် ဥပဒေ'နဲ့ 'မန္တလေး တက္ကသိုလ် ဥပဒေ'ကို ရုပ်သိမ်းတဲ့ ဥပဒေကို ကြေညာခဲ့တယ်။ အဲဒီမှာ တင်ပဲ တက္ကသိုလ်ဟာ စစ်တပ်ရဲ့ တိုက်ရိုက်ချုပ်ကိုင်မှုအောက်ကို ရောက်သွားခဲ့ပါတယ်။ တက္ကသိုလ်ဆိုတာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့် ရရှိဖို့ လိုပါတယ်။ စာရေးသူက သူ့ဆောင်းပါးမှာ ဒီနေ့ခေတ် ရှိသင့်ရှိထိုက်တဲ့ တက္ကသိုလ်ရဲ့ ဥပဓိရုပ်ကို တိတိကျကျ ညွှန်းဆိုပြထားပါတယ်။ ရွှေမောင်းအနေနဲ့ ပြောရရင်တော့ လွတ်တော်ထဲကို ရောက်နေတဲ့ ပြည်သူကိုယ်စားလှယ်ကြီးတွေ အပါအဝင် ပညာရေးနဲ့ စပ်ဆိုင်နေသူအားလုံး ဖတ် မှတ်ရမယ့် ဆောင်းပါးတစ်ပုဒ်ဖြစ်သလို မြန်မာနိုင်ငံရဲ့ အနာဂတ် လိုအပ်ချက်ကို ဖြည့်ပေးလိုက်တဲ့ ဆောင်းပါးတစ်ပုဒ်လည်း ဖြစ်ပါတယ်။

၂၀၁၄ ဇွန်
ရုပ်ရှင်တေးကဗျာ

❑

စစ်အစိုးရနှစ်ဆက် ပညာရှင်တွေကို အသုံးပြု ချီးမြှောက်ခြင်း မရှိခဲ့လို့ လွှင့်စဉ်သွားခဲ့ရတဲ့ ပညာရှင်တွေ ဒုနှင့်ဒေးပါ။ ဒါဟာ ဦးနောက်ယိုစီးမှုဖြစ်ပြီး ကိုယ့်နိုင်ငံအတွက် အလွန်နစ်နာပါတယ်။ ဒီလ မဟေဝိမှ ဖော်ပြထားတဲ့ ဆင်လှို့ **'ဦးနောက်ယိုစီးမှုနှင့် လူသား**

www.burmeseclassic.com

www.burmeseclassic.com

အရင်းအမြစ်ဟာ အဲဒီအကြောင်းအရာကို ရေးသားတင်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ စာရေးသူက သူ့ဆောင်းပါးရဲ့ နိဂုံးမှာ ပြည်တွင်းမှာ လာရောက် ရင်းနှီးမြှုပ်နှံကြတဲ့ ကုမ္ပဏီများက ပြည်တွင်းမှာရှိတဲ့ လုပ်သားများကို ရွေးချယ်ခန့်ထားဖို့ လိုကြောင်း တိုက်တွန်းထားပါတယ်။

မေရူးရဲ့ **ငါသေသွားသော်**ဟာ စီပိုး အသည်းကင်ဆာကြောင့် သေဆုံးသွားတဲ့ ရုပ်ကလာပ်ကို ရောဂါကူးမည်ဆိုပြီး ပြီးစလွယ် သင်္ကြိုဟ်ဖို့ စီစဉ်တဲ့ မိသားစုတစ်စုရဲ့ အကြောင်းကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ အဲဒီမှာ စာရေးသူက လူတစ်ယောက် သေရင် မြေကျ(သင်္ကြိုဟ်)ဖို့ အတွက် ဘယ်အထိ လိုအပ်တယ်၊ ဘယ်လို လူတွေရှိတယ် စတဲ့ အရာတွေကို စာဖတ်သူသိအောင် ပြောပြသွားခဲ့ပါတယ်။ သုတကို ရသထဲမှာ လှလှပပ သပ်သပ်ရပ်ရပ် ဖြန့်ခင်းပြထားတဲ့ ဝတ္ထုတိုကလေးပါ။ ဖတ်ကြည့်ပါဦး။

မိုသျှန်းရဲ့ **ကြောက်ရွံ့ခြင်း**ကိုလည်း ညွှန်းချင်ပါတယ်။ ဒီ ဝတ္ထုတိုဟာ တင်ပြပုံအသစ်နဲ့ တင်ပြထားရုံမက သီကုံးမှုကလည်း သာမန်လူတွေ မသီကုံးတတ်တဲ့ သီကုံးမှုနဲ့ ရေးသားထားပါတယ်။ ကြောက်ရွံ့ခြင်းကို တူးဆွထားတဲ့ ဝတ္ထုတိုပါ။

၂၀၁၄ ဧပြီ မဟေသီ

❑

ဒီလ ရတီမှာပါတဲ့ သက်ဦးမောင်ရဲ့ **အနက်ရောင်ကမ္ဘည်း**ဟာ စိတ်ကောင်းရှိသူ၊ စိတ်ယဉ်ကျေးမှု မြင့်မားသူနဲ့ စိတ်ယုတ်သူ၊ စိတ်ယဉ်ကျေးမှု နိမ့်ကျသူတို့ကို နှိုင်းယှဉ် ရေးဖွဲ့ပြထားတဲ့ ဝတ္ထုတိုပါ။ ယင်းမာရွာသားနှစ်ယောက်၊ ငယ်စဉ်ကတည်းက အတူနေလာကြသူတွေ၊ တစ်ဦးက 'ပရ'၊ တစ်ဦးက 'အတ္တ'။ ပရသမား ဦးပေါ်ဆန်းက ရေချမ်းစင်ဆောက်လှူဒါန်းရာမှာလည်း ကမ္ဘည်းထိုးလိုက်ပုံက အတ္တသမား 'ဦးဝဏ္ဏကို ရည်စူး၍'လို့ ရေးတဲ့အတွက် ရွာသားများ မကျေနပ်ဖြစ်ပုံကို ရေးဖွဲ့ထားပါတယ်။

၂၀၁၄ ဧပြီ ရတီ

❑

ဒီနေ့ ဂီတလောကကို ဒုက္ခအပေးဆုံးက နိုးကူးခွေကိစ္စပါ။ မြန်မာနိုင်ငံမှာ အဲဒီနိုးကူးခွေကိစ္စဟာ အုတ်အော်သောင်းတင်းဖြစ်လိုက်၊ နဂိုအတိုင်း ပြန်ဖြစ်လိုက်ပါပဲ။ ဖမ်းချင်၊ အရေးယူချင်ရင် အခုလည်း ဖမ်းလို့၊ အရေးယူလို့ ရပါတယ်။ ဒီကိစ္စမျိုးဆိုတာက စိတ်သဘောထားနဲ့လည်း တည်မှီနေပါသေးတယ်။

ဒီလ Look မှာပါတဲ့ ခိုင်မြဲသာရဲ့ **ကျွန်တော်သိသမျှ ဂီတလောက**-ဘဟာ ခိုင်မြဲသာရဲ့ ဂီတလောက ဘဝဖြတ်သန်းမှုကို ရေးသားထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ အနုပညာသမားတစ်ဦး ဖြစ်ဖို့ ဆိုတာက မလွယ်ပါဘူးလေ။ ဘဝကို ကြမ်းကြမ်းတမ်းတမ်း ဖြတ်သန်းခဲ့ရသူတွေချည်းပါပဲ။ ဒီဆောင်းပါးမှာ အနုပညာသမားရဲ့ ထားရှိရမယ့် 'စိတ်'ကို ပြောပြထားပါတယ်။ ဂီတဝါသနာပါသူတိုင်း ဖတ်ရမယ့် ဆောင်းပါးတစ်ပုဒ်ပါ။

၂၀၁၄ No.33 Look

■

မင်္ဂလာရွှေမောင်း

သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မုလပထမ"

ကျွန်ုပ်တို့ပေးသည်ထက်

မှာ

အပ်နှံမှ စိတ်ချရမယ်။ ပုန်းတစ်ချက်သာ ဆက်လိုက်ပါ။။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ကြိုစက္ကဏ္ဍများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။
(နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၇ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

ဒေါက်တာတင်မိုးမိုးလ် (နာမကရဏ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထမ်း၊ အထုပ်ပြုနယ်၊ ရန်ကုန်ပြို့။

ဖုန်း-၀၁-၂၂၈၆၅၁၊ ၀၉-၇၃၁၇၇၃၁၊ ၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com

www.burmeseclassic.com

စာရေးဆရာမ ချစ်လင်

သိုးမြိုးဂျော်

တစ်ခါတစ်ရံ
သူဝတ္ထုများတွင်
ကျွန်တော်၏
ပုံပန်းသဏ္ဌာန်
အတိုင်း
ဇာတ်လိုက်ကို
ဖွဲ့နွဲ့ကာ
ကျွန်တော့်
အမူအကျင့်
ကလေးတွေကိုပါ
ထည့်သွင်း
ရေးတတ်သည်
ဤမျှနှင့် အားမရ
ကျွန်တော့်ကို
ဇာတ်လိုက်
နေရာတွင်
ခြယ်မှုန်းထား၍ပြီး
ငါးစိမ်းသည်နှင့်
ပေးစားသည်
အသက်ကြီးကြီး
မိန်းမလည်ကြီးနှင့်
ပေးစားသည်

၁။
ကျွန်တော်သည်
စာပေကို မြတ်နိုးသည်နှင့် အမျှ
စာရေးဆရာဆိုသော
ပုဂ္ဂိုလ်များကိုကား ရှောင်မိသည်။
စာရေးဆရာတွေကို
အဝေးကရှောင်လျက်
သုတ္တံနှင့် မလွဲသာမရှောင်သာ၍
တွေ့ဆုံရလျှင်လည်း
နှုတ်ပိတ်ပြီး ငြိမ်သက်စွာ
ကိုယ်နှုတ်နှလုံးကို သတိကြီးစွာဖြင့်
ထိန်းသိမ်းထားခဲ့သည်။ ဒါကိုပင်
ကျွန်တော့်အား လူထူးလူဆန်းဟူ၍
အမည်ပညတ်လျက် ကွယ်ရာတွင်
ရယ်သွမ်းသွေးကြသည်။
ကျွန်တော့် အဖြစ်သနစ် အမှန်ကို
သိကြလျှင်တော့ ဤသို့
ပြောဆိုကြလိမ့်မည်ဟု မထင်ပေ။
သို့ရာတွင် ၎င်းတို့အားလည်း
ထိုအဖြစ်မှန်ကို ပြော၍ မပြရဲပေ။
ပြောပြလိုက်ပါက
သူ ကောင်းသားများက
ကျွန်တော် ပြောပြ ဝန်ခံချက်
ကိုမူတည်လျက် စိတ်ကူး
သန်းကာ ကျွန်တော့်အား
ရယ်ဖွယ်ရာ သတ္တဝါတစ်ဦး
အဖြစ် စာပေဖြင့် ခြယ်မှုန်း
သရော်ကြပေမည်မှာ သေချာ
လှ၏။

ကျွန်တော့်အကြောင်း
ကိုကြား၍ သတင်းမေးလာ
ကြသူများထဲမှ ပြောမနာ ဆို
မနာ မိတ်ဆွေသူငယ်ချင်း
ဖြစ်သူ စာရေးဆရာ ကိုတင်
ဦးနှင့် တွေ့ကြရာ၌ သူက
ကျွန်တော့်အဖြစ်ကို ကရုဏာ
သက်သကဲ့သို့ မေးမြန်း
သည်။ ကျွန်တော်သည် ငယ်
ပေါင်းကြီးဖော်ဖြစ်သည့်
သူငယ်ချင်း ကိုတင်ဦးကို
ဖြစ်ပျက်ပုံကို မပြောချင်ပေ။
သူသည်လည်း စာရေးဆရာ
တစ်ဦး မဟုတ်ပါလော။

စာရေးဆရာကို တွေ့
လျှင်ကျောထဲမှစိမ့်၍ ကြောက်
နေမိသည်။ သူ အရှေ့ကို
ရုတ်တရက် ပြန်မမြင်။ တို့
ကြောင့် ကုမ္ပဏီဘာ ဆိတ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ပဲ နေမိပြန်သည်။

'ပြောစမ်းပါဦးကွာ၊ မင်းဟာ တော်တော်ဦးနောက် ချောင်နေသလား မသိဘူးကွာ'

'ဟေ့ မင်းတို့စာရေးဆရာတွေကို ငါ မုန်းတယ်၊ နောက်ပြီး ကြောက်တယ်၊ မင်းတို့နဲ့တွေ့ရရင် ငါ့ကိုယ်ငါ မလုံခြုံသလိုဘဲ'ဟု ကျွန်တော်က စိတ်ထဲရှိသမျှဖွင့်ပြောလိုက်သည်။

'အို ခက်နေပြန်ပါပြီ။ မင်းဘာတွေ အရမ်းကာရော စွပ်စွဲနေတာလဲ။ မေးတာတခြား၊ ဖြေတာတလွဲ စိတ်မှ ကောင်းပါရဲ့လား ငါ့လူရဲ့'

သူစိတ်အတွင်းမှာတော့ ကျွန်တော့်ကို အတော် စဉ်းစားရ ကျပ်နေဟန်တူပေသည်။

'အေးကွ၊ မင်းတို့နဲ့ တွေ့လိုက်ရရင် ငါ့စိတ်တွေက ကယောင်ချောက်ချားဖြစ်ကုန်တာပဲ'

'ဘာပြုလို့တုံး'

'ငါဟာ စာရေးဆရာမရဲ့လင် ဖြစ်ခဲ့လို့ပေါ့ကွ'

'ငါ နားမလည်ဘူး၊ မင်းဟာ တိုင်းပြည်မှာ ကျော်ကြားနေတဲ့ စာရေးဆရာမတစ်ဦးကို ရထားတယ်။ သူကလည်း မင်းကို မြတ်နိုးတယ်။ နောက်ပြီး ဘာမှ အကြောင်းမရှိဘဲနဲ့ မင်းက ထွက်ပြေးပြီး မင်းမိန်းမကို မင်းအတွေ့မခံ ရှောင်တိမ်းနေတယ်။ ဒါဟာ ဦးနှောက်ကောင်းတဲ့လူရဲ့ အပြုအမူလား'

'မင်း မသိပါဘူးကွာ'

'ငါသိတယ်ကွ၊ ငါ့လောက် မင်းတို့နဲ့ ရင်းနှီးတဲ့လူ ရှိလို့လား။ မင်းဟာ ငါ့သူငယ်ချင်း၊ ခင်ခင်ကတို့နဲ့ ရေးဖော်ရေးဖက် နာမည်ကြီး စာရေးဆရာမကြီး။ မင်းဟာ နောက်လိုက်မိပါသည်။

ကိုတင်ဦးသည် ကျွန်တော့်အား သနားကြင်နာစွာနှင့် ငေးကြည့်နေပါသည်။ သူ့စိတ်ထဲ၌ ကျွန်တော်သည် စိတ်ပျံလွင့်နေပြီဟု ယူဆဟန်ရှိနေပေသည်။ ကျွန်တော်ကလည်း သူ့ကို စေ့စေ့မကြည့်ရဲပေ။ စိတ်ထဲ၌ တစိမ့်စိမ့်ကြောက်စိတ်ဝင်လာသည်။ မိမိပြောခဲ့သည့်စကားများမှာ များများလာပြီဖြစ်၍ စာရေးဆရာဖြစ်သူ ကိုတင်ဦးသည် ထိုစကားများကို အခြေခံကာ ဘာများကျွန်တော့်အကြောင်း ရေးလေဦးမည်လဲဟု ထိတ်လန့်လာမိသည်။ ကျွန်တော် ဂနာမငြိမ်ဖြစ်လာလေသူကလည်း ကျွန်တော့်အား ငယ်သူငယ်ချင်းတစ်ဦးအဖြစ် ပို့မိုသနားကရုဏာ ပိုလာပြီး များစွာ စိတ်မကောင်းသည့် သဏ္ဌာန် ပေါ်နေပေသည်။ သူသည် ကျွန်တော့်၏ပခုံးကို အသာအယာဖက်လိုက်သည်တွင် ကျွန်တော်သည် နဂိုက ကြောက်စိတ်တွေ မွှားနေသည့်အတွက် လန့်ဖျပ်၍ ထခုန်လိုက်မိသည်။

'ဟေ့ တင်ဦး၊ မင်း ပြန်တော့ကွာ။ မင်းတို့ ငါ့ကိုချစ်ရင် ငါ့ဆီကို မလာကြပါနဲ့ဦးကွာ။ ငါ တောင်းပန်ပါရစေ။ ငါ အေးအေးဆေးဆေး စဉ်းစားပြီး စိတ်တည်တည်ငြိမ်ငြိမ်ဖြစ်တဲ့အခါမှ တွေ့ပါရစေလား'

ကိုတင်ဦးသည် ကျွန်တော့်အား သနားကရုဏာတွေနှင့် ပြည့်နေသော မျက်လုံးအစုံဖြင့် ငေးမောကြည့်နေရှာပါသည်။ နောက်ပြီးမှ စိတ်မသက်မသာနှင့် ညည်းလိုက်ပါသည်။

'ခြော် သူငယ်ချင်းရယ်၊ ဖြစ်မှဖြစ်ရလေကွယ်'

ကျွန်တော်သည် သူ့အား ဘာမျှ တုံ့ပြန်၍မပြောပေ၊ သူ့ခပ်မြန်မြန်ထွက်သွားပါစေဟုသာ ဆုတောင်းနေမိပါသည်။

'ကဲကွာ၊ ဒါဖြင့်လည်း အကျိုးအကြောင်းတော့ နည်းနည်း ရှင်းပြပါလားကွာ'ဟု သူက ချော့မော့နေပြန်ပါသည်။

'ဟေ့ မင်းကို သာပြီး မပြောရဲသေးတယ် တင်ဦးရဲ့'

'ဘာပြုလို့တုံး'

'ခက်နေပါပြီကွာ၊ မင်းဟာ စာရေးဆရာဖြစ်ပြီး တော်တော်တုံးသေးတာပဲ။ ဘာပြုလို့လဲလို့ ငါ ရှင်းပြစရာ လိုသေးသလားကွ'

ကျွန်တော်သည် ဒေါသကလည်း အနည်းငယ်ထွက်လာသဖြင့် ခပ်ကျယ်ကျယ်လေး အော်လိုက်မိပါသည်။ ကိုတင်ဦးကတော့ ခပ်ပြုံးပြုံးကလေး ကြည့်နေသည်။ သူ့စိတ်တွင်းမှာတော့ ကျွန်တော့်ကို သနားစရာသတ္တဝါဟု ထင်မြင်နေပြီလား မပြောတတ်ပေ။ သို့ကြောင့် ကျွန်တော့်မှာ ပိုပြီး ခံပြင်းလာမိသည်။

'ငါ ခင်ခင်နဲ့လည်း တွေ့ခဲ့ပြီးပြီ'

နေဦး မောင်၊ အဲဒီ မျက်နှာပေးအတိုင်း နေစမ်းပါ
ခင် ကြည့်ပါရစေ။ ယောကျ်ားတစ်ဦးက မိန်းမတစ်ဦးကို
ချစ်ခင်မြတ်နိုးပြီး မေတ္တာစိတ်တွေ ကြွလာတဲ့အခါ
ဘယ်လိုနေသလဲလို့ ခင် သိချင်လို့ပါ။ ဟော မောင့်မျက်နှာကို
ကြည့်စမ်း မျက်လုံးနှစ်လုံးက ဝင်းလက်နေတယ်
ဒါပေမဲ့ နူးညံ့သိမ်မွေ့မှု မပါဘူး

အချစ်ကိုလည်း ရှာတာမဟုတ်၊ အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီးလည်း ဘာမှလည်း ပူစရာ၊ စိတ်ရှုပ်စရာမရှိ၊ အင်မတန် ချစ်ခင်ကြတဲ့ ဇနီးမောင်နှံဖြစ်တယ်။ ဟော အခုတော့ မင်းက ခင်ခင်နဲ့ ရင်မဆိုင်ရဲအောင်ဖြစ်ပြီး ရှောင်ပြေးနေတယ်၊ ဒါလူကောင်းတစ်ယောက် ပြုမူပုံလား။ ဟေ့ ဘုန်းမြင့် မင်းစိတ်ကို ထိန်းစမ်းပါကွာ၊ မင်း စိတ်အေးအေးနဲ့ စဉ်းစားနိုင်အောင် ငါနဲ့ လိုက်နေပြီး အနားယူပါလား သူငယ်ချင်းရယ်'

သူကတော့ ကြင်နာစွာ ပြောခြင်း ဖြစ်ပါသည်။

'အောင်မလေး၊ မင်းနဲ့လိုက်နေရရင် ငါ့ကို တံတားလေးပို့ရလိမ့်မယ်ကွ'ဟု ကျွန်တော်က အလန့်တကြားပဲ နောက်

www.burmeseclassic.com

www.burmeseclassic.com

'အင်း'

'သူခမျာလည်း မျက်ရည်နဲ့မျက်ခွက်ပဲ။ သူက ပြောတာ မင်းတို့နှစ်ဦး ဘာမှလည်းမဖြစ်ကြဘူးတဲ့။ သူမှာလည်း ဘာမှသဘောမကျစရာ မရှိဘူးလို့ သူ ထင်တယ်တဲ့။ နောက်ပြီး မင်းမှာလည်း ဘာမှချွတ်ယွင်းချက် မရှိဘူးတဲ့'

'အင်း'

'ဒီတော့ မင်း အခုပြုမူပုံက အဓိပ္ပာယ်ကင်းမနေဘူးလား'

'မင်းတို့ မသိပါဘူး'

'အေးလေ မသိလို့မေးနေတာပေါ့။ ခင်ခင်က မင်းကြိုက်တာ မနှစ်သက်တာရှိရင် ပြောပြစေချင်တယ်တဲ့'

'ငါ ခင်ခင်ကို သိပ်ချစ်ခင်မြတ်နိုးပါတယ်ကွာ'

'နို့ ဘာပြုလို့ ရှောင်ပြေးနေရတာလဲ'

'ကြောက်လို့ကွ'

ကိုတင်ဦးသည် မျက်မှောင်ကြုတ်၍ အဓိပ္ပာယ်ကို နားလည်သကဲ့သို့ စူးစိုက်ကြည့်နေပါသည်။

'ဟုတ်ပါပြီလေ'

'ဘာ ဟုတ်ပါပြီလဲ'

ကျန်တော်က ငေါက်လိုက်သည်။

'သူငယ်ချင်း၊ စိတ်ကို ငြိမ်ငြိမ်ထားပြီး နားထောင်ပါကွာ။ ဒို့ဟာ ငယ်သူငယ်ချင်းပါ။ တစ်ဦးအကျိုးကို တစ်ဦးထမ်းဆောင်ရမယ့် ဝတ္တရားရှိပါတယ်။ ကောင်းတာပဲ မြင်ချင်တယ်။ ဒီတော့ ယုံယုံကြည်ကြည်နဲ့ ငါ့စကားနားထောင်ပါ'

'ဘာလဲကွ'

'တံတားလေးကို ခဏလောက် လိုက်ပြီး အနားယူ...'

သူစကားမဆုံးခင် ကျန်တော်သည် အားရပါးရ ရယ်မောလိုက်၏။ ရယ်ချင်တဲ့စိတ်မှာ ထိန်းလို့မရသဖြင့် ဆက်တိုက်ပဲ ရယ်နေမိပါသည်။

'ဟေ့ ဘုန်းမြင့် ဘုန်းမြင့်'

ကိုတင်ဦးသည် စိုးရိမ်တကြီးနှင့် အနားသို့ထလာရှာပါသည်။ ကျန်တော်သည် ဒီစာရေးဆရာဆိုသူတွေ၏ အတွေးအခေါ် တိမ်လှုပ်တွေကိုပါ ရယ်ချင်လာပြန်သဖြင့် ဆက်တိုက် ကျယ်လောင်စွာ ရယ်မောနေမိပါသည်။

ကိုတင်ဦးသည် ရုတ်တရက် နေရာမှထကာ တံခါးဝသို့ ပြေးသွားပြီးမှ 'လာကြဗျို့ လာကြ'ဟု ခေါ်လိုက်ရာ မိတ်ဆွေသူငယ်ချင်း ဆွေမျိုးတစ်စုနှင့် ခင်ခင်ပါ ပြေးဝင်လာကြပြီး ကျန်တော့်အား ချုပ်ကိုင်၍ ကားပေါ်သို့တင်ကာ တံတားကလေးသို့ လိုက်ပို့လိုက်ကြပါတော့သည်။

❑

J။

ယခုတော့ ကျန်တော်သည် တံတားကလေး၌ စံမြန်းနေရလေပြီ။ ကျန်တော်သည် ကျန်တော့်အဖြစ်ကို ပြန်လှန်လှစ်ဟပြော၍ မဖြစ်တော့ပြီ။ ပြောရပေတော့မည်။

ကျန်တော်နှင့် ခင်ခင်တို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စုံမက်၍ ယူခဲ့ကြခြင်းဖြစ်ပါသည်။ တစ်ရပ်တည်းနေ တစ်ရေတည်း သောက်ဖြစ်ကြပြီး ကျောင်း၌လည်း အတူတူနေလျက် ကျန်တော်က ဆယ်တန်းတွင် သင်ကြားနေ၍ သူက ခြောက်တန်းအရောက်တွင် တစ်ဦးနှင့်တစ်ဦး မေတ္တာကူးလူး ဆက်ဆံခဲ့ကြပြီးဖြစ်ပါသည်။ ထို့နောက် ကျန်တော်တက္ကသိုလ်ရောက်၍ဘွဲ့ရပြီး နိုင်ငံတာဝန်ကို ထမ်းဆောင်လျက် တစ်ဝမ်းတစ်ခါး ကျန်စွာ ထိန်းကျောင်းနိုင်သည့်အချိန်တွင် ခင်ခင်နှင့် လူသိနတ်ကြား အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြလေသည်။ ထိုအချိန်တွင် ခင်ခင်က ဥပစာတန်းအောင်ပြီးဖြစ်သည်။

ကျန်တော်တို့ ဇနီးမောင်နှံမှာ အပေးအယူမျှတ၍ တစ်ရံတစ်ခါမျှ သဘောကွဲလွဲမှုမရှိ၊ တစ်ဦးကိုတစ်ဦး ယုယကြင်နာခဲ့ကြသည်။ ခင်ခင်မှာ စာပေ၌ ဝါသနာထုံသကဲ့သို့ ကျန်တော်ကလည်း စာပေကို ချစ်မြတ်နိုးသည်။ ခင်ခင် စာပေကိုဖတ်ရှုလေ့လာရုံမျှမက သူ့အသိ၊ သူ့အမြင်၊ သူ့စိတ်ကူးကလေးတွေကို ပြန်လည်တင်ပြလိုစိတ်ရှိသဖြင့် အားလပ်ချိန်ရလျှင်ရတိုင်း စာပေပြုစုနေတတ်သည်။ ကျန်တော်ကတော့ ခင်ခင်ကဲ့သို့ စာပေမပြုစုတတ်။ သူရေးသမျှကို ဖတ်ရှု၍ ဝေဖန်ပေးရုံမျှသာ တတ်နိုင်သည်။

ကျန်တော်တို့ ညားခါစအချိန်၌ သူဝတ္ထုများ၊ ဆောင်းပါးများကို ဖတ်လျက် ဝေဖန်ဆွေးနွေးကြခြင်းဖြင့် အချိန်ကုန်မှန်းမသိ ကုန်ခဲ့ရသည်မှာ များစွာကြည်နူးစရာပင်ဖြစ်သည်။ သို့နှင့် ခင်ခင်သည် စာပေလောကဌ် နာမည်ကျော်ကြားလာခဲ့ရာမှ ထုတ်ဝေသူများသည် ခင်ခင့်စာမူကို မကြာခဏ လာတောင်းတတ်သည်။ ခင်ခင်သည် စာပေနယ်၌ ရေပန်းစားလာသည်နှင့်အမျှ မအားမလပ်အောင်ဘဲ ကြိုးစား၍ ရေးသားလေသည်။ သူ၏ဝတ္ထုများကို မကြာခဏ ရုပ်ရှင်ရိုက်ရန် ဝယ်ယူသွားတတ်ကြသေး၏။ စင်စစ်မှာ ခင်ခင်၏ ဝင်ငွေမှာ ကျန်တော်ရရှိသည့် လခထက်ပင် ပို၍ မလာပေ။ သို့သော်လည်း ခင်ခင်သည် ငွေကိုမက်မောသူ မဟုတ်။ သူ၏ ရင်ထဲ၌ ဖြစ်ပေါ်နေသည့် ခံစားမှု၊ သူကြုံတွေ့ရသည့် ဗဟုသုတ၊ သူစဉ်းစားတွေး ခေါ်ရရှိသည့် အသိတွေကို ရေးခြယ်နှုန်းဖွဲ့တင်ပြခဲ့ရလျှင် ကြည်နူးနှစ်သိမ့်နေပေသည်။

တစ်ခါတစ်ရံ ခင်ခင်က 'မောင်ရယ် ခင် သိရှိခံစားတွေးတောစဉ်းစားရသမျှတွေကို ရေးပြရတာ အားမရဘူး။ ခင်တို့ရဲ့ ဘာသာစကားဟာ မလုံလောက်ဘူးလို့တောင် ထင်မိတယ်။ ဘယ်လိုတစ်ဖက်သားက ခင် သိသလိုသိအောင်၊ ခင် ခံစားရသလို ခံစားရအောင် လုပ်ရမှန်းမသိဘူး'ဟု ပြောတတ်ပါသည်။

ကျန်တော်သည် သူဆိုလိုသည်ကို တိကျစွာတော့မသိပါ။ ခင်ခင့်ကိုကြည့်ရသည်မှာ သူဖန်ဆင်းလိုသည့် ရုပ်သွင်ကို သူမှာရှိသည့် ကိရိယာနှင့် သူစိတ်တိုင်းကျ မဖန်ဆင်းနိုင်သူတစ်ဦးကဲ့သို့ အားမလို အားမရဖြစ်နေပုံရသည်။ တစ်ခါ

www.burmeseclassic.com

တစ်ရံတွင် လသာသည့် ညများ၌ ဇနီးမောင်နှံ ခြံထဲဆင်း၍ ထိုင်ကြရင်း ထွေရာလေးပါး ပြောဆိုနေကြသည့်အခါ၌ ကျွန်တော်ကသာ အပြောသမားဖြစ်နေသည်။ ခင်ခင်ကတော့ ဘာကိုတွေးနေမှန်းမသိ၊ ငြိမ်ချက်သားကောင်းပြီး တစ်ခါတစ်ခါမှ အိပ်ရာမှ လန့်နိုးလာသူကဲ့သို့ အင်း…၊ အဲ…နှင့် လိုက်တတ်၏။

'ခင် ဘာတွေ စဉ်းစားနေသလဲ'ဟု မေးလျှင်-

'ဟင်း ဟင်း ခင်လေ မောင့်အကြောင်းကို စဉ်းစားနေတယ်'

'ဟေ့ မောင့်အကြောင်းကို ဟုတ်လား၊ ဘာတွေများ စဉ်းစားစရာရှိလို့တုံး၊ မောင်က ဘာဖြစ်နေလို့တုံး'

'ဒီလိုလေ၊ မောင်ဟာ အေးဆေးတယ်၊ လောကကို ပကတိတွေ့ရတဲ့အတိုင်း လက်ခံတတ်တယ်'

'အေး ဆိုစမ်းပါဦး စိတ္တဇေဒ ပညာရှင်ကြီးရဲ့'

'အကောင်းပြောတာပါ မောင်ရဲ့၊ အဲဒီလိုလူဟာ ခင်မနေ့က တွေ့ခဲ့တဲ့ စိတ်ကြမ်း၊ ကိုယ်ကြမ်း ငါးစိမ်းသည်နဲ့များရရင် ဘယ်လိုများနေမလဲလို့'

'အောင်မယ်လေးဗျာ၊ ကြဲကြီးစည်ရာ အသည်းထိတ်စရာပဲ'

'ညော် မောင်ကလည်း စဉ်းစားကြည့်တာပဲဟာ'

'ဒီပြင် စဉ်းစားစရာ မရှိလို့လားကွာ'

'စဉ်းစားတယ်ဆိုတာ စိတ်ကူးတည့်ရာ စဉ်းစားကြည့်ရတာပေါ့ရှင်။ သမားရိုးကျကြီး စဉ်းစားလို့တော့ ဘာထူးမလဲ'

ကျွန်တော်သည် ဘာမျှ ပြန်မပြောနိုင်၊ ခင်ခင့်ကိုသာ

သွင်ကိုကြည့်ရင်း ချစ်စိတ်တွေက တဖွားဖွား ပွားများလာ၍ ငယ်ရွယ်သူ ဇနီးမောင်နှံတို့ ခမ္မတာအတိုင်း သူ့အနားသို့ မချို မချဉ်ချဉ်းကပ်လာပြီး သူ့ကို အသာအယာ ပွေ့လျက် မွေးမည်ပြုစဉ် ခင်ခင်က သူလက်ကလေးဖြင့် ကျွန်တော့်မျက်နှာကို တွန်းထားပြီးမှ 'နေဦး မောင်၊ အဲဒီ မျက်နှာပေးအတိုင်း နေစမ်းပါ။ ခင် ကြည့်ပါရစေ။ ယောကျ်ားတစ်ဦးက မိန်းမတစ်ဦးကို ချစ်ခင်မြတ်နိုးပြီး မေတ္တာစိတ်တွေ ကြွလာတဲ့အခါ ဘယ်လို နေသလဲလို့ ခင် သိချင်လို့ပါ။ ဟော မောင့်မျက်နှာကို ကြည့်စမ်း မျက်လုံးနှစ်လုံးက ဝင်းလက်နေတယ်။ ဒါပေမဲ့ နူးညံ့သိမ်မွေ့မှု မပါဘူး။ သံဓာတ်ခဲသွားလို မာကျောပြောင်လက်နေတယ်။ အထဲက သူငယ်အိမ်ကလေးတွေက ကျဉ်းသွားတယ်။ ကျားသတ္တဝါဟာ သားကောင်ကို ဖမ်းအုပ်တော့မယ့်အချိန်မှာ ဖြစ်ပုံမျိုးပဲ။ မောင့် နှာခေါင်းကလည်း ပွလာတယ်။ ပါးစပ်ကလည်း နည်းနည်းပိုပြီး ဟလာတယ်။ မောင့်မျက်နှာကလည်း သွေးရောင်ပိုပြီးပြည့်လာတယ်။ နောက်ပြီး ပူနွေးလာတယ် ထင်ရတယ်'ဟု အဆုံးမသတ်ခင်ပင် ကျွန်တော်က 'တော်တော့ တော်တော့ ခင်'ဟု ပြောလျက် ထွက်ခွာသွားပြီး ပက်လက်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်မိပါ၏။

'မောင်ကလည်း ဘာဖြစ်တာလဲ'

'အိုကွာ ဘာမှမဖြစ်ပါဘူး။ မင်း သရုပ်ခွဲနေတာကြောက်လို့'

'အို…စူးစမ်းလေ့လာ တာပဲဟာ။ စာရေးဆရာ ဆို တာ ဒီလိုအသေးစိတ် စူးစမ်း လေ့လာမှုရှိမှ သဘာဝကျတဲ့ သရုပ်မှန်စာပေရေးနိုင်မှာရှင့်'

'ဟာကွာ စူးစမ်းစရာ ဒါလောက်ပဲ ရှားသလားကွ။ ကိုယ် ကျောင်းမှာတုန်းက အင်္ဂလိပ်ကဗျာတစ်ပုဒ် ဖတ်ဖူးတယ်။ ပိုးနားသန်ကောင်ဟာ ခြေတွေအများကြီးနဲ့ သူဟာသူ သွားနေတော့ အဖြစ် သား၊ နောက် သူက ဘယ်ခြေထောက်က အရင်လှမ်းသလဲဆိုတာ စဉ်းစားကြည့်တော့မှ တစ်ခါတည်းသွားလို့မဖြစ်တော့ဘူးတဲ့'

'မောင်ကလည်း အတွေးအခေါ်တွေနဲ့ပါကလား'

'တော်ကွာ'

ကျွန်တော်သည် ကြာလေ ခင်ခင့်အနားမကပ်ရဲလေ ဖြစ်လာတော့သည်။ သူ့ရှေ့တွင် ဝမ်းသာအားရ ရယ်မောမိလျှင်လည်း သရုပ်ခွဲပြသည်။ စိတ်ညစ်ညူးနေလျှင်လည်း သရုပ်ခွဲပြသည်။ နောက်ပြီး အဆိုးဆုံးက ကျွန်တော်တစ်စုံတစ်ခု စဉ်းစားနေသည်ဖြစ်စေ၊ အလုပ်လုပ်နေသည်ဖြစ်စေ ခင်ခင်က စားပွဲတစ်ခုမှ စိန်းစိန်းကြီးကြည့်နေပြီးနောက် သူမှတ်စုတွင် ရေးပါလေတော့သည်။ ကျွန်တော်သည် မနေတတ်

'ခဏ၊ ခဏနော် မောင်
မောင် ပြောလိုက်တဲ့စကားလုံးတွေဟာ
တော်တော်ပြောင်တယ်။ ခင်ကာ မှတ်လိုက်ပါရစေဦး'ဟု
ဆိုကာ မီးဖွင့်ပြီး သူ၏မှတ်စု စာအုပ်ကိုဖွင့်ကာ
ရေးနေပေတော့သည်

ငိုင်၍ ကြည့်နေမိပါသည်။ ယခု ခင်ခင်မှာ ကျွန်တော် မသိသော စာရေးဆရာ ခင်ခင်ပါကလားဟု တွေးမိ၏။

စကားလည်း ဆက်မပြောကြ၊ ခင်ခင်သည် ဆက်လက်၍ အတွေးနယ်တွင် မျောနေပုံရပြန်သည်။ သူ ဘယ်လိုများ ငါ့ အကြောင်း စဉ်းစားနေပါလိမ့်ဟုတွေးရင်း ကျောထဲ၌ စိမ့်လာ ပြန်သည်။ အတန်ငယ် ညဉ့်နက်လာသည့်တိုင်အောင် ခင်ခင်သည် စကားတစ်လုံးမျှမပြောသဖြင့် မကြာခင် ကျွန်တော်လည်း ပက်လက်ကုလားထိုင်ပေါ်၌ပင် အိပ်ပျော်၍သွားမိလေသည်။

တစ်ခါတစ်ရံတွင် ကျွန်တော့်မှာ လှပသော ခင်ခင့်ရုပ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်တတ်ဖြစ်လာပါတော့၏။ ညည့်သည်မိတ်ဆွေများနှင့် ရယ်ရယ်မောမော စကားပြောနေသည့်အခါတွင်လည်း ဤသို့ပင် ပြုမူနေတတ်၏။ ကိုယ့်ကိုယ်ကို မလုံမလဲစိတ်ထဲ၌ ထင်မိသော လွတ်လွတ်လပ်လပ်ပင် မပြောဝံ့ မဆိုဝံ့ မလှုပ်ဝံ့သည့် ဘဝသို့ ရောက်နေရသဖြင့် စိတ်ညစ်ညူးလာမိပေသည်။

သည်းမခံနိုင်လောက်သည့်ကိစ္စမှာတော့ ဇနီးမောင်နှံတို့ သဘောအတိုင်း အိပ်ရာတွင်းသို့ ရောက်သည့်အခါ ကြင်နာသုယစွာနှင့် ပွေ့ဖက်ပြီး ခင်ခင့် နားနားသို့ကပ်ကာ အချစ်စကားလုံးလေးများကို တိုးတိုးပြောမိသည်။

ထိုသို့ပြောနေသည်ကို ခင်ခင်သည် တံ့ပြန်မှုမရှိ၊ ငြိမ်သက်စွာနားထောင်နေရာမှ 'ခဏ၊ ခဏနော် မောင်။ မောင် ပြောလိုက်တဲ့စကားလုံးတွေဟာ တော်တော်ပြောင်တယ်။ ခင်ဗ မှတ်လိုက်ပါရစေဦး'ဟု ဆိုကာ မီးဖွင့်ပြီး သူ၏မှတ်စုစာအုပ်ကိုဖွင့်ကာ ရေးနေပေတော့သည်။ ထိုအခါမျိုး၌ ကျန်တော်သည် စာရေးနေသည့် ခင်ခင့်အား အနီးရှိ ခုတင်တိုင်နှင့် တအားကျုံး၍ ရိုက်လိုက်ရကောင်းမလား၊ ခုနစ်အိမ်ကြားရှစ်အိမ်ကြားအော်၍ ငိုလိုက်ရကောင်းမလားဟု ဝေခွဲ၍ မရအောင်ဖြစ်နေပါတော့သည်။

သို့နှင့် မတန့်သေးပါ။ တစ်ခါတစ်ရံ သူဝတ္ထုများတွင် ကျန်တော်၏ ပုံပန်းသဏ္ဌာန်အတိုင်း ဇာတ်လိုက်ကိုဖွဲ့ခဲ့ကာ ကျန်တော့် အမူအကျင့်ကလေးတွေကိုပါ ထည့်သွင်းရေးတတ်သည်။ ဤမျှနှင့် အားမရ၊ ကျန်တော့်ကို ဇာတ်လိုက်နေရာတွင် ခြယ်မှုန်းထားပြီး ငါးစိမ်းသည်နှင့် ပေးစားသည်။ အသက်ကြီးကြီး မိန်းမလည်ကြီးနှင့်ပေးစားသည်။ တစ်ခါတစ်ရံ ဆေးလိပ်သမလေးနောက် လိုက်ခိုင်းသည်။ ကျန်တော့်မိတ်ဆွေများက သူဝတ္ထုကိုဖတ်ပြီး ကျန်တော့်အား လှောင်ပြောင်ကြပါတော့၏။

သူ့အချစ်ဝတ္ထုများတွင် ဇာတ်လိုက်မင်းသားက မင်းသမီးအား ယုယပုံ၊ ပြောပုံ ဆိုပုံ သုံးသည့်စကားလုံးများက အစ အားလုံးမှာလည်း ကျန်တော့်ပုံပန်းအတိုင်း ဖြစ်နေသောကြောင့် သူစာကို ဖတ်ရသည့်အခါ ကျန်တော်သည် ရှက်သွေးဖြန်း၍ ဖြန်း၍ သွားမိသည်။ ငါဟာ ဒီလောက် 'ပေါ်'ပါကလားဟုလည်း တွေးလိုက်မိသေးသည်။

တစ်နေ့တွင် ခင်ခင်သည် ထုတ်ဝေသူတစ်ဦးထံ သွားရောက်နေသဖြင့် အိပ်ခန်းထဲသို့ ဝင်လာခဲ့ပြီး အညောင်းဆန့်ရင်း အိပ်ရာပေါ်၌ လဲလိုက်သည်။ သူခေါင်းအုံးဘေးတွင် အမှတ်မထင် ခင်ခင်၏ မှတ်စုစာအုပ် ထူထူတစ်ခုကို တွေ့လိုက်မိသည်။ ကျန်တော်သည် စာအုပ်ကို ကောက်ကိုင်လိုက်ပြီးမှ သူတစ်ပါး၏ လျှို့ဝှက်ချက် မှတ်တမ်းစာအုပ်ကို ခွင့်မပြုဘဲ ဖတ်ရန် မသင့်ဟု ယူဆ၍ ပြန်ချထားလိုက်၏။ သို့ရာတွင် စိတ်ထဲ၌'သူ ငါ့အကြောင်းတွေတော့ ရေးထားမှာပဲ၊ ဘာတွေများ ရေးထားပါလိမ့်'ဟု သိချင်စိတ်က ပြင်းပြလာသည်။ ထိုသိလိုစိတ်ကို မနည်းချုပ်တည်း၍ ထားရသော်လည်း မရဖြစ်နေသည်။ ငါ့ကို သူ ဘယ်လိုမြင်နေပါလိမ့်၊ ငါ့အပြုအမူတွေကို သူ ဘယ်လိုသဘောထားပါလိမ့်၊ ငါကကော ဘယ်လိုများပြုမူပြောဆိုခဲ့ပါလိမ့်ဟု တွေးရင်းတွေးရင်းနှင့် နောက်ဆုံးတွင် ယဉ်ကျေးသူထုံးတမ်းစဉ်လာတွေကို ဂရုမပြုနိုင်ဘဲ ကောက်၍ ယူလိုက်ပြီး ပထမစာတစ်ရွက်ကို လှန်လှောဖတ် လိုက်မိသည်။

ထိုစာမျက်နှာကို ဖတ်လိုက်ရသည်တွင် ကျန်တော့်၏ တစ်ကိုယ်လုံးသည် အိုးထိန်းစက်ပမာ သွက်သွက်ခါသွားသည်။ မျက်လုံးပြူးသွားသည်။ ကျောထဲမှ စိမ့်၍စိမ့်၍တက်လာ၏။ နတ်ကျသကဲ့သို့ တဆတ်ဆတ်တုန်လာမိသည်။ နောက်ဆုံး ပါးစပ်မှပင် 'အောင်မယ်လေးဗျ'ဟု အော်မိ၏။

ထိုစာအုပ်ထဲ၌ ခင်ခင်သည် ကျန်တော်တို့အိမ်ထောင်ကျသည်မှစ၍ ယနေ့တိုင်အချိန်အထိ ကျန်တော်တို့အိမ်ထောင်သည်ဘဝကို ရေးခြယ်ထားသည်။ အသေးစိတ်လွန်းလှသည်။ ကျန်တော်၏ အပြုအမူ၊ ပြောပုံဆိုပုံတွေကို ခရေစေ့တွင်းကျရေးထားသည်။ သို့ရာတွင် သူ့အကြောင်းကိုတော့ တစ်လုံးတစ်ပါဒမျှ မပါပေ။ သူ့အကြောင်းတွေကိုပါ ရေးထားကတော်သေးသည်။ ယခုတော့ တစ်ဖက်သတ်ကျလွန်းသည်။

ရေးထားပုံကို ဖတ်ရသည်မှာ ကျန်တော်သည် ရှက်သွေးဖြာနေမိသည်။ ကြောက်ရွံ့လာသည်။ နောက်ပြီး'ငါဟာ ဒီလောက်ပဲ ပေါချာချာနိုင်သလား'ဟုလည်း တွေးမိသေး၏။ နောက်ပြီး ခင်ခင်သည် မိန်းမသားတစ်ဦးဖြစ်လျက် ဤမျှပင် ခံစားမှုကင်းစွာ သွေးအေးအေးနှင့် ရေခြယ်နိုင်စွမ်းသည့်သတ္တိရှိပါကလား။ သူမှာ အသည်းနှလုံးမှ ရှိပါလေစဟုလည်း သံသယဝင်လာသည်။

သူရေးမှတ်ထားချက်များကို ကျန်တော်ပြန်၍ မဖော်ပြလိုတော့ပါ။ သူ့ရေးသားချက်ကို ဖတ်ရသဖြင့် မိမိကိုယ်မိမိလုံခြုံမှု မရှိဟုပင် စိတ်အားငယ်လာမိသည်။ မိမိအား အဝတ်အစားကင်းမဲ့စွာဖြင့် ဗိုလ်ပုံအလယ်တွင် ပြထားသည်နှင့်တူလှသဖြင့် ရှက်လွန်းလှ၏။ မျက်နှာကိုပင် လှီးပစ်ချင်တော့သည်။ နောက် ဒေါသထွက်သည်။

စဉ်းစားပြန်တော့လည်း ရှေ့တွင် ဤကဲ့သို့သော ဗိုလ်ပုံအလယ်တွင် အဝတ်အစားမဲ့သူတို့ကို တင်ပြသလို လုပ်နေပါက လောကတွင် လူလုပ်ဖို့ပင် မကောင်းတော့။ နောက်ပြီး သူနားတစ်ခုအတွက်သာ ရည်စူးသည့်ကျန်တော့်စကားတွေသည် ဘုံပိုင်လုပ်ထားသဖြင့်လည်း အနေကျဉ်သည်။ ကျဉ်းကျပ်လှ၍ အသက်ပင်ရှူနိုင်တော့မည် မဟုတ်။ ကျန်တော်သည် စဉ်းစားရင်း ဆုံးဖြတ်လိုက်သည်။ စာရေးဆရာမလင်ဘဝမှ အချိန်မီရုန်းထွက်မှ လွတ်မြောက်ရေးစခန်း ရောက်တော့မည်ဖြစ်၍ အချိန်မနှောင်းဘဲ ပြေးမှဖြစ်မည်ဟူသတည်း။

ထို့ကြောင့် ကျန်တော် ပြေးခဲ့ရာ ယခုတော့ စိတ္တဇဆေးရုံ၌ သောင်တင်နေတော့၏။ ■

သိပ္ပံစိုးရင်

(၁၉၆၆ ခုနှစ်၊ ဧဖော်ဝါရီလ၊ အမှတ် ၆၈၊ ဌေးတာရီမဂ္ဂဇင်း။)

www.burmeseclassic.com

သီပေါမင်းတရားနှင့် ဆရာတော်ဦးဥတ္တမ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့နောက်ဆုံးဘုရင်ကို အင်္ဂလိပ်နယ်ချဲ့ မတရားဖမ်းဆီးသွားတာကို မကျေနပ်ကြဘူး၊ သနားကြတယ်၊ သီပေါမင်းကို မြန်မာနိုင်ငံ ပြန်ခေါ်ချင်ကြတယ်။ ဘုရင့်ဂိုဏ်းထောင်ချုပ်တဲ့အပိုင်းကလည်း ရှိသေး၊ ပါတော်မူသွားတော့ ဘုရင်ပိုင်နဲ့ နိုင်ငံပိုင် အဖိုးတန်ပစ္စည်းတွေအတွက် အရေးဆိုချင်တဲ့သူတွေကလည်း ပါသေးတယ်။ တချို့က သီပေါမင်းကို နန်းပြန်မတင်တောင် အိန္ဒိယအစား မြန်မာနိုင်ငံမှာပဲ နေခွင့်ပြုဖို့တောင်းရန် အကြံပေးကြတယ်။ ထိပ်တန်းမြန်မာစုံထောက်တွေကဆိုရင်-

'ဆရာတော်နဲ့သီပေါမင်း တွေ့ဖြစ်အောင် တွေ့ပါဘုရား၊ တပည့်တော်တို့လည်း မြန်မာတွေမို့ မြန်မာဘုရင်ကို ကြည်ညိုပါတယ်ဘုရား၊ ဒါပေမဲ့ တပည့်တော်တို့ဟာ သူ့ဆန်စားရဲမှ ဘဝရောက်နေတာကို နားလည်တော်မူပါဘုရား'

လို့တောင် လျှောက်ထားကြတယ်တဲ့။ ဒီတော့ ဆရာတော်က သီပေါမင်းနဲ့ တွေ့ဖို့ကို ပိုပြီးဆန္ဒရှိလာတော့တာပေါ့။ တစ်ချိန်တည်းမှာပဲ စုံထောက်တွေ ကိုယ်တိုင် ဘာကြောင့် ဒီလောက်လိုလားနေသလဲဆိုတာကိုတော့ ဆရာတော်က ဘဝင်မကျဖြစ်နေတယ်။

ဒီလိုဘဝင်မကျဖြစ်နေရင်းနဲ့ပဲ ဆရာတော်ဟာ ကာလကတ္တားကို ရောက်သွားပါရော။ ဆရာတော်ကို လာကြိုနေတဲ့ သီပေါမင်းရဲ့မော်တော်ကားက ခေါင်းပိုင်းမှာ ဒေါင်းအလံလွှင့်ပြီး အတော်ခုံခုံညားညား ဖြစ်နေတယ်။ အခုလို နိုင်ငံခြားမှာ ကိုယ့်အမျိုးသားဒေါင်းအလံကို မြင်ရတော့ မျက်ရည်လည်လာအောင် ဝမ်းသာသွားတယ်။

'ဒါတောင် တို့ဘုရင်ခမျာ အဖမ်းခံရနေလို့ နို့မဟုတ်ရင်တော့ ဆုတော်တွေ၊ ရွှေထီးတွေနဲ့ ကြိုဆိုရဦးမှာပါလား'

လို့ ဆရာတော်က တွေးမိပြီး သီပေါမင်းအတွက် စိတ်မကောင်းဖြစ် သွားရင်း မော်တော်ကားထဲ လှမ်းအဝင်မှာ၊ မျက်နှာဖြူ ရာဇဝတ်ဝန်တစ်ယောက်က ဆရာတော်အနား ဖြန်းခနဲရောက်လာပြီး အလေးပြုလိုက်တော့ ဆရာတော်လည်း မော်တော်ကားထဲ မဝင်သေးဘဲ စောင့်ကြည့်နေတုန်း-

'အရှင်ဦးဥတ္တမ၊ ကျွန်တော်ဟာ အိန္ဒိယအစိုးရရဲ့ကိုယ်စားလှယ် ဖြစ်ပါတယ် စကားပြောခွင့်ပြုပါ'လို့ လျှောက်ထားတော့တာကိုး။ ဆရာတော်က လျှောက်ထားခွင့်ပြုလိုက်တော့-

'အရှင်ဦးဥတ္တမ အခုစီးဖို့ လုပ်နေတာက မြန်မာနန်းကျသီပေါမင်းရဲ့မော်တော်ကားဖြစ်ပါတယ်။ ဟိုမော်တော်ကားကတော့ အိန္ဒိယအစိုးရရဲ့မော်တော်ကားဖြစ်ပါတယ်။ ကျွန်တော်က အိန္ဒိယအစိုးရကိုယ်စားလှယ် အရှင်ဦးဥတ္တမကို လာကြိုတာဖြစ်ပါတယ်။ အရှင် ဦးဥတ္တမ ကြိုက်တဲ့မော်တော်ကားကို စီးနိုင်ပါတယ်'

လို့ မျက်နှာဖြူရာဇဝတ်ဝန်က မျက်နှာထားတည်တည်နဲ့ လျှောက်ထားလိုက်တယ်။

ဆရာတော် ဦးဥတ္တမက ရာဇဝတ်ဝန် ပြတဲ့မော်တော်ကားကို ကြည့်လိုက်တော့ ခေါင်းပိုင်းမှာ အင်္ဂလိပ်ယူနီယံဂျက်အလံကို လွှင့်ထားတဲ့ ကြိုးမားပြီး အရောင်တဖိတ်ဖိတ်တောက်နေတာကို တွေ့ရတယ်။ မော်တော်ကားနှစ်စီးကို ယှဉ်ကြည့်လိုက်မှ သီပေါမင်းရဲ့မော်တော်ကားဟာ 'လက်တွန်းလှည်းသာသာ ဖြစ်နေတော့တာကိုး'

လို့ ဆရာတော်က မချိတင်ကဲပြောဖူးတယ်လို့ ဆရာတော်ရဲ့ညီတော် ရှင်အရိယက တော်တော့်ကို ရှင်းပြတယ်။

အခြေအနေအားလုံးကို စဉ်းစားပြီး ဆရာတော်ဟာ ယူနီယံဂျက်အလံလွှင့်ထားတဲ့ကားဆီ တစ်လှမ်းချင်း လေးလေးပင်ပင် လှမ်းပြီး တက်စီးသွားတော့တာပဲ။

'ဟာ ဆရာတော် ဘယ်လိုလုပ်ပါသလဲဘုရား'

တော်တော်က ဒီအကြောင်းကိုပြောပြနေတဲ့ ရှင်အရိယကို မကျေမနပ်မေးမိတော့-

'အိမ်း... ဒါ မေးသင့်တာပဲ၊ ဦးဥတ္တမကို ယ်တော်ကတော့ သူဘာကြောင့် ဒီလိုလုပ်လိုက်ရသလဲဆိုတာ ရှင်းပြတာပေါ့ဗေ့'

ရှင်အရိယက ဆေးပြင်းလိပ်ကို အားပါးတရဖွာရင်း ပြောလိုက်ပါတယ်။ တော်တော်က ရှင်အရိယ နောက်ထပ် ပြောမယ့် စကားကို စောင့်နေမိတာပေါ့။

'ဒီလိုဗေ့... ဦးဥတ္တမကိုယ်တော်နဲ့ သီပေါမင်း တွေ့ဆုံဖို့ကိစ္စကို နိုင်ငံရေးသမားထက် စုံထောက်တွေက စိတ်ဝင်စားနေလို့ ဥတ္တမကိုယ်တော် ဘဝင်မကျဖြစ်ခဲ့တယ်မဟုတ်လား၊ အိမ်း အိမ်း အခုတော့ ပေါ်ပြီလေ'

အရှင်အရိယက ဆေးပြင်းလိပ်ကို ပြာခွေပြီး ဖွာနေပြန်လို့-

'ဘာတွေပေါ်တာလဲ ဘုရား'

တော်တော်က အဖြေမြန်မြန်ထုတ်လာအောင် လျှောက်ထားလိုက်မှ...

'ဒီစုံထောက်တွေက ဥတ္တမကိုယ်တော်နဲ့ သီပေါမင်း တကယ်တွေ့မတွေ့ သိချင်နေတာဗေ့၊ တကယ်တွေ့မယ် သိရင်တော့ အထက်ကို အစီရင်ခံတာပေါ့။ အမှန်တော့ ဥတ္တမကိုယ်တော်နဲ့ သီပေါမင်း တွေ့မှာကို အာဏာပိုင်တွေက မလိုလားဘူး၊ မတွေ့ရတော့လို့လည်း ဖြောင်မတားချင်ဘူး၊ ဒီလိုတားလိုက်ရင် အင်္ဂလိပ်တွေ အသားယူနေချင်တဲ့ ဒီမိုကရေစီဆိုတာ ဝဲစားဖြစ်သွားမှာပေါ့ဗေ့'

ရှင်အရိယက အိပ်ရာကထပြီး တဟားဟား အားရပါးရ ရယ်မောနေလေရဲ့။ တော်တော်လည်း အသံထွက်အောင် ရယ်နေမိတာပေါ့။

'ဥတ္တမကိုယ်တော် အိန္ဒိယသွားတာကို မတားချင်၊ သီပေါမင်းနဲ့ တွေ့ဆုံတာကိုလည်း မတားချင်တော့ ဒီအင်္ဂလိပ်ကောင်တွေ လုပ်ပုံကြည့်လေ။ သီပေါမင်းနဲ့အစိုးရ မော်တော်ကားနှစ်စီးကို ယှဉ်ရပ်ထားပြီး ဥတ္တမကိုယ်တော်ကို ကြိုက်တဲ့ကားစီးပါလို့ လျှောက်ထားလိုက်တယ်။ သူတို့က အတင်းအကျပ် စီးခိုင်းတာမဟုတ်ဘဲ၊ ဥတ္တမကိုယ်တော်

www.burmeseclassic.com

www.burmeseclassic.com

ာ ကိုယ့်သဘောနဲ့ ကိုယ်စီးတာဖြစ်အောင်လို့ပေါ့။ ဥတ္တမကိုယ်တော်က…

'ဒီလိုလုပ်တာ ရှင်းနေပြီ၊ ငါနဲ့သီပေါမင်း မတွေ့ဆုံစေချင်ဘူး၊ ဒီနေရာမှာ အစိုးရမော်တော်ကားကို မစီးရင် ငါ့ကို ဒုက္ခပေးတော့မယ်။ ဒီတော့ လက်ငင်းအန္တရာယ်ဖြစ်နိုင်တဲ့အခြေအနေမှာ သူ့ပရိယာယ်ကို ကိုယ့်ပရိယာယ်နဲ့ ယှဉ်ပြိုင်ရတာပဲ'

လို့ ရှင်အရိယကို အမိန့်ရှိတော်မူပါတယ်တဲ့။

'ပရိယာယ်ဟာ အတော်နက်နဲပါလားဘုရား'

ဟု တော်တော်က ဦးဥတ္တမကို အစိုးရမော်တော်ကား စီးသွားတာ လက်ခံချင်လို့ပြောလိုက်တဲ့အခါ…

'သိပ်နက်နဲတာပေါ့ဝေ့၊ သီပေါမင်း ပါတော်မူရပြီး တစ်နိုင်ငံလုံးလွတ်လပ်ရေးဆုံးရှုံးရတာကို အင်္ဂလိပ်က ပရိယာယ်သုံးသွားလို့ပေါ့။ ကြည့်လေ၊ လေဒင်က သီပေါမင်းကို လာဖမ်းတာတောင် ဖမ်းတယ်မပြောဘူး။ ဥယျာဉ်ထဲကို ခဏကြွတော်မူပါ၊ ဥယျာဉ်ထဲရောက်တော့မှ ဒီမှာ စကားမပြတ်သေးလို့ လုံခြုံမှုလည်းမရှိလို့ အိန္ဒိယနိုင်ငံကို သုံးလလောက် ကြွတော်မူပါလို့ ပရိယာယ်သုံးဖမ်းသွားပြီး နန်းချပစ်လိုက်တာပဲ မဟုတ်လား'

ဟု ရှင်အရိယက မျက်နှာကို ရှုံ့မဲ့ပြီး ပြောနေတယ်တဲ့။

တော်တော်ကတော့ ဟောင်းနွမ်းကျဆုံးနေတဲ့ ပဒေသရာဇ်စနစ်နဲ့ အဲဒီခေတ်တုန်းက ပဒေသရာဇ်စနစ်ထက် သစ်လွင်တိုးတက်နေတဲ့ အရင်းရှင် နယ်ချဲ့စနစ်တို့ကို တွေးနေတုန်း…

'အိမ်း…အစစအရာရာ သတိထားလုပ်ကွာ၊ အင်္ဂလိပ်ဒစ်ပလိမေစီ (ရာဇပရိယာယ်)ဟာ ကမ္ဘာတုန်တယ်ဝေ့'

လို့ ပြောလိုက်တဲ့ အရှင်အရိယရဲ့ ကျယ်လောင်တဲ့အသံကြားလိုက်တော့…

'အိမ်း-လူတန်းစားတို့ က်ပွဲနဲ့ ဒစ်ပလိမေစီ ဘယ်လိုဆိုင်ပါလိမ့်' လို့ အဖြေရှာနေပါရဲ့ဟု စာရေးသူအား ပြောပြခဲ့ဖူးပါသည်။

တော်တော်(တော်ဘုရားကလေး)နှင့်ဇနီး ဒေါ်ခင်မေတို့သည် ဆရာတော်ဦးဥတ္တမ၏ညီ ရှင်အရိယနှင့်လည်းကောင်း၊ ညီမ ဒေါ်အိမ်စိုးနှင့်လည်းကောင်း ပတ်သက်ခဲ့ကြသည်။ ဒေါ်ခင်မေ ပြောပြခဲ့သည်က သူသည် မြူနီစီပယ်အင်စပက်တာ ဦးသိန်းမောင်၊ ဒေါ်စိန်မေတို့၏တစ်ဦးတည်းသောသမီးဖြစ်ကြောင်း၊ ဒေါ်အိမ်စိုးနှင့် ဒေါ်စိန်မေတို့သည် အလွန်ချစ်သည့် သူငယ်ချင်းများဖြစ်၍ ဒေါ်ခင်မေ ၁၇ နှစ်သမီးတွင် မိဘနှစ်ပါးလုံး ကွယ်လွန်သွားသောအခါ မိခင်ဒေါ်စိန်မေက ဒေါ်အိမ်စိုးကို အပ်ထားခဲ့၍ ဒေါ်အိမ်စိုးက ဒေါ်ခင်မေကို မွေးစားခဲ့ရသည်။

ယခင်က ရန်ကုန်မြို့တွင် စစ်ရုံးကြီး ပြုလုပ်ထားသော အလံပြဘုရားလမ်းမှ အဆောက်အဦသည် မူလက စိန်မေရီဒိုင်အိုစီစင်ကျောင်းဖြစ်၏။ ဂျပန်ခေတ်တွင် တစ်ခြမ်းကို ဒေါက်တာဘသန်းက ဆေးရုံပြုလုပ်ထားသည်။ ဂျပန်ခေတ် ဘုရင်လောင်းဖြစ်သည့် တော်ဘုရားကြီး(စတုတ္ထသမီးတော်၏သားတော်အကြီးဆုံး)၏ ရုံးသည် ၄င်းအဆောက်အဦတွင်ရှိသည်။ ဒေါ်အိမ်စိုးကလည်း ဂျပန်ကျောင်းဖွင့်ထားသဖြင့် ၄င်းအဆောက်အဦအပေါ်တွင်ပင် နေသည်။ ဒေါ်အိမ်စိုးနှင့်အတူ မွေးစားသမီး ဒေါ်ခင်မေ၊ တော်ဘုရားကြီး၏ဇနီးလောင်း ဒေါ်ခင်ကြည်၊ တော်ဘုရားကြီး၏ ညီမတော် ထိပ်စုဖုရားထွေးတို့ အတူနေကြသည်။ တော်ဘုရားကြီးနှင့် တော်ဘုရားကလေးတို့က ၄င်းအဆောက်အဦနှင့်နီးသော ဆင်းဒဝပ်လမ်း(ယခု ဗိုလ်ရာညွှန့်လမ်း)၊ အိမ်နံပါတ်(၆၄)တွင်နေသည်။ မင်းသား နှစ်ပါး ပွဲတော်တည်ရန် ဒေါ်ခင်မေက ဆင်းဒဝပ်လမ်းသို့ အစားအသောက်ပို့ရ၏။ တစ်ခါတစ်ရံ ဒေါ်အိမ်စိုးတို့ထံ လာစားသည်။ သို့နှင့်ပင် ဒေါ်ခင်မေနှင့် တော်ဘုရားလေးတို့ နီးစပ်ပြီး ချစ်သူဘဝ

အရှင်ဦးဥတ္တမ
အခုစီးဖို့
လုပ်နေတာက
မြန်မာနန်းကျ
သီပေါမင်းရဲ့
မော်တော်ကား
ဖြစ်ပါတယ်
ဟိုမော်တော်ကား
ကတော့
အိန္ဒိယအစိုးရရဲ့
မော်တော်ကား
ဖြစ်ပါတယ်
ကျွန်တော်က
အိန္ဒိယအစိုးရ
ကိုယ်စားလှယ်
အရှင်ဦးဥတ္တမကို
လာကြိုတာ ဖြစ်ပါတယ်
အရှင် ဦးဥတ္တမ
ကြိုက်တဲ့
မော်တော်ကားကို
စီးနိုင်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com

ရောက်ကာ အိမ်ထောင်ကျခြင်း ဖြစ်သည်။ သို့ကြောင့် တော်တော်(တော်ဘုရားကလေး)နှင့် ဒေါ်လေးမေ(ဒေါ်ခင်မေ)တို့သည် ဦးဥတ္တမ ညီရှင်အရိယ၊ ညီမ ဒေါ်အိမ်စိုးတို့နှင့် နီးစပ်ရင်းနှီးကြ၍ တော်တော်နှင့် ရှင်အရိယတို့ အထက်ပါအတိုင်း ဆွေးနွေးခဲ့ကြပုံရပါသည်။

တော်တော်ပြောပြသည်နှင့် ရေးခဲ့သည့် **'ဆရာတော် ဦးဥတ္တမနှင့် သီပေါမင်း'** အကြောင်းတွင် ဆရာတော် ဦးဥတ္တမနှင့် သီပေါမင်းတွေ့ဆုံသည့် အခန်း လုံးဝမပါပါ။ ဦးဘရင်ရေးသော **ဆရာတော် ဦးဥတ္တမ** စာအုပ်တွင် ပါပါသည်။ ဦးဘရင်ရေးသော စာအုပ်တွင် အိန္ဒိယ၌ရှိစဉ် ဆရာတော်သည် ရတနာဂိရိတွင် စံတော်မူသော သီပေါမင်း တရားနှင့် လျှို့ဝှက်စွာ သွားရောက် တွေ့ဆုံခဲ့ပုံကို ဤသို့ရေးသားထားပြန်သည်။

'....မဒရပ်သို့ ရောက်သောအခါ အင်္ဂလိပ်အစိုးရ၏အရာရှိဖြစ်သူ ရာဇဝတ်ဝန်တစ်ဦးက သဘော်ဆိပ်အဆင်းတွင်း ဆရာတော် ဦးဥတ္တမအား တွေ့ဆုံပြီး...

'ခင်ဗျား ဘာရိဒါစတိတ်ကို သွားမှာပဲမဟုတ်လား'

ဟု မေးရာ ဘာရိဒါမဟာရာဇာနှင့် အိန္ဒိယတွင် ထပ်မံတွေ့ဆုံပြီး၊ အိန္ဒိယလွတ်လပ်ရေးအတွက် ဆောင်ရွက်ဖို့ နှီးနှောတိုင်ပင်ရန် ကိစ္စကို နှစ်ကိုယ်ကြား တိုင်ပင်ဆွေးနွေးရန် ချိန်းဆိုထားခဲ့သော်လည်း၊ ထိုကိစ္စကို အင်္ဂလိပ်တို့အစိုးရတို့ သိပြီးဖြစ်နေသဖြင့် ဆရာတော်မှာ ဘာရိဒါသို့ တိုက်ရိုက်သွားရန်ကိစ္စကို ပယ်ဖျက်လိုက်ရပြီးလျှင် ဘုံဘေသို့ မီးရထားနှင့်သွား၍ သီပေါဘုရင်နှင့် တွေ့ရန် စိတ်ကူးထုတ်ရပြန်သည်။ သို့သော်လည်း အင်္ဂလိပ်အစိုးရသည် မိမိခြေရာကို အမြဲမပြတ် စောင့်ကြည့်၍နေသည်ကို သိရသဖြင့် ၄င်းမှ ပြင်သစ်ပိုင်နယ်ထဲသို့ ကူးပြီး ထိုမှနေ၍ ဘာရိဒါ မဟာရာဇာနှင့် သီပေါမင်းထံသို့ မသိမသာ ချိန်းဆိုတွေ့ဆုံရသည်။ သို့သော်လည်း သီပေါမင်းမှာ အင်္ဂလိပ်အစိုးရထားသလို နေရာရုံမျှမက ဘုရင့် သမီးတော်များမှာ အလွန်အောက်တန်းကျသော အစေခံများလက်သို့ ပါတော်မူရခြင်း၊ ထောက်ပံ့ကြေးကို လုံလောက်စွာ မရခြင်းတို့အတွက် မကျေမချမ်းစရာ ကိစ္စများကို တွေ့ရှိရလေရာ၊ အင်္ဂလိပ်အစိုးရ၏ ပရိယာယ်များကို ဦးဥတ္တမသည် မည်သို့မည်ပုံ တွန်းလှန်ရမည်နည်းဟူသော အစီအစဉ်များကို စဉ်းစားလျက်ပင် မြန်မာနိုင်ငံသို့ ပြန်ခဲ့လေသည်။'

■

မောင်သန်းဆွေ၊ထားဝယ်၊ကိုးကားချက်

၁။ စာရေးသူကို တော်ဘုရားကလေးက ဆရာတော် ဦးဥတ္တမနှင့် ပတ်သက်၍ ပြောပြချက်များ။ မတ်လ (၁၅)ရက်၊ ၂၀၀၂ ခုနှစ်။

၂။ အောင်ဇေ **'ဆရာတော် ဦးဥတ္တမနှင့် သီပေါမင်း'** ရွှေတူဂျာနယ် (၁၅-၈-၇၁)။

၃။ ဦးဘရင် **'ဆရာတော် ဦးဥတ္တမ'**၊ ပထမနှိပ်ခြင်း၊ ရန်ကုန်။ သမမိတ္တစာပေ၊ ၁၉၅၅ ခုနှစ်။

NE NE MYA
ဘာသာစကား သင်တန်း

English Language Classes

U San Lin Tun

B.E (Metallurgy), Y.I.T
M.A(Thesis), ITBMU

Basic English Conversation
Vocabulary Enrichment Course (Basic)
Phonetics
Basic Writing Course (Academics)
Advanced English/Creative Writing Course

Chinese Language Classes

Daw Moe Moe Lwin

B.A (History)
Dip in Chinese (Y.U.F.L)

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော (၂) လနှင့် ပုံမှန် (ရေး၊ ဖတ်၊ ပြော) တန်းခွဲသစ်ရှိသည်။ ကျောင်းသူ၊ ကျောင်းသား၊ ရုံးဝန်ထမ်းများအတွက် တရုတ်စာ **4 skills** တတ်မြောက်စေရန် သင်ကြားပေးသည်။

သင်တန်းတည်နေရာ

၃၃၇ (စတုတ္ထထပ်)၊ မဟာဗန္ဓုလလမ်း၊ (လမ်း - ၄၀ဇောင်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
✆ 01 245211, 01 251850, 09 49329071, 09 250280028

www.burmeseclassic.com

www.burmeseclassic.com

စာနဒီစာအုပ်တိုက်

TEXT RIVER PUBLISHING HOUSE

စာနဒီစာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ



- ■ ဟင်ပိုး
  ဝိတောက်မှ သရဇံသို့
- ■ ကံထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့်
  သမိုင်းရှိသောဇနဒွီများ
- ■ ဒေါက်တာအရှင်သာမိန
  ပါမောက္ခရည်တွေဘယ်ကိုဈေးကွက်နှင့်
  ဘာသာရေးအတွေးအတေးပါးများ
- ■ နတ်စည်(ကံထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ
  ကာမိုက်တာပြပွဲ
- ■ သာထက်အောင်
  တွေးမိသမျှ၊ ဇေးမိသမျှ၊ ဈေးဖိသမျှ
  သူတို့ဆီက ကျွန်တော့်အတွေ့အကြုံ
- ■ မမွှာဝေရီအရှင်ပိဂိုဏ်(ဇောင်ဝွန်း)
  ကမ္ဘာတစ်ခြမ်းကိုပြောင်းလဲစေခဲ့သော
  သာမဏေနှင့် သံဃာ့ကျေးဇူး

- ■ ဒဂုန်တာရာ
  ကိုဇောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံ အတ္ထုပ္ပတ္တိ
  ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်)
- ■ ဒေါက်တာရန်ဖြိုးသိမ်း
  ၂၀၁၅ ဒုနှစ်အလွန်NLDနှင့် သမ္မတဇာတ်လမ်း

ယခုထွက်ရှိသည့် စာအုပ်များ

- ■ မောင်သိန်
  ရုပ်ပွားတော်ကိုးကွယ်မှုနှင့်
  အကျိုးအာနိသင်များ
- ■ ဝဏ္ဏသိရီ
  ချုပ်ရာငြိမ်းရာ
- ■ နှစ်ဖက်လှည်းကျော်လွင်
  မျက်မှောက်ခေတ်ဘာသာရေးနှင့်
  ကျွန်ုပ်တို့၏ သုံးသပ်ချက်

စာနဒီစာအုပ်တိုက်မှ
ယခုထွက်ရှိသည့် စာအုပ်များ

ဖြန့်ချိရေး–စာနဒီစာအုပ်တိုက်၊ အမှတ်–၉၇၃၊ ပျဉ်းမမြို့လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။

www.burmeseclassic.com

www.burmeseclassic.com

ကိုကိုနှင့် ကျွန်မ
ချစ်သူရယ်လို့
စဖြစ်သည့်နေ့မှာပင်
ကိုကို ပြောခဲ့သည့်
စကားတွေကို
ကျွန်မ ဘယ်တော့မှ မမေ့။
အခြားချစ်သူတွေလို
အနုအလှ ရင်ခုန်စရာ
စကားလေးတွေတော့
မဟုတ်ပါ။
'ခင် ကျောင်းကို
တစ်ယောက်တည်း
လာတာလား'
ကျွန်မ
အံ့သြသွားရသည်။
ကိုယ် ချစ်ခွင့်တောင်း
ထားသူ သို့မဟုတ်
ကိုယ်ချစ်နေသည့်
မိန်းကလေးတစ်ယောက်၏
အနေအထိုင် အသွားအလာကို
ကိုကို မသိဘူးတဲ့လား။
ကျွန်မနှင့် နီးစပ်အောင်
ကိုကို ဘယ်လိုများ
ချဉ်းကပ်ခဲ့ပါလိမ့်။
ကျွန်မ ကိုကို့ကို
ရှောင်ကြည့်လျက်
ပြုံးခဲ့သူတ်သွားမိသည်။
'ဒါပေမဲ့ သန့်စင်စွာ
တောက်ပလှသည့်
ကိုကို့မျက်ဝန်းတွေ
အဝေးကို စူးစိုက်ငေးနေတာ
မြင်မိတော့
ကျွန်မအတွေးတို့
ပြတ်တောက်သွားရသည်။
'မိမကြီးကို ပို့ရင်းနဲ့
ခင်ကို ဝင်ချခဲ့တာ။ အိမ်က
လိုက်ပို့တာပါ ကိုကို'
'ဩော် ခင်ကို ခုထိ
အိမ်က လိုက်ပို့တုန်းကိုး'
ကိုကို့က အံ့သြသောလို
ဆိုပြန်သည်။
ကျွန်မကလည်း
ကိုကို့အပြုအ

အလုပ်တွေ
ရှုပ်၍
ပင်ပန်းနွမ်းနယ်နေချိန်
ခင်ကို
ဖုန်တခဲနဲ့ သတိရလိုက်ရင်
နွမ်းနယ်မှုတွေ
ပျောက်ပြီး
အားသစ်တွေ
ရောက်လို့
အမောပြေသည်
ထို့ကြောင့်
အလုပ်တွေ လုပ်လိုက်
ခင်ကို သတိရလိုက်
အင်အားတွေ
ရလိုက် အလုပ်တွေ
ပြန်လုပ်လိုက်နှင့်
ရုတ်တိုင်းတောင်
ခင်ခင်စီ
မှတ်ရောက်ဖြစ်တော့ဘူးဟု
ဆိုသည်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ချစ်သူ တစ်ယောက်၏ ယုံကြည်ကိုးစားမှုကို ဒီလောက် ထိတောင် ပိုင်ဆိုင်ထားသည့် ကျွန်မ ခေါင်းမမော့ထိုက် ပေဘူးလားဟု ဘဝင်မြင့်ချင်သည် ကိုကို့ ချစ်သူအဖြစ် အသာတကြည် ခွင့်ပေးခဲ့သော ကံကြမ္မာကို ကျေးဇူးတင်မိသည်

အံ့သြသွားရ၏။ ကျွန်မစကား ထဲ၊ ကျွန်မ အဖြစ်အပျက်ထဲ ဘာမျှအံ့သြစရာအကြောင်း မရှိပါ။ ကိုကိုက မျက်မှောင် တွန့်ကို ဖြေလိုက်ရင်း....

'ခင့်ဆီ ကိုကို လာရင် အမြဲတမ်းအတန်းဝင်ချိန်ဖြစ်နေ တော့ ခင် ကျောင်းလာတာ ကို သတိမထားမိဘူး။ ပြန် တော့ရော လာကြိုတာလား'

'ဟုတ်ကဲ့' ဟု ကျွန်မ ဖြေတော့ ခင်တစ်ယောက်တည်း ဘယ်မှမသွားဖူးဘူးလားဟု ဆိုသည်။ ကိုကို့ မျက်နှာကို ငေးမောကြည့်လျက် ကျွန်မ ခေါင်းခါရမ်းသည်။ အမှန်လည်း ဒီအတိုင်းပင်။ အိမ်နားနီးသည့် လှည်းတန်းဈေးလို နေရာမျိုးကလွဲ၍ မြို့ထဲကို တစ်ယောက်တည်း မသွား ရဲ။ ဘာဖြစ်လို့ မသွားရဲတာလဲဟု မေးလျှင် အဖြေ ရတော့ ကျပ်ပါသည်။ အကြောင်းပြချက်ရယ်လို့ သေချာမရှိပေမဲ့ အကျင့်ဖြစ် မည်ထင်သည်။ သာမန်မိဘ အသိုင်းအဝိုင်းက ပေါက်ဖွား လာသော်ငြား၊ မောင်နှမတွေ ထဲ အလတ်ဖြစ်သော်ငြား မေတ္တာတော့ အလပ်မခံခဲ့ရပါ။ အကြီးတွေက ခင်က အေး တယ်ဟု ကြင်နာသလို၊ အငယ်လေးတွေကလည်း မမခင်က ကြောက်တတ်တယ် ဟုဆိုကာ ညှာကြသည်။ ထို့ ကြောင့်ပင် မောင်နှမတွေထဲ အလတ်ဖြစ်ပေမဲ့ အယုယခံ ဖြစ်ခဲ့တာကိုတော့ ဝန်ခံပါသည်။

'အင်း၊ ခင်က တကယ် အေးပြီး နုတာပဲ။ ဒါပေမဲ့ ကိုကို့ချစ်သူ ဖြစ်ရင်တော့ တစ်ယောက်တည်းသွားတတ် အောင်၊ သွားရဲအောင် လုပ်ရ မယ်။ ခင် သတ္တိရှိရမယ်'

'ရှင်'

ဒီတစ်ခါ အံ့သြမှုက တော့ အထွတ်အထိပ်ရောက် သွားသည်။

ချစ်သူ မရှိခင်သာ တစ် ယောက်တည်း သွားချင် သွားမည်၊ ချစ်သူရှိပြီဆိုလျှင် တော့ တော်ရုံသတ္တိရှင် မိန်းမ တွေတောင် ပျော့နွဲ့နူးညံ့သွား ကြသည့် သဘာဝတည်း။ ခု ကျွန်မလို မိန်းကလေးမျိုးကို ချစ်သူ ရှိပြီမို့၊ တစ်ယောက် တည်း သွားရဲလာရဲအောင် ကြိုးစားရမည်ဟု ဆိုသည်။

ကျွန်မ နားမလည်မှုများ စွာဖြင့် ကိုကို့ မျက်နှာကို ငေး မောကြည့်နေမိသည်။ ကိုကို က ခုံတန်းပြာကို ကွေ့ပတ် လျက် ကျွန်မ ဘေးမှာကပ် ထိုင်လိုက်သည်။ မျက်ဝန်းတို့ က ကျွန်မထံမှာ ရှိမနေပါ။ ခါးကျော်ထိ ရှည်လျားဖြောင့် စင်းလှသည့် လူတကာ ငေး မောအားကျရသော ကျွန်မဆံ နွယ်တို့ကိုလည်း ကိုကို စိတ် မဝင်စား၊ ကို့ကိုအတွေးတို့မှာ ကျွန်မ လွမ်းမိုးမှု ရှိမနေတာ ဖြင့် သေချာလှသည်။ ဒါပေမဲ့ ကိုကို့နှုတ်မှချစ်တယ်ဟု ပြော ခဲ့သည့် မိန်းကလေးကတော့ တစ်ကျောင်းလုံးမှာ ကျွန်မ တစ်ယောက်သာ ရှိသည်။ ကိုကိုက ကျွန်မတို့ကျောင်း တွင် မိန်းကလေးတွေကို စိတ် မဝင်စားဆုံးသူ အဖြစ် သတင်းကြီးခဲ့သူဖြစ်သည်။

စတစ်ကော်လံအဖြူ နှင့် ပုဆိုးမှိုင်းမှိုင်းကို စွဲစွဲမြဲ မြဲဝတ်တတ်သော်လည်း တစ်ခါတစ်ရံတွင် ကိုကို့ပုံစံ သည် ဖရိုဖရဲနိုင်ချင်သလိုရှိ သည်။ ဒါပေမဲ့ မျက်ဝန်းတို့ ကတော့ စိန်အလား တောက်ပ နေ၏။ စာကြည့်တိုက်ကို သူ အိမ်သူယာလို့ သဘောထား၍ တစ်ခါတစ်ရံတွင် စာအုပ် တစ်အုပ်ဖြင့် စကားတစ်ခွန်းမျှ မဆိုဘဲ ငြိမ်သက်တိတ်ဆိတ် နေတတ်သကဲ့သို့၊ သူပြောချင် ပြီဆိုရင်ဖြင့်လည်း တခြားလူ ဝင်လို့ မရအောင်ကို ပြောစရာ စကားတွေ များပြားနေတတ် သည်။ ထိုကဲ့သို့ စရိုက်မျိုး ရှိသူက ရုတ်တရက် ကျွန်မ ကို ချစ်တယ်ဟု ဖွင့်ပြောလာ ချိန် အံ့သြခဲ့ရပါသည်။ ငြီး တိတ်တခိုးဝမ်းသာမျော်ရွှင်ခဲ့ရ ပါသည်။ တကယ်တော့ ကို ကို့ကို ပထမနှစ်ကျောင်းသူ လေးဘဝကတည်းက ဂရုပြု မိခဲ့ခြင်းဖြစ်ပါသည်။ မျက်နှာ ထားတင်းတင်း၊ အသံမာမာ ဖြင့်စကားပြော ခက်ထန်မာ ကျောမေ့ နူးညံ့သည့် နှလုံး သားရှိပုံဆိုတာ ဘာအထောက် အထားမှမပြနိုင်ဘဲ ကျွန်မခံစား သိရှိနေသည်။ ထို့ကြောင့်ပင် သာမန်မိန်းကလေးတို့ထက် ထူးခြားသော အလှကိုပိုင်ဆိုင် သည့် မာနကြီးသော ကျွန်မ သည် ကိုကို့အပေါ် ဟန် မဆောင်နိုင်ခဲ့ပေ၊ ကို့ကို စိတ် ဓာတ်နှင့်အပြုအမူကို ကျွန်မ လေးစားသည်။ နောက် ကိုကို့ကို ချစ်သည်လေ။

'အိမ်ထောင်ပြုတယ် ဆို တာ ခင် ဘယ်လိုခံယူထား လဲ'

ကိုကို့ စကားသံကြောင့် ကျွန်မ အတွေးတို့ပြတ်တောက် သွားရသည်။ ကိုကိုသည့် စာ အလွန်ဖတ်သောရူတစ်ယောက် ဖြစ်သည်။ လက်ရှိတွင် လည်း ဂျာနယ်တစ်စောင်ကို ဦးစီးထုတ်ဝေနေသူတစ်ဦး လည်းဖြစ်သည်။ ထို့ကြောင့် ကိုကို့အတွေးအခေါ်တို့သည် စူးရှထက်မြက်မှုရှိကြောင်း သတိပြုခဲ့မိပါသည်။ ဒါပေမဲ့ တစ်ခါတစ်ရံ ကိုကို့အတွေး အခေါ်တို့သည် လူအများစု နှင့်ကွဲလွဲနေတတ်သည်။ ခု လည်း ကိုကို့မေးခွန်းတွေကို ကျွန်မ မဖြေတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

'ကျေးဇူးပြုပြီး ကြိုးကြိုးကျယ်ကျယ် မေးခွန်းကြီးတွေ မေးပါနဲ့လား ကိုကိုရယ်၊ ကျွန်မက သာမန်မိန်းကလေး တစ်ယောက်ပါ'

ခေါင်းကို ခါလျက် ကျွန်မ သက်ပြင်းချမိသည်။ အို အခါမှ ကိုကိုက ကျွန်မ စိတ်ညစ်နေပုံကို ရယ်ချင်သလို ငို ကျွန်မ ဆံပင်တို့ထဲ လက်ချောင်းတို့ဖြင့် ထိုးဖွလိုက်ရင်း ခင်က တကယ့်အဖြူထည်ပဲ ဘာ ပြောတတ်ပြန်သည်။ ပြီး ချစ်ခြင်တန်းသော မျက်ဝန်း ဘက်လက်တို့ဖြင့် စူးစိုက်ကြည့်နေတတ်၏။

'အိုး၊ အဲဒီမျက်ဝန်းလေးတွေကို ကျွန်မ ရင်ခုန်စွဲလမ်းခဲ့တာပေါ့။ ကိုကိုက ဘယ်ကလေးကိုမှ အဲဒီအကြည့်မျိုးနဲ့ မကြည့်ခဲ့ဖူးပဲ'

ကျွန်မ ရင်ခုန်စွာ မျက်ချေချမိသည်။

ဒါပေမဲ့ ထိုအချိန်သည်ပင်တော့ မကြာလိုက်ပါ။ ကိုကို့အကြည့်တို့ ကျွန်မထံမှ ဖယ်သွား၍ တစ်နေရာ၌ အတွေးနက်သလို ရပ်တန့်သွားလေသည်။

'ဒါပေမဲ့ အဖြူရောင်ဆိုတာ ကလေးဘဝတုန်းသာ ဆောင်းတာ ခင်။ ကလေးဆိုးကာလအပိုင်းအခြားကို ကျော်လွန် သွားရင် တော့ အဖြူရောင်ကို ကိုကို မကြိုက်နှင့်တော့ဘူး။ သူက ညစ်ညမ်းစွန်းလွန်းတယ်။ ကိုယ်ပိုင်အရောင်အသွေး မရှိသလိုဘဲ။ လူဆိုတာ ကိုယ်ယုံကြည်ဘက်ခံထားတဲ့၊ မှန်ကန်တဲ့ အရောင်အသွေးတစ်ခုခုတော့ ရှိနေရမယ်'

ကိုကို့ကို ကျွန်မ ငေးကြည့်နေမိသည်။

'ဘယ်လိုလဲ ခင်၊ ကိုကို့ကို ချစ်တယ်လို့ ပြောမိတာ နောင်တရနေပြီလား။ ဒီတစ်ခါတော့ ခင် ဖြေနိုင်မယ့် မေးခွန်းကို မေးမှာပါ ခင်ရဲ့'

'ဘာလဲ ကိုကို'

ကိုကို့ မျက်ဝန်းထဲ ရယ်မြူးရိပ်တို့ လက်လက်ဖြာနေ၏။

'ကိုကို့ကို ခင် ဘာဖြစ်လို့ ချစ်ခဲ့တာလဲ'

'အိုး၊ ဒီမေးခွန်းတော့ ကျွန်မ ဖြေနိုင်တာပဲ'

ကိုကို့မျက်နှာကို ပြူးပြူး လေးကြည့်လိုက်ရင်း...

'အချစ်ဆိုတာ ဘယ်က စတယ်လို့ ခင် မပြောနိုင်ပေမဲ့ ခင်တစ်ယောက်တည်းအတွက်တော့ ယုံကြည်လေးစားမှုက မြစ်ဖျားခံတယ်လို့ ပြောနိုင်ပါတယ်။ ကိုကို့ကို လေးစားတယ်လေ။ စကားပြောမာ ကျောပေမဲ့ လူသားတွေအတွက် မေတ္တာထားနိုင်တယ်။ စွန့်လွှတ်ရဲတယ်ဆိုတာပါ ခင် သိတယ်။ တကယ်တော့ ကိုကိုဟာ တစ်ဦးတစ်ယောက်တည်းအတွက် မွေးဖွားလာတာ မဟုတ်သလိုဘဲ။ ဒါကြောင့်မို့ ကိုကို့ကို လေးစားတယ်။ အဲဒီလေးစားမှုကပဲ အချစ်ကို ဖြစ်တည်သွားစေတယ်လို့ ထင်တာပဲ ကိုကို'

ဒီတစ်ခါတော့ ငေးမောအကြည့်ခံရသူက ကျွန်မဖြစ်နေ၏။ ခင်ရယ်ဟု ကိုကို့နှုတ်မှညည်းတွားသံသည် ကျွန်မနှင့် ကိုကို တစ်ရောင်တည်းဖြစ်သွားသလို၊ ကျေးဇူးတင်တယ် ခင် ဟူသော ကိုကို့ စကားသံတိုးတိုးကို နားစိုက်ထောင်လျက် ရင်တစ်ခုလုံး ချမ်းမြေ့သွားရမှုကို ဘာနှင့်မျှ မလဲနိုင်ပေ။

'တချို့က ပြောကြတယ် ခင်။ ရိုးအေးတဲ့ မိန်းကလေးတစ်ယောက် ဆိုပါတော့။ အဲဒီမိန်းကလေး ဘဝအဆင်ပြေအောင်၊ နောင်ရေးကို စိတ်အေးရအောင်၊ အားကိုးရအောင် ပေါ့လေ အိမ်ထောင်ချပေးတတ်ကြတယ်။ အိမ်ထောင်ပြုလိုက်ခြင်းအားဖြင့် မိန်းကလေးတွေဟာ ပျော့ညံ့ညံ့နဲ့ အားကိုးအားထား ရသွားတယ်လို့ ယုံကြည်တတ်ကြတယ်။ တကယ်တော့ ဒါဟာ စောဒကတက် စရာ အယူအဆတစ်ခုပဲ။ ကိုကို့သဘောကတော့ ပျော့ညံ့တဲ့သူတွေဟာ အိမ်ထောင်မပြုတာ အကောင်းဆုံးပဲလို့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်ပြုတယ်ဆိုတာ ဘဝကို စိန်ခေါ်တာပဲ။ ကိုယ့်ရဲ့ဘဝအဖော်ဟာ ကိုယ်နဲ့တစ်သက်တာ အတူမြဲမယ်လို့ ပြောနိုင်မလား၊ ကိုယ် မသိတဲ့အကြောင်းအရာတစ်ခုခုနဲ့ ကိုယ်တစ်ယောက်တည်း ကျန်ခဲ့မယ်ဆိုရင် ကျန်တဲ့ကိုယ့် မျိုးဆက်လေးတွေကို ပျော့ညံ့တဲ့စိတ်ဓာတ်ရှိသူဟာ ဘယ်လိုပျိုးထောင်မလဲ ခင်၊ တစ်ယောက်တည်းနေတာမှ သူတစ်ကိုယ်စာ အေးပါလိမ့်ဦးမယ်'

ကျွန်မ ကိုကို့ကို အထိတ်တလန့်ကြည့်မိသည်။

ကျွန်မ စိတ်ဓာတ်ကို ကြာရင် ကိုကို စိတ်ပျက်သွားမှာလားဟု တွေးမိခိုက် ကိုကို့လက်မောင်းကို အားကိုးတကြီး ဖက်တွယ်မိသည်။

ကျွန်မ ခေါင်းကို အုပ်မိုးကိုင်လျက် ပြောလိုက်သော ကိုကို့စကားတို့သည် ကျွန်မ နှလုံးသားမှ ဦးနှောက်တိုင် စိမ့်ဝင်ရောက်ရှိသွား၏။

'ဒါကြောင့် သတ္တိရှိအောင် ကြိုးစားပါ ခင်'

'ကြည့်စမ်း ချစ်သူရယ်လို့ စဖြစ်စနေ့မှာ ကိုကို ပြောခဲ့တဲ့စကားတွေ'

သာမန် ချစ် သူ တွေထက် ကြမ်းရှနေတာတော့ အမှန်ပင်ဖြစ်သည်။

❑

နောက်တော့လည်း ကိုကို့ချစ်သူဘဝသည် ကျွန်မအတွက် ပျော်စရာဖြစ်ခဲ့ပါသည်။ အများနှင့်မတူ စကားအထူးအဆန်းတို့ကို ကိုကို ပြောတတ်ခဲ့သည်။ ဒါပေမဲ့ တစ်ခါတစ်ခါတော့ ကျွန်မ စိတ်ညစ်ခဲ့ရသည်။ ကိုကိုသည် ကျွန်မ စိတ်ညစ်အောင် မေးခွန်းတို့ကိုလည်း မေးတတ်ခဲ့သည်။

'ခင် ချမ်းသာချင်လား၊ ကိုကို့နဲ့ယူရင်တော့ ချမ်းသာမှာ မဟုတ်ဘူးနော်'

'မချမ်းသာချင် ပါဘူး။ ငါးပိရည်နဲ့ဟင်းရွက်ပြုတ်နဲ့လည်း စားတတ်ပါတယ်။ အဲဒီငါးပိရည်နဲ့ ဟင်းရွက်ပြုတ်မှ ကိုကိုမကျေးနိုင်ရင်လည်း ယုံကြည်ချက်တို့၊ ခံယူချက်တို့ကို ပြုတ်သောက်ကြတာပေါ့' ဟုဝေါ်တော့တော့ စကားဖြင့် ကျွန်မ အတည်ပြောလျှင် ကိုကိုသည် သဘောတကျရယ်မောနေတတ်၏။

'ဒါပေမဲ့ သားသမီးတွေရလာရင်ရော ကိုကို' ဟု ကျွန်မ ပူပူပင်ပင်မေးမိသည်။ ခုတော့လည်း ဒါမျိုးတွေပြောရမှာ ကျွန်မ မရှက်တတ်တော့ပေ။ ကိုကို့ချစ်သူဖြစ်ပြီးသည့်

www.burmeseclassic.com

နောက် ကဗျာမဆန်တော့ဘူးဟု ပြောမလား၊ ဘဝကို သမားရိုးကျ၊ သဘာဝကျကျ မြင်တတ်လာသည်ဟု ဆိုရမလား ကိုကို ပြောသည့် မိသားစုစီမံကိန်းဆိုသည်ကို သဘောတူလက်ခံခဲ့သည်။

'အိမ်ထောင်ရေးဆိုတာလည်း တကယ်တော့တိုက်ပွဲတစ်ခုပဲ ခင်။ ဒါကြောင့်မို့ ဒီတိုက်ပွဲ အောင်မြင်ဖို့ရာ စီမံကိန်းဆိုတာ ချရမှာပဲ။ ကိုယ့် အဆင့်အတန်းနဲ့ လိုက်ဖက်တဲ့ မိသားစုစီမံကိန်းပေါ့။ ကိုကို ဟာ အများအမြင်မှာ မရောင်ရဆေးလူးဆိုတဲ့ လူစားမျိုး ဖြစ်ချင်ဖြစ်နေမှာပေမဲ့ ကိုယ်နဲ့ ဆိုင်တဲ့တာဝန်ကိုတော့ မကျေပွန်မှာ စိုးရိမ်တယ်။ မိဘဆိုတာ ဖြစ်လာရင် ကိုယ့်သားသမီးတွေအပေါ်မှာ မိဘတာဝန် ကျေပွန်ရမယ်။ ဒါပေမဲ့ ကိုကို့သားသမီးတွေဟာ လိုချင်တာကို ရ၊ရမယ်ဆိုတဲ့ အလိုလိုက်မှုနှယ်တဲ့ ပြည့်စုံမှု ကတော့ ဘယ်တော့မှ ဖန်တီးမပေးဘူး။ ကလေးတွေရဲ့ စိတ်ကို ဒဏ်ရာအနာတရ မဖြစ်အောင် ကိုကိုတို့ကြိုးစားရမယ်။ နောက် ကိုယ့်တာဝန် ကိုယ်ယူရဲတဲ့ သတ္တိမျိုး ပျိုးထောင်ပေးရမယ်။ သတ္တိရှိရမယ်'

ကျွန်မနှင့် ကိုကို၏ ချစ်သူဘဝတွင် ဒီလိုစကား မျိုးထွေသာ ကြားရတတ်သည်။

'သက်ရှိနဲ့သက်မဲ့ ဘယ်ဟာက အရေးပါသလဲ ခင်'

'သက်ရှိပေါ့ ကိုကို'

'ဒါကြောင့်ပေါ့ ခင်၊ သက်ရှိဆိုတဲ့ လူသားတစ်ယောက်ရဲ့ဘဝကို သက်မဲ့ဖြစ်တဲ့ ငွေကြေးရဲ့လွှမ်းမိုးမှု ဘယ်တော့မှ မခံရစေနဲ့။ လူတစ်ဦးတစ်ယောက်မှာ သူသတ်မှတ်ထားတဲ့ စံဆိုတာရှိတယ်။ ငွေကြေး၊ ပညာစသဖြင့်ပေါ့။ သူ ကြိုက်နှစ်သက်တဲ့ စံနဲ့တိုင်းမယ်။ ဒါကို အပြစ်မပြောပါဘူး။ ဒီလိုပဲ ကိုကို့ဘဝမှာ သတ်မှတ်ထားတဲ့ စံက ပေတံက ကိုယ်ကျင့်တရားပဲ ခင်။ ဒါကို စံအဖြစ် သတ်မှတ်ရွေးချယ်ခဲ့လို့လည်း ကို ကို့ဘဝကို သိထားပါတယ်၊ ကိုကိုဟာ ဘယ်တော့မှ ချမ်းသာမယ့် ကောင်မဟုတ်ဘူးဆိုတာပဲပေါ့'

ကို ကို က စကား အတည်ပြောနေရာမှ ကျွန်မ ဘက်ကို လှည့် ကြည့် လျက် နှုတ်ခမ်းစေ့ပြီးကာ 'ဒါကြောင့်မို့ ကိုကို ယူမယ် မိန်းမကို သတ္တိရှိရမယ်လို့ သတ်မှတ်ထားတာပေါ့။ အမှန်ပြောရရင် ခင့်ပုံစံကို ကြိုက်ဖို့ စိတ်ကူးမရှိခဲ့ဘူး' ဟု ဆိုသည်။

ဒီစကားကို ပြောရင်းဖြင့် ကျွန်မ မျက်စိမျက်နှာ ပျက်လျက် မျက်ရည်တို့ပိုင်းတက်လာပြီ။

ကျွန်မ မျက်ရည်တစ်စက်လွှင့်စဉ်ကျသွားပြီဆိုရင်တော့ ကိုကိုသည် ကပျာကယာချော့တတ်သည်။

'ဟိတ်၊ ဘာပြုလို့ မျက်ရည်ကျရတာလဲ။ ကိုကို့ကို ခင့်အချစ်နဲ့ ကိုကို့အချစ် ဘယ်သူကသာသလဲလို့ နှိုင်းပြမလို့ များ'

'ဘာဆိုင်လဲ မဆိုင်တာတွေ'

'ဟောဗျာ။ ဘာလို့ မဆိုင်ရမှာလဲ။ ဆိုင်ပါပြီကော၊ ခင် ကိုကို့အပေါ်မှာ ချစ်တဲ့အချစ်ကို ကြည့်လေ။ ခင့်အပြောပေါ့လေ။ ကိုကိုက လေးစားစရာကောင်းတယ်။ ကိုကို့စိတ်ဓာတ်ကို လေးစားရာကနေ ကိုကို့ကို ချစ်သွားတာတဲ့။ ဒါကို ကြည့်ခြင်းအားဖြင့် ကိုကို့ကိုမတွေ့ခင် ကတည်းက ငါချစ်မယ့်သူဟာ ဒီလိုစိတ်ဓာတ်မျိုးရှိရမယ်ဆိုတဲ့ သတ်မှတ်ချက်ရှိပြီးသား။ အချစ်ဆိုတာ သတ်မှတ်ပြဋ္ဌာန်းချက် မရှိရဘူးတဲ့ ခင်။ အဲဒါမျိုးတွေရှိရင် အမှတ်လျှော့ခံရတယ်။ ခိုင်လည်း မခိုင်မာဘူး။ ကိုကို့လို စိတ်ဓာတ်မျိုး နောက်တစ်ယောက်တွေ့ရင်ကော ခင် လေးစားပြီး ချစ်ဦးမှာပဲ မဟုတ်လား'

'ကိုကိုနော်'

'အဟုတ်ပြောတာ ခင်ရဲ့။ ဟော ခင့်အပေါ်မှာ ချစ်တဲ့ ကိုကို့အချစ်ကျတော့ ကြည့်လေ၊ ဘယ်လောက် ပြင်းထန်ဖြူစင်သလဲလို့။ ကိုကို့စိတ်ကူးထဲမှာ ကြိုက်တာက သတ္တိရှိတဲ့၊ ထက်ထက်မြက်မြက်ရှိတဲ့ မိန်းမ၊ ခင့် လို ပျော့တော့တော့နဲ့ ကြောက်တတ်တဲ့မိန်းမမျိုးများ ချစ်မိမယ် မထင်ပါဘူး။ ဒါပေမဲ့ ခင့်ကို မြင်လိုက်ရတဲ့ အချိန် ကိုယ့်စိတ်ကူးတွေ ပြိုပျက်ကျပြီး ဘာအရောင်မှ မလွှမ်းမိုးတဲ့အချစ်စိတ်တစ်ခု တည်းနဲ့ ချစ်သွားမိတာ။ ခင် စဉ်းစားကြည့်ပေါ့။ ကန့်သတ်ထားတဲ့အချစ်နဲ့ ကိုယ် ယုံကြည်စိတ်ကူးထားတာတွေ ပြိုပျက်ကျသွားအောင် စွမ်းဆောင်နိုင်တဲ့အချစ် ဘယ်ဟာက ပြင်းထန်အင်အားများသလဲလို့'

'တော်ပါ။ ကိုကိုက စကားပြောတော်တော်လည်တယ်'

'မှတ်ထားနော်။ ကိုကို့အချစ်က ပိုတယ်'

မျက်ရည်တို့ ချက်ချင်းတိတ်၍ ကျွန်မ ရယ်မောပျော်ရွှင်သွားအောင်လည်း ကိုကို လုပ်တတ်ခဲ့ပါသည်။

ပြီး...စကားရှည်တစ်ခုကို ကျွန်မ ကြားသာရံတီးတိုးပြောခဲ့သည်။

'ခင်ရေ...ဟိုးအဝေးကို ကြည့်လိုက်စမ်း။ ပင်လယ်ပြာပြာမှာ လှေလေးတစ်စင်းမြင်ရဲ့လား။ အဲဒီလှေလေးထဲမှာ လူနှစ်ယောက်တည်း ခင်ရဲ့။ ဒါကြောင့်မို့ သူတို့နှစ်ယောက်ရဲ့ ကံကြမ္မာက တစ်ယောက်အပေါ်တစ်ယောက် မှီနေကြတယ် ခင်။ ပြီးတော့ သတ္တိလည်း ရှိရမယ်။ ညီလည်း ညီညွတ်ရမယ်။ ခင်လည်း သတ္တိရှိအောင် လုပ်ထား။ ခင် သတ္တိရှိလာတဲ့နေ့ကျ ကိုကိုနဲ့ ခင် လှေလေးတစ်စင်းနဲ့ လှိုင်းကြီးတဲ့ပင်လယ်ပြင်ထဲ ခရီးတစ်ခု ထွက်ရအောင်'

❑

တစ်ခါတစ်ရံ၏ ရူးပါးသော အချိန်တို့တွင်ပြန်သည်။ ကိုကို နှင့် ကျွန်မ အင်းလျားတွင် လမ်းလျှောက်ကြသော နေ့လေးတစ်နေ့လေအရှိန်ကြောင့် ကျွန်မ ဆံနွယ်တို့သည် တလွင့်လွင့် ဖြစ်နေ၏။ လှိုင်းကြက်ခွပ်လေးတို့ကလည်း ကန်၏ အနားသတ်ကို အသံတစ်မျိုးဖြင့် ရိုက်ခတ်နေကြသည်။ ဟိုးအဝေးတွင် မှိုင်းညို့လာသော တောတန်းညိုတို့ကို မှုန်ပျပျ မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုကို့လက်မောင်းကို မှီ
ခဲ့ကာ ကလေးတစ်ယောက်
အား ကျွန်မ လွတ်လပ်ပျော်
ရွှင်နေမိသည်။ အမှန်တကယ်
ကျွန်မသည် ကိုကိုနှင့် ဟိုဟို
ဒီဒီမသွားဖူးသလို ကိုကို
ကိုယ်တိုင်ကလည်း အခြား
ချစ်သူတွေလို ရုပ်ရှင်ကြည့်ဖို့၊
ဘုရားတက်ဖို့ စသဖြင့် ဟို
သွားမယ်၊ ဒီလာမယ် သိပ်
မခေါ်တတ်ပေ။ သူတွေ့ချင်
လာတွေ့ကာ သူ ပြောချင်
ရာတွေပြောပြီး ပြန်သွားတတ်
သည်။ ထိုအခါ ကျွန်မသည်
သည်း ကိုကို့ကျောပြင်ကို
မျက်စိတစ်ဆုံးငေးကြည့်ရင်း
ကျန်ရစ်တတ်သည်။

'ကိုကို'

ကျွန်မ ခေါ်သံကြောင့်
ကိုနေရေပြင်ကို စူးစိုက်ကြည့်
နေသော ကိုကို့ကိုယ်ဆတ်ခနဲ
လှုပ်သွားသည်။ ခဲ့တန်းဘေး
မှာ ပေါက်နေသည့် မြက်ပင်
ရှည်လေးကို ကန့်ကလျှ
ဆွဲနုတ်လျက် ကိုကို့လက်
မောင်းကို တဖျပ်ဖျပ်ရိုက်
ရင်း ပြောမည့်စကားလုံးတွေ
ကို စီနေမိသည်။

'ကိုကိုရေ ကြည့်ပါဦး။
ကန်ပေါင်ကြီးက အရင်ကနဲ့
အာမမဆိုင်တော့ဘူးနော်။
အရမ်းကိုသားနားသွားတာပဲ။
ဒီတိုင်လေးတွေကလည်း လှ
လိုက်တာ။ ညဆိုတော်တော်
ကြည့်ကောင်းမယ်။ ခင်နဲ့
ကိုကို တစ်နေ့လောက် ည
အမှောင်လေးကို စောင့်ပြီး
လမ်းလျှောက်ရအောင်လား။
အိုး...ကြည့်စမ်း ငှက်ကလေး
တွေ ခင့်ခေါင်းပေါ်က အိပ်
တန်းပျံသွားပြီ'

'ခင်'

ကိုကို့ မျက်နှာကို ပြုံး
ပြုံးလေး မော့ကြည့်လိုက်မိ
သည်။

'မနေ့က ကိုကို့အသိ
ကျောင်းဆရာ လင်မယား
လာတယ်။ နယ်ကပေါ့လေ။
နှစ်ယောက်စလုံး အလယ်
တန်းပြတွေပါပဲ။ အင်း၊ သူ
တို့အတော်လေး နွမ်းပါးနေ
ကြတယ် ခင်'

'ရှင်'

ကျွန်မကိုယ် ငြိမ်သက်
သွားလျက် ကိုကို့ကို နား
မလည်သလို ငေးကြည့်လိုက်
မိသည်။ ကျွန်မနှင့် ကိုကို
ကြားတဒင်္ဂတိတ်ဆိတ်သွားတာ
အမှန်ပင်။ ကိုကိုက ထိုင်ခုံမှာ
မှီလျော့ထိုင်လိုက်ရင်း မျက်
ဝန်းအကြည့်က ပြာလွင်သော
မိုးကောင်းကင်ဆီ ရောက်
သွားသည်။ ဒီတော့မှ ကျွန်မ
လည်း လက်ထဲက မြက်ပင်
လေးကို လွှင့်ပစ်လိုက်ပြီး
ကိုကို့စကားတွေကို ငြိမ်သက်
စွာစူးစိုက်နားထောင်မိသည်။

'သူတို့မှာ ကလေးနှစ်
ယောက်ရှိတယ် ခင်။ ခင်
ကြားဖူးရဲ့လား။ ဆရာ လေး
ယောက်ပဲရှိတဲ့ ရွာကျောင်း
လေးရဲ့သီတင်းကျွတ် ကန်
တော့ပွဲမှာ တစ်ယောက်ကို
တစ်ထောင်ကျော်စီ ရကြ
သတဲ့။ ကျူရှင်တွေ ဘာတွေ
ကော မသင်ဘူးလား လို့
ကိုကို မေးတော့ သူတို့ထက်
ဆင်းရဲနေလို့ မယူရက်တော့
ပါဘူးတဲ့'

ကျွန်မ သက်ပြင်းချမိ
သည်။ ကိုကိုက ဘေးမလှမ်း
မကမ်းမှာ ခေါင်းနှစ်လုံးပူးနေ
သည့် အတွဲတစ်တွဲကို ခပ်စွေ
စွေကြည့်လိုက်ရင်း 'တကယ်လို
ဆိုတာ သမီးရည်းစား ချစ်ဖို့
လွမ်းဖို့တစ်ခုပဲ အမြင်ကျယ်ရ
မယ်လို့ စည်းတားထားသ
လားတော့ မသိဘူး။ မိန်းမက
လည်း ယောကျ်ားပဲ အာရုံ
စိုက်၊ ယောကျ်ားကလည်း
မိန်းမပဲ အာရုံထား ကိုယ့်
ကို ယ်ကို ပဲ သ,နေကြ။
နောက် အဓိပတိလမ်းထက်
ချစ်သူနှစ်ဦး လက်ချင်းချိတ်
လျှောက်ကြ၊ အဆောက်အဦ
အမျိုးမျိုးကို နောက်ခံပြီး
မှတ်တမ်းဓာတ်ပုံတွေ ရိုက်
ကြနဲ့ ကိုယ်တို့လူငယ်တွေရဲ့
'စံ'ဟာ လွဲမှားသွားပြီ ခင်'

ကိုကို့မျက်နှာတွင် ချွေး
တို့စို့နေသည်။ သုတ်ပေးချင်
ပေမဲ့ ကျွန်မ သုတ်မပေးဖြစ်
လိုက်ပေ။

'ခင်ကတော့ ကိုကို့
ကိုထင်မှာပဲ။ မိန်းမကို ဦးစား
မပေးတဲ့ ဝါဒသမားလို့လေ။
ကိုကို့မှာလည်း နှလုံးသားရှိ
ပါတယ် ခင်။ ချစ်တတ်တာ
ပေါ့။ ဒါပေမဲ့ ကိုကိုတို့ကို
အသည်းနှလုံးတစ်ခုတည်းနဲ့
တော့ တည်ဆောက်ထားတာ
မဟုတ်ဘူး။ အမှားအမှန်ကို
ခွဲခြားနိုင်တဲ့ ဦးနှောက်ပါ
ထည့်ပေးထားတယ်။ နောက်
လူသားတိုင်း ထမ်းဆောင်ရ
မယ့် တာဝန်ဆိုတာ မွေးက
တည်းက ပါပြီးသား။ ကိုယ့်
ချစ်သူနဲ့ပျော်ချင်တယ်၊ ကြည်
နူးချင်တယ်၊ ဒါပေမဲ့ ကိုကို
ကျောမလုံဘူး ခင်။ နူးညံ့တဲ့
ခင့် လက်ဖဝါးလေးတွေကို
ဆုပ်ကိုင်ထားမိတဲ့ အချိန်၊
ကြမ်းတမ်းတဲ့ ဘဝတွေမှာ
ရုန်းကန်နေကြတဲ့ လူတွေရဲ့
အသားမာတက်နေတဲ့ လက်
တွေကို ကိုကို သတိရနေမိ
တယ်။ ခင် ကျေနပ်ရဲ့လား'

ကိုကို့အမေးကို ကျွန်မ
ပြန်မဖြေဖြစ်ပါ။ ဒါပေမဲ့
ကျွန်မအဖြေကို သိနေလိမ့်
မယ်ဟု ယုံကြည်မိသည်။

ထိုနေ့က မှောင်ရိပ်သန်း
လာမှ ကျွန်မနှင့် ကိုကို အင်း
လျားက ခွာခဲ့သည်။

ချွေးတို့နှစ်နေသည့်
ကိုကို့လက်အေးစက်စက်ကို
ခပ်တင်းတင်းဆုပ်ရင်း နေဝင်
ဖျိုးဖျမှာ အလှတွေဝေနေသည့်
အင်းလျားကို ကျွန်မ ငေးမော
မကြည့်ဖြစ်တော့ပါ။

ကိုကိုသည် ကျွန်မ ရင်
ထဲကို ဝေဒနာတွေ ထည့်ပေး
ခဲ့ပြီဖြစ်သည်။

❑

ကိုကို့ချစ်သူဘဝတွင်
ကျွန်မသည် အခြား၊ အခြား
လူများ၏ ဘဝကို ခံစားနား
လည်တတ်ခဲ့သလို ကျွန်မ
တစ်ယောက်တည်းနှင့် ပတ်
သက်သည့် ကိုကို့သဘော
ထားယုံကြည်မှုကို ကြောက်
ခမန်းလိလိ ကျွန်မ သိခဲ့ရ
သေးသည်။

ကိုကိုနှင့် ကျွန်မ နှစ်
ပတ်မျှ မတွေ့ဖြစ်သောကာလ
ဖြစ်သည်။ ဖုန်းလည်း
မဆက်ဖြစ်ပေ။ ကျွန်မ
အတွက်ကဖြင့် သိပ်မထူး
ဆန်းလှပေ။ ဖုန်းတွေဘာ
တွေ ကိုကိုမှ မဆက်တတ်
တာ။ ကိုကိုကလည်း ပြော
ဖူးသည်။ အလုပ်တွေ ရှုပ်၍
ပင်ပန်းနွမ်းနယ်နေချိန်၊ ခင့်ကို
ဖျတ်ခနဲ သတိရလိုက်ရင်
နွမ်းနယ်မှုတွေ ပျောက်ပြီး
အားသစ်တွေ ရောက်လို့
အမောပြေသည်။ ထို့ကြောင့်
အလုပ်တွေ လုပ်လိုက်၊ ခင့်

www.burmeseclassic.com

ကိုသတိရလိုက်၊ အင်အား တွေရလိုက်၊ အလုပ်တွေ ပြန်လုပ်လိုက်နှင့် လူကိုယ်တိုင် တောင် ခင်ဆီ မရောက်ဖြစ်တော့ဘူးဟု ဆိုသည်။ ဒါကြောင့်ပင် ဖြစ်မည်။ ကိုကို့နှုတ်က ဘာတစ်ခုမှ ချွန်ဖွဲ့စွာ မပြောရပါဘဲလျက် ကိုကို့အချစ်ကို နွေးထွေးစွာ ခံစားသိရှိနေမိသည်။

'ခင်၊ ဒီတစ်ချိန်ပြီးရင် အပြင်ခဏ ထွက်ရအောင်'

ဘေးက သူငယ်ချင်းမအသံကြောင့် ကျွန်မအတွေးတို့ ပစ္စုပ္ပန်ပြန်ရောက်သည်။ သူငယ်ချင်းကို လှည့်ကြည့်လိုက်စဉ် သူ့မျက်နှာထား တစ်မျိုးဖြစ်နေသည်။ ခုနမှ အတန်းဝင်တာ သူအသိ၊ ဘာလို့ ပြန်ထွက်ချင်ရပါလိမ့်ဟု ကျွန်မ တွေးနေမိသည်။ ဒါပေမဲ့ ဘာမှဆက်မမေးတော့ဘဲ အတန်းလွတ်ချိန် စာအုပ်တို့ကောက်သိမ်းလျက် ထွက်ခဲ့သည်။ အခန်းလွတ် တစ်ခုထဲ ဝင်ထိုင်လိုက်ချိန် ခိုင်က 'နှင့်ဆီကို ကိုအောင်ဇော် မလာဘူးလား' ဟု အလောတကြီး မေးသည်။ ကျွန်မ အံ့အားသင့်သွားပြီး 'မလာဘူးလေ ဘာဖြစ်လို့လဲ' ဟု ပြောမိသည်။

'နင်တို့ တစ်ခုခုဖြစ်လို့လား'

'ဘာမှမဖြစ်ပါဘူး။ ကိုကိုက အဲလိုပဲ၊ သူ လာချင်မှ လာတာ ဥစ္စာ။ ဘာဖြစ်လို့လဲ ခိုင်'

ခိုင်က တစ်ခုခုကို စဉ်းစားသလို ငြိမ်နေသည်။ ပြီးမှ ကျွန်မ လက်ကိုဆုပ်ပြီး 'နင့်ရဲ့ အကျင့်သိက္ခာကို ငါယုံတယ် ခင်။ ဒီကြားထဲမှာ လွဲချော်တဲ့ အကြောင်းအရာတစ်ခုခု ရှိနေလိမ့်မယ် ထင်တယ်' ဟု ဆိုသည်။

ကျွန်မ ခိုင့်ကို ငေးကြည့်နေမိသည်။

'နင် မနေ့က ဘယ်သွားသေးလဲ ခင်'

ခိုင့် အမေးကြောင့် ကျွန်မ မျက်မှောင်တွန့်စဉ်းစားနေမိသည်။ ကျွန်မ ဘယ်ကိုမှ ထွေထွေထူးထူး မသွားဖြစ်ဟု ထင်ပါသည်။ ဒါပေမဲ့ ရန်ကင်းကို ခဏထွက်သွားဖြစ်သည်။ ဟုတ်ပါသည်။ သူငယ်ချင်းတစ်ယောက် အမေ နေမကောင်းဖြစ်တာ သတင်းသွားမေးဖြစ်သည်။ ယခု ကျွန်မ အတော်လေး သတ္တိရှိနေပြီဟု ပြောရမည်။ လူမှုရေးကိစ္စ၊ ကိုယ်ရေးကိုယ်တာကိစ္စတို့တွင် သူတစ်ပါးကို သိပ်အားမကိုးဖြစ်တော့ပေ။ ကိုကို့စကားကို မကြာခဏကြားယောင်ပြီး ယခုကဲ့သို့ဖြစ်လာခြင်းဆိုတာကိုတော့ မငြင်းလိုပါ။

'ရန်ကင်းကို သွားတယ် ခိုင်။ နင် သိပါတယ်၊ သိတာတို့လေ သူ့အမေ အတော်ဖြစ်နေလို့ သတင်းသွားမေးတာ။ နင်ကလည်း ကျောင်းမလာတော့ ငါ့ဘာသာသွားလိုက်တာ။ မေကျာဆရာမကလည်း အတန်းမယူဘူးလေ။ အဲဒါနဲ့ ငါ့ကိစ္စနဲ့ ဘယ်လိုပတ်သက်လို့လဲ'

'နင် အဲဒီက အပြန် ကားပေါ်မှာ ယောကျ်ားလေး အသိတွေ့ ဘာတွေ့ မရခဲ့ဘူးလား'

'ယောကျ်ားလေးအသိ ဟုတ်လား။ ဘာဖြစ်လို့ ရရမှာလဲ။ နင် ရှင်းရှင်းပြောပါ ခိုင်ရယ်'

ခိုင်က ကျွန်မကို စူးစိုက်ကြည့်ကာ-

'အဲဒီနေ့က ငါကျောင်းတက်တယ် ခင်။ နင်နဲ့လွဲသွားတာ။ နင် ထွက်သွားပြီးမှ ငါ ရောက် လာတာဖြစ်မယ်။ အတန်းပြီးတော့ ကျောင်းရှေ့မှာ ကားစောင့်နေတုန်း နင် ကားပေါ်က ဆင်းလာတာ တွေ့တယ်။ နင့်နောက်မှာ ယောကျ်ားလေးတစ်ယောက် ပါလာတယ်။ ဘောင်းဘီနဲ့ ခပ်သန့်သန့်ပါပဲ'

ကျွန်မ စဉ်းစားနေမိသည်။ နောက် ဖျတ်ခနဲ သတိရသွားသည်။ ဟုတ်ပါသည်။ အဲဒီအချိန်က ကားတွေအတော်ကျပ်နေသည်။ ထိုအချိန်က ကျွန်မ ဘေးက ထိုင်ခုံနှင့် လူက နေရာဖယ်ပေးသည်။ အပြန် နေပူမိုးပြီး အပူလျှပ်ချင်သလိုလည်း ဖြစ်လာတာကြောင့် နေရာ ဖယ်ပေးသူကို ဝမ်းသာအားရ ကျေးဇူးတင်သွားရသည်။ ထို့ကြောင့် ကျေးဇူးတင်ပါတယ် ဟူသော အပြုံးလေးနှင့်တော့ ကြည့်ဖြစ်ခဲ့သည် ထင်ပါသည်။

'ဟုတ်တယ် ခိုင်။ ဘောင်းဘီနဲ့ရှပ်အင်္ကျီနဲ့ ရုပ်ရည်ကတော့ ခပ်သန့်သန့်ပါပဲ။ တည်တည်တံ့တံ့ပါ။ ငါ့ကို နေရာဖယ်ပေးတယ်။ ငါလည်း နေပူမိုးပြီး ဖျားချင်သလို ဖြစ်နေတော့ ကျေးဇူးတောင် တင်သွားတယ်။ ပထမ အိမ်တန်းပြန်မလို့။ နောက်မှ ဌာနက ဆရာမတစ်ယောက်နဲ့ ချိန်းထားတာ သတိရလို့ ကျောင်းရှေ့မှာ ဆင်းလိုက်တာ။ အဲဒီလူ ဘယ်မှာဆင်းသွားလဲတော့ သတိမထားမိလိုက်ဘူး'

'သူလည်း ကျောင်းရှေ့မှာ ဆင်းတာ ခင်။ နှင့် နောက်က ပါလာတာ။ နင် သတိမထားမိတာ။ အဲဒီကောင်က ကျောင်းထဲ ဝင်မသွားသေးဘဲ ငါ ရပ်နေတဲ့မှတ်တိုင်ကို လာတယ်။ ပြီး...မှတ်တိုင်မှာ စောင့်နေတဲ့ သူ့သူငယ်ချင်းကို ဘာပြောတယ်မှတ်လဲ ခင်။ နှင့်ကို လက်ညှိုးထိုးပြီး ဟော့ကောင်...ငါနဲ့ ကားပေါ်မှာ ငြိလာတဲ့ ကောင်မလေး လို့လှမ်းပြောတယ်။ ငါလည်း အရမ်းအံ့သြသွားတယ်။ နင့် သိက္ခာကို ငါယုံတယ် ခင်။ ဒါပေမဲ့ ရုတ်တရက် တွေ့ခနဲတော့ ဖြစ်သွားတယ်။ ပိုပြီး အံ့သြစရာကောင်းတာက အဲဒီအချိန် ငါနဲ့မလှမ်းမကမ်းမှာ ကိုအောင်ဇော့် ရှိနေတယ်။ အဲဒီ စကားကို လည်း ကိုအောင်ဇော် ကြားသွားတယ်။ ကိုအောင်ဇော့်မျက်နှာ ငါ လှမ်းကြည့်လိုက်တော့ မျက်နှာပျက်ပြီး ညိုမည်းသွားတာပဲ။ ငါလည်း နောက်လှည့် မကြည့်တော့ဘဲ ကားပေါ် အတင်းတိုးတက်ခဲ့တာ ခင်'

ကျွန်မ မျက်ဝန်းတို့ ပြာခနဲဖြစ်သွားသည်။ ကျွန်မ ဘက်က အမှားအယွင်း မရှိပါဘဲလျက် ကိုကိုအထင်သေးသွားရင်ဟူသော ပူပန်မှုတစ်ခုတည်းဖြင့် တုန်တုန်လှုပ်လှုပ်ဖြစ်မိသည်။ ကိုကို့ကို မခွဲပါရစေနဲ့ဟု အခါခါ ဆုတောင်းမိသည်။

'ငါ ဘာလုပ်ရမလဲ

www.burmeseclassic.com

www.burmeseclassic.com

ခိုင်'

ခိုင်က စဉ်းစားပြီး သွားရှင်းပြလိုက်ရင်ကောဟု ဆိုသည်။

'ငါက စရှင်းပြရမှာလား ခိုင်။ ဘာမှမဖြစ်တာကို ရှင်းပြရမှာလဲ။ သူကအလိုဆို တော်သေး၊ ဒါပေမဲ့ ရှင်းမပြတော့လည်း တအုံနေးနေးနဲ့'

အတန် ကြာတော့ ကျွန်မ စိတ်တို့ တည်ငြိမ်လာသည်။ နောက် စဉ်းစားမိသည်။ ကျွန်မ ကိုယ်ကျင့်သီလနှင့် သိက္ခာဖြစ်သည်။ အဆုံးအဖြတ်ပေးမှာ အဲဒါဘဲပဲဟု ယုံကြည်မိသည်။ ပြီး ကိုကိုကလည်း စဉ်းစားဉာဏ်နှင့် ပြည့်စုံပြီး အမြော်အမြင်ရှိသည့် လူတစ်ယောက်ပါဟု တွေးမိသည်။

ခုမှ ကျွန်မ စိတ်သက်သာရာရသွားသည်။

'လာ...ခိုင်'

ဆတ်ခနဲ ထရပ်လိုက်သော ကျွန်မကို ခိုင်က တအံ့တသြကြီး ကြည့်သည်။

'ကိုကို့ဆီ ဖုန်းဆက်မယ်။ တစ်ခါတည်း ပြောလိုက်တာ ကောင်းမယ်'

❑

'အဲဒီနေ့က ခင့်ဆီလာတာ မတွေ့တာနဲ့ ဌာနက သူငယ်ချင်းဆရာနဲ့ စကားပြောပြီး အပြန် ခင့်ကို ကားဂိတ်မှာ တွေ့လိုက်တယ်။ အလုပ်ကိစ္စအရေးကြီးနေတာနဲ့ မခေါ်ဖြစ်လိုက်တာ'

ကျွန်မစားပွဲ ခုံတန်းပေါ်သို့ ဝါလွင်သော သစ်ရွက်တို့ တဖြုတ်ဖြုတ်ကြွေဆင်းနေသည်။ ကိုကို့မျက်ဝန်းတို့က တည်ငြိမ်မှုနှင့် သဲသယရောင်ကင်းလျက်ရှိသည်။

'လူတစ်ယောက် အတွက် အများမျက်စိရှေ့မှာ ကောကွယ်ရာမှာပါ စောင့်ထိန်းကျင့်ကြံခဲ့တဲ့ ကိုယ်ကျင့်တရားတွေ၊ ဂုဏ်သိက္ခာတွေဟာ လက်ဆုပ်လက်ကိုင် မပြနိုင်တဲ့ အခြေအနေတစ်ခုမှာ အားပေးထောက်ခံမှု မပေးနိုင်ခဲ့ရင် ကောင်းမွန်တဲ့ လူတွေအတွက် အားကိုးရာဆိုတာ ဘာကိုသတ်မှတ်ပေးရတော့မှာလဲ။ ခင့်ရဲ့ကိုယ်ကျင့်သိက္ခာကို ကိုကို ပြီးပြည့်စုံစွာ ယုံကြည်ပြီးသားပါ။ အခြေအနေအရ မယုံကြည်နိုင်တဲ့အနေအထားတစ်ခု ဖန်တီးခဲ့ရင်တောင် အဲဒီကြားထဲမှာ မရိုးသားတဲ့ပြဿနာတစ်ခုခု ရှိနေလိမ့်မယ်လို့ ကိုကို ယူဆတယ်။ ဒါ တစ်ဘဝစာ အတွက် ရည်ရွယ်တဲ့စကားပါ ခင်'

'အိုး...ကြည့် စမ်း။ ဘယ်လောက် စိတ်ချမ်းသာစရာ ကောင်းလိုက်ပါသလဲ'

ကိုယ့် ချစ် သူတစ်ယောက်၏ ယုံကြည်ကိုးစားမှုကို ဒီလောက်ထိတောင် ပိုင်ဆိုင်ထားသည့် ကျွန်မ ခေါင်းမမော့ထိုက်ပေဘူးလားဟု ဘဝင်မြင့်ချင်သည်။ ကိုကို့ချစ်သူအဖြစ် အသာတကြည် ခွင့်ပေးခဲ့သော ကံကြမ္မာကို ကျေးဇူးတင်မိသည်။

ဒီလို ချစ်သူမျိုးနှင့်ဆို ဘယ်လိုဘဝခရီးမျိုးကိုဖြစ်ဖြစ် လျှောက်လှမ်းဖို့ရာ အားအင်ပင် တမင်မွေးစရာ မလို။ ထို့ကြောင့် နောက်တစ်ခါ ကိုကို လာလျှင်ဖြင့် အရှက်သည်းစွာဖြင့်ပင် စကားတစ်ခွန်းပြောဖြစ်လိမ့်မည် ထင်သည်။ အဲဒီစကားကတော့-

'ကိုကိုရေ လှိုင်းကြီးတဲ့ပင်လယ်ပြင်ထဲ ခရီးတစ်ခုထွက်ရအောင်။ ကိုကို့ချစ်သူအဆင်သင့်ဖြစ်ပြီ'လို့ပေါ့။■

နန်းစကရီရှင်

Dictionary for All

သာလွန် အင်္ဂလိပ် - မြန်မာ အဘိဓာန်

THALUN Bookstore Yangon

သာလွန်စာအုပ်တိုက်

ခ၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဝဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၀၈

၅၂၅၊ ကုန်သည်လမ်းနှင့် ၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၀၃၀၊ ၃၈၂၂၀၀

ခ၆၅/ ၂၉ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့်၊ [illegible] ရန်ကုန်မြို့။ ဖုန်း - ၂၅၄၂၂၈

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဖွေး

ကျိုင်ရော်

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၄ နာရီ…။
မလှမ်းမကမ်း ဘုန်းကြီးကျောင်းဆီမှ
တုံးမောင်းလည်း မခေါက်ပါ။
အနီးအနားရွာတွေမှ ကြက်တွန်သံလည်း
မကြားရပါ။ သို့သော် အုတ်ဖိုတစ်ကွင်းလုံး
နိုးနေပြီ။ လုပ်ငန်းခွင်ဝင်ဖို့
အသင့်ပြင်ကြပြီ။ မနိုးခံနိုင်ရိုးလား။
၁၂ ကောင်အား မီးစက်ကြီး၏
တဒုန်းဒုန်းစက်ခုတ်သံက
ဘဝဂ်ည်အောင် မြည်ဟည်းနေပြီကိုး။
စက်ခေါင်း(အလုပ်သမားခေါင်း)သည်
မီးစက်နှိုးပြီး အသံပေးရုံနှင့်
အားမရသေး။ အလုပ်သမား
တဲတန်းလျားတစ်လျှောက် ဝါးလုံးကို
တခေါက်ခေါက်ခေါက်ပြီး
စိတ်ရှည်လက်ရှည်
လိုက်နှိုးနေလိုက်သေး၏။ အားလုံးလိုလို
အိပ်မှုန်စုံမွှား၊ မထချင် ထချင်နှင့်
ထကြရလေ၏။ မျက်နှာသစ်၊ ထမင်းကျန်
ဟင်းကျန်လေးတွေစားပြီး
တစ်နေ့တာလုပ်ငန်း စကြရပြန်ပြီ။
အားလုံး လုပ်ငန်းခွင်ထဲရောက်၊
လူစစ်ပြီးပြီဆိုလျှင် စက်ခေါင်းကြီး
သူ့တဲသူပြန် အိပ်ဦးတော့မည်။
သူက အလုပ်လုပ်စရာ မလို။
လူသုံးယောက်၊ အုတ်ပေါက်ခုံတစ်ခု
ဆင်းလျှင် သူ့အတွက်
တစ်ထောင်ရသည်။ သူ့လက်အောက်မှာ
အုတ်ပေါက်ခုံ ၁၀ ခုံရှိလျှင်
သူက အသားတင် တစ်သောင်းရနေပြီ။
ထိုအယောက် ၃၀ သည်
သူ့လက်အောက်၊ သူငယ်သား။
သူ ခေါ်ယူထားသော အလုပ်သမားများ
ဖြစ်ကြ၏။ ထိုလူ ၃၀ အတွက်
အုတ်သူကြီး (အုတ်ဖိုပိုင်ရှင်သူဌေး)ကို
သူက လက်မှတ်ထိုး အာမခံထားရသည်။
စာချုပ်ထားရသည်။ ထွက်ပြေးလျှင်
တစ်စုံတစ်ရာပြဿနာပေါ်လျှင်
သူတာဝန်ဖြစ်၏။ သူကလည်း
ပြဿနာမပေါ်အောင် အလုပ်သမားကို
စိစစ်ရွေးချယ်သည်။ အားလုံးသည်
သူ့ရွာသား၊ သူ့နှင့်ဆွေမျိုး မကင်းသူများသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြလေ၏။

အများအားဖြင့် သူတို့သည် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးဘက်မှ လာသော သူများဖြစ်ကြ၏။ ရေရှား၊ မြေရှား၊ အလုပ်အကိုင်ရှားပါးကြသဖြင့် ရွာလုံးကျွတ်နီးပါး ဒီလိုပဲ လုပ်ကိုင်စားသောက်ကြရသည်။ ကိုယ့်ရွာသား တစ်ယောက် အုတ်ဖိုတစ်ခုမှာ စက်ခေါင်းဖြစ်နေလျှင် တစ်ရွာလုံး ထိုအုတ်ဖိုမှာ မြဲလေတော့၏။

သူတို့လုပ်ငန်း စချိန် ၄ နာရီသည် မိုးမလင်းသေး။ အလင်းရောင် မရှိသေး။ မှောင်နှင့်မည်းမည်းမို့ အုတ်သူကြီးက မီးစက်မောင်းပြီး မီးထွန်းပေးရသည်။ ၆ နာရီ အလင်းပျိုမှမီးစက်နားသည်။

စကားပြောသံ၊ မြေတူးသံ၊ လှည်းတွန်းသံ၊ ရွံ့ပေါက်သံများဖြင့် ကြွက်ကြွက်ညံနေသော်လည်း၊ မီးစက်သံတဒုန်းဒုန်း မြည်ဟည်းနေသော်လည်း စက်ခေါင်းက အိပ်ပျော်အောင် အိပ်လိုက်သေး၏။ အိပ်ပျော်စမှာပဲ မီးစက်မောင်းသည့် တပည့် ကျော်က သူ့ကို လာနှိုးသည်။

'စက်ခေါင်း ထပါဦး။ ကိုတယ်ခွေးကြီး ပြန်လာပြီဗျ'

စက်ခေါင်းလည်း ငေါက်ခနဲထ မျက်နှာကို ပုဆိုးစဖြင့်ပွတ်ရင်း တဲအတွင်းမှ ထွက်လာခဲ့ရ၏။ ဟုတ်ပါရဲ့ 'ဘယ်ခွေး' ဆိုသော အမူးသမားသည် ဒယိမ်းဒယိုင်၊ အမူးမပြေသေးသော ခြေလှမ်းဖြင့် အုတ်ဖိုအတွင်း သိုင်းကွက်နင်းပြီး ဝင်လာ၏။ အနှီ ဘယ်ခွေးသည် မနေ့ညက မူးယစ်ရမ်းကား၊

သည်ကောင်က
နည်းနည်း
မူးလျှင်
ပြိုးပြိုး
ပြိုးပြိုးနှင့်
ရေချိန်
ကိုက်သွားလျှင်
စကားလုံး
ထပ်လာ၏
ရေချိန်
လွန်သွားလျှင်
'ဘယ်ခွေးမှ
လူမထင်ဘူး'
ဟုပဲ
ထပ်ကာ
ထပ်ကာ
အော်ဟစ်
နေတော့၏

ဆဲဆိုသောအမှုဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာ တစ်ည၊ အချုပ်ခံထိရာ ဥက္ကဋ္ဌကပဲ ပြန်လွှတ်လိုက်သလား၊ ထွက်များပြေးလာတာလား။ စိုးရိမ်သွားသည်။ မနေ့ညက ခံဝန်လက်မှတ်ထိုးရသည့်အထဲမှာ စက်ခေါင်းလည်း ပါသည်။

ဘယ်ခွေးသည် သူ့လက်အောက်က အုတ်ပေါက်အလုပ်သမား ဖြစ်၏။ ပြဿနာကောင် ဖြစ်၏။ အရက်ကို နေ့တိုင်းမသောက်သော်လည်း သောက်လျှင် သွေးဆို၏။ မနေ့ညက ဘယ်ခွေးတော်တော်သောင်းကျန်းခဲ့သည်။ ခါတိုင်း နှစ်ရာတန် အရက်ဖြူတစ်လုံး သောက်နေကျက ဘောက်ဆူး အားကိုးဖြင့် လေးရာဖိုး သောက်ပစ်ခဲ့သည်။ ထုံးစံအတိုင်း အော်ဟစ်ဆဲဆို ဟိုရမ်းဒီရမ်း။ ခွေးက ဟောင်လိုက်၊ သူက ဆဲလိုက်။

အဆိုးဆုံးမှာ သူ ဆဲနေကျ လက်သုံးစကားကို ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးရှေ့ကျမှ ဆဲလုံးထပ်မိသွားခြင်းဖြစ်၏။

'ဟေ့ ဘယ်ခွေးမှ လူမထင်ဘူး။ ဘယ်ခွေးမှ လူမထင်ဘူးဟေ့'

သည်ကောင်က နည်းနည်းမူးလျှင် ပြိုးပြိုး ပြိုးပြိုးနှင့်။ ရေချိန်ကိုက်သွားလျှင် စကားလုံးထပ်လာ၏။ ရေချိန်လွန်သွားလျှင် 'ဘယ်ခွေးမှ လူမထင်ဘူး' ဟုပဲ ထပ်ကာထပ်ကာ အော်ဟစ်နေတော့၏။ တဲထဲဆွဲသိပ်လဲအိပ်သွားသည့် အချိန်အထိ 'ဘယ်ခွေးမှ လူမထင်ဘူး' ဟု ဗလုံးဗထွေး အော်ဟစ်နေဆဲ။

ထို့ကြောင့်လည်း အမေပေးသည့် နာမည်ပျောက်။ 'ဘယ်ခွေး' ဟူသော နာမည်ပေါက်ဖြင့် အုတ်ဖိုတစ်ကွင်းလုံးသာမက ရွာနီးချုပ်စပ်အထိ ကျော်ကြားနေခြင်း ဖြစ်တော့၏။

ဘယ်ခွေးဝသီ၊ ဘယ်ခွေးအထာကို မသိရှာသော ကျေးရွာဥက္ကဋ္ဌသည် သူ့ရုံးရှေ့ကျမှ လူမထင်၊ သူ့ကိုပင် စောင်းရှောသလား အထင်မှားကာ ဆွဲစေ့လေတော့၏။ ညစောင့်နှင့် မီးသတ်တစ်ဖက်စီ ညှပ်ပြီး ရဲစခန်းပို့မည် လုပ်နေသေးသည်။ မန်နေဂျာရော စက်ခေါင်းပါ ခယတောင်းပန်၊ ဒဏ်ငွေပါ လျှူဒါန်းလိုက်မှ ရုံးမှာပဲ တစ်ည ထားမည်ဖြစ်သွား၏။

မိန်းမနှင့်ကလေးတွေ တစ်ည နားအေးပါးအေး အိပ်ရတာပေါ့လေဟု အကောင်းဘက်ကတွေးကာ ဘယ်ခွေးကိုထားပြီး ပြန်လာခဲ့ရသည်။ ခု မိုးပင်မလင်းသေး။ ဘယ်ခွေး ပြန်လာပြီ။

'ဘယ်ခွေး လာဦးဟေ့'

စက်ခေါင်းက သြဇာသံဖြင့် လှမ်းခေါ်လိုက်၏။ ဘယ်ခွေးက ဂရုမစိုက်။

'ဘာတုံးကွ ခေါင်းကြီးရ။ ဒီအချိန် မင်း အိပ်နေရမှာ၊ ဘာလဲ ကြမ်းပိုးကိုက်လို့လား'

ဘယ်ခွေးက မခန့်။ တစ်ရွာတည်းသား ငယ်သူငယ်ချင်းတွေကိုး။ ကကြီးခေွးပဲ တတ်တာချင်းအတူတူ အုတ်သူကြီးနှင့်ရင်းနှီးလို့၊ အလုပ်သမား အရာကောင်းလို့ စက်ခေါင်းဖြစ်နေတာ။ ကိုယ့်ထမင်း ကိုယ်ရှာစားနေကြတာပဲ။ သို့ကလို ဘယ်ခွေးက သူ့ဘဝသူ ကျားကန်ထား၏။

'မင်း ထွက်များ ပြေးလာတာလားလို့ မေးမလို့ပါကွာ'

'ဥက္ကဋ္ဌကိုယ်တိုင် ၄ နာရီအလုပ်ဆင်းရမှာမှန်းသိလို့ ပြန်လွှတ်လိုက်တာဟော့။ ငါ့သဘောဆို အိပ်ဦးမှာ။ မိုးလုံလေလုံ၊ ကြမ်းပိုးမကိုက်၊ ခြင် မကိုက်'

'အေးအေး ဟုတ်ပါပြီကွာ၊ သွားသွား အလုပ်ဆင်းတော့။ ဟိုမှာ မင်းမိန်းမနဲ့ကလေးတွေ စောင့်နေတယ်'

ဘယ်ခွေးကျေးဇူးပြင်ကြီးကို ကြည့်ပြီး စက်ခေါင်း

www.burmeseclassic.com

www.burmeseclassic.com

ဘယ်ခွေးအကြောင်း စဉ်းစားလို့ကောင်းနေဆဲမှာပင် အရှေ့ဆီမှ ရောင်နီပျိုလာ၏။ ကွင်းပြင်အဝေး ရေးရေးထင်ထင် ရှိလာပြီ။ မီးစက်က မပိတ်သေး။ တပည့်ကျော်အိပ်ပျော်နေပုံ ရ၏။ စက်ခေါင်း ပြေးပိတ်ရပြန်သည်။ နောက်ကျလျှင် မန်နေဂျာက ဆဲမည်။

မီးစက်ပိတ်ပြီး ပြန်ထွက်လာတော့၊ အလုပ်သမားတွေ အလုပ်ရပ်ပြီး ခြေလက်ဆေးကြ၊ အဝတ်အစားလဲကြနှင့် တက်ကြွနေကြပြီ။ ဟုတ်သားပဲ။ အရှေ့ဘက်ရွာက အလှူထမင်းစား ဖိတ်ထားသည်။ အနီးအနားရွာတွေက သဒ္ဓါတရားကောင်းသည့် အလှူရှင်ဆိုလျှင်အုတ်ဖို ကို ထမင်းစားလာဖိတ်တတ်သည်။ ကလေးလူကြီးတစ်ယောက်မကျန် သွားစားကြသည်။ သူတို့ဘဝမှာ စားရခဲလှသော ဝက်သားဟင်းနှင့် ထမင်းဖြူဖြူကို အလှူရက်လက်ချိုးပြီး စောင့်ခဲ့ရသည် မဟုတ်လား။

'အေး သွားကြ၊ သွားကြ။ ရွှံ့တွေ စင်အောင်လည်း ဆေးကြော်သွားကြဦး။ သပ်သပ်ရပ်ရပ်လေးလည်း ဝတ်သွားကြ'

စက်ခေါင်းခမျာ တဖွဖွ သတိပေးရပြန်၏။ ငြိုငြင်စရာဖြစ်သွားလျှင် နောက်အလှူရှင် လက်တွန့်နှုတ်ဆွဲသွားလိမ့်မည်။

အလှူအိမ်က ထမင်းစားပြီးအပြန်မှာ အားလုံးမျက်နှာတွေ ရွှင်လန်းလို့၊ အားရလို့။ ထမင်းလေးက ဖွေးလို့ နုလို့တဲ့။ ဝက်သားဟင်းက စက်ဘီးလေးဝယ်ပေးချင်လို့ ပါတော်'ဟူသော စကားတစ်ခွန်းဖြင့် ဘယ်ခွေးပါးစပ် ပိတ်သွားသည်။

ဘယ်ခွေးမှာ ကလေးတွေကလည်း များမှများ။ ဒါဇင်ဝက်။ ခြောက်ယောက်။ ပါးစပ်ပေါက် ကြွက်တွင်းတွေကို ထမင်းချည်းဖြည့်ဖို့ပင် အနိုင်နိုင်။ ထမင်းဝိုင်းမှာ ထိုင်ကြလျှင် ခြောက်လုံးပတ် ဗုံတိုတွေလို တစ်နှစ်တစ်သား ကျထားတော့ အရွယ်တွေက မတိမ်းမယိမ်း။ အကြီးနှစ်ယောက်က ရွံ့လုံးမြေသယ်ရနေပြီ။ အငယ်လေးယောက်မှာ ရောဂါသည်နှစ်ယောက် ပါလိုက်သေး။ တစ်ယောက်က ပန်းနာရင်ကျပ် အမောသည်။ တစ်ယောက်က ဝမ်းတွင်းပါ ကျပ် မပြည့်သူ။

ဘယ်ခွေးအမေကလည်း တစ်ခါတစ်ခါ ပန်းနာရင်ကျပ်ထတတ်သည်။ အမေတစ်လှည့်၊ သမီးတစ်လှည့် ဆေးရုံဆေးခန်းပို့နေရသည်။ သေကောင်ပေါင်းလဲ နှုတ်ခမ်းတွေ ပြာနှမ်းမှလာ၊ ပိုက်ဆံကလည်း မလုံမလောက်ဆိုတော့ ဆရာ၊ ဆရာမ အငေါက်အငမ်း အမြဲခံရသည်။ ဘယ်ခွေးတစ်ယောက် ဘယ်လောက် သောက်ထားထား၊ ဆေးရုံမြေ နင်းမိလျှင် အမူးပြေ မြွေစွယ်ကျိုး၊ ခြေသုတ်ပုဆိုးဖြစ် သွားတော့၏။

သူမိန်းမက ဘယ်ခွေးထက် ဝိုဆိုးသည်။ လူတော မတိုး။ ရွာလည်း မစွာ၊ ဈေးသည်တကာ အဆဲခံဖတ်၊ ချဲသည်တကာ၏ အဆဲခံဖတ် ဖြစ်တော့၏။

ဥက္ကဋ္ဌ ကိုယ်တိုင် ၄ နာရီ အလုပ် ဆင်းရမှာမှန်း သိလို့ ပြန်လွှတ် လိုက်တာပေ့ာ ငါသဘောဆို အိပ်ဦးမှာ ဝိုးလုံးလေလုံး ကြမ်းပိုးမကိုက် ခြင်မကိုက်

ဘယ်ခွေးကလည်း သူ့အမေဆဲ ဆဲစရာ။ စက်ခေါင်း ရာထူးဖြင့် လူလေး ငါးဆယ် အုပ်ချုပ်ဖို့နေနေသာသာ သူ့မိန်းမကိုပင် မကိုင်တွယ်နိုင်။ ဘယ်ခွေးမိန်းမက ချဲအလွန်ထိုး၏။ နှစ်လုံးလည်း ထိုး၊ သုံးလုံးလည်း ထိုး။ တစ်ခါတစ်ရံ တစ်လုံးပင် ထိုးလိုက်သေးသည်။ ဘာမှန်းမသိဘဲ 'မန်ချက်က ငါးရာဟေ့'လုပ်လိုက်သေးသည်။ တစ်ခါမှလည်း ဖိုးဖိုးဖန့်ဖန့် ပေါက်သည် မရှိ။ 'ကိုဘယ်ခွေးကို မျှားဖြစ်ရော့သလား။ ဘယ်ခွေးမှ လူမထင်သည့်အထဲသူလည်း ပါလေမလား။ စက်ခေါင်းတစ်ခါတစ်ခါ ခေါင်းစား၏။

ဘယ်ခွေးကလည်း သူ့အမေဆဲ ဆဲစရာ။ စက်ခေါင်း ရာထူးဖြင့် လူလေး ငါးဆယ် အုပ်ချုပ်ဖို့နေနေသာသာ သူ့မိန်းမကိုပင် မကိုင်တွယ်နိုင်။ ဘယ်ခွေးမိန်းမက ချဲအလွန်ထိုး၏။ နှစ်လုံးလည်း ထိုး၊ သုံးလုံးလည်း ထိုး။ တစ်ခါတစ်ရံ တစ်လုံးပင် ထိုးလိုက်သေးသည်။ ဘာမှန်းမသိဘဲ 'မန်ချက်က ငါးရာဟေ့'လုပ်လိုက်သေးသည်။ တစ်ခါမှလည်း ဖိုးဖိုးဖန့်ဖန့် ပေါက်သည် မရှိ။ 'ကိုဘယ်ခွေးကို ဆက်ပြင်းချလိုက်၏။ ဘယ်ခွေးက မူးလျှင် သွေးဆိုးသော်သည်း အလုပ်ကျ ခွဲကောင်းသည်။ ပြီး မိန်းမ၊ ကလေးအကြီးနှစ်ယောက်နှင့် မအေနှိုက်ပါ အလုပ်လုပ်ကြသည်။ အုတ်ရာသီစတိုင်း ဘယ်ခွေးတို့ မိသားစုကို အမြဲပါအောင် ခေါ်ခဲ့ရသည်။ အုတ်သူကြီးအတွက်၊ စက်ခေါင်းအတွက်တော့ ဘယ်ခွေးတို့မိသားစုသည်(မန္တိုင်းကောင်း နှိုင်းကောင်း)သန္ဓေကောင်းသည့် ခြံပေါက်နှားများတည်း။

❑

ဘယ်ခွေး ဘယ်လောက် သွေးဆိုးဆိုး၊ လူဆိုးသူမိုက်မဟုတ်ဟု စက်ခေါင်းက သတ်မှတ်ထား၏။ ငွေသုံးနှင့်ပတ်သက်ပြီး ငြင်းခြင်းညှစ်ခြင်းမရှိ။ အခြားစက်သို့ သည်းပြောင်းမသွား။ အရက်သောက်သည်က လွဲလျှင် လူမှုရေးအရှုပ်အထွေးမရှိ။ အရိုက္ခာကောင်းသည်။ သစ္စာရှိသည်။ ထို့ကြောင့်လည်း သူကောင်းသည့် 'ကြိုသုံး'ဖြစ်အောင်ပေးပြီး တစ်နှစ်တစ်ခါ အပါခေါ်ထားရခြင်း ဖြစ်၏။ တစ်ခုပဲရှိသည်။ အပေါက်ဆိုးသည့် ဘယ်ခွေးအမေသည် သူသားကို အားမရလေတိုင်း သူနှင့်နှိုင်းနှိုင်းပြီး ဆဲသည်ကို မျက်နှာပူနေရခြင်းဖြစ်၏။

'ဟဲ့ ဘယ်ခွေးရဲ့။ တစ်ရွာတည်းသား ရွယ်တူအန်းတူချင်း ဟိုက စက်ခေါင်း၊ နင်က ကြက်ခေါင်း နင်မရက်ဘူးလား'

ဆဲဖန်များတော့ ဘယ်ခွေးသူ့ကို မနာလို မရှုဆိတ်

www.burmeseclassic.com

ဘယ်လို၊ ကုလားပဲနှပ်က ဘယ်လို၊ ငရုတ်သီးကြော်က ဘယ်လို ကိုယ့်အကြိုက်ကိုယ် ချီးမွမ်းခန်းဖွင့်နေကြသည့် အချိန်မှာ ဘယ်ခွေးမျက်နှာ သိပ်မကောင်း။ မှိုင်းမှိုင်းညို့ညို့နှင့် ဘာကိုအလိုမကျ ဖြစ်လာပါလိမ့်။

စက်ခေါင်းကလည်း တစ်ယောက်ကို လက်ယပ်ခေါ်ပြီး တိုးတိုးတိတ်တိတ် မေးရလေ၏။

'ဘယ်ခွေးလား သူ့သမီး ဟိုကျပ်မပြည့်တဲ့ကောင်မလေးလေ။ အလှူစည်ခံမဏ္ဍပ်ထဲ လျှောက်ပြေးနေလို့ ရွာလူကြီးတွေက ငေါက်ထုတ်တာ၊ အဲဒါ စိတ်မကောင်းဖြစ်သွားတာနေမှာ။ ထမင်းတောင် ကောင်းကောင်းမစားနိုင်ဘူး'

'ဒါများကွာ'

အလှူရှင်တွေက ထမင်းစားဖိတ်သော်လည်း အုတ်ဖိုက သူတို့တစ်တွေကို စည်ခံမဏ္ဍပ်ထဲ အဝင်မခံပါ။ ကျွေးရုံမှာ တစ်ခါတည်း ဝင်စား၊ ပြီးရင် ပြန်။ ထုံးစံလုပ်ထားကြ၏။ ကျပ်မပြည့်သည့် ကလေးမှန်းလည်း သိချင်မှ သိပေမည်။

'အေးကွာ။ ညနေကျမှ ဘယ်ခွေးကို ငါဖျောင်းဖျလိုက်ပါ့မယ်' စက်ခေါင်း ခေါင်းစားရပြန်၏။

❑

ဘယ်ခွေးကိုဖျောင်းဖျမည်ဟု ကြံထားကာ ရှိသေး၊ ဘယ်ခွေးသတင်းက စက်ခေါင်း တဲအတွင်း ရောက်ချလာပြန်၏။

'ခေါင်းကြီးရေ၊ ဘယ်ခွေးမူးပြီး ရမ်းနေပြန်ပြီတဲ့'

'ဟာ ဒီကောင်၊ မနေ့ကမှ တစ်ည အချုပ်က လွတ်လာတာ ခက်တော့တာပဲ'

စက်ခေါင်း မနေသာ။ ဘယ်ခွေးသားအကြီးကောင်လေး ခေါ်ပြီး ကမန်းကတမ်း လိုက်သွားရသည်။ ဘယ်ခွေး သောက်နေကျအရက်ဆိုင်က အရှေ့ဘက်ရွာ။ မနက်က အလှူပေးသည့် ရွာထဲမှာရှိသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကလည်း အပြန်လမ်းမှာ။ မနေ့ကလို ဆဲဆိုနေလျှင် ဒီတစ်ခါ သေချာပေါက် ရဲစခန်းရောက်တော့မည်။

အုပ်မိအောင် လိုက်သွားရကျိုးနပ်ပါ၏။ ဘယ်ခွေး အရက်ဆိုင်ထဲက အထွက် လက်မတင်ကလေး။ ဘယ်ခွေးကတော့ ထုံးစံအတိုင်း 'ဘယ်ခွေးမှ လူမထင်ဘူး' ဓာတ်လမ်းစနေပြီ။ ပါးစပ်ကို အတင်းပိတ်ပြီး ချောတစ်ခါ ခြောက်တစ်လှည့်ဖြင့် ဆွဲခေါ်ခဲ့ရသည်။ ရွာလယ်လမ်းကို ကွင်း၊ အုပ်ချုပ်ရေးမှူးရုံးကို ကွင်းပြီး ကန်သင်းလမ်းတွေက ကွေ့ပတ်ခေါ်ခဲ့ရသည်။

'ဘယ်ခွေးမှ လူမထင်ဘူးဟေ့'

ဗလုံးဗထွေး အာလေးလျှာလေးဖြင့် တစ်လမ်းလုံး အော်၊ အုတ်ဖိုရောက်တော့လည်း အော်၊ အသံတွေတောင် ဝင်နေပြီ။

အားလုံးရုံးစု၊ ရုံးစုဖြင့် ချောသည့်လူကချော့၊ ငေါက်သည့်လူက ငေါက်၊ တစ်ယောက်တစ်ပေါက်ဖြစ်နေ၏။ ကျပ်မပြည့်သည့်ကောင်မလေးက သူ့အဖေ ရင်ခွင်ထဲ ဝင်တိုးသည့်။ စက်ခေါင်းလည်း လေပြေကလေးဖြင့် -

'ဘယ်ခွေး သူငယ်ချင်းမင်းကွာ။ မသောက်နဲ့မဟုတ်ဘူး သောက်ပါ။ သောက်ပြီး အေးအေးဆေးဆေးပေါ့။ ဘယ်ခွေးမှ လူမထင်ဘူးဆိုတာကြီး မပြောစမ်းပါနဲ့။ ဒါလေးတစ်ခုတော့ ဆင်ခြင်ပါကွာ'

ဘယ်ခွေးသည် စက်ခေါင်းကို ခေါင်းလှန်ပြီး ကြည့်လိုက်၏။ ပြီး ခေါင်းငိုက်စိုက်ကျသွားပြန်သည်။ ဒေါသပြေလျော့စပြုသည့်လေသံဖြင့် -

'ဒီမှာ ခေါင်းကြီး။ ငါပြောတဲ့ ဘယ်ခွေးမှ လူမထင်ဘူးဆိုတာ တကယ့်ခွေးတွေကို လူမထင်ဘူးလို့ ပြောတာကွ'

ဘယ်ခွေးအသံက တုန်တုန်ယင်ယင်ဖြင့် ရှိုက်သံစွက်လာ၏။

'ငါ ခံစားနေရတာကြာပြီ။ တကယ်တမ်းကျ ငါတို့ဘဝက...'

ဘယ်ခွေးအသံ တိမ်ဝင်သွားပြန်၏။

'ငါတို့ဘဝတွေကို ဘယ်သူကမှ လူရာမသွင်းဘူး၊ လူမထင်ကြဘူး။ နိမ့်ကျလိုက်တာကွာ။ လူတမ်းမစေ့တဲ့ဘဝ၊ ဆင်းရဲတဲ့ ဘဝ၊ နံ့ချာတဲ့ဘဝ။ လူ မဟုတ်တော့ဘူး။ ငါတို့ဟာ လူမဟုတ်တော့ဘူးကွ ခေါင်းကြီးရ'

ဘယ်ခွေး ငိုပါလေတော့၏။

စက်ခေါင်းလည်း ပါးစပ်ပိတ်။ အားလုံးငြိမ်။ အုတ်ဖိုတစ်ကွင်းလုံးငြိမ်။ လောကဓာတ်တစ်ခုလုံး ငြိမ်ကျသွားလေ၏။ ■ ကျိုက်ဝေ

ကိုကိုကျော်

အယ်ဒီတာအဖွဲ့

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
စိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေတိုက်

၂၅၀၀ ကျပ်

၂၅၀၀ ကျပ်



၁၅၀၀ ကျပ်



၂၀၀၀ ကျပ်

ထွက်ပြီ

ဖြန့်ဝေရေး လင်းလွန်းခင်စာပေ

www.burmeseclassic.com

ခမှတ် ၄၉၊ ပထမထပ် (ခ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း -၀၁-၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၃၀ ၊ ၀၉- ၄၂၁၇ ၁၉ ၇၁၅

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မြင့်သန်း

ဗစ်ဂိုင်ရှတိုင်းဘက်မှ ချေပပေးရန် ဖြစ်လာရခြင်း

(ဘာသာပြန်ကြောင့် ပုလင်းထဲတွင်ပင် သေဆုံးသွားရ ရှာသောယင်ကောင်များ၏ နောက်ဆက်တွဲအပြစ် လက်ခံပတ်ရှုကြစေချင်ပါသည်။)

ရှာဇာဒီရာ ကုန်းလင်းဖြူရွှင်သောအရောက်အစမ်း နာမည်ကျော်နေပါသည်။ 'ဘာသာပြန်ကြောင့် ပုလင်းထဲတွင်ပင် သေဆုံးသွားရရှာသော ယင်ကောင်များ' အကြောင်း ရေးသားပြီးနောက်၊ အစေးတစ်နေရာတွင်နေသော မိတ်ဆွေတစ်ဦးနှင့် စကားစပ်မိသောကြောင့် ပြောဆိုဖြစ်ပါသည်။ 'ဘာကြောင့် တစ်အုပ်လုံး မဖတ်သလဲ'၊ 'တစ်အုပ်လုံးမဖတ်တောင် ဗစ်ဂိုင်ရှတိုင်း အကြောင်းတော့ကြည့်ဖတ်ပြီးရပေါ့' ဟု ပြောသည်။ ဘာကြောင့် ဗစ်ဂိုင်ရှတိုင်းအကြောင်းကို ဖတ်သင့်သလဲ ဟု မေးရာ 'ဗစ်ဂိုင်ရှတိုင်းက ဒဏ်သင့်ကျိုးကြေနေတာပဲ ငါလူရယ်။ မင်းဘာသာ ဒဏ်ကြည့်...' ဟု သူက ပြောပြီး ရယ်လေသည်။ ဤသို့ဖြင့် ပုလင်းထဲက ယင်ကောင်များ ကို ပြန်၍ တော်ပါသည်။ သို့ရာတွင် ဗစ်ဂိုင်ရှတိုင်းအကြောင်း ရေးထားသော စာမျက်နှာ ၉၉ မှ ၁၁၆ အထိသာ တော်ကြောင်း ဝန်ခံပါသည်။ ဗစ်ဂိုင်ရှတိုင်းဘက်မှ ချေပပေးရန် ဖြစ်လာခဲ့ပါတော့သည်။

'ဒဏ်သင့်ကျိုးကြေနေသော' ဟူသော အသုံးအနှုန်းမှာ မှုရင်းစာရေးသူ ဗက်၊ မေတာ၏ အသုံးအနှုန်း မဟုတ်ပါ။ သန်းဇင်နိုင်၏ ဘာသာပြန်ဟု ဆိုသော ပုလင်းထဲက ယင်ကောင် များ စာအုပ်၊ စာမျက်နှာ ၁၁၆ တွင် ဒေါသထွားသော စာ လုံးများသာဖြစ်သည်။ မေတာက ရေးသည်မှာ *'Wittgenstein was a tortured genius'(Fly and the Fly- Bottle*စာ၁၁၆) ဟူ၍ ဖြစ်သည်။ ထိုစကားမှာ မေတာ၏မိတ်ဆွေ ဟု ဆိုထား သော (မေတာ၏ ဒုတိယအသံဖြစ်သော) ကျောနံက ပြောခြင်း သာ ဖြစ်သည်။ ဤနေရာတွင် မေတာက Physically tortured သဘောမျိုးကို ဆိုလိုခဲ့သည် မဟုတ်ပါ။ ပိုင်းရိုက်နှက်သဖြင့် (တစ်နည်း အသံသဲ့စံထားခံသဖြင့်) ဒဏ်သင့်ကျိုးကြေနေ သည်ဟု မဟုတ်ပါ။ ဗစ်ဂိုင်ရှတိုင်းမှာ (လွယ်လွယ်ပြောရဆိုရသော်) လေးနာခံစေနေရသော ပညာရင်းဖမ်းဦးဘဝဖြစ်သည်ဟု ဆိုလို ခြင်းဖြစ်ပါသည် (ရှေးအသုံးစကား အရသော် 'ဖိစီးခံ' ဟု ဆိုနိုင်ပါသည်)။ tortured မှာ torture ကဲ့သို့ တစ်နေရာတည်း တွင် တစ်မျိုးတည်း အသုံးခံသော စာလုံး/စကားလုံး မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ပါ။ ကနဲ့သတ်အနက်ဖြင့် ရှင်သန်မှုမရှိတော့ဘဲ ရပ်တည်နေရသောစာလုံး/စကားလုံးမျိုး မဟုတ်။ ထို့ပြင် 'ဒဏ်သင့်သည်...' ဟု သုံးစွဲရန်မှာလည်း မဖြစ်နိုင်။ မဖြစ်နိုင်ရသည်မှာ 'ဒဏ်သင့်ရန်...' တည်းဟူသော အကျိုးတရား တစ်စုံတစ်ရာဖြစ်လာစေရန် လူသည် လူ့အဖွဲ့အစည်းအတွင်းမှ မကောင်းမှုတစ်ခုခုကို ကျူးလွန်ရန် လိုအပ်ပါသည်။ အလကားပဲတင်း နေရင်းထိုင်ရင်း ဒဏ်မသင့်နိုင်ပါ။ 'ဒဏ်သင့်သည်' ဟု ဆိုခြင်းတိုင်းသည် မှားယွင်းသောအပြုအမူတစ်ရပ်ပြန်လည်ခံစားရသော အကျိုးတရား(ဆိုးကျိုး)သာ ဖြစ်သည်။ ဗစ်ဂိုင်ရှတိုင်းမှာ (တစ်နည်းတစ်လမ်းအားဖြင့်) ပညာအရာတွင် စည်းရိုးချိုးဖောက်မှုများပြုရန် အားထုတ်ခဲ့သည်ဟု ဆိုလိုသော်ဆိုနိုင်ပါသည်။ သို့ရာတွင် လူ့အဖွဲ့အစည်းအတွင်း ဒဏ်သင့်ထိုက်သည့် စည်းရိုးချိုးဖောက်မှုများ ပြုခဲ့ခြင်းမရှိ။ သုံးနှစ်တိုင်တိုင် အချိန်ယူ ဘာသာပြန်ခဲ့ရသော စာအုပ်တစ်အုပ်အတွက် ယခုထက်ပိုကာ သင့်လျော်သော၊ သို့မဟုတ် ဆီလျော်အပ်စပ်မှုရှိသော စာလုံး/စကားလုံး တစ်လုံး ရှာဖွေရန် အချိန်မရခဲ့ပါဘိလော ဆိုသည်ကို စဉ်းစားကြည့်မိသောအခါ အဖြေမရ။

မူရင်း မေတာ၏အရေးအသားအတွင်းမှ မေတာ၏အသံတစ်ခုအဖြစ် ဖော်ထုတ်ထားသော ဂျာနယ်က ဗစ်ဂိုင်ရှတိုင်းမှာ ဝေဒနာခံစားနေရသူတစ်ဦးဖြစ်သည်ဟုဆိုရခြင်းမှာ အကြောင်းရှိသည်။ ထိုအဆိုကိုမပြုမီ ဗစ်ဂိုင်ရှတိုင်း၏ဘဝဇာတ်လမ်းမှတ်တမ်းတင်သူ မလ်ကမ်(Norman Malcolm) ၏ အရေးအသားမှ စာတစ်ပိုဒ်ကို မေတာက ထုတ်နုတ်ကိုးကားပြထားသည်။ ၄င်းမှာ-

ပါ။ ကနဲ့သတ်အနက်ဖြင့် ရှင်သန်မှုမရှိတော့ဘဲ ရပ်တည်နေရသောစာလုံး/စကားလုံးမျိုး မဟုတ်။ ထို့ပြင် 'ဒဏ်သင့်သည်...' ဟု သုံးစွဲရန်မှာလည်း မဖြစ်နိုင်။ မဖြစ်နိုင်ရသည်မှာ 'ဒဏ်သင့်ရန်...' တည်းဟူသော အကျိုးတရား တစ်စုံတစ်ရာဖြစ်လာစေရန် လူသည် လူ့အဖွဲ့အစည်းအတွင်းမှ မကောင်းမှုတစ်ခုခုကို ကျူးလွန်ရန် လိုအပ်ပါသည်။ အလကားပဲတင်း နေရင်းထိုင်ရင်း ဒဏ်မသင့်နိုင်ပါ။ 'ဒဏ်သင့်သည်' ဟု ဆိုခြင်းတိုင်းသည် မှားယွင်းသောအပြုအမူတစ်ရပ်ပြန်လည်ခံစားရသော အကျိုးတရား(ဆိုးကျိုး)သာ ဖြစ်သည်။ ဗစ်ဂိုင်ရှတိုင်းမှာ (တစ်နည်းတစ်လမ်းအားဖြင့်) ပညာအရာတွင် စည်းရိုးချိုးဖောက်မှုများပြုရန် အားထုတ်ခဲ့သည်ဟု ဆိုလိုသော်ဆိုနိုင်ပါသည်။ သို့ရာတွင် လူ့အဖွဲ့အစည်းအတွင်း ဒဏ်သင့်ထိုက်သည့် စည်းရိုးချိုးဖောက်မှုများ ပြုခဲ့ခြင်းမရှိ။ သုံးနှစ်တိုင်တိုင် အချိန်ယူ ဘာသာပြန်ခဲ့ရသော စာအုပ်တစ်အုပ်အတွက် ယခုထက်ပိုကာ သင့်လျော်သော၊ သို့မဟုတ် ဆီလျော်အပ်စပ်မှုရှိသော စာလုံး/စကားလုံး တစ်လုံး ရှာဖွေရန် အချိန်မရခဲ့ပါဘိလော ဆိုသည်ကို စဉ်းစားကြည့်မိသောအခါ အဖြေမရ။

မူရင်း မေတာ၏အရေးအသားအတွင်းမှ မေတာ၏အသံတစ်ခုအဖြစ် ဖော်ထုတ်ထားသော ဂျာနယ်က ဗစ်ဂိုင်ရှတိုင်းမှာ ဝေဒနာခံစားနေရသူတစ်ဦးဖြစ်သည်ဟုဆိုရခြင်းမှာ အကြောင်းရှိသည်။ ထိုအဆိုကိုမပြုမီ ဗစ်ဂိုင်ရှတိုင်း၏ဘဝဇာတ်လမ်းမှတ်တမ်းတင်သူ မလ်ကမ်(Norman Malcolm) ၏ အရေးအသားမှ စာတစ်ပိုဒ်ကို မေတာက ထုတ်နုတ်ကိုးကားပြထားသည်။ ၄င်းမှာ-

ပညာရှင်များ ပေတံဖြင့်ပင် စံတင်ထားရသူ ပညာရှင်တစ်ဦးကို သိမ်ငယ်သွားစေရန် သွယ်ဝိုက်ပြီး နှိမ့်ချရန်မသင့်။ မိမိ၏သိမှတ်ခံစားနားလည်နိုင်သော နှုန်းတာကလေးများဖြင့် ပညာရှင်/ပညာရှိကြီးများကို စော်ကားရန်ကား မသင့်ချေ။ ဘာသာပြန်သည်ဟုဆိုလျှင် မူရင်းအရေးအသားကို မိမိဆန္ဒတစ်ခုတည်းဖြင့် ထင်ရာအနက်ဖော်နေသည်မှာ မပြုအပ်သော အပြုအမူတစ်ရပ်သာဖြစ်သည်

သူ၏ အစွန်းရောက် အဆိုးမြင်မှုများ၊ သူ၏ စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အစွန်းရောက်မှုများ၊ သူ၏ အသိပညာပိုင်းတွင် သူဘာသာ ပြင်းထန်စွာ စေ့ဆော်တိုက်တွန်းနေခြင်းများ၊ ချစ်ခြင်းကို လိုအပ်နေသော်လည်း သူကိုယ်တိုင်က ချစ်ခြင်းကို ပြင်းထန်စွာ ပ.ထုတ်နေခဲ့ခြင်းများ(စသည့် အကြောင်းများကို) ကျွန်တော် တွေးကြည့်မိသည့်အခါ သူဘဝတွင် ဆိုးဆိုးရွားရွား မပျော်မရွှင်ဖြစ်ခဲ့ရသည်ဆိုခြင်းကို ကျွန်တော့်အနေဖြင့် ယုံကြည်စရာ ဖြစ်လာပေတော့သည်။ ထို့သို့ဆိုရစေကာမူ အဆုံး၌ သူက 'အတော်တော့ကောင်းသား'

ဟု သူက ဆိုခဲ့သည်။ ဤအချက်မှာ ကျွန်တော့်အတွက် ဆန်းသည်။ အတော့်ကို စိတ်ဝင်စားစရာ ကောင်းလှသည်။

(Fly and the Fly-Bottle စာ၊ ၁၁၆။)

ထိုအချက်တွင်တည်ကာ ဂျာနယ်က ဗစ်ဂိုင်ရှတိုင်းအပေါ် ကောက်ချက်ချခြင်းဖြစ်သည်ဟု ဆိုရပေမည်။ **ပုလင်းထဲက ယင်ကောင်များ** စာအုပ်တွင်သော် ထိုကောက်ချက်မှာ ဘာသာပြန်သူ သို့မဟုတ် အရေးအသားတည်ဆောက်ထားခြင်းအတွင်းမှ သာမန်ကောက်ချက်တစ်ခုဖြစ်နေသည်။ ဤအနေအထားမှာ ဆိုးရွားလှသော အပြစ်တစ်ခု(အမှားတစ်ခု) မဟုတ်သော်လည်း ဘာသာပြန်ရာတွင် သစ္စာမရှိလှသော အပြုအမူဖြစ်နေသည်။ Drifting away from the origin(Source text) ဟု ပညာရှင်တို့က ဆိုလေ့ရှိသော အပြစ်(အမှား)တစ်ခု ဖြစ်နေသည်။ သုံးနှစ်တာ အချိန်ယူကာ ဘာသာပြန်ခဲ့ရသည်ဆိုသော စာအုပ်မှာ ရိုးသားခြင်း မရှိဘဲလျက် ပြုမူခဲ့သော အပြုအမူတစ်ရပ်သာ ဖြစ်သွားသည်။ သို့တိုင် ကျွန်တော့်အနေဖြင့်သော် ဆိုးရွားလှသည်ဟု မဆိုချင်သေးပါ။

တကယ်တမ်း ဆိုးရွားလှသည်မှာ မလ်ကမ်၏ အရေးအသားအတွင်းမှ အချက်ကို ဘာသာပြန်သူက သူ့စိတ် သူ့သဘော၊ သူ၏နားလည်နိုင်သော အတိုင်းအတာအတွင်းမှ ထင်သလိုဘာသာပြန်ထားခြင်းဖြစ်သည်။ သို့ဖြစ်လေရာ ဘာသာပြန်သူ ဟုဆိုသော သန်းစိုးနိုင်၏ဘာသာပြန်ကို ဖတ်ကြည့်ကြစေချင်ပါသည်။

ဗစ်ဂန်စတိုင်း၏ ဘဝသည် ချောက်ချားဖွယ်ကောင်းအောင် စိတ်မချမ်းမြေ့ဖွယ်ရာများဖြင့် အတိုပြီးလျက်ရှိပေသည်။ သို့တိုင် နောက်ဆုံးထွက်သက်ကို ရှုမထုတ်မီ သူ နောက်ဆုံးရေရွတ်မြည်တမ်းသွားသည့် စကားလုံးမှာ အလို... ကမ္ဘာကြီးဟာ အံ့ချီးဖွယ်ပါလား ဆို သောချီးမွမ်းစကားဖြစ်ပါသည်။
(ပုလင်းထဲက ယင်ကောင်များ စာ-၁၁၆၊ မူရင်းစာလုံးပေါင်းအတိုင်း။)

သို့ဖြစ်ရကား မေတာ၏ စာအုပ်မှ မူရင်းစာပိုဒ်ကို ဖော်ပြရန် လိုအပ်နေပေသည်။ မူရင်းမှာ ဤသို့ဖြစ်သည်။

I read the last paragraph of Malcolm's memoir 'When I think of his profound pessimism, the intensity of his mental and moral suffering, the relentless way in which he drove his intellect, his need for love together with the harshness that repelled love, I am inclined to believe that his life was fiercely unhappy. Yet at the end he himself exclaimed that it had been 'wonderful' To me

www.burmeseclassic.com

www.burmeseclassic.com

this seems a mysterious and strangely moving utterance'

(Fly and the Fly-Bottle, ၈၁-၁၀၀။)

ဤစာပိုဒ်ကိုဖတ်ကြည့်လျှင် မေတာက မလ်ကမ်၏ အရေးအသားကို ထုတ်နုတ်ဖော်ပြထားခြင်းဖြစ်ကြောင်း ပေါ်လွင်နေပြီး၊ မလ်ကမ်က ကောက်ချက်ချထားခြင်းဖြစ်ကြောင်း သွေ့ရသည်။ မလ်ကမ်သည် အနောက်တိုင်း ဆင်ခြေဖန်စ်ကို အခြေခံကာ ဘာကြောင့်ဆိုသည်ကို ဦးစွာဖော်ပြသည်။ ထို အချက်များ မပါဘဲလျက် ကောက်ချက်မချနိုင်။ ကောက်ချက် ချရာတွင်လည်း မျက်နှာလွှဲခဲပစ် အပြုအမူဖြင့် ယတိပြတ်မဆို။ ဆိုလိုသည်မှာ သန်းစိုးနိုင် ဘာသာပြန်တွင် ရေးသားထား သည့် *'ဗစ်ဂန်စတိုင်း၏ဘဝသည် ချောက်ချားဖွယ်ကောင်း အောင် စိတ်မချမ်းမြေ့ဖွယ်ရာများဖြင့် **အတိပြီးလျက်ရှိပေသည်**'* သည်ဟု မဆို။ မလ်ကမ်က *'I believed...'*ဟု မဆို။ *'...အတိ ပြီးလျက်ရှိပေသည်'* ဆိုသော ယတိပြတ် နိဂုံးသဘောမျိုးဖြင့် ဆိုခဲ့။ မလ်ကမ်က ဆိုခဲ့သည်မှာ ...inclined to believe ဟူ၍သာဖြစ်သည်။ မလ်ကမ်အနေဖြင့် ယတိပြတ် နိဂုံးတစ်ခု အဖြစ် ဖော်ပြလိုက ဖော်ပြနိုင်သည်။ အကြောင်းမှာ ထိုနိဂုံး တိုင်မီ ရှေ့တွင်-

၁။ သူ၏ အစွန်းရောက်အဆိုးမြင်မှုများ၊ သူ၏စိတ် ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အစွန်း ရောက်မှုများ၊

၂။ သူ၏ အသိပညာပိုင်းတွင် သူ့ဘာသာ ပြင်းထန်စွာ စေ့ဆော်တိုက်တွန်းနေခြင်းများ၊

၃။ ချစ်ခြင်းကို လိုအပ်နေသော်လည်း သူကိုယ်တိုင်က ချစ်ခြင်းကို ပြင်းထန်စွာ ပထုတ်နေခဲ့ခြင်းများ၊

အဆို(အချက်) သုံးချက်ကို ပြဆိုထားခဲ့သည်။ သို့ဖြစ်ရကား မလ်ကမ်အနေဖြင့် *'...ဖြစ်၏'*ဟူသော ယတိပြတ်နိဂုံးတစ်ခု ကို (ပြုလိုသော်၊) ပြုနိုင်သည်။ သို့ရာတွင် မပြုခဲ့။ မပြုခဲ့ရသည် မှာ ဗစ်ဂိုင်ရှတိုင်း၏ စကားတစ်လုံးခံနေသောကြောင့်ဖြစ် သည်။ ဗစ်ဂိုင်ရှတိုင်းက သူ့ဘဝနှင့် စပ်လျဉ်း၍ *'အတော့်ကို ကောင်းတာ'* ဟူသော အနက်မျိုးဖြင့် အာမေဋိတ်ပြုထားသော စကား ရှိနေသဖြင့်ဖြစ်သည် (ဤနေရာတွင် Wonderful မှာ Extremely good ဟူသော နေ့စဉ်သုံးအနက်ဖြင့် အဖြေစကား ဖြစ်ဆောင် အာမေဋိတ်ပြုခြင်းသာဖြစ်သည်။ ဥပမာ How are you today? ဟူသော အမေးကို Wonderful! ဟု ဖြေခြင်းမျိုး ဖြစ်သည်။ Wonder-full မဟုတ်ပါ။ Full of surprises မဟုတ် ပါ။ အင်္ဂလိပ်ဘာသာစာ အရေးအသားတွင် ထည့်ထားသော Exclamation mark ကိုလည်း သတိပြုသင့်သည်။ အပျင်းပြေ ထည့်ထားသည် မဟုတ်ပါ။ ထို့ပြင် ဗစ်ဂိုင်ရှတိုင်းက သူ့ဘဝ ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ ကမ္ဘာလောကကြီးကို မဟုတ်။)။ ပြုသည်မှာလည်း သူ့ဘဝကို ဖြစ်သည်။ ထို့ကြောင့် မလ်ကမ်၏ နောက်ဆုံးစာကြောင်းမှာ *'ဤအချက်မှာ ကျွန်တော့် အတွက် ဆန်းသည်။* အတော့်ကို စိတ်ဝင်စားစရာ ကောင်းလှ သည်*'* ဟူ၍ ဖြစ်သွားတော့သည်။ ဆိုလိုသည်မှာ မလ်ကမ်၏ *'... ကျွန်တော့်အနေဖြင့် ယုံကြည်စရာ ဖြစ်လာပေတော့သည်'* ဟူသောစာကြောင်းမှာ ယတိပြတ် နိဂုံးမဟုတ်တော့ဘဲ ယာယီ နိဂုံးဖြစ်သွားပြီး နိဂုံးပြုရန်အတွက် အခြေပြုအဆိုတစ်ခုသာ ဖြစ်သွားခဲ့တော့သည်။ မလ်ကမ်ကိုယ်တိုင်မှာ ပညာရှင်တစ်ဦး ဖြစ်၍ သာမန်စာရေးသူများ ပြုလေ့ရှိသော *'ယတိပြတ်နိဂုံး'* သို့မဟုတ် *'ယတိပြတ်အဆို'*တစ်ခုကို လွယ်လွယ်ကူကူ မရေး သားခဲ့ချေ။ သို့ရာတွင် သန်းစိုးနိုင်ဆိုသူက မလ်ကမ်က ဗစ်ဂိုင် ရှတိုင်းကို စော်ကားသည့်သဘောမျိုးဖြင့် (ယိုးစွပ်ထားသည့် သဘောမျိုးဖြင့်) *'ဗစ်ဂန်စတိုင်း၏ဘဝသည် ချောက်ချားဖွယ် ကောင်းအောင် စိတ်မချမ်းမြေ့ဖွယ်ရာများဖြင့် **အတိပြီးလျက် ရှိပေသည်**'* ဟု ရေးသားဖော်ပြထားလေသည်။ ထိုအပြုအမူ မှားယွင်းနေသည်သာမက ပညာရှင်များ(ဤနေရာတွင် ဗစ်ဂိုင် ရှတိုင်း၊ မလ်ကမ်နှင့်မေတာတို့)ကို စော်ကားထားရာလည်း ရောက်နေပေသည်။ ပညာရှင်များ ပေတံဖြင့်ပင် စံတင်ထား ရသူ ပညာရှင်တစ်ဦးကို သိမ်ငယ်သွားစေရန် သွယ်ဝိုက်ပြီး နှိမ့်ချရန်မသင့်။ မိမိ၏သိမှတ်ခံစားနားလည်နိုင်သော နှုန်းတာ ကလေးများဖြင့် ပညာရှင်/ပညာရှိကြီးများကို စော်ကားရန် ကား မသင့်ချေ။ ဘာသာပြန်သည်ဟုဆိုလျှင် မူရင်းအရေး အသားကို မိမိဆန္ဒတစ်ခုတည်းဖြင့် ထင်ရာအနက်ဖော်နေသည် မှာ မပြုအပ်သော အပြုအမူတစ်ရပ်သာဖြစ်သည်ဟု မြင်သည်။

တစ်ဆက်တည်းမှာပင် စာမျက်နှာ ၁၁၆ ၌ ဖော်ပြထား သော စာပိုဒ်များအကြောင်းကို တင်ပြလိုသည်။ ထိုစာပိုဒ်များ မှာ မူရင်း၌ စာရေးသူ မေတာ၏ ဒုတိယအသံဖြစ်သော ကျောန် ၏ ကောက်ချက်ဖြစ်သည်။ ဘာသာပြန်သူ သန်းစိုးနိုင်၏ ကောက်ချက်မဟုတ်။ ထိုအချက်ကို မဖော်ပြဘဲလျက် ဖော်ပြ ထားခဲ့ရာ ဟိုလိုလို၊ ဒီလိုလို ဖြစ်သွားတော့သည်။ ဖြစ်သွားရ သည်မှာ စာမျက်နှာ ၁၁၆ ၏ နောက်ဆုံးစာပိုဒ်ဖြစ်သော စာ ကြောင်းမှာ မေတာ၏ အရေးအသား မဟုတ်။ *'အထက်ပါ စာပိုဒ်သည် ဗစ်ဂန်စတိုင်း၏ **'ပုလင်းထဲကယင်ကောင်များ'** ပုံဖော်ချက်နှင့် တစ်သားတည်းကျအောင်ပင် တူညီလာ၏ ဟူ၍ ခံစားမိပါသည်'* ဟူသော အရေးအသားမှာ မေတာ၏ အရေး အသားမဟုတ်။ ဘာသာပြန်သူက ရေးသားထားခြင်းသာ ဖြစ် သည်။ ထိုစာကြောင်း အထက်မှ စာပိုဒ်များနှင့် ဆက်လိုသော် အဓိပ္ပာယ် မရှိဖြစ်သွားသည်။ မူရင်း၌ ရေးသားထားသည်မှာ (မြန်မာဘာသာသို့ ပြန်ဆိုကာဖော်ပြရသော်) ဤသို့ ဖြစ်သည်။

*သူ(ကျောန်)က *'မှတ်တမ်း'(မလ်ကမ်ရေးသော ဗစ်ဂိုင် ရှတိုင်း၏ ဘဝမှတ်တမ်း)*ကို လှန်လှောကြည့်ရင်း *အဆံထွက် ဖတ်လိုက်သည်။ *'ဒဿနိကဗေဒဆိုင်ရာ အရွှဲပ်အထွေးများ အတွင်း ငြိနေသူတစ်ဦးမှာ အခန်းတစ်ခန်းအတွင်းမှ ထွက်လို သော်လည်း မည်သို့ထွက်ရမည်ကို မသိသူတစ်ဦးနှင့်တူသည်။ ပြတင်းပေါက်မှ ထွက်ရန်ကြိုးစားသော်လည်း မြင့်လွန်းလှ သည်။ မီးခိုးခေါင်းတိုင်မှ ကြိုးစားပြန်သော် ကျဉ်းလွန်းလှ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အကယ်၍ လှည့်ကြည့်လိုက်လျှင် တံခါးမှာ တောက်လျှောက်ပွင့်နေမည်ဆိုသည်ကို သူ တွေ့ရပေမည်'

(Fly and the Fly-Bottle စာ-၁၀၀။)

ထိုစာပိုဒ်နှင့်စပ်လျဉ်း၍ မေတာက ရေးခဲ့သည်မှာ 'ကျွန်တော်တို့ နှစ်ယောက်လုံးအတွက်တော့ ဒီစာပိုဒ်ဟာ ဗစ်ဂိုင်ရှတိုင်းရဲ့ သံချိုင်းဂူက စာတန်းဖြစ်လောက်တယ်' (ယင်း)။ ဟူ၍ ဖြစ်သည်။ မေတာက ကိုးကြထားသော စာပိုဒ်မှာ အတိအကျ မဟုတ်။ ဗစ်ဂိုင်ရှတိုင်း၏ ၁၉၄၂ နှစ် မှတ်စုစာအုပ်တွင် ဗစ်ဂိုင်ရှတိုင်းက ရေးသားခဲ့သည်မှာ *'A man will be imprisoned in a room with a door that's unlocked and opens inwards; as long as it does not occur to him to pull rather than to push it'* ဟူ၍ ဖြစ်၏။ ထိုသို့ မေတာက ရေးခဲ့သည်မှာ အကြောင်းရှိသည်။ ဗစ်ဂိုင်ရှတိုင်း သေလွန်သွားသောအခါ ကိန်းဘရစ်ကျောင်းတွင်၌ မြှုပ်နှံရာ သူ၏ ဆန္ဒအရ မြှုပ်နှံပြီး သာမန်ဂူတစ်ခုအဖြစ်သာ ပြုလုပ်ထားကြသည်။ သူ့အုတ်ဂူတွင် သူအမည်နှင့် မွေးဖွားသော နှစ်၊ ကွယ်လွန်သော နှစ်ကိုသာ ဖော်ပြထားသည်။ သံချိုင်းစောင့် အိန်ဂျလို (Robert Angelo)၏ အဆိုအရသော် ဗစ်ဂိုင်ရှတိုင်းက ခုလို ရိုးရိုးပဲ ဖြစ်စေချင်တာဟု သိရသည်။ ဗစ်ဂိုင်ရှတိုင်း၏ အုတ်ဂူတွင် ထိုစာကြောင်း ထည့်သင့်ကြောင်း လူအတော်များများက ပြောဆိုခဲ့ကြသဖြင့် မေတာက သူအသံဖြင့် ဖြည့်လိုက်သည်ဖြစ်ရာ ထိုအရေးအသား နှစ်ခုတို့မှာ အထက်နှင့် အောက် ဆီလျော်အပ်စပ်မှုရှိသည်။ ဘာသာပြန်သူက သူစိတ် သူသဘောဖြင့် (မလိုအပ်ဘဲလျက်) ထည့်လိုက်သော *'အထက်ပါ စာပိုဒ်* ဆိုခဲ့ပြီးသည့်အတိုင်း) *'ဗစ်ဂန်စတိုင်း၏ဒဿနကောက်ကြောင်းများ'* ဟု ခေါင်းစဉ်တပ်ကာ ဗစ်ဂိုင်ရှတိုင်းအကြောင်း ရေးသားထားခဲ့ပါသည်။ 'ဒဿန + ကောက်ကြောင်း' မှာ မည်သို့ အဓိပ္ပာယ်ရှိသည်၊ မည်သို့သောအနက်ဖြင့် ရေးသည် ဆိုခြင်းကိုမူ စဉ်းစားကြည့်၍ မရနိုင်သေးသဖြင့် ကျွန်တော့် ကိုညံ့သည်ဟူ၍သာ သဘောထားကြပါ။ အစမှာပင် ပြဿနာ(ဆက်လက်နှိုးနှောဆွေးနွေးရန်အကြောင်း) ရှိနေခဲ့လေသည်။ အကြောင်းမှာ မူရင်းစာရေးသူ မေတာနှင့် ဘာသာပြန်သူက သူ့အလိုအတိုင်း ပုံသွင်းထားသော မေတာတို့၏အကြားမှ ကွာခြားနေသော သိမှတ်နားလည်မှုအပိုင်းဖြစ်သည်။ မေတာသည် ဗစ်ဂိုင်ရှတိုင်းအကြောင်း သိလိုသဖြင့် ပညာရှင်များထံတွင် စုံစမ်းမေးမြန်းခဲ့သည်။ ဗစ်ဂိုင်ရှတိုင်းအကြောင်း ကြားရလေလေ ပိုပြီးသိချင်လာလေလေဖြစ်ခဲ့သည်။ ဤသည်ကို မူရင်း၌ *'...each meeting with a philosopher had made me more curious about Wittgenstein,'* (စာ၊ ၉၁။)ဟူ၍ ရှင်းရှင်းကလေးပင် ရေးသားခဲ့သည်။ သို့ရာတွင် **ပုလင်းထဲက ယင်ကောင်များ** စာအုပ်၌ ရေးထားသည်မှာ *'ဗစ်ဂင်စတိုင်း၏ ရုပ်ပုံလွှာမှာ ပါမောက္ခတစ်ယောက်နှင့် ဆွေးနွေးလိုက်တိုင်း တစ်မျိုးတစ်ဘာသာစီ ကွဲပြားခြားနားနေတတ်သည်'* (စာ၊ ၁၀၀။) ဟု ဖြစ်နေလေရာ မြန်မာဘာသာပြန်ထဲမှ မေတာသည် ပါမောက္ခကြီးများ၏ ပြောစကားကို လက်ခံရန်မလွယ်သဖြင့် အထောက်အထားရှာရသည့် 'အနေအထား' တွင် ရောက်ရှိသွားလေသည် (သို့မဟုတ် အခြားတစ်နည်း။ အနက်ပေါက်သွားသည်။)။ စင်စစ် မေတာက ရေးသားထားသည်မှာ *'တွေ့ခေါ်ရှင်ကြီးများနှင့်တွေ့ဆုံ(ကြားနာ)ခဲ့ရပြီးနောက် ဗစ်ဂိုင်ရှတိုင်း အကြောင်း ပိုမိုသိချင်လာသည်* *(... more curious about Wittgenstein)* ဟူ၍ ဖြစ်သည်။ ထိုကွာခြားချက်မှာ အရေးမကြီးဟု ဆိုရန်မဖြစ်ပါ။ ပညာရပ်ဆိုင်ရာ အရေးအသားများကို ရေးသားကြရာတွင် မိမိ၏ အရေးအသားကို ခိုင်မာသည်ထက် ခိုင်မာအောင် 'အပြ' ဖြင့် အားထုတ်ထားတတ်ခြင်းကြောင့် ဖြစ်သည်။ ဗစ်ဂိုင်ရှတိုင်းအကြောင်းကို ဆက်လက်ရေးသားရာတွင် မသိဘဲ ရေးခြင်းမဟုတ်။ သိပြီး (အခြေခံတစ်စုံတစ်ရာရှိပြီး)မှ ရေးခြင်းဖြစ်သည်။ သူ့အရေးအသားတွင် အချိန်ပိုစီးအောင် ခဲထိုးပေးထားခြင်း (ဝိတ်ထည့်ထားခြင်း)ဖြစ်သည်။ ယုတ္တိဗေဒပညာရှင်များ ပြောလေ့ရှိသော စကားအရသော် 'လက်ခံ၍-လက်ခံခြင်း' သဘောဖြစ်သည်။ သန်းစိုးနိုင်၏ ဘာသာပြန်အရသော် မေတာမှာ ဇဝေဇဝါဖြစ်နေခဲ့သည်။ *'...ပါမောက္ခတစ်ယောက်နှင့် ဆွေးနွေးလိုက်တိုင်း*

သန်းစိုးနိုင်၏ဘာသာပြန်အရသော် မေတာမှာ ဇဝေဇဝါ ဖြစ်နေခဲ့သည်။ *'...ပါမောက္ခတစ်ယောက်နှင့် ဆွေးနွေးလိုက်တိုင်း တစ်မျိုးတစ်ဘာသာစီ ကွဲပြားခြားနားနေတတ်သည်'* ဟု ရေးသားထားပုံကို ရွာထဲရပ်ထဲတွင် ပြောဆိုကြပုံများအရ ပြန်ပြောရလေသော 'မင်းတို့ တစ်ယောက်လာ တစ်မျိုး၊ တစ်ယောက်တစ်ပေါက်နဲ့မို့ ငါကိုယ်တိုင် သူကြီးကို သွားမေးမယ်'ဆိုသော အနေအထားမျိုး ဖြစ်နေပေသည်

*သည် ဗစ်ဂန်စတိုင်း၏'ပုလင်းထဲက ယင်ကောင်များ'ပုံဖော်ချက်နှင့်တစ်သားတည်းကျအောင်ပင် တူညီလာ၏ဟူ၍ ခံစားမိပါသည်'*ဟူသော စာကြောင်းမှာမူ မေတာ၏ရည်ညွှန်းလိုခြင်းမှ သွေဖည်ကာ သီးခြားသဘောမှ အလုံးစုံသဘောကို လုံးလုံးချည်း ပြောင်းပစ်လိုက်လေသည်။ ဆီလျော်အပ်စပ်မှုမရှိတော့။

ဤနေရာတွင် ဗစ်ဂိုင်ရှတိုင်းနှင့် စပ်လျဉ်းသော အရေးအသား၏ ရှေ့ပိုင်းသို့ ပြန်လှည့်ကြည့်လိုပါသည်။

သန်းစိုးနိုင်ဆိုသူ ဘာသာပြန်သည်ဟုဆိုသော **ပုလင်းထဲကယင်ကောင်များ** စာအုပ်၏ စာမျက်နှာ ၉၉ တွင် (ရှေ့၌

www.burmeseclassic.com

www.burmeseclassic.com

ဘစ်မျိုး တစ်ဘာသာစီ ကွဲပြားခြားနားနေတတ်သည် ဟု ဆုံးသားထားပုံကို ရွာထဲရပ်ထဲတွင် ပြောဆိုကြပုံများအရ ပြန်ပြောရလေသော် 'မင်းတို့ တစ်ယောက်လာ တစ်မျိုး၊ တစ်ယောက်တစ်ပေါက်နဲ့မို့ ငါကိုယ်တိုင် သူကြီးကို သွားမေးဖယ်' ဆိုသော အနေအထားမျိုး ဖြစ်နေပေသည်(ငြင်းဆို၍-သက်ခံခြင်းသဘော ဖြစ်သွားပေသည်။)။ ထိုအနေအထားမျိုးဘွင်သော် (သို့မဟုတ် ရောက်ရှိနေသောအခါ) ရှေ့ပိုင်းတွင် မေတာက ပါမောက္ခကြီးများ/ပညာရှင်ကြီးများနှင့် ဆွေးနွေးသည့်အကြောင်း ရေးသားခဲ့ရာတွင် ထိထား၊ တို့ထားခဲ့သော ဇစ်ဂိုင်ရှတိုင်း၏ အကြောင်းများမှာ ခဲမူးစေ့များသာ ဖြစ်သွားတော့သည်။ တန်ဖိုးမရှိနိုင်တော့။ ထို့ပြင် ထိုပါမောက္ခကြီး/ပညာရှင်ကြီးများ၏ အပြောအဆိုများမှာ တန်ဖိုးမရှိတော့။ ဘိုးစားရန် မထိုက်တော့။ အကြောင်းအရာတစ်ခု ဥပမာ ဗစ်ဂိုင်ရှတိုင်းအကြောင်း သို့မဟုတ် ကုလားထိုင်တစ်လုံးအကြောင်း ပြောဆို/ရေးသားကြရာတွင် ထိုအကြောင်းတစ်စုံတစ်ရာ၏ နိုင်မာမှုအတွက် စည်းလုံးမှုလိုပါသည်။ စည်းလုံးမှုတစ်ရပ်ရှိရန် အနည်းဆုံးအဆက်အစပ်ရှိခြင်း(Relevancy), အပြန်အလှန်ဆက်သွယ်မှုရှိနေခြင်း(Correspondence)နှင့် ရှေ့နောက်ညီညွတ်မှု(Consistancy)လိုပါသည်။ 'တစ်မျိုးတစ်ဘာသာစီ ကွဲပြားခြားနားနေ...သည်' ဆိုခြင်းမှာ ထိုအချက်များ လုံးဝမရှိသည့် သဘောဖြစ်သွားတော့သည်။ မြန်မာဘာသာပြန်အရ ပါမောက္ခကြီးများ/ ပညာရှင်ကြီးများမှာ ထင်မိထင်ရာ တွေ့ကရာ ပေါက်ပန်းဈေးပြေနေကြသကဲ့သို့သာ ဖြစ်နေသည်။ စင်စစ်မေတာ ရေးသားထားသည့်အဓိကအချက်မှာ *'...ဗစ်ဂိုင်ရှတိုင်းအကြောင်း ဝိုမိသိချင်လာသည်'* သာ ဖြစ်၏။

ဗစ်ဂိုင်စတိုင်းမှာ အနောက်တိုင်းပညာရပ်နယ်ပယ်အတွင်း၌ အထင်ကရပညာကျော်တစ်ဦးဖြစ်သည်သာမက လူရိုသေလူရိုသေလည်း ဖြစ်ခဲ့ပါသည်။ **ပုလင်းထဲက ယင်ကောင်များ** စာအုပ်အရသော် ရူးကြောင်ကြောင်သဖွယ်ဖြစ်နေသည်။ စာအုပ်စာမျက်နှာ ၁၀၃ တွင် ဤသို့ဆိုသည်။

ဗစ်ဂန်စတိုင်းခမျာ ကြီးကျယ်သည့်ဉာဏ်ပညာနှင့် စိတ်ကူးဝေနာတို့အကြားရှိ စည်းကြောင်းပေါ်တွင် ရာသက်ပန် ယိမ်းထိုးလျှောက်နေခဲ့ပုံရသည် ဟု ဖော်ပြထားသည်။ မေတာ၏ အရေးအသားတွင်သော်-

It is probably true that he lived on the border of mental illness. (စာ ၉၃။) ဟု ရေးသားထားသည်ကို တွေ့ရသည်။ *.. on the border of mental illness* ဆိုသည်မှာ စိတ်ဆာဂါဖြစ် 'ချင်' ချင်ဟု ဆိုလိုပါသည်။ ထိုစဉ် ထိုအခါကမျှသာမဟုတ်၊ ယနေ့ကာလတိုင် (တကယ့်) ပညာရှင်များတွင် အကြောင်းအမျိုးမျိုးကြောင့် စိတ်ဝေနာတစ်စုံတစ်ခု ခံစားကြရတတ်ပါသည်။ ရူးသွပ်မှုတစ်မျိုးဟု ဆိုလျှင် ပညာအရာတွင် နှစ်မွှမ်းရင်း ရူးသွပ်ကြခြင်း သဘောသာဖြစ်ပါသည်။ ဥပမာ အင်္ဂလိပ်မှအနုပညာပိုင်းတွင် အနုပညာဖန်တီးသူများ၏ ရူးသွပ်မှုကဲ့သို့သာ ဖြစ်သည်။ ထို့ပြင် စိတ်ကျဝေဒနာမှာ အနောက်တိုင်း လူ့အဖွဲ့အစည်းအတွင်းမှ ခရီးသွားဟန်လွဲဝေဒနာတစ်မျိုး ဖြစ်ပါသည်။ သို့ရာတွင် **ပုလင်းထဲကယင်ကောင်များ** စာအုပ်တွင် ဆက်လက်ဖော်ပြထားသည်မှာ-

...ပထမကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ ဩစတြီး-ယားနိုင်ငံ၏ စစ်မျက်နှာများတွင် ရဲဝံ့စွန့်စားမှာ အရူးအမူး တိုက်ခိုက်လှုပ်ရှားနေသော ဗစ်ဂန်စတိုင်း၏ အဖြစ်ကို ခြင့်ရသောအခါ အနောက်တိုင်းပညာရှင်လောကမှ နားမလည်နိုင်အောင်ပင် ဖြစ်ခဲ့ကြရသည်။ (စာ၊ ၁၀၃။)

သို့ဖြစ်လေရာ ဗစ်ဂိုင်ရှတိုင်းမှာ ရူးရူးမူးမူး စစ်တိုက်ချင်နေသူဟု သဘောပေါက်သွားရပြန်သည်။ ထို့ပြင် 'ရဲဝံ့စွန့်စားခြင်း' နှင့် 'အရူးအမူးဖြစ်ခြင်း' သည် လူတစ်ဦးတစ်ယောက်တွင် တစ်ပြိုင်နက်မဖြစ်နိုင်သော အနေအထားများ ဖြစ်နေပြန်သည်။ 'ရဲဝံ့စွန့်စားခြင်း' သည် သိစိတ်၏အခန်းကဏ္ဍကို အသိအမှတ်ပြုထည့်သွင်းထားခြင်းဖြစ်ပြီး 'အရူးအမူးဖြစ်ခြင်း' မှာ သိစိတ်နှင့်ယှဉ်ကာပြုမူခြင်း မဟုတ်တော့ပေ။ ထို့ပြင် *'...အနောက်တိုင်း ပညာရှင်လောကမှ နားမလည်နိုင်အောင်ပင် ဖြစ်ခဲ့ကြရသည်* ဟု ဘယ်သူက ပြောပါသလဲ၊ ထိုအယူအဆမျိုးဖြစ်စေရန် မေတာက ရေးခဲ့ပါသည်လား။ မရေးခဲ့။ မေတာရေးသည်ကို မြန်မာဘာသာစကားဖြင့် ပြန်လည်ရေးသားပြရသော် ဤသို့ ဖြစ်သည်။

ပထမကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ ဗစ်ဂိုင်ရှတိုင်းမှာ ဗော်လ်တီယာ (မိမိသဘောဆန္ဒသက်သက်ဖြင့်) ဩစတြီး-ဟန်းဂေရီတပ်သို့ ဝင်သည်။ အရှေ့ဘက်နှင့် တောင်ဘက်စစ်မျက်နှာစာတို့တွင် တိုက်ခိုက်ခဲ့သည်။ စစ်ကာလသည် ဗစ်ဂိုင်ရှတိုင်းအတွက် ပုဂ္ဂလိကပြဿနာများနှင့်အတူ အကြောင်းဉာဏ်ကောင်းများ (စိတ်ကူးထည်များ) မွေးဖွားပေးရာ ကာလဖြစ်သည်။ လီယိုတော်(လ)စတွိုင်း၏ ကိုယ်ကျင့်တရား ပညာအရေးအသားများကို ဖတ်၍ တစ်ချိန်တစ်ခါတွင် ငြိမ်းအေးစိတ်ရတတ်သည်ကဲ့သို့ အခြားတစ်ချိန်တွင်သော် သူ၏ ရုတ်ခြည်းပြောင်းလဲလာသော အမြင်များအတွက် စိတ်ဝင်တစားဖြစ်နေတတ်လေသည်။ (စာ၊ ၉၃။)

သို့သော် **ပုလင်းထဲကယင်ကောင်များ** စာအုပ်၏ စာမျက်နှာ ၉၃ မှ အောက်ဆုံးပိုဒ်ဖြစ်သော *'စင်စစ် ဗစ်ဂန်စတိုင်းသည် ဂီတကို အရူးအမူး မြတ်နိုးလှသူတစ်ဦးမျှသာ ဖြစ်သည်...'* သည် မေတာ၏ အရေးအသားကို ဘာသာပြန်ထားခြင်း မဟုတ်သည်သာမက မျက်ရမ်းမှန်းဆ ပြုထားပုံရလေသည်။ ထို့ပြင် (ထိုစာပိုဒ်၌) ဖော်ပြထားသော *'စစ်သည် ဗစ်ဂန်စတိုင်း၏ ပုဂ္ဂိုလ်ရေးထွက်ပေါက်ဖြစ်သည်'*။ *'...သူ၏ တော်လှန်ရေးဆန်သော ပညာရှင်အမြင်များက တစ်ဖန်ရှုန်းကြွနီးထလာခဲ့ပြန်သည်'* ... စသော အချက်များမှာ မေတာ၏ အဆိုများ၊ ကောက်ချက်များ မဟုတ်။ ရှေ့တွင် ထုတ်နုတ်ဖော်ပြထားသော မေတာ၏ အရေးအသားမှ စာပိုဒ်အပေါ် နားလည်

www.burmeseclassic.com

www.burmeseclassic.com

လွဲထားခြင်းသက်သက်သာ ဖြစ်သည်။ မေတာ ရေးသော his own revolutionary views မှာ ဆိုသည်ကို *'သူ၏တော်လှန်ရေးဆန်သော ပညာရှင်အမြင်များ'* ဟု ဆိုရန် မသင့်ဟုထင်သည်။ (မဆိုရဟု ကျွန်တော့်အနေဖြင့် မဆိုနိုင်ပါ။ သီးခြားလူတစ်ဦးတစ်ယောက်၏ လုပ်ပိုင်ခွင့်သာဖြစ်သည်။) ပညာရပ်ရှုထောင့်မှကြည့်၍ ဆုံးဖြတ်သော် အလွန်တုံးသော အနက်ဖလှယ်မှု ဟူ၍ကား ဆိုနိုင်သည်။ မြန်မာတို့၏ ယောင်ယောင်ပညာရှင်/ပညာရှိများအကြားတွင် Revolution / revolutionary စကားလုံးကိုတွေ့သည်နှင့် 'တော်လှန်ရေး'ဟု သုံးရန် အလေ့အကျင့် ရနေကြပုံပေါ်သည်။ ပညာရပ်ဆိုင်ရာလေ့လာမှုများ၊ ချဉ်းကပ်ပုံစနစ်နှင့် စည်းကမ်းနည်းလမ်းစသည်များမှာ ဆင့်ကဲတိုးတက်ဖြစ်ပေါ်လာတတ်သည်။ တစ်နည်းအားဖြင့် တဖြည်းဖြည်းပြောင်းလဲသောအသွင်ဆောင်သည်။ ဗစ်ဂိုင်စတိုင်း၏ ချဉ်းကပ်ပုံများမှာ ရုတ်ခြည်းပြောင်းသွားသည်။ ထိုပြောင်းလဲပုံမျိုးမှာ ပညာရပ်ဆိုင်ရာနယ်ပယ်(အထူးသဖြင့် ဝိဇ္ဇာပညာရပ်၊ လူမှုရေးသိပ္ပံပညာရပ်စသည်များ)တွင် လွယ်လွယ်ဖြင့် ဖြစ်ပေါ်လာနိုင်သည် မဟုတ်။ မြန်မာအများစုသုံးလေ့ရှိသော 'တော်လှန်ရေး'ဟုသော စာလုံး/စကားလုံး၏အနက်မှာ ရှိရင်းစွဲတစ်စုံတစ်ရာကို ဆန့်ကျင်ငြင်းဆိုခြင်းသာ ဖြစ်သည်။ ရှေးကသော် ဖီဆန်ခြင်း၊ ပုန်ကန်ခြင်းအထိ အနက်ယူကြသည်။ ကောင်း၊ မကောင်း တန်ဖိုးအရသော် မကောင်းခြင်းတွင် တည်ကာ ရှုမြင်မှုတစ်ရပ် ဖြစ်လေသည်။ ဗစ်ဂိုင်ရှတိုင်း၏အမြင်ကို 'တော်လှန်ရေးဆန်သောအမြင်'ဟုဆိုရန် ခက်နေသည့် အခြားအချက်တစ်ခုမှာ သူက ရှိရင်းစွဲအမြင်များအပေါ် ဆန်းသစ်သော အမြင်ရှိလာရန် တင်ပြခဲ့သည်မဟုတ်။ ရှိရင်းစွဲအမြင်အတွင်း၌ မလိုအပ်ဘဲ ရှိနေသည်များကို ပြဆိုလာခဲ့ခြင်းဖြစ်သည်။ ပါမောက္ခ ဖော့ဂလင် အလိုအရသော်-

ဗစ်ဂိုင်ရှတိုင်းက စောစောဂိုင်းမှ ဒဿနသီအိုရီများကို သူ့အမြင်ဖြင့် အစားထိုးရန် အားထုတ်ခဲ့သည် မဟုတ်။ သူ ရည်ရွယ်ချက်မှာ ပိုမိုကောင်းမွန်သော မျက်မှန်သစ်တစ်ရန် ပေးရန်မဟုတ်။ ဒါတွေ မလိုဘူး ဟု ကျွန်တော်တို့ကို မြင်လာစေရန် အားထုတ်ခြင်းဖြစ်သည်။

(R.J. Fogelin,'Wittgenstein's Critique of Philosophy.' The Cambridge Companion to Wittgenstein. စာ၊ ၃၅၅)

ဟူ၍ ဖြစ်၏။

ဗစ်ဂိုင်ရှတိုင်း ရေးသားပြုစုထားသော Tractatus နှင့် စပ်လျဉ်းသောအချက်တစ်ခုမှာ မေတာ၏ အရေးအသားထဲတွင် မပါဟု ထင်သည်။ သူအကြောင်း ရေးသားထားသော စာအုပ်အချို့ (ကျွန်တော်ဖတ်ဖူးသရွေ့)တွင်လည်း မတွေ့ခဲ့ရ။ ဘယ်ဆီက သန်းစိုးနိုင် ရသည်မသိ။ ဖြစ်နိုင်သည်မှာ အဖတ်မှားခြင်းတစ်ခုဟု ထင်သည်။ ထိုအကြောင်းမှာ **ပုလင်းထဲက ယင်ကောင်များ** စာအုပ်၏ စာမျက်နှာ ၁၀၅ မှ စာကြောင်းတစ်ကြောင်းဖြစ်သည်။ ထိုစာကြောင်းကို နားလည်လွယ်ရန် ရှေ့မှ စာကြောင်းအချို့ကိုပါ ဖော်ပြပါရစေ။ ၄င်းမှာ-

၁၉၂၈ ခုတွင် အီတလီများ၏စစ်သုံ့ပန်းအဖြစ် ဗစ်ဂန်စတိုင်း အဖမ်းခံခဲ့ရသည်။ သူ၏ကျောပိုးအိတ်ထဲတွင် မသက်ဖွယ် စာရွက်ထပ်ကြီးတစ်ထပ် ရှာဖွေတွေ့ရှိခဲ့သည်။ သို့သော် ဖတ်၍ နားမလည်နိုင်သဖြင့် ဝတ္ထုရှည်ကြီးတစ်ပုဒ်ဟု ယူဆကာ နောက်ဝိုင်းပြန်ပေးခဲ့သည်။

မေတာက ရေးခဲ့သည်မှာ-

When Wittgenstein was captured by the Italians, in 1918, he had the manuscript of his first great philosophical work in his rucksack, and he was able to bring it through the war intact. He thought his masterpiece had solved all philosophical problems...

(Fly and the Fly-Bottle စာ၊ ၉၄)

မေတာနှင့် သန်းစိုးနိုင်အကြားတွင် အာယ်ကြောင့် ၁၀ နှစ် ကွာနေသည်ဆိုခြင်းကို အကျယ် မဆွေးနွေးတော့ပါ။ သိသင့်သည်ကိုသာ ဖြည့်စွက်ပါရစေ။ ပထမကမ္ဘာစစ်ကြီးမှာ ၁၉၁၄ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် စတင်ခဲ့ပြီး ၁၉၁၈ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် ပြီးဆုံးခဲ့သည်။ ဗစ်ဂိုင်ရှတိုင်းမှာ ၁၉၁၄ ခုနှစ်တွင် စစ်ထဲဝင်ရန် ဝိယယ်နာသို့ ရောက်ခဲ့ပြီး၊ စစ်ကြီးပြီးလုပြီးခင်တွင် အီတလီနိုင်ငံ မြောက်ပိုင်းတွင် ရောက် ရှိနေသဖြင့် စစ်ပြီးသွားသောကြောင့် စစ်သုံ့ပန်းအဖြစ် ယာယီ ထိန်းသိမ်းထားခြင်း ခံခဲ့ရသည်။ ထိုစခန်းမှာပင် သူ ရေးသားထားသော Tractatus လက်ရေးမူကို လော့(ဒ)ရပ်ဆယ်ထံသို့ ပို့ခဲ့လေသည်။ ၁၉၂၈ ခုနှစ်တွင် ဗစ်ဂိုင်ရှတိုင်းမှာ ဝိယက်နာဆာကလ်မှ မိတ်ဆွေတစ်ဦး၏ ဖိတ်ခေါ်ချက်အရ ဒတ်(ချ)သချီးပညာရှင် ဘရူးဝါး (L.E.J Brouwer)၏ လောပြောပွဲသို့ သွားရောက်နားထောင်ခဲ့ကြောင်း မှတ်တမ်းရှိသည်။ ဆယ်နှစ်ကွာအမှားကို ကွန်ပျူတာစာပြုများအား ဟူ၍သာ

ဗစ်ဂိုင်စတိုင်းမှာ အနောက်တိုင်းပညာရပ်နယ်ပယ်အတွင်း၌ အထင်ကရပညာကျော်တစ်ဦးဖြစ်သည်သာမက လူရိုသေ ရှင်ရိုသေလည်း ဖြစ်ခဲ့ပါသည် ပုလင်းထဲက ယင်ကောင်များ စာအုပ်အရသော် ရှားကြောင်ကြောင်သဖွယ်ဖြစ်နေသည်

www.burmeseclassic.com

သဘောထားလိုက်ပါသည်။ သို့ရာတွင် **ပုလင်းထဲက ယင်ဆောင်များ** စာအုပ်၏ စာမျက်နှာ ၁၀၅ မှ *'...ဖတ်၍ နားမလည်နိုင်သဖြင့် ဝတ္ထုရှည်ကြီးတစ်ပုဒ်ဟု ယူဆကာ နောက်ပိုင်း ပြန်ပေးခဲ့သည်'* ဆိုသောအချက်မှာ မူရင်းတွင်မပါ။ ရှာကြံဆွေးကြည့်၍ တွေ့ရှိရသော ဖြစ်နိုင်သည့် အလားအလာတစ်ခုမှာ masterpiece ဟူသော စာလုံးကိုတွေ့သည်နှင့် လေကိုဖမ်း၍ ဝါးတန်းချည်လိုက်ပုံရသည်။ အကယ်၍နှင့် အကယ်၍သာသွင် ထိုအချက်ကို အခြားစာအုပ်တစ်အုပ် သို့မဟုတ် အခြားစာမျက်နှာတစ်ခုခု၌ တွေ့ရှိသဖြင့် ဆက်စပ်ဖော်ပြခြင်း ဖြစ်သော် (မည်သို့သော မွန်မြတ်သည့်စိတ်ဖြင့်ပင်ဖြစ်စေ) အညွှန်းထည့်ရန် လိုသည်။ လိုရသည်မှာ **ပုလင်းထဲက ယင်ဆောင်များ** စာအုပ်မှာ ဘာသာပြန်သည်ဟု ဘာသာပြန်သူက ဖန်ခံထားသဖြင့် ဖြစ်လေသည်။ မူရင်း စာရေးဆရာကို စော်ကားရဲသက်သက် ဖြစ်သွားသည်။ မူရင်း စာရေးဆရာ၏ အားထုတ်မှုကို မိမိ စိတ်သဘောတစ်ခုတည်းဖြင့် ပုံမဖျက်နိုင်။

ရေးမည်ဆိုသော် ရေးရန်များရှိနေပါသေးသည်။ မရေးဘာ့ပါ။ နောက်ဆုံးအနေဖြင့် အချက်တစ်ခုကို ထောက်ပြလိုပါသည်။ ထိုအချက်မှာ ပညာရပ်အခြေခံကို လုံးဝဥသံ နားလည်ဘဲ ပြီးချလိုက်သောအချက်ဖြစ်နေသည်ဟု ခိုင်ခိုင်မာမာ မြင်မိသဖြင့် ရေးလိုခြင်းဖြစ်ပါသည်။ မေတာ၏ မူရင်းတင်ပြချက်မှ သွေဖည်သွားသည်သာမက ဗစ်ဂိုင်ဂျတိုင်း၏ အမြင်ကို ပြန်လည်တင်ပြထားချက်မှာ လုံးလုံးမှားသွားတော့သည်။ ထို အချက်မှာ **ပုလင်းထဲက ယင်ကောင်များ** စာအုပ်၏ စာမျက်နှာ ၁၀၉ မှ ဗစ်ဂိုင်ဂျတိုင်း ပြောခဲ့သည် ဟုဆိုသော စကားရပ် ဖြစ်သည်။ ၎င်းတွင် ဆိုထားသည်မှာ-

အဆိုပြုချက်တစ်ခုရဲ့ အခြေခံယုတ္တိဗေဒပုံစံတစ်ခုဟာ ဒီအဆိုပြုချက်ထဲမှာပါရှိတဲ့ အခြားသော ယုတ္တိဗေဒသဏ္ဌာန်မျိုးစုံနှင့် အခြေခံအားဖြင့် တူညီဖို့လိုတယ်ဗျ။

ဟူ၍ ဖြစ်သည်။ (ထို မြန်မာပြန်ဆိုချက်ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ရေးသားရသော် A basic logical form of a proposition needs identical with the basic of other different varieties of logical phenomena which is including in (the said) proposition ဟု ဖြစ်ပေမည်။ သဏ္ဌာန်/ အသွင် သဏ္ဌာန်သည် Phenomenon (phenomena) ဖြစ်၏။ သို့ဖြစ်သော် ဘာသာပြန်သည် မူရင်း ဆိုလိုချက်မှ လုံးဝသွေဖည်ကာ လမ်းခွဲထွက်သွားတော့သည်။ 'အဆိုပြုချက်' ထဲတွင် 'အခြားသော ယုတ္တိဗေဒသဏ္ဌာန်မျိုးစုံ' တို့ ပါနိုင်ပါ၏လော ဆိုသည်မှာလည်း စဉ်းစားစရာပင်။ ထို့ပြင် အစဉ်အလာနှင့် ခေတ်သစ် ယုတ္တိဗေဒတို့၏ အခြေခံသဘောအရ 'အခြေခံယုတ္တိဗေဒပုံစံတစ်ခု' သည် 'အခြားသော ယုတ္တိဗေဒသဏ္ဌာန်မျိုးစုံ' နှင့် 'အခြေခံအားဖြင့်' 'တူညီရန်' ဆိုသည်မှာ 'ဖြစ်နိုင်ပါ၏လော' ဆိုသည်ကို ဗစ်ဂိုင်ဂျတိုင်းကဲ့သို့သော လူတော်တစ်ယောက်က မဟုတ်တမ်းတရားတစ်ခုကို အချိန်ကုန်ခံကာ စဉ်းစားမည် မထင်။ မေတာ၏ မူရင်းအရေးအသားတွင် ဆိုထားသည်မှာ-

(Wittgenstein was insisting that) a proposition and that which it describes must have a same 'logical form', the same logical multiplicity'...

***(Fly and the Fly-Bottle** စာ၊ ၉၆။)*

မြန်မာဘာသာစကားအားဖြင့် လွယ်လွယ်ဆိုရသော်-

အဆိုတစ်ခုနှင့် ၎င်းကို ရည်ညွှန်းဖော်ဆိုထားခြင်းများတွင် တူညီသည့်ယုတ္တိပုံစံတစ်ခု ရှိကို ရှိရပေမည်။ ယုတ္တိဗေဒအခြေခံဖြင့် တူညီသောဆပ်ပွားမှုပြုထားခြင်း ရှိရမည်။ Logical multiciplicity ကို ယုတ္တိဗေဒအခြေခံဖြင့် ဆပ်ပွားပြုမှု (ရှုမြင်မှု) ဟု ကျွန်တော်က လွယ်လွယ်ကူကူ ဘာသာပြန်လိုက်ပါသည် (အားလုံးက လက်ခံရန်မဟုတ်ပါ။ မြန်မာဘာသာစာအခြေခံဖြင့် သိချင်သူများအတွက်ဖြစ်ပါသည်။)။ မြင်သာရန် ပုံဆောင်ရှင်းပြရသော် သစ်ပင်တစ်ပင်ကို လူအသီးသီးက ၎င်းတို့ရပ်တည်နေသောနေရာမှ ရှုမြင်ပုံ 'မျိုး' ဖြစ်သည် (တစ်သားတည်းဟု ကျွန်တော်က ဆိုလိုသည်မဟုတ်ပါ။ ၎င်းမှာအမြင်ဖြစ်သည်။ အဆိုမဟုတ်ပါ။ Homomorphism သဘောဖြစ်သည်။)။ ပါမောက္ခဘလင့် (Adreas Blank)၏ စကားကို ချေးငှား၍ သုံးရသော် ...Logical multiplicity indicates what several people can share in understanding a proposition ဖြစ်သည် (ကြည့် ပါ။ 'Wittgenstein on Verification and seeing As.' Inquiry 54-6. စာ၊ ၆၃၀။)။ ထို့ပြင် ဗစ်ဂိုင်ဂျတိုင်း၏ Tractatus ၂.၁၈တွင် ဖော်ပြထားချက်ကိုလည်း ဖတ်ရှုကြည့်ကြစေချင်သေးသည်။ ၎င်းမှာ-

What every picture, of whatever form, must have in common with reality in order to be able to represent it all-rightly or false-in the logical form, the form of reality.

ဟူ၍ဖြစ်၏။ သို့ဖြစ်လေရာ ယုတ္တိဗေဒအခြေခံဖြင့် ဆပ်ပွားပြုမှုဆိုသည်မှာ အဆို(တစ်စုံတစ်ရာ)ကို ယုတ္တိဗေဒအခြေခံဖြင့် (အခြားတစ်နည်းယုတ္တိနည်းလမ်းတကျ) ရှုမြင်နားလည်ထားခြင်းဖြစ်သည်။ ယုတ္တိပုံစံဆိုသည်မှာ စစ်မှန်မှု(တစ်ခုခု)၏ ပုံစံဖြစ်ပေသည်။ ဤနေရာတွင် သတိထားရန် လိုသောအချက်တစ်ရပ်မှာ 'ယုတ္တိဗေဒ' ဟုဆိုရစေကာမူ ဗစ်ဂိုင်ဂျတိုင်းက Universalist concept of Logic ကို လက်မခံ ခြင်းဖြစ်သည်။ (ကြည့်ပါ။ Letters to Russell, Keynes and Moore စာ၊၁၀)

ထိုသို့ ဗစ်ဂိုင်ဂျတိုင်းက ဆိုရခြင်းကို နားလည်ရန်မှာ သူဆိုလိုသော 'အဆို' ကို သိရန်လိုပါ၏။ ဗစ်ဂိုင်ဂျတိုင်းက ဘာသာစကားကို နှစ်မျိုးခွဲလက်ခံထားကြောင်း သိထားရန်လည်း လိုပေသေးသည်။ ဘာသာစကားဟုဆိုရာတွင် နေ့စဉ်သုံးဘာသာစကားနှင့် ယုတ္တိဗေဒအခြေခံဘာသာစကားကို ခွဲခြားထားသည်။ 'အဆိုတိုင်းမှာ အတွင်းသားတစ်ခုနှင့် ပုံစံတစ်ခုစီရှိသည်။'၊ Every proposition has a content and a form

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

(L.Wittgenstein. 'Some Remarks on Logical Form.' *Proceedings of Aristotelian Society, Supplementry Vplumes,* Vol.9. Knowledge. Experience and Realism. စာ ၁၆၂။) ဟု ဆိုခဲ့သည်။ ထို့ပြင် သူ၏ကမ္ဘာကျော် **Tractatus** ကျမ်းတွင် *' A proposition present the existence and non-existence of atomic facts'*(ကြည့်ပါ။ TLP-4.1)ဟု ရေးသားခဲ့သေးသည်။ သို့ရာတွင် သတိထားရန်လိုအပ်နေပြန်သည်မှာ TLP-၄.၁၂၁ ၌ ဆိုခဲ့သော *Propositions cannot represent the logical form: this mirrors itself in the propositions..* ဟူသော အချက်ဖြစ်သည်။ သို့မဟုတ်ပါက ဗစ်ဂိုင်ရှတိုင်းဆိုလိုခဲ့သော 'အဆို'၏ သဘောကို ရိပ်စားမိရန်ပင် မလွယ်။ ထို့မှဆက်၍သော် ဆပ်ွားပြု(ရှုမြင်ခြင်း)သဘောကို နားလည်နိုင်ပေမည်။ အကြောင်းမှာ ဗစ်ဂိုင်ရှတိုင်း၏ နားလည်နိုင်ခြင်းအကြောင်းနှင့်ပတ်သက်သော အရေးအသား၌ ဖော်ပြခဲ့သည့် အချက်၌ (မူရင်းအတိုင်း ရေးပြပါရစေ။) ...understanding a proposition is understanding its multiplicity ဆိုခဲ့သော ကြောင့်ဖြစ်သည်(ကြည့်ပါ။ ဗစ်ဂိုင်ရှတိုင်း၏ Wiener Ausgabe ၃.၉၇.၂။)။ သို့ဖြစ်လေရာ နားလည်ခြင်း၊ နားမလည်ခြင်းသည် ယုတ္တိဗေဒအခြေခံဆပ်ွားမှုပြုထားခြင်းအတွက် အဓိကပြဿနာဖြစ်နေပေသည်။ နားမလည်သော်(ဆိုလိုသည်ကို) မမြင်နိုင်ဟု ဗစ်ဂိုင်ရှတိုင်းက ဆိုသည်။... the one who does not understand it does not see (Wiener Ausgabe ၃.၁၉၀.၁။)။သဘောမှာ လူအဖွဲ့အစည်းအတွင်း ဘာသာစကားအခြေခံဖြင့် အပြန်အလှန်ဆက်ဆံကြရာတွင် နားလည်သဘော မေတာ ရေးသော his own revolutionary views မှာ ဆိုသည်ကို *'သူ၏တော်လှန်ရေးဆန်သော ပညာရှင်အမြင်များ'*ဟု ဆိုရန်မသင့်ဟုထင်သည်။ (မဆိုရဟု ကျွန်တော့်အနေဖြင့် မဆိုနိုင်ပါ။ သီးခြားလူတစ်ဦးတစ်ယောက်၏ လုပ်ပိုင်ခွင့်သာဖြစ်သည်။) ပညာရပ်ရှထောင့်မှကြည့်၍ ဆုံးဖြတ်သော် အလွန်တုံးသော အနက်ဖလှယ်မှုဟူ၍ကား ဆိုနိုင်သည်မြန်မာတို့၏ ယောင်ယောင် ပညာရှင်/ပညာရှိများအကြားတွင် Revolution / revolutionary စကားလုံးကိုတွေ့သည်နှင့် 'တော်လှန်ရေး'ဟု သုံးရန် အလေ့အကျင့် ရနေကြပုံပေါ်သည် ပေါက်မှုလွဲတတ်သည်။ ထိုအခါ နားလည်သဘောပေါက်လာရန် အမျိုးမျိုးလှည့်၍ရှင်းပြရလေသည်။ ကိုယ်က အမျိုးမျိုးရှင်းပြသော်လည်း သူက အမျိုးမျိုး နားလည်နေနိုင်သည်။ ရှင်းလင်းပြချက်အောင်မြင်လျှင် အခြားသူတစ်ဦး၏နားလည်လာပုံမှာ ရှင်းလင်းပြချက်များ ဆပ်ွားပြုခြင်းကို နားလည်လာခြင်းဖြစ်လေရာ ထိုဆပ်ွားပြုကာ ရှင်းလင်းတင်ပြချက်များသည် ကနဦးဖော်ထုတ်တင်ပြလိုသောအချက်ပင် ဖြစ်ပေသည်။ ထို့ကြောင့်ပင် ဗစ်ဂိုင်ရှတိုင်းက 'နားလည်လာရခြင်း'ဆိုသည်မှာ ရှင်းလင်းပြဆိုချက်ကြောင့်သာ ရရှိလာခြင်းမဟုတ်။ ဆပ်ွားပြုထားသော ရှင်းလင်းပြဆိုချက်များကြောင့်သာ ဖြစ်သည်။ (ကြည့်ပါ။ ယင်း။ ၃.၁၉၀.၆.။)' ဟု ဆိုခဲ့သည်။

သို့ဖြစ်လေရာ ဗစ်ဂိုင်ရှတိုင်းက ပြောသည်ဟု သန်းစိုးနိုင်က ရေးသားထားခဲ့သော *'အဆိုပြုချက်တစ်ခုရဲ့ အခြေခံယုတ္တိဗေဒပုံစံတစ်ခုဟာ ဒီအဆိုပြုချက်ထဲမှာပါရှိတဲ့ အခြားသောယုတ္တိဗေဒသဏ္ဌာန်များစုံနှင့်အခြေခံအားဖြင့် တူညီဖို့လိုတယ်..'* ဟူသော ဘာသာပြန်အရေးအသားမှာ လုံးဝဥဿုံ မှားသည်ဟု ဆိုရပါတော့မည်။ မှားရသည်မှာ-

တစ်- *'အခြေခံယုတ္တိဗေဒပုံစံ'* (Basic Logical form) ဟု မဆိုပါ။ ဗစ်ဂိုင်ရှတိုင်းကိုယ်တိုင် ရေးသားခဲ့သော Some Remarks on Logical Form: ၏ အဦးအစတွင်ပင် ဗစ်ဂိုင်ရှတိုင်းက *Every proposition has a content and a form* (စာ ၁၆၃။) ဟု ဆိုထားခဲ့သည်။ Basic Logical form ကို ဆိုလိုခဲ့သည်မဟုတ်ပါ။ ဗစ်ဂိုင်ရှတိုင်း၏ရှမြင်ပုံ(သို့မဟုတ်၊ စနစ်)တွင် အခြေခံများမှာ Atomic fact နှင့် Atomic fact မဟုတ်သည်များကို အလေးပေးခဲ့ရာ 'ဝါကျ'ဟု လက်ခံထားပုံပင် မတူခဲ့။ ဥပမာ ဝါကျ(ရိုးရိုး)နှင့် အရင်းခံကျသောဝါကျတို့၏ အကြားတွင်ပင် ကိုယ်စားပြုဖော်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ စာလုံး(ကြိယာ)နှစ်လုံးဖြစ်သော vertreten နှင့် darsyellen တို့ကို အထူးဂရုပြုသုံးစွဲပြထားခဲ့သည်။ ပြောမည်ဆိုလျှင် Logical form of reality ဟူ၍ ပြောနိုင်သည်။ ဗစ်ဂိုင်ရှတိုင်းကိုယ်တိုင်လည်းလက်ခံထားခဲ့သည်။ သို့ဖြစ်ရကားကမ္ဘာကြီးမှာ Atomic facts တို့ဖြင့်တည်ဆောက်သည့်သဘောကိုဆောင်နေပေသည်။ ထိုကမ္ဘာကြီးတွင် သိနိုင်သောကမ္ဘာကြီး gedachte Welt နှင့် တကယ့်ကမ္ဘာကြီး wirklich မှာ ဗစ်ဂိုင်ရှတိုင်းအတွက် မတူ။ သို့ဖြစ်လေရာ အကယ်၍နှင့် အကယ်၍သာလျှင် (သန်းစိုးနိုင်ရေးထားသည်ကဲ့သို့) 'အဆိုပြုချက်တစ်ခုရဲ့ အခြေခံယုတ္တိဗေဒပုံစံတစ်ခု...'ဟု ဆိုလေသော် ဗစ်ဂိုင်ရှတိုင်း ကိုင်ထားသော (မြန်မာဘာသာစကားဖြင့် မည်သို့ရေးရမှန်း မသိသဖြင့် အင်္ဂလိပ်ဘာသာစကားဖြင့်ပင် ရေးပြပါရစေ...) truth-functional understanding of logical connectedness ကို ပြောင်းလဲရန် သို့မဟုတ် ပြင်ရန်လိုပါလိမ့်မည်။

နှစ်- 'အခြားသောယုတ္တိဗေဒသဏ္ဌာန်များစုံ 'Other different virieties of logical phenomena ဟု မပြောခဲ့ပါ။ Logical multiciplicity ကို 'အခြားသော ယုတ္တိဗေဒသဏ္ဌာန်များစုံ'ဟု မည်သို့မျှအနက်မယူနိုင်ပါ။ ယုတ္တိဗေဒသဏ္ဌာန်ဆိုသည်မှာ ယုတ္တိအခြေခံဖြင့် တည်ဆောက်ထားသော (အခြားတစ်နည်း၊ လက်ခံထားသော) အသွင်သဏ္ဌာန်များသာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သည်။ စိတ်ကူးထည်သက်သက် အခြေခံ၊ သို့မဟုတ် မသိစိတ် အခြေခံ အသွင်သဏ္ဌာန်များနှင့် သိစိတ်အခြေခံ အသွင်သဏ္ဌာန်များဟူ၍ ရှိပါသည်။ Phenomena သက်သက်ဖြစ်သည်။ အသွင်သဏ္ဌာန်မှန်သမျှကို ယုတ္တိအခြေခံဖြင့် ရှိနေကြသော အသွင်သဏ္ဌာန်ဟူ၍ မခေါ်နိုင်ပြန်။ ဗစ်ဂိုင်ရှတိုင်းက စာလုံး/စကားလုံးနှင့်ပတ်သက်၍တင်ပြရာတွင် Spatial and temporal phenomenon of language ကိုဦးတည်ပြောဆိုခဲ့သည်။ (ကြည့်ပါ။ L. Wittgenstein. *Philosophical Investigations* စာ၊ ၁၀၈-၉။)။ သိစိတ်အခြေခံဖြင့် လက်ခံထားသော ယုံကြည်မှုတစ်စုံတစ်ရာကို Logical phenomena တွင် ထည့်နိုင်သည်ကြည့်ပါ။ Neil Rossman. Consciousness: Separation and integration စာ၊ ၁၄၁-၁၄၃။)။ ဗစ်ဂိုင်ရှတိုင်းက ဆိုလိုခဲ့သည်မှာ 'ယုတ္တိဗေဒသဏ္ဌာန်မျိုးစုံ'အကြောင်း မဟုတ်ပါ။ ဆိုပြင် (သန်းစိုးနိုင်ရေးထားသည်ကဲ့သို့) *'အခြေခံယုတ္တိဗေဒ တစ်စုံတစ်ခု'သည် 'အခြားသောယုတ္တိဗေဒသဏ္ဌာန်မျိုးစုံ'* နှင့် တူညီရန်ဆိုသည်မှာ မဖြစ်နိုင်ပါ။ တစ်ပိသာသည် တစ်ဗိုင်နှင့် တူသည်ဟု ပြောသည်ကဲ့သို့ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ တစ်ပိသာကို ပေါင်ချိန်၊ ကီလိုချိန်တို့ဖြင့် အလေးချိန်ချင့်ယှဉ်တွဲပြောဆို/ ပြဆိုနိုင်သော်လည်း အလေးချိန်ကို အကွာအဝေးဖြင့်လည်းကောင်း၊ အိန့်မ်အမြင့်ဖြင့်လည်းကောင်း ယှဉ်ဆွဲကာ ဆက်စပ်တန်ဖိုးဖြတ်ခြင်း မပြုနိုင်ပါ။

တစ်နည်းဆိုရသော် ဗစ်ဂိုင်ရှတိုင်း သုံးနှုန်းသော အသုံးအနှုန်းများသည် နေ့စဉ်သုံးအဘိဓာန်များတွင် တွေ့ရတတ်သောအနက်နှင့် အသုံးအနှုန်းများနှင့် တစ်သားတည်း၊ တစ်ဆိုင်တည်း လက်ခံကာ သုံးစွဲထားခြင်း မဟုတ်ကြောင်း သိသင့်သည်။ ဥပမာ Grammar ကို မြန်မာလို သဒ္ဒါဟု လွယ်လွယ်လက်ခံသုံးစွဲရုံဖြင့် မလုံလောက်ပါ။ ဘာသာစကား၌ အသုံးပြုသော သင်္ကေတများကို ထိန်းကျောင်းထားသော စည်းမျဉ်းများဟု လက်ခံထားသောကြောင့် ဖြစ်သည်။ သူ့အတွက် ဘာသာဗေဒဆိုင်ရာကျင့်ထုံး(လုပ်ဆောင်မှု)များမှာ စာလုံး/စကားလုံးများကို သုံးစွဲနေကြသည့်အကြောင်းများသက်သက်သာ မဟုတ်။ စာလုံး/စကားလုံးများ ဖွဲ့စည်းထားခြင်း(ဖွဲ့ယင်ဆက်စပ်ယှက်ပတ်နေခြင်း)အတွင်း၌ ပြုမူလုပ်ဆောင်နေကြသော (ရှင်သန်နေကြသော) ပုံစံများအကြောင်းကိုလည်း ဆိုလိုသည်။ ဗစ်ဂိုင်ရှတိုင်းအတွက် စာလုံး/စကားလုံး သာမက စာလုံး/ စကားလုံးတို့၏ နောက်ကွယ်မှာ အနက်တစ်စုံတစ်ရာကိုဖြစ်စေနိုင်သောအပြုအမူ(လှုပ်ရှားမှုများ)သည်လည်း အရေးကြီးနေသေးသည်။

နောက်ဆုံးအနေဖြင့် ဆက်စပ်နေသော အကြောင်းများကို ရေးလိုပါသေးသည်။

ဘာသာစကားနှင့် ဘာသာပြန်အကြောင်းဖြစ်သည်။ ဤအကြောင်းကို ရှေးကလည်း ကျွန်တော် ရေးခဲ့ဖူးပါသည်။ တစ်အချက်- ဘာသာစကားတိုင်းသည် မလွယ်ပါ။ မွေးကတည်းက ပြောလာသော ဘာသာစကားပင် ဖြစ်ပါစေ မလွယ်လှပါ။ ကနေ့အထိ မြန်မာစကားအပြောတွင် 'မှ'နှင့်'က' အသုံးလွဲနေသည်မှာ သာဓကတစ်ခုဖြစ်ပါသည်။ နှစ်- ဘာသာပြန်ခြင်းသည်လည်းမလွယ်လှပါ။ ပို၍ခက်သည်မှာ ပညာရပ်အခြေခံဖြင့် ရေးသားထားခြင်းများ ဖြစ်ပါသည်။ ပညာရပ်အခြေခံကို မသိဘဲလျက် ဘာသာပြန်ရန်ကား မသင့်ပါ။ ယခုရေးသားထားခဲ့သည်မှာ စာပေဝေဖန်ရေး မဟုတ်ပါ။ အနက်လွဲနားလည်ကာ ထင်ရာရေးထားခြင်းများကို အသည်းစွဲမှတ်ထားမိကြမည်ကိုစိုးသဖြင့် ရေးပြရခြင်းသာ ဖြစ်သည်။ ဘာသာပြန်သည် ဆိုသူများကိုလည်း ကိုယ့်သိက္ခာကိုယ်ထိန်းကာ ပြန်ကြစေချင်သောကြောင့် ဖြစ်ပါသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ကျွန်တော့်ပုဂ္ဂလိက အတွေ့အကြုံကို ရေးပြပါရစေ။

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သောပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲတစ်ခု၏နေ့လယ်စာစားချိန်တွင် မြန်မာနိုင်ငံမှ ပညာရှင်ကြီးအချို့နှင့် နိုင်ငံရပ်ခြားတွင် နေထိုင်ကြသော မြန်မာပညာရှင်တို့ ပြောဆိုကြသည်ကို ကျွန်တော် ကြားနာခဲ့ရဖူးသည်။ အဓိကအကြောင်းမှာ 'ကျုပ်တို့က ပညာရှင်မှမဟုတ်ဘဲ။ ကျုပ်တို့နားလည်သလို ဘာသာပြန်တာ ဘာဖြစ်သလဲ'ဟု မြန်မာနိုင်ငံက ဘာသာပြန်သူတစ်ဦးက ပြောသည်ကို ဖတ်ခဲ့ရကြောင်း၊ အနောက်နိုင်ငံတွင် နေထိုင်သော မြန်မာပညာရှင်တစ်ဦးက ပြောပြရာမှ စ၍သည်။ မြန်မာနိုင်ငံက ပညာရှင်ကြီးများကမူ တို့ဆီမှာတော့ ဒီလိုဖြစ်နေတာ ကြာပေါ့။ ခင်ဗျားတို့ ဖတ်ရတာ အကင်းလောက်ရှိသေးတယ်ဟု ဆိုသည်။ ဆရာကြီးတစ်ဦးကမူ ဒါကတော့ အတော်ရက်စက်တာ မဟုတ်ဘူး၊ ပက်စက်တာပဲဟု ဆိုသည်။ အတော်ကြာကြာ ဆွေးနွေးကြပြီးသော် မြန်မာပညာရှင် ဆရာကြီးတစ်ယောက်က ခုလိုပြောတော့ ခင်ဗျားတို့မှာကော တာဝန်ရှိတယ် မထင်ဘူးလားဟု မေးလေသည်။ ထိုအခါ ရေခြားမြေခြားမှလာသော မြန်မာပညာရှင်တစ်ဦးက ကျွန်တော်တို့က အဝေးမှာ။ ဆရာကြီးတို့က ဒီမှာနေတာဟု ပြောကာ မြန်မာပညာရှင်ဆရာကြီးများအား ချည်ပြန်တော့သည်။ ကျွန်တော်ကတော့ အနီးမှ ဆရာကြီးတစ်ဦးကို ဆရာကြီးတို့အနေနဲ့ စာပေစိစစ်ရေးကို အနည်းဆုံး ပြောဆိုနိုင်တာပဲဟု ပြောလိုက်မိသည်။ ဆရာကြီးက ခင်ဗျားကတော့ စာပေစိစစ်ရေးကို အထင်ကြီးပုံရတယ်ဟုပြောကာ သူ ထုံးစံအတိုင်း ပြုံးနေသည်။ ဆက်မပြောတော့။ မှန်ပါသည်။ မြန်မာနိုင်ငံအတွက် စာပေစိစစ်ရေးရှိနေခြင်းကို ကျွန်တော် လက်ခံပါသည်(သူတို့လုပ်စရာရှိသည်ကို မလုပ်ဘဲ မလုပ်သင့်သည်များကို လုပ်နေကြသည်ကိုတော့ ကျွန်တော်လက်မခံပါ။)။ နောက်ဆုံးတွင်သော် နေ့လယ်စာစားချိန် စေ့သွားသဖြင့် ဝိုးမရှိသရေပွဲအဖြစ် ပွဲသိမ်းလိုက်ကြရပါတော့သည်။ များစွာ မကြာသေးမီက ရန်ကုန်တွင်ပင်ဖြစ်ပါသည်။ ကဗျာဆရာ (ကို)မိုးဝေ၏စီစဉ်ပေးချက်အရ မိတ်ဆွေများ၊ စာဖတ်သူများနှင့် စကားပြောဆိုခဲ့ရပါသည်။ ရွှေအမြုတေ ဦးဝင်းငြိမ်းလည်း ရှိနေပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဘာသာပြန်နှင့် အနက်အဓိပ္ပာယ်မှားမှုများ အကြောင်းသို့ ရောက်သွားပါသည်။ စာပေစိစစ်ရေးတွင်လည်း တာဝန်ရှိကြောင်း ပြောမိပြန်ပါသည်။ ဘာသာပြန်ကိစ္စနှင့် ရင်းနှီးနေကြသော မောင်ကြည်သစ်၊ မောင်မောင်ဇေယျ(ကို) ဇေယျာလင်း စသူတို့ကလည်း ဆွေးနွေးကြသည်။ မောင်မောင်ဇေယျနှင့်မောင်ကြည်သစ်တို့ထံမှ 'ကိုယ်တို့လည်း မှားမှန်းသိသိချည်းနဲ့ဖတ်နေရတယ်'ဟူသော အသံကြားရပါသည်။ (ကို)ဇေယျာလင်းက 'ဒီလိုဖြင့် ကူညီတဲ့အနေနဲ့ ဒီမှာလာပြီး စိစစ်ပေးပါလား'ဟု သိမ်သိမ်မွေ့မွေ့ဖြင့် ချည်ပါသည်။ ကျွန်တော်လည်း ကျွန်တော့်ဆရာ မြန်မာပညာရှင်ကြီးများထံမှ ကြားနာဆည်းပူးထားခဲ့ရသော နည်းပေါင်းမြောက်မြားစွာ အနက်အသင့်လျော်ဆုံးနည်းများကိုသုံးကာ ရုန်းထွက်ခဲ့ရပါသည်။ စိတ်ထဲတွင်တော့ မကောင်းလှပါ။

စိတ်ထဲတွင် မကောင်းမိရသည်မှာ မှားမှန်းသိနေသူများနှင့်အတူ မှားနေမှန်း မသိတို့၏ အမှန်အဖြစ် လက်ခံမှတ်ယူနေရခြင်းအကြောင်း ဖြစ်ပါသည်။ ပိုမိုတိုးတက်မှု မြန်ဆန်ပြီး ဆင်ခြင်တုံတရားကို လူပုဂ္ဂိုလ်ကိုးကွယ်မှုထက် ပိုပြီး တန်ဖိုးထားသော အရပ်ဒေသများတွင်သော် မှားမှန်းသိသူတစ်ဦးတစ်ယောက်တည်းပင် ရှိပါစေ။ တစ်နေရာရာမှာ ပေါ်လာပြီး မှားသည်ကို မှားကြောင်း ထုတ်ဖော်ပြောဆို ရေးသားလာတတ်ပေသည်။ ထိုအချက်နှင့် ဆက်စပ်ကာ စဉ်းစားမိသော အခါ အမှားကို မျက်စိမှိတ် လက်ခံတတ်သော အမှုအကျင့်/အလေ့အကျင့်မှာ ကျွန်တော်တို့ လူမျိုး၏ စရိုက်လက္ခဏာတစ်ရပ် ဖြစ်နေသည်ကဲ့သို့ မြင်လာမိတော့သည်။ ထိုအလေ့အကျင့်

BURMESE CLASSIC

မကြာမီကပင် ရွှေအမြုတေဌ ဖော်ပြခဲ့သော 'မေးလား မရေးခဲ့သော စာပေဆိုတာ ဘာလဲ' ဆောင်းပါးမှာလည်း မင်းခက်ရဲဆိုသူ ရေးသော စာပေဆိုတာ ဘာလဲ စာအုပ်၏ အလွဲအမှားများဖြစ်သည်။ ထိုစာအုပ်မှာလည်း ပုလင်းထဲက ယင်ကောင်များ စာအုပ်ကဲ့သို့ပင် ချာတူးလဲအောင် လွဲမှား နေပါသည်ဟု ရဲရဲချည်းပြောရမည့် ဘာသာပြန်အရေးအသားများ ဖြစ်ပါသည်။ ပုလင်းထဲက ယင်ကောင်များ စာအုပ်ကို တစ်အုပ်လုံး မဖတ်နိုင်သဖြင့် မည်ရွေ့မည်မျှ လွဲနေမည်ကို မပြောနိုင်သော်လည်း မှန်းဆကြည့်မိပါသည်

နောက်ဆုံးတွင်သော် အဖြေထွက်လာသည်။ 'မျက်နှာနာရေမည်ဖြစ်၍ မသုံး'ဟူသော အဖြေဖြစ်သည်(ထိုဆောင်းပါးကို အလင်းတန်းဂျာနယ်က လေးငါးပတ်ကြာအောင် စာမျက်နှာနေရာပေးကာ အခန်းဆက် ဖော်ပြပေးသည်။ ကျေးဇူးတင်ပါသည်။)။ ကျွန်တော့်ဆောင်းပါးကို မသုံးသည့်အတွက် အပြစ်မဆိုနိုင်ပါ။ အဖေရှိစဉ်က ဆုံးမဖူးပါသည်။ အယ်ဒီတာကို စောဒကမတက်နဲ့ဟူ၏။ ကျွန်တော့်အနေနှင့် စောဒက မတက်ပါ။ အမှန်းတရား မပွားမိပါ။ ဝမ်းကား နည်းမိပါသည်။ ဝမ်းနည်းမိရသည်မှာ လေးကိုတင်ကဲ့သို့သော စာပေစိတ်ရှိသည်ဟု မြင်မိသော စာရေးဆရာမျိုးတွင်ပင် 'အမှန်တရားဘက်မှ ရပ်တည်ရဲသော တည်ကြည်စိတ်မျိုး မရှိခြင်း'အတွက်ဖြစ်ပါသည်။ လူအကြောင်း သိရသဖြင့်ကား ဝမ်းမြောက်ရပါသည်။ မှားခြင်း၊ မှန်ခြင်းသည် ဆင်ခြင်တုံတရား အခြေခံဖြင့် တည်ရှိနေသည်မှာ မှန်သော်လည်း ကျွန်တော်တို့၏ မြန်မာ့လူအဖွဲ့အစည်းအတွင်းတွင် ဆင်ခြင်တုံတရားမှာ ခွေးကတက်ကို မကျော်နိုင်သေးကြောင်း ပေါ်လွင်သွားပါတော့သည်။ မှားနေသည်ကို မှားနေသည်ဟုပြောခြင်း/ရေးခြင်းမှာ အမှားတစ်ခုဖြစ်နေသော လူအဖွဲ့အစည်းသာ ဖြစ်နေပါသေးသည်။ ဤအခြေအနေမှာ ဒီမိုကရေစီရှိခြင်း၊ လူအခွင့်အရေးရှိခြင်း စသည်များနှင့် မဆိုင်ပါ။ လူ့အဖွဲ့အစည်း၏ လူကို မျက်စိမှိတ် ကိုးကွယ်အားထားချင်သော အလေ့အကျင့်မှ တိုးတက်မလာနိုင်သေးခြင်းနှင့်သာ ဆိုင်ပါသည်။

မြန်မာ(အများစုမှာ)လူကိုကိုးကွယ်သောအလေ့ အခြေခံသည့် သက်ဝင်ယုံကြည်မှုဒွန္ဒတည်ကာ ဂုဏဝဒ္ဓိ၊ ဝယဝဒ္ဓိကို အလွန်အမင်း ကိုင်စွဲကာ ထိန်းချုပ်ထားခြင်းအောက်တွင် ကြီးပြင်းခဲ့ကြရသူများ ဖြစ်ကြသည်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွင် 'ရိုသေခြင်း'ဆိုသော စကားအသုံးအနှုန်းကို တလွဲဆပ်ကောင်းသုံးစွဲကာ တစ်နေ့၊ တစ်မနက်၊ တစ်နာရီ၊ တစ်စက္ကန့်ကြီးသူကို ပြန်မပြောရဆိုသော ထိန်းကျောင်းမှုကို ဖန်တီးခဲ့သည်။ အသက်ကြီးသူကို ပို၍ အမှန်တရားကိုသိသည်။ အသက်ပိုကြီးသဖြင့် ငါက တိုင်းပြည်အုပ်ချုပ်သင့်သည်စသည့် အမြင်များမှာ တိမ်လွှန်းသော အမြင်များသာ ဖြစ်သည်။ ဆင်ခြင်တုံတရားကို လုံးဝပစ်ပယ်သော အလေ့သည် မြန်မာ့လူအဖွဲ့အစည်းတွင် ထူထောင်လာနိုင်ခဲ့သည်။ ထို့ပြင် တစ်ဝ မှားသည်ကို မှားမှန်းသိသည့်တိုင် ကိုယ်အနေသာချည်းပဲ ဟူသောမူ(ဥပေက္ခာတရားကို အနက်လွဲ နားလည်လက်ခံထားသောအမြင်)ကို လက်ကိုင်ထားလာကြလေသည်။ ဤသည်မှာ ယဉ်ကျေးမှုဟု ဆိုရအံ့သော အစဉ်လာ အကျင့်အမူတို့၏

www.burmeseclassic.com

www.burmeseclassic.com

ဆက်လက်ရှင်သန်စေခြင်းသဘောမဟုတ်။ အစဉ်အလာအပြုအမူတို့ကို ဆင်ခြင်နည်းလမ်းတကျ လက်ခံထားရှိမှု မရှိခြင်းသာ ဖြစ်ပါသည်။ ယနေ့ကာလတွင်လည်း ထိုအယူအဆကို အတိုင်းထက်အလွန် လက်ခံထားနေကြဆဲ ဖြစ်သည်။ သို့အတွက် ယနေ့မြန်မာ့လူ့အဖွဲ့အစည်းတွင် ပိုက်ဆံရှိခြင်းနှင့် အာဏာရှိခြင်းသည် လူ့အဖွဲ့အစည်း၏ ထိပ်တန်းတွင် ခိုင်မာစွာ ရပ်တည်နေကြခြင်း ဖြစ်နေတော့သည်။ မှားခြင်းမှန်ခြင်းကို သိရှိနေခြင်းနှစ်ခုက ထိန်းထားနိုင်သည်။ ထို့ကြောင့်ပင် ထမင်းခွံရှောက် လက်ဆေးပြီး ခူးခပ်စားရသည့် လူတန်းစားများ နေရာရလာကြရတော့သည်။ တူညီဝတ်စုံ ဝတ်ထားလျှင် သာမန်လူများကို ခြယ်လှယ်နိုင်သည်ဟု မြင်လာကြသည့် ဘာသာရေးသည်ပင် အသုံးခံပစ္စည်းတစ်ခု ဖြစ်လာသည်။ လူမျိုး၏ အနေအထားသည် အမှန်တရားကို တန်ဖိုးထားရန် မသိတော့သည့် အနေအထားသို့ ရောက်လာတော့သည်။ မှားခြင်း၊ မှန်ခြင်းကို လူ့အဖွဲ့အစည်းက စဉ်းစားစရာဟု မမြင်ကြတော့။ ထို့ကြောင့်ပင်လျှင် မြန်မာ့လူ့အဖွဲ့အစည်းတွင် ငပြုကို မကြိုက်သဖြင့် ငမဲကို ထောက်ခံသည်ဟူသော အမြင်သာ ဆန်းကားနေခြင်းပင်။ ဆင်ခြင်တုံတရားကို အခြေခံကာ ကြောင်းကျိုးဆက်စပ်မှုဖြင့် တွေးခေါ်ဆုံးဖြတ်ကြခြင်း နည်းလွန်းနေသေးသည်။ စာပေစိစစ်ရေး ရှိစဉ်ကလည်း ပိုက်ဆံနှင့် အာဏာမှာ ထုတ်ဝေနိုင်ခွင့်ကို ထိန်းထားခဲ့သည်။ အာဏာရှိသော စစ်ဗိုလ်အသိုင်းအဝိုင်းမှလာသော် လွယ်လွယ်ထုတ်ဝေခွင့်ရသည်။ ယုတ်စွအဆုံး နိုင်ငံတော်၏ တန်ဖိုးတစ်ရပ်ဖြစ်သော အနုပညာ၊ ရသပညာကို အမှီကပ်ပုံးထဲ ပစ်ထည့်လိုက်သော **မြန်မာရသပညာ** ဟူသော စာအုပ်မျိုးပင် ထုတ်ဝေခွင့်ပေးခဲ့သည်မှာ သာဓကတစ်ရပ် ဖြစ်လေသည်(နိုင်ငံတော်ကို အသရေဖျက်မှုဖြင့် ထိုစဉ်က စာပေစိစစ်ရေးကို တာဝန်ယူထားသူများကို ရုံးတင်ရန်ပင် သင့်ပါသည်။ သို့ရာတွင် မဖြစ်နိုင်။ မြန်မာများသည် အမှားကို လိပ်ပြာသန့်သန့်ဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံတတ်သူများဖြစ်သည်။ ဆိုခဲ့ပြီးသည့်အတိုင်း အမှားကို အသိအမှတ်ပြု လက်ခံနေနိုင်ခြင်းမှာ မြန်မာတို့၏ စရိုက်လက္ခဏာတစ်ခု ဖြစ်နေသည်မှာ ကြာခဲ့ပါပြီ။)။ စစ်ဗိုလ်က 'စစ်ဗိုလ်ဖြစ်ခဲ့ရခြင်းအတွက်' လုပ်ချင်ရာ လုပ်နိုင်သည် ဟူသော အမြင်ကို အခြေခံကာ အလွဲလွဲ အမှားများ ဘာသာပြန်ထားသော **ဆွန်ဇောင်ဖာ**ကို မျက်စိမှိတ်ပြီး ထုတ်ဝေခွင့်ပေးခဲ့သည်မှာလည်း စာပေစိစစ်ရေးဖြစ်သည်။

ဤအချက်များကို ရေးသားရသည်မှာ အကြောင်းရှိပါသည်။ **ပုလင်းထဲက ယင်ကောင်များ**စာအုပ်မှာ ကျွန်တော် ဖတ်ရှုခဲ့ရသည့် အတိုင်းအတာအထိ အလွန်အရုပ်ဆိုးစွာ ဘာသာပြန်ထားသော စာအုပ်တစ်အုပ် ဖြစ်ပါသည်။ ဘာသာပြန်သူမှာ ငါကွ လုပ်ပြ၍ရသော အသိုင်းအဝိုင်းမှ ဖြစ်မည်ထင်သည်။ အာဏာ၊ ပိုက်ဆံတို့ဖြင့် ဝန်းရံမထားသည့်တိုင် စာပေလောကကို/တွင် နေရာယူထားနိုင်သူ ဖြစ်ကောင်းဖြစ်မည်။ ထို အချက်များကို ကျွန်တော် မသိပါ။ ဘာသာပြန်ထားပုံအရ ကျွန်တော်ပြောနိုင်သည်မှာ…**တစ်**- ဘာသာစကားနှစ်ခုစလုံးတွင် ပိုင်ပိုင်နိုင်နိုင်မရှိ။ **နှစ်**- ပညာရပ် အခြေခံလည်းရှိပုံမရ။ အထူးသဖြင့် ဝိဇ္ဇာဘာသာရပ်၊ လူမှုရေးသိပ္ပံပညာရပ်တို့မှာလည်း ဒုံးပျံလွှတ်သော ပညာရပ်ကဲ့သို့ အရေးပါကောင်းမှပါမည်။ သို့ရာတွင် ပေါက်လွှတ်ပဲစား ဘာသာရပ်များ မဟုတ်ပါ။ ကောက်ကာငင်ကာ ထဖတ်တိုင်း နားလည်နိုင်သည် မဟုတ်ပါ။ အခါသင့်တုန်း ဝင်ဖိန်းဦးမှဟု မြင်နေကြရန်လည်းမသင့်။ သိခြင်းနှင့် နားလည်ခြင်းမှာ ကွဲပါသည်။ များမကြာမီကပင် ရွှေအမြုတေ၌ ဖော်ပြခဲ့သော 'မေးလားမရေးခဲ့သော စာပေဆိုတာ ဘာလဲ' ဆောင်းပါးမှာလည်း မင်းခက်ရဲဆိုသူ ရေးသော **စာပေဆိုတာဘာလဲ** စာအုပ်၏ အလွဲအမှားများဖြစ်သည်။ ထိုစာအုပ်မှာလည်း **ပုလင်းထဲက ယင်ကောင်များ** စာအုပ်ကဲ့သို့ပင် ချာတူးလဲအောင် လွဲမှားနေပါသည်ဟု ရဲရဲချည်းပြောရမည့် ဘာသာပြန်အရေးအသားများ ဖြစ်ပါသည်။ **ပုလင်းထဲက ယင်ကောင်များ** စာအုပ်ကို တစ်အုပ်လုံး မဖတ်နိုင်သဖြင့် မည်ရွေ့မည်မျှ လွဲနေမည်ကို မပြောနိုင်သော်လည်း မှန်းဆ ကြည့်မိပါသည်။ ထို့အတူ မည်ရွေ့ မည်မျှ ထင်ရာကြိတ် ဘရိတ်မပါ ဘာသာပြန်များ ထွက်ခဲ့ခြင်းများ ရှိလိမ့်မည်လား။ စဉ်းစားကြည့်မိသည်။ ဘာသာပြန်သူများအနေဖြင့် ပိုက်ဆံရသောကြောင့်ဖြစ်စေ၊ ဘေးလူ အထင်ကြီးခံရရန် ဘာသာပြန်ကြသည်ဖြစ်စေ ဖတ်သူ၏ဘက်မှ ထည့်၍ စဉ်းစားကြည့်ရန်လည်း လိုပါသေးသည်။ ယနေ့ကာလ၏ မြန်မာ့လူ့အဖွဲ့ အစည်းတွင် ဘေးလူ အထင်ကြီးခံရန် ကိစ္စမှာလည်း အရေးကြီးနေပုံရသည်။ နားကင်းတစ်လုံးမျှမသိဘဲ 'ဟန်ကိုယ့်ဖို့' ဟူသော စကားနှင့်အတူ ခပ်ကြွားကြွားကလေး နေချင်သူတွေ အပုံချည်းဖြစ်နေသည်။ လုပ်ချင်ရာလုပ်ပြသည်ကိုပင် အနုပညာ ဟု တံဆိပ်တပ်လာကြပြန်သည်။ ဤစာအုပ်ကဲ့သို့သော စာအုပ်မှာ ဖန်တီးစာ၊ အပျော်ဖတ် စသည်မျိုးမဟုတ်။ ဖတ်သူများမှာ အကြောင်းရပ်(ပညာရပ်)ကို စိတ်ဝင်စားသဖြင့် ဖတ်ကြသူများသာ ဖြစ်သည်။ သူတို့သည် သိချင်သူများ၊ နားလည်ချင်သူများဖြစ်သည်။ သို့ဖြစ်လေရာ သူတို့ကို လက်ဆင့်ကမ်းပေးသော ကိုယ့်ဘာသာပြန်ကလည်း အတိုင်းအတာတစ်ခုအထိ ပညာရပ်ဆိုင်ရာအပိုင်းတွင် မှန်ကန်မှုရှိရန် လိုမည်မှာ အမှန်ပင်။ 'ကိုယ်က ပညာရှင်မှ မဟုတ်ဘဲ။ ကိုယ်ပြန်ချင်သလို ပြန်လို့ ဖြစ်တယ်' ဟူသော လွန်စွာသေးသိမ် အောက်တန်းကျသော အမြင်မျိုးထားကာ ဘာသာပြန်ရန်ကား မသင့်ဟု ပြောင်ပြောင်ပင် ဆိုချင်ပါသည်။ စင်စစ် 'လွတ်လပ်ခြင်း' သည် 'ရမ်းကားနိုင်ခွင့်ရခြင်း' မဟုတ်ပါ။ ။

■

မြင့်သန်း

www.burmeseclassic.com

မြေမျက်နှာပြင်တော်တွင် နေကာမျက်မှန်တပ်၍ ခွေးကျောင်းခြင်း

BURMESE CLASSIC

၁။

ခွေးတစ်ကောင်၏ သဘာဝတမ်းသည် မည်မျှ ရှိသနည်း။ ငါးနှစ်လား၊ ဆယ်နှစ်လား၊ သူ မသိ။ ခွေးတစ်ကောင်ကို မည်သူသို့ တန်ဖိုးဖြတ်သနည်း။ အရောင်အသွေးပေါ်တွင်လား၊ မျိုးရိုးပေါ်တွင်လား၊ ပိုင်ရှင်၏ ကြွယ်ဝမှုပေါ်တွင်လား။ သူ မသိ။ ခွေးတစ်ကောင် မွေးထားခြင်းဖြင့် မည်ကဲ့သို့ အကျိုးရှိနိုင်သနည်း။ အလှသက်သက်ကြည့်ဖို့လား၊ ကျန်းမာရေးအတွက် လမ်းအတူလျှောက်ဖို့လား၊ ခြံလုံဖို့လား။ သူ မသိ။ ကမ္ဘာပေါ်တွင် ခွေးမျိုးစိတ် မည်မျှရှိသနည်း။ ခွေးများသည် အိမ်မွေးတိရစ္ဆာန်ဘဝသို့ မည်သည့်အချိန်တွင် စတင်ရောက်ရှိခဲ့သနည်း။ ခွေးတစ်ကောင်သည် တစ်နှစ်လျှင် မည်မျှသားပေါက်နိုင်သနည်း၊ သားတစ်ခါပေါက်လျှင် ဘယ်နှကောင် ပေါက်နိုင်သနည်း။ မသိ။ သူ မသိ။ သူ ဘာမျှ မသိ။

သို့ဆိုလျှင် သူ ဘာသိသနည်း။ သိပါသည်။ သူသိသည်။ သူကျောင်းရသည့် ခွေး။ တစ်နည်းဆိုသော် ခွေးကြီး ရိုန်း။ အဆိုပါ ခွေးကြီး ရိုန်းရှိနေသမျှ ထမင်းမငတ်နိုင်၊ အလုပ်လက်မဲ့ မဖြစ်နိုင်၊ ဒုက္ခမရောက်နိုင်။

သို့သော် သစ္စာ။

ထိုခွေးကြီးအပေါ် သစ္စာရှိရှိ ပြုစုစောင့်ရှောက်ပေးဖို့တော့ လိုပေလိမ့်မည်။

၂။

'မလေးရှား ဒီနေ့ အဘတို့လာမှာနော်၊ ရိုန်းကို သေချာဂရုစိုက်ဦး'

ဦးလေးစံ၏ သတိပေးသံ။ မလေးရှားက ပြုတ်နေသည့် အမဲသားအိုးအဖုံးကို ဖွင့်ကာ နောက်လှည့်၍ အော်လိုက်သည်။

'စိတ်ချ ဦးလေးစံရေ၊ ခွေးကြီး ရိုန်းကို အဘ လာမှ မဟုတ်ဘူး၊ ဒီအတိုင်းလည်း ဂရုစိုက်ပါတယ်။ ရွာက မိတ်တွေထက်တောင် ပိုဂရုစိုက်သေး···ကဲ'

'အေး ဂရုစိုက်တယ်ဆိုလည်း ခွေးကြီးရိုန်း ဆိုတဲ့အခေါ်အဝေါ်ကိုပါ ဂရုစိုက်ဟေ့'

ဒါတော့ ဟုတ်သည်။ ခွေးကြီးရိုန်း၏ နာမည်မှာ ရိုန်း(Rain) တစ်လုံးတည်းသာ။ အဘတို့က သူတို့ခွေးကြီးကို ခွေးကြီးရိုန်းဟု ခေါ်လျှင် မကြိုက်။ ရိုန်းဟုသာ ခေါ်ခိုင်း၏။ မလေးရှားကလည်း အဆိုပါ ရိုန်းဆိုသည့် နာမည်မှာ အာမထိ လျှာမထိ ခေါ်ရသဖြင့် အားမရ။ ထို့ကြောင့် ကွယ်ရာတွင် ခွေးကြီးရိန်းဟုသာ အားရပါးရ ခေါ်လေ့ရှိသည်။

ပြုတ်ထားသည့် အမဲသားအိုး နူးသည့်အခါ ခွေးကြီးရိန်းကို ငါးကြီးဆီနှင့် အတူ ကျွေးရသည်။ တစ်ပတ် တစ်ခါ ခွေးကြီးရိန်း၏ ကျန်းမာရေးကို လာရောက်စစ်ဆေးပေးရသည့် ဆရာဝန်က ငါးကြီးဆီကို မပျက်မကွက် ကျွေးခိုင်းသည်။ အမဲသားချည်းပဲ ကျွေးလျှင် အရောင်အသွေး မှေးမှိန်သည်ဟု ဆိုသည်။ ထို့ကြောင့် ငါးကြီးဆီကိုပါ ကျွေးရခြင်းဖြစ်သည်။ သူကတော့ ခွေးကြီး ရိန်း အရောင်အဆင်း မှိန်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

လည်း ဖွင့်ခွင့်မရှိဟု ဆို သည်။ အကျိုးဆက်အဖြစ် ကွမ်းဈေးမှာ အလိုလို ကြီးမြင့် လေသည်။ ကွမ်းဘူးတစ်ဘူး ဆိုလျှင် တစ်ထောင်။ တစ်နေ့ တစ်ဘူးကုန်သည်။ လစာ တစ်ဝက်လောက်က ကွမ်းဖိုး နှင့်ပင် ကုန်လေသည်။

သို့သော် ကိစ္စမရှိ။ ကွမ်းမစားရဘဲ မနေနိုင်သလို ကွမ်းဆိုင်သို့ မသွားရလျှင် မနေတတ်တော့။ လခတစ် ဝက်ကျိုးကာမှ ကျိုးပေတော့။

'ဟေ့ ကောင် ခွေး တပည့်'

မလေးရှားတို့ခြံတစ်ခြံ ကျော်မှ ခြံစောင့်မောင်အောင်။

'ဟေ့ကောင် မင်းကို ဘယ်နှခါပြောရမလဲ၊ ငါ့ကို အဲလို မခေါ်နဲ့ မကြိုက်ဘူး'

မလေးရှားက ဒေါသ တကြီး ပြန်အော်သည်။ ဒါ ကရင်မရှေ့မှာမို့ သူ့ကို တမင် ကျောတာ။ မောင်အောင် ကလည်း သူလိုပင် ကရင်မ ကို ရစ်သီရစ်ဝဲ လုပ်နေသူ တစ်ဦးပင်။

'ဟာ ဟေ့ကောင် မလေးရှား ငါ မဟုတ်တာ ပြောတာ မဟုတ်ဘူးကွ၊ ဘုန်းကြီးကျောင်းမှာ ဘုန်း ကြီးဝေယျာဝစ္စလုပ်ရတဲ့သူကို ဘုန်းကြီး ကပ်ပို၊ ဘုန်းကြီး တပည့်လို့ခေါ်တယ် မဟုတ် လား။ မင်းကလည်း ခွေးဝေ ယျာဝစ္စလုပ်ပေးရတဲ့ကောင် ဆိုတော့ ခွေးတပည့်ပေါ့ကွ ဟား... ဟား'

'အောင်မယ်'

မလေးရှားက ရှေ့သို့ တိုးကာ-

'မင်းလိုခြစေလွှတ်လို့ ကျွေး ကျွေးမွေးထားရတဲ့ ခွေးတွေ ကတော့ မဖြစ်မနေသွားရမည်။ မဖြစ်မနေဆိုသည်မှာ ကွမ်းစွဲ နေခြင်းကြောင့်ဖြစ်သလို ကွမ်း ဆိုင်ပိုင်ရှင်လေးကိုလည်း...။

ကွမ်းချင်းတူလျှင် ကရင်မကွမ်းက ပိုနူးညံ့ သည်။ ပိုအရသာရှိသည်။ ကရင်မဆိုင်က ထုံးနှင့်ကွမ်း ကိုပင် အခြားတစ်ယောက် ယောက် ဝင်ယာပါက အရသာမရှိတော့။ ကရင်မ၏ ဖွေးဖွေးနုလက်ကလေးနှင့် တို့ ထိလိုက်မှသာ အနံ့အရသာ နှင့် ပြည့်စုံသော ကွမ်းယာဖြစ် ပေမည်။

တွေးရင်း တွေးရင်းနှင့်ပင် ခြေလှမ်းများ ပိုသွက်လာ ၏။ ခွေးကြီးရိန်းမှာ သူ့ အကြိုက်ကို သိသည်ထင့်။ ကရင်မဆိုင်သို့ပင် တန်းတန်း ဖြောင့်ဖြောင့် သွားလေသည်။

'ဟော ရိန်းပါလားဟေ့ လာလာလာ'

ကရင်မ၏ ချိုချိုအေး အေး နှုတ်ဆက်သံ။

'ကိုမလေးရှား ဟောဒီ မှာနော်'

ကရင်မက သူ့အတွက် အဆင်သင့် ထည့်ထားသည့် ကွမ်းယာဘူးကို မေးထိုးပြ ကာ ခွေးကြီးရိန်းကို ပွတ်သပ် ကိုင်တွယ်နေ၏။ မလေးရှား က ကွမ်းယာဘူးထဲက တစ် ယာကို ထုတ်ဝါးကာ ကွမ်းဖိုး တစ်ထောင်တန် တစ်ရွက် ပေးလိုက်သည်။

နေပြည်တော်၏ ရှား ပါးပစ္စည်းများစာရင်းတွင် ကွမ်းယာလည်း တစ်ခု အပါ အဝင်ပင်။ ကွမ်းယာဆိုင်များ ကို အခြားသော မြို့များမှာကဲ့ သို့ ဖောဖောသီသီ တွေ့ရလိမ့် မည် မဟုတ်။ တရားဝင်

အာဘတို့မှာက ဆုပေး ဒဏ်ပေး ဆိုတာ ရှိတယ် အခု မောင်ရင့်ပုံက သားကြီးကို သေချာ စောင့်ရှောက် ထားပုံရတယ် ဒီတော့ အာဘတို့က ဒီထက် ပိုကြိုးစားချင် လာအောင် ဆုချမယ် ကဲ မောင်ကောင်းထက် ဘာလိုချင်တာ ရှိလဲ ပြော

သည်၊ မမှိန်သည်ကို မခွဲခြား တတ်။ လမ်းလျှောက်ထွက် လျှင်တော့ တွေ့သမျှလူတိုင်း က ခွေးကြီးရိန်းကို နောက် ပြန်လှည့်မကြည့်ဘဲ ကျော် သွားသည်ဟူ၍ မရှိ။

မကြည့်ဆို မလေးရှား ထိန်းရသည့် ခွေးမျိုးသည် ဤဒေသတွင် တွေ့ရခဲသည့် ခွေးအမျိုးအစားပင်။ ပူပြင်း လှသည့် နေပြည်တော်ကဲ့သို့ သော ဒေသမျိုးတွင် ရှင်သန် ကြီးထွားရန် မလွယ်လှ။ အမြဲနီပြည့် အဲယားကွန်း ဖွင့် ထားသည့် အခန်းထဲတွင် ထားရသည်။ မျက်စိဒေါက် ထောက်ကြည့်နေရန်အတွက် လည်း မလေးရှားလို လူမျိုး ရှိဖို့လိုသေးသည်။ တစ်ပတ် တစ်ခါ ဆရာဝန်နှင့် ကျန်းမာ ရေး မှန်မှန်စစ်ရသည်။ အား ဆေးမှန်မှန် တိုက်ရသည်။ ရေ မှန်မှန်ချိုးရသည်။ ခွေးကြီး ရိန်း၏ တစ်ပတ်စာ ကုန်ကျ စရိတ်သည် မလေးရှား၏ တစ်လစာ ဝင်ငွေ မကပင်။

'ဦးလေးစံ ရေ... ဦးလေးစံ'

ခွေးကြီးရိန်းကို လည် ပတ်နှင့် ကြိုးတပ်နေရင်းနှင့် မလေးရှားက အော်လိုက်သည်။

'ခွေးကြီးရိန်းနဲ့ လမ်း လျှောက်ထွက်လိုက်ဦးမယ် ဗျို့'

မနက်စာ ကျွေးပြီးတိုင်း ခွေးကြီးရိန်းနှင့် မဖြစ်မနေ လမ်းလျှောက်ထွက်ရသည်။ ထိုမှသာ အဆီပိုမရှိဘဲ ခွေး ကြီးရိန်းအနေဖြင့် လျင်မြန် ဖျတ်လတ်နေမည်ဟု ဆရာ ဝန်က မှာထားသည်။

'အေး သွား... သွား ကွမ်းယာဆိုင်က ကရင်မ အနားမှာပဲ အရှိန်ကုန်မနေနဲ့ ဦး၊ မြန်မြန် ပြန်လာခဲ့။ အာဘတို့လာလို့ သူတို့ခွေးကြီး မတွေ့ရင် ပွမ်နေဦးမယ်ဟ'

မလေးရှားအကြောင်း နောကျေနေသည့် ဦးလေးစံ က ဂရုတစိုက်မှာ၏။ မလေး ရှား တစ်ချက်ပြုံးလိုက်သည်။ အာမကလို့ အာဘိုးအေပင် လာလာ ကွမ်းယာဆိုင်ကို

www.burmeseclassic.com

www.burmeseclassic.com

မောင်အောင်၏ ရင်ဘတ်ကိုဆွဲဆောင့်လိုက်သည်။

'တော်ကြပါတော့... တော်ကြစမ်းပါ၊ စောစောစီးစီး သူများဆိုင်ရှေ့မှာ ကျက်သရေမရှိ လာရန်ဖြစ်နေကြတယ် တကယ်တဲ့'

ကရင်မက ဆိုင်ပေါ်မှ ခုန်ဆင်းကာ နှစ်ယောက်ကြားထဲ ပြေးဝင်အော်သည်။

'ငါက အလကားနောက်တာပါဟာ ဒီကောင်ကသာ ဒေါသကုမ္ဘာရဖြစ်နေတာ'

မောင်အောင်က လေပြေထိုးသည်။ မလေးရှားကတော့ ဒေါသမပြေသေး။ ရှူးရှူးရှားရှားနှင့် ဘာစကားမှ မပြောနိုင်။

'ကဲ... ကဲ မလေးရှားကလည်း အချင်းချင်းနောက်တဲ့ဟာပဲ စိတ်လျှော့၊ စိတ်လျှော့၊ သြော် ဒါနဲ့ မလေးရှား'

ကရင်မက ဆိုင်ပေါ်မှ ကုန်ယက်ကိုယူပြီး မလေးရှားလက်ထဲသို့ ထိုးပေးသည်။

'အဲဒီမှာ တွေ့လား မလေးရှားမှာ မြန်မာတွေအသတ်ခံရလို့တဲ့။ အခုအလုပ်သမား တချို့တောင် ပြန်ပြေးလာရပြီတဲ့လေ'

ဂျာနယ်မျက်နှာဖုံးကို ကြည့်ပြီး မလေးရှား ခေါင်းနားပန်းကြီးသွားသည်။ စောစောကထွက်နေသည့် ဒေါသတွင် ဘယ်ချောင်ရောက်သွားသည်မသိ။ မလေးရှားတွင် ကျန်ရစ်ခဲ့သည့် မိတ်ဆွေများအတွက် စိုးရိမ်စိတ်များ ကြီးထွားလာသည်။ မလေးရှားရောက် မြန်မာတစ်မျိုးသားလုံးအတွက် ပူပန်စိတ်များ ကြီးထွားလာသည်။ ကြီးထွားလာသော စိုးရိမ်စိတ်များ၊ ပူပန်စိတ်များနှင့်အတူ အတိတ်ပုံရိပ်များကလည်း စိတ်အာရုံအတွင်း တဖျပ်ဖျပ် ပြေးလွှားသက်ဝင်လာပါတော့သည်။

❑

၃။

မလေးရှားဆိုသည်မှာ နတ်ဘုံနတ်နန်းဟု ထင်ခဲ့ဖူးသည်။ ဆင်းရဲတွင်း၏ ထွက်ပေါက်ဟု ယုံခဲ့ဖူးသည်။ မလေးရှားရောက်လျှင် အစစအရာရာ အဆင်ပြေမည်ဟု တွေးခဲ့ဖူးသည်။ ထိုကဲ့သို့ ထင်အောင်၊ ယုံအောင်၊ တွေးအောင်လည်း ပွဲစားများက အပြောကောင်းခဲ့လေသည်။ တကယ့်လက်တွေ့မှာမူ...

အလုပ်လုပ်ရသည့် စက်ရုံက စည်းကမ်းတင်းကျပ်လွန်း၏။ ဖြတ်ဖို့၊ တောက်ဖို့ မျက်စိဒေါက်ထောက်ကြည့်နေ၏။ လစာပြည့်ပြည့်ဝဝ ရသည့်လဟူ၍ မရှိခဲ့။ ခေါင်းစဉ်တစ်မျိုး မဟုတ်တစ်မျိုးတပ်ကာ ဖြတ်တောက်ခံရသည်ချည်း။ ထို့အပြင် ပွဲစားကုမ္ပဏီသို့ အကြွေးမှန်မှန် ဆပ်နေရသေးသည်။ ရွာသို့လည်း ရှိစုမဲ့စုလေးပြန်ပို့ရသေး၏။ ရင်းဂစ်ဆိုတာ ဘယ်လိုလဲဟုပင် ဝဝလင်လင် မကြည့်ရ။

ပိုဆိုးသည်က နေရေးနှင့်စားရေး။ ကွန်တိန်နာပုံးကြီးကဲ့သို့ အလုပ်ပိတ် အခန်းထဲတွင် လုပ်သားများ စုပေါင်းအိပ်ရသည်။ စားရပြန်တော့လည်း ဘာမှန်းမသိသည့် အရက်ပြုတ်များနှင့် သာ။ အဆိုးတကာ့ အဆိုးဆုံးကတော့ အိမ်သာ။ ထောင်ချီရှိသော လုပ်သားများအတွက် အိမ်သာအလုံးရေမှာ ဆယ်ဂဏန်းမျှသာ။ အားလပ်ရက်တော့ ရှိပါရဲ့။ အနားမယူရဲ့။ ရွာကအတိုးများ၊ ကုမ္ပဏီအကြွေးများကို အမြန်ကျေဖို့ အချိန်ပိုဆင်းရသေးသည်။

ရုပ်ပိုင်းဆိုင်ရာအရ အဆင်မပြေသော်လည်း ဝင်ငွေမှန်မှန်ရနေသဖြင့် စိတ်ပိုင်းဆိုင်ရာ အဆင်ပြေနေသည်ဟု ထင်လျှင်တော့ မှားမည်။ လစာ အဖြတ်ခံရမှာစိုးသည့် ဖိအား။ ပရောစီ(တရားမဝင် အလုပ်သမားများကို ရှောင်တခင် ဝင်ရောက်ဖမ်းဆီးခြင်း) ဘယ်အချိန်ဝင်မလဲ တထိတ်ထိတ်ကြောက်နေရသည့်ဖိအား။ ထားပါတော့။ ထိုကဲ့သို့ စိတ်ရောကိုယ်ပါ ဖိအားများကို ကြိတ်မှိတ်သည်းခံခဲ့သည်။ ကိုယ်က တိုင်းတစ်ပါးကျွန်မဟုတ်လား။ သူတို့ အချင်းချင်းပင် တစ်ခါတစ်ရံ နောက်နေကျစကားတစ်ခွန်းရှိသည်။ သီဟတင်စိုးတို့ အောင်ပိုင်တို့ ဆီ စာရေးကာ တောင်းဆိုရမည်။ ဂျပန်တွေ၊ အင်္ဂလိပ်တွေ တော်လှန်တာ ခဏရပ်၍ မလေးရှား၊ စင်ကာပူတို့၏ သူကျွန်ဘဝများကိုလည်း တော်လှန်ပေးပါဟု တောင်းဆိုချင်ကြသည်။

ထိုကဲ့သို့ သူတစ်ပါး လက်အောက်တွင် စိတ်ရောကိုယ်ပါ ဆင်းရဲကြသဖြင့် မြန်မာအချင်းချင်း စည်းစည်းလုံးလုံးရှိကြမည်ဟု ထင်လျှင်တော့ မှားမည်။ တိုင်းတစ်ပါးလုပ်ငန်းရှင်များ၏ ဗိုလ်ကျမှုများကို စည်းစည်းလုံးလုံး တောင်းဆိုတိုက်ဖျက်မည်ဟု ထင်လျှင်တော့ မှားမည်။ ထားတော့။ မစည်းလုံးတာကို နားလည်နိုင်ပါသေး၏။ သို့သော် မစည်းလုံးရုံသာမက မြန်မာအချင်းချင်း လစ်ရင်လစ်သလို ချောက်ချသည်။ ဒုက္ခပေးသည်။ လှယက်သည်။

သူ့ကို ယ်တော့်ပင်။ မလေးရှားကို ထွက်မလာခင်က ရွာတွင် ကြုံဝါးခဲ့သော စကားတစ်ခွန်းရှိသည်။ ထို စကားမှာ နိုင်ငံခြားဖြစ် အကောင်းစား နေကာမျက်မှန် တစ်လက်ဝယ်ရန်ပင်။ ရွာက လူများသည် ဘာရောဂါ ထသည် မသိ။ ဆိုင်ကယ်ကိုယ်စီ စီးကာ တရုတ်နေကာမျက်မှန်များဖြင့် ရွာရိုးကိုး ပေါက်လှည့်လည်နေကြသည်။ ဒါကို သူအနေဖြင့် သည်းမခံနိုင်။ ဒီကိုလာဖို့အတွက်နှင့် သူ့ဆိုင်ကယ်လေးကို ရောင်းလိုက်ရသည်။ ထို့ကြောင့် ဒီမှာ ပိုက်ဆံစုမည်။ ရွာသို့ ပြန်ရောက်လျှင် သူများလို တရုတ်ဆိုင်ကယ်ပေါ်တွင် တရုတ်မျက်မှန်တပ်စီးမည် မဟုတ်။ ယိုးဒယားဘီးအမှုန် တစ်စီးဝယ်ကာ နိုင်ငံခြားဖြစ် အကောင်းစားနေကာမျက်မှန်နှင့် ရိုးထုတ်မည်။

ပြဿနာက အဲဒီမှာ စတင်ခြင်းပင်။ သူ့စိတ်ကူးအိပ်မက်တစ်ခုဖြစ်သည့် နေကာမျက်မှန်ဝယ်ရန် စုဆောင်းထားသည့် ငွေတချို့ ပြည့်သည့်အချိန်။ အိပ်မက်ကို အသက်သွင်းရန် မြို့တော်

www.burmeseclassic.com

ကွာလာလမ်ပူသို့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ဦး အကူအညီဖြင့် တက်လာခဲ့သည်။ စိတ်ကြိုက် မျက်မှန်တစ်လက်ရဖို့ ခြေတိုအောင် ရှာပြီး အရဲစွန့်ဝယ်လိုက်သည်။ မျက်မှန်ဘူးလေး ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ပြန်မည်အပြုတွင် မိတ်ဆွေက မစားရတာကြာပြီဖြစ်သည့် မြန်မာထမင်းဟင်း ကောင်းကောင်းစားကြရန် ပြောသည်။ သူလည်း မငြင်းသာ။ ထမင်းဟင်း ကောင်းကောင်းငတ်နေတာ ကြာပြီ မဟုတ်လား။

မြန်မာရပ်ကွက်ဟု လူသိများသည့် အရပ်ရှိ မြန်မာဆိုင်သို့ မိတ်ဆွေက ခေါ်သွားသည်။ အားရပါးရ ဗိုက်ကားအောင် စားကြပြီးနောက် အိမ်သာထဲသို့အရောက်တွင်-

'မင်းက မြန်မာလား'

အပေါ့သွားရင်း ဘေးတွင်လာရပ်သူတစ်ဦးက မေးသဖြင့်-

'ဟာ ဟုတ်ပါတယ်'

သူကတော့ မြန်မာအချင်းချင်း နှုတ်ဆက်သည်ထင်သဖြင့် လှိုက်လှိုက်လဲလဲ ပြန်ဖြေလိုက်သည်။

'မင်းလက်ထဲက ဘာဘူးလဲ'

နေကာမျက်မှန်ဘူးကို လက်ထဲက မချနိုင်ဘဲ အိမ်သာထဲအထိ သယ်လာမိသဖြင့် လူစိမ်းဖြစ်သူက မြင်ကာ မေးလိုက်ခြင်းဖြစ်သည်။

'ဩော် ဒါလား'

သူကတော့ သဘောရိုးဖြင့် ဖြေမည်အပြုတွင်-

'ရှုပ်ပါတယ်ကွာ၊ ငါ့ကို ပေးစမ်း'

နေပြည်တော်သို့ အကြောင်း တစ်ခုခုနှင့်များ ရောက်ခဲ့ပြီ ဆိုပါစို့ နေပူပူ ဒိုးရွာရွာ နေကာမျက်မှန်ကြီး တပ်ကာ သင်တို့ မမြင်ဖူးသော ခွေးကြီး တစ်ကောင်နှင့် လမ်းလျှောက် ထွက်လာသူ တစ်ယောက် တွေ့ပြီ ဆိုပါစို့ 'မလေးရှား' ဟု အော်ခေါ် ကြည့်ပါ

ထိုလူစိမ်းက လက်ထဲက ဘူးကို ဖျတ်ခနဲ ဆွဲလုသည်။

'ဟာ ဟေ့လူ ဘာ... ဘာ လုပ်တာလဲ'

သူက ပြန်လှသည်။

'ဟေ့ကောင် မင်း သေချင်ပြီလား၊ ဒါ ဘယ်သူ့ဆိုင်ထဲရောက်နေသလဲ သိလား၊ မင်း ဘာလဲ ငါသိတယ် ကြွက်နဲ့ တို့လိုက်ရမလား'

သူစိတ်ထဲတွင် ဖောင်းခနဲ ပေါက်သွားသည်။ ဒေါသ။ လူစိမ်းကောင်က သူ့ကို တရားမဝင် အလုပ်သမားမှန်း သိပုံရသည်။ ထို့ကြောင့် သူတောင်းသည့် ပစ္စည်းကို ပေးရင်ပေး၊ မပေးရင် ရဲတိုင်လိုက်ရမလားဟု အကျပ်ကိုင်နေခြင်းပင်။

'မင်းကွာ မင်း'

ဒေါသထွက်လွန်းသဖြင့် စကားပင် ဖြောင့်ဖြောင့် မထွက်။

'မင်းကွာ မြန်မာအချင်းချင်း ဘာစကားပြောတာလဲကွ၊ ဒီလိုနေရာမျိုးမှာ ပို တောင်ရိုင်းပင်းရမှာကိုကွာ'

'ဟာ တော်တော်လျှာရှည်တဲ့ကောင်ပဲ၊ ငါ သွားဆိုသွားတော့'

သူစိမ်းကောင်က ပြောပြောဆိုဆိုနှင့် သူလက်ထဲက မျက်မှန်ဘူးကို အတင်းဆွဲယူပြီး သူ့ကို ဆောင့်တွန်းလိုက်သည်။ တစ်ချက်ယိုင်သွားသည့်ကိုယ်ကို ပြန်မတ်ကာ-

'ခွပ်'

ဖြောင့်ဖြောင့်စင်းစင်း လက်သီးတစ်ချက်။ သူစိမ်းကောင်၏ မျက်နှာပေါ်သို့။

'ဖြောင်း'

သူ့ခေါင်းတစ်ခုလုံး ပူထူသွားသည်။ နောက်လှည့်ကြည့်လိုက်တော့ တုတ်တစ်ချောင်းနှင့်အခြားသောသူစိမ်းတစ်ယောက်။ သူနောက်စိုကို ပြန်ကိုင်ကြည့်သည်။ သွေး။ စေးစေးပိုင်ပိုင် သွေးများနှင့်အတူ အရာရာ မှောင်အတိကျသွားသည်။

သူ ဆက် ပြန် လည် လာသည့်အခါတွင် ခေါင်းတွင်း ပတ်တီးအဖွေးသားနှင့် မလေးရှားနိုင်ငံ အချုပ်ခန်းရောက်နေ၏။ သူနှင့် ရန်ဖြစ်သည့်ကောင်ကိုတော့ မတွေ့။ ထို့အတူ သူနှင့်အတူ အလုပ်မလိုက်လာသည့် အဖော်ဖြစ်သူလည်း ဘယ်ရောက်လို့ ဘာဖြစ်သွားသနည်း မသိ။ မည်းမည်းမြင်ရာ ဖမ်းလေ့ရှိသည့် မလေးရဲတွေနှင့် တွေ့လျှင် အကုန်ပြေးရသည်။ သူကိုတော့ လာရွေးမည့်သူလည်း မရှိ။ အာမခံပေးမည့်သူလည်း မရှိ။

ရလဒ်ကတော့ ဒဏ်ငွေဆောင်၍ ပြည်နှင်ဒဏ်။ မလေးရှားသို့ ရာသက်ပန် ပြန်ဝင်ခွင့်ပိတ်ကြောင်း အမှီ ချလိုက်သည်။ မြန်မာနိုင်ငံသို့ အဝတ်တစ်ထည် ကိုယ်တစ်ခန့်နှင့် ပြန်ရသည်။ ကိုယ့်နိုင်ငံ ပြန်ရောက်ပြန်တော့လည်း လက်ချည်းဗလာပြန်လာရသဖြင့် ရွာသို့ မပြန်ရဲ။ ထို့ကြောင့် ဆွေမျိုးမကင်းသည့် ဦးလေးစံဆီ အပူကပ်ကာ အလုပ်တောင်းထားရသည်။ ကံကောင်းချင်တော့ ရိန်းအတွက်လည်း လူလိုနေသဖြင့် အခုအလုပ်ကို တန်းတန်းမတ်မတ် ရသွားခြင်းပင်။ မလေးရှားကို အလုပ်သွားလုပ်သည့်ကာလအတွင်း ရလိုက်တာကတော့ ဘာမှမဟုတ်။ မလေးရှားဆိုသည့် နာမည်ပြောင်တစ်ခုပင်။

မျက်မှန်လား၊ ဘယ်မှာကျန်လို့ ဘာဖြစ်သွားသလဲ မသိ။ အသစ်စက်စက် မျက်မှန်လေးကို ပြန်လည်လွေးမတိုင်း ရင်နာလို့မဆုံး။ ❑

www.burmeseclassic.com

www.burmeseclassic.com

၄။

အသွားနှင့် ဆန့်ကျင်ဘက်ပင်။ အိမ်အပြန်ခြေလှမ်းများသည် တစ်လှမ်းချင်း လေးပင်လျက်။ ခွေးကြီးရိန်းင် သူ့ကို စိတ်မရှည်သလိုနှင့် လှည့်ကြည့် လှည့်ကြည့်လုပ်နေသည်။ တစ်ချက်တစ်ချက် ရှန်းလိုက်လျှင် ခွေးကြီးရိန်း နောက်သို့ မလေးရှားက ဘရွတ်တိုက်ပါသွားသည်။

ဟုတ်တယ်။ သူ့ခြေလှမ်းတွေကို မသယ်ချင်တော့။ ဖြစ်နိုင်လျှင် သစ်ပင်တစ်ပင်အောက်ဝင်ကာ ခြေစ်လက်ပစ် ထိုင်လိုက်ချင်သည်။ ဖြစ်နိုင်လျှင် တစ်နေရာရာကိုသွားကာ အော်ဟစ် ငိုယိုပစ်လိုက်ချင်သည်။ ဖြစ်နိုင်လျှင် မလေးရှားသို့ပြန်ကာ မြန်မာတွေအကုန်လုံးကို အမိန့်ငင်သို့ ပြန်ခေါ်လာချင်သည်။ ဖြစ်နိုင်လျှင်ပေါ့။

ဟိုမှာက ကိုယ့်အချင်းချင်း စည်းရုံးမှုကလည်း အားနည်း။ မတရား အနိုင်ကျင့်ခံရလို့ ရဲနှင့်လည်း မတိုင်ရဲ။ တိုင်လိုက်လျှင် တိုင်သည့်သူပါ ကွိသွားမည်။ ပြေးစရာမြေမရှိ။ တစ်နိုင်ငံလုံး လူမျိုးခြားတွေချည်းသာ။ သူစိမ်းတွေအလယ်မှာ ကိုယ့်ဆွေမျိုးတွေ ကိုယ့်လူမျိုးတွေ ဘယ်လိုရပ် တည်နေကြပါလိမ့်။ ဘယ်လို ရုန်းကန်နေရပါလိမ့်။ အိမ်ရှင်က မကြည်လင်သည့် ဧည့်သည်တွေ ဘယ်မျှ မျက်နှာငယ်နေပါလိမ့်။

'ဟူး'

မလေးရှားက သက်ပြင်းရှည်ကြီး မှုတ်ထုတ်ကာ ခေါင်းကို တွင်တွင်ယမ်းနေလေသည်။ သူတို့တစ်တွေ ဒုက္ခရောက်နေတော့လည်း ကိုယ်က စိတ်ပူရုံကလွဲပြီး ဘာမျှ မတတ်နိုင်။

'ဟော့ကောင် မလေးရှား'

ဦးလေးစံက မလေးရှားဆီသို့ အပြေးအလွှား လိုက်လာသည်။

'ဟိုမှာ အဘတို့ရောက်နေကြပြီ၊ ရိန်းကို မေးနေတယ်ကွ မြန်မြန်လာချေ'

အဘဆိုသည့် အသံကြောင့် မလေးရှားခေါင်းထဲမှ အတွေးစများ လွင့်စဉ်သွားသည်။ လေးလံနေသော ခြေလှမ်းများ ပြန်သွက်လာသည်။

'လာပြီဟေ့ သားကြီး ပြန်လာပြီဟေ့'

'ရိန်း··· ရိန်းရေ··· ရိန်း'

'လာဟေ့ ရိန်း ဒီမှာ မုန့်မုန့်'

ခြဲထဲသို့ ရောက်ရောက်ချင်းပင် အဘနှင့် အဘကတော်တို့က ခွေးကြီးရိန်းကို ပွေ့ဖက်နှုတ်ဆက်ကြသည်။

'ဦးလေးစံ ကားပေါ်မှာ ခွေးကြီးရိန်းကို ကျွေးဖို့ အစာခြောက်တွေရယ်၊ ရေချိုးရင် သုံးရမယ့် ဆပ်ပြာရည်တွေရယ်ပါတယ်၊ သွားယူချေဦး'

အဘဘေးတွင် ရပ်နေသူတစ်ဦးက ဦးလေးစံကို ပြောသည်။ ဦးလေးစံက ဟုတ်ပါသလဲပင် ထိုသူ့ကားဆီသို့ ထွက်သွားသည်။ ထိုသူကို မလေးရှား တစ်ခါမျှ မမြင်ဖူးသော်လည်း စကားပြောပုံဆိုပုံကြည့်ခြင်းဖြင့် အဘနှင့် အတော်ရင်းနှီးပုံရသည်။ ဆွေမျိုးတော့ မဖြစ်နိုင်။ အဘက မည်းမည်းကျစ်ကျစ် အညာသား။ အခုလူက ဗိုက်ရွှဲရွှဲ အသားနီစပ်စပ် တရုတ်ရူးမျိုး။

'ပေး ပေး ဦးလေးစံ'

ဦးလေးစံ တစ်ယောက်တည်း မနိုင်မနင်း သယ်လာသဖြင့် မလေးရှားက ဝိုင်းသယ်ပေးလိုက်သည်။ ခွေးကြီးရိန်းအတွက် အစာခြောက်ထုပ်ကြီးနှင့် အတူ ရေချိုးဆပ်ပြာဘူးများ၊ ရှန့်ပူများ၊ ဆေးဝါးများ စုံလင်လှသည်။

'အစ်မကြီး ဒီမှာလေ··· အစ်မကြီး မှာခိုင်းထားတဲ့ သားလေးရိန်းရဲ့ ပစ္စည်းတွေ၊ လူကြုံကောင်းတာနဲ့ တစ်ခါတည်း အမေရိကကနေ များများစားစား မှာထားလိုက်တာ'

ဗိုက်ရွှဲရွှဲနှင့်လူက သူ့လက်ထဲက ဘူးတစ်ဘူးကို ယူ၍ အဘကတော်သို့ ပြလိုက်သည်။ ခွေးကြီးရိန်းကတော့ သူ့ပစ္စည်းတွေကို သိသည်ထင့်။ အမြီးတယမ်းယမ်းနှင့် မြူးထူးပျော်ပါးနေပါတော့သည်။

'ဩာ် ဒါကြောင့်လည်း ကိုသားငယ် ကိုသားငယ်ဆိုပြီး အစ်ကိုကြီးပါးစပ်က တဖွဖွ ချီးကျူးနေတာပါလား ဟင်း··· ဟင်း'

အဘကတော်က လက်ထဲကဘူးလေးကို ကျေကျေနပ်နပ်ကြီးကြည့်ကာ ပါးစပ်မဟာဘဲ ခပ်သောသောရယ်လေသည်။

'ဒီက အဘတို့ အစ်မကြီးတို့ ကျေနပ်ဖို့ အဓိကပါပဲဗျာ ဟဲ··· ဟဲ'

ကိုသားငယ်ဆိုသူက လည်း အတိုင်အဖောက်ညီညီ ရယ်မောနေ၏။

'ဒါနဲ့ ဦးလေးစံ ဒီကောင်လေးနာမည်က ဘယ်သူ··· မေသွားလို့'

အဘက မလေးရှားဘက်ကို မေးငေါ့၍မေးသည်။

'ဩော် သူက ကောင်းထက်ပါအဘ'

ဦးလေးစံက သူ့ကို မလေးရှားဟု မပြောဘဲ နာမည်ရင်းနှင့် မိတ်ဆက်ပေးသည်။

'ဟုတ်ပြီ မောင်ကောင်းထက် ရိန်းကို သေချာဂရုစိုက်ကြားလား။ အရင်တစ်ယောက်လိုတော့ မလုပ်နဲ့နော်။ အဘတို့က လုံးဝ ခွင့်လွှတ်မှာ မဟုတ်ဘူး။ အရင်တစ်ယောက်က ဘာလို့ အလုပ်ပြုတ်သွားလဲဆိုတာ သိလား'

မလေးရှားက ခပ်သွက်သွက် ခေါင်းညိတ်လိုက်သည်။ သူ့အရင် ရိန်းကိုထိန်းရသည့်သူတစ်ယောက် ရှိသည်။ ထိုသူသည် ခွေးကြီးရိန်းကို ကျွေးရမည့် အမဲသားများ၊ ငါးကြီးဆီများကို ခိုးစားပြီး ခွေးကြီးရိန်းကိုမူ ထမင်းကျန်၊ ဟင်းကျန်များသာ ကျွေးသဖြင့် အလုပ်ဖြုတ်ပစ်လိုက်ခြင်းပင်။

'ဒီမောင်ကောင်းထက်ကတော့ သိသာပါတယ် အစ်ကိုကြီးရယ်၊ သားကြီးကို ကြည့်လိုက်စမ်းပါဦး၊ တစ်သွေးတစ်မွေး တောက်ပြောင်ပြီး ထွားကျိုင်းလာလိုက်တာ'

အဘကတော်ကလေးရှားကို ချီးကျူးသည်။ အဘကလည်း ထောက်ခံသည့်သဘောဖြင့် ခေါင်းတညိတ်ညိတ်ဖြင့် ခွေးကြီး

www.burmeseclassic.com

ရိန်းကို ပွတ်သပ်နေလေသည်။ အဘတို့တွင် သားသမီး မရှိ။ ထို့ကြောင့် ခွေးကြီးရိန်းကို သူတို့သားသမီးရင်းကဲ့သို့ ချစ်ခင်မြတ်နိုးလေသည်။ နေပြည်တော်တွင် နေသည့် အချိန်တိုင်း ခွေးကြီးရိန်းကို သူတို့အခန်းထဲသို့ခေါ်၍ အိပ်စေသည်။

'အစ်မကြီးနော် အခုကျွန်တော်ယူလာတဲ့ ဆေးတွေ အစာတွေသာ သေချာကျွေးလိုက်၊ အခုထက်ပိုပြီး နှစ်ဆ တောက်ပြောင်လာမှာ အသေ အချာပဲ'

'ဟုတ်ပါပေ့ ကိုသားငယ်ရယ် ဟုတ်ပါပေ့'

အဘကတော်က ခွေးကြီးရိန်းကို လှည့်ပတ်ကြည့်ရှုကာ ကျေနပ်နေ၏။

'ကဲ မောင်ကောင်း ထက် သားကြီးရိန်းကို အခုထက်ပိုပြီး ကြည့်ရှုစောင့်ရှောက်ရမယ်နော်'

မလေးရှားက အလိုလို ခေါင်းညိတ်နေမိသည်။

'မင်းကြီးစားရင် ကြီးစားသလောက် အကျိုးခံစားခွင့်ရှိမယ်။ ငါ့သားကြီးအပေါ်မှာ သစ္စာရှိရှိ စောင့်ရှောက်ပါ။ ငါ့သားကြီး စိုပြည်မှ မောင်ရင်လည်း စိုပြည်မယ်ဆိုတာ မြဲမြံမှတ်ထားဟုတ်လား'

သစ္စာ။ ခွေးကြီးရိန်း အပေါ်မှာ သစ္စာရှိရမှာလား။ 'ဟော့ကောင် ခွေးတပည့်' ဆိုသည့် ခြံစောင့် မောင်အောင်၏ခေါ်သံကို ပြန်လည်ကြားယောင်လာမိသည်။

'အဘတို့မှာက ဆုပေးဒဏ်ပေးဆိုတာရှိတယ်။ အခု မောင်ရင့်ပုံက သားကြီးကို သေချာစောင့်ရှောက်ထားပုံရတယ်။ ဒီတော့ အဘတို့က ဒီထက်ပိုကြီးစားချင်လာအောင် ဆုချမယ်။ ကဲမောင်ကောင်း ထက် ဘာလိုချင်တာရှိလဲ ပြော'

ဆု။ လိုချင်တာ။ ငါ ဘာလိုပါလိမ့်။ ငါလိုချင်တာ ဘာလဲ။ မလေးရှား ခေါင်းထဲတွင် မေးခွန်းများ၊ အတွေးများ ပြေးလွှားနေ၏။ ဘာများလိုပါလိမ့်။ ဒီမှာ အစစအရာရာ ပြည့်စုံသည်။ နေရေးစားရေး ပူစရာမလို။ လစာ ပြည့်ပြည့်ဝဝ မရမှာ ပူစရာမလို။ ဖြတ်ဖို့တောက်ဖို့ကလည်း ဝေလာဝေး။ ဒါဆို ဘာလိုပါလိမ့်။

'ဟေ့ကောင်လေး ဖြေလိုက်လေ၊ အဘ မေးနေတာကို'

ဦးလေးစံက မလေးရှားကို သတိပေးသည်။

'ဟုတ် ဟုတ် ဟိုဟာလေ မျက်မှန် နေကာမျက်မှန်'

သူပါးစပ်က ရုတ်တရက်ထွက်သွားသည့်စကား။

'ဘာ နေကာမျက်မှန် ဟုတ်လား'

အဘကတော်က တအံ့တသြဝင်ပြောသည်။

'ပေါက်ပေါက်ရှာရှာ မင်းက ဘာလို့ နေကာမျက်မှန် လိုချင်ရတာတုံး'

အဘတို့ မျှော်လင့်ထားသည့်တောင်းဆိုမှုမျိုး မဟုတ်သဖြင့် အတန်ငယ် အံ့သြနေပုံရသည်။

'ဟုတ် ဟိုဟာလေ'

မလေးရှားအနေဖြင့် နေကာမျက်မှန် ပိုင်ဆိုင်ရရေးသည် အိပ်မက်ဖြစ်ကြောင်း၊ တိုင်းတစ်ပါးတွင် ကြုံတွေ့ခဲ့ရသည်များကိုတော့ အမှန်အတိုင်း မပြောချင်တော့။ ထို့ကြောင့် ပါးစပ်ထဲရှိရာ အကြောင်းပြချက်တစ်ခု ပေးလိုက်သည်။

'ဟိုဟာလေ၊ ဒီနေပြည်တော်က နေအရမ်းပူတော့လေ ရိန်းနဲ့ လမ်းလျှောက်ထွက်ရင် ပဲဖြစ်ဖြစ်၊ အပြင်သွားတာပဲ ဖြစ်ဖြစ် နေကာမျက်မှန်လေး တပ်ချင်လို့ပါ'

'ဘာ မင်းက နေကာမျက်မှန်တပ်ပြီး ခွေးကျောင်းမယ်ပေါ့၊ တယ်ဆိုတဲ့ကောင်ပဲပေ့ ဟေ့'

အဘက သူ့တောင်းဆိုမှုကို သဘောကျပြီး ခပ်ရွဲရွဲလေးပြောသည်။

'ကဲပါ မင်းလိုချင်တာ နေကာမျက်မှန်ဆိုတော့လည်း နေကာမျက်မှန်ပေါ့။ ဒီမှာ ကိုသားငယ်ရေ သူ လိုချင်တဲ့ နေကာမျက်မှန်လေး ဖန်တီးပေးလိုက်ပါဗျာ'

အဘက သူ့သားကို မှာကြားပြီး နောက် ခွေးကြီးရိန်းကိုခေါ်ကာ အိမ်ထဲသို့ ဝင်သွားသည်။ ကိုသားငယ်ဆိုသူက မလေးရှားကို သူ့ကားဘေးသို့ ခေါ်သွားသည်။

'ကဲ ဒီမှာဟေ့၊ မင်းလိုချင်တဲ့ နေကာမျက်မှန်၊ ရှိရှိသေသေကိုင်နော်၊ အဘက ပေးဆိုလို့သာ ပေးရတာ'

ကားထဲမှ နေကာမျက်မှန်ဘူးလေးထုတ်ပေးသည်။

'ဒါ ငါ ကားမောင်းရင်းတပ်ဖို့ နိုင်ငံခြားကနေ ကိုယ်တိုင်ဝယ်ထားတာ၊ ဈေးကြီးတယ် အကောင်းစား'

မလေးရှားက သူလက်ထဲက နေကာမျက်မှန်ဘူးလေးကို လှည့်ပတ်ကြည့်ရှုလိုက်သည်။ ဘူးထဲက နေကာမျက်မှန်လေးကို တယူတယ ထုတ်ကာ မျက်မှန်တွင် စွပ်လိုက်၏။ အိမ်ထဲသို့ပင် ပြန်မဝင်နိုင်။ ကားနောက်ကြည့်မှန်တွင်ပင် ကိုယ့်မျက်နှာကို ကိုယ်ပြန်ကြည့်သည်။

မျက်မှန်ကို ပြန်ချွတ်သည်။ ပြန်တပ်သည်။ မှန်ထဲတွင် ပြန်ကြည့်သည်။ ရင်တွေ တဒိုင်းဒိုင်းခုန်လာသည်။ မျက်မှန်။ နေကာမျက်မှန်။ ရွာတွင် ကြွေးကြော်ခဲ့သည့် အကောင်းစားနေကာမျက်မှန်။ မလေးရှားတွင် ပြဿနာပေါင်းများစွာ တက်ခဲ့သည့် နေကာမျက်မှန်။ အခုတော့ လွယ်လွယ်လေးပါလား။ ပိုင်ဆိုင်ခွင့်ရခဲ့ပြီ။ ကိုင်တွယ်ခွင့်ရခဲ့ပြီ။ ရွာကိုပြန်ရန် မျက်နှာပန်းလှခဲ့ပြီ။

❑

၅။

နေ့ပြည် တော် သို့ အကြောင်းတစ်ခုခုနှင့်များ ရောက်ခဲ့ပြီ ဆိုပါစို့။ နေ့ပုပူ မိုးရွာရွာ နေကာမျက်မှန်ကြီး တပ်ကာ သင်တို့မမြင်ဖူးသော ခွေးကြီးတစ်ကောင်နှင့် လမ်းလျှောက်ထွက်လာသူ တစ်ယောက်တွေ့ပြီ ဆိုပါစို့။ 'မလေးရှား' ဟု အော်ခေါ်ကြည့်ပါ။ အသိအမှတ်ပြုပြီးပြန္နတ်ဆက်လိမ့်မည်။ သို့သော် မျက်မှန်ကိုတော့ ချွတ်လိမ့်မည် မဟုတ်။ ■

ပြည်မှန်လွင်

www.burmeseclassic.com

www.burmeseclassic.com

Book Making
AMK creation

မယ်ကိုး

အရေးပေါ်အခန်းထဲမှာ

နီ အခ် ဒုနမ်း နဲ့ ဒုနမ်း ဟောတပ်တို့ဟာ ဘီဗီ ၂၄၀၀ ကျော်က ရွှေးဟောင်း အီဂျစ်နန်းတွင်း အဓွန်းတစ်းတွေကြိုစုံပြီး သမိုင်းမှာ ထေမဆုံးမှတ်တမ်းတင်(အကြင်းဖွား) ခံရတဲ့ လိင်တူချစ်သူခံတွဲကြီးဖြစ်ပြီး သူတို့ရဲ့ဂုဏ်အလောင်းကို အိမ်ထောင်သည်များကဲ့သို့ အုတ်ဂူတစ်ခု ထဲမှာ အတူတကွမြှုပ်နှံထားပါတယ်။

နီ အခ် ဒုနမ်းဟာ ဘဝမှူးတွဲတယ်လို့ အဓိပ္ပါယ်ရပြီး ဒုနမ်း ဟောတပ် က သောင်းရဲ့ ကောင်းကင်ဘုံမှာ ပေါင်းဆုံတယ်လို့ အဓိပ္ပါယ်သက်ရောက်ကာ နာမည်နှစ်ခုကို ပေါင်းစပ် ကြည့်မယ်ဆိုရင် ဘဝမှူးတွဲပြီး သောင်းမှာပေါင်းဆုံတယ်လို့ ဘာသာပြန်ဆိုနိုင်ပါတယ်။

ဖွာကြည်

www.burmeseclassic.com

www.burmeseclassic.com

ဆရာမသည် ထင်ရသည်။
လယ်ပြင်တောကိုဖြတ်၍ လေပြည်သည်
လျှောက်လာသည်။ ခြောက်သယောင်းထသော
ပါးလျသော မြင်ကွင်းကို
ကိုယ်နေဟန်သည် ဆန့်ကျင်ဘက်ပြုကာ
ရိုးပြတ်တောကို လတ်ဆတ်မွေးမြနေ၏။
ဝေဒိတ်တိုက်ခတ်သည့် သို့သော်ငြား
လေပြည်ကြားဝယ် ထိုလတ်ဆတ်မွေးမြခြင်းကို
ငှက်မွေးတစ်စလို ဆရာမ၏စိတ်တွင် ထူး၍
ခပင် တရွေ့ရွေ့ ယိမ်းထိုး သိမှတ်ခြင်း မရှိပေ။
လွင်ပါးတော့မည်ပမာ အဘယ့်ကြောင့်ဆိုသော်
ဒီလမ်းမှာ နှစ်များစွာ
ဖြတ်သန်းနေရသည့်
လမ်းခရီးမျှပင်။
ဆရာမ၏အမြင်တွင်
လယ်ပြင်တောသည်
ဆယ့်နှစ်လရာသီ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အသွင်တစ်မျိုးစီ ဆင်လျက် နေပေသည်။ စိမ်းမြမြ အဆင်း၊ ရွှေရောင်အသွင်၊ ဟော… ခု နောက်ဆုံးတော့ ခြောက်သယောင်းထသော သဏ္ဌာန်။ လယ်တို့ ခေတ္တနားပြီ။ အချို့လယ်ကွက်များတွင်ကား မြေမှုတစ်ထွာသာသာ ကျော်ထွက်ပေါက်ရောက်သည့် မြေပဲပင်တို့ မင်းမူလျက်။ ဒီတစ်နေရာတွင် ရိုးပြတ်၏ မွဲခြောက်ခြောက်အရောင်က စိုးမိုးသော်လည်း ဟောဟိုတစ်နေရာတွင်တော့ အစိမ်းက နေရာယူသေးသည်။

အချိန်ကား နံနက် ၈ နာရီကျော်စ။ သို့သော် နံနက်လင်းစပြုလျှင်ပင် နိုးထတတ်သော၊ လယ်ယာသို့ဝင်တတ်သော ရွာ၏ အလေ့အကိုင်းမြေပဲခင်းတို့၌ တလုပ်လုပ် တရွရွရှိသူတို့ကို အဝေးကပင် တွေ့နိုင်လေသည်။ လယ်ယာမြေအကြားက ဖြတ်လျှောက်သည့် ဆရာမပုံရိပ်ကို မြင်လျှင်ကား သူတို့သည် အဝေးမှပင် လှမ်းအော်နှုတ်ဆက် တတ်ကြသည်။ နားပါဦး ဆရာမကြီးဟု နှုတ်ဆက်လေ့ရှိကြသည်။ ဆရာမသည် ရယ်မောငြင်းဆန်ရင်း၊ လက်ပြရင်း ခြေလှမ်းဆက်ရတတ်သည်။ ကျောင်းချိန်နီးပြီလေ။

နံနက် ၇ နာရီ မထိုးခင် ကတည်းက မူရင်း နေထိုင်ရာရွာက ထွက်သည်မှာ ၈ နာရီကျော်တော့မှပင် ခရီး ဦးတည်သည့်ရွာကို ရေးရေးမြင်နိုင်မည်။ အနီးဆုံးသော ရေလမ်းခရီးဖြစ်သည့် ချောင်းကလေးနှင့် ရွာ၏ အကြားဌ၌ တပြန့်တပြော တည်ရှိသည့် လယ်ပြင်တော။ လယ်ပြင်

လယ်ယာမြေ အကြားက ဖြတ်လျှောက်သည့် ဆရာမပုံရိပ်ကို မြင်လျှင်ကား သူတို့သည် အဝေးမှပင် လှမ်းအော် နှုတ်ဆက် တတ်ကြသည် နားပါဦး ဆရာမကြီးဟု နှုတ်ဆက် လေ့ရှိကြသည်

တောကား ဆရာမ၏ ခြေရာကို အလွယ်တကူပင် မှတ်မိမည့်မြေ။

ငေးမိငေးရာ ငေးလျက် လျှောက်သည်မို့ ကနဦး ပေါ်က ခြေတစ်ချက် ချော်သည်။ လူက ယိုင်သည်။ အမေ့ ဟု ယောင်သည်။ သို့သော် ခဏချင်းပင် ကနဦး မြေ၌ ခြေနှစ်ဖက် ခိုင်ခိုင် ချနိုင်ပြန်သည်။ ထမ်းပိုးဖြင့် ထမ်းလာသော ခြင်းတောင်း တစ်လုံးနှင့် အိတ်တို့မှာ ရှေ့နောက် ယမ်းခါသည်ဖြစ်၍ ခဏမျှ ရပ်ကာ ငြိမ်အောင် ထိန်းရသည်။ နောက် ရှေ့သို့ ဆက်၍ ခြေလှမ်းရသည်။

ရှေ့တွင်တော့ ရွာကို မဝိုးတဝါး မြင်ရပြီ။ လူနေအိမ် ခြေ မများလှသော ရွာ။ သစ်ပင်စိမ်းစိမ်းအုပ်အုပ်နှင့် ကောက်ရိုးပုံ မို့မို့ဝန်းဝန်းတို့သည် လူနေအိမ် ကုပ်ကုပ်လေးများကို ဝန်းရံလျက်နေ၏။ အိမ်ကြီးအိမ်ကောင်း ရှားသည်။ မရှိဘူးတော့ မဟုတ်။ အများစုသည်ကား ကျေးလက်တို့တွင် တွေ့ရတတ်မည့် သာမန်အိမ်ငယ်များပင်။ ကချင်ရွာ၊ ရှမ်းရွာ စသည့် ရွာငယ်လေးများ၏ ဆိတ်ငြိမ်အေးချမ်းမှုမျိုး အဝေးကပင် မြင်၍ မှန်းဆနိုင်မည့် ရွာ။

ဒီရွာမှာ ဘယ်လောက်တောင် ကြာခဲ့ပါလိမ့်။ သမီးကြီး တစ်သက်နီးပါးပဲဟု ဆရာမ မကြာခဏတွေးသည်။ အပြောင်းအရွှေ့ လျှောက်ထားရမှာ အင်မတန်ဝန်လေးခဲ့သည်။ တစ်ယောက်ပြောင်း ရွှေ့လျှင် နောက်တစ်ယောက် ရောက်လာဖို့ရာ မည်မျှကြာမည်နည်း။ မည်သူမျှ မမှန်းဆနိုင်။ ရွာငယ်လေးများအဖို့ မူလတန်းကျောင်းတစ်ကျောင်း လုံး၌ ဆရာ သုံးယောက် လောက်ရှိသည်ဆိုလျှင် အော်များနေပြီ။ နှစ်ယောက်တည်းနှင့်ဝိုင်းကြဲရတာ ခပ်များများ။ ကလေးတို့၏ မျက်ဝန်းကလေးများသည် ဆရာမ ကျောခိုင်းမသွားနိုင်ရန် နောင်ငင်သောကြိုးစပမာပင်။

ကျောင်းတွင် စာသင်ခန်းတို့သည် တစ်တန်းနှင့် တစ်တန်း တိုးလျှိုပေါက်ဖြစ်ကာ ဆရာမတို့မှာ ဒီတစ်တန်းကို စာအရေးရိုင်းလျက် နောက်တစ်တန်း ပြေးသင်ရသည်။ တစ်တန်းနှင့် တစ်တန်း အသံပေါက်လျက်နေသည်။ ကလေးတို့သည် ဆရာမ အတန်းကူးသည်နှင့် လှုပ်လှုပ်ရွရွဖြစ်ကြသည်။ အချင်းချင်းစနောက်ကြသည်။ စကားသံတိုးတိုးမှ သည် မကျယ်တကျယ် ငြင်းခုံကြ၏။ သူငယ်တန်းကလေးတို့က ပြုန်းခနဲ ထငိုတတ်သေးသည်။ ဒီအသံများကို ထိုးဖောက်နိုင်ရန်မှာ ပါးစပ်ကို အစွမ်းကုန် ဖွင့်ဟလျက် လည်ချောင်းနာမတတ် စာပြရန်တည်း။ တစ်ဖက်အခန်း၌စာပြရင်း နောက်တစ်ခန်းကို လှမ်းထိန်းရတတ်သည်။ အာခြောက်လွန်းလျှင်ကား ရုံးခန်းသို့ပင် ခြေဦးမလှည့်နိုင်ဘဲ ကလေးများသောက်ရန် တည်ထားအပ်သော ရေအိုးစင်က ရေကိုသာ နာနာဖိသောက်ရလေသည်။

ဒီကျောင်းကလေးသို့ ပြီးခဲ့သည့်နှစ်က သမီး တစ်ကြိမ် လိုက်လာသည်။ ယခင်ကတော့ ကျောင်းဝိတ်ချိန်များတွင် အလည်လိုက်ဖူးပါသည်။ ထိုတစ်ကြိမ်ကတော့ ကျောင်းဖွင့်ချိန်၌ ပထမဆုံး ရောက်ဖူးခြင်း။

သမီးသည် ဆောင်းတွင်းတန်မဲ့နှင့် သူမိခင် ချွေးနှဲ့အောင် စာသင်ရသည်ကို ငေးနေခဲ့သည်။ ဆရာမကမူ သမီး လုပ်သူ ပြတင်းဝက ငေးနေသည်ကို လှည့်ပင် မကြည့်အား။ ဒီနေ့မှ ဆရာမလေး တစ်ယောက်က ခွင့်ယူသည်မို့ စာသင်ခန်း သုံးခန်း အပြိုင် သင်ရသည်။ တစ်တန်းသို့ အပြေးသွားရလျှင် ချွန်ခဲ့သည့် အတန်းက ဆူချင်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆော့ချင်သည်။ အော်ရုငေါက်ရသည်။ ချော့ရသည်။ နေ့လယ်ကျောင်းဆင်းချိန်တွင်ကား ထမင်းပင်ကောင်းစွာ မဝင်ပြီ။ ရေသောက်များခဲ့၍ပင်။

'အမေ စာသင်ရတာလည်း ပင်ပန်းလိုက်တာနော်၊ သမီးတောင် ကြည့်ရင်းနဲ့ မောတာပဲ၊ ပင်စင်လည်း မြန်မြန်ရမှပဲ'

အပြန်ခရီး၌ သမီးက ညာတာငြူစူလျှင် ဆရာမမှာ ပြီးသာနေရသည်။ ပင်စင်ယူရမည့်အချိန်အား တတ်နိုင်သမျှ ဆွဲဆန့်ထားလိုသည်ကို ဆုတ်မပြောရက်။ ကျောက်သင်ပုန်း၌ စာလုံးလေးများအား မြေဖြူနှင့် ရေးခြစ်နေရလျှင်၊ ကလေးတို့၏ စာအံသံကြားနေရလျှင် မည်မျှ နေချော်ကြောင်း သမီး နားလည်မည်မဟုတ်။ နွေကျောင်းပိတ်၍ ရက်ရှည်ခွဲ ရလျှင်ပင် နောက်တစ်ကြိမ် မိုးရာသီအစ၌ ထိုဆရာမ ရောက်မလာတော့မည်ကို အတိတ်ဓာတ်လမ်းများစွာအရ ကလေးတို့ နှိုးရှဲတတ်ပုံအား သိရလျှင်လည်း သမီး အံ့ဩရှာပေမည်။

'အမေ'

တွေးလက်စနှင့်မို့ ကျင်းချိုင့်ယဉ်ရှိသည်ကို မမြင်ပြန်။ ချိုင့်ထဲ ခြေတစ်ဖက် ချနင်းမိကာ ဟန်ချက်ပျက်သည်။ နောက်တစ်ကြိမ် ခြေအကြွတွင် ဘေးက ဆူးချုံကို တိုးမိသည်။ ခြေသလုံးအထိ တိုတာက်အောင် ဝတ်ထားရသော ထဘီနှင့် ကင်းလွတ်သည့်အသားမှာ ဆူးအရှခံရပြန်သည်။ သို့သော်လည်း ဒီလမ်းကို ဖြတ်သမျှ ကြုံနေကျ

ဆရာမမှာကား စက်ဘီးမျှသာ ပိုင်ဆိုင်လေသည် စက်ဘီးအိုကို တချောက်ချောက် နင်းကာ ရွာစဉ်တန်းကို ဖြတ်ရသည် နင်းမရသည့် နေရာတွင် ဆင်းလျှောက်ရတော့သည် လမ်းကား လမ်းကြမ်း

မို့ မျက်နှာပင် မပျက်ပြီ။

ဆရာမသည် ထမ်းပိုးကို ဘယ်ပခုံးမှ ညာပခုံးသို့ ပြောင်းထမ်းလျက် ဆက်လျှောက်လာသည်။ ချွေးလည်း စိုပြီ။ မောသည်ဟုတော့ မဆိုသာ။ အလေ့အကျင့်က စကားပြောပေသည်။ စင်စစ် နေရပ်ဖြစ်သည့်ရွာနှင့် စာသင်ကျောင်းရှိရာ ရွာတို့အကြား ဘယ်နှမိုင်ဝေးကွာမည်ပင် မမှန်းဆတတ်။ ရွာ သုံးရွာမျှ ဖြတ်ကျော်ရသည်။ ချောင်းတစ်ကြိမ် ဖြတ်ရသည်။ တံတား သုံး၊ လေးခု ဖြတ်လာရသည်။ နောက်ဆုံးတော့ ဒီလယ်ပြင်တော။

မိုးရာသီဆိုလျှင် လယ်ပြင်တောလမ်းသည် စွတ်စိုဗွက်ထခဲ့ပြီ။ ရွံများအကြားက ရုန်းကာ ကျောင်းသွားရသည်။ တစ်ခုတော့ ဝမ်းသာစရာရှိသည်မှာ ရေများချိန်ဖြစ်၍ စက်လှေကြုံရှိသည်မို့ ချောင်းကမ်းထိပ် လယ်ပြင်တောအစသို့ တိုက်ရိုက် ရောက်နိုင်သည်။ ရေနည်းချိန်၊ ခြောက်သွေ့ချိန်ဆိုလျှင်တော့ စက်လှေပင် မဖြတ်နိုင်တော့။ ရွာငယ်လေးများသည် မြို့သို့ သွားရန် ဆိုင်ကယ်ပင် သုံးရတော့သည်။

ဆရာမမှာကား စက်ဘီးမျှသာ ပိုင်ဆိုင်လေသည်။ စက်ဘီးအိုကို တချောက်ချောက် နင်းကာ ရွာစဉ်တန်းကို ဖြတ်ရသည်။ နင်းမရသည့် နေရာတွင် ဆင်းလျှောက်ရတော့သည်။ လမ်းကား လမ်းကြမ်း။ ချောင်းဖြတ်ရမည့် တံတားထိပ်က ရွာတွင် အသိအိမ်၌ စက်ဘီး အပ်ရသည်။ တံတားကို ဖြတ်ပြီးနောက် လယ်ပြင်တောကို ခြေလျင်ဖြတ်ရတတ်သည်။ ထို့နောက်တော့ ပုံမှန် နံနက်ခင်းများ။ တွေးတွေးငေးငေးနှင့် လျှောက်ရတော့လည်း ရွာက အနီးကလေးဟုပင် ထင်ရတတ်သည်။ သို့သော် သမီးကတော့ မိခင်ကို သနားမဆုံးဘူး ဆိုပါလား။

'အမေ ပစ္စည်းအလေးကြီးတွေ ထမ်းမနေနဲ့ဦးနော်။ စက်ဘီးကိုလည်း ဖြစ်နိုင်ရင် မစီးနဲ့၊ ဟိုတစ်ခါလို စက်ဘီးလဲပြီး ခြေထောက်နာမှာ၊ အိပ်ရာထဲ လဲနေမှာစိုးလို့။ အင်းလေ ပြောသာပြောရတာ စက်လှေကလည်း အမြဲရှိတာမဟုတ်၊ လမ်းလျှောက်ရင်လည်း အဝေးကြီးပဲ'

'အခု လမ်းပဲ လျှောက်တော့တယ်ကော သမီးရဲ့၊ တနလံာနေ့ မနက် ရွာကထွက်ပြီး သောကြာနေ့ ကျောင်းပိတ်မှ ပြန်တာပ၊ ဟိုမှာ လေးညလုံး အိပ်တာပဲ၊ စိတ်မပူနဲ့'

'လမ်းလျှောက်ရတော့ကော နည်းတဲ့ခရီးလား'

'လျှောက် နေကျပဲ သမီး၊ သမီးတို့ငယ်ကတည်းကပဲ ကျောင်းသွားတိုင်း လျှောက်လာတာ၊ အမေ့ခြေထောက်က ညောင်းပဲ မညောင်းတတ်တော့ဘူး။ စိတ်ပူမနေနဲ့နော့၊ ကိုယ့်ဘာသာ အဆင်ပြေအောင်နေ'

'မိုးရွာထားရင် စက်ဘီး လုံးဝ မစီးနဲ့နော်၊ လမ်းချောရင် ပစ်လဲမှာ၊ လမ်းတွေကလည်း ကောင်းတာမဟုတ်ဘူး၊ ကျင်းတွေ ချိုင့်တွေနဲ့'

မိုင်ပေါင်း ရာနှင့်ချီ၍ ဝေးကွာသော မြို့ကြီး၌ ကျင်လည်နေလေသည့် သမီး၏ ပူပန်ရိပ်လေသံ။ ဖုန်းပြောရလေတိုင်း ကြားရတတ်သည့် စကားသံများကို စိတ်ကူးနှင့် ကြားယောင်မိတော့ ဆရာမ ပြုံးချင်သည်။ ပစ္စည်းအလေးကြီးတွေဟု သမီး မကြာခဏ ပြောတတ်သည်ကို နား၌ စွဲနေ၏။ သမီးစိတ်တွင် ဒီစကားစုက အနာတစ်ခုသဖွယ် ကာလရှည်ကြာ အမြစ်တွယ်လေသလား။

အမှန်တော့ သမီးပြောတတ်သည့် ပစ္စည်း အလေးအပင်များ မထမ်းတော့တာ

www.burmeseclassic.com

ကြာပဲကြာခဲ့ပြီ။ သမီးကျောင်းပြီးကတည်းကပေါ့။ အရင့်အရင်ကတော့ ဒီလို ဘယ်ဟုတ်ပါ့မလဲ။ အင်းအိုင်ရှိသည့် ဆရာမတို့ရွာတွင် ငါး၊ ငါးပိပေါသော်ငြား ကုန်းခေါင်ခေါင်ဟင်းလည်ပိုင်းသည့် ဟောဒီ စာသင်ရာ ရွာမှာတော့ ငါး၊ ငါးပိဆိုတာ အင်မတန်အဖိုးတန်၏။ ပထမတော့ မိတ်ဆွေတို့က အမှာပါးလျှင် သယ်ပေးရာကစပြီး တစ်စတစ်စနှင့် ဈေးသည်သဖွယ်ပင် ဖြစ်လာရသည်။

ထိုစဉ်က တစ်လမှ ထောင်ဂဏန်းမျှသာရသည့် ကျောင်းဆရာလစာ ဆိုတာသည် ပညာတော်၌ တက္ကသိုလ်ပို့ရသော သမီး၏ ကျောင်းစရိတ်အတွက် အသက်ရှူကျပ်ချင်စရာတည်း။ ခင်ပွန်းသည် ကလည်း ကျောင်းဆရာပင်မို့ အပြိုင် တက်ကုန်ဖွင့်ကာ လော်ရသည်။

နေရပ် ရွာတွင်ပင် တာဝန်ကျသော ခင်ပွန်းသည်က နံနက်စောစောထ၍ အင်းသို့ ကိုယ်တိုင်သွားသည်။ ငါးဖောက်သည်ယူသည်။ ဆရာမ သယ်သွားနိုင်ရန် ပြင်ပေးသည်။ သူတို့သည် မြေဖြူကိုင်ရသူများဖြစ်သော်ငြား ငါး၊ ငါးပိတို့နှင့် ယဉ်ပါးရသည်။ ဟင်းသီးဟင်းရွက်လည်း ရတတ်သမျှ သယ်ရသည်။ ရွာစဉ်တန်းတစ်လျှောက် ဆရာမဖြတ်လျှင် ဘာပါသလဲဆိုသော စကားသံတို့သည် ရှေ့နောက် ဝဲယာမှ ပျံလွှင့်လာတတ်ပေသည်။

ခုတော့လည်း…။ ရှေ့နောက် အလေးချိန်ညီညီ ထမ်းပိုးလာသော အိတ်နှင့်

ဒီတစ်နေ့ရေယ်မှ မဟုတ် တပည့်ဟောင်းများကို လယ်မြေယာမြေထဲ ကျွဲနွားနှင့် အပြိုင်ရုန်းလျက် မြင်ရလျှင် ရင်၌ စူးချွန်နှင့် ဆွတ်သကဲ့သို့ ရှုနာမြဲပင် ကံတရားသည်ပင် ကလေးများအတွက် သည်သို့ ဖန်လေသလား

ခြင်းထဲတွင် ဆရာမ၏ အဝတ်အထည်အချို့၊ စားသောက်စရာ အသီးအရွက် အချို့သာ ပါတော့သည်။ သုံး၊ လေးနှစ်မျှ အလေးအပင် ထမ်းလာသည်မှာ ပခုံးသားအသားမာပင် ထ၏။ အလေးအပင် အထမ်းဖြတ်စက လူပင် ယောင်ချာချာ ဖြစ်ရသည်။ ခြေလှမ်းပင် မမှန်ချင်။ ဆရာမသည် ကိုယ့်အတွေးကိုယ် သဘောကျကာ ပြုံးလိုက်မိလေသည်။

'ဆရာမ မောနေပြီလားဗျ'

ဘေးဘီက နှုတ်ဆက်သံကြောင့် ခေါင်းကို ငဲ့တော့ မြေပဲခင်းကြားထဲက မတ်မတ်ရပ်နေသူမှာ ဖိုးဇော်ပါလား။ နံနက်ခင်း နေရောင်အောက်တွင် တပည့်ဟောင်း၏ နှုတ်ဆက်အပြုံးကား တောက်တောက်ကြွားကြွား။ နုနယ်သေးသော မျက်နှာသွင်ပြင်သည် ပုဆိုးခပ်တိုတိုဝတ်ကာ ပုဆိုးဟောင်းတစ်ထည်ကိုပင် ခေါင်းပေါင်းထားခြင်းကြောင့် လူကြီးရင့်မာတစ်ယောက်အသွင်။

'အေး မမော်ပါဘူး ဖိုးဇော်ရေ့၊ လျှောက်ရင်း လျှောက်ရင်း ရောက်သွားမှာပ'

'တဲ့မှာ နားပါဦးမလား ဆရာမ'

'မနားတော့ ပါဘူးအေး၊ ကျောင်းချိန်မီအောင် လျှောက်ရဦးမှာနဲ့'

'ကျွန်တော်လည်း ဆရာမတို့အိမ်ဘက်တောင် မရောက်တာ ကြာပြီနော့။ စပါးသိမ်းတဲ့တစ်လျှောက်ဟာ ကျွန်တော်တို့လယ်ရော သိမ်းရ၊ အဘွားတို့လယ်လည်း သွားကူနေရတာပ'

'ဒီနှစ် စပါးအထွက် ကောင်းတယ် မဟုတ်လားအေး'

'အဆိုးကြီးတော့ မဟုတ်ဘူး ဆရာမ၊ ဈေးတော့ ဘယ်အများကြီးရမလဲ၊ မနှစ်က ဈေးပ၊ ဝမ်းစာတောင် မနည်းချွန်မှ အရင်းရတာ။ အကြွေးပူတော့ ဈေးအတက်မစောင့်နိုင်ဘဲ ရောင်းရတာပဲ၊ လယ်သမား လုပ်သမျှဟာ ကုန်သည်တွေ စားဖို့ပ ဆရာမရေ'

'နောက်နှစ် ရမှာပအေး၊ ငါ့တပည့်လယ်က နောက်နှစ် စပါးအထွက် ကောင်းပါစေကွယ်'

'စပါးဈေးကတော့ ဝိုက်ဆဲချေးရဦးမှာပဲ ဆရာမရေ…'။ ဖိုးဇော်၏ အရယ်နှင့် ရောသော စကားသံသည် နောက်ကျောတွင် ပျံလွှင့်ကျန်ရစ်ခဲ့သည်။

ခြေတံရှည်ရှည် လယ်စောင့်တဲသည် ပဲခင်း စိမ်းမြမြအကြား ထီးတည်းရပ်လျက်။ မလှမ်းမကမ်းတွင်ကား ပေါင်းရှင်းလျက် တွေ့ရသည့် ဖိုးဇော်၏ မိခင်၊ လယ်ယာမြေများကို မျက်စိတစ်ဆုံး ငေးမောလျှင်တော့ လူရိပ်လူယောင်များ ဟိုနား ဒီနား မြင်နေရပြီ။ ကိုယ်စီ အလုပ်များနေဟန်။ နေလုံးကများစွာ မမြင့်သေး။ သူတို့၏ လုပ်ငန်းခွင်ကား အစပြုနှင့်ဖြီ။ ဆရာမ၏ တပည့်ဟောင်းများစွာ။

ဆရာမသည် ကန်သင်းမြေသားပေါ်တွင် ဆက်လျှောက်လာသည်။ လေပြည်အေးအေးက တိုးဝှေ့သည်ဖြစ်၍ နဖူးဆံစပ်သည်ပင် ချွေးနှင့် အေးအေးမြမြ။ ခန္ဓာက အေးသော်ငြား စိတ်ကမူ ဖြစ်နေကျလိုပင် ဝမ်းနည်းပူပင်စပြုသည်။ ကျောခိုင်းချန်ရစ်ခဲ့ပြီဖြစ်သော ပဲခင်း စိမ်းမြမြဘက် ယောင်ယမ်း၍ပင် လှည့်ကြည့်မိတော့မည်။ ဒီတစ်နေ့ရယ်မှ မဟုတ်၊ တပည့်ဟောင်းများကို လယ်မြေယာမြေထဲ ကျွဲနွားနှင့် အပြိုင် ရုန်းလျက် မြင်ရလျှင် ရင်၌ စူးချွန်နှင့် ဆွတ်သကဲ့သို့ ရှုနာမြဲပင်။ ကံတရားသည်ပင် ကလေးများအတွက်

www.burmeseclassic.com

www.burmeseclassic.com

သည်သို့ ဖန်လေသလား။

ဆရာမ၏ အတန်းတွင် ကျောင်းသားရှိစဉ်က တစ်နေ့ကို သတိရသည်။ ထိုစဉ်က သတ်စာမေးပွဲ စစ်ပြီး၍ အတန်းထဲတွင် ပွတ်ကာသီ အောင်သူ ခပ်များများ၊ ကျသူလည်း ခပ်များများ။ ဦးသော် သူက တစ်မူထူးသည်မှာ ရုပ်တသူညနှင့် တစ်ဘာသာကျနေခြင်းပင်။

သို့နှင့်ပင် သီးခြားခေါ်ယူ မေးမြန်းရသည်။ အခက်အခဲ ဘာရှိသနည်း ဆွေးနွေးရသည်။ ပညာ၏ အရေးကြီးပုံကို ပြောပြရသည်။ ကြိုးစားပါမည့်အကြောင်း နားဝင်းရသည်။ ဖိုးဇော်က ခပ်ပြုံးပြုံးပြင်။

'ပညာတတ်ကြီး ဖြစ်အောင် ကြိုးစားရမယ်နော် ဖိုးဇော်၊ ပညာတတ် ဘွဲ့ရဖြစ်ရင် မိဘကိုလည်း တစ်ဖက်တစ်လမ်းက ကူနိုင်မယ်၊ အဲဒီလို မကူချင်ဘူးလား'

'ဆရာမကလည်း ကျွန်တော် အခုလည်း လယ်ထဲမှာ ကူရသားပဲ၊ အမေကပြောတယ်၊ ကျွန်တော် ကျောင်းမနေတော့ရင် ပိုဆောင် ကူနိုင်ဦးမယ်တဲ့'

'သြော် ဒီကလေးဟာ၊ ပညာတတ်ရင် ပိုပြီး ကူနိုင်တာပေါ့၊ မင်းလည်း အလုပ်ပင်ပင်ပန်းပန်း လုပ်စရာ ဘယ်လိုပါ့မလဲ။ မင်းမိဘတွေ အခုလောက် မပင်ပန်းတော့ဘူးပေါ့၊ မဟုတ်ဘူးလားအေး'

'ကျွန်တော် နွားကျောင်းတတ်တယ် ဆရာမ၊ နွားကျောင်းရတာ မပင်ပန်းဘူးဘဲ၊ အမေက သူများနွားတောင် အငှား ကျောင်းခိုင်းဦးမလို့တဲ့၊ နောက်နှစ်ဆို ကျွန်တော် အောင်လည်း ကျောင်းထွက်ရမှာပဲ ဆရာမ၊ ညီလေး သူငယ်တန်း နေမှာ'

ဆရာမသည် သက်ပြင်းသာ တွင်တွင်ရှိက်ရသည်။ နှုတ်ကမူ မလျှော့။ စာကြိုးစားလိုစိတ်ဝင်အောင် ပုံပမာပြရသည်။ တပည့်က ကြိုးစားမည်ဟု ခေါင်းညိတ်ရှာသည်။ အမှန်လည်း ကြိုးစားလာ၏။ ထိုနှစ်က သုံးတန်းတော့ အောင်သည်။ သို့သော် သူ ပြောခဲ့သည့်အတိုင်းပင် ကျောင်းထွက်ရသည်။ ဆရာမများအိမ်ရှေ့က ဖိုးဇော် နွားတစ်အုပ်နှင့် ဖြတ်တိုင်း မြင်ကွင်းကို မကြည့်မိအောင် အကြည့်လွဲရမြဲ။ ဖိုးဇော် ကလည်း စားပြိုးပြိုလား ဆရာမစသည်ဖြင့် နှုတ်ဆက်တတ်မြဲ။ ဟော... အချိန်တန်တော့လည်း လယ်သမားရင့်မာကြီးအသွင်နှင့် လယ်ထဲဆင်းသည့် လူငယ်လေးဖြစ်လာပြီ။

ဒီလယ်ယာမြေတစ်ကြော ဖြန့်ကြည့်မည်ဆိုလျှင် ဖိုးဇော်လိုပင် ဆရာမ၏ ရင်မှဖြစ်သော တပည့်ငယ်တို့ကို လယ်ယာလုပ်သားများအသွင် တွေ့ရလေမည်။ တပည့်ငယ်တို့သည် လယ်သမား၊ ယာသမားတို့၏ သားသမီးငယ်များပီပီ ကျောင်းနေကြစဉ်က ကျောင်းတစ်ဖက်နှင့် အိမ်အလုပ်ကူရသည်။ ထမင်းဟင်းချက်၊ ကလေးထိန်း၊ ကျွဲ၊ နွား ကျောင်း စသည်ဖြင့် ယဉ်ပါးရသည်။ အတန်းကြီး ကလေးများက ကျောင်းပိတ်ရက်၌ လယ်ထဲလိုက်ကြသည်။

များစွာသော ကလေးတို့သည် မူလတန်းမျှနှင့်ပင် ပညာရေးပြီးဆုံးကြကုန်သည်။ သုံးတန်းအောင်၊ လေးတန်းအောင်ရုံနှင့် ကျောင်းပြီးကြသည်။ တချို့တလေကတော့ ခြေလျင်လျှောက်လျှင် တစ်နာရီမျှကြာသည့် ရွာကြီးက အလယ်တန်းကျောင်းသို့ ဆက်တက်ကြသည်။

ကျောင်းဖွင့်ရက် နံနက်ခင်းများ၌ ကျောင်းကြီးတက်သွားမည့် တပည့်ဟောင်းတို့ကို ပီတိနှင့် ငေးခဲ့ရသည်။ သို့သော်လည်း ထိုပီတိသည် ကြာရှည်မခံ။ ခုနစ်တန်း၊ ရှစ်တန်းနှင့်ပင် စာသင်ခန်းကို ကျောခိုင်းကြရာတော့ ဆရာမမှာ သက်ပြင်းချရုံပင်။ အနှစ်နှစ်ဆယ်ကျော် သုံးဆယ်နီးပါးအတွင်း ဒီရွာက ကလေးဘယ်နယောက် ဘွဲ့ရပညာတတ် ဖြစ်ခဲ့ပါလိမ့်။ ပြေး၍ပင် ရေစရာ မလို။ သုံးယောက်တိတိပါပဲ။

နှစ်ကာလရှည်ကြာ အာခေါင်ကွဲမတတ် ပညာသင်ပေးရသည်မှာ ကလေးတို့ အရွယ်ရောက်လျှင် လယ်ထဲ ဆင်းကြဖို့လား။ မိဘများက ပညာသင်ပေးလိုပါလျက်၊ ကလေးများကလည်း ကျောင်းနေပျော်ပါလျက် တစ်စုံတစ်ရာက ကလေးတို့ကို ကျောင်းနှင့်အဝေးသို့ ပို့လေသလား။ လယ်ပြင်စိမ်းမြတို့သည်သာ လယ်သမား သားသမီးတို့၏ ခရီးဆုံး ပန်းတိုင်ဖြစ်လေသလား။ ကျောင်းကလေး၏ စာသင်ခန်းအတွင်း ရှိလေတိုင်း၊ အပြစ်ကင်းမဲ့သော မျက်လုံးလေးများစွာကို ငေးမိလေတိုင်း ဆရာမ ဝမ်းပန်းတနည်း တွေးမိတတ်သည်။ ကလေးတို့ကမူ အပူကင်းစွာ ရယ်မော မြူးပျနိုင်ဆဲ။

မြေကျင်းချိုင့်တို့ကို မကြာမကြာ ရှောင်ရှဉ်ပင်လား။ ဆရာမသည် မဆို စလောက် ပန်းလျလာ၏။ အထမ်းကို ပခုံးပြောင်းပြန်သည်။ ရှေ့တွင် တစ်စတစ်စ နီးကပ်လာပြီဖြစ်သော ရွာ၏ ရိပ်ပုံကတော့ အမောပြေစရာ။

ရိုးပြတ်ရန်သည် အနီးမှ ဖြတ်သွား၏။ ဆရာမ သတိထား၍ပင် မရူးရွှိက်ဖြစ်။ နေခြည်သည် ခြောက်သွေ့သော အဆင်းနှင့် စိမ်းမြမြအသွေးတို့ ရောယှက်သော လယ်ပြင်တောင်၌ ပန်းချီဆန်ဆန် မင်းမူဖြာကျသော်လည်း ဆရာမ အမှတ်မထားဖြစ်။ အိမ်ကုပ်ကုပ်လေးများနှင့် နီးလာလေလေ ခြေလှမ်းကား ခိုင်မာလေလေ။

ဖုန်ထသော ရွာလမ်းကို ဖြတ်သည်။ ဒါသည် ကျောင်းလမ်း မဟုတ်။ ကျောင်းသို့ သွားရာလမ်းကတော့ အိမ်တန်းများ၏ တစ်ဖက်မှာ။ ဆရာမ၏ ဦးတည်ရာသည် ဆရာမများနေအိမ်။ လက်ရှိတွင်တော့ ဆရာမတစ်ဦးတည်းသာ နေထိုင်သည့် အိမ်ကလေး။ အတူနေသူ၊ ခုတော့ ပြောင်းရွှေ့သွားသူ ဆရာမငယ်အစား နောက်ထပ် ဆရာမတစ်ဦး ရောက်မလာသေး။ မည်သည့်အချိန်တွင် ရောက်လာမည် မသိနိုင်သေး။ ထို ဆရာမလေး

www.burmeseclassic.com

ပြောင်းရွှေ့စဉ်က ကလေးအချို့ ငိုကြသည်။ ဆရာမလေးသည် မျက်ရည်ကျရှာသည်။ ဆရာမသည် ကလေးတို့နှင့် ဆရာမလေးကို အိမ်ထောင်တစ်နေရာက ငေးလျက် မျက်ရည်ဝဲနေခဲ့ဖူးသည်။

ဆရာမသည် သက်ပြင်းတစ်ချက်ချရင်း ဝေလည်သမျှ အတွေးတို့ကို ဖျောက်ရသည်။ အိမ်သို့ အသွား လမ်းတွင် ဆုံသူများက နှုတ်ဆက်၍ အပြုံးအရယ် အပြန်အလှန် စကားဆိုရသည်။ တစ်နှစ်သာသာ ရင်သွေးငယ်ကို ကျောပိုးကာ လယ်ထဲသို့ ထမင်းပို့နှုန် ပြင်သူမှာကား သူငယ်တန်း၊ တတိယတန်း၊ စတုတ္ထတန်း တို့တွင် စာသင်ပေးလိုက်ရသူ နီနီ။ စကားများစွာ ပြောတတ်၊ မေးတတ်သောအကျင့် မပျောက်သေး။ အချိန်ခဏမျှပေးကာ ရပ်စကား ပြောရသည်။ သူ နှုတ်ဆက်၍ ခြေလှမ်းစသော် ဆရာမမှာ အတွေးနှင့် ဝေ့ရပြန်သည်။

နုနယ်သော နီနီလေးကို မြင်ယောင်သည်။ စာတော်ထက်သူ။ ဘွဲ့ရရင် ဆရာမလို ဆရာမကြီးလုပ်မယ်ဆိုတော့ သဘောတကျ ရယ်မောလိုက်ရတာ။ လေးတန်းအောင်တော့ ကျောင်းကြီးဆက်တက်လျှင် ဆရာမစိတ်၌ အားတက်ရွှင်မြူးရသည်။ သို့သော် ကံကြမ္မာသည် ဆရာမအား ကြာရှည်ဝမ်းသာခွင့် မပေး။ နီနီ့အိပ်မက်ကား အရောင်မှိန်လေပြီ။

'အမေ့ ကျန်းမာရေး မကောင်းဘူးကော ဆရာမရဲ့၊ ကျွန်မ အခု ရှစ်တန်းကို အောင်လည်းပဲ လယ်ထဲဆင်းရတော့မှာ၊ ဖြေလည်း မထူးဘူး၊ မဖြေတော့ဘူး ဆရာမရယ်'

ထိုတစ်ညနေက နီနီ ငိုသည်။ ဆရာမများအိမ်ကလေး၌ ရင်မှလာသော ရွိုက်သံက အချိန်အတန်ကြာတအိအိ ပျံ့လွင့်နေခဲ့သည်။ နီနီ့ကို အားပေးခဲ့သော ဆရာမသည် ထိုတစ်ညက အိပ်ရာထဲ တစ်ယောက်တည်း မျက်ရည်ကျရတော့သည်။ ဘာကြောင့်များ ခဏခဏ ရင်ကွဲရပါသနည်း။ ဒဏ်ရာတို့ အထပ်ထပ် ကျလေသော် နောက်ထပ် အနာရလျှင်ပင် မငိုညည်းနိုင်တော့ဟု ထင်ခဲ့သည်။

သို့သော်လည်း နောက်ထပ် နီနီများစွာ ကြုံရလျှင် ဝမ်းနည်းနာကျင်ရဆဲ။ ဆုံးပဲ မဆုံးနိုင်တော့ဘူးလား။ ဘဝတွင် တစ်ကြိမ်ပါပဲဟု မှတ်သားရလောက်အောင် ဝမ်းသာရသည်မှာ တပည့်မလေး ဘွဲ့ရပြီးနောက် ကျောင်း၌ အလုပ်ဝင်လာချိန်ဖြစ်၏။

ဆရာမသည် ခြံတံခါးကို ဖွင့်လိုက်သည်။ ဆရာမကို မြင်သည်နှင့် လယ်ထဲဆင်းသူတို့ ဆင်းပြီဖြစ်၍ အိမ်စောင့်ကျန်ရစ်သော တစ်ဖက်အိမ်မှ အတွားအိုက နှုတ်ဆက်သည်။ ဆရာမသည် ရွာခံမိဘတို့အတွက် ဒီရွာတွင် မွေးဖွားကြီးပြင်းသူပမာ။ တပည့်ဟောင်းများအတွက်လည်း ခုအချိန်အထိ ချစ်ခင် လေးစားရသူ။ လယ်ထဲ ယာထဲ အလုပ် ကျုံးလုပ်နေရင်းက ဖြတ်သွားသည့် ဆရာမအရိပ် မြင်လျှင် သူတို့သည် ခါးဆန့်လျက် နှုတ်ဆက်လိုက်ရမှ နေသာထိုင်သာ ရှိကြသည်။ ပညာသင်ခွင့်ရသမျှ ကလေးဘဝ နှစ်အနည်းငယ်အတွင်း သူတို့အပေါ် ဆရာမ ထားအပ်သော စေတနာကို သိမှတ်ခဲ့ကြလေသည်။

နောက်ထပ် ဆယ်မိနစ်မျှကြာလျှင် ဆရာမသည် အဖြူ အစိမ်းဝတ်စုံကို ဆင်မြန်းကာ အိမ်တံခါးကို ပိတ်ကာ စာသင်ကျောင်းသို့ ဦးတည်သည်။ ဖိုးဇော်သည် စိမ်းမြသော ယာခင်းထဲ နှစ်မြုပ်လျက်နေသည်။ နီနီသည် တအိအိပြုချင်သော ကလေးကို ချော့မော့ရင်း ထမင်းတောင်းကို လက်တစ်ဖက်က ဆွဲရင်း ဆရာမ နင်းလျှောက်ခဲ့သော လယ်ကန်သင်းပေါ်တွင် တရွေ့ရွေ့ လျှောက်နေသည်။

မြေ၌ စိုက်ဝပ်နေသော စာသင်ကျောင်းသည်ကား မိနစ် အနည်းငယ်အတွင်းမှာပင် ကလေးတို့၏ စာအံသံနှင့် စီညံလာ၏။ ဆရာမ၏ စာသင်သံ၊ စာသင်ခန်း တစ်ခန်းနှင့် တစ်ခန်းကူးဟန်၊ ကလေးတို့၏ ရယ်မောသံ၊ ငြင်းခုံသံ၊ စကားသံများ။

ဇလပြည် သည် ကျောင်းကလေးကို ဝေ့ဝဲတိုက်ခတ်သည်။ ရိုးပြတ်တောကိုဖြတ်သည်။ ကျောင်းအနောက်ဘက် အစိမ်းစိုစိုပဲခင်းအလယ်တွင်ကား ရှစ်နှစ်အရွယ်ကလေးငယ်တစ်ဦးသည် လေပြည်သယ်ဆောင်လာသည့် စာအံသံတို့ကို အမှတ်မထင် နားစိုက်နေလေသည်။ ■

စံပယ်ဖြူနု

အယ်ဒီတာအဖွဲ့

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

Book Making
AMK
creation



ညီလင်းသစ်၊ အိမ့်ချမ်းမြေ၊ သတိုး၊ မြသွေးနီ၊ ကိုဇော်၊ မယ့်ကိုး၊
ရေခဲငှက်၊ ချော(အစိမ်းရောင်လွင်ပြင်)၊ သက်တန့်ချို၊ သက်ဝေ၊
ကိုလင်းညို၊ ချစ်ကြည်အေး၊ မောင်မျိုး၊ နှင်း(မာယာ)၊ ကိုကိုးအိမ်(မန္တလေး)၊
ရွှေအိမ်စည်မေ၊ နွေလ၊ ဂျွန်မိုး၊ မြတ်ပန်းနွယ်၊ လင်းစက်နွယ်၊ အိန်ဂျယ်လှိုင်

မြန်မာတစ်ပြည်လုံးဖြန့်ချိရေး -
မြန်မာ့ခေတ်
အမှတ်(၁၇)၊ ဦးဝိဇ္ဇာလမ်း၊ (၇) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း - ၀၁-၃၉၂၇၂၅၊ ၀၉ ၄၂၂ ၄၉၃၀၉၀

ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

ဘာသာစကားမှာ အမြွာမရှိပါ

ကျွန်တော်တို့ လူသားများသည် နေ့စဉ်နှင့်အမျှ 'စကားသမုဒ္ဒရာ'ထဲမှာ ကူးခပ်နေရသည်ဟု ဘာသာစကား ပညာရှင်များက တင်စားပြောလေ့ရှိသည်။ စဉ်းစားကြည့်တော့ ထိုတင်စားချက်ကို အလေးအနက် သဘောပေါက်လာသည်။ စဉ်းစားကြည့်ပါ။ ဘယ်နိုင်ငံက ဘယ်လူမျိုးဖြစ်စေ လူသားမှန်သမျှ မနက်မိုးလင်း၍ မျက်စိနှစ်လုံးဖွင့်ပြီး အိပ်ရာထသည့်အချိန်မှ ညမိုးချုပ်၍ မျက်စိနှစ်လုံးပိတ်ပြီး အိပ်သည့်အချိန်အထိ ကိုယ်က သူများကို စကားတွေ ပြောလိုက်ကြ၊ သူများပြောသည့် စကားတွေကို ကိုယ်က နားထောင်လိုက်ကြနှင့် တစ်ချိန်လုံး စကားသမုဒ္ဒရာထဲမှာ လက်ပစ်ကူးနေရသည် မဟုတ်ပါလား။ ထိုမျှမကသေးပါ။ အိပ်မက်ထဲအထိ စကားတွေပြောသည့်အလုပ်၊ နားထောင်သည့်အလုပ်ကို ဆက်လုပ်ကြသေးသည်။ သည်တော့ ကျွန်တော်တို့ ၂၄ နာရီစလုံး စကားသမုဒ္ဒရာထဲမှာ ကူးခပ်နေသည်ဆိုသော တင်စားချက်သည် ဘယ်လောက် လေးနက်မှန်ကန်ကြောင်း သိနိုင်ပါသည်။

လူတိုင်း စကားပြောကြသော်လည်း ဘာသာစကား တစ်မျိုးတည်းကို ပြောသည်တော့ မဟုတ်ပါ။ နေရာဒေသအလိုက်၊ လူမျိုးအလိုက် ပြောသော ဘာသာစကားတွေ အမျိုးမျိုးရှိကြောင်း အများသိပါသည်။ ကမ္ဘာပေါ်မှာ ဘာသာစကားအမျိုးပေါင်း ဘယ်လောက်ရှိပါသလဲ။ ဘာသာစကား အရေအတွက်နှင့် ပတ်သက်၍ အမျိုးမျိုး ဆိုကြသည်။ ကမ္ဘာပေါ်မှာ ဘာသာစကားပေါင်း ၅၀၀၀ ထက်မနည်း ရှိသည်ဟု အများအားဖြင့် ဆိုကြသည်။ နေရာဒေသအလိုက် အသွင်ကွဲသော ဒေသိယစကား (Dialect) များကို ပါထည့်စဉ်းစားလျှင် ဘာသာစကားပေါင်း ၇၀၀၀ ထက်မနည်း ရှိသည်ဟုလည်း ဆိုကြသည်။ ဖော်ပြခဲ့သော တင်စားချက်အရ ဘာသာစကားတစ်ခုသည်ပင် သမုဒ္ဒရာတစ်စင်းမျှ ကျယ်ဝန်းသည်ဆိုလျှင် ဘာသာစကားပေါင်း ၇၀၀၀ ဆိုတော့ သမုဒ္ဒရာအစင်းပေါင်း ၇၀၀၀ ထဲမှာ ကမ္ဘာ့လူသားများ နေ့စဉ်ကူးခပ်နေကြသည်ဟု ဆိုရပါလိမ့်မည်။

ဘာသာစကားတွေ ထိုမျှ များပြားသော်လည်း ထပ်တူထပ်မျှ တူနေသော ဘာသာစကားနှစ်ခုဟူ၍ မရှိပါ။ ဘယ်ဘာသာစကားပင်ဖြစ်စေ အခြားဘာသာစကားများနှင့် ကွဲပြားခြားနားမှု အနည်းနှင့်အများ ရှိပါသည်။ တစ်ယောက်နှင့် တစ်ယောက် ထပ်တူ တူသော လူအမြွာ ရှိသော်လည်း တစ်ခုနှင့်တစ်ခု ထပ်တူ တူသော ဘာသာစကား အမြွာဟူ၍ မရှိပါ။ ကျွန်တော်တို့ လူသားများသည် ထိုမျှ များပြားသော ဘာသာစကားများကို နေ့စဉ် ပြောဆိုနေကြသည်ဆိုသည်ကို စဉ်းစားကြည့်ရုံနှင့်ပင် အံ့သြစရာ ကောင်းလှပါသည်။ သို့ဆိုလျှင် ဘာသာစကားတွေမှာ မတူကွဲပြားသော အချက်တွေပဲ ရှိနေတာလား၊ ဘာသာစကား တစ်ခုနှင့်တစ်ခု တူသော အချက်တွေကော မရှိဘူးလားဟု စဉ်းစားစရာ ရှိပါသည်။ ထိုမျှ များပြားသော ဘာသာစကားများတွင် တူသော အချက်တွေလည်း ရှိပါသည်။ ဘယ်အချက်တွေ တူပါသလဲ။ ဘာသာစကားအားလုံး လူတို့၏ပါးစပ်ထဲက အသံထွက်ပြီး ပြောရတာချင်း တူပါသည်။ ဘာသာစကားတွေမှာ စကားလုံးတွေ၊ ဝါကျတွေ

ရှိတာချင်းလည်း တူပါသည်။ သက်ရှိသက်မဲ့ ဒြပ်ရှိဒြပ်မဲ့တွေကို ခေါ်သော နာမ်တွေ၊ အပြုအမူ၊ အဖြစ်အပျက်၊ အခြေအနေတို့ကို ဖော်ပြသော ကြိယာတွေ ရှိတာချင်းလည်း တူပါသည်။ ဆွေမျိုးကိုခေါ်သော စေါ်ဟာရတွေ၊ အရောင်ကိုခေါ်သော စေါ်ဟာရတွေ ရှိတာချင်းလည်း တူပါသည်။ တူသော လက္ခဏာအချို့ကို ဖော်ပြခြင်း ဖြစ်သည်။ ဘာသာစကားတစ်ခုနှင့်တစ်ခု

www.burmeseclassic.com

မတူကွဲပြားသောအချက်တွေက
ဘာတွေပါလဲ။ မတူသော
အချက်များကို ဘာသာစကား
ပညာရှင်များက စနစ်တကျ
စူးစမ်းလေ့လာကြသည်။
ဖော်ထုတ်ပြကြသည်။
ဘာသာစကားအားလုံး
အသံဖြင့် ပြောကြသည်
မှန်သော်လည်း

အခြားဘာသာစကား
တစ်ခုခုနှင့် နှိုင်းယှဉ်ကြည့်လျှင်
သိနိုင်ပါသည်။
မြန်မာစကားနှင့်
အင်္ဂလိပ်စကားကိုပဲ ယှဉ်ကြည့်ပါ။
အင်္ဂလိပ်စကားမှာ
အပေါ်သွားနှင့် အောက်နှုတ်ခမ်း
ထိ၍ ရွတ်ဆိုရသော 'f v' ဆိုသည့်
ဗျည်းသံများ ရှိသော်လည်း

'သ' ဗျည်းသံသည် တိုင်းရင်းသား
ဘာသာစကား အတော်များများမှာ
မရှိပါ။ ဂျပန်စကားမှာလည်း 'သ' မရှိ
ပါ။ အင်းလေးမှ အင်းသားများက
'သွား' ကို 'ဆွား' ဟု ပြောသလို ဂျပန်
များက 'Thank You'ကို'Sank You' ဟု
ပြောပါသည်။ ကျွန်တော်တို့ မြန်မာ
စကားမှာ 'အို၊ အူ' ဆိုသော သရဝဲများ
ကို နှုတ်ခမ်းစု၍ ပြောသော်လည်း

ဘာသာစကား တစ်ခုနှင့်တစ်ခု
အသုံးပြုသည့် အသံချင်း
ကွဲပြားမှုများ ရှိပါသည်။
ဘာသာစကားတစ်ခုတွင်
ရှိသော အသံသည်
အခြားဘာသာစကား
တစ်ခုတွင် ရှိချင်မှ ရှိပါလိမ့်မည်။
ဘာသာစကားထဲမှ
သုံးသည့်အသံ ရွေးချယ်ပုံချင်း
မတူသည့်အတွက်
ဤသို့ ကွဲပြားခြင်း ဖြစ်သည်။
ကျွန်တော်တို့၏
မြန်မာစကားကို

မြန်မာစကားမှာ
ထိုအသံများ မရှိပါ။
မြန်မာစကားမှ 'ဖ ဗ' တို့မှာ
နှုတ်ခမ်းနှစ်ခုထိပြီး ရွတ်ဆိုရသော
အသံများဖြစ်သည်။ ထို့အတူ
မွန်စကားမှ အတွင်းသို့
ရှိုက်သွင်းပြီး ဆိုရသော
'ဍ' ဆိုသည့် အသံမျိုး
မြန်မာစကားမှာ မရှိပါ။
ဂျပန်စကားမှ 't s' ဆိုသံ
အသံမျိုး မြန်မာစကားမှာ မရှိပါ။
မြန်မာစကားမှာ
အလွန်တွင်ကျယ်သော

ရှမ်းစကား၊ ကယားစကားတို့မှာ
နှုတ်ခမ်းကိုမစုဘဲ ဖြန့်ပြီး ပြောရသော
'အို၊ အူ' အသံများ ရှိပါသည်။ ထို
သရဝဲများ မြန်မာစကားမှာ မရှိပါ။
ဂျပန်စကားမှာလည်း 'အူ' ကို နှုတ်ခမ်း
ဖြန့်ပြီး ပြောပါသည်။ အခြားအခြား
သော ဘာသာစကားများမှ စကားသံ
များကို လေ့လာစူးစမ်းကြည့်လျှင်
ဘာသာစကားချင်း အသံရွေးချယ်ပုံ
ကွဲပြားမှုများရှိကြောင်း ပို၍ သိနိုင်ပါ
လိမ့်မည်။

တကယ်တော့ ကျွန်တော်တို့ လူ
သားတွေ ပါးစပ်ထဲက အင်္ဂါအစိတ်

www.burmeseclassic.com

www.burmeseclassic.com

အပိုင်းတွေကို အမျိုးမျိုးထိတွေ့ပြီး အသံအမျိုးအစားပေါင်း ရာနှင့်ချီ၍ ဖန်တီးနိုင်စွမ်းရှိပါသည်။ စကားမပြောတတ်သေးသည့်ကလေးတွေ ပါးစပ်က အသံအမျိုးမျိုး ထွက်နေပုံကို ကြည့်ရုံနှင့်ပင် ထိုအချက်ကို ခန့်မှန်းနိုင်ပါသည်။ သို့သော် ဘာသာစကားတစ်ခုထဲမှာ ထွက်လို့ရသမျှ အသံအားလုံး သုံးသည်မဟုတ်ပါ။ ဘာသာစကားတစ်ခုတွင် သုံးသော 'သံရင်း' ခေါ်သည့် အရင်းခံအသံ (phoneme)အမျိုးအစားမှာ များသောအားဖြင့် ဆယ်ဂဏန်းမျှသာ ရှိပါသည်။ ပညာရှင်များက သံရင်းအရေအတွက် အနည်းဆုံး ဘာသာစကားမှာ ၁၂ သံလောက်ရှိပြီး အများဆုံးဘာသာစကားမှာ တစ်ရာကျော်ရှိသည်ဟု ဆိုပါသည်။ အင်္ဂလိပ်စကားမှာ သံရင်း ၄၀ ကျော် ၅၀ ဝန်းကျင်ရှိသည်။ ကျွန်တော်တို့ မြန်မာစကားမှာ သံရင်း ၈၀ ကျော်ကျော် ရှိသည်။ ရာနှင့်ချီပြီး ဖန်တီးနိုင်သည့် အသံတွေထဲက အချို့ကိုသာ ဘာသာစကားထဲမှာ လက်နိုင်ခြေနိုင် အသုံးပြုခြင်းဖြစ်ပါသည်။ ဘာသာစကားတစ်ခုနှင့်တစ်ခု သံရင်းအရေအတွက်ချင်းလည်း ကွာခြားပါသည်။

အရင်းခံကျသော ထိုသံရင်းများကို အမျိုးမျိုးတွဲစပ်ရသည်။ ဗျည်းတွေ၊ သရတွေ ရှေ့နောက်တွဲပြီး ဝဏ္ဏ(Syllable)များ ဖွဲ့ရသည်။ အသံတစ်သံထွက်လျှင် ဝဏ္ဏတစ်ခုဟု သတ်မှတ်သည်။ ဝဏ္ဏများဖွဲ့ရာမှာလည်း ဘာသာစကားချင်း ကွဲပြားမှုရှိသည်။ မြန်မာစကားနှင့် အင်္ဂလိပ်စကားကိုပင် ယှဉ်ကြည့်ပါ။ မြန်မာဝဏ္ဏ(စကားသံအဖွဲ့)များသည် သရသံနှင့်သာ အဆုံးသတ်ပါသည်။ 'အိမ်၊ လူ၊ ကျောင်း၊ ပန်း၊ ရိုက်'စသည့် အသံများသည် သရသံနှင့်သာ အဆုံးသတ်ပါသည်။ မြန်မာစကားမှာ ဗျည်းသံနှင့် အဆုံးသတ်သော စကားသံအဖွဲ့မျိုး မရှိပါ။ အင်္ဂလိပ်စကားမှာတော့ ဗျည်းသံနှင့် အဆုံးသတ်သော စကားသံဖွဲ့ပုံများ ရှိပါသည်။ 'cat, cup, pass' ဆိုသော စကားလုံးများကို အသံထွက်ကြည့်လျှင် ဗျည်းသံဖြင့် အဆုံးသတ်ကြောင်း တွေ့နိုင်ပါသည်။ အင်္ဂလိပ်စကားမှာ 'go,me,you' စသည်ဖြင့် သရနှင့် အဆုံးသတ်သော စကားသံအဖွဲ့များလည်း ရှိပါသည်။ မြန်မာစကားမှာ သရသံနှင့် အဆုံးသတ်သော စကားသံအဖွဲ့များသာ ရှိပါသည်။ ဗျည်းသံနှင့် အဆုံးသတ်သော စကားသံအဖွဲ့ မရှိပါ။

စကားသံများကို အဓိပ္ပာယ်ရှိသော စကားလုံးများအဖြစ် အသုံးပြုရာ၌လည်း ဘာသာစကားတစ်ခုနှင့် တစ်ခု စကားလုံးဖွဲ့ပုံချင်း ကွဲပြားပါသည်။ သိသာသော သာဓကတစ်ခုမှာ မြန်မာစကားနှင့် ပါဠိစကားတို့ စကားလုံးဖွဲ့ပုံသဘာဝချင်း ကွဲပြားခြင်းဖြစ်သည်။ ပါဠိဘာသာစကားတွင် စကားလုံးတစ်လုံးသည် အသွင်အမျိုးမျိုး ပြောင်းပါသည်။ အသွင်ပြောင်းသလို သဒ္ဒါသဘောလည်း ပြောင်းပါသည်။ ပုရိသ(ယောကျ်ား)ဆိုသော စကားလုံးသည် ပုရိသော(ယောကျ်ားသည်)၊ ပုရိသံ(ယောကျ်ားကို)၊ ပုရိသဿ(ယောကျ်း၏)၊ ပုရိသာ(ယောကျ်ားတို့သည်)စသည်ဖြင့် အသုံးပြုသည့် သဒ္ဒါသဘောကွဲပြားမှုအရ အသွင်အမျိုးမျိုးပြောင်းပါသည်။ မြန်မာစကားမှာမူ စကားလုံးများ အသွင်မပြောင်းပါ။ 'ယောကျ်ား' ဆိုသော စကားလုံးကို ပါဠိစကားမှာလို 'ယောကျ်ာ၊ ယောကျ်ော၊ ယောကျ်' စသည်ဖြင့် အသွင်ပြောင်းစရာမလိုဘဲ နောက်က 'သည်၊ ကို၊ ၏'စသည့် နောက်ဆက်များ တွဲပြီး 'ယောကျ်ား သည်၊ ယောကျ်ားကို၊ ယောကျ်ား၏' စသည်ဖြင့် အမျိုးမျိုး အသုံးပြုနိုင်ပါသည်။

ဝါကျဖွဲ့ရာတွင်လည်း ဘာသာစကားချင်း ကွဲပြားမှုရှိပါသည်။ မြန်မာစကားသည် 'ကြိယာ'ဖြင့် အဆုံးသတ်သော ဘာသာစကားဖြစ်သည်။ အင်္ဂလိပ်စကားမှာ 'ကြိယာ'ဖြင့် အဆုံးမသတ်ပါ။ 'ကျွန်တော် ကျောင်းသွားတယ်'နှင့် 'I go to school' ကို ယှဉ်ကြည့်လျှင် သိနိုင်ပါသည်။ S(Subject -ကတ္တား၊ ပြုလုပ်သူ), O(Object -ကံ၊ ပြုလုပ်ခံရသူ), V(Verb -ကြိယာ၊ ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းပြစကား)ဟူသော အစိတ်အပိုင်း သုံးမျိုး၏ အစီအစဉ်ကို မူတည်၍ ပညာရှင်များက ကမ္ဘာပေါ်ရှိ ဘာသာစကားများကို အမျိုးအစားခွဲပြကြပါသည်။ သာဓကအားဖြင့် SOV (ကတ္တား+ကံ+ကြိယာ) ဘာသာစကားများတွင် မြန်မာ၊ ကိုရီးယားတို့ ပါဝင်သည်။ SVO(ကတ္တား+ကြိယာ+ကံ) ဘာသာစကားများတွင် အင်္ဂလိပ်၊ ထိုင်းတို့ ပါဝင်သည်။ VSO (ကြိယာ+ကတ္တား+ကံ) ဘာသာစကားများတွင် ဝေလ(Wels'h) ဘာသာစကားပါဝင်သည်။ VOS (ကြိယာ+ကံ+ကတ္တား) ဘာသာစကားတွင် မာလာဂဆီ (Malagasy) ဘာသာစကား ပါဝင်သည်။ OVS (ကံ+ကြိယာ+ကတ္တား) ဘာသာစကားတွင် ပင်နရေ(Panre) ဘာသာစကားပါဝင်သည်။ OSV(ကံ+ကတ္တား+ကြိယာ) ဘာသာစကားတွင် နဒက်(Nadeb)ဘာသာစကား ပါဝင်သည်။ ဝါကျအတွင်း ပုဒ်အစီအစဉ်များတွင်လည်း ဘာသာစကားချင်း ခြားနားမှုများရှိပါသည်။

ဝေါဟာရစနစ်ချင်း ကွဲပြားမှုကို မြန်မာစကားနှင့် အင်္ဂလိပ်စကားတို့ နာမ်စားစနစ် (Pronoun system) ကွာခြားပုံဖြင့် သာဓကဆောင်ပါမည်။ မြန်မာစကားတွင် နာမ်စားသုံးရာ၌ ပြောဆိုသူတို့၏ အသက်အရွယ်၊ အဆင့်အတန်း၊ ကျားမကွဲပြားမှု၊ ရင်းနှီးကျွမ်းဝင်မှု စသည်တို့ကို အခြေခံ၍ 'ပြောသူနာမ်စား'အဖြစ် 'ငါ၊ ကျွန်တော်၊ ကျွန်မ၊ ကျုပ်၊ ကိုယ်၊ တပည့်တော်'စသည်ဖြင့် လည်းကောင်း၊ 'နာသူနာမ်စား'အဖြစ် 'မင်း၊ သင်၊ နင်၊ ခင်ဗျား၊ အရှင်ဘုရား' စသည်ဖြင့်လည်းကောင်း ခွဲခြားသုံးသည်။ အင်္ဂလိပ်စကားမှာတော့ ထိုသို့ မခွဲခြားဘဲ 'I, You'ဟုသာ တစ်သမတ်တည်း သုံးပါသည်။

အနက်အဓိပ္ပာယ် သတ်မှတ်ပုံစနစ်ချင်းလည်း ကွဲပြားမှုများ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာစကားတွင် အမေ- အဖေ(အမိ-အဖ) ဟူ၍ သီးခြားစကားလုံးများ ရှိသော်လည်း အမေရော၊ အဖေပါ ခြုံ၍ ရည်ညွှန်းသောသီးခြားစကားလုံး မရှိပါ။ 'အမိ'နှင့် 'အဖ'ပေါင်းပြီး 'မိဘ' ဟုသာ သုံးရသည်။ အင်္ဂလိပ်စကားမှာတော့ အမေရော၊ အဖေပါ ခြုံ၍ ရည်ညွှန်းသော 'Parent' ဆိုသည့်စကားလုံးရှိသည်။ မြန်မာစကားတွင် 'ချိုး၊ ခွဲ၊ ဖြတ်၊ ကျိုး၊ ကွဲ၊ ပြတ်'ဟူ၍ ကြိယာများ ခွဲခြားရည်ညွှန်းသော အဓိပ္ပာယ်ကို အင်္ဂလိပ်စကားတွင် 'break' ဟူသော စကားတစ်လုံးတည်းနှင့် သုံးနိုင်သည်။

မြန်မာစကားတွင် ပြောသူနှင့် အနီးအဝေးကို 'ဤ-ထို၊ ဒီ-ဟို' ဟူသော စကားနှစ်လုံးတွဲဖြင့် ရည်ညွှန်းသကဲ့သို့ အင်္ဂလိပ်စကားတွင် 'this-that, here-there'ဟူသော စကားနှစ်လုံးတွဲဖြင့် ရည်ညွှန်းနိုင်သည်။ အချို့ဘာသာစကားများတွင်မူ အနီးအဝေးနှစ်မျိုးထက် ပို၍ ခွဲခြားသုံးသည်။ ဂျပန်စကားတွင် ပြောသူနှင့် နီးလျှင် 'kore' (ခိုရေ)၊ နာသူနှင့်နီးလျှင် 'sore'(ဆိုရေ)၊ ပြောသူ နာသူ နှစ်ယောက်စလုံးနှင့် ဝေးလျှင် 'are' (အာရေ)ဟု သုံးမျိုးခွဲသုံးသည်။ နိုက်ဂျီးရီးယားမှ ဟော်စာ (Hausa) ဘာသာစကားတွင်မူ ပြောသူနှင့်နီးလျှင် 'nân',နာသူနှင့်နီးလျှင် 'nan', ပြောသူ နာသူတို့နှင့် ဝေးသော်လည်း မြင်ရသေးလျှင် 'cân', သိပ်မမြင်ရတော့လျှင် 'can'ဟူ၍ လေးမျိုးခွဲသုံးကြောင်း သိရပါသည်။ ဘာသာစကားတစ်ခုနှင့် တစ်ခု လောကကို ရှုမြင်ပုံ၊ အဓိပ္ပာယ်သတ်မှတ်ပုံချင်း ကွဲပြားသည့် သာဓက ဖြစ်ပါသည်။

ဘာသာစကားတိုင်းသည် အခြားဘာသာစကားများနှင့် ကွဲပြားခြားနားသော အချက်များ အနည်းနှင့်အများ ရှိမြဲဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် ဘာသာစကားတိုင်းတွင် ပင်ကိုသွင်ပြင်လက္ခဏာများ ရှိမြဲဖြစ်ပါသည်။ ■

မောင်ခင်မင်၊ခနဖြူ

ပဲတိန်းသံ ဂျာနယ်
Pae Tin Tham Journal

နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပဲ့တင်ထပ်စေမည်

ဘယ်လိုမှုန့်လဲ

မဏ္ဍိုင်သုံးရပ်ကို
စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို
ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား
လွတ်လပ်စွာပဲ့တင်ထပ်စေမည်။

ဘာအသံတွေ ကြားရမှာလဲ

လွှတ်တော်အသံ၊ ရုံးတော်အသံ၊
ပါတီအသံ၊တိုင်းရင်းသားအသံ၊
လူငယ်အသံ၊ဈေးသည်အသံ၊
အနုပညာသည်အသံ၊ မြန်မာတစ်လွှားက
နိုင်ငံသားအသံ၊ ကမ္ဘာတစ်လွှားက
မြန်မာများအသံ။

ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ

'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊
'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊
'သမဂ္ဂသတင်း'၊ 'သတင်းလူသား'
'သတင်းဝတ္ထု'...
အစရှိတာတွေကို ဖတ်ကြရမှာပါ။

အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ

ကိုယ်စားလှယ်များ မှာယူလိုပါက
ပဲ့တင်သံ ဂျာနယ်
အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ
၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဝိုက်ကန်းမတော်

မျက်ဝန်းလေးတွေ... လှသွားတဲ့အခါ

ဒီပန်းချီကားကို သူ ဆွဲနေတာ ဒီနေ့ပါနဲ့ဆို သုံးရက်ရှိသွားပြီ။ ဒီနေ့တော့ နောက်ဆုံးတွက်တွေကိုတင်ပြီး သူ့ဆရာသမားကောင်းရဲ့လို့ သူ တွေးမိတယ်။ ဒီရေကန်ကြီးနဲ့ ဒီသစ်ခြောက်ပင်ကြီးကို နေဝင်ချိန် အလင်းတစ်ပိုင်းတစ်စနဲ့ သူ ပေါင်းစပ်ရေးဆွဲချင်နေခဲ့တာ ကြာပေါ့။ အရင်နှစ်က ကန်ရေပြင်နဲ့ သစ်ခြောက်ပင်ကို ကင်းဗတ်စ်ပေါ်စိတ်တိုင်းကျတင်ခိုင်ခဲ့ပြီးပြီ။ ဒီနေ့တော့ ခရမ်းပျော့ရောင်ဘက်ကို ကူးလူးကူးခင်ဖြစ်နေတဲ့ ဆည်းဆာရဲ့နီဝါဝါအလင်းတွေကို ပန်းချီကားရဲ့ဘယ်ဘက်ကနေတစ်ဆင့် ကန်ရေပြင်နဲ့သစ်ခြောက်ပင်ကြီးအပေါ် မခို့တရို့ မျောလွှင့်လာပုံကို အမိအရဖမ်းယူရေးဆွဲဖို့ပဲ ကျန် တော့ တယ် လေ။ တကယ်တမ်း ဒီပန်းချီကားကိုဆွဲနေတာ သုံးရက်ရှိနေပြီဆိုပေမဲ့ မဆွဲခင် ဒီမြင်ကွင်းကို လာလာကြည့်ပြီး နေဝင်ချိန်ရဲ့အရောင်တွေကို သူ လေ့လာစူးစမ်းနေခဲ့တာကတော့ ကြာပေါ့။ နေဝင်ချိန်နာရီပိုင်းလေးအတွင်းက နေလုံးရဲ့ အနိုင့်အမြင့်၊ မြင်ကွင်းအတွင်း မှာရှိတဲ့နေတဲ့ တိမ်လွှာရဲ့အထူအပါး အဲဒါတွေကိုလိုက်ပြီး တချို့ အကန့်လိုက် ပြောင်းလဲဖြစ်တည်နေတဲ့အရောင်တွေ၊ ဒါတွေကို သူမျက်ဝန်းကတစ်ဆင့် သူရဲ့နှလုံးသားထဲကို ဆွဲယူမှတ်သားနေခဲ့တာ ကြာခဲ့ပြီ။ ဒီနေ့တော့ ပန်းချီကားလေးကို အဆုံးသတ်ရမယ့်နေ့ကို ရောက်လာခဲ့ပြီ။ သူ စုတ်တံကို ခပ်ဖွဖွချိန်ဆရင်း နေဝင်ချိန်ဆည်းဆာရဲ့ ပြေးဝင်နေတဲ့အရောင်တွေကို ပန်းချီကားထဲ ရောက်လာအောင် ဆွဲခေါ်နေမိတယ်။ အရောင်တွေ... အရောင်တွေ၊ တည်ငြိမ်နေတဲ့ပန်းချီကားပေါ်က ပြောင်းလဲနေတဲ့ အရောင်တွေ။ ကန်ရေပြင်၊ ကောင်းကင်၊ သစ်ခြောက်ပင်... ပြီးတော့ သူတို့အပေါ် စီးကျွန်းပေနေတဲ့ဆည်းဆာရဲ့ အချိုးမျိုးသော အရောင်တွေ၊ သူရဲ့စိတ်အာရုံတစ်ခုလုံးကို အရောင်တွေ လွှမ်းမိုးထားခဲ့ပြီး သူဆွဲနေတဲ့ပန်းချီကားကို သူ့စိတ်အာရုံတွေက လွှမ်းမိုးထားတယ်။ အချိန်တွေ ရွေ့လျားကုန်ဆုံးနေတဲ့ တစ်ပြိုင်နက်တည်းမှာပဲ ပန်းချီကားလေးဟာလည်း တဖြည်းဖြည်း ပြည့်စုံသက်ဝင်လာခဲ့တယ်။ အဲဒီလိုနဲ့ နေလုံးကြီး တစ်နေ့တာအတွက် အပြီးအပိုင် ကွယ်ပျောက်မသွားခင် အချိန်လေးမှာပဲ သူ ပန်းချီကားလေးကို အပြီးသတ်နိုင်ခဲ့တယ်။ သူ စိတ်ကြည်နှူးမှု တစ်ခုနဲ့ ပန်းချီကားလေးကို စိုက်ကြည့်နေတုန်းမှာပဲ သူ နောက်ကနေ အသံတစ်သံ ထွက်လာတယ်။

"ရှင့်ပန်းချီကားက သိပ်လှပါတယ်၊ ဒါပေမဲ့ အချိုးမညီဘူးလို့ ကျွန်မ ခံစားရတယ်။ ညာဘက်က သစ်ခြောက်ပင်ကြီးနဲ့ အချိုးညီ

www.burmeseclassic.com

www.burmeseclassic.com

သွားအောင် ဘယ်ဘက်က ကန့်ရေပြင်မှာ လှေကလေး တစ်စင်းလောက် ထည့်ဆွဲရင် ပိုကောင်းမယ် ထင်တယ်နော်'

ပီသချိုမြတဲ့အသံ၊ ပြီးတော့ သူ့ပန်းချီကားကို ဝေဖန်လိုက်တဲ့ ရင်းနှီးရဲ့ဝဲတဲ့ အသုံးအနှုန်း၊ သူ လှည့်မကြည့်ဘဲနဲ့ပြုံးလိုက်မိတယ်။ သူမ ပြန်ရောက်လာပြီပဲ။ သူရဲ့စိတ်တွေက အတိတ်နေ့တွေဆီ ပြန်ရောက်သွားကြတယ်။

❑

'လင်းညီ ငါတော့ ကြွေသွားပြီကွာ'

ပန်းချီသင်တန်းက အပြန်လမ်းမှာ သူငယ်ချင်း ဝဏ္ဏက သူ့ကို ပြောပြတာပါ။ ဒီနေ့ သင်တန်းမှာ မော်ဒယ်လ်လာထိုင်ပေးသွားတဲ့ ကောင်မလေးကို ရည်ရွယ်ပြီး ပြောမှန်း သူ သိလိုက်တယ်။

'အေး မင်း ကြွေမယ်ဆိုရင်လည်း ကြွေလောက်စရာပဲ၊ တော်တော်လှတယ်။ အဲဒီထက်ပိုတာက ဆွဲဆောင်မှုရှိတယ်။ ဒါပေမဲ့ ငါကတော့ သူမျက်လုံးတွေကိုကြည့်ပြီး တစ်မျိုးကြီး ခံစားရတယ်ကွ'

သူ ဘယ်လိုခံစားရလဲဆိုတာကို ဝဏ္ဏက မမေးတဲ့အတွက် သူကိုယ်တိုင်လည်း အဲဒီခံစားမှုကို အတိအကျ အဓိပ္ပာယ်ဖွင့်ဖို့ မကြိုးစားခဲ့ဘူး။ နောက်ပိုင်းမှာတော့ ဝဏ္ဏနဲ့ အဲဒီကောင်မလေး ရင်းနှီးသွားသလို၊ သူကလည်း ဝဏ္ဏနဲ့ အတွဲများတာကြောင့် သူနဲ့ပါ ခင်သွားခဲ့တယ်။ အဲဒီကောင်မလေးနာမည်က နဒီသူတဲ့။

'နဒီ ငါ့ကို ငြင်းလည်း

နေရဲ့ အလင်းနှုန်းကြောင့် အနက်ရောင် တောက်နေတဲ့ ဆံနွယ် ပန်းနုရောင် ပြေးနေတဲ့ ပါးပြိုင့် နှုတ်ခမ်းနီ ဆိုးမထားပါဘဲနဲ့ ပန်းသွေးရောင် ထနေတဲ့ နှုတ်ခမ်းပူးပူး သူ ပန်းချီဆွဲနေတဲ့ အခိုက်အတန့် အချို့မှာ တွေးမိတာက ဒီကောင်မလေး သိပ်လှတယ်လို့

မငြင်း၊ အဖြေလည်း မပေးဘဲ ကြိုးစားချည်ရဲ့ လှန်ထားတာ ကြာနေပြီကွ။ ဒါနဲ့ မင်းနဲ့ နဒီရဲ့အခြေအနေက ရိုးရောရိုးရဲ့လား လင်းညီရဲ့'

ဝဏ္ဏက သူ့ကို အဲဒီလို ပြောတော့ သူနည်းနည်း အံ့သြသွားမိတယ်။ ဒီကောင်နဒီနဲ့ ဒီလောက်တွဲနေလျက်နဲ့များ အဲဒီကောင်မလေးရဲ့ စိတ်ကို နည်းနည်းလေးမှ မရိပ်မိဘူးလား မသိဘူး။

'နဒီ့နားမှာ ကောင်လေး တွေရော၊ အန်ကယ်ကြီးတွေရော ဒီလောက်အများကြီး ရှိတာ မင်းက ဘာလို့ ငါနဲ့မှ အဲဒီလို ထင်ရတာလဲ'

သူက အဲဒီလိုမေးလိုက်တော့လည်း ဝဏ္ဏမှာ ဖြေစရာ အဖြေမရှိပါဘူး။ နဒီကလည်း နဒီပါပဲ။ သူမအနားမှာ ဝိုင်းဝိုင်းလည်နေတဲ့ သူအားလုံးကို အပိုအလိုမရှိအောင် အလိုက်အထိုက် ဆက်ဆံတဲ့နေရာမှာ သိပ်ကျွမ်းကျင်လွန်းပါတယ်။ သူများထက်နည်းနည်းပိုတဲ့ အချို့သောခြွင်းချက်တွေကို သူပိုင်ဆိုင်ခွင့်ရနေတယ်ဆိုတာကိုတော့ ဝဏ္ဏလည်း မသိသလို အခြားဘယ်သူကမှလည်း မသိကြပါဘူး။ သူကိုယ်တိုင်တောင် သိခဲ့တာ သိပ်မကြာသေးဘူးလို့ ပြောရမှာပါ။

သဘာဝတရားကြီးရဲ့ ပြောင်းလဲမှု၊ အဲဒီပြောင်းလဲမှုတိုင်းမှာ ရှိနေတဲ့အလှတရား၊ အဲဒါကို နက်နက်ရှိုင်းရှိုင်း စူးနစ်ခံစားတတ်ခဲ့ရာကတစ်ဆင့် အဲဒီအလှတရားတွေကို ပန်းချီကားတွေထဲအရောက် ဆွဲခေါ်လာနိုင်အောင် သူ ကြိုးစားဖြစ်ခဲ့တယ်။ အဲဒါကြောင့်လည်း သူ ပန်းချီဆွဲဖြစ်တဲ့နေရာတွေက စတူဒီယိုထဲမှာ၊ အခန်းထဲမှာဆိုတာ မျိုးထက် သဘာဝလောကကြီးကို လွတ်လပ်ပွင့်လင်းစွာ တွေ့ရမြင်ရနိုင်တဲ့ ပြင်ပလောကရဲ့ နေရာဒေသတွေ ဖြစ်နေတတ်တယ်။ သူမ ကိုယ်ဟန့်ပြရမယ့်အချိန်တွေ လွတ်တဲ့အခါတိုင်း သူ ပန်းချီဆွဲနေတဲ့နေရာကို မရအရ စုံစမ်းပြီး နဒီရောက်ရောက်လာတတ်တယ်။ အဲဒီလို ရောက်လာတဲ့အခါတိုင်း သူ ဆွဲထားတဲ့ပန်းချီကားတွေကို ကြည့်ပြီး ထင်ရာမြင်ရာတွေကို အမြဲတမ်းပြောဖန်တတ်တယ်။ တစ်နေ့ဆောင်းနေ့တစ်နေ့၊ အဲဒီနေ့ရဲ့ နံနက်ခင်းတစ်ခုမှာ အလှူရောင်နှင်းတွေ ဝေနေတဲ့လမ်းမ၊ ပြီးတော့ လမ်းဘေးမှာရှိတဲ့ အနီရောင်တောက်တောက်စိန်ပန်းပင်။ အဲဒီမြင်ကွင်းကို သူ ချမ်းချမ်းစီးစီးနဲ့ ထိုင်ဆွဲနေတုန်း နဒီ သူ့အနားကို ရောက်လာတယ်။ အနက်ရောင်လုံခြည်၊ အလှူရောင်နဲ့ အနက်စင်းဆွယ်တာအင်္ကျီ၊ နောက်ခေါင်းပေါ်မှာလည်း သိုးမွေးဦးထုပ်၊ ဦးထုပ်အနားစွန်းကနေမှ ပခုံးပေါ်ပြေကျနေတဲ့နက်မောင်ရည်လျှားတဲ့ ဆံနွယ်တွေ။ သူ နဒီ့ကို ငေးကြည့်နေရင်း အိုင်ဒီယာတစ်ခု ရလိုက်တယ်။

'နဒီ ကျွန်တော့်ကို တစ်ခုလောက် ကူညီပါလားဗျာ၊ ကျွန်တော် ဒီကားထဲမှာ လူတစ်ယောက်ပုံ ထည့်ဆွဲချင်လို့။ အဲဒါ နဒီ ခဏလောက် ရပ်ပေးပါလား၊ ခဏပါပဲ မကြာပါဘူး'

'လင်းညီရယ် ရှင်နဲ့ ကျွန်မက ပြောစရာလူတွေမဟုတ်တာ ကူညီရမှာပေါ့။ ပြော ဘယ်နေရာမှာ ဘယ်လို နေပေးရမလဲ'

ဒီကောင်မလေးရဲ့ စိတ်ထဲမှာ ဘယ်လိုဖြစ်သွားပြီး၊ ဘယ်လိုတွေးနေပြီဆိုတာကို သူ ရိပ်မိပေမဲ့ မသိချင်ယောင်ဆောင်ပြီး နေရမယ့်နေရာနဲ့ အနေအထားကို သူ ပြောပြလိုက်တယ်။ ပြီးတော့ ပန်းချီကားကို ဆက်ဆွဲတယ်။ မြင်ကွင်းတစ်ခုလုံးကို ဝေဝါး

www.burmeseclassic.com

www.burmeseclassic.com

အဲဒီမျက်ဝန်းတွေရဲ့ အဓိပ္ပာယ် အဲဒီမျက်ဝန်းတွေကြောင့် ဖြစ်လာတဲ့ ခံစားမှု အဲဒီနှစ်ခုကို သူ အခု သေသေချာချာ သိလိုက်ရပြီ ဘာတွေလဲ ဒါတွေကို ငါ ဘယ်လို နားလည်ရမှာလဲ သူ ပန်းချီ ဆက်မဆွဲ နိုင်တော့ဘဲ ခေါင်းကိုပဲ တသွင်သွင် ခါယမ်းနေမိတော့ တယ်

အားစေအောင် ကျနေတဲ့ ဆီး နင်းဖြူဖြူ၊ ဝိုးတဝါးအဖြူ အကွက်ကို ထွင်းဖောက် အနီတွေ ဖြည့်အောင် တောက်နေတဲ့ အိပ်မက်ပင်၊ ပြီးတော့ အဲဒီအနီနဲ့ အဖြူ၊ အပူနဲ့ အအေး ဆန့်ကျင် ဘက်တွေရောထွေးနေတဲ့ မြင်ကွင်းထဲမှာ ပြေပြစ်လှပစွာ ရှင်သန်ဖြစ်တည်နေတဲ့ ကောင်မ ဆေးတစ်ယောက် တိတိကျကျ မြင်ရရင် လူငယ်တစ်ယောက်။

'ရပြီ'

သိပ် မကြာလိုက်ပါဘူး၊ ၁၅ မိနစ်လောက် အချိန်လေးအတွင်းမှာပဲ သူလိုချင်တဲ့ လူငယ်တစ်ယောက်ရဲ့ ကောက်ကြောင်းတွေကို သူ ပန်းချီကားလေးထဲ ပေါင်းထည့်လိုက်နိုင်ခဲ့တယ်။ နဒီက သူ့အနားကို ဖြည်းဖြည်းက လေး ရောက်လာပြီး ပန်းချီကားကို ကြည့်တယ်။ ပြီးတော့ အလိုမကျဖြစ်သွားပြီး နှာခေါင်းလေးနည်းနည်းရှုံ့တယ်။

'အာ သေသေချာချာလည်း မမြင်ရဘူး။ နောက်ပြီး မျက်နှာကလည်း ဝါးဝါးကြီး၊ နဒီမှန်းတောင် သိကြမှာ မဟုတ်ဘူး'

'မဟုတ်ဘူးလေ နဒီရဲ့။ ဒီထဲက ကောင်မလေးက နဒီမဟုတ်ဘူးလေ။ လူငယ်တွေအားလုံးကို ကိုယ်စားပြုတဲ့ ကောင်မလေးတစ်ယောက်ပေါ့။ နဒီပုံကို ဆွဲချင်မှတော့ စတူဒီယိုထဲမှာ သေသေချာချာ ကျကျနန ထိုင်ခိုင်းပြီး ဆွဲမှာပေါ့ နဒီရဲ့။ အခု ကျွန်တော်က မိန်းကလေးတစ်ယောက်ရဲ့ ပုံရိပ်၊ လူငယ်တစ်ယောက်ရဲ့ ပုံရိပ်ကိုပဲ လိုချင်တာလေ'

သူ အဲဒီလိုပြောလိုက်ပြီးမှ စကားမှားသွားမှန်း သိလိုက်တယ်။ ဒါပေမဲ့ နောက်ကျသွားပြီ။

'ရှင် ကျွန်မရဲ့ပုံကို တကယ်ပဲ မဆွဲချင်ဘူးလား ကိုလင်းညီ'

မဆွဲချင်ဘူးလို့ ဖြေလိုက်ဖို့ စိတ်ကူးရင်း ခေါင်းကို ဖြေးညင်းစွာခါလိုက်မိပေမဲ့ အားနာတတ်တဲ့ သူ့ရဲ့ မွေးရာပါစိတ်တစ်ခုက သူ့ပါးစပ်က ထွက်လာမယ့် စကားတွေကို အသွင်ပြောင်းပစ်လိုက်ကြတယ်။

'မဟုတ်ပါဘူး၊ ကျွန်တော် အဲဒီလို ရည်ရွယ်ပြီး ပြောတာမဟုတ်ပါဘူး။ ကျွန်တော် နဒီ့ပုံကို မဆွဲချင်စရာ အကြောင်းမရှိပါဘူး'

'ဒါဆို ကျွန်မကို ပုံတူတစ်ပုံလောက် ဆွဲပေးပါကိုလင်းညီ'

❑

သူ ပန်းချီဆွဲနေတယ်။ သိပ်လှတဲ့ ကောင်မလေးတစ်ယောက်၊ သူ့ရဲ့ အလှတွေကို အပေါ်လွင်ဆုံး ဖြစ်စေမယ့် မြန်မာဆန်ဆန် အဝတ်အစားတွေကို ဝတ်ဆင်ထားတဲ့ ကောင်မလေးတစ်ယောက်၊ လှပမှု၊ ပြေပြစ်မှု၊ အချိုးအစားကျနမှုတွေကို အမြင်သာဆုံးဖြစ်စေမယ့် ကိုယ်နေဟန်ထားနဲ့ ကောင်မလေးတစ်ယောက်၊ အဲဒီကောင်မလေးရဲ့ ပုံတူပန်းချီကားကို သူ ဆွဲနေတယ်။ အဲဒီကောင်မလေးကိုယ်ဟန်ပြနေတာကိုကြည့်ပြီး သူ ပန်းချီဆွဲခဲ့ဖူးတယ်။ ဒါပေမဲ့ အခုနဲ့ အကြောင်းအရာချင်းတူပေမဲ့ အခြေအနေချင်းကတော့ ခြားနားသွားခဲ့ပြီ။ အရင်တုန်းက အဲဒီကောင်မလေး ကိုယ်ဟန်ပြနေတာကို ကြည့်ပြီး ပန်းချီဆွဲနေတဲ့သူက ပန်းချီသင်တန်းသူ၊ သင်တန်းသားများစွာထဲက သင်တန်းသားတစ်ယောက်။ အခုတော့ သူက နာမည်ရ ပန်းချီဆရာတစ်ယောက်ဖြစ်နေခဲ့ပြီ။ ပြီးတော့ အရင်ကဆို လူတွေ အများကြီး၊ အခု ဒီအခန်းထဲမှာ ဒီကောင်မလေးနဲ့ သူနဲ့ နှစ်ယောက်တည်း။

မနက်ခင်းရဲ့ နေရောင်ခြည်နုနုလေးက နဒီရဲ့ မျက်နှာပေါ်ကို ပါးပါးလေးဖြာကျနေတယ်။ သဘာဝလိုက်တင် ကိုပဲ သုံးချင်လို့ ဒီလို မနက်ခင်းလေးတွေမှာပဲ ရွေးပြီးဆွဲနေခဲ့တာ ဒီနေ့ပါနဲ့ဆို သုံးရက်တောင်ရှိသွားပြီ။ ပြေပြစ်လှပလွန်းတဲ့ နဒီ့ရဲ့ ခန္ဓာကိုယ်အလှကို မျဉ်းကွေးတွေ ခပ်များများသုံးပြီး သူ ခြယ်မှုန်းနေခဲ့မိတယ်။ နဒီဝတ်ထားတဲ့ ဝတ်စုံရဲ့အရောင်၊ အဲဒီအရောင်ပေါ် ကျနေတဲ့နေရောင်၊ နေရောင်ကြောင့် မူလအရောင်ကနေ သွေဖည်ပြောင်းလဲသွားတဲ့ အရောင်သစ်တစ်ခု တဖြည်းဖြည်းနဲ့ နဒီ့ရဲ့ ချစ်စရာ ကိုယ်နေဟန်ထားလေး ရုပ်လုံးပေါ်လာတယ်။ နဒီရဲ့ မျက်နှာလေးကို ဆွဲဖို့ သူ ဆေးစက်တွေကို ကင်းဗတ်စ်ပေါ် စတင်လိုက်တယ်။ နေရဲ့ အလင်းနုနုကြောင့် အနက်ရောင်တောက်နေတဲ့ ဆံနွယ်၊ ပန်းနုရောင်ပြေးနေတဲ့ ပါးဝိုဝို့၊ နှုတ်ခမ်းနီဆိုးမထားပါဘဲနဲ့ ပန်းသွေးရောင်ထနေတဲ့ နှုတ်ခမ်းဖူးဖူး။ သူ ပန်းချီဆွဲနေတဲ့ အခိုက်အတန့်အချို့မှာ တွေးမိတာက ဒီကောင်မလေး သိပ်လှတယ်လို့။ အဲဒီလိုနဲ့ သူ့ရဲ့ စုတ်ချက်တွေဟာ နဒီ့ရဲ့ မျက်လုံးနားကိုရောက်လာတယ်။ သူ နဒီ့ရဲ့မျက်လုံးကို ဆွဲဖို့ အဲဒီမျက်လုံးတွေထဲကို စိုက်ကြည့်ပြီး မျက်လုံးထဲက အရိပ်တွေ၊ အရောင်တွေ၊ ပြောင်းလဲရွေ့လျားမှုတွေ ပြီးတော့ အဓိပ္ပာယ်တွေကို နက်နက်ရှိုင်းရှိုင်း စူးစမ်းလိုက်တယ်။ ပန်းချီဆက်ဆွဲမယ့် သူ့ရဲ့လက်တွေ ရပ်တန့်သွားကြတယ်။ တစ်ခါက သူ ဝယ္ဍာကို ပြောခဲ့ဖူးတဲ့စကားတစ်ခွန်းကို ပြန်

www.burmeseclassic.com

သတိရလိုက်တယ်။ ရုတ်တရက်... တကယ့်ကို ရုတ်တရက်...။

'ငါကတော့ သူမျက်လုံးတွေကို ကြည့်ပြီး တစ်မျိုးကြီး ခံစားရတယ်ကွ'

အခုမှပဲ အဲဒီခံစားမှုတွေကို သူ ပြန်အမှတ်ရမိတယ်။ အဲဒီ မျက်ဝန်းတွေရဲ့ အဓိပ္ပာယ်၊ အဲဒီမျက်ဝန်းတွေကြောင့်ဖြစ်လာတဲ့ ခံစားမှု၊ အဲဒီနှစ်ခုကို သူ အခု သေသေချာချာ သိလိုက်ရပြီ။ ဘာတွေလဲ၊ ဒါတွေကို ငါဘယ်လို နားလည်ရမှာလဲ။ သူ ပန်းချီဆက်မဆွဲနိုင်တော့ဘဲ ခေါင်းကိုပဲ တသွင်သွင်ခါယမ်းနေမိတော့တယ်။ နဒီက ကိုယ်ဟန်ပြနေရာကနေ သူ့အနားကို ရောက်လာတယ်။ ပြီးတော့ သူ့ကိုပြောတယ်။

'လင်းညီ ရှင် ဘာဖြစ်သွားတာလဲ၊ ပန်းချီကားရောပြီးသွားပြီလားဟင်'

မေးခွန်းတွေနဲ့အတူ နဒီရဲ့ အကြည့်တွေက ပန်းချီကားဆီကိုရောက်သွားတယ်။ ပန်းချီကားထဲမှာ နဒီဆိုတဲ့ ကောင်မလေးတစ်ယောက်ကို နဒီကိုယ်တိုင်ပြန်တွေ့လိုက်ရတယ်။ ဒါပေမဲ့... ဒါပေမဲ့ ပန်းချီကားထဲက ကောင်မလေးရဲ့ မျက်လုံးတွေက အဖြူသက်သက်...။

'အိုး'

အံ့သြမှု၊ ပြီးတော့ ဆက်တိုက်ဖြစ်လာတဲ့ ထိတ်လန့်တုန်လှုပ်မှု၊ နဒီ ပန်းချီကားကို ဆက်မကြည့်ရဲတော့ဘဲ အတွက် မျက်လုံးတွေကို လက်နှစ်ဖက်နဲ့ အုပ်ပစ်လိုက်တာ သူတွေ့လိုက်တယ်။

'လင်းညီ ရှင်ဘယ်လိုလုပ်လိုက်တာလဲ၊ မျက်လုံးတွေကို ဘာဖြစ်လို့ ထည့်မဆွဲရတာလဲ၊ ဒီမျက်လုံးတွေ မရှိမှတော့ ကျွန်မ ဘယ်လိုလုပ်လုတော့မှာလဲရှင့်'

သူ နဒီ့အနားကို တိုးကပ်ပြီး နဒီ့ရဲ့ပခုံးလေးကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်လိုက်တယ်။ နဒီ ငိုနေပြီဆိုတာကို တသိမ့်သိမ့်တုန်နေတဲ့ ပခုံးသားလေးတွေကတစ်ဆင့် သူသိလိုက်တယ်။ မတတ်နိုင်ဘူး၊ ပြောသင့်တဲ့စကားကိုတော့ သူပြောမှ ဖြစ်လိမ့်မယ်။

'နဒီ ဒီပန်းချီကားက မပြီးသေးပါဘူး၊ ဒါပေမဲ့ အခုလက်ရှိ နဒီ့ရဲ့ မျက်လုံးတွေကိုတော့ ကျွန်တော် ထည့်မဆွဲပါရစေနဲ့ဗျာ။ နဒီ သိပ်လှပါတယ်။ အဲဒီလို နဒီ သိပ်လှတယ်ဆိုတာကို နဒီကိုယ်တိုင်လည်း သိနေတယ်။ ဒီအထိက ပြဿနာ မဟုတ်သေးဘူး။ ဒါပေမဲ့ အဲဒီအလှပေါ်မှာ အလွန်အကြူး ကိုးစားမှု၊ ဒီအလှရဲ့ အောက်မှာ ယောက်ျားအားလုံး ဒူးထောက်ရမယ်ဆိုတဲ့ စိတ်ခံစားမှု၊ နောက်ပြီး အဲဒီစိတ်ခံစားမှုကြောင့် ဖြစ်လာတဲ့ ဖိတ်ခေါ်ဆွဲငင်မှု၊ အဲဒါတွေအားလုံးကို နဒီ့ရဲ့မျက်လုံးထဲမှာ ကျွန်တော် တွေ့လိုက်ရတယ်ဗျာ။ ကျွန်တော့်စိတ်ထဲမှာတော့ နဒီ့ရဲ့ အလှတရားဟာ နဒီ့မျက်လုံးထဲက အဲဒီအရိပ်တွေကြောင့် ယိုင်သွားတယ်လို့ ခံစားလိုက်ရတယ်။ အဲဒါကြောင့် နဒီရဲ့ အခုမျက်လုံးတွေကို တော့ ကျွန်တော် ဒီပန်းချီကားလေးထဲမှာ ထည့်မဆွဲပါရစေနဲ့ဗျာ'

ဒေါသတစ်ဝက်၊ ဝမ်းနည်းမှုတစ်ဝက်ပါနေတဲ့ မျက်ဝန်းတွေနဲ့ နဒီက သူ့ကို မော့ကြည့်တယ်။ သူ နဒီ့ရဲ့ ပါးပြင်ပေါ်က မျက်ရည်တွေကို လက်ချောင်းလေးတွေနဲ့ သုတ်ဖယ်ပေးလိုက်ရင်း စကားကို ဆက်လိုက်တယ်။

'သန့်စင်မွန်မြတ်တဲ့ အလှတရားတွေကိုပဲ ပန်းချီကားတွေအဖြစ် ရေးဆွဲချင်ခဲ့တာ ကျွန်တော့်ရဲ့ မွေးရာပါ အားနည်းချက်တစ်ခုပါ နဒီ။ ကျွန်တော့်ကို စိတ်မရှိပါနဲ့ နဒီ့ရဲ့ မျက်ဝန်းထဲက အရိပ်တွေဟာ နဒီ့ရဲ့ စိတ်ကြောင့်ဖြစ်လာတာပါ။ သန့်စင်မွန်မြတ်တဲ့ အလှတရားအကြောင်းကို နဒီ သိလာတဲ့ တစ်နေ့မှာ နဒီရဲ့ စိတ်တွေပြောင်းလာလိမ့်မယ်။ အဲဒီအခါ မျက်ဝန်းထဲက အရိပ်တွေလည်း ပါးလျသွားမှာပါ။ ပြန်လာခဲ့ပါ နဒီ။ ကျွန်တော် စောင့်နေပါ့မယ်၊ တစ်နေ့နေ့ပေါ့၊ အရာရာကို နားလည်ပြီး နဒီရဲ့ မျက်ဝန်းလေးတွေ ပကတိ လှပစွာနဲ့ ပြန်လာမယ့် တစ်နေ့မှာ ဒီပန်းချီကားလေးထဲကို သိပ်လှတဲ့ မျက်ဝန်းလေးတစ်ခုကျွန်တော် ဖြည့်စွက်ပေးပါ့မယ်။ အဲဒီနေ့ကျရင် မွန်မြတ်တဲ့ အလှတရားတွေနဲ့ မြင်ရသူတိုင်းကို သန့်စင်တဲ့ခံစားချက်တွေပေးမယ့် ကမ္ဘာပေါ်မှာ အလှဆုံးကောင်မလေးတစ်ယောက် ဒီပန်းချီကားထဲကို ရောက်လာမှာ သေချာပါတယ်။

❑

'အချိုးမညီခြင်းတစ်ခုမှာလည်း အလှတရားတစ်ခု ရှိနေနိုင်ပါတယ် ကောင်မလေးရယ်'

သူ ပါးစပ်ကနေ တိုးတိုးကလေး ရေရွတ်ရင်း လှည့် ကြည့် လိုက်တယ်။ နဒီ...။ သိပ်လှတဲ့မျက်ဝန်းတွေနဲ့ သူ့ကို ပြုံးပြုံးကြည့်နေတဲ့ နဒီ။ မပြီးသေးတဲ့ ပန်းချီကားတစ်ချပ်ကို သူ အဆုံးသတ်ရမယ့်နေ့ ရောက်ခဲ့ပြီ ထင်ပါရဲ့။

■

နေဝုန်းလတ်

www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၂၉၅/ဒွန်၊ ၂၀၁၄
ရုပ်ပုံဖက္ကင်း
ဒွေးဂျည်ဝ/ဆုံး

ပရိသတ်တို့
နှလုံးသား နံရံများ
နှင့်နှင့်သီး
တုန်ခါသွားစေ
နတ်ဆိုင်းသံသ
ထိုအခင်းအကျင်း
ထဲတွင် ပိုင်ပိုင်
မင်းမူလူ
မြူးကြွစွာ
သွက်လက်စွာ
စည်းဝါးနရီကိုက်စွာ
ဆိုင်းပိုင်
နောက်ဘ
အမြင့်တစ်နေရာ
အဆိုပိုင်
ဥသြရွေက အသံ
လိုသလို လှည့်ကစား
ပညာကို
ထုတ်သုံး
နေလေ
အအော်အဟာ
အရစ်အပတ်
အနိမ့်အမြင့်
အဝေအဝိုက်စုံစွာဖြင့်
မကြာခဏ ဆိုသ
နဖူးပြင်
စို့ထွက်လာသော
ချွေးစေးများ
လက်တစ်ဖက်
လက်ကိုင်ပဝါ
တို့သုတ်နေရသည်
အကြိမ်ကြိမ်
ဆောင်းမဟုတ်သော
ဆောင်းက အပူလှိုင်းတို့
တရားမဝင်
လက်ထပ်ပေါင်းသင်း
ထားလေရော့လားမသိ
သူမ နှုတ်ခမ်းနှင့်
မကွာမလှမ်းမ
မိုက်ကြီ
ဖုန်းကအော
လက်ဘာစ်ဖက်
အတွင်း

www.burmeseclassic.com

အမှတ် ၂၉၅/ဒွန်၊ ၂၀၁၄

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လူပ်လီလူပ်လဲ့။

'နေညီဆိုရင်ကွယ် ××× ထန်းရည်ကို သူကြိုက်ပါသတဲ့ ××× နေထွက်နေစောင်း ချိန်ထိ ××× ရွှေကြက်ကို သူလောင်းတယ် ××× ကိုကြီးကျော်×××တကယ်လွန်လွန်း ပါတယ် ××× ဟေ့ ××× ဟေ့ ××× ဟေ့၊ ဟေ့ ××× ဟေ့ ××× ဟေ့'

ယခုလို အချိန်မျိုးတွင် သူမ ပို၍တက်ကြွနေရမည်။ နိုးကြားနေရမည်။ မြူးကြွားနေရမည်။ မကြာခင် ကိုကြီးကျော်နှတ် ဝင်ပူးနေသည့် မာမီဦးလက်ထဲမှ အစိမ်းရောင်၊ အနီရောင် စက္ကူတွေ သူမတို့ ဆိုင်းဝိုင်းဆီသို့ ဝဲပစ်တော့မှာမို့လား။ ဆိုလိုက်စမ်းနောက် တစ်ပိုဒ်။ မောနေလား၊ အသာ မှေထားလိုက်။ ဆိုင်းဝိုင်းအတွင်းမှ ဆိုင်းဆရာကိုစိန်ဗလက ဘာကိုမှ ဂရုထားပုံ မရဘဲ သူ့ပတ်ပတ်လည်မှ ဇုံလေးများအပေါ် အာရုံစူးကျစ်ကာ လက်နှစ်ဖက်က ဟိုဟို ဒီဒီ ပြေးလွှားနေသည်။

အတော်အတန် ကျယ်ဝန်းသော ကနားအတွင်းရှိ ရှေ့အထက်ပိုင်းတွင် အဆင့်သုံးဆင့်ထားကာ နတ်ရုပ်တုတချို့နှင့် အုန်းပွဲ၊ ငှက်ပျောပွဲများ ထားရှိသည်။ ထိုစင်ရှေ့တွင် အနီရင့်ရင့် နတ်ဝတ်စုံကို ဝတ်လျက် ဘယ်လက်တွင် အရက်ပုလင်းကိုကိုင်၊ ညာလက်တွင် ငွေစက္ကူများကိုင်ဆောင်ထားသော မာမီဦးမှာစည်းချက်ကျကျ၊ ကကွက်လှလှဖြင့် ယိမ်းထိုး မြွောက်ခုန်နေ၏။ မျက်နှာပြင်တွင် ရောင်စုံအခြယ်အသများကို

အရှေ့မှ ယပ်တောင်တစ်ချောင်းဖြင့် ခပ်သွက်သွက် ခတ်ပေးနေသူက ကိုချမ်း သူက မာမီဦး၏ အသည်းကျော် အချစ်တော်ဆုံးရှုံးမှု များစွာ ပေးဆပ်မှုပေါင်း များစွာဖြင့် ဘဝဘဝမှ ဝဋ်ကြွေးများကို ပြန်လည်ပေးဆပ်နေရသည့်ကောင်လေး

စနစ်တကျ ခြယ်မှုန်းထားသည်။

ရွှေများ မြင်မကောင်းအောင် ဝတ်ဆင်ထားသည့် မိန်းမကြီး နှစ်ယောက်က အနားတွင် တယုတယ နတ်ချော့နေသည်။ ထိုအထဲမှ တစ်ယောက်မှာ ငွေကြေးအကုန်အကျခံလျက် ဒီနတ်ကနားကိုပေးသည့် ဒေါ်သီတာ။

အရှေ့မှ ယပ်တောင်တစ်ချောင်းဖြင့် ခပ်သွက်သွက် ခတ်ပေးနေသူက ကိုချမ်း။ သူက မာမီဦး၏အသည်းကျော်၊ အချစ်တော်။ ဆုံးရှုံးမှုများစွာ၊ ပေးဆပ်မှုပေါင်းများစွာဖြင့် ဘဝဘဝမှ ဝဋ်ကြွေးများကို ပြန်လည်ပေးဆပ်နေရသည့်ကောင်လေး။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ထုံထုံအီအီ အမွှေးနံ့သာများက အားလုံး၏ နှာဖျားဝသို့ ခွင့်တောင်းစရာ၊ ဗီဇာယူစရာ မလိုဘဲ ကူးချည်သန်းချည်၊ ဝေ့ချည် ဝိုက်ချည်။

ပရိသတ်အများစုမှာ အရွယ်စုံမိန်းမနှင့် ကလေးများသာဖြစ်သည်။ သူတို့ထဲမှ မှုံရီ၊ မနိုင်၊ ဒေါ်ထားတို့မှာ ကနားပွဲ၏ ဖမ်းစားမှုအောက်တွင် တမေ့တမော ငေးမောရင်း နစ်ဝင်နေကြသည်။

'ကနားစီး မာမီဦးလို့သာ ပြောသံကြားနေတာ။ ခုမှ မြင်ဖူးတယ်။ လေးဆယ်လောက်တော့ ရှိလောက်ပြီ'

မှုံရီက ရီထွေထွေလေး ငေးရင်း ရေရွတ်တော့ မနိုင်က မဲ့ကာရွဲ့ကာဖြင့်...

'ကမလားအေ့။ အသားဖြူပြီး မိတ်ကပ်တွေ လိမ်းထားလို့။ ဒီလူကြီး မသကာမရှိဘူးဆို အနည်းဆုံး ငါးဆယ်အောက်ထစ်'

'သူ့ရှေ့ကကောင်လေးက ချောတယ်နော်။ ဗြုန်းခနဲ ကြည့်ရင် အောင်ရဲလင်းလိုလို ဘာလိုလို ဟီ ဟီ'

မနိုင်ကမှုံရီ လက်မောင်းအား တစ်ချက်ပုတ်လိုက်ပြီး...

'အမယ်လေး ကောင်မရယ် သွားမလုပ်လိုက်ပါနဲ့။ နင့်စိတ်ထဲ တွေးတာသိတာနဲ့တင် ဟိုဟာမကြီး အဲ အဲ ဟိုကောင်ကြီး နင့်ကို အသေလိုက်သတ်မှာ။ ဘာမှတ်လဲ။ သူက သူဟာလေးကို နည်း နည်းမှ အထိခံတာ မဟုတ်ဘူး'

'ချောလို့ ချောတယ်ပဲ ပြောတာပါ မနိုင်ရယ်။ အတွေးပေါက်မနေစမ်းပါနဲ့။ သြော် အဲဒီဟာကြီးတွေရဲ့ ရောဂါကလည်း တစ်မျှောင့်ပါလားနော်။ အင်းလေ ပိုက်ဆံရှိတော့လည်း တစ်မျိုးပေါ့'

ဒေါ်ထားက သူတို့ကြည့်နေတာတွေကို စိတ်မဝင်စားပဲ ကနားပွဲနောက်ဘက်ရှိ ခင်နားထည်ဝါလှသည့် တိုက်ကြီးကိုသာ ငေးမောကြည့်နေမိသည်။ အနည်းဆုံး သိန်းထောင်ကျော်တန်မည်ဟု သူမ တွက်သည်။ တိုက်အဝင်ဝတွင် လူတွေ ဝင်လိုက်ထွက်လိုက်နှင့် အလုပ်ရှုပ်နေ၏။ တစ်နေရာတွင် ဒရင်ဘက်ပေါ် စန့်စန့်ကြီးလှဲရင်း ယပ်တောင်တဖျပ်ဖျပ်ခတ်နေသော လူဝကြီး။ ရပ်ကျော်ရွာကျော် သူဌေးမို့ လူချင်းသာ မသိချင်နေမည် ဦးဇေဆိုသော နာမည်ကိုတော့ ဆော်တော်များများ သိကြသည်။ ဒေါ်သီတာ့ ယောကျ်ား၊ ကုမ္ပဏီပေါင်းများစွာကို မည်သို့ပိုင်ဆိုင်ထားသည်မသိသော်လည်း အကောင်းစားလောင် လူကြီးတွေနှင့် ပေါင်းရာသင်းရာတွင် အလွန်တော်သည်ဟု နာမည်ရသည်။ ခေတ်တစ်ခေတ် စနစ်တစ်ခုကို ဖြတ်သန်းရာတစ်လျှောက် ဟိုခုနဒီကူး အလွန်ကျွမ်းကျင်သူ၊ တချို့က ခရိုနီဟူ၍လည်း ခေါ်ကြသည်။ သူမကတော့ နားမလည်ပါ။ ကုန်ခုပဲရှိသည်။ သူတို့လို ငွေပို ငွေလျှံများစွာနှင့် ဒုက္ခကို

www.burmeseclassic.com

www.burmeseclassic.com

သူ့အဖြစ် အရောင်ဆိုးပြနိုင်သူတွေအပေါ် မိန်းမသားပီပီ ဝေဖန်ထား အားကျမိသည်မှာ အမှန်ပင်။

ကိုကြီးကျော် ကြက်ဆောင်းတော့မည်။ မာမီဦးက သူလက်တစ်ဖက်တွင် ကိုင်ထားသော ငွေတွေကို ဆိုင်းဝိုင်းထဲသို့ ပစ်ပိုလိုက်သည်။ ဆိုင်းသမားနှင့် အဆိုတော်တို့၏ မျက်ဝန်းတွေက တောက် တောက် လဲ့ လဲ့ ။ ကနားစီး၏ လက်နှစ်ဖက်ဆီကြက်ရုပ်တုလေးနှင့် ရွှေခွက် ရောက်လာသည်။ ချက်ချင်း ဆီသလို ကနားရှင်နှင့် မြို့ထဲမှ နတ်လာချော့သူ သူငွေးမများ၏ လက်ထဲမှ ထောင်တန် ဆွဲ ရွှေခွက်ထဲ ပြုတ်ကျလာသည်။ မထည့်လိုက်ရမှာ နှီးသဖြင့် တိုက်အတွင်းမှ အူသားဖားယား ပြေးလာသူတွေပင် ရှိသည်။ 'သြော် သူတို့များကျတော့လည်း ပေါများလိုက်တာ' ဟု ဒေါ်ထားစိတ်တွင်းမှ ရေရွတ်ကာ မနာလိုပင်ဖြစ်လိုက်မိသေးသည်။ မည်သို့ပင်ဆိုစေ သူမတို့ ဒီနေရာသို့ ရောက်လာရသည့် အရေးအကြီးဆုံးအချက်မှာ ဘယ်နတ်ပါးစပ်ဖျားက ထွက်ထွက် ပြောလာသည့်ဂဏန်း ရရေးပင်။ ဆင်းရဲသားတွေမို့ ကိုယ့်အားကိုယ် မကိုးနိုင်တော့မည့်အတူတူ အရှင်တွေကို အားကိုးရံသာရှိတော့ မည်ပေါ့။

ကိုချမ်းက မာမီဦး၏ နဖူးဆီမှ ချွေးစလေးများကို တို့သုတ်ပေးနေသည်။ တွန့်ကြေသွားသော နေရာလေးများကို စန့်အောင်ဆန့်ပေးနေသည်။ ထို့နောက် အားလုံး အဆင်သင့်ဖြစ်လေပြီ။ ဆိုင်းဆရာမှာ အောက်နားဆီမှ ခွက်ကိုယူကာ ခပ်သွက်သွက် တစ်ချက်မော့ချလိုက်ပြီးချိန်တွင် အသားမာထနေသော သူလက်တွေလည်း အဆင်သင့် ဖြစ်နေပါပြီ။

❑

၁။

မာမီဦးမျက်လုံးတွေ မီးဝင်းဝင်းတောက်နေသည်။ နားနှင့်ကပ်ထားသော ဟမ်းဖုန်းကိုင်လက်မှာ တဆတ်ဆတ်၊ တစ်ဖက်မှ ပြောသူအသံ မကြားရတော့။ သူဟမ်းဖုန်းကို တစ်ချက်ကြည့်ကာ 'တောက်' တစ်ချက် ခေါက်လျက် ဆောင့်ပိတ်ပစ်လိုက်သည်။

'တော်တော် ကျေးဇူးကန်းတဲ့ကောင်တွေ'

သူစိတ်ထဲ တော်တော် အချဉ်ပေါက်သွားပေပြီ။ ဒီလူတွေ သူအကူအညီပေးနိုင်တုန်းကတော့ အနားကရစ်သီရစ်သီနှင့် ရှိတာစိတ်ကြိုက် ဖြုန်းခဲ့သူတွေ၊ ကုန်ကုန်ခန်း ခန်း ပရမ်းပတာ သုံးခဲ့သူတွေ။ ခုတော့ သူယူထားသည့် သိန်းတစ်ရာကျော်ကို သုံးလအတွင်း ပြန်ဆပ်ခိုင်းနေသည်။ ပြန်မဆပ်လျှင် တရားစွဲမည်ဟူ၍လည်း ခြိမ်းခြောက်လိုက်သေးသည်။ အခုလို တောင်းနေတာချည်း အကြိမ်ပေါင်း မနည်းတော့။ ဘယ်လောက် ရင်နာစရာကောင်းလိုက်ပါသလဲ။

ခု ငှားထားသည့် တိုက်ခန်းကလည်း နောက် တစ်လ ဆိုပြည့်ပြီ။ ဒီအခန်းကလည်း အရောင်းအဝယ် ဖြစ်ပြီးသွားပြီမို့ နောက်တစ်နေရာသို့ ပြောင်းရန်သာ ရှိတော့သည်။ သူတွင် တိုတိုထွာထွာ အကြွေးတွေကလည်း ပွကြဲနေသည်။ လက်ဆုပ်လက်ကိုင်ဆို၍ မြို့ထဲတွင် ဖွင့်ထားသည့် ဗြူတီပါလာတစ်ခုသာကျန်တော့၏။ ထိုဝင်ငွေလေးကြောင့်သာ သူမှာ ခံသာနေသေးသည်။

ယခုနောက်ပိုင်း ကနားပေးသည့် အစဉ်အလာနည်းပါးသွားပြီဖြစ်သော်လည်း နတ်ကသည့် အလုပ်ကို သူမစွန့်လွှတ်နိုင်။ မျိုးရိုးအမွေ၊ အသိုင်းအဝိုင်းအမွေ၊ အသွေးအသားအတွင်းမှ စိမ့်ယိုနေသော ဝါသနာ။ ကချင်ခုန်ချင်စိတ်က ရင်တွင်းမှ မည်သို့ပင် မောင်းထုတ်မောင်းထုတ် မရ။ တားမရ၊ ဆီးမရ။ တော်သေးသည်။ ကနားပွဲရှိလျှင် ဆိုင်အတွက် စိတ်ချလက်ချ လက်လွှဲထားလို့ရသည့် တပည့်များ ရှိနေခြင်းပင်။ မည်သို့ပင်ဆိုစေ ကိုချမ်း၏ အပြုအစု၊ အယုအယ အောက်တွင် နတ်ကနေရလျှင် သူ သိပ်ကျေနပ်နေပေပြီ။ အရာရာအားလုံးကို မေ့ထားနိုင်ပြီ။ သို့သော် သူတွင်ရှိသည့် အကြွေးများအားလုံးကိုချမ်း သိသွားလို့မဖြစ်။ သူ့အရှုပ်တွေသာသိလျှင် ကိုချမ်းသူ့အပါးမှ မြန်မြန်လစ်မှာသေချာသည်။ သူဝတ်ထားစားထားသည်များ အားလုံး အတုတွေချည်း။ ခုချိန်တွင် သူ၏ မာန်တစ်လုံးကြောင့်သာ ကိုချမ်းကို လက်ဝါးလေးနှင့် အုပ်ထားနိုင်ခြင်း ဖြစ်သည်။ အကယ်၍သာ ကိုချမ်း သူ့ကို ပစ်သွားလျှင်...။ ထိုအတွေးမျိုး ဝင်လာတိုင်း သူလောင် မြိုက်ရသည်။ စိုးရိမ်ထိတ်လန့်ရ သည်။

ထိုစဉ် အခန်းဝမှ ခေါင်းလောင်းသံလေး မြည်လာတော့ ကိုချမ်းပြန်လာတာပဲဟု မှတ်သည်။ တံခါးဖွင့်ပေးလိုက်သည့်အခါ သူ အံ့သြသွားသည်။

'ဟယ် သီတာ ကြားသားမိုးကြိုး။ ဘယ်ကနေဘယ်လို မျက်စိလည်လာရတာတုံး မိန်းမရဲ့'

မာမီဦးက ပြောလည်းပြော သံတံခါးကိုလည်း မြန်မြန်ဖွင့် ပေးလိုက်သည်။ ဒေါ်သီတာက ခပ်ယိုင်ယိုင်လေး ဧည့်ခန်းထဲဝင်လာကာ လက်ကလေးဖြင့် မျက်နှာလေးကို ခတ်ယမ်းလျက်...

'မောလိုက်တာ မာမီရယ် ရေအေးအေးလေးတစ်ခွက်လောက် တိုက်စမ်းပါဦး'

'အို ရမယ် ရမယ်'

မာမီဦးက ခပ်သွက်သွက်ပင် ရေခဲသေတ္တာအတွင်းမှ ရေတစ်ခွက်ကိုယူကာ ဧည့်ခံသည်။

'မိန်းမကို ကြည့်ရတာ အကြောင်းထူးတစ်ခုခု ရှိနေသလိုပဲ'

ဒေါ်သီတာက ရေကို တစ်ငုံသောက်လိုက်ပြီး စားပွဲပေါ် ပြန်ချကာ...

'မာမီတော်တယ်။ မာမီ့ဗိုက်ထဲ ပုဏ္ဏားလေး ရှိနေသလိုပဲ။ ဟင်း ဟင်း'

'ကိုယ်တော်တွေ ပုဂ္ဂိုလ်တွေက စောင့်ရှောက်ထားတာပဲ သီတာရယ်၊ မျက်နှာမြင်လိုက်တည်းကို ကအရေးအကြောင်းတစ်ခုခု ရှိပြီဆိုတာ သိလိုက်ပြီ'

မာမီဦး ညုတုတုလေး

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်တော့ ဒေါ်သီတာသဘောအကျကြီး ကျသွားသည်။ နောက်ထပ် ရေတစ်ငုံကို မော့သောက်အပြီး…

'ဒီလိုမာမီရေ၊ ဒီလို။ ဒါကိုယ့်ချင်းကိုယ့်ချင်းမို့ ပြောတာနော်၊ တခြားသူတွေဆီ ပါးစပ်သွားမသရမ်းလိုက်နဲ့ဦး။ နို့မို့ တခြားသူတွေ ဝမ်းသာလုံး ဆို့နေကြဦးမယ်'

မာမီဦးက မျက်စောင်းလေး လှလှပပ ထိုးလိုက်ကာ…

'ကြည့် သီတာတို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ မာမီတို့ ပါးစပ် ဆတ်စလူးထတာ ထတာပဲ၊ ဒါပေမဲ့ သူများရဲ့ တော့(ပ)စီးကရက် ဆိုတာမျိုးဆိုရင်တော့ ထိပ်တန်းလျှို့ဝှက်ပြီးသား။ ကိုင်းမယုံမရှိနဲ့ ပြောမှာသာပြော'

ဒေါ်သီတာက သက်ပြင်းလေးတစ်ချက် မှုတ်ထုတ်ရင်း…

'ဒီနှစ်ဝိုင်း ဘယ်လိုဖြစ်တယ် မပြောတတ်ပါဘူး မာမီရယ် လုပ်လို့ကိုင်လို့ ဘာတစ်ခုမှကို အပေါက်အလမ်းမတည့်ဘူး။ အကုန်အလွဲလွဲအချော်ချော်ပဲ။ စီးပွားရေးတွေ ကျလေလေ အိမ်ကဟာကြီးနဲ့ တကျက်ကျက် ဖြစ်လေလေပဲ။ ပတ်ဝန်းကျင်ကတော့ ဘယ်သိပ်မလဲ၊ ခုထိ အထင်တွေကြီးနေကြတုန်း။ သူ့အထက်က ဆရာတွေနဲ့လည်း ပြဿနာဖြစ်ကြသေးတယ်လေ။ ခု သတင်းစာ ဂျာနယ်တွေက ဝိုင်းအုံသမနေတာတွေကို အချဉ်ပဲဆိုပြီး သဘောထားတော့ သင်း ထိပြေပေါ့။ သားသမီးတွေကလည်း တစ်ယောက်မှ

ဖေကြီးကျော်ကိုယ်တော်ကြီးဘုရား
အမိုက်မဲလေးတွေ
မဆင်မခြင်
လုပ်မိတာ
ဗြေမယူဘဲ
ခွင့်လွှတ်
ပေးတော်မူပါ
ဘုရား
အပြစ်တော်
မတင်ဘဲ
အချစ်တော်
ဝင်စေချင်
ပါတယ်ဘုရား

ပြောမကောင်းဘူး။ မိဘတွေ စီးပွားရေးကျပါတယ်ဆိုမှ ဖြုန်းလိုက်တဲ့အဖြုန်း၊ မိဘတွေ ဘာတွေဖြစ်နေဖြစ်နေ သင်းတို့ဘာမှ နားမလည်ဘူး။ ဟူး ခက်ပါတယ်'

'သီတာက ကိုယ်တော်ကြီး တော်ကောက်ထားတဲ့ မိန်းမပဲ၊ တစ်ခုခု အမျက်အရှုဖြစ်အောင် လုပ်မိလိုက်လို့လား။ သူ မကြိုက်တာ ဘာတွေများ လုပ်မိသွားသေးလဲ'

'ပြောတတ်တော့ ပါဘူး မာမီရယ်၊ တို့လည်း ဝတ်မပျက် ပူဇော်ပသနေတာပါ။ စားတော်စာဆက်ရ ဆုတွေတောင်းရတာလည်း ဖတ်ဖတ်ကိုမောလို့။ အဲ့ တစ်ခုတော့ ရှိတယ်။ ဆက်ထားတဲ့ ဝီစကီကို သားအကြီးကောင်က ယူယူပြီး သောက်တတ်တယ်။ ဝယ်မသောက်နိုင်လို့ မဟုတ်ဘူး၊ နတ်တွေကို ထော်လော်ကန့်လန့် လုပ်နေတာ'

'အို ဖြစ်မှဖြစ်ရလေ ဒါကိုကြီးကျော် ကြိုက်တော်မူတဲ့ သောက်တော်ရေလေ။ အဲ့ဒီလို မထီလေးစား လုပ်လို့ကတော့ တစ်စက်လေး ကြိုက်တာမဟုတ်ဘူးတော်ရဲ့။ မဖြစ်သေးပါဘူး၊ မဖြစ်သေးပါဘူး'

မာမီဦးက စိုးရိမ်ပူပန်ဟန်လေးဖြင့် လက်အုပ်လေး ကပျာကယာကောက်ချီ နမူး ထိပ်ပေါ်တင်လိုက်ပြီး…

'ဖေကြီးကျော်ကိုယ်တော်ကြီးဘုရား အမိုက်မဲလေးတွေ မဆင်မခြင် လုပ်မိတာ ဗြေမယူဘဲ ခွင့်လွှတ်ပေးတော်မူပါ့ဘုရား၊ အပြစ်တော် မတင်ဘဲ အချစ်တော် ဝင်စေချင်ပါတယ်ဘုရား။ သာသနာ ငါးထောင့်ငါးရာ သိကြားသာသနာစောင့်ကြပ်တော်မူသော သာသနာစောင့်နတ်၊ မဟာပထဝီမြေကြီးစောင့်ထိန်း တော်မူသော မဟာဝသုန္ဓရေနတ်မင်းအမှူးထား၍ သူရဿတီ၊ စန္ဒိပရမိ၊ ဒေဝီခုနစ်ပါး၊ ဒေဝီကိုးပါး၊ ဒေဝီဆယ်ပါး၊ ဒေဝီနှစ်ဆယ့်တစ်ပါး၊ ဝိဇ္ဇာရုဒ်သောင်း၊ ဆရာ့ဆရာအပေါင်း၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ဝိယဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ထွက်ရပ်ပေါက်၊ ပေါက်ဆရာခြောက်ဆယ့်လေးယောက်၊ ကိုးဆယ့်ခြောက်ယောက်နှင့် တကွ သုံးဆယ်ကျော် ခုနစ်မင်း၊ ထီးဆောင်းမင်း၊ တစ်ရာတစ်ဆယ့်ဆစ်ပါးသော အထူးနတ်မင်းများနှင့် နတ်မိဖုရားများအားလုံးတို့ ငါတည်၍ ဟော့ဒီ သောကြာသမီးကြီးအား စောင့်ရှောက်ပေးပါကြည့်ရှုပေးပါ။ စီးပွားရေးလည်း ဒီရေအလား တိုးပွားအောင် ဆောင်ကြဉ်းပေးတော်မူပါဘုရား၊ မြို့ပင်မတော်မူပါဘုရား'

မာမီဦး အာခေါင်တွေခြောက်ကပ်သွားလောက်သည်အထိ တိုင်တည်ပေးလိုက်သည်။ ဒေါ်သီတာ အားမရသေး၊ သူမ ယောကျ်ားအခက်အခဲ အကျပ်အတည်းများကြားမှ လျှပ်စစ်စိမ်ကန်တစ်ခုကို ဆက်လက်လုပ်မှာမို့…

'သီတာကတော့ ကနားပေးဖို့ ဆုံးဖြတ်လိုက်ပြီမာမီ။ အခက်အခဲတွေ အားလုံးကျော်ဖြတ်ချင်တယ်၊ ဘယ်လောက်ကုန်ကုန် အရေးမစိုက်ဘူး။ နို့မို့ စိတ်ထဲမှာ ကသိကအောက်နဲ့ မရှင်းဘူး'

ထိုစကားတစ်ခွန်းက မာမီဦးမနောကို ကောင်းစွာ ခွေ့သွားစေပါသည်။ ခန္ဓာကိုယ်တစ်ခုလုံး ရုန်းရုန်းကြကြဖြစ်ကာ…

'အို သိပ်ကောင်းတာပေါ့သီတာရယ်၊ သိပ်ကောင်းတာပေါ့။ ကိုယ်တော်တွေလိုကြီးကြီးကျယ်ကျယ် ခြိမ့်ခြိမ့်သဲသဲ ပျော်ပွဲပေးလိုက်စေပါဟယ်။ သီတာတို့ လိုအင်ဆန္ဒတွေ တစ်နေ့တခြား ပြည့်မလာတော့ ပြောချင်လှပြော။ ဒီတစ်ခါ စိတ်ကူးတွေ အရမ်းမှန်သွားပြီ

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် သူတို့နှစ်ဦး ကားပေးရန် ရက်ကို ရွေးကြသည်။ ကုန်ကျစရိတ်တွေ ခန့်မှန်းကြသည်။ ထို့နောက် စကားများတတ်သော သတ္တဝါနှစ်ဦးမို့ ဟိုအတင်း ဒီသတင်းတွေပြောကြရင်း ပါးစပ်ညောင်းသွားတော့ ခေါသီတာ ပြန်ရန်ပြင်သည်။

'ဒါနဲ့ မာမီသူငယ်လေး ကိုချမ်းကို မမြင်ပါလား'

'မပြောချင် တော့ပါဘူး သီတာရေ ခုတလော ဒူးတစ်ဖက်က သိပ်မကောင်းချင်ဘူး။ ဒီကြားထဲက သူက ရှောပင်ထွက်ချင်သတဲ့လေ။ နောက်နေ့မှ သွားပါဆိုတာ ပြောလို့ကိုမရဘူး၊ မျက်နှာ ရှုစ်ခေါက်ချိုးလုပ်နေလို့ ပိုက်ဆံထုတ်ပေးလိုက်ရတယ်။ တစ်လတစ်လ ဟိုဟာပူဆာ၊ ဒီဟာပူဆာနဲ့ သူ့ကုန်ကျစရိတ်ကနည်းလား။ ကိုယ်ကချစ်လို့ မွေးထားပြီးမှတော့ ကျွေးရ ဆင်ရတော့မှာပေါ့ သီတာရယ်၊ ဟုတ်ဘူးလား။ ညော့် တစ်ခါတလေ တွက်ပါတယ်၊ ဘယ်ဘဝက ဝဋ်ကြွေးတွေများ ပါလိမ့်လို့'

'ညော့် ဒါထက် စကားမစပ် ပြောရဦးမယ်။ ပြီးခဲ့တဲ့ တစ်လလောက်က ကိုချမ်းကို ကမ္ဘာအေးက ဂမုန်းပွင့်မှာ တွေ့လိုက်သေးတယ်။ သူ့ဘေးနားမှာ ကောင်မလေး တစ်ယောက်နဲ့။ ဟိုဟာမလေးက ဘောင်းဘီတိုထားတာ တကယ့်တိုတိုလေး၊ တီရှပ်လည်ဟိုက်ကလည်း အိုတကယ့်ကို အမြင်မတော်ပါဘူး မာမီရယ်'

'ဟင် ဒါ ဒါ တကယ် မြင်ခဲ့တာလားဟင်'

'မဟုတ်ဘဲနဲ့ ပြောပါ့မလား မာမီရယ်၊ တို့က ရန်တိုက်ပေးတဲ့ စကားမျိုး ပြောတာမဟုတ်ဘူးနော်။ သိရင်ကို ယ့် ဝမ်းထဲကိုယ် ထား၊ မသင့်ဘူးထင်ရင် သိုသိုသိပ်သိပ်ဆုံးမ။ မတော် ကောင်မလေးက ပျက်စီးနေရင် ဘယ့်နဲ့လုပ်မှာတုံး'

မာမီဦးရင်ထဲ နေဆယ်စင်း ခုန်ပေါက်ဝင်လာပြီ၊ ဦးနှောက်တွေ ဆူပွက်ကုန်ပြီ၊ တစ်ခဏအတွင်းမှာပင် မျက်လုံးတွေ ပြာဝေသွားသည်။ ဒီလောက်တောင် အလိုလိုက် အကြိုက်ပေးတာ သင်းလိုအပ် သမျှ အားလုံးဖြည့်ဆည်းပေး နေသည့် ကျေးဇူးတရားကိုမှ မထောက်၊ သင်းမို့ လုပ်ရက် လေခြင်း။ ဒေါသီတာ ပြန် သွားသည့်အခါ သူ့စိတ်ကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ ဟမ်းဖုန်းကို ကောက်ကိုင် လိုက်သည်။ ယခုရော သင်း ဘယ်နေရာမှာ ရှိနေမှာလဲ။ မာမီဦးလက်တွေက တဆတ် ဆတ်တုန်နေပြီ။

❑

၂။

မွန်းစောင်းနေက ရစ် သမ်မပါသည့် ကဗျာတစ်ပုဒ်လို ခပ်တောင့်တောင့်ကြီး ကမ္ဘာမြေပေါ် ခုန်ဆင်းနေသည်။ ဆန်ထုပ်လေးဆွဲလာသော ဥသြရွှေအိမ်ထဲသို့ ဝင်လျှင်ဝင်ချင်း ရင်ဆိုင်သွားသည်။ လင်တော်မောင် ဆိုင်းဆရာ ကိုစိန်ဗလ စောစီးစွာ ပုလင်းထောင်နေသည်မို့လေ။

'ဘယ်အချိန်များ ရှိသေးလို့လဲ ကိုစိန်ဗလရယ်'

'နင် ပူညံပူညံလုပ်ဖို့ တော့ စိတ်မကူးနဲ့နော် ဥသြ၊ ငါ့စိတ်ထဲ ရှုပ်နေလို့ ထိုင်ချနေတာ၊ နင် ငါ့အကြောင်းသိတယ်နော်။ နင်လုပ်စရာရှိတာ လုပ်'

ကိုစိန်ဗလက လေသံအေးအေးလေးနှင့် ပြောလိုက်ခြင်းဖြစ်သည်။ ကိုစိန်ဗလ အကြောင်း ဥသြရွှေ မသိဘဲ နေပါ့မလား။ အနေအေးသူ၊ စကားနည်းသူ၊ အရက်သောက်ပြီးလျှင်လည်း မသောင်းကျန်းတတ်သူ၊ ဆိုင်းပေါ်တွင် သံယောဇဉ်ကြီးသူ။ ထို့ကြောင့်လည်း သူမလင်ကြီးကို တရားဝင်ကွာရှင်းကာ ကိုစိန်ဗလနောက် ကောက် ကောက်ပါအောင် လိုက်လာခဲ့သည်မို့လား။

'တော့်ကို အပြစ်ပြောတာ မဟုတ်ပါဘူးတော်။ ဘေးဖြစ်မှာစိုးလို့ပါ'

သူမ ဆန်ထုပ်လေး ဘေးချပြီး ယပ်တောင်လေး တဖျပ်ဖျပ်ခတ်ကာ အမောဖြေနေရင်းမှ ညည်းညည်း ညူညူလေသံဖြင့်...

'ခုနောက်ပိုင်း ဘာလုပ်လုပ် အဆင်မပြေပါဘူးတော်၊ အရင်ထက်တောင် ပိုပြီး ကျပ်လာသလိုပဲ'

ကိုစိန်ဗလက ဘာမှပြန် မပြော။ ငဲ့ထားသော အရက်ခွက်ကို မော့လိုက်ပြီး အမြည်းလေးတို့ကာ ဆေးလိပ်ကိုသာ တွင်တွင်ဖွာနေသည်။

'ဒါနဲ့ နေစမ်းပါဦး၊ ဒီမိုကရေစီရရင် လူတွေချမ်းသာတော့မှာဆို။ ခုရော ဒီမိုကရေစီရပြီလား၊ မရသေးဘူးလား။ မရသေးလို့သာ ကျပ်တို့ မပြေမလည်ဖြစ်နေတာ မဟုတ်လား'

'သောက်ရူးမ၊ နင်ဟာလေ သီချင်းဆိုတတ်ရုံကလွဲရင် ဘာမှ ခေါင်းမရှိဘူး'

'ဘာရယ် တော်က ကျုပ်ကို အသိဉာဏ်နည်းတယ်ဆိုပြီး နှိပ်ကွပ်နေတာပေါ့လေ'

'ဒီမို ကရေစီဆို တာ စနစ်တစ်ခုကိုပြောတာ။ အခုမှ အဲဒီစနစ်ကို ခြေချရုံပဲရှိသေးတာ။ ဒီမိုကရေစီဆိုပြီး ဘာမှန်းမသိ ညာမှန်းမသိ၊ နင့် အမေလင် ရွှေထုပ်ထမ်းလာပြီး ရော့အင့်လို့ ပေးတယ်များ အောက်မေ့နေလား'

ဥသြရွှေ မျက်စောင်းတစ်ချက် ကောင်းကောင်းကြီး ပစ်လွှတ်လိုက်ပြီး...

'သီဘူးလေတော် ကျုပ်လည်း သူများပြောတာ ပြောကြည့်တာ၊ ထားပါ။ ခု ရှင့်မင်းသမီးတွေ ညည်းနေတာ သိလား၊ စက်ရုံမှာ သူတို့ မလုပ်ချင်တော့ဘူးတဲ့။ နိုင်ငံခြားသားက တော်တော်ဆိုး သလို ကြီးကြပ်ရေးမှူးက လည်း နည်းနည်းမှကို အလစ်ပေးတာ မဟုတ်ဘူးတဲ့။ တစ်နေကုန် မတ်တတ်ဆိုလား။ ပေးတဲ့လစာနဲ့ အဲဒီ ဒုက္ခ မခံစားနိုင်တော့လို့ ထွက်ချင်ပြီတဲ့'

'ဒီလောက် အလုပ်ရှာရ ဖွေရ မလွယ်တဲ့အထဲ သင်းတို့က ဘယ်မှာသွားလုပ်မှာလဲ။ ငါက KTV ပို့ပေးရမှာလား'

'ရှင်ဟာလေ အဖေဖြစ်ပြီး စကားကို ဆင်ဆင်ခြင်ခြင် မပြောဘူး။ အင်းလေ တော်ပါလာတဲ့ သမီးတွေမို့လို့ပေါ့၊ ကျုပ်သမီးရင်းသာဆို ရှင်မလွယ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com

သူမခြေဆောင့်ကာ မီးဖိုချောင်သို့ဝင်လျက် ထမင်းအိုးတည်သည်။ အတော်ကြာတော့ သူမ ယောကျ်ားကို တကြော်ကြော်ခေါ်ပြန်သည်။

'ပြော ပြော ဘာပြောမှာလဲ'

'အချိန်လေးရှိတုန်း ဟိုကိုပြေးလိုက်ဦး၊ မည္ဆန့်ပေးထားတဲ့ ဂဏန်းလေး။ သူခမျာ အိမ်ကိုလာပြီး တကူးတက ပြောရှာတာ။ မေ့နေလို့ ထွက်လာရင် ပွစိပွစိလုပ်မှာ'

'ဒီမိန်းမ ပြောတာတွေ ငါစိတ်မဝင်စားပါဘူးဟာ ဆယ်ခါရံမှ တစ်ခါတိုးတာပါ။ မနက်က ပါသွားတာရော ဘယ်လောက်များပြီလဲ'

'ဘယ် လောက် များများ။ ဒါ တောင်ပေါ်ဂဏန်း၊ ပုဂ္ဂိုလ်တွေကပေးတာတဲ့။ သူ ဆီသွားသွားမေးရတဲ့ သူဌေးတွေဆိုတာ နည်းတာမဟုတ်ဘူးတဲ့'

'မင်းပဲ သွားလိုက်ပါလားကွာ'

'ကျုပ်က ထမင်းအိုးတန်းလန်းကြီးနဲ့တော့'

'အလုပ်ရှုပ်လိုက်တာကွာ၊ ဘာလဲ ထုံးစံအတိုင်း အကြွေးမှတ်ခဲ့ရမှာလား'

'ဒါ ရှင်အသိဆုံးလေ၊ ကျွန်မပြောနေစရာ လိုသေးလား'

ကိုစိန်ဗလ စိတ်ပျက်လက်ပျက်နှင့် လက်ကျန်ခွက်လေးကို မော့ကာ စွပ်ကျယ်လေးကောက်လျှိုလျက် အိမ်ပြင်ထွက်သွားသည်။ မကြာပါ။ မိန်းမတစ်ယောက် ရောက်လာသည်။ အကြွေးလာတောင်းသူ။

'ညည်းတို့ ဘယ်လို

ဒီမိုကရေစီဆိုတာ စနစ်တစ်ခုကို ပြောတာ အခုမှ အဲဒီစနစ်ကို ခြေချရုံပဲ ရှိသေးတာ ဒီမိုကရေစီဆိုပြီး ဘာမှန်းမသိ ညာမှန်းမသိ၊ နှင့် အမေလောင် ရွေထုပ် ထမ်းလာပြီး ရော့အင့်လို့ ပေးတယ်များ အောက်မေ့နေလား

လုပ်နေတာလဲ ဥဩရယ်၊ ငါ့မှာတော့ မလာမလာနဲ့။ ညည်းတို့ အတိုးမသတ်တာ သုံးလရှိသွားပြီနော်။ ငါ့ဘက်ကိုလည်း ပြန်ကြည့်ကြဦး၊ ငါ့မှာ ဒါလေးနဲ့ စားနေရတာ'

'သိပါတယ် ဒေါ်ရင်ရယ် ကျွန်မလည်း လာချင်ပါတယ်၊ ဘယ်လိုမှ မလုပ်သာ မလုည့်သာလွန်းလို့ပါ။ လာမယ့်သောကြာနေ့ စိန်ပန်းမြိုင်ရပ်ကွက်က ဒေါ်သိတာကို သိတယ်မဟုတ်လား၊ သုံးရက် ကနားပေးမှာ။ ကြိုးကြိုးကျယ်ကျယ်လုပ်မှာတဲ့။ ကျွန်မတို့ဆိုင်းကို ချိတ်ထားပြီးသား။ အဲဒါလေးပြီးရင်တော့ အတိုးလေး လာဆပ်ပါ့မယ် ဒေါ်ရင်ရယ်'

'ညည်းတို့မလဲ တော်တော် တရားရစရာကောင်းတယ်နော်။ ဆိုင်းဆရာ စိန်ဗလဆိုရင် မသိတဲ့သူ မရှိဘူး၊ ညည်း အဆိုကောင်းတာလည်း လူတိုင်းသိ။ ခက်တာ အကြွေးအထူဆုံးက ညည်းတို့ပဲ။ တော်ပါသေးရဲ့ ညည်းတို့ ပညာလေးတွေက ကယ်လို့။ ညည်းတို့ နှံ့နစ်နေတာ သိလား၊ လောင်းကစားတွေ ဖက်နေတာ။ လင်ရော မယားရော ဝါသနာချင်းတူပါ့တော်။ ဒီကြားထဲ တစ်ခါတလေ အိမ်မှာ ဖဲခိုင်ခံလိုက်သေး။ ကြပ်ကြပ်လုပ်၊ ညည်းတို့ ထောင်ထဲရောက်သွားလို့ ကတော့ ပေါင်ထားတဲ့အိမ် သိမ်းပြီသာမှတ်။ နောက်တော့မှ အဆိုး မဆိုနဲ့'

'ရမလားလို့ လုပ်ကြည့်တာပဲ ဒေါ်ရင်ရယ်။ ရတဲ့အခါရ၊ မရတဲ့အခါကြွေ ဘာတတ်နိုင်မှာလဲ'

ဥဩရွေက ကောင်းကင်ကို ငေးလျက်ရေရွတ်လိုက်သည်။ ကောင်းကင်ပြင်တွင်တော့ တိမ်မည်းတစ်အုပ်က တရွေ့ရွေ့မျှောသန်းလို့နေသည်။

❑

၃။

ခဲ့ညားထည်ဝါသော ကွန်ကရစ်လမ်းမကြီးက ထိုရပ်ကွက်လေးအနီးမှ ဖြတ်သန်းသွားသည်။ အမျိုးအစားစုံလင်သော ကားများက ထိုလမ်းမပေါ် သွားချည်လာလှည့်။ ယခင်ကဆိုလျှင် ထိုနေရာမှာ မြက်ရိုင်းလွင်ပြင်၊ ရွှံ့နွံ များထူထပ်နေသော ကွက်လပ်တချို့။ ယခု မည်ကြည်နိုင်စရာကောင်းလောက်အောင် လမ်းမကြီးက နေ့ချင်းညချင်း ဘွားခနဲ ပေါ်လာခြင်းဖြစ်သည်။ ထိုရပ်ကွက်လေးတွင် နေထိုင်သူများမှာ နှစ်ကာလ ကြာမြင့်ပြီဖြစ်သော်လည်း အခြေခံလူတန်းစားများမို့ တိုးတက်ဖွံ့ဖြိုးအားနည်းသလို ဟိတ်ဟန်ထည်ထည်ဝါဝါနှင့်အိမ်ကြီးအိမ်ကောင်းရှားပါးသည်။

ဒေါ်ထားက မနိုင့်ခြင်သို့ ကမျောသောပါး ဝင်လာသည်။

'ဟဲ့ ဟဲ့ နင်တို့အိမ် နှံ့တစ်စာ လာမကပ်ဘူးလား'

မနိုင် ချဉ်ပေါင်ရွက်သင်နေရင်းမှ မျက်နှာရှစ်ခေါက်ချိုးဖြင့်...

'တစ်ရပ်ကွက်လုံးကပ်တာ ကျုပ်အိမ်မှကွက်ပြီး ချန်ပါ့မလားတော့'။ အငယ်ကောင် ဆွဲစုတ်ပစ်လိုက်ပြီ'

'ဒီတစ်ခါဆိုရင်တော့ သုံးခါတောင်ရှိပြီ။ လွယ်မယ် မထင်ဘူး၊ တကယ်ဖျက်မလားဘဲ'

ဒေါ်ထားက လူကြီးပီပီ သူမရင်ထဲ စိုးရိမ်စိတ်တွေကိန်းဝပ်နေပုံရသည်။ ခေါင်းကို တွင်တွင်ကုတ်လျက်။

'ဖျက်ဖျက် မဖျက်ဖျက် မဖြစ်ဖြစ်တဲ့နည်းနဲ့ သတ္တိရှိရှိ ရင်ဆိုင်ရမှာပဲ'

မနိုင်ကတော့ မှင်တွေ့မောင်းတွေ့၊ အားတွေ့မာန်တွေ့ အပြည့်။

'အမေတို့ လက်ထက်ကတည်းက နေလာခဲ့တဲ့အိမ်ပါဟယ်၊ ငါ့စိတ်ထင် အနှစ်ခြောက်ဆယ်တောင် မက

www.burmeseclassic.com

www.burmeseclassic.com

ဆော့ဘူးရယ်။ တို့တွေ အေးအေးချမ်းချမ်းနေလာခဲ့ကို ဖျက်ဆီးခဲ့တဲ့ တရားခံသားး။ ဟော့ဟိုမှာ ဟော့ဟိုမှာ'

ဒေါ်ထားက လမ်းမကြီးကို မေးငေါ့ပြသည်။ သမီးမကြီး မပြီးခင်ကတည်းက လမ်းကြောတစ်လျှောက် ခြေဖျေးတွေ ခုနှစ်တက်သွားသည်။ အထူးသဖြင့် ဂရမ်မရှိသူများအတွက် ပိုလို့ပင် မျော်သင့်ချက်ကင်းမဲ့စရာ။ သူတို့နှစ်ယောက်၏ ဆူညံပူညံသံများ ကြားသွားလို့လားမသိခြင်းအိမ်မှ မှုံရီအဝတ်လျှော်လုံကိုင်ကာ ထွက်လာသည်။

'သူတို့က နစ်နာကြေးလေးသိန်းပေးမယ်ပြောတာပဲ'

'နေစမ်းပါဦး၊ အဲဒီလေးသိန်းက ဘာလုပ်လို့ရမှာလဲ။ ခုနေ အိမ်ငှားရင်တောင် ပေါ်နှစ်သိန်း၊ တစ်လသုံးသောင်း၊ ဘာမက်စရာရှိလဲ။ နောက်ပြီး ပြန်ပေးမယ့်နေရာကြည့်ဦး။ ရေမရှိ၊ မီးမရှိ၊ ရွံဖွယ်ထဲ့ဝက်ထဲ့၊ လယ်ကွင်းထဲမှာ။ ကလေးတွေ ကျောင်းဘယ်လို သွားထားမလဲ။ ကျန်းမာရေးမကောင်းလို့ ဆေးရုံသွားရင်တောင် လမ်းတင် အသက်ထွက်မှာ။ အဲဒါမှ ဘဝပျက်တာစစ်စစ်လို့ခေါ်တယ်ဟဲ့'

'ကိုလွင်ပြောတော့ တစ်ရုပ်ကွက်လုံး ညီညီညွတ်ညွတ်နဲ့ ဆန္ဒဖော်ထုတ်ကြမလို့ ဆို'

'ပြည်သူတွေ ဘာပဲဖြစ်နေဖြစ်နေ အထက်လူကြီးတွေ နှာစေးနေလို့ကတော့ ဘာအကြောင်းထူးမှာလဲ။ မကြားဘူးလား၊ တချို့ရပ်ကွက်တွေဆို ရဲတပ်ဖွဲ့အင်အားနဲ့ အတင်းဝင်ဖျက်ကြတာ ဟဲ့'

မနိုင်ကတော့ စိတ်ရှုပ်ထွေးလာဟန်နှင့် ချဉ်ပေါင်ရွက်များကို လုံးခြေဆိတ်ဆွကာ...

'မိုးပြိုအများပဲ ဒေါ်ထားရေ၊ အချိန်တန် ဖြစ်သင့်ဖြစ်ရာတော့ ဖြစ်လာကြမှာပဲ'

မိန်းမသုံးယောက်၏ သောကအမောတွေကို သူတို့ မျက်နှာပြင်ပေါ်တွင် အထင်းသား ပေါ်လွင်နေသည်။ အတန်ငယ် ငေးငိုင်နေရာမှ ဒေါ်ထားက ရုတ်တရက်ဆို သလို သတိရသွားဟန်ဖြင့်..

'နက်ဖြန် ဟိုဘက်ရပ်ကွက်မှာ ကနားပွဲရှိတယ်နော်။ အကြီးအကျယ်ပဲ။ ညည်းတို့ သိပါတယ်။ မိန်းမလည်ကြီး ဒေါ်သီတာ၊ အိမ်ရှေ့မှာတော့ အလှူခံခြင်းသည်းခံပါရေးပြီး နတ်နဲ့ပတ်သက်ရင် မျက်စိစုံမှိတ် အကုန်ကျခံတဲ့မိန်းမ'

'ဒါတော့ သူယုံကြည်ချက်ပဲလေ။ နေ့လယ်နေ့ခင်း တစ်အောင့်တစ်နား သွားကြည့်ရအောင်။ နှစ်လုံး၊ သုံးလုံး ဂဏန်းလေး ရလိုရငြား'

'နတ် ကွေ ပေးတာလည်း မှန်ချင်မှ မှန်တာပါဟယ်'

'အို တစ်နတ်နဲ့တစ်နတ် တူတာမှမဟုတ်တာ၊ မှန်တဲ့နတ်လည်း မှန်ပါတယ်'

'အကြားတွေယုံပြီး ထိုးရလွန်းလို့လည်း မွဲနေပြီ မှုံရီရေ၊ ဒီနေ့မနက်တောင် ဘာဟင်းမှ မချက်နိုင်ဘူး။ ငါးပိရည်လေးနဲ့ ဖြစ်သလိုစားရမှာ'

'ညည်းပဲ အပြောကောင်း၊ ကျုပ်လည်း ဘာထူးမှာလဲ။ ခြံစည်းရိုးက ကင်ပွန်းရွက်လေးခူး ငါးပိမပါ ဘာမပါကျုိလိုက်ရတာ။ ကလေးတွေတောင် ကျောင်းမုန့်ဖိုး မပေးလိုက်နိုင်ဘူး၊ မနည်းချေ့မော့လွှတ်ရတယ်။ ဘဝတွေများ ပြောကို မပြောချင်ပါဘူး'

မှုံရီက အပျိုပီပီ ကလေးအတွေးမကုန်သေး...။

'နတ်မပွဲတိုင်းတော့ ပိုက်ဆံတွေကြိတယ်နော်။ အို သွားမယ်၊ သွားမယ်၊ ဘာဖိုးလေးပဲရရ'

'အမယ်လေးဟယ် ငါတို့ဆင်းရဲသားတွေဘက်ကြီးတာ ငါးဆယ်တန်၊ တစ်ရာတန် ဒီလောက်ပါပဲ။ သူတို့ သူဌေးတွေဘက်သာ ငါးရာတန်၊ တစ်ထောင်တန် အကြီးကြီးတွေကြိတာ။ တော်တော် မျက်နှာလိုက်တဲ့ နတ်တွေဟွန်း'

မနိုင်က ကွမ်းလေးတစ်ယာကောက်ဝါးရင်း ဗျစ်ခနဲ တစ်ချက်ထွေးကာ...

'ဟဲ့ ဟဲ့ သူတို့နတ်ဧည့်သည်တွေကို ကျွေးတာမွေးတာ မြင်ဖူးလား။ တကယ့်ရှယ်နော်၊ တကယ့်ရှယ်။ ကြက်သား၊ ဘဲပေါင်း၊ ငါးသလောက်ပေါင်း၊ ငံပြာရည်ကြော်၊ ပုစွန်ချဉ်သုပ် အို စားပွဲပေါ်မှာ စုံနေတာပဲ။ ပြောရင်းတောင် သွားရည်ယိုလာပြီ။ တစ်နေ့ကုန်ကျစရိတ်က နည်းမှာ မဟုတ်ဘူး။ သုံးရက်ကြီးများတောင်ဆိုတော့ တွက်သာကြည့်ပေတော့'

'အဲဒီငွေတွေကို ကျွန်မတို့လို ဆင်းရဲသားတွေ လာလှူရင် ကောင်းမယ်နော်'

'လှူပါလိမ့်မယ် အားကြီးကြီး'

'နှစ်တိုင်း နတ်ကလို့ စီးပွားတက်တာလည်း ပြောဦးလေ'

'အို ကိုယ်လုပ်လို့၊ နောက်ပြီး ကံထနေတုန်းမို့ ဖြစ်တာပါ ကောင်မရယ်။ သူတို့လင်မယားနှစ်ယောက် စလုံး လူလည်ကြီးတွေ၊ ငွေသာရမယ်ဆို ဘယ်နေရာကရရ အကုန်ယူတာ။ ဘယ်သူမျက်နှာမှထောက်တာမဟုတ်ဘူး၊ ပြောလိုက်ရင်လည်း အားမနာ လျှာမကျိုး'

'ဘာပဲပြောပြော လေသူတို့ဘဝတွေကို အားကျတာ အမှန်ပဲ။ နတ်ပွဲလာတဲ့ သူဌေးမတွေ ဝတ်စားလာတာကြည့်ပါလား၊ အကောင်းစားတွေ။ စိန်တွေရွှေတွေ ဆိုတာများ ညွတ်ခဲနေတာပဲ။ လာတော့ ကိုယ်ပိုင်ကားနဲ့၊ အခွေအရံနဲ့။ နတ်ဆက်ဖို့ ဝယ်ခြမ်းလာတဲ့ ပစ္စည်းကတင် နည်းတာ မဟုတ်ဘူး။ ဘာတွေလုပ်ပြီး ဒီလောက်တောင် ကြီးပွားနေကြသလဲ မသိဘူး'

မနိုင်က နှုတ်ခမ်းလေးကို မဲ့ရွဲ့လိုက်ပြီး...

'အဲဒါ ခတော်နီခရိုတွေလေ'

'ဘာလဲ ခတော်နီခရိုဆိုတာ'

'အ၊လိုက်တာ၊ အဲဒါ ခရိုနီကတော်တွေလို့ ပြောတာဟဲ့ သိပြီလား။

'ငါထင်ပါတယ်။ အာဏာတွေ၊ အခွင့်အရေးတွေ၊ လုပ်ပိုင်ခွင့်တွေ ခပ်များများ

www.burmeseclassic.com

ထားတဲ့သူတွေဆီ ပိုက်ဆံတွေ စုပြုံရောက်ကုန်သလားလို့။ စဉ်းစားကြည့်လေ၊ ရိုးရိုးတန်းတန်းလုပ်တဲ့သူတွေ ခုထိ ဘာဖြစ်လာသေးလို့လဲ။ မျှော်တော့ မျှော်ရဦးမှာပေါ့။ အလုပ်အကိုင်ကောင်းကောင်း၊ ဝင်ငွေကောင်းကောင်းနဲ့ ဘယ် အချိန်များမှ ဖြစ်လာမလဲ ဆိုတာ။ ပြောရဦးမယ်၊ မြောက်ပိုင်းက အဘွားကျော့ကို သိတယ်မဟုတ်လား။ တုန်တုန်ချည့်ချည့် တုတ်ကောက်နဲ့ သွားနေရတာလေ။ ကနားပွဲကျရင်တဲ့ သူခြစ်ခြစ် ကုတ်ကုတ်စုထားတဲ့ ငွေလေးနဲ့ နတ်ရေစင်ဖိုးဆက်ပြီး မင်းကြီးမင်းလေးကို တိုင်တည်ပြီး ပြောရဦးမယ်တဲ့။ သူ့အိမ်လေး မဖျက်ရဖို့တဲ့လေ။ စိတ်မကောင်းလိုက်တာ'

မနိုင်စကားကြောင့် ဒေါ်ထားရော မှုံရီပါ တဒင်္ဂကြက်သေသေသွားရ၏။

❑

၄။

လေပြည်နုနုလေးက ချိုချို့ ဆံနွယ်လေးများကို တို့ထိ ကျိစယ်သွားသည်။ သူမနှင့် ကိုချမ်း အတူထိုင်နေသော နေရာလေးမှာ အိပ်မက်ထဲကလို ချစ်စရာကောင်းနေသည်။ လူရှင်းသော ကတ္တရာလမ်းလေးရှိသည်။ လမ်းတစ်ဖက် တစ်ချက် တွင်ကဲ့ကော်ပင်တို့ စိတန်းတာ ခပ်စိပ်စိပ်ရှိနေသည်။ လမ်းပေါ်သို့ နေပြောက်ပင်မထိုး။ ခုံတန်းလျားလေးတွေရှိသည်။ တစ်ခါတစ်ရံ ကိုယ်ပိုင်ကား တစ်စီးတလေ ဖြတ်သန်းသွားသည်။ ချိုချို့က အူလိုက် အသည်းလိုက် ရယ်မောလိုက်၏။

'ဘာရယ်တာလဲ ချို'

'အဲ့ဒီ အခြောက်ကောင်က သူ့ဘဝဟာ ကိုချမ်းပါတို့၊ မခွဲနိုင်ပါဘူးတို့ ပြောနေတော့ မရယ်ချင်ဘဲ နေပါ့မလား။ ဟား...ဟား'

'အလကားပါကွာ သူတို့ပါးစပ်ထဲရှိတာ လျှောက်ပြောနေတာ။ ဘာပဲပြောပြော လေ သူတို့ကြိုက်တဲ့ ပုံစံအတိုင်း နေပေးရင် ကိုယ်ပူဆာသမျှ အကုန်ရတာပဲဥစ္စာ'

'သူတို့မှာလည်း ဝင်ငွေကြွေးပဲနော်'

'ဝင်ငွေကြွေးလုပ်မနေနဲ့ သူတို့က လူလည်တွေ၊ ပါးတာမှ လှစ်လှစ်လေး။ ခိုင်းတာပြုတာလည်း ထောင့်ကို စေ့နေတာပဲ။ အချောကြိုက်တွေ၊ အယုယခံချင်တဲ့ကောင်တွေ။ ဘာမဆို ရသမျှအကုန်လိုချင်တာ။ ဒါကြောင့် ဒီဘဝက ရုန်းထွက်နေချင်ပြီလို့ ချို ကိုပြောတာပေါ့။ ကောင်းကောင်းနေ၊ ကောင်းကောင်း စားနေရပေမဲ့ မိန်းမအတုတွေနဲ့ ဆက်ဆံရတာ ကြာတော့ စိတ်ပျက်လာပြီ'

အမှန်စင်စစ် ချိုချိုမှာ နယ်သူတစ်ယောက်ဖြစ်ပြီး ဒုက္ခမျိုးစုံ ကြုံတွေ့နေရသော မိသားစုအရေးကို ဖေးမနိုင်ရန် မြို့ကြီးပြကြီး၏ ပရိယာယ်ကျယ်ကျယ်၊ ဓရိယာနယ်ထဲသို့ မျက်ကန်းတစ္ဆေ မကြောက် ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။ စက်ရုံမျိုးစုံ သူမ ကျင်လည်ခဲ့ဖူးသည်။ အခြေအနေမကောင်း။ ရလိုသော ဆန္ဒက ကြီးမားနေသည်ဟု ပြောချင်ပြော၊ ထိုမျှသော လစာလောက်နှင့်တော့ သူမအဖို့ တွက်ခြေမကိုက်။ ဆံပင်ညှပ်ဝင်သင်သေးသည်။ စိတ်မရှည်သော သူမအတွက် အောင်မြင်စွာ ဆုတ်ခွာလာခဲ့ရသည်။

တချို့က တစ်ဖက်နိုင်ငံတွင် အလုပ်သွားလုပ်ပါလား၊ ဆက်သွယ်ပေးမည် ဟုပြောဖူးသည်။ သူမ ဒီလောက်ထိ မည့်ပါ၊ အရောင်းစားတော့ မခံနိုင်၊ ဗဟုသုတတွေ ရှိသင့်သလောက် ရှိနေပြီ မဟုတ်လား။ နောက်ဆုံး KTV တစ်ခုတွင် ဝင်လုပ်လိုက်သည်။ အဆိုမကောင်း သော်လည်း အပြုအစု အယူယကောင်းသည်ဟု လူသိများလာသည်။ မျက်နှာလေးက ချစ်စရာကောင်း သည်ဟူသော ပုရိသတို့၏ အမှတ်ပေးခြင်း ခံလာရသည်။ ဝင်ငွေကလည်း မဆိုး၊ ရင်ခွင်တစ်ခုနှင့်တစ်ခု ကြား သူမလက်ဖျားပေါ်သို့ ရောက်လာသည့် ငွေစက္ကူတွေက နောက်ပိုင်းရှိ သူမတို့ မိသားစုလေးကို ကောင်းစွာ ထောက်ပံ့နိုင်သည်။ မချစ်သော်လည်း အောင့်ကာနမ်း ဆိုသလိုပင် တစ်ခါတစ်ရံ အောင့်ခဲ့ရပေါင်း များလာသောအခါ အသက်ပင် ထွက်သွားမလား ထင်ရ၏။ သို့သော် မတတ်နိုင်၊ ငရဲဖြစ်မှ ပြာပူကြောက်နေလို့ မဖြစ်တော့။

တစ်ရက် ကိုချမ်း KTV သို့ ရောက်လာရင်းမှ ချိုချိုနှင့် ငြိသွားသည်။ ချိုချို့ အကြောင်းကို သိနေသော်လည်း ဘာကိုမှ ဂရုမထားနိုင်အောင် တွယ်တာသွားခဲ့သည်။ ဖြစ်နိုင်လျှင် ချိုချို့အား ထိုဘဝမှ ကယ်ထုတ်ချင်သည်။

'ခုမှ သတိရတယ်ကို ယ် မိန်းကလေးတစ်ယောက်နဲ့ တွဲနေမှန်း သူသိသွားတယ်။ ဘာပြောကောင်းမလဲ၊ ဒေါသပုန်ထတော့တာပေါ့။ ကိုယ့်မှာ မျက်စိစုံမှိတ်ပြီး အပြတ်ကို ငြင်းလိုက်ရတာ ဖတ်ဖတ်ကိုမောလို့'

'သတိလည်းထား၌းတော်ကြာ စကေးပါစာ မိသွားဦးမယ်'

'စိတ်မပူနဲ့ ဒီကောင်ကြီး ကိုယ့်ကို အဲသလောက်ထိ မလုပ်ရဲဘူး။ တကယ်လို့ မတော်တဆ ချိုနဲ့ဝင်တိုးရင်လည်း သူငယ်ချင်းတွေလို့ပဲ ပြောမယ်၊ ကြားလား။ ကိုယ် ခုတလော စိတ်တွေတော်တော်ညစ်နေတယ်ကွာ။ စိတ်တွေက ချိုဆီကိုပဲ တစ်ခုန်ခုန်လုံး ရောက်နေတာ၊ ချိုနဲ့ ကိုယ် အတူတူနေချင်လှပြီကွာ'

'ချိုလည်း ကိုချမ်းနဲ့ အတူတူနေချင်လှပါပြီ၊ ဒါပေမဲ့ အခုလုပ်နေတဲ့ ဆိုင်ကဆိုင်ရှင်နဲ့ အကြွေးတွေ မပြတ်သေးလို့'

'ဒါလည်း ဘာခက်တာမှတ်လို့ချိုရယ် ကိုယ်တို့နှစ်ယောက် ဟိုအခြောက်ကြီးဆီက ပစ္စည်းတွေမ,ပြီး လစ်ကြမယ်လေ'

'ဟင် လွယ်ပါ့မလား'

'သူ့အထာတွေ ကိုယ် သိတယ်၊ တစ်ချက်ကြံလိုက်ရင်ပြီးပြီ။ ချို့ဘက်ကသာ သေချာအောင်လုပ်'

'ချိုက ကိုချမ်းကို ဘာကိုမှ ကိုးစရာမှာ၊ ကိုချမ်းကလဲက

www.burmeseclassic.com

www.burmeseclassic.com

သေချာရင်ပြီးတာပဲ'

'ဒါဆို ဒီလိုလုပ်။ မနက်ဖြန် နတ်ကနားရှိတယ်၊ စိန်နဲ့မြိုင်ရပ်ကွက်ထဲမှာ။ အဲဒါပြီးတာနဲ့ နောက်နေ့ ကိုယ်တို့ လစ်ကြမယ်၊ ရသမျှ ငွေတွေနဲ့ ပျော်လိုက်ကြမယ်ကွာ။ ဟဲလိုက်ကြမယ်ကွာ'

'ကျန်ခဲ့မယ့် ဘကြီးဆော့ ဘယ်လိုနေမလဲ မသိဘူး'

'ဘယ်လိုနေနေကွာ၊ အဲဒီအခါကျ သူ့အကြောင်းတွေ ခေါင်းထဲက အလိုလိုပျောက်သွားမှာ'

ကိုချမ်းက ရယ်ရယ်မောမောနှင့် ချို့ပခုံးလေးကို သိုင်းဖက်ထားလိုက်မည်အပြု...

အနီးအပါးသို့ ထိုးဆိုက်လာသည့် TAXI ကားတစ်စီး၊ ကားတံခါး မြန်မြန်ပွင့်သွားသည်။ အတွင်းမှ ဆင်းလာသူမှာ မာမီဦးနှင့် အခြောက်ကောင်လေးတစ်ယောက်။

'ဟဲ့ကောင်'

မာမီဦး၏ မျက်လုံးတို့မှာ နဂါးတစ်ကောင်လို နီစွေးလျက် ဒေါသအခိုးအငွေ့တို့က အလျှံတည်းဦး။ ရုတ်တရက်မို့ နှစ်ယောက်စလုံး လန့်သွားကြသည်။ ထင်မထားသောအဖြစ်မို့လား။

'နင် ခုတော့ ဘာငြင်းချင်သေးလဲ၊ ပြောစမ်းသောကောင်။ နင် ငါ့ကို လိမ်နေတာ၊ ညာနေတာ။ ခု နင့်အတိတ်ပေါ်ပြီလေ။ ဒီကိုလာခဲ့စမ်း၊ ဒီကိုလာခဲ့စမ်း။ သတ်ပစ်မယ်'

ကိုချမ်းက ချို့ချို့ဘက် လှည့်ကာ မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ လောလောဆယ် ရုပ်ရှင်ရိုက်ပြတော့မည်ဆိုသည့် သင်္ကေတ။ သူမကလည်း ချက်ချင်း သဘောပေါက်ပါသည်။

'ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ အော်ကြီးဟစ်ကျယ်နဲ့၊ ဒါ ကျွန်တော့် သူငယ်ချင်းဗျ'

'သူငယ်ချင်းဆို ဒီလိုနေရာမျိုး တွေ့ရသလားဟဲ့ သေနာရဲ့၊ မျိုးမစစ်ရဲ့'

'ခင်ဗျားရူးနေလား။ ဟိုမှာလူတွေ၊ ဟိုမှာကားတွေ။ ချုံပုတ်ထဲ ထိုင်နေကြတာ မဟုတ်ဘူး၊ လူမြင်ကွင်းမှာ ထိုင်နေတာ၊ ရိုးရိုးသားသား ထိုင်နေတာ။ ခင်ဗျား မဟုတ်တာတွေ မစွပ်စွဲနဲ့'

မာမီဦးမှာ ဇာတိစိတ်တွေ တဖြည်းဖြည်း ပေါ်လာကာ ပုဆိုးနှစ်ဖက်ကိုမ ခါးထောက်လိုက်ပြီး...

'အမယ်လေးတော် သူခိုးကများ လူကိုလာဟစ်လို့။ ကြားလို့မှ ကောင်းကြသေးရဲ့လား အရပ်ကတို့ရေ၊ ကြားလို့မှ ကောင်းကြသေးရဲ့လား'

ခုနစ်သံချီ ဟစ်တော့သည်။ ကတုန်ကယင်နှင့် အသားတွေ တဆတ်ဆတ် တုန်နေပြီမို့ ယခုမှ တကယ့် နတ်ဝင်လေသည်လား မပြောတတ်။

'ခင်ဗျား အော်ကြီးဟစ်ကျယ် လုပ်မနေနဲ့ဗျာ၊ ခင်ဗျားကိုယ်ခင်ဗျား မရှက်ဘူးလား။ ခင်ဗျား မရှက်ပေမဲ့ ကျုပ်ရှက်တယ်'

မာမီဦးက ချို့ချို့ဘက် လှည့်လိုက်သည်။ ချို့ချို့က တော့ မထိမဲ့မြင် ပုံစံလေးနှင့် သာ။

'ဟဲ့ကောင်မ သူပြောတာတွေ အမှန်တွေပဲလား'

'ရှင့်မှာ နားမပါဘူးလား၊ နားပါရင် ကြားမှာပေါ့။ ရှင်ဟာလေ တော်တော် အဆင့်အတန်း မရှိတဲ့လူ။ အမှန်တရားကို သေသေချာချာ မစုံစမ်းဘဲ အလကားနေ ဒေါသဖြစ်နေတာ သိပ် အောက်တန်းကျတယ်'

'ဘာပြောတယ် ဟဲ့ကောင်မ၊ ငါ့ကိုများ သိပ် အောက်တန်းကျသလေးဘာလေးနဲ့။ ငါ့ကို ဘာကောင်မမှတ်နေလဲ။ စကားကို ဆင်ခြင်ပြောနော် ပါးကွဲသွားမယ်'

'ရှင် လုပ်ရဲလုပ်ကြည့်ပါလား၊ ငြိမ်ခံနေမယ်လို့ ထင်နေလား'

ဒေါသတွေ အထွတ်အထိပ်သို့ ရောက်သွားလေပြီ။

'ဒီကောင်မတော့ ဟယ်'

အရအချိန် မျိုးတွင် ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ရတွေ့ရ၊ ဘာကိုမှ မှုမှာ မဟုတ်သည့် မာမီဦး။ သူ့ရှေ့သို့တိုးရန် ဟန်ပြင်လိုက်စဉ် အတူပါလာသော အခြောက်ကောင်လေးမှာ သည်းသည်း လှုပ်လှုပ် လက်မောင်းကို ဖမ်းဆွဲနေရ၏။ ကိုချမ်း သည်းမခံနိုင်တော့။

'ခင်ဗျား ပြောရင်းပြောရင်း လွန်လွန်းလာပြီနော်၊ ကျုပ် စိတ်တိုလာပြီ။ ဘာမှ မဆိုင်တဲ့လူ တစ်ဖက်သားကို ဘာတွေ လျှောက်ပြောနေတာလဲ။ ခင်ဗျားရဲ့ ကနားအသိုင်းအဝိုင်းမှာသာ လူလည်ကျလို့ ရမယ်၊ အပြင်မှာ ဒါမျိုးလုပ်လို့မရဘူး။ ချို့ချို့ နင်ပြန်တော့ဟာ အခုလို အထင်လွဲအမြင်လွဲခံရတာ ငါ စိတ်မကောင်းပါဘူး။ တော်ပြီဟာ နင်နဲ့ ငါလည်း နောက် ဘယ်တော့မှ မတွေ့တော့ဘူး၊ ဆက်လည်း မဆက်သွယ်နဲ့။ ဆက်ပြီး ခင်မင်နေလည်း နင်ပဲ အမြဲစိတ်ဆင်းရဲနေရမှာ'

ကိုချမ်း၏ အမူအရာတွေက အပိုအလိုမရှိ ကွက်တိကောင်းနေပါသည်။ ချို့ချို့ကလည်း ခေသူတစ်ယောက်တော့ မဟုတ်ပါ၊ မှင်သေသေဖြင့်...

'သွားမှာပါ သွားမှာပါ၊ ဒီကလည်း ဒီလိုတဏှာရူးတွေနဲ့ ခဏလေးတောင် စကားပြောချင်တာ မဟုတ်ပါဘူး'

မာမီဦးမှာ ဖိနပ်ချွတ်လျက် ပါးရိုက်ရန် ဟန်ပြင်လိုက်ကာ...

'ဟဲ့ကောင်မ ဘာပြောတယ်။ ဒီနားလာစမ်း၊ ဒီနားလာစမ်း။ သတ္တိရှိရင် ဒီနားတိုးလာခဲ့စမ်း'

'ချို့ချို့ရယ် တောင်းပန်ပါတယ်၊ ပြန်ပါတော့ဟာ'

ချို့ချို့မှာ မာမီဦးကို အော့နှလုံးနာစရာ အကြည့် တစ်ချက်ကြည့်လျက် နှုတ်ခမ်းလေးမဲ့ကာ လှည့်ထွက်သွားသည်။ သူ ကိုချမ်း ကျောပြင်ကို တခုန်းခုန်းထုလျက်...

'ဒါ နင်မွေးတဲ့မီးဟဲ့။ နင်မွေးတဲ့မီး'

'ကျုပ် ဘာမွေးလဲ၊ ခင်ဗျားပဲ မနေနိုင် မထိုင်နိုင် လိုက်လာပြီးတော့'

'နင့်ကို စိတ်မချလို့ လိုက်လာတာပေါ့ဟဲ့ သေနာရဲ့။ မနက်ဖြန်ဆို ကနားတက်ရတော့မှာ၊ ဝယ်ရခြမ်းရမှာ

www.burmeseclassic.com

တွေ နင်မသိတော့ဘူးလား။ ငါ့ကိုတောင် အရေးမစိုက်တော့ဘဲ နင်က ဒီမှာ အလေလိုက်နေတာလေ။ ပြောစမ်းပါဦး'

'တော်ပြီဗျာ တော်ပြီ။ ကားပေါ်တက်၊ အိမ်ပြန်မယ်'

'လေလို့တေလို့ အားရတော့ အိမ်ပြန်မယ်ဖြစ်ပြီပေါ့လေ'

'စကားများလိုက်တာဗျာ။ လာစမ်းပါ'

သူ လက်တစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲကာ ကားဆီသို့ ခေါ်လာခဲ့သည်။ ထို့နောက် ရှေ့ခန်းထဲထိုးသွင်းကာ ကိုချမ်းက ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်ပြီး တံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်ပစ်လိုက်၏။ ကားလေးထွက်ခွာရာတစ်လျှောက် သူတစ်ခုပဲတွေးသည်။

'ဒီသုံးလေးရက်အတွင်း ကျုပ် ခင်ဗျားကို မျက်နှာချို သွေးပြီးသည်းခံလိုက်ဦးမယ်။ နတ်ကနားပြီးတာနဲ့ ခင်ဗျား ချမ်းသာသမျှပစ္စည်းတွေ ပြုတ်ပြုတ်ပြုန်းပြီသာ မှတ်ပေတော့'

❑

နိဂုံး

စိန်ပန်းမြိုင်ရပ်ကွက်အတွင်းမှ ကနားပွဲကြီးက ခြိမ်ခြိမ့်သဲသဲ ကျင်းပလျက်ရှိ၏။ အားလုံး၏ မျက်နှာပြင်ပေါ်တွင် အပြုံးတွေ တပ်ဆင်ထားကြသည်။ မြူးကြွလျက်၊ မော်ကြွားလျက်၊ သွက်လက်နိုးကြားလျက်...

ယောကျ်ားဖြစ်သူ၏ မဟာစီမံကိန်းကြီး အောင်မြင်ရန် ဒွေကုန်ကြေးကျခံလျက် ကနားပေးနေသည့် ဒေါ်သီတာ၊ အရှိန်အဝါလေးတစ်ခုလွှဲလျှင် အကြွေးတွေ ပတ်လည်ဝိုင်းနေသည့် မာမီဦး၊ အနုပညာပါရမီအခံလေးကောင်းသော်လည်း နှစ်လုံးသုံးလုံးနှင့် လောင်းကစားတို့တွင် နှံနစ်နေကြသော ဆိုင်းဆရာလင်မယား၊ ဘယ်နေ့ အိမ်လာဖြိုမလဲဟု ရင်တမမနှင့် ထိတ်လန့်နေရသော ရပ်ကွက်သူရပ်ကွက်သားများ၊ မျက်ခုံးမွေးပေါ် စကြိလျှောက်နေသော ကိုချမ်း၊ ဘဝပျက်နေရှာသော ချိုချို။

အပြုံးတု မျာ၏ အထက်ပိုင်း မျက်ဝန်းများကို အသေအချာ ဖတ်ကြည့်လျှင်တော့ လိုအပ်မှုများ၊ တောင့်တမှုများ၊ ရမ္မက်များ၊ ဆာလောင်မှုများ၊ စိုးရိမ်ထိတ်လန့်မှုများ၊ အကြောက်တရားများ၊ ကြီးပွားချမ်းသာလိုမှုများ စသဖြင့် ပုံရိပ်တို့ကို အထင်းသား၊ အစင်းသား ပုံဖော်နိုင်မည်သာ ဖြစ်ပါ၏။

ထမင်းတစ်နပ်ချင်း၊ ဟင်းတစ်ခွက်ချင်း တူလျှင်တောင် အလွှာချင်း ကွာခြားသွားသည့်အခါ အမျိုးအမည်များ ရသများ ကွာခြားကြပြားသွားပါလိမ့်မည်။ ဤသည်ပင် လူတစ်ယောက်ချင်းစီ၏ ဖြစ်တည်မှုလား၊ လူတစ်ယောက်ချင်းစီ၏ ဘဝတန်ဖိုးလား၊ လူတစ်ယောက်အတွက် တကယ်ဖြစ်သင့်သည့် ပြဋ္ဌာန်းချက်အစစ်အမှန်တွေလား မသေချာလှပါ။ မည်သို့ပင်ဆိုစေ လူ့ဘဝတာရှည်မှ လူများသည် နောက်ဆုံးထွက်သက်ထိတိုင် လောဘအော်ဝရာဒေါသပြဇောတ်နှင့် မောဟနှောပါးခွင်တို့ကို အနှက်ရင့်ရင်း တစ်ညတာလုံး မမောနိုင်မပန်းနိုင် ကပြအသုံးတော်ခံနေကြဦးမှာပင်ဖြစ်၏။ ■

ဒေါင်းနေမင်း

လောကမှီ လောကသို့ ဆွဲဒသစက္ကံ ပလုတ္ထတိတိလောကော

ဆရာ ဇေမြူဦရှိန် (B.A)

နက္ခတ္တဗေဒလက္ခဏာပညာရှင်

ရုံးခန်းတည်နေရာ

အမှတ် (၇)၊ ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်းထိုင်ချိန် - မနက် (၇)နာရီမှ နေ့လည် (၁)နာရီအတွင်း
အမှတ် (၄၉)၊ ဆူးလေဘုရားအဝိုင်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်းထိုင်ချိန် - - နေ့လည် (၂)နာရီမှ ည(၈)နာရီအတွင်း

09 420025649

www.burmeseclassic.com

www.burmeseclassic.com

မူးဝေ၊ မောပန်း၊ ဇက်ကြောတက်၊ နောက်ကြောထိုး၊ နာမှန်ခြင်းများဖြစ်လို့
စိတ်ညစ်နေပါသလား

စိန်ဟင်းဆေးတိုက်မှုထုတ်လုပ်သော

ရန်ပုံခွင်း ဂျာဆေး

ကိုဆောင်ထားပါ။

ဖြန့်ချိရေး - ဦးမြင့်ဆွေ၏သား ကိုအေးထွန်းဆေးဆိုင်
(C/264)မြေအောက်ထပ်၊ သိမ်ကြီးစျေး (D) ရုံ၊ ဖုန်း ၀၉ ၅၁၇၀၁၆၂

လေထိုးလေအောင့်ခြင်း၊ မိုက်နာခြင်း၊ ချောင်းဆိုးရင်ကျပ်သလိပ်ကပ်ခြင်းများကို
ရောက်ရာတွင် သို့ဟုတ်ပရာရွှေသို့နှင့်သောက်ပါ။
အစာမကြေ ရင်ပြည့်ရင်ကယ်ဖြစ်ပါက အချိန်မရွေး ရေနွေးနှင့်သောက်ပါ။
ဆီချေပါ၊ ဝမ်းချုပ်ခြင်း၊ အကြောတက်ညောင်းညာသူများ ညအိပ်ရာဝင်စောင်း ရေနှင့်သောက်ပါ။

ရန်ပုံခွင်း ဘဘဆိပ်လေနှင်းဆီ

ပင်ရင်း

အမှတ်-၁၄၂၂ ၄-လွှာ၊ ၂၆လမ်း၊ ပန်းဘဲတန်းမြို့နယ်
မန္တလေး။ ဖုန်း-၀၃၀၁၆၈၈၊ ၀၃၁၄၀၇၆၁၁

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုကြီး တစ်သက်လုံး ထောင်ကျသွားပြီ...

ဇနဏ်လတ်

တစ်ချိန်ကသည်လို မြင်ကွင်းမျိုး တွေ့ရလိမ့်မည်ဟု မည်သူမျှ မမှန်းဆခဲ့၊ သို့သော်လည်း အမှန်တကယ် ဖြစ်လာခဲ့ပါသည်။ အရိုးစင်းဆုံးသည် လောကကြီး၏ ဓမ္မတာတစ်ခုဖြစ်သလို၊ အဆန်းကြယ်ဆုံးသည်လည်း လောကကြီး၏ သဘာဝတစ် ခုဖြစ်ပါသည်။

(၆.၄. ၂၀၁၄)

တနင်္ဂနွေသည် ရုစ်ပူးမှ နိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ်သူ ကိုကိုကြီးနှင့် ခင်သူသူဝင်းတို့၏ ကျက်သရေ ရှိလှသော မင်္ဂလာပွဲဖြစ်ပါ၏။ မြန်မာ့နိုင်ငံရေးတွင် တစ်ခေတ်တစ်ခါက ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့ကို မသိသူ မရှိခဲ့သလို သည်ဘက်ခေတ်နိုင်ငံရေးတွင် မင်းကိုနိုင်၊ ကိုကိုကြီးတို့ကို မသိသူ မရှိခဲ့။ ၁၉၈၈ လူထုအုံကြွမှုကြီးတွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြသော ကျောင်းသားခေါင်းဆောင်များ ဖြစ်ခဲ့ကြသလို၊ ယနေ့ မြန်မာ့နိုင်ငံရေးတွင်လည်း ဆက်လက်ပါဝင်နေဆဲ ဖြစ်ပါ၏။ ခေတ်တစ်ခု၏ အခြေအနေအရ ကိုကိုကြီးသည် ထောင်နှင့် အပေးအယူ လုပ်ထားဟန်ရှိသည်။ ဝင်လိုက်၊ ထွက်လိုက်၊ စုစုပေါင်း သူထောင်သက်က ဆယ်နှစ်ကျော်ဖြစ်သည်။ *IR – International Relations* ၏ ပထမအသုတ် ကျောင်းသားဖြစ်ခဲ့သဖြင့် နိုင်ငံရေးကို အခြားသူတွေထက် ပို၍ နှံ့နှံ့စပ်စပ် သိခဲ့သူအဖြစ် ပြောကြသည်။ ခေတ်ပြောင်း၊ စနစ်ပြောင်း၊ မြန်မာ့နိုင်ငံရေးဝန်းကျင် အပြောင်းတွင် ကိုကိုကြီး အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်လာခဲ့ကြသည်။ နိုင်ငံရေးကို လွတ်လပ်စွာ လုပ်ဆောင်နိုင်ခဲ့ကြသည့်အပြင် ခေတ်၏လိုအပ်ချက်များကိုလည်း ခပ်ပျော့ပျော့မှသည် ခပ်ပြင်းပြင်းအထိ ဝေဖန်မှုများပင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ တစ်ချိန်က ထောင်နှတ်ခမ်း လျှောက်နေကြရသောဘဝ၊ တစ်နေရာတည်းတွင် စိတ်ဖြောင့်ဖြောင့် မအိပ်ရဲခဲ့ကြသောဘဝမှ ယခုအခါ လွတ်လွတ်လပ်လပ် သွားချင်ရာသွား၊ လုပ်ချင်ရာ လုပ်ခွင့်ရခဲ့ကြသည်ဖြစ်၍ ထောင်ကျချင်သည့်တိုင် အလွယ်တကူ ထောင်ကျနိုင်ခွင့် မရှိကြတော့ပါ။ ကိုကိုကြီးပင် ငါးဆယ်ကျော်တန်းသို့ ရောက်လာခဲ့သည်၊ မနည်းတော့။

လုပ်ငန်းသဘောအရ သူနှင့် ဘမောင် ခပ်ကျဲကျဲ တွေ့ဖြစ်ကြသည်။ လေးငါးကြိမ်မျှ အေးအေးဆေးဆေး စကားပြောဖြစ်ပါသည်။ ကိုကိုကြီးသည် ညီငယ်တစ်ဦးနှင့် ပြည် *GTI* ကျောင်းနေဖက်ဖြစ်သော်လည်း ထိုစဉ်က မတွေ့ဖြစ်ခဲ့ကြပါ။ ဆယ်စုနှစ်တစ်ခုနီးပါး အသက်ကွာ ခြားကြသည်ကလည်းအကြောင်းတစ်ပါး ဖြစ်နိုင်ပါသည်။ အဆက်အစပ် မရှိကြသည်ကလည်း နောက်ထပ် အကြောင်းတစ်ခု ဖြစ်နိုင်ပြန်သည်။ ယခုတော့ အဆက်အစပ်က ရှိလာရပါသည်၊ နိုင်ငံရေးအသိအမြင် အတော်အတန် ရှိသူဖြစ်ပြီး၊ အများထက် သမာသမတ်ကျစွာ မြင်နိုင်၊ တွေးနိုင်၊

www.burmeseclassic.com

www.burmeseclassic.com

လုပ်နိုင်သူတစ်ဦးအဖြစ် ဘမောင် အသိအမှတ်ပြုထားပါသည်။ ပညာနှင့် သုတကို လိုလားသူတစ်ဦးဖြစ်၍ ဖြည့်ဆည်းမှုကို မရပ်မနား ရယူလိုသူတစ်ဦးအဖြစ်လည်း ခန့်မှန်းမိသည်။

များမကြာသေးမီက 'ကိုကိုကြီး လွတ်တော်နိုင်ငံရေးလုပ်တော့မည်' ဟူသည့် သတင်းထွက်လာခဲ့သည်။ ကြိုဆိုဖွယ်ရာဖြစ်သည်ဟု မြင်ပါသည်။ နိုင်ငံရေးကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သော အခြေအနေပေးနေပြီး၊ နိုင်ငံဝန်ကို တတ်နိုင်သမျှ ထမ်းပိုးနိုင်ကြစေရန် အားပေးနေသောအချိန်ဖြစ်၍ သတ်သတ်မှတ်မှတ် နိုင်ငံရေးလုပ်ခြင်းကို ဘမောင် ကြိုဆိုရပါသည်။

❑

ကိုကိုကြီးသည် စာဖတ်'ပျင်း' သူ ဟုတ်ဟန်မတူ၊ စာဖတ်အား 'ပြင်း' သူသာလျှင် ဖြစ်ပါလိမ့်မည်။ ဘမောင်နှင့်တွေ့လျှင် နားထောင်သည့်အခါတိုင်း စူးစူးစိုက်စိုက်ရှိတတ်သလို၊ အတွေးနက်နက်ဖြင့် ပြန်၍ဆွေးနွေးသည့်အခါလည်း ရှိသည်။ 'ယုံကြည်မှု' အပေါ် ကောင်းစွာ 'ယုံကြည်' ချက်ရှိသူဟုလည်း ခန့်မှန်းမိသည်။ ဒီမိုကရေစီ၏ သီအိုရီနှင့် လက်တွေ့ဖြစ်စဉ် အကြောင်းလည်း ပြောဖြစ်ကြသည်။ ခေါင်းဆောင်တစ်ဦး၏ တစ်ခါတစ်ရံ ရပ်တည်ချက်သည် ဒီမိုကရေစီ ပေတံဖြင့်တိုင်းတာ၍ မရနိုင်သည့် အခြေအနေမျိုးကိုလည်း ဆွေးနွေးဖြစ်သည်။ သဘော ပေါက်လွယ်သော၊ အခြေအနေတစ်ခုကို ကောင်းစွာ ခန့်မှန်းလွယ်သော လူလတ်ပိုင်းတစ်ဦးဟု မြင်ရပါသည်။ တစ်ခါတစ်ရံ ခံစားချက်နှင့် လက်တွေ့ဖြစ်စဉ်များ အတော်အတန်မက ကွာခြားတတ်သည့်သဘောကိုလည်း သိထားဟန်တူပြီး၊ အခြေအနေနှင့် တောင်းဆိုမှုတို့ကြား သူ၏ ရပ်တည်မှု ခက်ခဲတတ်သည့်အခါများကိုလည်း ဘမောင်က နားလည်ပေးရ ပြန်ပါသည်။ လုပ်မှုကိုင်မှု စနစ်တကျ ရှိတတ်သော၊ အလုပ်လုပ်လျှင် အစီအစဉ်တကျ လုပ်တတ်သည့် သဘာဝ

နားထောင်သည့် အခါတိုင်း စူးစူးစိုက်စိုက် ရှိတတ်သလို အတွေးနက်နက်ဖြင့် ပြန်၍ ဆွေးနွေးသည့်အခါလည်း ရှိသည် 'ယုံကြည်မှု' အပေါ် ကောင်းစွာ 'ယုံကြည်' ချက်ရှိသူဟုလည်း ခန့်မှန်းမိသည်

ကိုလည်း တွေ့ရပါသည်။

သူတို့အုပ်စုတွင် အဓိကတွေ့ရသော ပြဿနာက 'ပလက်ဖောင်း' ပြဿနာဟု မြင်ပါသည်။ အစပြုရာလမ်းကြောင်း၊ ရပ်တည်ချက်တစ်ခုဟု ဆိုနိုင်မည်ထင်သည်။ ထိုပလက်ဖောင်းမှ ဝေးဝေးသွား၍ မရကြရာ၊ ပလက်ဖောင်းနှင့် ဝေးလျှင် ဝေဖန်သံတွေ ထွက်လာသည်။ ထို့ကြောင့်လည်း တစ်ခါတစ်ခါ ဆန္ဒမရှိဘဲ ပလက်ဖောင်းပေါ် တက်ပြကြရသည်လည်း ရှိနေနိုင်ပါလားဟု နားလည်ပေးရပြန်ပါသည်။ မြန်မာနိုင်ငံ အကူးအပြောင်းတွင် ယဉ်ကျေးမှုအသစ်ကို လက်ခံကျင့်သုံးရာ၌ မရင့်ကျက်ကြသေးသည် ဖြစ်၍ဖြစ်ဖြစ်၊ ဖြစ်ထရှိသော ပြဿနာတစ်ရပ်၊ စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။ မြန်မာ့ပြည်ပြောင်းလဲရေးခရီးနှင့် သဘာဝ၊ အခြေအနေ အရပ်ရပ်ကို ကောင်းစွာ နားလည်နိုင်စွမ်းရှိသည်ဟု ဘမောင်မြင်ပါသည်။ သို့သော်လည်း တစ်ခါတစ်ရံ သူစိတ်နှင့် သူကိုယ် မဖြစ်ရသော၊ ဖြစ်ခွင့် မရှိသော သူဘဝကို ပြင်ပေးရပြန်ပါသည်။

'ကိုကိုကြီး မိန်းမယူတော့မယ်'

ဤသတင်းက ရုတ်ခြည်းပို့ခဲ့သွား၏။ လူမှုကွန်ရက်ပေါ်လည်း တက်လာသည်။ အိမ်ထောင်ရေးနှင့် ပတ်သက်၍ တစ်ခါက အနည်းငယ်စကား ပြောဖြစ် ကြသေးသည်။

'အစ်ကိုရယ် ကျွန်တော်လည်း အရွယ်လွန်ပြီလေ စဉ်းစားရတာပဲ။ ကျွန်တော့်ဘဝ၊ ကျွန်တော့်အလုပ်ကို နားလည်ပေးနိုင်မယ့် အိမ်ထောင်ဖက် ဆိုတာ ခက်ခဲလှပါတယ်။ ဘာပဲပြော ပြော အိမ်ထောင်ပြုကြပြီဆို ရင် ကျွန်တော့်ဘက်ကလည်း အိမ်ထောင်ဖက်ကို အားလုံးမဟုတ်တဲ့တိုင် တစ်ခု တစ်ရာတော့ ဖြည့်ဆည်းပေးနိုင်ချင်တယ်'

မှန်ပါ၏။ လက်တွေ့ဆန်သော သူ့အိမ်ထောင်ရေး ဒဿနကို နားလည်ပေးရပါမည်။ အိမ်ထောင်ပြုကြပြီဆို လျှင် တစ်ပွင့်တည်း၊ တစ်ရွက်တည်းနှင့် သောအရာ မဟုတ်သည်ကို သူအနေဖြင့် ကောင်းစွာ လက်ခံထားဟန်ရှိသည်။ စွယ်တော်ကဲ့သို့ နှစ်လွှာပေါင်းမှ တစ်ရွက် ဖြစ်ကြရသည့်ဘဝများသို့ ရောက်သွားတတ်ပါ၏။ ကိုယ်လုပ်ချင်တာချည်း လုပ်၍မရတော့၊ သူအလိုချည်း လိုက်၍လည်း မရတတ်ပြန်။ သူဘဝ သူအလုပ်ကို ချည်ထားသောကြိုးများက မနှည်းပါးလှချေ။ ခေတ်ပြောင်းစနစ်ပြောင်းပြီဖြစ်၍ သူကို တည်တည်ငြိမ်ငြိမ်ဖြစ်စေချင်သည့်စေတနာက ဘမောင်ထံတွင် ရှိနေပါ၏။ ညီငယ်၏သူငယ်ချင်းလည်းဖြစ်၍ သူ့ကိုလည်း ညီငယ်တစ်ဦးလို သဘောထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'အစ်ကိုရယ် ကျွန်တော်တို့လို သူများကို ထောင်တွေ၊ တန်းတွေ လာခြောလာတဲ့သူဆိုရင် ရယ်တာ ပေါ့ဗျာ'

တစ်ခါတစ်ရံ ပေါ်လာတတ်သော သွယ်စိတ်ဟု ခေါ်မလား၊ သူသွေးဟု ခေါ်မလားမသိ။ သွေးကို မတားလိုသော်လည်း ဇရာကိုတော့ သတိပေးဖြစ်ရပါသည်။

မှန်ပါသည်။ ၁၉၈၈ နောက်ပိုင်း သူထောင်ထဲမှ အချိန်သည် ပြင်ပတွင်နေရသောအချိန်ထက် များနေသူဖြစ်၍ ဆောင်ကိုတုန်လှုပ်မည်သူ မဟုတ်ပါ။ သို့သော်လည်း အရွယ်က စကားပြော လာခဲ့သည်။ ခေတ်စနစ်က စကားပြော လာခဲ့သည်။

'ကိုယ့်ညီပြောတာ မှန်တယ်၊ လက်လည်းခံတယ်၊ ဒါပေမဲ့ ကိုယ်တို့တွေ အရွယ်ရလာကြပြီနော်၊ ကိုယ်လည်း ခြောက်ဆယ်စွန်းပြီ။ တစ်ချိန်က ရှေ့တန်းက ကျည်ဆန်တွေကြား ဘယ်လို ရောက်ခဲ့ မှန်းမသိဘူး၊ အခု ဓာတ်တိုင်တစ်တိုင်တောင် ကောင်းကောင်း မပြေးနိုင်တော့ဘူး'

အရှိတရား ဖြစ်ပါ၏။ အရွယ်ရပြီး ချင့်ချိန်နိုင်ရန် အစ်ကိုကြီးတစ်ဦး၏ အသိပေးမှုတစ်ခုသာ ဖြစ်ပါသည်။ ဤခေတ်တွင် နိုင်ငံရေးလုပ်၍ ထောင်ကျချင်လျှင်ပင် အချခံရမည့်ခေတ် မဟုတ်တော့ပါ။ ရောက်လာသောအရွယ်ကို သတိပြုမိစေရန်နှင့် သူ့ဘဝကို တည်တည်ငြိမ်ငြိမ်လေး ဖြစ်စေလိုသောဆန္ဒသာ ရှိပါသည်။

❑

ကိုကိုကြီးသည် ထောင်ကို နည်းနည်းမှ ကြောက်သူ မဟုတ်သည်ကို ယုံကြည်ပါ၏။ နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ခြွင်းချက်မရှိ လွတ်လာကြသောသူများလည်း ဖြစ်သည်။ ၁၉၈၈ နောက်ပိုင်း ထောင်သက်အပြင် သက်ထက်ပိုများနေသူလည်း ဖြစ်ပါသည်။

ထောင်မကြောက်သော ကိုကိုကြီး ဖြစ်ပါသည်။

ယခု ကိုကိုကြီး ထောင်ကျသွားခဲ့ပါပြီ။ အချိန်အကန့်အသတ် မရှိသော ထောင်လည်း ဖြစ်ပါသည်။ ယခင်ကျခဲ့သော ထောင်က ပုံစံထောင်ဖြစ်ပြီး၊ ပျော်ပိုက်ဖွယ်ရာနေရာ မဟုတ်ပါသော်လည်း ယခုကျသွားသော ထောင်မှာ ကိုကိုကြီး လိုလိုချင်ချင်ရှိလှသော ထောင် ဖြစ်နေပါလိမ့်မည်။ သူ့ကိုယ်သူ ပင် ထောင်ချလိုက်ပြီး၊ သူ့ကိုယ်သူ လည်း စီရင်ချက်ချသည်။ အကျဉ်းသားသည်သူဖြစ်သလို၊ ထောင်ပိုင်ကြီး သည်လည်းသူပင်ဖြစ်နေပြန်ပါသည်။

မခင်သူသူဝင်း ဟူသော ကြင်သူနှင့် တွဲလျက်ထိုင်နေသော ကိုကိုကြီးကို ကြည့်ရသည်မှာ ထိုကျသွားသော ထောင်အတွက် ပြုံးပြုံးကြီး ပီတိဖြာနေဟန် ရှိပါသည်။ ဒေါ်အောင်ဆန်းစုကြည်၊ မင်းကိုနိုင်၊ ဦးခွန်ထွန်းဦး တို့၏ မင်္ဂလာစကားကို သွားပေါ်အောင်ဖြဲ၍ ပြုံးပြုံးကြီး ကြည့်နေရှာသော ညီငယ် ကိုကိုကြီးကို မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ထားလိုက်ဖြစ်သည်။

ကိုကိုကြီးတစ်ယောက် လွတ်ရက် မရှိသော ထောင်ကို ပြုံးပြုံးကြီး အကျခံသွားရှာခဲ့သည်။

❑

၆.၄.၂၀၁၄ ရက်နေ့သည် ဘမောင်အတွက် မှတ်မှတ်ရရ ရှိသော နေ့တစ်နေ့ဖြစ်ခဲ့ပါ၏။ မနက်ပိုင်းတွင် 'ကေကျူ' ဟု ချစ်စနိုးခေါ်ကြသော ကိုကိုကြီး၏ မင်္ဂလာဆောင်သို့ ဝမ်းသာကြည်နူးစွာသွားရောက်ခဲ့ရ သော်လည်း၊ နောက်ခရီးဆက်ရသည့်နေရာမှာ ရေဝေးသို့ဖြစ်သည်။ တစ်ချိန်က မြန်မာ့တပ်မတော်တွင် ဒုတိယကာကွယ်ရေး ဦးစီးချုပ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ယခု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းရီ၏ ဈာပနအခမ်းအနား ဖြစ်ပါသည်။ လမ်းတစ်လျှောက် တွေးဖြစ်ရပါသည်။ ဆန့်ကျင်ဘက်ခံစားမှုကို တစ်ပြိုင်နက်တည်း ခံစားရပြန်ပါသည်။ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းရီမှာ ဘမောင်တို့ ဗိုလ်သင်တန်းအပတ်စဉ် (၆၁) ကို ကျောင်းဆင်းပေးခဲ့သူ ဖြစ်ပါ၏။

စစ်ရေးတွင် စွမ်းစွမ်းတမံရှိပြီး၊ စစ်ပရိယာယ် ကြွယ်သူဖြစ်ကာ အစဉ်အလာကြီးခဲ့သောကြောင့် စစ်တိုက်တော်သော ပြင်သစ် စစ်ဗိုလ်ချုပ်ကြီး နပိုလီယံနှင့် ခိုင်းနှိုင်းခဲ့ရာမှ 'နပိုလီယံ' ဟုအမည်တွင်ခဲ့သူဖြစ်ပါသည်။ သောင်းကျန်းသူ လက်နက်ကိုင်များ အားကောင်းခဲ့ချိန်တွင် တိုက်ပွဲများစွာကို ရွှမ်းရွှမ်းခွဲခွဲ ကိုယ်တိုင်ကွပ်ကဲအောင်ပွဲခံပေးခဲ့သော ဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်ပါ၏။

စစ်သားဘဝကို မြတ်နိုးတန်ဖိုးထားသူဖြစ်သလို၊ ယခုနိုင်ငံရေးသမားဘဝတွင်လည်း နိုင်ငံချစ်စိတ်၊ ပြည်သူချစ်စိတ်ကို အရင်းတည်ကာ နိုင်ငံရေးတာဝန်များကို ထမ်းဆောင်နေသူဖြစ်ပါ၏။

ဗိုလ်ချုပ်ကြီး၏ ဝိညာဉ်မဲ့ လဲလျောင်းရာသို့ ဘမောင် အနီးကပ် အလေးပြု ဦးညွှတ်ခဲ့ပါသည်။ ပကတိ တည်ငြိမ်မှုရှိလှသော ဗိုလ်ချုပ်ကြီးကို အေးချမ်းစွာ လဲလျောင်းလျက် တွေ့ရပါသည်။ သူနိုင်ငံအတွက် တာဝန်ကျေပွန်စွာ စစ်ရေးတာဝန်ဖြင့် ထမ်းဆောင်ပေးခဲ့သလို၊ ယခုလည်း နိုင်ငံရေးတာဝန် ထမ်းဆောင်ရင်း စိတ်ချစွာ ထားရစ်ခဲ့သည်ဟု ခံစားလိုက်ရပါသည်။

နာရေးသို့ ရောက်လာခဲ့ကြသူ ဆရာသမား အများအပြားကို တွေ့ရပါ၏။ ဗိုလ်ဘမောင်တို့ဘဝက ဆုံခဲ့ရသော ဗိုလ်ချုပ် ချစ်လှိုင်၊ ဗိုလ်ချုပ် တင့်ဆွေတို့မှသည် အငြိမ်းစားဘဝ ဘမောင် အရွယ်တွင်တွေ့ရသော၊ နဝတ၊ နအဖ ခေတ် တာဝန်ထမ်းဆောင်ခဲ့ကြသော ဒုတိယဗိုလ်ချုပ်ကြီးများအလယ်၊ နောက်ဆုံး ဘမောင်တို့ပင် ဇရာပိုင်းသို့ ရောက်လာခဲ့ချိန် ညီငယ်ဗိုလ်ချုပ်များ အဆုံးဖြစ်သည်။

သက်ရှိထင်ရှားတွင် ဒုဗိုလ်ချုပ်

www.burmeseclassic.com

အစဉ်အလာတစ်ရပ်ကို မျိုးဆက်ဆက်သည်ဟု ခံစားရပါသည်။ ဆုံခဲ့ဖူးသည်ဖြစ်စေ၊ မဆုံခဲ့ဖူးသည်ဖြစ်စေ မြင်ဆရာကြားဆရာ၊ သင်ဆရာဟူ၍ မြန်မာတွင် အစဉ်အလာရှိခဲ့သည်ကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ အသိအမှတ်ပြု၊ ဂါရဝပြု၊ အရိုအသေပြု၍ အစဉ်အလာကောင်းတစ်ရပ်ချလိုက်ခြင်း ဖြစ်ပါသည်။ တစ်နေရာတည်းတွင် ဆရာသမားဟောင်းများနှင့် စုစုစည်းစည်းတွေ့ရသည့်အတွက်ကြည်နူးမှု တစ်ခုတစ်ရာ ဖြစ်သော်လည်း ထိုသို့တွေ့ဆုံမှုမျိုးကို ထိုသော နေရာတွင် မဖြစ်စေလိုပါ။ ခန်းမကျယ်ကြီးတစ်ခုတွင် ပြူးပြူးရွှင်ရွှင် ရယ်ရယ်မောမောဖြင့် အလှူအတန်းလို နေရာမျိုးတွင် တွေ့ရလျှင် မည်မျှကောင်းမည်လဲဟု စဉ်းစားမိပါသည်။

မနက်ပိုင်းတွင် ကိုကိုကြီးအတွက် ကြည်နူးခဲ့ရသလောက် နေ့လယ်ပိုင်းတွင် အတော်အတန် ကြေကွဲခဲ့ရပါသည်။

သြော်...ငါလည်း တစ်စတစ်စ ဝိုင်ဖြီး နီးလာပါ ပြီလား...ဟုလည်း ဆင်ခြင်မိရပြန်ပါသေးသည်။

❑

မင်္ဂလာဆောင်မှ ဘမောင် မပြန်သေးမီအထိ ကိုကိုကြီး၏ နှုတ်ခမ်းစေ့သွားသည်ကို မတွေ့လိုက်ရပါ။ သူ့နှုတ်သည်ကလည်းပြုံးတတ်သူဖြစ်ပါသည်။ အလှပ်အယမ်း ကြမ်းတမ်းခဲ့သော ညီငယ်တစ်ဦး တည်တည်ငြိမ်ငြိမ်ဖြစ်သွား၍ ဝမ်းသာရပါသည်။ ကိုကိုကြီးအတွက် မင်္ဂလာစကားကို ဒေါ်အောင်ဆန်းစုကြည်၊ ဦးဇွန်ထွန်းဦးနှင့် မင်းကိုနိုင်တို့ ၃ ဦးက မတိုမရည် ပြောပေးခဲ့ကြသည်။

ဒေါ်စုက တစ်နှင့်တစ်ပေါင်းလျှင် နှစ်ရသော်လည်း တစ်ခါတစ်ရံတွင် နှစ်ထက်ပိုသည်လည်းရှိကာ၊ တစ်ခါတစ်ရံတွင် နှစ်ထက်လျော့တတ်သည်လည်း ရှိတတ်ကြောင်း၊ အိမ်ထောင်ရေးသားကျသွားသည့်အခါ ပါရမီဖြည့်ဖက်များ

ဒေါ်စုက
တစ်နှင့်တစ်ပေါင်းလျှင်
နှစ်ရသော်လည်း
တစ်ခါတစ်ရံတွင်
နှစ်ထက်
ပိုသည်လည်းရှိကာ
တစ်ခါတစ်ရံတွင်
နှစ်ထက်
လျော့တတ်သည်လည်း
ရှိတတ်ကြောင်း ...

ရွှေအမြွေတေ နှစ်လည်ပွဲတွင် တစ်ဝိုင်းတည်း ထိုင်ဖြစ်ခဲ့ကြသူများ ဖြစ်သည်။

အားလုံးနီးပါးမှာ ဇရာဝိုင်းများချည်းသာ။ သည်တစ်ဘဝ ဆုံတွေ့ခဲ့ကြရသူများ တဖြည်းဖြည်း ဝေးဝေးသွားကြတော့မှာပါလား ဟူ၍ သံဝေဂရခဲ့ပါသည်။ အချို့ဘမောင်တို့အရွယ်များပင် ကြွေရက်စောခဲ့ကြသူများ ရှိနေပါသည်။

ရက်ပိုင်းအတွင်းက ယခု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လူကြီးဟောင်းများနှင့် တွေ့ဆုံ၍ ဂါရဝပြုခဲ့သည်။ များစွာ မုဒိတာပွားစရာ၊ ကြည်နူးစရာ ဖြစ်ရပါသည်။ ကောင်းသော ကြိုး ထွန်းရီသည် စီနီယာ ဗိုလ်ချုပ်ကြီး တစ်ဦးဖြစ်၍ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်တပန်းများ စုံညီလှပါ၏။ ထို ခေတ်ကသူတွေအားလုံးမှာ ဘမောင်တို့၏ ဆရာသမားများသာ ဖြစ်ကြသည်။ လက်လှမ်းမီသူများကို နှုတ်ဆက်ခဲ့ပါသည်။ ဗိုလ်ချုပ် တင့်ဆွေက သူ့အရွယ်ကိုပင် မထောက်ထား သတိမရရှာဘဲ ဘမောင်ကို ကျန်းမာရေးဂရုစိုက်ဖို့ ပြောရှာသည်။ ဘမောင်လက်ကိုကိုင်၍ ငယ်သည်၊ ကြီးသည်မဟုတ် ကျန်းမာရေးကို ဂရုစိုက်ဖို့ အမန်ဖန် အထပ်ထပ်မှာရှာသည်။ ဗိုလ်ချုပ်နှင့် ဘမောင်က တပ်တွင်ဆုံဖြစ်ခဲ့သည် မဟုတ်၊ သို့သော်လည်း ဗိုလ်ချုပ်၏ **'ကျောဝိုးအိတ်ကလေး'** ဝတ္ထုအပေါ် ကြိုဆို ဆောင်းပါးလေးရေးဖြစ်သည်မှ စ၍ ဗိုလ်ချုပ်က ဘမောင်ကို ခင်မင်သွားခြင်းဖြစ်သည်။ ဘမောင်ကလည်း သူ့သားအရွယ်သာရှိသည်ကိုး။ ဘမောင်ကို ကျန်းမာရေး ဂရုစိုက်ရန် တတွတ်တွတ်မှာကြားတတ်သူနောက်တစ်ဦးမှာ ဗိုလ်ချုပ် တင်စိန်ဖြစ်သည်။ သူ စစ်ထောက်ချုပ်ဘဝက မသိခဲ့ကြသော်လည်း သံအမတ်ကြီး အနေဖြင့် အငြိမ်းစားယူပြီး နောက်ပိုင်း ဗိသုကာတစ်ဦးအနေဖြင့် အကူအညီပေးခဲ့ရာမှ ရင်းနှီးသွားခဲ့ရပါသည်။ မိတ်ဆွေများဖြစ်ကြ၍ ရိုသေကျိုးနွံရပါသည်။ တစ်ခုခုဆို သူတို့ကို အကူအညီပေးနိုင်ရန် နှားစွင့်နေရတတ်ပြန်သည်။

ဒုဗိုလ်ချုပ်ကြီး ထွန်းကြည်နှင့် ဒုဗိုလ်ချုပ်ကြီး မင်းသိန်းတို့က အတူဘေးချင်းကပ် ထိုင်နေကြသည်ကို တွေ့ရသည်။ ဗိုလ်ချုပ်ကြီး ထွန်းကြည်က အပြောင်းအလဲ သိပ်မရှိလှသော်လည်း ဗိုလ်ချုပ်ကြီး မင်းသိန်းက အတော်ကလေးဝလာသည်။ ထိုဆရာသမားနှစ်ဦးနှင့်လည်း မိနစ်ပိုင်းမျှ စကားပြောဖြစ်သည်။ ခိုင်းစရာရှိလျှင် အချိန်မရွေးခိုင်းဖို့ ရိုသေစွာ ပြောခဲ့ရသည်။

သံအမတ်ကြီး ဦးညွန့်ဆွေနှင့်က တော့ ဖက်လဲတကင်း၊ တစ်နှစ်တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာကြပြီး၊ တစ်ဦးနှင့် တစ်ဦး အထောက်အပံ့ပေါ် မူတည်၍ မိမိတို့၏ ရည်မှန်းချက်ကို အကောင်အထည်ဖော် ထုတ်၌ အထောက်အပံ့ကောင်းလျှင် 'နှစ်' ဆက်ပိုပြီး၊ အထောက်အပံ့နည်းပါက 'နှစ်' ထက် လျော့တတ်ကြောင်း ပြောသွားပါသည်။

ဦးခွန်ထွန်းဦးကမူ 'နိုင်ငံရေးသမားမှာလည်း အသည်းနှင့်ပါ' ဟူ၍ ဆိုခဲ့သည့်အပေါ် ပရိသတ်တို့ သဘောတွေ့ခဲ့ရပါ၏။ ကိုကိုကြီးကို ဘမောင်လှမ်းကြည့်မိသည်။ သူ့အသည်းနှလုံးကို ယခုမှ ပြခွင့်ရခဲ့၍ သွားများပေါ်အောင် ပြုံးနေသည်ကို တွေ့ရသည်။

နောက်ဆုံး 'ကိုပေါ်' ဟု ချစ်စနိုးခေါ်ကြသော မင်းကိုနိုင် ပြောပါသည်။ ကိုကိုကြီးက မင်းကိုနိုင်ထက် အသက် ၂ နှစ်ခန့် ပိုကြီးမည်ဟု ခန့်မှန်းရသည်။ မင်းကိုနိုင်က သူ့ကို ကိုကိုကြီးက တစ်နှစ်အတွင်း အစွဲထုတ်ရန် ဖိအားပေးထားကြောင်း ဆိုရှာသည်။ ဘယ်တော့စားရမလဲ ဟူသော မေးခွန်းကို မကြာခဏ သူရင်ဆိုင်နေရကြောင်း၊ ယခုစားရမည့်အချိန်ကို ကြေညာတော့မည် ဖြစ်ကြောင်း၊ ထိုအချိန်သည် သူစကားပြော ပြီးသည်နှင့် ပရိသတ်အားလုံးက စားပွဲပေါ်တွင် တင်ထားသည့်စားဖွယ်များကို စတင်၍ စားနိုင်ပြီဖြစ်ကြောင်း ဟာသနှောရွေပြောသွားပါသည်။

ထင်ရှားသော နိုင်ငံရေးသမား ဖြစ်၍ ထိုနေ့မင်္ဂလာပွဲက စည်ကားလှပါသည်။ ရှစ်ပူးမျိုးဆက်သာမက နိုင်ငံရေးသမား မျိုးဆက်သစ်များကိုလည်း တော်တော်များများ တွေ့လိုက်ရပါသည်။

တစ်ချိန်က မလွဲသာ၍ ထောင်ကျခဲ့ကြရရှာသည်၊ ထောင်မကျလို၍ တိမ်းရှောင်ခဲ့ရပါ၏။ လူငယ်စိတ်၊ လူငယ်မာန်ဖြင့် တုံးဆိုလည်း တိုက်လိုက်၊ ကျားဆိုလည်း ကိုက်လိုက်လုပ်ခဲ့ကြသူများ ဖြစ်ပါသည်။ သူတို့ဘဝ အတော်အတန်မက ကြမ်းတမ်းခဲ့ပါ၏။ ယခု အရွယ်အတော်အတန်မက ရခဲ့ကြပါပြီ။ အရွယ်ရလာသောအခါ သူတို့အတွက် နောက်တစ်မျိုးသော ထောင်ကျရန် လိုအပ်လာပါ၏။ သမိုင်းပေးတာဝန်ဖြစ်သော ထောင်တစ်မျိုးဖြစ်ပါသည်။ တစ်ချိန်က ထောင်ကို မကျလိုကြသော်လည်း ကံအကြောင်း မညီညွတ်ခဲ့ကြ၍ ထောင်ကျဖြစ်ခဲ့ကြရပါ၏။

ယခုကျသင့်သောထောင်၊ ကျချင်သောထောင်ကိုမူ မကျလိုက်ကြရသေးသူများ ရှိနေပြန်ပါသည်။ ကိုကိုကြီးပင် အတော်အတန် အရွယ်လွန်မှ သူခမျာကျ ချင်ရသောထောင်ကို ဇွတ် အတင်းကျခဲ့ရဟန်ရှိသည်။ ကိုကိုကြီးပြုံးလျှင် တစ်တွဲတည်းမို့ နောက်တစ်ခါ အလှည့်ကျသင့်သူမှာ အမှန်တကယ်ပင် မင်းကိုနိုင်ဖြစ်ပါသည်။ မင်းကိုနိုင်ကိုလည်း ကိုကိုကြီးနည်းတူ မထွက်တမ်း ထောင်ချနိုင်မည့်သူ ရှိနေပြီလားဆိုသည်ကိုမူ မင်းကိုနိုင်သာ သိပါလိမ့်မည်။

သူငယ်ချင်းနှစ်ဦး၊ တွဲဖက်နှစ်ဦး၊ သွေးသောက်နှစ်ဦးမို့ မင်းကိုနိုင်ကိုလည်း မြန်မြန်ထောင်ကျပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ကိုယ်ညီငယ်များ သာယာအေးချမ်းသောဘဝများကို ဖြတ်သန်းနိုင်ကြပါစေ···။ ■

နေဇင်လတ်

66 **အာရောက္ခ ဟောစာတမ်း** 99

(ကျန်းမာဘေးကင်းဖို့သည် အခြံကဟု ခံယူထားသူများအတွက်)

* ဘယ်ဘာသာရိုး ဘယ်လမှာ ကျန်းမာရေး ဒုက္ခပေး ချချာနိုင်သလဲ
* ဘယ်လိုရောဂါ၊ ဝေဒနာမျိုးခံစားရနိုင်လဲ၊ ဘယ်လိုကာကွယ်ရမလဲ
* လက်ရှိခံစားနေရသော ရောဂါဝေဒနာ လျော့ပါး ဘက်ဘာဖို့ ဘယ်လိုဘဝင်္ဂဒါန် ကျင့်စဉ်များ လုပ်ဆောင်ပါသလဲ
* မတော်တဆ ထိခိုက်မှု၊ ဘက်အီးဒင့်တို့ မကြုံအောင် ဘာဆောင်ထားဘင့်သလဲ
* ယခု မိမိ၏ ရောဂါပျောက်ကင်းဖို့ မြန်မာတိုင်းရင်းဆေးနှင့် ဘက်လိပ်ဆေး ဘယ်ဟာလိုကောင်းမလဲ၊ ဘယ်ဆရာဝန်နှင့်ပြဘင့်ပါသလဲ
* ခံစားနေရသောရောဂါကြောင့် စိတ်ဓါတ်ကျ၊ ဘားငယ်၊ လက်လျော့နေသူကို တက်ကြွပျော်ရွှင် လန်းဆန်းလာဖို့ ဘာတွေလုပ်ဘင့်ပါသလဲ

စာသင် ကျန်းမာရေးဆိုင်ရာ ဘီးဘန့်ဟောစာတမ်း မှာယူနိုင်ပါပြီ

ဆရာမထက်နွေးစန်ဒီ LL.B, LL.M, DBL, DML

အမျိုးသမီးသီးသန့် လက္ခဏာဗေဒင်ယဉ်ကျေးအစီအရင်

တိုက်(၄၀)၊ (G-2)၊ ဦးဝိစာရလမ်း၊ ၄၁ ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ မြောက်ဒဂုံ။

ဖုန်း - ၀၉၅၁၆၄၃၂၂၆၊ ၀၉ ၇၃၁၀၆၁၈၀၊ ၀၉ ၄၃၀၉၄၈၀၆

www.burmeseclassic.com

www.burmeseclassic.com



ငွေလည်း ရှာပါ
ပြီးတော့ ကိုယ့်ထက် ကျွမ်းကျင်တဲ့သူတွေဆီက
သင်လို့ရတဲ့ပညာ အကုန်သင်ပါ
အဲဒီနည်းပညာသစ်တွေ
မင်းရဲ့မြန်မာနိုင်ငံအရောက်
သယ်ဆောင်လာခဲ့စမ်းပါ

၁၆၄ ဖွေးမြေလေး ခုပ်စုံမဂ္ဂဇင်း ဒွန် ၂၀၁၄

www.burmeseclassic.com

www.burmeseclassic.com

စင်ပြိုင်

အဇ္ဈတ္တ

သံပန်းတံခါးဒီဇိုင်းက ဆွဲလိုက်ဖျက်လိုက်နှင့် ဘယ်လိုမှ စိတ်တိုင်းကျ ထွက်မလာ။ ပုံစံဟောင်းတွေထဲမှာ ဒီဇိုင်းကောင်းတွေရှိသည်။ ဒါပေမဲ့ အခုကမ်းလှမ်းလာတာက အကြီးစား ဆောက်လုပ်ရေးကုမ္ပဏီကြီး ဆိုတော့ အကောင်းဆုံးဒီဇိုင်း လုပ်ပြနိုင်ဖို့လိုသည်။ ဒါက ရေရှည်ဖောက်သည်ဖြစ်ရေးအတွက်။ ဒီတော့ ဖက်တီးရော၊ သူဆရာ ကိုဆွေရော ဒီကိစ္စခေါင်းစားနေရပြီ။ ဝရိန်ချော်ခေါက်သံ တခေါင်ခေါင်က သူ့ခေါင်းကို လာခေါက်နေသလို ဖက်တီး ခံစားရသည်။ ဒီအချိန်မှာပဲ ဖုန်းဝင်လာလို့

ကောက်ကိုင်လိုက်တော့ သူ့ဆရာ ကိုဆွေ။

'ဖက်တီးလား... ဘာထူးသေးလဲ ညီလေး'

'ဘာမှ မထူးဘူးဆရာ၊ ကားဘော်ဒီလည်း လက်စသတ်နေပါပြီ။ အခု ဟို ကိုးကန့်ကုမ္ပဏီအတွက် ကျွန်တော် သံပန်းဒီဇိုင်း ဆွဲကြည့်နေတာ။ စိတ်တိုင်းတော့ မကျသေးဘူး'

'မလောနဲ့လေ ညီလေးရ၊ ဒါမျိုးက ခေါင်းအေးအေးနဲ့

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားရတာ။ ကဲကွာ ကားဘော်ဒီပြီးရင် နားလိုက်ကြတော့။ ကောင်လေးတွေ ကြို ငွေလေးဘာလေး ထုတ်ချင်ရင်လည်း မင်း ကြည့်စီစဉ်ပေးလိုက်။ လက်ထဲမှာ ငွေရော ရှိသေးရဲ့လား'

'ဟုတ်၊ ရှိတယ်ဆရာ'

'အေး မလောက်ရင်လည်း အိမ်ကိုပြေးလိုက်။ မင်းအစ်မရှိတယ်။ အစ်ကိုက နည်းနည်းနောက်ကျမယ်။ အလုပ်ကိစ္စတစ်ခု ဆွေးနွေးစရာရှိလို့ကွ'

'အေးဆေးပါဆရာ၊ အားလုံး အဆင်ပြေပါတယ်။ ဘာမှ နောက်ဆံတင်းမနေနဲ့နော် ဆရာ'

'အေးအေး ငါစိတ်ချမယ် ဖက်တီး၊ အန္တရာယ်မဖြစ်စေနဲ့ ကြားလား ဒါပဲနော်'

ဖုန်းခွက်ချရင်း နာရီလှမ်းကြည့်လိုက်တော့ ညနေ ၄ နာရီခွဲ။ ကားဘော်ဒီကိုင်နေသည့်အဖွဲ့တွေဘက် အခြေအနေ လှမ်းတီးခေါက်ကြည့်လိုက်သည်။

'ကိုပု ပြီးခါနီးပြီလား'

'အေး ပြီးသလောက်ပဲ၊ မင်းလာစစ်ကြည့်လိုက်ဦး'

'ဟုတ် ဟုတ် လာပြီ၊ ပြီးရင် ဒီနေ့အလုပ် စောစော သိမ်းတာပေါ့'

❑

ကိုဆွေ ဖုန်းဆက်ခေါ်လို့ အိမ်လိုက်သွားတော့ သတင်းစာထဲက သင်တန်းလျှောက်လွှာခေါ်စာကိုပြပြီး သူထင်မှတ်မထားတာတွေ ကိုဆွေက ပြောလာသည်။

'အစ်ကိုတော့ မင်းကို အဲဒီသင်တန်း တက်လိုက်စေချင်တယ်။ လက်မှတ်တစ်ခု ရထားရင် နိုင်ငံခြား သွားလုပ်မလား၊ ဒီမှာလုပ်မလား၊ မင်းလက်မထောင် နိုင်တယ်။ ခေတ်က အဲဒီလိုခေတ်ကွ'

'တက်တော့ တက်ချင်တာပေါ့ ဆရာရယ်၊ ဒါပေမဲ့ စရိတ်စက...'

'အဲဒါ မင်းအပူ မဟုတ်ပါဘူး။ ဒီမှာနေ၊ ဒီမှာစား သင်တန်းအားလို့ လုပ်စရာရှိရင် ဝင်လုပ်။ မင်းတတ်ခဲ့တာတွေလည်း ဒီကလူတွေ ပြန်မျှပေးပေါ့ကွာ။ ကဲ ကြတယ်ကွာ၊ မင်းအစ်မနဲ့လည်း တိုင်ပင်ပြီးပြီ။ သူကလည်း

နိုင်ငံခြား အလုပ်သွားလုပ် ရတဲ့ငွေလေး ခြစ်ခြုတ်စုပြီး ကိုယ့်နိုင်ငံ ပြန်ရောက်ရင် ငွေတိုးလေး ပေးဖို့ အိမ်ဆိုင်လေး ဖွင့်ဖို့လောက် နားလည်တဲ့အထဲ ငါ့ညီ မင်း ဘယ်တော့မှ မပါစေနဲ့

အားပေးတယ်။ ဒီတော့ မင်း အခုရေမိုးခိုပြီးတာနဲ့ လျှောက်လွှာတင်ဖို့ လစ်တော့။ ဒီမှာ ငါကြည့်လုပ်ထားလိုက်မယ်'

အလုပ်ရဲ့ အမြန်ပြန်ပြီး ကိုပုကို မှာစရာရှိတာ မှာသည်။ ရေချိုးရင်း ကိုဆွေ့အကြောင်းတွေးကာ စိတ်ထဲကအကြိမ်ကြိမ်ခိုးချနေမိသည်။ သူနှင့် ကိုဆွေတို့ မိသားစုဘာသွေးသားမျှ မတော်စပ်။ နယ်ကအလုပ်ရှာဖို့ရောက်လာသည့်သူကို သူဦးလေးက ကိုဆွေ့ဆီအပ်ပေးလိုက်သည်။ ကိုဆွေက သူဦးလေး၏စာသင်သားတပည့်ဟောင်း။ ဆရာကျေးဇူးဆပ်ခွင့်လေး ကြဖန်ရတာဆိုပြီး ကိုဆွေက သူကို လိုလိုလားလားပင်လက်ခံသည်။ စစချင်း ဆယ်မိုင်ကနေ မြေနီကုန်းအလုပ်ရုံ သွားရတာဆိုတော့ ငွေကုန်၊ အချိန်ကုန်၊ လူပင်ပန်း။ ဒါကို ကိုဆွေက သိသည်။ ဒီတော့ အလုပ်ဝင်ပြီး ၆ လအကြာမှာပဲ ဖက်တီးကို အလုပ်ရုံမှာ လာနေဖို့ ပြောလာသည်။

'ငါ့တူရေ...မောင်ဖိုးဆွေက လူမှန်လူဖြောင့်ကွ။ မင့်ကို ဒီလိုခေါ်တာအကြောင်းရှိတယ်။ လေးလေးကတော့ ကျောင်းဆရာဆိုတော့ ကျောင်းဆရာလိုပဲ မင့်ကို ဆုံးမရမှာပဲ။ ဆရာကောင်းဆီမှာ ကိုးကွယ် ဆည်းကပ်ပါကွယ်။ ဆရာကောင်းတပည့်ဖြစ်အောင် ကြိုးစား၊ ဆရာ့ကျေးဇူးမမေ့နဲ့ ကြားလားငါ့တူ'

ဦးလေး၏အမှာစကား သူဦးထိပ်ထား ခဲ့သည်။ မထားလို့လည်း မဖြစ်။ သူလို အတန်းပညာစကောစက၊ နယ်ကနေ အလုပ်ရှာဖို့ ဘာ အတတ်ပညာမှမရှိဘဲ ရန်ကုန်တက်လာသည့် သူ့ဘဝကထင်မှတ်မထားလောက်အောင် ချောမွေ့နေသည်။ ဒါသူဦးလေး ကျောင်းဆရာအိုကြီး၏ ကျေးဇူး၊ ပြီးတော့ ကိုဆွေနှင့် မစုတို့၏ကျေးဇူး။ အလုပ်ရုံမှာ သူနေဖို့၊ ချက်ပြုတ်စားသောက်ဖို့ အကုန် ပြင်ဆင်ပေးသည်။ စောင်၊ ခြင်ထောင်က အစ ပြည့်ပြည့်စုံစုံ။

'ဟဲ့ ဖက်တီး နင်ကားတိုက်ကြည့်ရင် ငါ့အနေနဲ့ သိပ်တူတာပဲ။ အဖေက သူ့ကိုယ်စား နင့်ကို ငါတို့ဆီ ပြန်လွှတ်လိုက်တာများလားမသိဘူး။ အေးဟဲ့၊ အမွေတွေဘာတွေပေးဖို့ ကျန်နေလို့နေမှာ။ လုပ်စမ်းပါဟယ်၊ အိပ်မက်လေးဘာလေးရရင် ပြောစမ်းပါ။ အပိုင်ကွက်ရရင်တော့ တစ်ခါလောက် အောလိုက်ရအောင်'

ဖြစ်ချင်တော့ မစုက ဆုံးပါးသွားသည့် ဖခင်ကြီးနှင့် သူ့ကို တူလို့တဲ့။ ကံကြမ္မာဖန်လာပုံက ကြဲကြဲဖန်ဖန်၊ ပြီးတော့ မစုသမီး အကြီးမလေး ကစ်ကစ်က ဖက်တီးကို အတော့်ကို ခင်တွယ်ရှာသည်။ အငယ်ကောင် ချာချီကတော့ ငိုယိုကျိတိုက်နေရင်တောင် 'ဟဲ့ မတိတ်ရင် ဖက်တီးခေါ်လိုက်မှာနော်' ဆိုတာနှင့် ချက်ချင်း အငိုတိတ်သွားလောက်အောင်ကြောက်သည်။ ဖက်တီးအတွက်မှာတော့ တစ်နယ်တစ်ကျေးမှာ လုံးဝထင်မှတ်မထားစွာ ရရှိလိုက်သည့် မိသားစုရန်။ ဒီရန်တွေကြားထဲ ဖက်တီးမွေ့ပျော်ခဲ့တာ ၃ နှစ် ၃ မိုးတိုင်ခဲ့ပြီပဲ။

❑

www.burmeseclassic.com

www.burmeseclassic.com

သင်တန်းက ပို့ချလိုက်သည့် နည်းပညာသစ်တွေအကြောက် လုပ်ငန်းသုံးပစ္စည်းဆွဲ ဝယ်အားဖြည့်လိုက်တော့ လုပ်ငန်းက ပိုကျယ်ပြန့်လာသည်။ ကိုဆွေအကြံပေးသည့်အတိုင်း ပညာသင် ၄-၅ ယောက်ကို ဖက်တီး ပြန်သင်ပေးသည်။ သူတို့ဆီက သင်တန်းကြေးအပြင် လုပ်အားခါ အပိုရနေလေတော့ ဘယ်ဘက် က ကြည့် ကြည့် အကောင်းချည်းသာ။ သင်တန်းခကို ကိုဆွေက ဖက်တီးကိုအားလုံးပေးသည်။ သင်တန်းသားကိုလည်းသင်၊ အတွင်းလူကိုလည်းသင်။

'ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေကို သင်ပေးတာ မင်းရဲ့ ပညာအလှူပဲညီလေး။ မင်းသင်ပေးလိုက်တာ သူတို့ဘဝတစ်သက်စာ လုပ်ကိုင်စားသောက်ပေရော့။ ကဲ စဉ်းစားကြည့်စမ်း'

'ဟုတ်တယ်နော် ဆရာ၊ ကိုပုတို့ ငမိုးတို့ဆို ကျွန်တော်တို့ တော်တော်အားကိုးနေရပြီ။ ဒီမှာမြို့တဲ့ လူတော့ ကျွန်တော်တတ်သမျှ တတ်သွားမှာပဲ'

'ဒါပေါ့ကွာ၊ ကဲ မင်းတူမတွေကို ကျောင်းသွားပို့လိုက်ဦးမယ်၊ Safety First နော် ညီလေးရေ'

ကိုဆွေကား ထွက်သွားသည်ဆိုလျှင်ပဲ အလုပ်ရုံရှေ့တက္ကစီတစ်စီး ခေါင်းထိုးဝင်လာသည်။ တက္ကစီပေါ်က ဆင်းလာသူက ဖက်တီးလုံးဝထင်မှတ်မထားသူ။ သူနှင့် သင်တန်းအတူတက်ခဲ့သည့် ဗိုလ်တထောင် ငမိုးခေါ် ဗိုလ်တထောင်သား မိုးကျော်ဖြစ်နေသည်။

'ဟာ ဟေ့လူ ဘယ်က ဘယ်လို မျက်စိလည်လာတာလဲ'

'မျက်စိလည်လာတာ မဟုတ်ဘူး ကိုဖက်တီး၊ ခင်ဗျားဆီ တမင်ရောက်အောင်ကို လာခဲ့တာ။ လာဗျာ လက်ဖက်ရည်ဆိုင် ခဏထိုင်ရအောင်၊ ခင်ဗျားနဲ့ တိုင်ပင်စရာလေးရှိလို့'

လက်ဖက်ရည်ဆိုင် ထိုင်မိတယ်ဆို ကိုမိုးကျော်က စကားစသည်။

'ဘယ်လိုလဲ ကိုဖက်တီး ဒီမှာ အဆင်ပြေလား'

'ပြေတယ်ပဲ ပြောရမှာပဲဗျ၊ ကျွန်တော်က တစ်ကိုယ်ရေ တစ်ကာယပဲဥစ္စာ'

'အဲဒါကို ပြောတာမဟုတ်ဘူး ကိုဖက်တီးရဲ့။ ဒီလိုဗျာ ကျုပ်အလုပ် မလုပ်လို့ဆိုပြီး ဘိုးတော်က တဂျိုက်ဂျိုနဲ့ဗျာ၊ အဲဒါနဲ့ ကားမောင်းမယ်ဆိုပြီး ဟိုတက္ကစီလေး ဝယ်မောင်းနေတာ။ ကျုပ်ဟာကျုပ် ဟုတ်နေတဲ့ဟာဗျာ ပြဿနာက နေ့တိုင်းအရှာခံနေရတယ်။ ဒါနဲ့ ဒီဘက်မှာ ခွင့်လေးဘာလေးတည့်မလားဆိုပြီး ထွက်လာတာ'

'ဘာခွင့်လဲဗျ၊ ခင်ဗျားစကားကလည်း'

'ဟာဗျာ သံပန်းသမားက သံပန်းခွင်ပဲ ပြောမှာပေါ့ဗျ။ ဒီမှာ အလုပ်ရုံတစ်ခုလောက် ထောင်မလားလို့'

ဖက်တီး တွေသွားသည်။ မိုးကျော်လာချောင်းသည့်ခွင်က သူတို့နှင့် စင်ပြိုင်ခွင်။ မိုးကျော်၏ နောက်ခံအင်အား ဘယ်လောက်တောင့်သည်ဆိုတာလည်း သူက သိနေသည်။ ဒီတော့ စကားကို ပွတ်ပြောလို့ မဖြစ်တော့။ ခေါင်းထဲ အတွေးမျိုးစုံ ယောက်ယက်ခတ်သွားသည်။ အတော်ကြာ စဉ်းစားပြီးမှ တွေးတွေးဆဆ စကားဆိုဖြစ်သည်။

'အင်း ခင်ဗျားက ဝပ်ရှော့ခ်ထောင်မှာဆိုတော့ ကျုပ်မပြောတတ်ဘူး။ ကျုပ်က ဒီမှာ လက်ခစားကိုးဗျ။ အလုပ်ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ ကျုပ်ဆရာနဲ့တွေ့လိုက်တာ ပိုကောင်းတယ်။ ခဏထိုင်ဦး။ ဆရာက အခုတင် ကလေးကျောင်းပို့ဖို့ ပြန်သွားတာ။ ခင်ဗျား ဒီမှာထိုင်ဦး။ ကျုပ် အိမ်ဖုန်းထိုးကြည့်လိုက်ဦးမယ်'

ကိုမိုးကျော်ကို လက်ဖက်ရည်ဆိုင်မှာ ထားကာ သူ့အလုပ်ရုံကို ပြန်သည်။ ကိုဆွေ့ရုံးခန်းထဲက ဖုန်းနှင့် အိမ်ကိုလှမ်းဆက်တော့ ကိုဆွေနှင့် အသင့်ပဲတွေ့သည်။ ဖက်တီးအကျိုးအကြောင်း တစ်လုံးမကျန် ပြောပြလိုက်သည်။

'အဲဒါပဲဆရာ၊ ကျွန်တော်ကတော့ ဆင်ဂွေရန် ရှောင်ပြောထားတယ်၊ ကျွန်တာတော့ ဆရာဆက်ပြောမှ ကောင်းမှာ'

'မဟုတ်သေးဘူး ညီလေးရဲ့၊ မင်းတွေးတာ မမှန်ဘူး'

'ဗျာ၊ ဘာဖြစ်လို့လဲ ဆရာ။ သူနောက်ခံအင်အားက ကြောက်စရာကြီး ဆရာရဲ့၊ ကျွန်တော်တို့ ယှဉ်နိုင်မှာ မဟုတ်ဘူး'

'အေး အဲဒါကိုပြောတာ။ မင်း အဲဒီလို မတွေးရဘူးလေကွာ။မင်းသူငယ်ချင်းက သူဘာလုပ်ရမလဲ မှန်ဝါးဝါးဖြစ်နေတာ။ သူကို မင်းလမ်းပြပေးရမှာပေါ့။ မင်းတို့၊ အစ်ကိုတို့ မကူညီရင် သူလမ်းပျောက်နေဦးမှာပဲ။ ဒီလိုလုပ် ဆယ့်ငါးမိနစ်အတွင်း အစ်ကိုလာခဲ့မယ်။ ခဏစောင့်နိုင်းထားလိုက် ညီလေး။ ဒါပဲ နော်'

ကိုဆွေ့အသံပျောက်သွားသည့်တိုင် ဖုန်းခွက်ကို ပြန်မချမိသေးဘဲ ကြောင်ကြည့်နေမိသည်။

❑

သူတို့နှင့် တစ်ရပ်ကွက်ခြားမှာ ကိုမိုးကျော် အလုံးအရင်းနှင့် ခြေချလာသည်။ ကိုဆွေက အပြောနှင့်တင် မဟုတ်ဘဲ အလုပ်နှင့်ပါကူညီသည်။ ဖွင့်ပွဲမှာ တက်ရောက်လာသည့် ဧည့်သည်အများစုက ကိုဆွေ့မျက်နှာနှင့် တက်ရောက်လာသူတွေ။ လိုသည့် အလုပ်သမားဝန်ထမ်းတွေရအောင်လည်း ကိုဆွေပဲ စီမံပေးခဲ့သည်။ အလုပ်စရှင်း ရက်တွေမှာလည်း တစ်လလောက်အထိ ကိုဆွေ သွားသွားကြည့်ပေးသည်။ ဖက်တီးကတော့ ကြားက ငထွားခါးနာ ဖြစ်နေသည်။

'ဒီလူက တစ်လ ဖရီးလုပ်ပေးမှာတဲ့၊ တော်တော်ကြောက်စရာကောင်းတဲ့တိုက်ကွက်ပဲ'

'ကားဘော်ဒီရော၊ တွင်ခဲ့ရော တွဲမှာတဲ့ဆရာ။ ဒီကျားက ခြေရာတော်တော်ကြီးတယ်နော်'

'ကျွန်တော့် လူတွေပါသွားမှာစိုးရတယ်။ ဆရာနည်းနည်းဝိုင်းထိန်းပေးပါဦး'

ဖက်တီး၏ သတိပေး

www.burmeseclassic.com

မလွယ်လောက်ဘူး ဆရာ၊ စက်မှုမြို့ဆိုပြီး နာမည်သာရှိတာ ဘာမှ မဟုတ်ဘူး ကျွန်တော်လည်း ပြူးပြဲရာနေရတာ ဒါတောင် အနိုင်နိုင်ရယ် ကိုမိုးကျော်တောင် မြို့ထဲ ပြန်ရွှေ့တော့မလို့ တဲ့

စကားတွေက တစ်ခုတစ်မျိုး ခေါင်းစဉ်မထပ်။ ဒါပေမဲ့ ကိုဆွေတို့ပြန်ပုံက အေးအေးဆေးဆေးပင်။ တစ်ခါတစ်ခါ ကိုမိုးကျော်ရောက်လာလျှင် တစ်ခုခုနှင့်ညှဉ်ခံပြီး ဆိုဆုံးမတတ်သေးသည်။

'ဆိုလိုတာကကွာ မိဘအတင်းခိုင်းလို့ လုပ်တာမျိုးမဖြစ်စေနဲ့။ ကိုယ်က ပညာလည်းရှိတယ်၊ နောက်ခံဘက်ဂရောင်းလည်းရှိတယ်၊ ဒီတော့ ပညာကို အသုံးချပြီး အောင်မြင်တိုးတက်အောင်လုပ်ဖို့ပဲလိုတာ။ ပညာဆိုတာ မားလို ပဲညီလေး။ ကြာကြာမသွေးဘဲထားရင် တုံးသွားရော။ ပြီးတော့ လုပ်တဲ့အလုပ်အပေါ် အကောင်းဆုံးဖြစ်စေချင်တဲ့ စေတနာထား။ အလုပ်တွေ၊ ငွေတွေ မင့်နောက်က လိုက်လာလိမ့်မယ်'

နားလည်ရခက်လိုက်သည့် ကိုဆွေပါလား။ ဖက်တီး ဒီလိုပဲ မြင်သည်။ ကိုမိုးကျော်၏လုပ်ငန်းက တဖြည်းဖြည်း ခိုင်မာတောင့်တင်းလာသည်။ ဖက်တီးတို့ထဲက ဝရိန်သမား ၂ ယောက် ကိုမိုးကျော်ဘက်ပါသွားသည်။ ဖက်တီး အနာပေါ် တုတ်ကျသလို ဖြစ်ခဲ့ပေမဲ့ ကိုဆွေကတော့ ခပ်အေးအေးပင်။ 'ဒီလိုပါပဲ၊ သူတို့ ပိုအဆင်ပြေမယ်ထင်လို့ သွားတာပဲ၊ သွားပါစေ' တဲ့။ 'ကိုယ့်အလုပ်သာကိုယ် ကောင်းအောင်လုပ်' တဲ့။ ကိုဆွေ ဘယ်လိုပြောပြော ဖက်တီးအတွက်တော့ ကိုမိုးကျော်က ပြိုင်ကွင်းအလယ်က ပြိုင်ဘက်။ ဘာတစ်ခုမှ သူဘက်ကမလျှော့။ အကောင်းဆုံး၊ အတိကျဆုံး လုပ်ပြသည်။ ဒီတော့ ကိုမိုးကျော်၏ အလုပ်ရုံမှာ လူဘယ်လောက်စည်စည် ဆွေသဟာမှာလည်း ဖောက်သည်က လျော့မသွား။

ကိုဆွေက ဖက်တီးကို အလေးအနက် စကားတစ်ခွန်းဆိုလာသည်။

'အစ်ကို ပြောချင်တာကတော့ ပြိုင်ဆိုင်လိုစိတ်ဆိုတာ နှလုံးသွင်းတတ်မှ ကောင်းတာ။ ကိုယ့်ပြိုင်ဘက်အပေါ် စစ်မှန်တဲ့ တန်ဖိုးထားတတ်မှ ကိုယ်လည်းတိုးတက်အောင်မြင်မှု အစစ်အမှန်ကို မင်းပြန်ရမှာ။ မစ္စရိယစိတ်တွေ၊ အငြိုးအတေးအာဃာတတွေကို နှလုံးသွင်းပြီး ယှဉ်ပြိုင်မယ်ဆိုရင် မင်းအောင်ပွဲက ဘယ်တော့မှ အစစ်အမှန် ဖြစ်မလာဘူး။ မငြိမ်းချမ်းဘူး။ မီးဟုန်းဟုန်းတောက်လောင်ပြီးမှတော့ အဲဒီအောင်ပွဲက ဘယ်လိုလုပ်လှပတော့မှာလဲ ညီလေးရ။ မင်းမှတ်ထား အောင်ပွဲတိုင်းလှဖို့ဆိုတာ ဘယ်လိုစိတ်မျိုးနှလုံးသွင်းပြီး ပြိုင်ပွဲဝင်မလဲဆိုတဲ့အပေါ်မှာ မူတည်တယ်။ ငါညီ နှလုံးသွင်းစိတ်မှန်အောင် မွေးမြူစမ်းပါကွာ'

ကိုဆွေ့စကားက လေးနက်လွန်းတော့ ဖက်တီး မနည်းလိုက်တွေးရသည်။ ဒါတောင် အတွေးက သိပ်မကြည်လင်။ ဒါပေမဲ့ အဲဒီနောက်ပိုင်း ကိုမိုးကျော် အကြောင်းအရင်လို လေးပင်ဖိစီးစွာ သူမတွေးဖြစ်တော့။ ဒီအချိန်မှာပဲ ကိုဆွေက သူ့ထုံးစံအတိုင်း ဖက်တီးကို ပြည်ပမှာ အလုပ်လုပ်ဖို့ ထင်မှတ်မထားစွာ စစီစဉ်တော့သည်။ အခက်အခဲ လုံးဝမရှိခဲ့။

'ဖက်တီးရေ မင်းကို အပျော်လွှတ်လိုက်တာ မဟုတ်ဘူးဆိုတာ အစ်ကိုထူးပြီး မပြောတော့ဘူး။ ငွေလည်းရှာပါ။ ပြီးတော့ ကိုယ့်ထက် ကျွမ်းကျင်တဲ့သူတွေဆီက သင်လို့ရတဲ့ပညာ အကုန်သင်ပါ။ အဲဒီနည်းပညာသစ်တွေ မင်းရဲ့မြန်မာနိုင်ငံအရောက် သယ်ဆောင်လာခဲ့စမ်းပါ။ နိုင်ငံခြားအလုပ်သွားလုပ်၊ ရတဲ့ငွေလေးခြစ်ခြုတ် စုပြီး ကိုယ့် နိုင်ငံပြန်ရောက်ရင် ငွေတိုးလေးပေးဖို့၊ အိမ်ဆိုင်လေးဖွင့်ဖို့လောက် နားလည်တဲ့အထဲ ငါညီမင်းဘယ်တော့မှမပါစေနဲ့။ အရေးအကြီးဆုံးကတော့ ဟိုရောက်တာနဲ့ ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်တွေ အစ်ကိုဆီ မရောက်ရောက်အောင် အမြန်ဆုံးပို့ခဲ့ပဲ'

ဒီလိုနှင့် ၈ တန်းမအောင်သည့် ဖက်တီးတစ်ယောက် သူဘယ်လိုမှ ထင်မှတ်မထားသည့် စင်ကာပူနိုင်ငံဆီ ၃ နှစ်တိုင်တိုင် သွားရောက်ကျင်လည်ရပြန်သည်။ မြန်မာနိုင်ငံပြန်ရောက်ပြီး ရန်ကုန်မြေကို ပြန်နင်းတော့ ဟိုးတစ်ချိန်ကလို ဂျင်းနဲ့ ကျောပိုးအိတ်အဟောင်းလေးနှင့် ဖက်တီး မဟုတ်တော့။ အရာရာက ပြောင်းလဲခဲ့လေပြီ။

❑

'ကဲ မင်းဘာဆက်လုပ်မယ် စိတ်ကူးထားလဲ ညီလေး'

'ဝပ်ရှော့ခ်သမားက ဝပ်ရှော့ခ်ပဲ လုပ်ချင်တာပဲ ဆရာရဲ့'

'အေး ငါလည်း ဒီလိုပဲတွေးထားတယ်။ အခုဆိုရင် မင်းမှာ တော်တော်တောင့်တင်းသွားပြီ။ မောင်မိုးထက် အတတ်ပညာအရ မင်းက သာသွားပြီ။ မောင်မိုးလည်း အတော်ကြီးပွားနေပြီ။ ဒီလိုတို့ စလိုက်ရအောင်။ မင်းရန်ကုန်ဆင်ခြေဖုံးတွေဘက်လိုက်ကြည့်စမ်းကွာ။ မြေကွက်ကျယ်ကျယ်လေးလည်းဖြစ်မယ်၊ အဝင်အထွက်လွယ်ရမယ်။ ရေ၊ မီးကောင်းတယ်ဆို အဲဒီအကွက် မင်းဆွဲလိုက်။ ပြီးရင် မောင်မိုးလုပ်လုပ်ငန်းသုံးလေးခု အဆင့်ချ။ အဲဒါ မကောင်းဘူးလား'

www.burmeseclassic.com

www.burmeseclassic.com

'ဆရာ ကူညီမယ် ဟုတ်လား'

'မေးစရာလိုသေးလို့လား ကွာ။ ဒါနဲ့ ဖက်တီးရေ ဆောင်မိုးနဲ့ တွေ့လိုက်ဦး။ သူလှိုင်သာယာဘက်မှာ လုပ်ငန်းတစ်ခု ခွဲထားတယ်ကြားတယ်။ အဲဒီဘက်တွေ အကြောင်း တီးခေါက်ကြည့်စမ်းကွာ'

'မနက်ကတင် ကျွန်တော် ကိုမိုးကျော်ဆီ ကျွန်တော်ဆက်လိုက်သေးတယ်။ သူပြောတယ် လှိုင်သာယာမှာ ခွဲလုပ်နေတယ်လို့။ ဒါပေမဲ့ အလုပ်ကောင်းပုံ မရပါဘူး။ ညည်းလိုက်တာ ခိုကျနေတာပဲ။ ဒီညနေ ဆုံဦးမှာပဲ။ သူလာလိမ့်မယ်'

တကယ်လည်း ညနေ ၆ နာရီလောက်မှာ ကိုမိုးကျော် ပေါက်ချလာသည်။ သာကြောင်း မာကြောင်းကနေ လုပ်ငန်းကိုင်ငန်းတွေဆီ စကားဦး လှည့်သွားတယ်ဆိုရင်ပဲ ကိုမိုးကျော်က လှိုင်သာယာက သူ့အလုပ်ရုံအကြောင်း ကရားရေလွှတ် တတွတ်တွတ် ခိုညည်းညည်းတော့သည်။ အလုပ်မရှိဘဲ အလုပ်သမားတွေ ခန့်ထားသည့် အတွက် တစ်လ ဘယ်ရွေ့ ဘယ်မျှ ဆုံးရှုံးရကြောင်း၊ အလုပ်ရုံ စုတ်ဖွားလေးတွေကလည်း မိုလိုပေါက်နေသည့် အကြောင်း၊ ပစ္စည်းတွေ မကြာခဏ ခိုးခံနေရသည့် အကြောင်း၊ စက်ရုံတွေကျပြန်တော့လည်း စက်ပြင်ဆရာတွေ၊ ဝရိန်သမားတွေ အပိုင်ခန့်ထားသည့် အကြောင်း စသဖြင့် စသဖြင့်...။ ရှုံ့တွတွ မျက်နှာကြီးကို လှုပ်ခါကာ ညည်းညူပြောဆိုကာဖြင့် မကြာခင် လှိုင်သာယာ အလုပ်ရုံကို ပိတ်တော့မှာဖြစ်ကြောင်းနှင့် အဆုံးသတ်လိုက်သည်။ ကိုမိုးကျော်စကားဆုံးမှာ ကိုဆွေရော၊ ဖက်တီးပါ ရောယောင်စိတ်ဓာတ်ကျသွားမိသည်။ သူမြေကွက်ရှာရမည့် မြို့နယ်စာရင်းမှာ လှိုင်သာယာကို ဖက်တီး အလိုလို ကြက်ခြေခတ်မိသည်။

သို့သော် ထိုကြက်ခြေခတ်သည် မှားယွင်းနေကြောင်း မကြာခင်မှာဘဲ ဖက်တီး သိခွင့်ရလိုက်သည်။ သူ့မိတ်ဆွေဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ယောက်က အတင်းခေါ်တာနှင့် လှိုင်သာယာဘက်ခြမ်း မလိုက်ချင်လိုက်ချင်နှင့် ဖက်တီးလိုက်ခဲ့သည်။ ဘုရင့်နောင်တံတားဆင်းကတည်းက လှိုင်သာယာမြို့ကလေးအပေါ် ဖက်တီး စိတ်ဝင်စားစ ပြုမိသည်။ ထိုမှ အဆင့်မြင့် အိမ်ရာကြီးတွေ၊ ပြီးတော့ လမ်းတောင်ဘက်ခြမ်းက ကျယ်ပြောလှတဲ့ စက်မှုဇုန်ကြီး။ အင်ဂျင်နီယာကလည်း စိတ်ရှည်ရှည်နှင့် မြို့ကိုပတ်ပြသည်။ သူ့အတွေ့အကြုံအရ လှိုင်သာယာဘက်ခြမ်းမှာ ကိုမိုးကျော် ပြောသလောက် အခြေအနေ မဆိုးနိုင်တာကို သိနေသလို လို။ ဒါမှမဟုတ် ကိုမိုးကျော် မရှာဖွေတတ်လို့၊ ဒါမှမဟုတ် အားနည်းချက်တစ်ခုခုကြောင့် အလုပ်မရ ဖြစ်နေတာများလား။ ရောက်လက်စနှင့် ခဏဝင်ကြည့်လိုက်ဦးမှ။

'ဆရာရေ ကျွန်တော့် သူငယ်ချင်းတစ်ယောက် လှိုင်သာယာမှာ လုပ်ငန်းလာလုပ်နေတာ ခဏဝင်မလားလို့'

'ဝင်လေ ဘယ်နားမှာတဲ့လဲ'

'ဒီမှာလိပ်စာ ဇုန်(၁)၊ ရှော့ဟောက်တန်း၊ တိုက်ခန်း ...တဲ့။ ရှိ၊ မရှိ ဖုန်းခေါ်လိုက်ဦးမယ်'

'ရှေ့မှာ ကွေ့လိုက်ရုံပဲ။ ဖုန်းတော့ ခေါ်ကြည့်ပါဦး'

ကိုမိုးကျော် ဟန်းဖုန်းကို လှမ်းခေါ်စဉ် ကားကရှော့ဟောက်တန်းအနီး ရောက်လာပြီ။ ဖုန်းကလည်း တန်းဝင်သည်။

'ဟယ်လို အင်း ကိုမိုးကျော်လား။ အင်း ကျွန်တော် ဖက်တီးပါ။ အခုလှိုင်သာယာ ဘက်ရောက်နေလို့ ခင်ဗျား အလုပ်ရုံဘက် လှည့်ဝင်မလားလို့'

'ဟင် ဟာ ဟို ကျွန်တော် မြို့ထဲရောက်နေတာ ကိုဖက်တီးရ။ ဘယ်လို လုပ်မလဲ'

'ဟာ ကျုပ်က ခင်ဗျား အလုပ်ရုံနားတောင် ရောက်နေဟင်'

'ဟာ...'

မြို့ထဲရောက်နေတယ်ဆိုသည့် ကိုမိုးကျော်ကို ကားပေါ်ကနေ မျက်စိနှင့်တပ်အပ် ဘွားခနဲ မြင်လိုက်ရတော့ အံ့သြစိတ်ကြောင့် ဖက်တီး ခဏ 'ဟင်' ခနဲ။ ကိုမိုးကျော်ကိုယ်တိုင်ကလည်း 'ဟာ' ခနဲ။ လူက အလုပ်ရုံထဲ ဝင်ပုန်းရတော့မလို၊ ဖက်တီးကိုပဲ အံ့သြဝမ်းသာ ဆီးကြိုရတော့မလို ခြေမကိုင်မိ၊ လက်မကိုင်မိ။

'ရပ် ရပ် ဟိုမှာ'

'ရပ် ရပ် ဒီမှာ'

စကားသံ ထွက်မိပြန်တော့ ပြိုင်တူ။ ကိုမိုးကျော်ကို နားမလည်နိုင်စွာ ကြည့်နေမိသည့် ဖက်တီး၏ အကြည့်တွေက ကိုမိုးကျော်နောက်ဘက် အလုပ်ရုံထဲဆီ အလိုလို ရွေ့လျားရောက်ရှိသွားသည်။ ဝရိန်သံ၊ ချော်ခေါက်သံ၊ တွင်ခုတ်သံတွေ ဆူညံနေသည့် အလုပ်ရုံထဲမှာ လုပ်သား ၂၀ လောက် ခေါင်းမော်တမ်း အလုပ်လုပ်နေကြတာကို မြင်နေကြား နေရသည်။ ပြီးတော့ ကိုမိုးကျော် ဟိုရက်ပိုင်းတုန်းက ပြောခဲ့သည့် စကားတွေ ဖက်တီး အကျယ်ကြီး ပြန်ကြားသည်။ တစ်စုံတစ်ရာကို ဖက်တီး ရေရေလည်လည် နားလည်သွားပြီ။ 'ဆင်းဦးလေ' လို့ ပြောလာသည့် ကိုမိုးကျော်မျက်နှာကို စက်ဆုပ်စွာ မော်ကြည့်ရင်း...

'ဘာလဲ ခိုလိုညည်းပြဦးမလို့လား။ သွားသေလိုက်ဟော့လူ ကဲ ဂိုးပြီ'

❑

သူ လှိုင်သာယာမှာ အထိုင်ချမယ်ဆိုတော့ ကိုဆွေ အတော်အံ့သြသွားသည်။

'စဉ်းစားနော်ညီလေး၊ မောင်မိုးက မင်းအရင် အဲဒီကို ရောက်တာ။ နောက်ခံဘက်ဂရောင်းလည်း တောင့်တယ်။ သူတောင် အဆင်မပြေဘူးဆိုတော့'

ဒီလူ အလကားလူ၊ ဒီလူအကြောင်း မပြောနဲ့ဗျာ။ ဖက်တီးစကားက ရင်ထဲမှာသာ ပဲ့တင်ထပ်နေသည်။ အပြင်သို့ ထွက်ကျမလာ။ ဒီမိုးကျော်ဆိုသည့် နာမည် စကားထဲ ပါလာလျှင်ကို

www.burmeseclassic.com

ဖက်တီး နှုတ်ဆိတ်သွားတတ်တာကို ကိုဆွေနားမလည်။ မိုးကျော်ကို ပြိုင်ဆိုင်ချင်စိတ်တစ်ခုတည်းနှင့် ကိုယ့်ကိုယ်ကို ဇွတ်နှစ်လိုက်သလို ဖက်တီးဖြစ်သွားမှာစိုးလို့ ကိုဆွေ အတန်တန်တားသည်။ ဒီလိုတားသည့် ကြားကပဲ ဖက်တီးက လှိုင်သာယာဘက် ဇွတ်ခုန်ကူးသွားသည်။ သူ့စကား နားမထောင်သည့် ဖက်တီးကို ကိုဆွေ အပြစ်မမြင်နိုင်ရှာ။ အစစအရာရာ မလစ်ဟာရအောင် လိုက်ကြပ်မတ်ပေးသည်။ ဖက်တီး အလုပ်ရုံသစ်ထောင်သည့်နှစ်မှာပဲ ကိုဆွေ့သမီးကြီး ကစ်ကစ်က အနောက်တိုင်း တက္ကသိုလ်ကြီးတစ်ခုမှာ ပညာသင်ကြားခွင့် ရသွားသည်။ အငယ်ကောင် ချာချီက ဆေးတက္ကသိုလ် ဗိုလ်လောင်းဝင်ခွင့် ရသွားသည်။ ဒီတော့ သားရေးသမီးရေး၊ မိသားစုအရေးတွေ၊ အလုပ်ကိစ္စတွေ ကြားထဲ ကိုဆွေ ဝဲလည်ပြီး ဖက်တီးနှင့် တစ်ခါတစ်ခါ လောက်မှသာ တွေ့ဖြစ်တော့သည်။

ဖက်တီးကိုယ်တိုင်လည်း အလုပ်ထဲမှုပ်နေသည်။ ကိုဆွေ့ထံ သွားကန်တော့သည့်အခါမျိုးလောက်၊ လမ်းကြုံလို့ လှည့်ဝင်တာမျိုးလောက်သာ ရောက်ဖြစ်တော့သည်။ နောက်ဆုံး ရောက်ခဲ့တာက သင်္ကြန်တွင်းကြီး။ အလုပ်သမားတွေကလည်း လျှောက်လည်၊ ချာချီကလည်း မရှိဆိုတော့ ကိုဆွေတို့ လင်မယားနှစ်ယောက်တည်း။ အိမ်က ခြောက်ကပ်နေသည်။ အလုပ်ရုံဘက် သူအလွမ်းပြေသွား ကြည့်မိရင်း ကိုဆွေ့လုပ်ငန်းကိုင်ငန်းတွေ အရင်လိုမကောင်းတော့ကြောင်း သိလိုက်သည်။ အရင်ကလုပ်ရမည့် အလုပ်တွေပြည့်နေသည့် ဝိုက်ဘုတ်ပြားပေါ်မှာ အခုတော့ ရေးထားသည့် အလုပ်က သုံးလေးခုသာရှိသည်။ အဲဒီသုံးလေးခုကလည်း ဒီတ်လွန်ရက်စွဲတွေနှင့်ဆိုတော့…။

'မင့်တူမက တစ်နှစ်ပဲ ဆက်တက်ရတော့မှာ။ ဘွဲ့ရပြီးတာနဲ့ အဲဒီမှာ အလုပ်တန်းဝင်ရမယ် ပြောတာပဲ။ ဟ ဟိုကောင်ချာချီလည်း တစ်နှစ်ပဲ လိုတော့တာဟ။ ငါမေ့နေတာ။ အေးကွာ သူတို့လေးတွေ ထွန်းပေါက်သွားတော့ တို့မိဘတွေ ဒုက္ခခံရကျိုးနပ်ပါတယ်။ ဖက်တီးရေ ဒီဘက် ၄-၅ နှစ်တော့ အစ်ကိုတို့ တော်တော်ရုန်းခဲ့ရတယ်ကွ'

ကိုဆွေ့ဆီက ညည်းသံသဲ့သဲ့ကို ဖက်တီးဘဝမှာ ပထမဆုံး ကြားလိုက်သည်။ ဆရာသမားတို့ ဇနီးမောင်နှံကို ဖက်တီးငွေငါးသောင်းကန်တော့ခဲ့သည်။ အဲဒီတစ်ကြိမ်ရောက်ပြီးကတည်းက မရောက်ဖြစ်တော့ တာသီတင်းကျွတ်လည်းမရောက်၊ ခရစ္စမတ်လည်းမရောက်။ တွေ့မည့်တွေ့တော့ လုပ်ငန်းရှင်တစ်ယောက်၏နာရေးမှာ။

'ဟာ ဆရာ'

'ဟ ဖက်တီးပါလား'

'ဆရာ နည်းနည်းကျသွားတယ်၊ နေကောင်းကြတယ် မဟုတ်လား'

'ကောင်းပါတယ် ညီလေးရာ၊ အစ်ကိုလည်း မင်းဆီလာမယ် လာမယ်နဲ့ မရောက်ဖြစ်ဘူး။ ငါ့ညီ မင်းနဲ့နည်းနည်း တိုင်ပင်စရာရှိတယ်ကွ။ ငါ ဟိုက အလုပ်ရုံဖြုတ်ပြီး နေရာသစ်မှာ တစ်ကပြန်စခွင့်တယ်။ အဲဒါ မင်းတို့ လှိုင်သာယာဘက် လာမလားလို့။ အခြေအနေ ဘယ်လိုရှိနိုင်လဲ'

ကိုဆွေ့ထုံးစံအတိုင်း ပြောလာသည့်စကားက ဖက်တီး လုံးဝ ထင်မှတ်မထားသည့်စကား။ ပြီးတော့ တွေဝေသွားစေနိုင်သည့်စကား။ ကိုဆွေလိုလူမျိုးက ဝမ်းပန်းတသာ ကြိုဆိုနေရမည့်သူမျိုးဖြစ်မေမဲ့ သူပါးစပ် လျှောခနဲထွက်လာသည့် စကားလုံးတွေက စိတ်နှင့် ဆန့်ကျင်စွာ။

'မလွယ်လောက်ဘူး ဆရာ၊ စက်မှုမြို့ဆိုပြီး နာမည်သာရှိတာ၊ ဘာမှ မဟုတ်ဘူး။ ကျွန်တော်လည်း ပြူးပြဲရှာနေရတာ။ ဒါတောင် အနိုင်နိုင်ရယ်။ ကိုမိုးကျော်တောင် မြို့ထဲပြန်ရွှေ့တော့မလို့တဲ့'

သူမုန်းသည့် မိုးကျော်နာမည်ကိုတောင် စကားထဲထည့်ပြောဖြစ်လိုက်ပြီ။ သူ့စကားကို အကြွင်းမဲ့ယုံသည့် ကိုဆွေထံမှ လေပူမှုတ်ထုတ်သံကို သူကြားသည်။ ကိုဆွေ့ကို မျက်နှာချင်းဆိုင်ပြီး သူမကြည့်ရဲခဲ့။ စိတ်ညစ်ညူးစွာ အိမ်ပြန်လာတော့ အတိတ်အရိပ်တွေက ခေါင်းထဲမှာ ချာလည်နေသည်။ မှန်ထဲ ထင်နေသည့်ပုံရိပ်ကို ဖက်တီးကိုယ့်ပုံရိပ်လို့မမြင်။ ကိုမိုးကျော်လို့ မြင်သည်။ သူကိုယ်သူ စက်ဆုပ်မိသည်။ လှိုင်သာယာဘက်ခြံမှာ သူတို့ ရွှေလမ်းငွေလမ်း ပွင့်နေတာဆိုတာ ကိုမိုးကျော်ကိုထားတော့၊ ဘာကြောင့် သူကိုယ်တိုင် ဆရာရင်းကို အမှန်မပြောနိုင်တာလဲ။ ဖက်တီးကိုယ့်မေးခွန်းနှင့်ကိုယ် တုန်လှုပ်စွာ။

'ငါ မိုးကျော်မဟုတ်ဘူး၊ မိုးကျော်ဟာ ငါအတုယူသင့်သူလည်း မဟုတ်ဘူး။ ငါ့ရဲ့ ပြိုင်ဘက်ကောင်းလည်း မဟုတ်ဘူး။ ဒါဆို ဆရာကိုဆွေကရော'

မေးခွန်းတွေ ကြားထဲ နာရေးကအပြန် လမ်းခွဲခါနီး ကိုဆွေပြောခဲ့သည့် စကားထဲပဲတင်ထပ်မျှ။

'မင်းတူမတော့ အလုပ်ဝင်သွားပြီကွ။ ဒီသင်္ကြန် ခွင့်ယူပြီး ပြန်လာလိမ့်မယ်။ ချာချီလည်း ဝိတ်ရက် ဆင်းလာမှာ။ မင်း တစ်ရက်နှစ်ရက် အိမ်မှာလာနေပေးဦး။ မင့်တူမက လှမ်းမှာတာနော်၊ လာခဲ့ ညီလေးရာ။ တို့မိသားစုအစုံ တစ်ခါလောက် ဆုံရအောင်'

တို့မိသားစု…တဲ့။ ဖက်တီး ဖျည်းခနဲ ကြက်သီးထမိသည်။ တုန်ယင်နေသည့် လက်က ဟန်းဖုန်းနံပါတ်ကို မနည်းကြိုးစားပြီး နှိပ်ရသည်။ အိမ်၊ ခြံ၊ မြေ အကျိုးဆောင် မိတ်ဆွေရင်းအသံကို ဖုန်းထဲက ကြားသည်။ ဖက်တီးက သူ့ လုပ်ငန်းမျိုး လုပ်နိုင်သည့် မြေကွက်တစ်ခု အမြန်ဆုံးရှာပေးဖို့ ပြောလိုက်သည်။ ပြီးတော့ ပြောလိုက်သေးသည်။ သူ့အတွက် မဟုတ်ဘူး။ သူ့အစ်ကို အတွက်…တဲ့။ ■

အဆုံးတွင်

www.burmeseclassic.com

www.burmeseclassic.com

ဝါသရုပ်ဆောင်သင်တန်းရဲ့
သက်သစ်လေး
ရွှေမှုန်ရတီ

3 Days Interview မှ



ရွှေမှုန်ရဲ့အနုပညာပျိုးခင်းအကြောင်း ပြောပါဦး။

အနုပညာပျိုးခင်းက ပြိုင်ရတာ မဟုတ်ပါဘူး။ ဆရာ၁၂၅လွှင့်သင်တန်းမှာ သင်တန်းတက်နေတုန်း လာပြီးရွေးချယ်သွားတာပါ။ ဒါရိုက်တာဝိုင်းက လာရွေးသွားတာပါ။ မော်ဒယ်လ်တွေအကုန်လုံးကို သင်တန်းမှာ လာကြည့်ပြီး ရွေးသွားတာပါ။

ဘယ်လို talent တွေ ပြရသေးလဲ။

ဘာမှ မလုပ်ပြရပါဘူး။ ဆရာဝိုင်းက စံကားဝါသရုပ်ဆောင် သင်တန်းမှာ ရွှေမှုန်တက်တုန်းက ကိုယ့်ဆရာလည်းဖြစ်နေတယ်။ သရုပ်ဆောင်သင်တန်းလည်း တက်ထားတယ်ဆိုတော့ ရွေးလိုက်တာပါ။

သင်တန်းကရော ဘယ်လိုတက်ဖြစ်တာလဲ။

ပထမက ဆယ်တန်းလောက်မှ တက်မယ်လို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ ခုနစ်တန်းလောက်က စတက်ဖြစ်ခဲ့တာ။ သင်တန်းတက်တာက သုံးလ၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်းထဲမှာက ငါးလ။ ရှိးလျှောက်တာလည်း ရှိသေးတယ်။

ဘတ်ကားရိုက်မယ်ဆိုတော့ သရုပ်ဆောင်သင်တန်းတက်ခဲ့တာနဲ့ ကွက်တိပဲဖေါ့ဟုတ်လား။

ဟုတ်ကဲ့ ရိုက်ကွင်းက ရွှေမှုန့်အတွက် စိမ်းမနေဘူး။ အနုပညာအခြေခံရှိထားတော့ လုပ်ရတာအဆင်ပြေတယ်။ သင်စရာလည်း မလိုဘူး။ သင်တန်းမှာကတည်းက ခေါင်းစဉ်အဆုံး ဆရာတွေက သင်ပေးတာဆိုတော့ သင်စရာမလိုတော့ဘူး။ အနုပညာပျိုးခင်းထဲဝင်ပြီး ရိုက်ကွင်းတွေ လိုက်ကြည့်ဖြစ်တယ်။ အဲဒီအတွက် ရိုက်ကွင်းတွေကို ရွှေမှုန်ကြိုဖူးတော့ မစိမ်းတော့ဘူး။ ကြောက်လန့်နေတာလည်း မရှိဘူး။

ခုနွေဦးအထူးပညာဒါန သရုပ်ဆောင်(အခြေခံ) သင်တန်းသို့ တက်ရောက်လိုသူများ ဆက်သွယ်တက်ရောက် နိုင်ပါပြီ။

ရွှေပုပ္ပါးဦးကုန်းမိုင်(တာဝန်ခံ)
စံကားဝါသရုပ်ဆောင်သုတေသနသင်တန်း

အမှတ် ၂၊ မိုးကောင်းလမ်း၊ စံကားဝါအိမ်ရာ၊ စံကားဝါခန်းမ၊ ရန်ကင်းပုန်း - ၅၄၁၀၀၂(ရွှေးချယ်လက်ခံပါမည်)
လှိုက်လဲသော စေတနာပြင့် နွေးထွေးစွာ ကြိုဆိုလျက်။
(မည်သည့်ဌေးကြေး တစ်စုံတစ်ရာမျှ ကောက်ခံမည် မဟုတ်ပါ)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကား
မြန်မာစာနှင့်
ဘွဲ့ရထားပေမဲ့
လုံးကြီးပေါက်လှဆိုသော
စကားကို
အပေါ်ယံအတွေးနှင့်
ရေးရေးသာသိ၏။
တစ်နေ့မှာတော့
မိန်းကလေးတစ်ယောက်
နိုးမိပြီး
တစ်ကိုယ်လုံးရွှံ့နှစ်
နေတာမြင်မှ
အကုသိုလ် မနောကံနှင့်
သဘောအမှန်
ပေါက်တော့သည်။
ထဘီတိုတို ရေစိုစို၊
ခြေသလုံးတွေက
ဝါးဝိုးမျှစ်စို့တုံးကြီးတွေလို
မွေးဥနုဖပ်၊ အင်္ကျီရေစိုက
အသားကပ်
အဲဒီတော့မှ
သြော်
အလုံးကြီးတာက ဒီလို၊
အပေါက်အဆက်
လှတာက ဟိုလိုကိုးလို့
သိတော့သည်။
ရဲရဲလည်း မကြည့်ပဲ။
ထိုမိန်းမကား
အနေက ရိုင်းရိုင်း၊
အပြောက ရွဲရွဲဒိုင်းဒိုင်း၊
တုတ်ထိုးအိုးကွဲဗျ။
ထိုမိန်းမကြမ်းကိုမှ
ကျွန်တော်က
အရမ်းအရမ်းချစ်မိသည်။
သူ့၏ချစ်သွေးရောင်ရွှန်း၊
မျက်ဝန်းများကြောင့်
သူ ကျွန်တော့်ကို
ချစ်မှာပဲလို့ ထင်မိသည်။
တစ်ရွာတည်းမှာ
အတူကြီးလာ၊
ပြောမနာ ဆဲမနာတွေပါ။
ခြင်ပါများတော့လဲ၊
ခင်ပါများတော့ စ၊

www.burmeseclassic.com

www.burmeseclassic.com

ပုဒ်ဖြူကြီး သူးပါတယ် ကျိုက်ခဝတ်ကာဝင်ခဲ့

၂၀၁၄ ခွန် ရွှေအပြုံတော ဂန်္ဓမွေငင်း အုပ်

www.burmeseclassic.com

www.burmeseclassic.com

ထဘီတိုတို ရေစိုစို ခြေသလုံးတွေကာ ငါးပိုးမျှစ်စို့ တုံးကြီးတွေလို ဖွေးဥနုဖပ် အင်္ကျီရေစိုက အသားကပ် အဲဒီတော့မှ သြော် အလုံးကြီးတာကာ ဒီလို အပေါက်အဆက် လှတာက ဟိုလိုကိုးလို့ သိတော့သည်

နီးပါများတော့ ရွှေလာသော ကျွန်တော်သည် တစ်နေ့မှာတော့ သိမ်မွေ့နူးညံ့ခြင်း အလျှင်းကင်းစွာ ရည်းစားစကား ပြောမိလိုက်ပါလေရော။ ကျွန်တော်ကား မိန်းမတို့၏ အထာ၊ အညာ၊ မာယာဆိုတာတွေ မသိ။ ဗဟုသုတ မရှိ။ အဝေးသင်ဆိုတော့ ပညာက အဝင်သေးသည်။ စာမေးပွဲနီးမှ အနီးကပ် တစ်လတက်၊ ဒါကျက်ဆို ကျက်ပြီးဖြေ။ ဒီလိုနှင့် ရထားသည့် ဘွဲ့ရပညာမတတ်ကောင်။ လူမိုက်က ကျွန်တော်၊ အဖော်က ဝစီကံ။ အနားဘယ်သူ ရှိ မရှိ ဘေးဘီမကြည့်၊ ကိုယ့်စကား ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိဘဲစွတ်တင်လိုက်သည်။

'နင်နဲ့ငါ အတူနေချင်လိုက်တာဟယ်'

ဘယ်လောက်ပွင့်လင်းမြင်သာမှုရှိသည့် ရည်းစားစကားလဲနော်။ မိန်းကလေးတစ်ယောက် ဒီလိုအပြောခံရတာ ဘယ်လိုခံစားရမလဲ။ ကျွန်တော် အဝိန္ဓာငတုံး လုံးလုံးကြီး အရက်ကွဲ၊ မျက်နှာကြီးရဲ၊ အသည်းထဲ သံချွန်ကြီး ရိုက်သွင်းသလို စူးနစ်၊ ရင်ဘတ်ကို တင်းပုတ်ကြီးနှင့် ထုသလို မူးယစ်သွားပါတော့သည်။

အကြီးအကျယ် ကုတ္တုန္တနောင်တရသွားသော ကျွန်တော်သည် ထိုနေ့မှစ၍ ယောကျ်ားတို့၏ မာနကို လုံးဝ လုံးဝ ခဝါမချတော့ဘဲ ဘယ်မိန်းမကိုမှ မချစ်၊ ဣတ္ထိယ အားလုံးကို ဘလက်လစ်(စ)လုပ်လိုက်၏။

ကျွန်တာခွင့်လွတ်ပြီး မိန်းမကိစ္စ လုံးဝ လက်မခံသော ကရင်၊ ဗမာ ရောနှောနေထိုင်ကြသော ကျွန်တော်တို့နယ်မှာ မိန်းမတွေကို ဘလက်လစ်(စ)လုပ်ထားသော ကျွန်တော့်ကို အားလုံးက လေးစား ဂိုက်လစ်(စ)ပေးပြီး သူကြီးတင်ကြလေ၏။ ဒီမှာ ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူးတို့ မခေါ်။ နံပါတ်ဝမ်းဆို သူကြီးပဲခေါ်ကြတယ်။ ကျွန်တော်လည်း သူကြီးဖြစ်ရော တစ်နယ်လုံး ဒုက္ခရောက်တော့သည်။

❑

ဖမ္မူဒီပါ လက်ယာတောင်ကျွန်း သြဘာနိမိတ် ထွန်းတဲ့ ပြည်မြန်မာမှာ ရောက်ပြီး ဒုက္ခရောက်တာ မဆန်းပါဘူး။ ရောတော်ပြီး မတ်တတ်က လဲမတတ် အားပြတ်ကုန်တာတော့ သတင်းစာမှာ အကျယ်တဝင့် မပါတော့ လူ သိနည်းသည်။ အဲဒါက ၂၀၁၀ ပြည့်နှစ် မတ်လနှင့် မေလကြား၊ အဆိုးရွားဆုံးကတော့ ပဲခူးတိုင်းဒေသကြီး ဝါမြို့နယ်၊ ထိပ်ဆုံးကတော့ သူကြီးလေး ကျွန်တော် အုပ်ချုပ်သည့် ရွာ။

မြက်တွေဆို ခြောက်သွေ့၊ အမှုန့်ဖြစ် လေထဲလွင့်ကုန်၏။ မြေကြီး ပပ်ကြားကွဲကို ငုံကြည့်လျှင် ငရဲသားခေါင်း လှမ်းတွေ့ရမတတ် ဗျာ။ ဒီမှာက ရေတွင်း၊ အစိစိတွင်းတူး၍ ရေချိုမရနိုင်။ ရေကုန်တွေ ခန်းခြောက်ကုန်ပြီ။ တချို့ရွာတွေ ရေလက်ကျန်လေး ခိုးခပ်မှာစိုးလို့ ရေကန်ကို ကင်းချထားရသည်။ နာရေးတောင် ရေခွဲတမ်း နှစ်ပိဿဲ့ ရ၏။ ရေဝအောင် မသောက်ရတော့ပါ။ ရွာရေကန် ရေခန်းသွားပြီ။

ရွာသားတွေ ရေရှိရာသူကြီးလေး ကျွန်တော့်တာဝန်။ ခက်တာက ထွန်စက်နှင့် ထွေလာ။ ဒီနားလေးငါးရွာမှာ ထွန်စက်ရှိတာက တစ်စီး၊ ပိုင်ရှင်က သီးနှံရဲ့ သူဌေးမ။ မိုးမကျခင် ဝါမြို့မှ သူဌေးသားနှင့် ကြောင်းလမ်းတော့မည့် ထိုရွှေခင် ငွေခင်မကို ကျွန်တော်က အောက်ကျမခံနိုင်။ ဒီတော့ လူကြီးထဲပါသည့် ဖထီး စောနော်တန်ကို ခေါ်ပြီး သူကြီး အာဏာသုံးရသည်။

'ဖထီး ရော့ ငွေ သုံးသိန်း၊ ဒါ ကျွန်တော့်ကိုယ်ပိုင်ငွေ၊ ဒီငွေကို ဖထီးတူမကို စရန်ပေးပြီး ထွန်စက်ငှားခဲ့၊ မိုး မကျမချင်း ရေသယ်မယ်ပြော၊ ငွေအတင်အကျ နောက်မှ ရှင်းမယ်။ ထွန်စက်နဲ့ ထွေလာ နက်ဖြန်မနက် လေးနာရီ စက်မောင်းပါ ကျွန်တော့်အိမ်အရောက်ပို့လို့ပြော'

❑

ဝေါ၊ ပဲခူး၊ ဒိုက်ဦး သုံးမြို့နယ်ဆုံရာမှာရှိသည့် မိုးယွန်းကြီးအင်း ဘေးမဲ့တောကို ပတ်ထားသည့် ပကိုင်တာလမ်းကြီးအတိုင်း ကျွန်တော်တို့ ထွန်စက် ချီတက်ခဲ့သည်။ ဦးတည်ရာကတော့ ဒိုက်ဦးကော်မှန့်စက်ရုံ။ ဘာမိတ်ဆက်စကားမျှ မပြောခင် ကျွန်တော် စက်ရုံမှူးကို ပြုံးပြုံးဝပ်ကန်တော့လိုက်၏။ ပြီးမှ အကျိုးအကြောင်းပြောပြ အကူအညီတောင်းကျော်ငါလန် တစ်ထောင်ဆုံ ဘုံးပါပိတ်လို့ရတဲ့ သံရော့ဝိုင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဒုံးလိုက်သည်။ သူကိုယ်တိုင် ဦးစီးပြီး ရေပိုက်ကြီးဖွင့် ရေဆည်ပေးလိုက်သည့်အပြင် နေ့စဉ် ရေလိုသလောက် လာသုခွင့်ပြုလိုက်၏။

ကျွန်တော်တို့ ရေထွန်းကြီးကို တစ်ရွာလုံးက ဆွကြိုကြ၏။ ဒါပေမဲ့ အဲဒီထဲမှာ ကျွန်တော့်ပါးကို လက်ရှဉ် ထားသည့် ကောင်မလေး၊ ကလေးတွေက ကလို့ခန်လို့။ လူတွေအားလုံး တပြုံးပြုံး။ ကျွန်တော့်ရင်ထဲမှာ ဒီတိုပြီးဆိုပြီး မျက်ရည်စို့မိသည်။ ဘာသွားတွေးမိလဲဆိုလျှင် ငါလည်း အမေ့လိုသူထုရဲ့ ကြိုဆိုတာ ခံရတယ်ဆိုပြီး ရင်ထဲကဘဝင် အပြင်ဆွက် ကောင်းကင်ပေါ်တက်နေလေရဲ့။ ရွာသားတွေ ရေဝအောင် သောက်ရပြီ။ ထမင်းဘင်းချက်ဖို့ ရေရပြီ။ ဘဝမှာ ဒီတစ်ခါလောက် ပျော်တာ ရှိပါ။

❑

ကျွန်တော် ဦးစီးပြီး ဒိုက်ဦး ကော်မှုန့်စက်ရုံက နေ့စဉ် ရေသယ်ဝေငှနေကြောင်း၊ စက်ရုံနားရွာများက ထွန်စက်ပိုင်ရှင်တွေပါ ကုသိုလ်ပြု ရေလာလှူကြကြောင်း၊ မိမိရွာသာမက အခြားရေရှားရွာများအားလုံးကို ရေမပြတ်အောင် စီမံပေးနေကြောင်း သတင်းကောင်းက ဟိုးဟိုးကျော်တော့သည်။

စစ်တောင်းမြစ်ကမ်းပါးက ရွာတစ်ရွာကို ရေသွားပို့တော့ အဘွားကြီးတစ်ယောက်က ကျွန်တော့်ကို အားရပါးရ ဖက်ပြီး ရှိုက်ကြီးတင်ငိုရှာသည်။ ရွာသူရွာသားကလေးများပါ မြေကြီးနှစ်ယောက်သား လက်တွဲလို့ ပိုးရေထဲမှာ ပြေးကြသည် ဦးတည်ချက် မရှိ ကမ္ဘာမြေအဆုံး ပြေးမည် ပိုးကုပ်စက်ပိုင်း အရောက် ပြေးမည် ပိုးစက်တွေက တဖွဖွ လူတွေလည်းစိုရွှဲ နှစ်ယောက်သား ပါမြင်ထက်မှာတော့ မျက်ရည်စက်လား ပိုးစက်လား ခွဲခြားဖို့ခက်ခဲ

ပေါ်ထိုင် ဝိုင်းကန်တော့တော့ ရင်တွေ လှိုက်ဖို ဘယ်လိုမှ ဖြေမဆည်နိုင် မျက်ရည်ဖြိုင်ဖြိုင်ကျမိသည်။

ဒီလို နှင့် တစ်ပတ်လောက်ကြာတော့ ကျွန်တော့် ဂုဏ်သတင်းဟာ လူဘုံကကျော်ဖောက် တိရစ္ဆာန်ဘုံထိ ရောက်သွားလေရဲ့။ အဲဒီနေ့က ဒိုက်ဦးနှင့် ပဲခူးနယ်စပ် တာဆုံရွာကနေ အလှူး ဆယ့်လေးမိုင်ခွဲရှိသည့် မိုးယွန်းကြီးအင်းကို ပတ်ထားသည့် ပကိုင်တာကြီးအတိုင်း ပြန်အလာ ဘိုတဲစုရွာရောက်တော့ ထွန်စက် ဘယ်လိုမှ မောင်းမရ အောင် ကျွဲ၊ နွားတွေက တားဆီးပိတ်ဆို့ထားတော့၏။ ကျွဲ၊ နွားဟာ ဘယ်ခါမျှ အတူမတွဲပေမဲ့ ရေငတ်လာတော့ မခွဲစတမ်း စည်းလုံးနေလေရဲ့။ တချို့ကောင်တွေက ထွေလာပေါ် ရှေ့လက်ကိုခုန်တင်၊ ညည်ညည်နှင့် အသံပေးရေတောင်းကြ၏။ ကျွဲတစ်ကောင်က ကျွန်တော့် ပုဆိုးစကို ကိုက်ဆွဲပြီး ထွန်စက်ပေါ်က ဆွဲချတယ်ဗျာ။ ကျွန်တော့်ရင်မှာ ဆို့နှင့်နေသည်။ ဒါနှင့် အနီးအနားတဲတွေက ပုံးတွေ၊ ခွက်တွေ၊ ဒန်အိုးတွေပါ ငှားပြီး ချတိုက်လိုက်တာ ရေဂါလန်တစ်ထောင် တက်တက်ပြောင်ရော။ နောက်ကြောင်းပြန်ရေသယ်ရသည်။

❑

မေလဆန်းပြီ။ မိုးရိပ်မိုးယောင်က မမြင်။ အထက်နှင့် အောက် နှစ်ခွင်ပါပေါင်းရင် ရပ်ဆယ်ခွင် ဆယ်တိုင်းမှာ နေနှစ်စင်း ပြိုင်တူ ထွက်နေသလိုပဲ။ ဘယ်ကြည့်ကြည့် တံလျှပ်တွေက တဖျပ်ဖျပ်။ ပူလိုက်တာကလည်း ဘွိုင်လာအိုးထဲ ထိုင်နေရသလို။ သစ်ပင်မှန်သမျှ အရိုးပြိုင်းပြိုင်း။ ဒီနှစ် ကျွန်တော်တို့ ရွာကို သိကြားမင်း မဆင်း။

သင်္ကြန်ပြီးလျှင် ရေသယ်ထွန်စက်ငှားထားသည့် ပွဲရုံပိုင်ရှင် နော်အဲလေးနှင့် ဝေါက သူဌေးသား ကြောင်းလမ်းမည့်ကိစ္စလည်း ရက်ရွေထားရသည်။ တစ်နယ်လုံး ရေပြတ်နေတာ သင်းတို့ကိစ္စ ဘယ်သူမျှ စိတ်မဝင်စား။

ပြောမကောင်း ဆိုမကောင်း ပေလူးပေကန်သားတော် မောင်အတွက် ဖခင် သူဌေးက ဟာလာစက်၊ ဆီစက်၊ တိုက်တစ်လုံး၊ ရွှေတစ်ကိုယ်ဆင်အပြင်၊ စိန်နားကပ်ကြီးပါ တင်တောင်းမည့်သတင်း ထွက်နေသည်။ ရေအကျိုးက ကျွန်တော့်သာမပေးတာ ထွန်စက်ကို အခကြေးငွေနှင့် ငှားသည့် နော်အဲလေးကိုတော့ သူဌေးကတော် ဖြစ်အောင် အကျိုးပေးလေပြီ။ မနေ့ကတင် ထွေလာကျိလေးတစ်စင်းအပြည့် ရေသန့်ဘူးတွေ ပို့လိုက်သည်။ နော်အဲလေး သူဌေးမလောင်းက ဘယ်လို စိတ်ကောင်းဝင်သည်မသိ။ အဲဒီရေသန့်ဘူးတွေအားလုံးကို လုံးဝ ကိုင်တောင်မကြည့်ဘဲ ဘုန်းကြီးကျောင်းတွေနှင့် သက်ကြီးရွယ်အိုတွေကို ဝေလှူလိုက်တယ်။

❑

၂၀၁၀ ပြည့်နှစ် မေလ ၂၁ ရက်နေ့ ညနေခင်း။ တစ်နယ်လုံး လူတွေ၏ 'ဟေး' ဆိုသည့် အော်သံကြီးက ပြိုင်တူထွက်လာတာများ မြေတောင်တုန်ခါသွားမတတ်။ အားလုံးမျှော်လင့်နေကြသည့် ချစ်မိုးကြီး ရုတ်တရက် ဝုန်းဒိုင်းကြဲရွာချလိုက်သည်။ အိမ်ရှိသမျှ အိုးခွက်ပန်းကန်၊ သောက်ရေခွက်ပါမကျန် ရေခံကြသည်။ ကလေးလူကြီး အကုန် အကျီတောင် မချွတ်ဘဲ မိုးရေထဲ ပြေးထွက်၊ ခုန်ပေါက် ပျော်ပါးပြေးလွှားကြ၏။

ကျွန်တော် ဂုဏ်သရေရှိသူကြီးမင်းလည်း စိတ်နှင့်ကိုယ် လွတ်ထွက်သွားပြီး မိုးရေထဲ ပြေးထွက်လာခဲ့၏။ အမျှော်လွန်ပြီး စိတ်ကူးတည့်ရာ ရွာလယ်လမ်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ပြေးထွက်လာရာ ကျွန်တော့် နောက်မှ ကလေးတွေ တစ်အုပ်ကြီး ဆူညံအော်ဟစ်လိုက်ပြေးလာကြသည်။ ရှေ့မှာလည်း မိန်းမတစ်ယောက် မျက်နှာချင်းဆိုင် ပြေးလာသည်။ မနိုင်မနင်း ကိုယ်ထည်ကြီးနှင့်။ နောက်အလေးပါလား။ နှစ်ယောက်သား မျက်နှာချင်းဆိုင်မိတော့ မောနေကြပြီ။ သူ ကျွန်တော့်ကို မောဟိုက်သံကြီးနှင့် ပြောသည်။

'ပျော် ပျော်လိုက်တာဟယ်၊ ငါ အရမ်းပျော်တာပဲ နောက်ပြီးတော့'

'နောက်ပြီးတော့ ဘာဖြစ်လဲ'

'ငါ နင့်ကို အရမ်းလေးစားတယ်၊ နင် တာဝန်ကျေတယ်'

'ရပါတယ်ဟာ၊ နင် ထွန်စက်ငှားလို့လည်း အလုပ်ဖြစ်တာပါ။ နင့်ထွန်စက်ဖိုး ဘယ်လောက်ထပ်ပေးရမလဲ တွက်ထား'

'မလိုပါဘူး။ နင့်စရန်သုံးသိန်း ငါ ကိုင်တောင် မကြည့်ဘူး။ ဖထီးဆီမှာ ပြန်ယူ။ နင့်မာနကိုသိလို့ အဲဒီကတည်းက ငါ ပြန်မပေးတာ'

ဒီလို တောလည်း သူဌေးကတော်လောင်း စိတ်ကောင်းအရှိသားလို့ တွေးမိသည်။ နှစ်ယောက်လုံး ရွှဲနစ်နေပြီ။ မိုးကလည်း သဲကြီးမဲကြီး။ မိုးသံလေသံတွေကြားက သူစကား-

'ကားတွေ၊ ထွန်စက်တွေရှိလျက်နဲ့ ဘယ်ရွာကိုမှ ရောတစ်ခေါက် လှူဖော်မရတဲ့ အတ္တသူဌေးရဲ့ချွေးမ ငါ မလုပ်ဘူး။ ငါ့ရွာသားတွေအတွက် မပါ၊ ငါ့အတွက် ရောနှဲ့ဘူး တွေ ပေးလိုက်တဲ့ သူဌေးသားမယား ငါအဖြစ် မခံနိုင်ဘူး။ စေ့စပ်ပွဲ ဖျက်လိုက်ပြီ၊ အပါးကလည်း သဘောတူတယ်'

ကျွန်တော့်ရင်ထဲ ဓုံးတစ်လုံးကွဲ ဝုန်းခနဲဖြစ်သွားသည်။ သူ့ကို စကားပြောချင်သည်၊ အသံကမထွက်။ သူ ကျွန်တော့်ကို ကြည့်နေသည်။ ဖိုဖိုလှိုက်လှိုက် ရှိုက်ရှိုက်စိုစို့ မျက်ဝန်းညိုညို့တွေနှင့် သူ ကျွန်တော့်ကို ကြည့်နေသည်။ သူ့လက်ဝါးမြောက်ဖြူး ကျွန်တော့်ကိုရွယ်သည်။ ဘာသဘောလဲ။ တစ်ချိန်က သူ စကား။ အမရာဒေဝီလက်ဝါး မဟုတ်ဘူး၊ ပါးကျတ်ကျတ် ကျိုး၊ သွားတွေ ယိုးဒယားရောက်သွားမယ်ဆိုသည့် တစ်ချိန်က သူစကား။ ဒီဘလက်လစ်(စ) ချစ်သော လုံးကြီးပေါက်လှ ကရင်မကား ကျွန်တော်၏ ရင်ဘတ်ချစ်သူ။ ရေအကျိုးဆယ်ပါးတဲ့ သမ္မာဒေဝနတ် မျှားကာ ကျွန်တော့်အား စွမ်းအားတစ်ခု ပေးနေသလား။ ကျွန်တော် သူ့လက်ကို ရုတ်တရက် ဖမ်းအဆုပ် ဝုန်းခနဲ မိုးခြိမ်းသံကြီးနှင့်အတူ လျှပ်စီး တစ်ချက် ဝင်းလက်သွားသည်။

နှစ်ယောက်သား လက်တွဲလို့ မိုးရေထဲမှာ ပြေးကြသည်။ ဦးတည်ချက် မရှိ။ ကမ္ဘာမြေအဆုံးပြေးမည်၊ မိုးကုပ်စက်ဝိုင်းအောက် ပြေးမည်။ မိုးစက်တွေက တဖွဖွ၊ လူတွေလည်းစိုရွှဲ၊ နှစ်ယောက်သား ပါးပြင်ထက်မှာတော့ မျက်ရည်စက်လား မိုးစက်လား ခွဲခြားဖို့ခက်ခဲ အချစ်ဆိုတာလည်း နားလည်ရန် နက်နဲ၊ မာယာတွေ ရစ်ခဲနေတတ်ပါလားနော်။

■

ကျိုက်စကောခင်မိုး

ရန်ကုန် ဆရာမြင့် (ခ) ဆရာသြဘာ

နက္ခတ္တဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့

Ph : 09 420034597

www.burmeseclassic.com

www.burmeseclassic.com

ဆရာကျော် မဟိန္ဒိတိုင်းရင်းဆေး (ထူတ်လုပ်ရေး) ပြန်မှားနာ ရင်သား၊ သားအိပ်၊ ဆီးကျိတ်၊ သွေးပင်၊ အဂျိတ်အဝူများအတွက် နာမည်ကျော် တပင်တိုင်ပြုနှုန်းအနှိ၊ နေ့ဆေး ညဆေး ချိုးတွဲနှင့် ထူးထူးခြားခြား ဆေးဖွယ်ကောင်းများ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၀၁၁ YR ၃၇၀၉

မဟိန္ဒိဆေး ဆရာကျော် ဆေးသုံးချိုးဘွဲ့ ကြိုတင်ကာတွေသို့ သောက်သုံးပါ။

ယခုကဲ့သို့ ကောင်းနာကျန်ကိုက်ခဲ ဖျားရင်ခုန်နာများ ထသောအခါ နာ
ကျန်ပါး၊ လေပြွတ်ထသော်၊ ကိုယ်တစ်ခြမ်းသေခြင်းများနှင့်
သင်းကိုက်ကော်ကြောတက်ခြင်းများ ပြစ်နေလျှင်

မဟိန္ဒိဆေး ရန္ဓူဆေး၊ လိမ်းဆေး
အထူးထုတ်
ဆေးဆန်းဆီဆုံးဖြတ် ဆင့်ပြုစုစမ်း
ဆင်းသက်ထုတ်ဝေသော ဆေး

ဘိုးဘိုးရေ ... ဘိုးဘိုး''

သဲသဲပါလား။ မတွေ့တာတောင်ကြာပြီနော်''

တွေ့ဆို သမီးရဲ့ဖေဖေမှာ အဖုအကျိတ်တွေထွက်နေလို့ ဘိုးဘိုးရဲ့ ဆီသားစု စိတ်တွေပူနေကြတယ်''

အဖုအကျိတ်တွေထွက်တိုင်း စိတ်မပူပါနဲ့'ကွယ်၊ အဖုအကျိတ် ပြစ်နိုင်တဲ့ဆေး မဟိန္ဒိဆေးတိုက်မှာရှိတယ်။ ဘိုးဘိုး လိပ်စာပေးလိုက်ပါ

ဘွန်မလည်း ဖေဖေ့ကိုခေါ်ပြီး မဟိန္ဒိဆေးတိုက်သို့သွားရာ ထိုဆေးတွင် ဆရာကြီး ဆရာကျော်၊ ဆရာမကြီးအေါ်ခင်ငွေးကြည်တို့ကို တွေ့သည်။ ဆရာကြီး ဆရာကျော်သည် ဖေဖေ့ကို သေချာစွာကြည့်ရှုပြီး ဆေးများပေးကာ အောက်ပါအတိုင်း ရှင်းပြပါသည်။ ''ဒီဆေးက အဖုအကျိတ် ပြစ်မွားနာ၊ သားအိမ်အလုံး ရင်သားအကျိတ်အနာစိုး ထွေး၊ တက်ခြင်းများ၊ ကိုယ်တွင်းနာများကို အစိုင်ဆုံးဖြစ်တဲ့ တပင်တိုင်ပြုနှုန်းနဲ့ ဆေးပင်ဆေးဥ စစ်စစ် ၁၀၀ ရာခိုင်နှုန်းပါဝင်တဲ့ ဆေးပြားဖြစ်တယ်။ တပင်တိုင်ပြုနှုန်းဆေးပင်ဟာ အပြူ၊ အနီနှစ်မျိုးရှိတဲ့အနက် အနီပြိုမိုဆေးစွမ်းထက်ပြီး ကင်ဆာအကျိတ်ဖြစ်ကာစကို ပင်ကိုယ်ကင်းကြောင်း ကျန်းမာရေးဌာနကထုတ်တဲ့ ''လက်တွေ့အသုံးချ ကျမ်းဝင်အပင်များ''မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဖုအကျိတ်အနာကို သွေးလိမ်းပေးရုံနဲ့ ပျောက်ကင်းကြောင်း ဆိုထားပါတယ်။ အဖုအကျိတ်ဖြစ်ပွားနာ ဝေဒနာရှင်တွေဟာ တပင်တိုင်ပြုနှုန်းအနီဆေးနဲ့အတူ ဆေးတိုက်ကထုတ်လုပ်တဲ့ ရှုပ်လှသွေးသန့်ဆေးအေး၊ ဝမ်းပျော်ကြာပြေ လေဆေးတို့ကိုပါ နေ့ဆေး ညဆေးအဖြစ် တွဲသောက်ရင် ပိုကြိုအတွင်း ထိထိရောက်ရောက် သက်သာပျောက်ကင်းစေကြောင်း ရှင်းပြလိမ့်မယ်''

''ဟုတ်ကဲ့ ဘာကြောင့်ထိရောက်သလဲဆိုတာ ရှင်းပြပေးပါဆရာကြီး

တပင်တိုင်ပြုနှုန်းက အဖုအကျိတ်အနာကို သွေးဖျက်ပေးတယ်၊ အနီးကို ဖွင့်ပေးတယ်။ ရှုပ်လှသွေးသန့်ဆေးအေးက သွေးသားကို သန့်စင်ပြီး ခန္ဓာကိုယ်အပူအအေးကို ထိန်းညှိပေးတယ်။ ဝမ်းပျော်အကြောပြေဆေးက (မလ)အညစ်အကြေးတွေဖြစ်တဲ့ ဝမ်းမှပ်၊ ဆီးပုပ်၊ သွေးပုပ်၊ သွေးတွေကို ထုတ်ပေးပြီး အကြောပြေ ပေါ့ပါးလန်းဆန်းစေပါတယ်။ ဆေးသုံးမျိုးကို အဖုအကျိတ် ပြစ်မွားနာ မပြစ်ရလေအောင် ကာကွယ်ဆေးသောက်ရှည်နှုန်းဆေး)အဖြစ်နဲ့ နေ့စဉ်မှန်မှန် ပို့ဝဲသုံးဆောင်ပေးစိုင်ရန် ကောင်းဆုံးပါပဲ။ ပြစ်မွားနာအဖုအကျိတ်အပြင် နှလုံးလေးဖက်နာရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဝမ်းလျော်ဝမ်းပျက်၊ လိပ်ခေါင်း၊ အသည်းရောဂါ၊ ဆီးသျှဲရောဂါ အမျိုးမျိုးကိုလည်း ကုသပေးနေပါတယ်။

''မဟိန္ဒိဆေးတိုက်ကထုတ်လုပ်တဲ့ ဆေးစွမ်းကောင်းများကိုလည်း သိပါရစေရှင့်''

''ဆေးပင်ပုံပါတဲ့ အစိမ်းရောင်စက္ကူဘူးအထုးထုတ် တပင်တိုင်ပြုနှုန်း အနီစစ်စစ် ဆေးပြား၊ လတ်ဆတ်တဲ့ ဆေးနီဥစစ်စစ်၊ သွေးသားကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေလှုပ်ရှားစေတဲ့ သိရိဝပုနရှလ်လု သွေးသန့်ဆေးအေး၊ ညတစ်ကြိမ်သောက်ရုံနဲ့ ဝမ်းပျောအကြောပြေ အဆီကျပြီး လေမဖြတ်အောင် ကာကွယ်ပေးတဲ့ ဝမ်းပျောအကြောပြေလေဆေး၊ အဆင့်မြင့်မြင့်နဲ့ အကောင်းဆုံးလိမ်းရှဆေး (Roll On) သွေးတိုးကိုသာ ကျဆေးပြီး သွေးပေါင်ထိုးကျစေခြင်းမရှိတဲ့ သွေးတိုးကျဆေး၊ အစာအိမ်ရောဂါ ပျောက်ဆေး၊ ဝမ်းလျော်ဝမ်းပျက်ရောဂါဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အသည်းဆေး၊ အဆုတ်ကုဆေး၊ နှလုံးအားတိုးဆေး၊ ပျက်စီးကြည်ဆေး၊ ဂျာပါးသစ်ခေါင်းပျားရည်၊ ရိုးမပျားရည်၊ ရနိုင်ပန်းပြောင်ပုံညင်းဆီ စတဲ့ အကောင်းဆုံးဆေးပစ္စည်းများ ရရှိနိုင်ပါတယ်။

''သိပ်ကောင်းတဲ့ဆေးတွေပဲ။ ဒါပေမဲ့ ဆရာကြီးဆီကို မလာနိုင်တဲ့ သူများအတွက် ရနိုင်မယ့်နေရာကိုပါ ညွှန်ပြပါဦး''

ပင်ရင်းဆိုင်ကတော့ ရန်ကုန်ပြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၃၊ ၁၂ လုံးတန်း၊ ရန်ရှင်းလမ်းမကြီးပေါ်မှာရှိတဲ့ မဟိန္ဒိဆေးတိုင်းရင်းဆေးထုတ်လုပ်ရေး၊ တစ်ပြည်လုံးဖြန့်ချိရေး ဦးမြင့်ဆွေနှင့်သားများ။ သိပ်ကြီးဈေး၊ City Mart ရန်ကုန်–မန္တလေး ဆိုင်ခွဲများအားလုံး၊ စိန့်ဖြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင် ၂၄ လမ်း သိပ်ကြီးဈေး။ ကိုဝင်းဖြင့်နှင့် မဘေဘီ ၁၅၊ လမ်း၊ ရွှေသာသာဆေးဆိုင်တို့မှ အဓိကဖြန့်ချိပေးပါတယ်။

ဆန်းဦးအောင်မြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင်၊ ကိုလွစိုးဆေးဆိုင်၊ စိန်စိန်မြန်မာ ၁၃ လမ်းစေတနာဆေးဆိုင်၊ ရုပါဝမ်းကုန်တိုက်၊ စိန်ဂေ ဟာရုပါစင်တာ၊ ဇစ်တိုးရီးယားကုန်တိုက်၊ ရွှေဘုံသာလမ်း ကိုမောင်စိန်၊ ဆေးကမ္ဘာ၊ ဆေးရာဇာ(ဦးလှမြင့်)၊ ရွှေမိုးဆေးဆိုင်၊ ကယားဆေးဆိုင်၊ မန္တလေးမှာ စိန်ကြည့်စတိုး။ အောင်ရတနာဆေးဆိုင်၊ စွေးချိုမှာရှိတဲ့ ပင်မ ဆေးဆိုင်၊ မတူးမင်းဆေးဆိုင်၊ ပြင်ဦးလွင်နာရီစင်အနီး အောင်မိသားစု ဆေးဆိုင်၊ စစ်တွေမှာ ကေဈာဂ်၊ မြစ်ကြီးနားမှာ တစ်ဦးတည်ကိုယ်စားလှယ် ဆရာရန်နိုင်ကုန်မြင့်ဆေးကုခန်း၊ မော်လမြိုင် ရွှေအုန်းသီးဆေးဆိုင်၊ ပဲခူး ဦးဘငွေး၊ ဒဲးလွားလေးဆေးဆိုင်၊ ပုသိမ်မှာ ရွှေဖွန်ညီး၊ ရွှေဇီးကွက်၊ ကြေး ချမ်းဆေးဆိုင်၊ လောကနတ်ဆေးဆိုင်တို့ ဖြစ်ပါတယ်။ အသေးစိတ်သိချင် ရဖတော့ ဖုန်း–၅၅၅၁၃၃၇ ကို ဆက်လိုက်ပါ။ မေတ္တာဖြင့် တိုင်ပင်ဆွေးနွေး ကုသပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာမြေ



ဘာနဖူး သိုက်တူးကြမည်
သိုက်တူးသူတွေက
[illegible]

ကျွန်တော်ဟာ
ဆေးကောင်တီ

ကိုင်ဝဏ္ဏ

ရာသာတာမီး
အမှတ် ၂၉၅ ဒုတိယ ၂၀၁၄

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျင်းဖောမယ်လေးများ လှဝုဏ်ဝင့်ရာမြို့။ မြစ်ကြီးအနားမှာရှိလို့ မြစ်ကြီးနားမြို့။ တချို့ကလည်း မြစ်ကျဉ်းအနားကနေ မြစ်ကြီးနားအဖြစ် ပြောင်းလဲသွားသည်ဟု တင်စားခံရသည်ဟုမြို့။ ပြီးတော့ ကျွန်တော့်အိပ်မက်ထဲကမြို့။

❑

အိပ်မက်ထဲကမြို့ကို အရောက် သွားခွင့်ရဖို့ လွန်ခဲ့သော ၁၀ နှစ်က အကြောင်းဖန်လာခဲ့လေသည်။ အထူးတန်း ရုံပိုင်တာဝန်ဖြင့် လမ်းဆုံဘူတာကြီးမှာ တာဝန်ကျတော့ ကျွန်တော့်လိုပဲ ရာထူးတိုး ပြောင်းရွှေ့လာသော မြစ်ကြီးနားသား ကိုကြည်ဆန်းဆိုသူနှင့် ရင်းနှီးခင်မင်သွားသည်။ အသွေးတူ၊ အရောင်တူမို့ တတွဲတွဲ ဖြစ်သွားတော့သည်။ ဘောလုံးပွဲကြိုက်တာ၊ တစ်ခါတစ်ရံ ဝိုင်းဖွဲ့သောက်ကြတာ။ ရင်းနှီးမှုက မိသားစုကိုပါ ကူးစက်တာဆိုတော့ ပြောရလျှင် နှစ်အိမ့်တစ်အိမ်။

အဲသလို ညီအစ်ကိုရင်းတမျှ ချစ်ခင်ကြတာဆိုတော့ ကိုကြည်ဆန်း၏ ဆရာဝန်နှမလေး မြစ်ကြီးနားမှာ မင်္ဂလာဆည်ခံပွဲလုပ်တော့ ကျွန်တော့်ကိုပါ ဖိတ်ကြားသည်။သူငယ်ချင်းက နှစ်ခါမခေါ်ရ။ အိပ်မက်ထဲကမြို့ဆီ သွားရမည်ဆိုတော့ မစ္စန်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်း ငြိလေသည်။ သူငယ်ချင်းနှစ်ယောက် မိသားစုတွေမပါ ရထားနှစ်တန်စီးပြီး သွားလိုက်ကြသည်။

ဆောင်းနှင်းတို့ဝေနေသော အိပ်မက်ထဲကမြို့ကိုရောက်တော့ မှောင်လုပြီ။ အမှောင်ကိုဖြို့ခွဲဖို့ လျှပ်စစ်မီးက ချို့ချို့တဲ့တဲ့။ လျှပ်စစ်မီးတော်နေသော မြို့ဟုသာ ဆိုလိုက်ချင်သည်။ အဲသည်ညက စောင်ခြုံထဲကနေပဲ တိတ်ဆိတ်စွာ နှုတ်ဆက်လိုက်ရပါသည်။

❑

ဗလမင်းထင် တံတားကြီးကို ဖြတ်ကျော်ပြီး ဝိုင်းမော်ကိုအသွား ကားလမ်းဘေးရှိ တာလောရွာကလေးရောက်တော့ သူငယ်ချင်းက သူဦးလေးနှင့် သူ့ဆွေမျိုးများရှိသည်ဟု ဆိုသည်။

'ကိုရဲ့ ရွာထဲ သွားကြည့်မလား'

'အင်း ရွာကနေ မြစ်ဆိပ်ဆင်းပြီး လှေစီးလို့ရမယ်ဆိုရင် သွားချင်တယ်'

ကျွန်တော် မဟာမြစ်မင်း၏ ရင်ခွင်ထက်မှာ လှေတစ်စင်းနှင့် သီချင်းသည် လုပ်ချင်နေမိသည်။ ကျွန်တော့် ဆန္ဒကို သူငယ်ချင်းက လက်မထောင်ပြသည်။ ကျွန်တော် လှိုက်ခနဲ ဗျော်သွားပါသည်။ သူငယ်ချင်း၏ ဆွေမျိုးများက ဟိုက မုန့်ကျွေး၊ ဒီက လက်ဖက်ရည် တိုက်နှင့်ဧည့်ဝတ်ကျေကြပေမဲ့ ကျွန်တော်ကား တရွရွဖြစ်နေသည်။ ဧရာဝတီမြစ်ကျဉ်းအစမှာ လှေစီးချင်နေသည့် စိတ်က အထွတ်အထိပ်ရောက်နေသည်ကိုး။ နေရသည့်ကာလတိုလေးမှာ ကျွန်တော် ဧရာဝတီထဲမှာ လှေစီးခဲ့သည်။ အေးမြကြည်လင်သော ရေပြင်အောက်ရှိ အာလူးကျောက်ကလေးတွေ ကောက်ခဲ့သည်။ မနောကွင်းသို့ အရောက်သွားခဲ့သည်။ မနောပွဲကျင်းပရန် လိုသေးသော်လည်း ကျင်းဖောဖျို့ဖြုလေးတွေကိုတော့ ရင်ခုန်ဖွယ်ရာတွေ့ခဲ့ရပါသည်။ မြစ်ဆုံကိုတော့ ကျွန်တော် မရောက်ခဲ့ပါ။ အကြောင်းကတော့ အချိန်မရတာနှင့် အခါမဲ့မိုးရွာသွန်းမှုကြောင့် လမ်းပန်း မချောမွေ့တာကြောင့်ပဲ ဖြစ်ပါသည်။ တစ်ခေါက်မရောက်လည်း နောက်တစ်ခေါက်ပေါ့။ မြစ်ဆုံက ဘယ်ရွှေသွားမှာ မလို့လဲ။ တန်ဖိုးရှိရာက ဘယ်ရောက် သွားမှာမလို့လဲ။ နေရစ်တော့ အိပ်မက်ထဲက မြို့ကြီးရေ။ နောက်တစ်ခေါက် လာဦးမည်။ ဒီအခါကျမှ မေခ၊ မလိခ မြစ်နှစ်မြွာကို ဖက်ပွေ့နှုတ်ဆက်ရမည်။ ရေခဲတောင်တွေပေါ်က စီးဆင်းလာသော မြစ်ရေအေးအေး ရေတိမ်စပ်မှာ ရွရွလေး လှမ်းရဦးမည်။

အကြွေးပေါ့။ မေခရေ စောင့်နေနော်။ မလိခရေ မျှော်နေနော်။ ကျွန်တော် အိပ်မက်ထဲကမြို့ကို နှုတ်ဆက်ခဲ့ခြင်း သည်။

❑

J။

'မြစ်ဆုံမှာ ရေအားလျှပ်စစ် စီမံကိန်းကြီးလုပ်ဖို့ သဘောတူလိုက်ပြီတဲ့။ တရုတ်ကုမ္ပဏီကြီးနဲ့လုပ်မှာ'

'စီမံကိန်းတောင် စ,နေပြီ။ ရေလှောင်ကန် အကြီးကြီးဆောက်မှာမို့ တန်ဖိုးရွာကို ဖယ်လိုက်ပြီတဲ့'

'စီမံကိန်း စရုံရှိသေးတယ် မြစ်ထဲသောင်တွေထွန်း၊ ရေလမ်းကြောင်းတွေ လွဲကုန်ပြီ'

'ငလျင်တစ်ချက်မိလို့ ဒင်(မ်)ကြီး ပြိုသွားလို့ကတော့ ဧရာဝတီမြစ်ဘေးက မြို့တွေ အကုန်လုံး နာရီပိုင်းအတွင်း ရေအောက်မြုပ်သွားမှာနော်'

'ငလျင်ရစ်ချ်တာစကေး ၈ အထိ ဒင်(မ်)က ခံနိုင်တယ်တဲ့၊ ကုမ္ပဏီက အာမခံတယ်'

'ဒို့နိုင်ငံမှာ ၈.၅ ရစ်ချ်တာစကေး ငလျင်လှုပ်ခဲ့ဖူးတယ်ဆိုတာ မှတ်တမ်းရှိတယ်'

အသံပေါင်းစုံ လွှဲထွက်နေပါပြီ။ ကျွန်တော် အိပ်မက်ထဲကမြို့ကို ရောက်စဉ်က သိုးသိုးသန့်သန့် ကြားသိရသော အကြောင်းခြင်းရာက တကယ်ဖြစ်လို့ လာပြီကော။

တစ်နေ့
ငါ့လမ်းကလေးအတိုင်း
ငါပြန်အလာ
နောက်မှာ ရန်သူဆိုတာနဲ့
ခုခံဖို့ လှည့်အကြည့်
ရုတ်တရက်
ငါ့မှာ အဲ့ဒြ မှင်တက်သွား
ကြောင်....
ရန်သူဆိုတာ
စောစောကပဲ
ငါ့အိမ်ထဲ
ထမင်းဝင်စားသွားတဲ့သူ။

ကဗျာဆရာမိုးမော်ရဲ့ 'ရန်သူ' ကဗျာကို ဖတ်မိချိန်မှာတော့.... ပြည်သူ့အားဖြင့် ဒီစီမံကိန်းကြီးက

www.burmeseclassic.com

www.burmeseclassic.com

ရုပ်တန့်လို့နေပြီ။ သို့သော် သက်တမ်းတစ်ခုစာတဲ့လေ။

သဘာဝအတိုင်း စီးဆင်းနေသော မိခင်မြစ်ကို ဟိုကပိတ်ဆို့၊ ဒီကတားဆီး၊ ရေဝေရေလဲထိန်းသိမ်းရာ သစ်ပင်တို့ ခုတ်လဲ၊ ရွှေဖောင်တွေ နေရာပြည့်လှုပ်ရှား၊ လိုအပ်တာရော၊ မလိုအပ်တာရော တံတားတစ်စင်းပြီးတစ်စင်းထိုး။ မိခင်လည်း ဒဏ်ရာဗရပွ ရောဂါသည်းလုပြီ။ စီမံကိန်း ခေတ္တရပ်နားထားတာတောင်မှ မိခင်မြစ်အသက်ရှူသံကိုက ဖုတ်လိုက်ဖုတ်လိုက်။ နှလုံးသွေးပို့နှုန်းကမှ မမှန်လေသည်ဘဲ။ အိမ်ထဲ ထမင်းဝင်စားသွားတဲ့ ဧည့်ဆိုးတွေကြောင့် မိခင်မြစ် အနာတရ ဖြစ်ခဲ့လေပြီ။

ကျွန်တော်တို့ နိုင်ငံသားအားလုံးကတော့ မိခင်ကို တယုတယရှိပါသည်။ နိုင်ငံသားတော့ နိုင်ငံသား၊ နိုင်ငံမချစ်သော နိုင်ငံသားဆိုလျှင်တော့ ဘနဖူးသိုက်တူးကြမည်။ သိုက်တူးသူ တွေကပညာရှင်တို့၏အသံကို မကြား။ နားစည်အမြွှေးတို့ ထူနေသည်။ ထူနေသော နားစည်ပေါက်ထွက်အောင် တစ်နိုင်ငံလုံးက ဆော့ဇ်ဇရာဝတီ။ ကျွန်တော်လည်း ဆော့ဇ်ဇရာဝတီ။

❑

၃။

မှတ်မှတ်ရရပါပဲ။ ၂၁ဇန်နဝါရီမှာ ဆရာမ ဂျူး၊ ဆရာ မြေလတ်မောင်မြင့်သူတို့နှင့်အတူ အိပ်မက်ထဲကမြို့ကို နောက်တစ်ကြိမ်ရောက်ခဲ့ ပါသည်။ စာပေဟောပြောပွဲခရီးစဉ်ဖြစ်သည်။ ညနေပိုင်း ဟောပြောပွဲမတိုင်မီ ရသည့် အချိန်လေးမှာ မြစ်ဆုံသို့ အရောက်သွားခဲ့ကြသည်။

'ဟောဒါ တန်ဖဲရွာသစ်ပေါ့'

ကားလမ်းနှင့် မလှမ်းမကမ်းတွင် အုတ်တိုက်လေးတွေ၊ သွပ်မိုးလေးတွေဖြင့် သပ်ရပ်သော အိမ်စုလေးတွေကို တွေ့လိုက်ရသည်။ ခြောက်သွေ့သွေ့နိုင်လွန်းလှသည်ဟု ထင်သည်။ အလိုမတူဘဲ ရွှေခံလိုက်ရသဖြင့် မှုန်တေတေဖြစ်နေသော ရွာကလေးပါပဲ။ သစ်ရိပ်၊ ဝါးရိပ်ကင်းမဲ့။ ထီးတည်းကြီး။ လူသူလည်းမရှိ။ အသံဗလံလည်းတိတ်ဆိတ်။ ရွာကလေးက တကယ့်ကို မသာမယာ။

'ဒါက ရွာဟောင်းလေ'

နောက်ထပ်၄-၅ မိုင်သွားပြီး တွေ့လိုက်ရသော ရွာပျက်ကလေး။ သီချင်းတွေ၊ ကဗျာတွေထဲက ရွာကလေးက အခုတော့ ကိုးနဲ့ဖုတ်ဖုတ် ဖြစ်သွားရှာပြီ။ ရွာကလေးတောင် ဒီလို ဖြစ်သွားရှာပြီဆိုတော့ မြစ်ဆုံရော။ မေခ ငိုကြွေးနေလား။ မလိခ ကြေကွဲနေလား။ ပူပင်သောကတွေ တနှင့်တပိုးဖြင့် ကျွန်တော်ကား ရင်တထိတ်ထိတ် ဖြစ်လို့နေသည်။

ဟောရောက်ပြီ။ ဆိုင်တန်းစုစုလေးတွေရှေ့မှာ ကားရပ်တော့ မြစ်ဆုံကို အပေါ်စီးက မြင်ရသည်။ ဆိုင်တွေထဲမှာတော့ ဘီယာ၊ ငါးကင်တို့ဖြင့် ဝိုင်းဖွဲ့နေကြသော အစုအစုလေးတွေက များမှများ။

ကျွန်တော်တို့ မြစ်ဆုံရင်ခွင်ထဲ တိုးဝင်ကြည့်သည်။ မေခ၏ ရေစပ်မှာ ခြေချသည်။ အေးစက်သော်လည်းကောက်ရိုးရောင်ထနေသော ရေမို့ ရေအောက် ကျောက်ခဲလေးတွေကို မမြင်ရတော့။

'ဆရာရေ၊ မြစ်နှစ်မြွာ အထက်မှာ ရွှေဖောင်တွေက သူတို့လုပ်ကွက်မှာ စက်ကြီးစက်ငယ်နဲ့ တရကြမ်း တူးကြတာလေ။ မပျက်စီးဘဲ ခံနိုင်ရိုးလား'

ဒေသခံ စာရေးဆရာ ကိုလင်းဇော်ဦး ပြောတော့ ကျွန်တော့်ရင်က နာကျင်နေပြီ။ မိခင်၏ ဦးခေါင်းဖျားမှာကိုက ရက်ရက်စက်စက် ရိုက်မောင်း၊ ပုတ်မောင်း ခံနေရရှာပြီ။ မိုင်ပေါင်း ၁၃၀၀ အလျားရှည် မိခင်၏ ခေါင်း၊ ခါး၊ ခြေ၊ လက် အားလုံး ရိုက်ချိုးခံနေရရှာပါပကော။ ဝါးခယ်မ၊ ပြည်၊ မကွေး၊ စစ်ကိုင်း၊ ရွှေဘို၊ ကျောက်မြောင်း စသည့် မြို့များကို ရောက်ခဲ့ဖူးသော ကျွန်တော်က မိခင်မြစ်ဆီသို့ တစ်ခေါက်တော့ ရောက်အောင်သွားတတ်သည်။ ရောက်တိုင်း ရင်နာတာက အမှိုက်ပုံကြီးတွေပါပဲ။ မြစ်ဘေးမှာ အမှိုက်ပုံရက်သူတွေကို အံ့သြလို့မဆုံး။ မြစ်ထဲမှာ မျောပါနေသော ကြေပ်ကြွပ်အိတ်တွေ၊ ပလတ်စတစ်စတွေ၊ စွန့်ပစ်ဓာတုပစ္စည်းတွေကြောင့် မိခင်မြစ်က ရေဆိုးမြောင်းကြီးလိုပင် ဖြစ်ရရှာပြီ။

❑

စာပေဟောပြောပွဲတွေမှာ ဆရာ၊ ဆရာမ ၃ ယောက်လုံးက Save Irrawaddy ကိုတော့ မမေ့မလျော့ ပြောဖြစ်ကြသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့က-

take nothing. ဘာမျှယူမသွားရ။

leave nothing. ဘာမျှမထားခဲ့ရ။

ဆရာမ ဂျူး ပြောသွားခဲ့သော ရွှေစကားပဲ ဖြစ်ပါသည်။

❑

၄။

လွန်ခဲ့သော ၁၀ နှစ်ခန့်က အိပ်မက်မြို့မှအပြန် နှုတ်ဆက်ခဲ့သည့်-

'မြစ်ဆုံက ဘယ်ရွှေသွားမှာမလို့လဲ'

'တန်ဖဲရွာက ဘယ်ရောက်သွားမှာမလို့လဲ'

'မေခရေ စောင့်နေနော်၊ မလိခရေ မျှော်နေနော်'ဟု နှုတ်ဖွဲ့ရွတ်ဆိုခဲ့တာကို ပြန်လည်သတိရသည်။ လက်ရှိ အနေအထားမှာတော့ အရွှေက သိသာလွန်းသည်။ အရှိန်အဟုန်ပြင်းစွာ ဖျက်ဆီးခံနေရပါပြီ။

နောက် ၁၀ နှစ်ဆိုလျှင်....

အို...မတွေးရဲတော့၊ ကျွန်တော် ကြက်သီး ဖြန်းခနဲ ထသွားလေသည်။ သွေးရူးသွေးတန်းလို့ပဲ ပြောပြော ဟိန်းထွက်ကျယ်လောင်သွားအောင် အော်ဟစ်လိုက်ပါရစေ။

take nothing.

leave nothing

save Irrawaddy.....။

■

ရဲသွန်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပယ်ဖျက်နိုင်ဖွယ်နှင့် မဖျက်ဆီးနိုင်သော အနုပညာ

ကျမနိုင်ငံ၊ ကိုဘကအမှုပြု။
ဂိုဏ်းဘဝညာရပ် ပါမောက္ခကြီး မဓူတာ
အဆု အိုဘာကာနာ၏ မြေအောက်
လျှို့ဝှက်အလုပ်ရုံထဲတွင် ဖြစ်သည်။
ပါမောက္ခကြီး မဓူတာကာနာနှင့်အတူ
ဂိုဏ်းသည်တ ကျမ်းဝန်ကြီးဌာန
မဓူတာဂူဝိဇ္ဇာဘေး မဓူတာကာနာ၏

တူးဖြားသောဗိတ်ဆေါ်မှုကြောင့် သာဇာဂက်သွေးကုဖြင်းခြင်း
ခံလေသည်။ ဒီတိုကြားမှာက်ထဲတွင် ကျမ်းနိုင်ငံဆောင်ကြီးတို့
တစ်ကမ္ဘာလုံး၏ အလှတ်အမြတ်ထိခိုက်ဆုံး
နိုင်ငံတော်ဖြစ်ရုံနှင့် ဝန်ကြီးချုပ်ကို တစ်ကမ္ဘာလုံး၏
ဆေါင်းဆောင်းအဖြစ်သို့ ပြောင်းလဲခြင်းတင်ဆေးနှုံးတွေ့ဆော
အချက်နှစ်ချက်ကြောင့် သာဇာဂက်သွေးကုဖြင်းခြင်းခံခဲ့ရသည်။
ပါမောက္ခကြီး မဓူတာ အဆုဆိုတာဘာဆေးသည်
IRT သုတေသနအဖွဲ့ကြီးဆီသို့ ဝင်ရောက်ခဲ့ဖြစ်သည်။
IRT ဆိုသည်မှာ Information Technology နှင့်
Robot Technology တို့ကိုပေါင်းစပ်ထားသော
အတိုကောက် အဓေါ်အဆေါ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၈ ခုနှစ်၊ မတ်လတွင် စတင်ဖွဲ့စည်းပြီး အချိန်ပြည့် ဝန်ထမ်း ၈၀ ကျော်ရှိ၏။

'ကျွန်တော်တို့ရဲ့ အရေးကြီးလျှို့ဝှက်တွေ့ဆုံမှုကို ပေါက်ကြားသွားနိုင်တဲ့အခြေအနေမျိုးဖြစ်အောင် တစ်စုံတစ်ယောက်ကိုများ အသိပေးခဲ့မိတာမျိုး ရှိခဲ့သေးလား ဝန်ကြီးချုပ်ခင်ဗျာ'

'ကျုပ်ဘက်ကတော့ လုံခြုံပါတယ် မစ္စတာကာနာ။ တခြားသူမပြောနဲ့ ကျုပ်ရဲ့ဇနီးသည်ကိုတောင် အသိမပေးခဲ့ပါဘူး။ အကယ်၍ ပေါက်ကြားနိုင်စရာရှိတယ်ဆိုရင် ကျုပ်ရဲ့ကိုယ်ရေးအရာရှိဆီကပဲ ဖြစ်နိုင်မယ်။ မစ္စတာကာနာက ကျုပ်ကို သူ့ဆီက တစ်ဆင့်ဖိတ်ကြားခဲ့တာကိုး'

ဝန်ကြီးချုပ်၏ စကားအဆုံးတွင် မစ္စတာကာနာက နှစ်သက်စွာ ပြုံးလိုက်ပြီး-

'ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ ဝန်ကြီးချုပ်ခင်ဗျာ။ အဲဒီကိုယ်ရေးအရာရှိဟာ ကျွန်တော့်ရဲ့လူပါ'

'ဘာ'

ဝန်ကြီးချုပ် တစ်ကိုယ်လုံး ဆတ်ခနဲတုန်သွားပြီး အလန့်တကြား အာမေဠိတ်သံကြီး ကျယ်လောင်စွာထွက်ပေါ်လာခဲ့သည်။ မစ္စတာကာနာက တည်ငြိမ်စွာနှင့်ပင်-

'မစိုးရိမ်ပါနဲ့ ဝန်ကြီးချုပ်ခင်ဗျာ။ အဲဒီကိုယ်ရေးအရာရှိကို ထည့်သွင်းထားခဲ့တာ ဝန်ကြီးချုပ်ရဲ့လုံခြုံရေးအတွက်ပါ။ ဘာလို့ ဒီလိုလုပ်ရတယ်ဆိုတာကို ခုကျွန်တော် ပြောပြတဲ့အနာဂတ်အစီအစဉ်တွေကို ဝန်ကြီးချုပ်သိသွားပြီးရင် ရှင်းသွားပါလိမ့်မယ်'

နိုင်ငံတကာ ခေါင်းဆောင်များနှင့် တထောရာတည်း တူကြသော ရိုဘော့များက ဝန်ကြီးချုပ်ကို လက်ခွဲနှုတ်ဆက် ကြလေသည့် အားလုံး နှုတ်ဆက် ပြီးသွားချိန်တွင် အိုဘားမား စက်ရုပ်က 'မင်္ဂလာပါ ဝန်ကြီးချုပ်' ဟု နှုတ်ဆက်သည်

ဝန်ကြီးချုပ်က စိတ်နောက်ကျိရှုပ်ထွေးသွားသော အမူအရာနှင့် သက်ပြင်းချရင်း-

'ကောင်းပြီလေ။ ကျုပ်နားထောင်ပေးပါ့မယ်။ ခင်ဗျားအစီအစဉ်တွေကိုသာ အသေးစိတ်ရှင်းပြပါတော့'

မစ္စတာကာနာက သက်သောင့်သက်သာထိုင်နေရာမှ ခါးကိုမတ်မတ်ပြင်ထိုင်လိုက်ပြီး-

'ကျွန်တော် ကျောင်းသားအရွယ်ကတည်းက ရိုဘော့နည်းပညာကို ထူးထူးခြားခြားရူးသွပ်ပြီး တစ်စိုက်မတ်မတ်လေ့လာခဲ့တာပါ။ ၁၉၅၆ ခုနှစ်မှာ သခင်္ဂပညာရှင် အိုင်ဂျေဂွတ် (I.J.Good) က ကိုယ်ပိုင်အသိဉာဏ်နဲ့ ဆုံးဖြတ်လုပ်ရှားတတ်တဲ့ ရိုဘော့တွေကို တီထွင်ဖို့အကြိုပြုပါတယ်။ အဲဒီအချိန်ကတည်းကစပြီး နိုင်ငံပေါင်းစုံက ပညာရှင်တွေဟာ အဲဒီအကြံပေးချက်ကို ကိုယ့်နည်းကိုယ့်ဟန်တွေနဲ့ စီမံကိန်းတွေချပြီး အကောင်အထည်ဖော်ခဲ့ကြတယ်။ အဲဒီစီမံကိန်းတွေကို 'အသိဉာဏ်ပေါက်ကွဲမှု' (Intelligence Explosion) လို့ ခေါ်ဝေါ်သမုတ်ခဲ့ကြတယ်'

ပါမောက္ခကြီးက သူ့စကားကိုခေတ္တရပ်ထားလိုက်ပြီး ဝန်ကြီးချုပ် စိတ်ဝင်စားမှုရှိမရှိအကဲခတ်သည်။ စိတ်ဝင်တစားနားထောင်နေကြောင်း သေချာတော့မှ ဆက်ပြောခဲ့၏။

'အဲဒီစီမံကိန်းတွေ အကောင်အထည်ဖော်နေတုန်းမှာပဲ ကွန်ပျူတာသိပ္ပံပညာရှင် ဗင်နာဗင်း (Vernorving) က လူထက်တော်တဲ့စက်ရုပ်ကို တီထွင်နိုင်တဲ့အကြောင်း ဟောကိန်းထုတ်လိုက်ပါလေရော။ ပညာရှင်ရပ်ဝန်းတစ်ခုလုံး အုတ်အော်သောင်းတင်းဖြစ်သွားတာပေါ့။ အဲဒီဟောကိန်းကို ကျွန်တော် အရမ်းစိတ်ဝင်စားသွားခဲ့တယ်။ အင်မတန်မှခက်ခဲပြီး အကုန်အကျ များလွန်းတဲ့ အဲဒီစီမံကိန်းကို နိုင်ငံတကာက အဖွဲ့အစည်းတွေဖွဲ့ပြီး ဆောင်ရွက်ခဲ့ကြပေမဲ့ ကျွန်တော်ကတော့ တစ်ဦးတည်းလျှို့ဝှက်ကြိုးစားခဲ့တယ်လေ'

ထိုနေရာအရောက်တွင် ဝန်ကြီးချုပ်က ဆတ်ခနဲဖြစ်သွားပြီး-

'ဘယ်လို၊ မစ္စတာကာနာတစ်ယောက်တည်း ဟုတ်လား၊ ဘယ်ကတစ်ယောက်တည်းရမှာလဲဗျ။ ကျုပ်တို့အစိုးရက အကုန်အကျခံပြီး ခင်ဗျားကို ဥက္ကဋ္ဌအဖြစ်ခဲ့ IRT သုတေသနအဖွဲ့ကို တည် ထောင်ပေးခဲ့တာ မဟုတ်လား'

'မှန်ပါတယ် ဝန်ကြီးချုပ်။ အဲဒီအဖွဲ့မှာ ပညာရှင်အများစုက သူတို့တွေ့ရှိချက်တွေကို အကောင်အထည်ဖော်ပြီး လုပ်ဆောင်ပြခဲ့တာလေ။ ၂၀၀၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှာ ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ကြည့်ရှုခဲ့တဲ့ တိုက္ကျိမြို့၊ ဝါစီဒါတက္ကသိုလ်မှာ ကျင်းပတဲ့ပြပွဲတစ်ခုကို မှတ်မိသေးလား ဝန်ကြီးချုပ်'

'သိပ်မှတ်မိတာပေါ့ မစ္စတာ ကာနာရယ် ဘယ်မမှတ်မိဘဲနေပါ့မလဲ။ ရိုဘော့နဲ့ပတ်သက်လို့ ဂျပန်နိုင်ငံရဲ့ ဂုဏ်ယူဝင့်ကြွားနိုင်စရာ အောင်မြင်မှုမဟုတ်လား။ Human Robot လူတူစက်ရုပ် ကိုဘင်း (Ko Bin) ကို ချပြခဲ့တာကို ပြောတာမဟုတ်လား။ လူသားတွေရဲ့ ထိန်းချုပ်မှုမပါဘဲနဲ့ လေ့လာသူတွေပြောဆိုကြတဲ့ စကားအဓိပ္ပာယ်ပေါ်မှာလိုက်ပြီး ကိုဘင်း (Ko Bin) လူတူစက်ရုပ်က အမူအရာ ဂု မျိုး တုံ့ပြန်ပြလိုက်တာလေ'

'ဟုတ်ပါတယ် ဝန်ကြီးချုပ်။ ကျွန်တော်ပြောချင်တာက အဲဒီဟူးမန်းရိုဘော့ Human Robot လူတူစက်ရုပ်အကြောင်းမဟုတ်ပါဘူး။ ကျွန်တော်တစ်ယောက်တည်း လျှို့ဝှက်စမ်းသပ်တီထွင်ဖန်တီးထားတဲ့ စက်ရုပ်နဲ့ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com

အဲဒီကိုတင်းက ကလေးကစား ရောအရုပ်ရဲ့အဆင့်လောက်ပဲ ရှိတယ်လို့ ပြောမလို့ပါ'

'ဘယ်လို မစ္ဆာတာကာနာ။ ရိုဘော့လောကတစ်ခုလုံး သိမ့်သိမ့်တုန်သွားရလောက်အောင် ကိုယ်ပိုင်အသိဉာဏ်နဲ့ လှုပ်ရှားနိုင်တဲ့ စက်ရုပ်က ခင်ဗျား တီထွင်ထားတာနဲ့စာရင် ကလေးကစားစရာအရုပ်၊ ဟုတ်လား မစ္ဆတာ'

ဝန်ကြီးချုပ်၏ သရော်ဆော်တော်မေးသံကို မစ္ဆတာကာနာက အပြုံးမပျက်ခံယူရင်းက-

'ဟုတ်ပါတယ် ဝန်ကြီးချုပ်'ဟု အေးဆေးတည်ငြိမ်စွာဖြေ၏။ ဝန်ကြီးချုပ်က ယုံရကောင်းမည်လော၊ မယုံရကောင်းမည်လောဟူသော ဒေဖဝါမျက်နှာမျိုးနှင့် ပြန်ကြည့်နေသည်။ မစ္ဆတာကာနာက ထိုအကြည့်ကိုလျစ်လျူရှုလျက် ဆက်ပြောပြန်သည်။

'၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ ပညာရှင်တွေအားလုံး ပါဝင်တဲ့ အာစီလိုမာကွန့်ဖရင့်ကို ခေါ်ယူပြီး တိုင်ပင်ဆွေးနွေးရတယ်'

'ဘာအတွက်လဲ မစ္ဆတာကာနာ'

'ရိုဘော့တွေထဲမှာ ထည့်သွင်းထားတဲ့ အသိဉာဏ် အတု (Artificial Intelligence) အတွက်ပေါ့။ Association for the Advancement of Artificial Intelligence အဖွဲ့က ကြီးမှူးကျင်းပတာပါ။ ဥက္ကဋ္ဌအဖြစ် မိုက္ကရိုဆော့(ဖ်)သုတေသနပညာရှင် ဒေါက်တာ အီရစ်ဟောဗစ်က တာဝန်ယူပါတယ်။ အဲဒီကွန့်ဖရင့်မှာ ပညာရှင်တစ်ဦး တင်သွင်းလိုက်တဲ့မေးခွန်းတစ်ခုက ရိုဘော့လောကတစ်ခုလုံး ပျာလောင်ခတ်သွားပြီး ဒီနေ့ထိ အဖြေမပေးနိုင်သေးဘူးလေ'

'ဘယ်လို မေးခွန်းမို့လည်း မစ္ဆတာကာနာ စိတ်ဝင်စားစရာပဲ'

'သူ့မေးခွန်းက Servant Now. Master Later (ရိုဘော့တွေဟာ ခုတော့ ကျွန်တွေပါပဲ။ နောက်ဆို သခင်တွေဖြစ်လာနိုင်သလား)တဲ့လေ'

'ဟာ...'

ဝန်ကြီးချုပ် ရှင်ဇိုအာဗေး တုန်လှုပ်စွာ ရေရွတ်သံထွက်ပေါ်လာခဲ့သည်။

'တစ်သက်လုံး ရိုဘော့ပညာရပ်ပေါ်မှာ ရူးသွပ်မြှုပ်နှံခဲ့တဲ့ ကျွန်တော့်ဟာ အဲဒီမေးခွန်းလည်း ကြားလိုက်ရော အသိဉာဏ်တွေ လက်ခနဲပွင့်သွားတော့တာပဲ။ ကျွန်တော် တစ်ဦးတည်းရဲ့တီထွင်စမ်းသပ်မှုတွေကိုလည်း အရှိန်မြှင့်တင်ခဲ့တယ်။ လူသားတွေရဲ့ သခင်လုပ်နိုင်လောက်အောင် တော်တဲ့၊ ထက်မြက်တဲ့ရိုဘော့တွေ ဖြစ်လာဖို့ ဦးတည်ခဲ့တယ်'

'ခု ဘယ်အဆင့်ရောက်သွားပြီလဲ မစ္ဆတာကာနာ'

ဝန်ကြီးချုပ်က သိချင်စိတ်ကို မအောင့်အည်းနိုင်တော့ဘဲ လွတ်ခနဲမေးမိသွား၏။

'ပြောမှာပါ ဝန်ကြီးချုပ်။ ကျွန်တော်တစ်ဦးတည်း လှုိက်ကြိုးစားခဲ့တဲ့ ရိုဘော့တွေဟာ ဘယ်အဆင့်ရောက်နေပြီလဲဆိုတော့ ဝန်ကြီးချုပ်ရဲ့ ပီအေကိုပဲ ကြည့်လိုက်ပါခင်ဗျာ...'

'ဘယ်လို...၊ ဘယ်လို မစ္ဆတာကာနာ။ ခင်ဗျား...ဆိုလိုတာက'

ဝန်ကြီးချုပ်၏ မေးခွန်းသံက တုန်လှုပ်မှုအရှိန်ကြောင့် ကသောင်းကနင်းအထစ်ထစ်အငေါ့ငေါ့နှင့် အဆုံးသတ်အောင်ပင် ထွက်မလာခဲ့ပါ။

'ဟုတ်ပါတယ် ဝန်ကြီးချုပ်။ ဝန်ကြီးချုပ်ရဲ့ကိုယ်ရေးအရာရှိဟာ ဟောဒီလျှို့ဝှက်ခန်းထဲမှာတင် ကျွန်တော်ကိုယ်တိုင်မွေးဖွားပေးခဲ့တဲ့ အဆင့်မြင့်ရိုဘော့ပါ။ သူဟာ လူသားအစစ်မဟုတ်ဘူးဆိုတာကို ကျွန်တော်ကလွဲပြီး ဘယ်သူမှ မသိနိုင်ပါဘူး။ ဝန်ကြီးချုပ်ရဲ့ကိုယ်ရေးအရာရှိ လူသားအစစ်ကတော့ ကျွန်တော့်ရဲ့အထူးလျှို့ဝှက်မြေတိုက်ခန်းတစ်နေရာမှာ ကျန်းမာစွာရှိနေပါတယ် ခင်ဗျာ'

ပါမောက္ခ အဆူအိုတာကာနာက တည်ငြိမ်စွာပြောနေသလောက် ဝန်ကြီးချုပ်ကတော့ သူ့၏ထိတ်လန့်တုန်လှုပ်မှုကို ဣန္ဒြေပင် မဆည်နိုင်တော့ပါ။

'အဲဒါကြောင့် ဝန်ကြီးချုပ်ကို ကျွန်တော်ပြောခဲ့တာပေါ့။ ကိုဘင်းဆိုတဲ့စက်ရုပ်ဟာ ကျွန်တော့်ရဲ့ စက်ရုပ်တွေနဲ့စာရင် ကလေးကစားစရာ အရုပ်အဆင့်လောက်ပဲ ရှိပါတယ်လို့'

'မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်ဘူး မစ္ဆတာကာနာ။ ကျွန်ုပ်ရဲ့ကိုယ်ရေးအရာရှိမလေးဟာ ခင်ဗျားအစားထိုးထားတဲ့ စက်ရုပ်လုံးဝမဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မနေ့က ခင်ဗျားရဲ့ ဖိတ်ကြားစာကို လာပေးတဲ့အချိန်မှာကို ကျွန်ုပ်၊ ကျွန်ုပ် ပါးလေးလိမ်ဆွဲလိုက်သေးတယ်။ သူ ရုက်သွားလို့ ကျွန်ုပ်တောင် ချော့လိုက်ရသေးတယ်။ လူမှ လူအစစ်ပါဗျာ'

ဝန်ကြီးချုပ်က အကြောက်အကန်ငြင်းရင်း ရုက်ရွံ့စွာနှင့် ခေါင်းကိုတော့ငဲ့ထားသည်။ ပါမောက္ခကြီးက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး-

'ကျွန်တော်အားလုံး သိပါတယ် ဝန်ကြီးချုပ်။ ပါးလိမ်ဆွဲတာတင်မကပါဘူး။ သာမန်မိန်းကလေးတစ်ယောက် မရနိုင်တဲ့ စည်းစိမ်မျိုးနဲ့ တခြားနိုင်ငံတစ်ခုမှာထားပြီး တာဝန်က အနားယူပြီးချိမ့်မှာပေါင်းသင်းကြဖို့ မြှူဆွယ်စည်းရုံးတာအထိ သိပါတယ်'

ဝန်ကြီးချုပ် ဘာစကားမှပြန်မပြောနိုင်သလို ကြမ်းခင်းကော်ဇောပေါ်မှာ စိုက်ကြည့်နေသော မျက်ဝန်းကိုလည်း နေ့ရာမရွှေ့တော့ပါ။

'ပါးကိုလိမ်ဆွဲရုံလောက်နဲ့တော့ ရိုဘော့မှန်းမသိနိုင်ပါဘူးလေ။ကျွန်တော်က ရိုဘော့ရဲ့ အသားအရေကို လူနဲ့တစ်ထပ်တည်းတူအောင် ဖန်တီးနိုင်ဖို့ ခုနစ်နှစ်လောက် ကြိုးပမ်းခဲ့တာ။ ဆီလီကွန်နဲ့ သက်ရှိဆဲလ်တွေပေါင်းစပ်တဲ့ နည်းပညာကို ရပြီးတဲ့နောက်မှာ ပွဲပြီးသွားတာပဲ။ အထိအတွေ့က တူရုံတင်မပြောနဲ့ လူ့အသားအရေလို ပဲ။ အသက်နဲ့အမျှ အိမင်းပြောင်းလဲသွားအောင်အထိ ဖန်တီးထားခဲ့တာ'

မစ္ဆတာ အဆူအိုတာကာနာ၏ အပေါ်စီးမှ ဖိပြောနေမှုကို ဝန်ကြီးချုပ်သည် မခံနိုင်

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်တွေနေရာမှာ ကျွန်တော်ဖန်တီးတည်ဆောက်ထားတဲ့ ရိုဘော့တွေနဲ့အစားထိုးလိုက်ပါမယ်။ အစားထိုးပြီးပြီဆိုတာနဲ့ တစ်ကမ္ဘာလုံး ရှိနိုင်ငံတွေဟာ ဂျပန်နိုင်ငံရဲ့ လက်အောက်ခံတွေဖြစ်ကြောင်း ကြေညာလိုက်ရုံပါပဲ။ အရင်ခေတ်ကလို သေနတ်တစ်ချက်မှ ဖောက်စရာမလိုတဲ့ စိမ်ကိန်းပါ'

ပါမောက္ခကြီးက အားကြိုးမာန်တက် ပြောနေသလောက် ဝန်ကြီးချုပ်ကတော့ ခေါင်းတယမ်းယမ်းနှင့် စိတ်ပျက်လက်ပျက်အမူအရာဖြစ်နေသည်။

'ဒါပေမဲ့ ကျွန်တော့် အနေအထားကျတော့ နည်းပညာရဲ့အောင်မြင်မှုအရသာကို သာခံစားချင်တာ။ ကမ္ဘာကြီးကို အာဏာရှင်စနစ်နဲ့အုပ်ချုပ်ဖို့ကျတော့ အာရုံသိပ်မကျဘူးလေ။ ဒါကြောင့် တစ်ကမ္ဘာလုံးကို ဂျပန်လူမျိုးတွေက လွှမ်းမိုးအုပ်ချုပ်ဖို့ပဲ ကျွန်တော်က လုပ်ပေးချင်တာ။ တစ်ကမ္ဘာလုံးရဲ့အုပ်ချုပ်မှုခေါင်ချုပ် အာဏာရှင် ဂျပန်လူမျိုးကျတော့ အခြားတစ်ယောက်ကိုပဲ ဖြစ်စေချင်တယ်။ ဒါကြောင့် ဝန်ကြီးချုပ်ကို ရွေးချယ်လိုက်ပါတယ်။ ကမ္ဘာကြီးကို ကျွန်တော်တို့ဂျပန်လူမျိုးတွေ အုပ်စိုးပါမယ်။ ဝန်ကြီးချုပ်က အာဏာရှင်ခေါင်းဆောင် လုပ်ပါ။ ကျွန်တော်က နည်းပညာနဲ့ ထိန်းချုပ်ပေးပါမယ်။ ဒီအစီအစဉ်ကိုပြောပြချင်လို့ ဝန်ကြီးချုပ်ကို လျှို့ဝှက်စွာတွေ့ဆုံရတာပါ။ ဘယ့်နှယ်လဲ'

ပါမောက္ခကြီး မစ္စတာဟုန်းဟုန်းကောက်အောင် စွမ်းဆောင်ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ကျွန်းနိုင်ငယ်ငယ်လေးကို ကမ္ဘာက အလန့်တကြား သတိပြုရလောက်အောင် စွန့်စားခဲ့ကြပါတယ်။ ဒါပေမဲ့ နည်းပညာပြိုင်ပွဲမှာ အဏုမြူဗုံးဆိုတာကြီးနဲ့ ထိပ်တိုက်တွေ့ပြီး နာလန်မထူအောင် ပြန်လည်ပြုတ်ကျခဲ့ရပါတယ်။ ဂျပန်တစ်နိုင်ငံလုံး စစ်ရှုံးမှုဒဏ်အောက်မှာ စားချိန်အိပ်ချိန်တောင် မငဲ့ကွက်နိုင်ဘဲ မျက်ကလဲဆန်ပျာရှန်းကန်ခဲ့ရပါတယ်။

'ခုဆိုရင် ကျွန်တော်တို့ ဂျပန်အမျိုးသားတွေ ကိုယ့်ကြိုးစားမှုနဲ့ ကိုယ့်အရိုး ကိုယ်သယ်ပြီး ထိပ်တန်းကို ပြန်ရောက်လာကြပါပြီ။ ဒါပေမဲ့ အဲဒီအခြေအနေလောက်နဲ့ မကျေနပ်နိုင်ပါဘူး။ ကျွန်တော်တို့ရဲ့နိုင်ငံမှာ ကျဆုံးသွားခဲ့ရတဲ့ ဖက်ဆစ်အာဏာရှင်စနစ်ကို ပြန်လည်အသက်သွင်းပြီး ဂျပန်နိုင်ငံရဲ့လက်အောက်မှာ တစ်ကမ္ဘာလုံးကို သွတ်သွင်းလို့ အုပ်ချုပ်ချင်ပါတယ်'

ဝန်ကြီးချုပ်က မစ္စတာကာနာကို မျက်လုံးပြူးကြီးနှင့် တုန်လှုပ်စွာငေးကြည့်နေပြီး ဘာမှမပြောနိုင်တော့ပါ။ ပါမောက္ခကြီးကတော့ ဝန်ကြီးချုပ်၏အမူအရာကို သတိမပြုမိတော့။ သူ့အရှိန်နှင့်သူ သူ့အိပ်မက်ထဲမှာ စီးမျောရင်း စကားတွေသွန်ချနေ၏။

'အဲဒီလို လွှမ်းမိုးနိုင်အောင်လည်း ကျွန်တော့် အစွမ်းအစ၊ အရည်အချင်းနဲ့ ဆောင်ရွက်ပေးနိုင်ပါဗြို့။ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံ

အစီအစဉ်တွေ ပြီးဆုံးသွားတာနဲ့ တစ်ချိန်တုန်းက နည်းပညာကြောင့် ပက်ပက်စက်စက် ကျရှုံးခဲ့ရတဲ့ ဂျပန် နိုင်ငံတော်ကြီးနဲ့ ဖက်ဆစ် အာဏာရှင် စနစ်ဟာ အညွှန့်တလူလူနဲ့ ပြန်လည်နိုးထ ရှင်သန်နိုင်ပါဗြို့

လုပ်မိခြင်းအတွက် အလွန်ပင်ရှက်နေမိလေသည်။ ထို့ပြင် ခုချိန်ထိ မစ္စတာကာနာ၏ ရည်ရွယ်ချက်ကို မသိရသေး။ ထို့ကြောင့် အသာငြိမ်၍ နားထောင်ရန် ဆုံးဖြတ်လိုက်ရ၏။

'အရေးအကြီးဆုံး ကျွန်တော်ရဲ့ ရည်ရွယ်ချက်ကို ပြောပါတော့မယ် ဝန်ကြီးချုပ်။ သေသေချာချာ နားထောင်ပေးပါ။ ကျွန်တော်တို့ရဲ့ ကျွန်းနိုင်ငံသေးသေးလေးက ဂျပန်လူမျိုးတွေဟာ ဖက်ဆစ်အာဏာရှင်စနစ်ကို ကျင့်သုံးပြီး တစ်ကမ္ဘာလုံးကို မီးတော့။ တင်းမာသောမျက်နှာ၊ စူးရဲသောမျက်ဝန်းတို့ဖြင့် ပါမောက္ခကြီးကို ပြန်လှန်ကြည့်ရင်း-

'ဘယ်လိုလဲ မစ္စတာကာနာ။ ကျုပ်ကိုနှစ်ယောက်တည်းလျှို့ဝှက်တွေ့ဆုံချင်တယ်ဆိုတာ ဒီအကြောင်းတွေပြောပြဖို့လား။ ဟုတ်ပြီ။ ခု ကျုပ်သိသွားပြီ။ ခင်ဗျား ဘာဖြစ်ချင်တယ်ဆိုတာကို ပြောဖို့ အချိန်ရောက်ပြီ။ ကျုပ်နားမှာ အနီးကပ်ရှိဖို့ ရိုဘော့ကို အစားထိုးတာ၊ ကျုပ်ကိုတကူးတက ခေါ်တွေ့တာ ဘာရည်ရွယ်ချက်လဲ။ ကျုပ်ကို ခြိမ်းခြောက်တာလား။ အကျပ်ကိုင်တာလား'

ဝန်ကြီးချုပ်က ရင်တွင်းခံစားချက်များကို မထိန်းချုပ်နိုင်တော့ဘဲ ဝါးလုံးထိုးပြောချလိုက်တော့သည်။ပါမောက္ခကြီးက ပြုံးရွှင်စွာဖြင့် လက်ဝါးကာပြရင်း-

'ဟိုး...ဟိုး။ ခဏခဏ။ ဒေါသကို ခဏလေးဖြစ်ဖြစ် ထိန်းပေးပါဦး ဝန်ကြီးချုပ်။ ကျွန်တော်နဲ့ ဝန်ကြီးချုပ် ပူးပေါင်းအကောင်အထည်ဖော်မယ့် စီမံကိန်းက စလုံးရေကို မစရသေးတာ။ ကျွန်တော့်ရဲ့အနာဂတ်အစီအစဉ်က ကြီးကျယ်ခမ်းနားလွန်းလို့ ဒီလိုအသေးစိတ်တစ်ပိုင်းချင်း ခွဲပြောနေရတာပါ။ ခဏလေးဖြစ်ဖြစ် သည်းခံပါခင်ဗျာ'

ပါမောက္ခ၏ ယဉ်ကျေးသောတောင်းပန်စကားကြောင့် စိတ်တွေထိန်းလိုက်ရသော်လည်း ဒေါသက မပျောက်။ မိမိအနားတွင် ရိုဘော့စုပိုင်ထည့်ထားခြင်းထက် လစ်လျှင်လစ်သလို အိစီကလီ

www.burmeseclassic.com

www.burmeseclassic.com

အဆုံးအိုတာကာနာက စကား သေတ်သွားပြီဖြစ်၏။ ဝန်ကြီးချုပ်ကတော့ အတော်ကြာသည်အထိ စကားမပြောနိုင်သေး။ သူစိတ်ထဲမှာ အိပ်မက်ဆက်နေသလို ယောင်ကန်းကန်းကြီးဖြစ်နေသည်။

ပါမောက္ခကြီးက ဝန်ကြီးချုပ်၏ အဖြေကို စောင့်တော့ဘဲ အနီးနားမှ ကွန်ပျူတာတစ်လုံးကို သဲကြီးမဲကြီးတဒေါက်ဒေါက်နှိပ်နေတော့သည်။ ထိုအချိန်မှာပင် နံရံမှတံခါးတစ်ချပ်ပွင့်လာပြီး လူများ တဖွဖွဝင်လာလေသည်။ ထိုသူများကိုကြည့်ပြီး ဝန်ကြီးချုပ်မစ္စတာရှင်စိုအာဗေးထံမှ အလန့်တကြား ရေရွတ်သံများဆက်တိုက်ထွက်ပေါ်လာတော့၏။

'ဟာ...ဘားရက်အိုဘားမား'

'ဟင်...ပူတင်ပါလား'

'အို...ဗင်နီဇွဲလားသမ္မတ နီကိုလတ်မန်ဒူဂို'

'ဟာ...ဘရာဇီးသမ္မတ ဒီမာရူးဆက်'

'အယ်...ပြင်သစ်ဝန်ကြီးချုပ်လောရင့်ဖေဘီယပ်'

'အံမယ်လေး...အာဆတ်ကြီးပါလား'

'သူက အီရန်သမ္မတ သစ် ဟတ်ဆန်ဂိုဟာနီ'

'အာဖဂန် သမ္မတ ဟာမစ်ကာဇိုင်းလည်း ပါတယ်'

'ထိုင်းဝန်ကြီးချုပ် ယင်လတ်'

'... ... ...'

ပါမောက္ခကြီးက ဝန်ကြီးချုပ်ကို စိုက်ကြည့်ပြီး-

'ဟုတ်ပါတယ် ဝန်ကြီးချုပ်။ သူတို့တစ်တွေအားလုံးဟာ ကျွန်တော်တစ်ဦးတည်း လျှို့ဝှက်ဖန်တီးထားတဲ့ ဟူမန်းရိုဘော့(Human Robot) လူတူစက်ရုပ်တွေပါ။ သူတို့ဟာ ထိန်းချုပ်စေခိုင်းမှုမပါဘဲ အခြေအနေပေါ်မှာ ကြည့်ပြီး ဆုံးဖြတ်လုပ်ဆောင်နိုင်အောင် အသိဉာဏ်အတု (Artificial Intelligence) ထည့်သွင်းထားတဲ့ ရိုဘော့တွေပါ။ တစ်နည်းအားဖြင့် ပြောရရင် ဝန်ကြီးချုပ်ကို တစ်ကမ္ဘာလုံးရဲ့ခေါင်းချုပ်အာဏာရှင်ဖြစ်ဖို့အတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြမယ့် သူတွေပေါ့'

နိုင်ငံတကာ ခေါင်းဆောင်များနှင့် တထေရာတည်းတူကြသော ရိုဘော့များက ဝန်ကြီးချုပ်ကို လက်ဆွဲနှုတ်ဆက်ကြလေသည်။ အားလုံးနှုတ်ဆက်ပြီးသွားချိန်တွင် အိုဘားမားစက်ရုပ်က-

'မင်္ဂလာပါ ဝန်ကြီးချုပ်'ဟု နှုတ်ဆက်သည်။ ဝန်ကြီးချုပ်က အိပ်မက်ထဲမှာ လမ်းလျှောက်နေသူကဲ့သို့ ယောင်ကန်းကန်းကြီး လက်ဆွဲ၍ နှုတ်ဆက်သည်။ ကမ္ဘာထိပ်တန်းနိုင်ငံကြီးများ၏ ခေါင်းဆောင်ကြီးများကို အဆောင်အယောင်၊ အခမ်းအနား၊ အခြွေအရံမပါကြဘဲ တစ်စုတစ်ဝေးကြီး တွေ့လိုက်ရသောမြင်ကွင်းကို မယုံနိုင်သလို ကြီး ဖြစ်နေ၏။

ပါမောက္ခကြီးက-

'ကျွန်တော့်ရဲ့ရိုဘော့တွေကို သူ့ဆိုင်ရာဆိုင်ရာ နိုင်ငံတွေမှာ အစားထိုးပြီးရင် ကျွန်တော်တို့လုပ်ငန်း ပြီးပါပြီ ဝန်ကြီးချုပ်။ ဂျပန်နိုင်ငံဝန်ကြီးချုပ်မစ္စတာရှင်စိုအာဗေးက တစ်ကမ္ဘာလုံးရဲ့အာဏာရှင်ဖြစ်ပြီး နိုင်ငံအားလုံးဟာ ဂျပန်နေမဝင် အင်ပါယာကြီးရဲ့ လက်အောက်ခံနိုင်ငံတွေဖြစ်ကြောင်း ကြေညာလိုက်ရုံပါပဲ။ အဲဒီအခါ ကျွန်တော် အစားထိုးထားတဲ့ ဟောဒီက ရိုဘော့တွေက သူတို့အုပ်ချုပ်နေတဲ့ နိုင်ငံတွေကို အသာတကြည် အညံ့ခံလိုက်ဖို့ အမိန့်ပေးပါလိမ့်မယ်။ အဲဒီအစီအစဉ်တွေ ပြီးဆုံးသွားတာနဲ့ တစ်ချိန်တုန်းက နည်းပညာကြောင့် ပက်ပက်စက်စက်ကျုံးခဲ့ရတဲ့ ဂျပန်နိုင်ငံတော်ကြီးနဲ့ဖက်ဆစ်အာဏာရှင်စနစ်ဟာ အညှန့်တလူလူနဲ့ ပြန်လည်နိုးထ ရှင်သန်နိုင်ပါပြီ'

ပါမောက္ခ၏ စကားများကို ဆေးမိထားသူတစ်ယောက်ကဲ့သို့ နားထောင်နေသော ဝန်ကြီးချုပ်သည် ပါမောက္ခကြီး၏ စကားဆုံးသွားတော့မှ အိပ်ရာမှနိုးထလာသူကဲ့သို့ သတိဝင်လာပြီး အလန့်တကြားငြင်းဆိုတော့၏။

'မဟုတ်ဘူး။ လုံးဝမဟုတ်သေးဘူး။ လုံးဝမဖြစ်နိုင်ဘူး မစ္စတာကာနာ ခင်ဗျားရဲ့ စိမ်းကိန်းကြီးကို ရပ်တန်းက ရပ်လိုက်ပါ။ ခင်ဗျားဟာ နိုင်ငံရေးကို ဘာမှနားမလည်တဲ့ရိုဘော့ပညာရှင်တစ်ယောက်ပါ။ ခင်ဗျားပြောတဲ့ အစီအစဉ်တွေဟာ စိတ်ကူးယဉ်သိပ်ဆန်ပြီးဖြစ်နိုင်ခြေလုံးဝမရှိတဲ့ အစီအစဉ်တွေဗျ'

ဝန်ကြီးချုပ်၏ ခါးခါးသီးသီးငြင်းဆိုမှုကြောင့် ပါမောက္ခကြီး၏ မျက်နှာအနေအထားတို့ တင်းခနဲပြောင်းသွားရ၏။

'ဘာကြောင့်မဖြစ်နိုင်ဘူးလို့ အသေအချာကြီး ပြောနိုင်ရတာလဲ ဝန်ကြီးချုပ်။ ခုအခြေအနေအတိုင်းကိုပဲ ကြည့်လိုက်ဦး။ ကျုပ်သာ ဂျပန်နိုင်ငံရဲ့အာဏာရှင်အဖြစ်ကို စိတ်ပါတယ်ဆိုရင် အသာလေးလက်လွှဲယူလိုက်လို့ရနေပြီနော်။ ကျုပ်တို့ ဂျပန်လူမျိုးတွေ ကမ္ဘာကိုလွှမ်းမိုးတာပဲလိုချင်လို့ အာဏာရှင်နေရာမှာ ဝန်ကြီးချုပ်ကို ရွေးချယ်လိုက်တာ။ ခင်ဗျားကမှ စိတ်မဝင်စားဘူးဆိုရင် နောက်တစ်ယောက်ကို ရွေးချယ်ရမှာပဲ'

ပါမောက္ခ၏ လေသံက အနည်းငယ်တင်းမာလာသည်။ ဝန်ကြီးချုပ်က-

'ခင်ဗျားရဲ့စိတ်ကူးဟာ နိုင်ငံရေးနဲ့ပြည်သူလူထုသဘောကို နားမလည်တဲ့သူတစ်ယောက်ဆို ရင်တော့ အားရကျေနပ်ဖွယ်အစီအစဉ်တစ်ခုပါ။ ကျုပ်လိုလူတစ်ယောက်ကတော့ ဘယ်လိုမှ ငေးမောအားကျနိုင်မှာ မဟုတ်ပါဘူး။ ဘာကြောင့်မဖြစ်နိုင်ပါဘူးလို့ ပြောရတဲ့အကြောင်းကို ရှင်းပြပါ့မယ်။ ခင်ဗျားရဲ့အစီအစဉ်အတိုင်း ရိုဘော့တွေကို အစားထိုးပြီးပြီပဲသဘောထားလိုက်ပါ။ ခင်ဗျားကြို့ တင်ခန့်မှန်းထားသလို နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက ရိုဘော့တွေရဲ့အမိန့်ကို နာခံမှာတဲ့လား'

'ရိုဘော့တွေ မဟုတ်ဘူးလေ ဝန်ကြီးချုပ်ရဲ့။ သူတို့အမြင်မှာ သူတို့နိုင်ငံရဲ့ခေါင်းဆောင်အစစ်လို့ မြင်နေရမယ့် တစ်ထပ်တည်းတူရိုဘော့တွေ

www.burmeseclassic.com

လေ။ နောက်တစ်ချက်က ကျွန်တော်ဖြစ်စေချင်တဲ့အတိုင်း လုပ်ပေးကြမယ့် ရိုဘော့တွေလေ'

'ဟုတ် ပါတယ်။ ပါမောက္ခကြီးပြောတာကို သဘောပေါက် ပါတယ်။ ဒါပေမဲ့ ခင်ဗျား အတွက် အချက် ဘယ်နေရာမှာ မှားသလဲဆိုတော့ သူတို့ရဲ့ခေါင်း ဆောင်အစစ်ဆိုပေမဲ့ ဘာအမိန့် ပဲပေးပေး တစ်သဝေမတိမ်း နိုင်ငံသူနိုင်ငံသားတိုင်းက လိုက်နာကြလိမ့်မယ်လို့ ထင် နေသလား ပါမောက္ခကြီး'

'ဘယ်...ဘယ်လိုဗျ'

'ခုလက်ရှိအခြေအနေမှာ ဦးဆောင်နေကြတဲ့ ခေါင်း ဆောင်တွေအပေါ် သူပြည်သူတွေက ယုံကြည်ကြတယ်ဆိုတာ၊ လက်ခံကြတယ်ဆိုတာ ပြည်သူတွေရဲ့ အကျိုးကို တကယ်ဆောင်ရွက်နေလို့ဗျ။ ပြည်သူတွေရဲ့အကျိုးကို မကြည့်ဘဲ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုးအကျိုးလောက် ကိုပဲ ကြည့်တတ်တဲ့ခေါင်း ဆောင်ဆိုရင် ဘယ်ပြည်သူ အပေါ်မှာမှ လွှမ်းမိုးလို့မရဘူး။ ရရင်လည်း ခဏပဲဖြစ်လိမ့် မယ်။ ခင်ဗျားရဲ့ ရိုဘော့တွေက ခေါင်းဆောင်အစစ် ယောင်တွေဆောင်ပြီးဖက်ဆစ် အာဏာရှင်စနစ်နဲ့အုပ်ချုပ်မယ့် ဂျပန်နိုင်ငံတော်လက်အောက် ကို ဦးကျိုးဝင်ကြဖို့ အမိန့် ပေးမယ်ဆိုရင် ဘာခေါင်း ဆောင်ကြီးပဲဖြစ်နေနေ သူတို့ ပြည်သူတွေက လိုက်နာကြ မှာ မဟုတ်ဘူး။ တစ်ကမ္ဘာ လုံးမှာရှိတဲ့ လူသားမှန်သမျှ အာဏာရှင်စနစ်ဟာ ဘယ်နေ ရာမှာမှ ကောင်းကွက်မရှိတဲ့

တစ်ကမ္ဘာလုံး သွေးခြောင်းတွေ စီးကုန်မှာပေါ့ ကျွပ် ဇကာဇ်ဖြစ်မယ့် အရေးကို မက်မောပြီး ခင်ဗျားရဲ့ အစီအစဉ်ထဲမှာ အသာလေး မျှောလိုက်လိုက်ရင် ကျွပ်ဟာ လူမဆန်တဲ့သူ တစ်ယောက် အဖြစ် သမိုင်းမှာ အကျန် မခံပါရစေနဲ့ ပါမောက္ခကြီး

အကြောင်းကို ဂဃနဏသိ နေကြပြီဗျ'

'အို၊ ဘာပဲဖြစ်ဖြစ်ဗျာ။ ကျွန်တော် အနှစ် ၂၀ ကျော် လုံးပန်းလာခဲ့ရတဲ့ အစီအစဉ် ကိုတော့ ဝန်ကြီးချုပ်ပြော စကားလေးတစ်ခုတည်းနဲ့ လက်စတုံးလွှင့်မပစ်နိုင်ဘူး ဗျ'

ဝန်ကြီးချုပ်က စုတ် တစ်ချက်ကို မကျေမချမ်း သပ်လိုက်ပြီး နိုင်ငံတကာ ခေါင်းဆောင်ကလုန်းရိုဘော့များ ကို လိုက်ကြည့်လိုက်သည်။ ရိုဘော့များက နှုတ်ဆိတ်၍ တစ်စုံတစ်ရာကို အပြင်း အထန်စဉ်းစားနေကြဟန်ရှိ သည်။ ဝန်ကြီးချုပ်က ဖွဲ့ မလျှော့ဘဲ-

'ခင်ဗျား ကျွပ်အပေါ် ကို စေတနာထားပြီး တစ် ကမ္ဘာလုံးရဲ့ခေါင်ချုပ်ကျပန်နိုင်ငံ ရဲ့ဇကာဇ်အဖြစ် ပြုလုပ်ပေး ဖို့စဉ်းစားတာကို အထူးပဲ ကျေးဇူးတင် ပါတယ်။ ဒါပေမဲ့ခင်ဗျားရဲ့အစီအစဉ်ဟာ ကြောက်စရာကောင်းလွန်းလို့ တားမြစ်နေရတာပါ။ ခင်ဗျား စီစဉ်သလို ကျွပ်ဟာ တစ် ကမ္ဘာလုံးရဲ့ဇကာဇ်ဖြစ်ချင် ဖြစ်သွားပါလိမ့်မယ်။ ခင်ဗျား ပြောသလောက်တော့ မလွယ် ဘူးဗျ။ နိုင်ငံတကာခေါင်း ဆောင်အယောင်ဆောင်ရိုဘော့ တွေက ဂျပန်နိုင်ငံရဲ့လက် အောက်ခံအဖြစ်အလွယ်တကူ ဝင်လိုက်တယ်ပဲထားပါတော့။ သူနိုင်ငံသူနိုင်ငံသားတွေက သူတို့ခေါင်းဆောင်တွေကို အပြင်းအထန်ဆန့်ကျင်တော် လှန်ကြလိမ့်မယ်။ အဲဒီအခါ ရိုဘော့တွေက အခြေအနေ တွေကို ပိပြားအောင် ပိုင်ဆိုင် တဲ့စစ်တပ်တွေနဲ့ နှိမ်နှင်းကြ လိမ့်မယ်။ ယုံကြည်ချက်နဲ့ အသက်ကို လဲရဲတာလူသား တွေဗျ။ တစ်ကမ္ဘာလုံးသွေး ခြောင်းတွေစီးကုန်မှာပေါ့။ ကျွပ် ဇကာဇ်ဖြစ်မယ့် အရေးကိုမက်မောပြီး ခင်ဗျား ရဲ့အစီအစဉ်ထဲမှာ အသာလေး မျှောလိုက်လိုက်ရင် ကျွပ်ဟာ လူမဆန်တဲ့သူတစ်ယောက် အဖြစ် သမိုင်းမှာအကျန်မခံပါ ရစေနဲ့ ပါမောက္ခကြီး'

ဝန်ကြီးချုပ်၏ စကား အဆုံးတွင် ပါမောက္ခကြီးက တင်းမာသောမျက်နှာထားနှင့် ဝုန်းခနဲထရပ်လိုက်ပြီး ဝန်ကြီး ချုပ်ကို ပြောလိုက်သည်။

'ဒီမှာ မစ္စတာရှင်ဓိအာ ဗေး။ ခင်ဗျားကို ပြတ်ပြတ် သားသားပဲ မေးမယ်။ အနှစ် ၂၀ ကျော် ကြိုးကြိုးစားစား မက်ခဲ့ရတဲ့အိပ်မက်ကိုတော့ မျက်နှာသစ်ပစ်ရင် ပျောက် သွားသလိုမျိုး အပျောက်မခံ နိုင်ဘူး။ အပျက်အစီးလည်း မခံနိုင်ဘူး။ ခင်ဗျားမှ မဟုတ် ဘူး ကျွပ်နဲ့သဘောထားချင်း ထပ်မယ့်သူဆို ဘယ်သူကို အစားထိုးထိုး ထိုးလို့ရပါ တယ်။ ဒါပေမဲ့ ကျွပ်အစီ အစဉ်တွေကို ကကြီးကစ အ အဆုံးသိသွားပြီဖြစ်တဲ့ခင်ဗျား ကိုတော့ နောက်ထပ်စကား ပြောခွင့်ပေးလို့ မရတော့ဘူး။ ဒီတော့ နောက်ဆုံးအခွင့် အရေးပေးမယ်။ ကျွပ်အစီ အစဉ်ကို လက်ခံပြီး အာဏာ ရှင်ဇကာဇ် လုပ်မလား။ ဒါမှမဟုတ် အသက်ရှူခွင့် အဆုံးရှုံးခံမလား ကြိုက်တာ ရွေးပါ'

စကားအဆုံးတွင် ပါမောက္ခကြီး၏ လက်တွင်း သို့ အမျိုးအမည်ခွဲခြားရန် မဖြစ်နိုင်သောပုံစံအဆန်းနှင့် လက်နက်တစ်မျိုး မျက်လှည့် ပြလိုက်သလို ရောက်ရှိလာ သည်။

'ဒီလက်နက်ဟာ ကျွပ် တီထွင်ထားတဲ့ရောင်ခြည်သေ နတ်ပဲ ဝန်ကြီးချုပ်။ သက်ရှိ လူသားနဲ့တစ်ခါမှ မစမ်းသပ် ရသေးပေမဲ့ သတ္တဝါပေါင်းနဲ့ နဲ့ တိကျသေချာစွာ အကြိမ် ကြိမ်စမ်းသပ်ထားတဲ့သေနတ် ပါ။ ဒီရောင်ခြည်ဟာ သေ ကွင်းသေကွက်ကို ရွေးပြီး ပစ် နေစရာမလိုဘူး။ လူကြီးမင်းခန္ဓာကိုယ် ဘယ်

www.burmeseclassic.com

www.burmeseclassic.com

နေရာကိုပဲထိထိ လူကြီးမင်းရဲ့ ခန္ဓာကိုယ်ဟာ ပုံစံမပျက်ဘဲ ကလီစာတွေ မီးသွေးခဲဖြစ်သွားမှာပါ။ ဝန်ကြီးချုပ်ရဲ့ အဖြေကို ကြားပါရစေ'

ချမ်းအေးလှသော ဂျပန်နိုင်ငံ ကိတာကျူရှမြို့၏ ရာသီဥတုထဲတွင် ဝန်ကြီးချုပ်၏ နဖူးမှချွေးစလေးများ တွဲခိုလာသည်။ သက်ပြင်းကို အကြိမ်ကြိမ်ချ၍ အပြင်းအထန် စဉ်းစားနေရပုံမှာ မျက်နှာပေါ်တွင် ပေါ်လွင်လွန်းလှ၏။ ဘေးနားမှာ ရိုဘော့များကတော့ အခြေအနေကိုစောင့်ကြည့်ရင်းတစ်ဦးမျက်နှာတစ်ဦး အပြန်အလှန်ကြည့်နေကြလေသည်။

အတန်ကြာတော့မှ ဝန်ကြီးချုပ်၏ စကားသံထွက်ပေါ်လာခဲ့သည်။ သို့သော် တွန့်ဆုတ်ချိန်ဆသောလေသံမျိုးမဟုတ်ပါ။ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချပြီးသော အားမာန်ပါလှသည့် လေသံမျိုးဖြစ်သည်။

'ကောင်းပြီ မစ္စတာ ကာနာ။ ကျုပ်ပြတ်သားတဲ့ အဖြေကို ပေးပါ့မယ်။ ကျုပ်ဟာ အများပြည်သူရဲ့အကျိုးကို ဆောင်ရွက်ပါမယ်လို့ ကျမ်းသစ္စာကျိန်ဆိုထားရတဲ့ နိုင်ငံခေါင်းဆောင်တစ်ယောက်ပါ။ ဂျပန်လူမျိုးတစ်မျိုးလုံး အကျိုးရှိမယ့်ကိစ္စဆိုရင် ကျုပ်ဘက်က အဆုံးစွန်ထိ စွန့်စားပေးဖို့ဝန်မလေးပါဘူး။ အဲဒီလိုတစ်ဖက်မှာ ဂျပန်နိုင်ငံရဲ့ အရေးပါဆုံး ခေါင်းဆောင်ဖြစ်သလို တစ်ဖက်ကလည်း လူသားတစ်ဦးဖြစ်နေပါတယ်။ ဒါကြောင့် ဘယ်အရာမဆို လူဝီသအောင်ဆုံးဖြတ်ရပါလိမ့်မယ်။

'ပါမောက္ခကြီးရဲ့ အစီအစဉ်ဟာ ဖြစ်ထွန်းချင်ဖြစ်ထွန်းသွားပါလိမ့် မယ်။ ဒါပေမဲ့ ဘယ်နိုင်ငံကမှ အသာတကြည် လက်ခံမှာ မဟုတ်ပါဘူး။ ရိုးရိုးသားသားနဲ့ကိုယ့်ဝမ်းစာကိုယ်ရှာစားနေရတဲ့ ကမ္ဘာသူ၊ ကမ္ဘာသားများဟာ သူတို့မှာရှိသလောက်အားနဲ့ ပါမောက္ခကြီး ဖန်တီးချင်တဲ့ဖက်ဆစ် အာဏာရှင်စနစ်ကို ပြင်းပြင်းထန်ထန်ကန့်ကွက်တော်လှန်ကြပါလိမ့်မယ်။ အဲဒီအချိန် ကျမှလည်း ပါမောက္ခကြီး နောက်ဆုတ်လို့မရတော့ပါဘူး။ ကိုယ်ချည်တဲ့ ကြိုးကွင်း ကိုယ့်လည်ပင်းပြန်မစွပ်မိဖို့ အတွက် မိမိရရ နိမ့်နှင်းရပါလိမ့်မယ်။ အဲဒီအခါတစ် ကမ္ဘာလုံးအာဏာရှင်စနစ်ကို လက်မခံနိုင်သူတွေရဲ့ သွေးတွေချောင်းစီးရတော့မယ်။ ကျုပ်သာအဲဒီအချိန်တစ်ကမ္ဘာလုံးရဲ့ ဧကရာဇ်ဖြစ်နေလို့ကတော့ သွေးချောင်းစီးအောင် လုပ်ရမယ့် အဓိကပုဂ္ဂိုလ်ဖြစ်နေမှာပေါ့။

'ဟစ်တလာတို့၊ မူဆိုလိုနီတို့ကို ကမ္ဘာက ရွံရှာတဲ့ သမိုင်းထက် နောင်အနာဂတ်မှာ ကျုပ်နာမည်က အဆပေါင်းများစွာ ပိုပါလိမ့်မယ်။ ကျုပ်ဆုံးဖြတ်လိုက်ပါတယ်။ အပြစ်မဲ့တဲ့ အုပ်ချုပ်ခံကမ္ဘာသူကမ္ဘာသားတွေကို သွေးချောင်းစီးအောင် လုပ်မယ့် ဧကရာဇ်ဘဝနဲ့ သမိုင်းမှာ အရှုံရှာမခံပါရစေနဲ့။ ကိုယ့်လိပ်ပြာကို ယုံခြုံပြီး ခင်ဗျားရဲ့လက်ချက်နဲ့လူမသိသူမသိအသေခံလိုက်ပါမယ်။ ဒီလိုဆုံးဖြတ်လို့ ရူးတယ်လို့ ပြောချင်ပြောနိုင်ပါတယ်။ ကျုပ် အယူအဆကတော့ အောက်တန်းကျကျ ယုတ်မာရက်စက်တဲ့ဧကရာဇ်ဘဝနဲ့ စာရင် လူသားအားလုံးပေါ်မှာ ကိုယ်ချင်းစာတတ်တဲ့လူပီပီသသ ဘဝနဲ့ပဲ သေပြီးသမိုင်းမှာ နာမည်ကျန်ချင်ပါတယ်'

ဝန်ကြီးချုပ်၏ အားမာန်ပါသော လေသံနှင့်ပြတ်သားသောဆုံးဖြတ်ချက်ကို ရှည်လျားစွာရှင်းပြပြီး လက်စသတ်လိုက်ချိန်တွင် ပါမောက္ခကြီးနှင့်တကွ ရိုဘော့များ အားလုံးလူပ်လှုပ်ရွရွဖြစ်သွားကြသည်။ ပါမောက္ခကြီး၏ မျက်နှာက အဆမတန်တင်းမာနေ၏။

'ကြိုက်ပြီဗျာ။ အဲဒီလိုပြတ်ပြတ်သားသားစကားကို ကြားရတာကျေးဇူးတင်ပါတယ်။ ကျွန်တော့်အတွက် အချိန်မကုန်တာပေါ့ဗျာ'

ပြောပြောဆိုဆို၌ လက်ကိုဆန့်တန်း၍ ဝန်ကြီးချုပ်ကို ထိုးချိန်လိုက်သည်။ ဝန်ကြီးချုပ်က မျက်စိကိုအသာမှိတ်၍ ရင်ကော့ပေးလိုက်၏။ မျက်နှာပေါ်မှာတော့ ထိတ်လန့်ကြောက်ရွံ့သောအမူအရာတစ်ရွေးသားမျှပင် မရှိ။

'ဒိုင်း'

ယမ်းပေါက်ကွဲသံတစ်ခု ကျယ်လောင်စွာပေါ်ထွက်လာခဲ့၏။ ဘာအထိအတွေ့ကိုမှ မခံစားရသောဝန်ကြီးချုပ်က ကမန်းကတန်းမျက်စိကိုဖွင့်ကြည့်လိုက်ချိန်တွင်-

'ဟာ...'

ဘယ်လိုမှ ထင်မှတ်မထားသောမြင်ကွင်းပင်။ အို ဘားမားစက်ရုပ်က ပါမောက္ခကြီး မစ္စတာအဆူအိုတာကာနာကို သေနတ်နှင့်ပစ်ချလိုက်ခြင်းဖြစ်လေသည်။ ဝန်ကြီးချုပ်တင်မဟုတ် ပါမောက္ခကြီးကိုယ်တိုင်ပင် အံ့သြထိတ်လန့်နာကျင်သောမျက်နှာကြောင့် ရုပ်ပျက်ဆင်းပျက်ရှုံ့မဲ့နေလေ၏။

'မင်း...မင်း။ အား... ကျွတ်ကျွတ်။ မင်း ဘယ်လိုလုပ်လိုက်တာလဲ အိုဘားမား။ ငါ...ငါဟာ မင်းတို့ရဲ့ ဖန်တီးရှင်၊ အရှင်သခင်ဆိုတာ မေ့သွားကြပြီလား'

အို ဘားမားနှင့် အတူကျန်သောခေါင်းဆောင်ပုံတူစက်ရုပ်များကား ထူးထူးခြားခြားတည်ငြိမ်လွန်းလှပေသည်။ အိုဘားမားစက်ရုပ်က-

'သိပါတယ် ပါမောက္ခကြီး။ ပါမောက္ခကြီးဟာ ကျွန်တော်တို့ရဲ့ကျေးဇူးရှင်၊ ဖန်တီးရှင်ဆိုတာ မမေ့ပါဘူး။ ဒါပေမဲ့ ပါမောက္ခကြီးရဲ့ အစီအစဉ်တွေကို အကောင်အထည်မဖော်ခင်မှာ ကျွန်တော်တို့တစ်တွေ တိုင်ပင်ဖြစ်ကြပါတယ်။ ကျွန်တော်တို့ဟာ လူတူစက်ရုပ် (Human Robot) တွေပါ။ ကျွန်တော်တို့ကို ပါမောက္ခကြီးက လူသားတွေနဲ့အသေးစိတ်တူအောင်ဖန်တီးပေးထားတာပါ။ ဒါပေမဲ့ ဘယ်လောက်ပဲတူတူ ရိုဘော့ဟာ ရိုဘော့ပါပဲ။ ဒါကြောင့်

www.burmeseclassic.com

ကျွန်တော်တို့ဟာ လူနဲ့သိပ်တူချင်ကြပါတယ်။ ကျွန်တော်တို့ချင်းလည်း လူနဲ့တူအောင် နေထိုင်ကြမယ်လို့ တိုင်ပင်ဆုံးဖြတ်ထားကြပါတယ်'

အိုဘားမားရိုဘော့၏ စကားများကို ပါမောက္ခကြီးက ဒဏ်ရာ၏နာကျင်မှု၊ ဒေါသ၏ ဖိစီးမှုတွေကြောင့် အခံရခက်သောဝေဒနာကို ကြိတ်မှိတ်နားထောင်နေရသော်လည်း ကလုန်းရိုဘော့များက တော့ အိုဘားမားရိုဘော့နှင့် တစ်သဘောတည်းဖြစ်ပုံရသည်။ တည်ငြိမ်သော အမူအရာများဖြင့် နားထောင်နေကြ၏။ အိုဘားမားက ဆက်ပြောသည်။

'ကျွန်တော်တို့ဟာ လူလိုပဲ စဉ်းစားဆုံးဖြတ်နိုင်ကြတယ်ဆိုပေမဲ့ လူမှုပတ်ဝန်းကျင်ထဲမှာ လူပ်ရှားလည်ပတ်မှု မရှိသေးတော့ လူသားဆန်အောင် ဘယ်လိုနေထိုင်ဆုံးဖြတ်ရမယ်ဆိုတာ အတိအကျ မသိခဲ့ပါဘူး။ ခုနတုန်းက ဝန်ကြီးချုပ်ပြောလိုက်တဲ့စကားတွေဟာ ကျွန်တော်တို့ရဲ့ အသိဉာဏ်အတု (Artificial Intelligence)တွေကို တစ်ဟုန်ထိုးလူပ်နှိုးလိုက်တာပါပဲ။ တစ်ကမ္ဘာလုံးရဲ့ဇကရာဇ်ဖြစ်မယ့် အရေးကို ငြင်းပယ်အသေခံပြီး လူသားအားလုံးအတွက် ကိုယ်စားပြုစဉ်းစားဆုံးဖြတ်တဲ့သူမှ လူသားအစစ်ပါလားလို့ ကျွန်တော်တို့သိလိုက်ရတယ်လေ။ ဒါကြောင့် ကျွန်တော်တို့လည်း လူသားစစ်စစ်နဲ့ တူနိုင်ဖို့ လူသားအားလုံးကို သွေးချောင်းစီးစေမယ့် ပါမောက္ခကြီးရဲ့ ဖက်ဆစ်အာဏာရှင်စနစ်ပြန်လည်အသက်သွင်းရေးအစီအစဉ်ကို ဟန့်တားဖို့ဆုံးဖြတ်လိုက်ကြတာပါ။ ကျွန်တော်တို့တွေပါမလုပ်နိုင်ဘူးလို့ ငြင်းလိုက်ရင်လည်း ပါမောက္ခကြီးက ကျွန်တော်တို့ရဲ့ဆုံးဖြတ်ချက်တွေကို ပြင်ဆင်ပြီး ပရိဂရမ်အသစ်တွေ ဆွဲထည့်လို့ စီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော်ဦးမှာပဲ။ ဒါကြောင့် ပါမောက္ခကြီးကိုပါတစ်ခါတည်းလုပ်ကြံလိုက်ရတာပါ။ လူသားဆန်ချင်လွန်းတဲ့ ကျွန်တော်တို့ကို ခွင့်လွှတ်ပါခင်ဗျာ'

အိုဘားမားရိုဘော့က စကားကိုလက်စသတ်လိုက်သော်လည်း ပါမောက္ခကြီးက သေနတ်ဒဏ်ရာကို လက်နဲ့ဖိ၍ နာကျင်မှုဝေဒနာကို အားတင်းရင်း-

'မင်း...မင်းတို့ဟာ တော်တော်အသံးမကျတဲ့ ရိုဘော့တွေပဲကွ။ မင်းတို့ဟာ ငါရဲ့ကျွန်တွေကွ။ ငါ့ရဲ့ကျွန်တွေ။ မင်းတို့တွေလူသားဆန်ချင်ပါတယ်ဆိုပြီး ငါ့ကို လုပ်ကြံတော့ မင်းတို့ရော ဆက်လက်ရှင်သန်နိုင်မှာတဲ့လား။ ငါက အဲဒီလောက် မည့်ဘူးကွ။ ကိုယ်ဖန်တီးထားတဲ့ စက်ရုပ်က ကိုယ့်ကိုပြန်လွှမ်းမိုးလာရင် ထိန်းချုပ်နိုင်ဖို့အတွက် မင်းတို့ရဲ့သက်တမ်းကို အကန့်အသတ်နဲ့ ထည့်ပေးထားတာ။ ငါမရှိရင် မင်းတို့လည်း မရှိနိုင်တော့ဘူး။ သိလားကွ စက်ရုပ်အစုတ်ပလုတ်တွေရ'

ပါမောက္ခကြီးက ဒေါသတကြီးအော်ဟစ်နေသော်လည်း စက်ရုပ်များကတော့ တည်ငြိမ်စွာပင်။

'ခန့်မှန်းမိပါတယ် ပါမောက္ခကြီး။ ကျွန်တော်တို့ ရိုဘော့တွေ တိုင်ပင်ကြတော့ ပါမောက္ခကြီးဟာ အထိန်းအချုပ်မဲ့လွတ်ထားမှာတော့ မဟုတ်ဘူး။ ပါမောက္ခကြီး မရှိရင် တို့အားလုံးလည်း ရပ်ဆိုင်းသွားနိုင်မယ်ဆိုတာ ဆွေးနွေးမိကြပါတယ်။ အဲဒီအဖြေကို ဝန်ကြီးချုပ်ကပဲ ပေးခဲ့တာပါ။ လူသားစစ်စစ်အဖြစ်နဲ့ သမိုင်းမှာ တသသဖြစ်ကျန်ခဲ့ဖို့အတွက် ဇကရာဇ်ဖြစ်မှာနဲ့စာရင် သေဖို့ရွေးချယ်ခဲ့တဲ့ ဝန်ကြီးချုပ်ဟာ ကျွန်တော်တို့အတွက် စံပြပုဂ္ဂိုလ်ပါပဲ။ ကျွန်တော်တို့ဟာလည်း ကိုယ်ပိုင်အသိဉာဏ်နဲ့ ဆုံးဖြတ်ရှင်သန်နိုင်တဲ့ ရိုဘော့တွေဆိုတော့ သမိုင်းမှာ ဝန်ကြီးချုပ်နဲ့အတူ လူသားဆန်စွာနဲ့ပဲ ရပ်ဆိုင်းသွားတာကို ကျေနပ်ပါတယ် ပါမောက္ခကြီး'

❑

ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဗေး၏ အမိန့်ဖြင့် နေဝန်းနီအလံတော်အုပ် နိုင်ငံတော်ဈာပနတစ်ခုကျင်းပသည်။ အစိုးရထိပ်တန်းပုဂ္ဂိုလ်များကို လျှို့ဝှက်ရှင်းပြထားပြီးဖြစ်သောကြောင့် တိတ်ဆိတ်ငြိမ်သက်စွာတက်ရောက်လာကြသော်လည်း သာမန်ဝန်ထမ်းများကြားတွင်တော့ တီးတိုးဝေဖန်မှုတွေ ပလုံစီနေ၏။ အခေါင်းပေါင်းများစွာကို တစ်ပြိုင်နက်တည်း သုတ်ပြီးပေးရသော်လည်း ဘယ်သူတွေ ဘာဖြစ်လို့သေမှန်းမသိကြရသောကြောင့် ဖြစ်လေသည်။ ■

သက်ဦးမောင်

အယ်ဒီတာအဖွဲ့

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၈ ခု နှစ်၏ ဘဝရသမဂ္ဂဇင်းဝတ္ထုတိုများ

အပျိုစင်

ရွှေအမြုတေ

ကလျာ

မဟေသီ

မြင့်ကွင်း

ဇီဝက

စရဏ

စုံနှံ့သာ

ရင်စူးမြား

Family

New Style

Next မဂ္ဂဇင်းများတွင်

ပုံနှိပ်ဖော်ပြခဲ့သောဝတ္ထုတို (၁၅) ပုဒ်စုစည်း

ဖြန့်ချိရေး

777 အခေ

- တွ ကာ ကျွာ ဤ ၊ တွ ဒုတ်ဘုတ် ဂျ

ရောက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဥသြကို မုန်းတယ်

မောင်ထွေးဦး၊ ရန်ကုန်တက္ကသိုလ်

'ဥသြ××× ဥသြ××× ဥသြ'
တောက် ဒီသောက်ငှက်တွေ ရောက်လာကြပြန်ပြီ။
အင်းဝဆောင်ရှေ့ ကံ့ကော်ပင်ထိပ်ဖျားက ရုတ်တရက်
ဥသြငှက်တွန်သံကြားလိုက်ရတော့ ခုနစ်ဆယ်ကျော်
ကိုယ့်အသက်အရွယ်ကိုမှ အားမနာ ကျွန်တော့်နှုတ်က
ပက်ပက်စက်စက် ရေရွတ်လိုက်မိတယ်။
အေးလေ၊ ရွက်ဟောင်းတွေလှစ်၊ ရွက်သစ်ဝေလှ၊ ပုရစ်ဖူးစ
ခုလို လရာသီတွေမှာ တက္ကသိုလ်ပရိဝုဏ်ထဲကို သူတို့
ရောက်လာကြစမြဲ မဟုတ်လား။ အဲ တောတောင် လွှိုမြောင်
ဂနိုင်ချိုင့်ဝှမ်း ရှိသမျှနေရာတွေမှာ သူတို့ရောက်လာကြပေမပေါ့။
ဟိုတုန်းကတော့ သာယာနာပျော်ဖွယ်ကောင်းလှတဲ့
သူတို့အသံလေးတွေကို ကြားလိုက်ရတဲ့အခါ -
'ချိုတေးရင့်ကျူးတတ်သော ဥသြငှက်ကလေးတွေရယ်×××
ဟိုဆီကလိုလိုကွယ် သည်ဆီကလိုလိုကွယ်' ဆိုတဲ့ မောင်မောင်ကြီးရဲ့
ပန်းကောက်လှည့်ပါ သီချင်းကို ရင်ထဲမှာ ညည်းနေမိခဲ့တယ်။
ပြီးတော့ စိုင်းထီးဆိုင်ရဲ့ - *'တွန်သံချိုတယ် နွေဥသြဟိုရယ်×××*
ဒီရာသီမှာ အချိန်မှန်ရောက် လာတယ်××× တမင်တကာ
မေ့ထားတဲ့အတိတ်အကြောင်းတွေ ဆွေးလိုက်သလိုပဲ' ဆိုတဲ့
နွေဥသြ သီချင်းကို ကြားယောင်မိရင်း ယနေ့ထက်တိုင်
အထီးကျန်တစ်ကိုယ်ရေဘဝနဲ့ ရေစက်မဆုံစည်းခဲ့လေတဲ့
ငယ်ချစ်ဦးကို တိတ်တခိုး မှန်းဆလွမ်းတမိပြန်တာပေါ့။ Sweet
mermories ပေါ့လေ။ တစ်ဆက်တည်းမှာပဲ- *'ခင်တန်းသို့*
သပြေပင်က ရွှေသင်္ဃာ သုတ်လေနှောပြန်တော့ ဥရွေဩဂျယ်က
တွန်သံချိုချို' ဆိုတဲ့ ရှေးစာဆိုကြီး ဦးကျော့ရဲ့ တော်ကဆုန် တေးထပ်၊
တစ်ခါ *'တောင်ထိပ်ပေါ်မှာ နွယ်ချိုနှောလို့ ဥဩတွန်တဲ့ လရာသီ*

www.burmeseclassic.com

www.burmeseclassic.com

ရှိပ်သာတဲ့ ပင်လောင်ညို ဥသြတွန်သံချို...'

စတဲ့...စတဲ့ ဥသြငှက်နဲ့ပတ်သက်တဲ့ သီချင်းတွေ၊ ကဗျာတွေကို တစ်မှဲ့စီမှဲ့ ပြန်လည်ခံစားရင်း သူ့အသံမှာ မိန်းမောနေခဲ့ဖူးတာပါ။

တစ်ခါတစ်ခါများ သစ်ပုပ်ပင်ထိပ်ဖျားမှာ ဥသြ- ဥသြလို့ လွမ်းဖွယ်မူးမူး တွန့်ကျူးနေတဲ့အခိုက် မနီးမဝေးမှာရှိတဲ့ သိပ္ပံအဆောက်အဦရဲ့ ခေါင်မိုးစွန်းနားမှာ ချိုးလည်ပြောက်လေးတစ်ကောင်ကလည်း တကူကူး-တကူကူးလို့ ဆွေးဆွေးမြည့်မြည့်သီကျူးနေသံကို ကြားလိုက်ရတဲ့အခါ မာမာအေးရဲ့ *'မှေကွက်ကိုရှာ နဲ့ နှင်းမျောက်တဲ့နွေ'* သီချင်းနှစ်ပုဒ်ကို တစ်ပြိုင်တည်း နားဆင်နေရသလားလို့တောင် ခံစားမိခဲ့တာပေါ့။

ဒါတင်မကသေးဘူး။ လွန်ခဲ့တဲ့ အနှစ်ခြောက်ဆယ်၊ ကျွန်တော် ဆယ်တန်းကျောင်းသားဘဝက သင်ခဲ့ရတဲ့ **Golden Gate** ကဗျာပေါင်းချုပ်စာအုပ်ထဲက *To the Cuckoo* ဆိုတဲ့ ကဗျာလေးတစ်ပုဒ်ကိုလည်း မကြာခဏ သတိရမိတတ်သေးတယ်။ ထုံးစံအတိုင်း နိုင်ငံခြားသားကဗျာဆရာကလည်း ဥသြငှက်ကို လွမ်းတေးသီတဲ့ငှက်လို့ပဲ သတ်မှတ်ထားကြတာ မဟုတ်လား။

အတန်းထဲမှာ ကဗျာကို ရှင်းပြတဲ့ဆရာက 'Cuckooဆိုတာ ဥသြ- ဥသြလို့ အော်တဲ့ ငှက်ကလေးကို ခေါ်တာ၊ ဦးထွန်းငြိမ်း အဘိဓာန်မှာတော့ 'Cuckoo is a bird named after its call, which lay eggs in the nest of other birds' လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်' လို့ ရှင်းပြခဲ့ဖူးပါတယ်။

ဒီအခါမှာ ဥသြငှက်ကလေးတွေ အပေါ် ကြင်နာသနားတဲ့စိတ်ကို အရင်းခံပြီး ဒီငှက်ကလေးတွေဟာ ဘာကြောင့်များ သူတစ်ပါး အသိုက်ထဲမှာ သွားပြီး ဥချကြရတာပါလိမ့်။ ခများတွေမှာ စာဘူးတောင်းငှက်ကလေးတွေလို အသိုက်ဆောက်တတ်တဲ့ အသိဉာဏ်မရှိလို့

သူတို့သားပေါက်တဲ့ရာသီနီးလာပြီဆိုရင် ဥသြငှက်မောင်နှံဟာ ကောင်းကင်ယံမှာ ပျံဝဲရင်း အခြားသော ငှက်တွေရဲ့ အသိုက်တွေကို လေ့လာသတဲ့

လား၊ ဒါမှမဟုတ် သူတို့ဆောက်ထားတဲ့ အသိုက်ကို တခြား အင်အားကြီးတဲ့ ငှက်တွေက ဖျက်ဆီးပစ်ကြလို့များလား ဆိုတဲ့ ကရဏာတွေးလေး ဝင်ခဲ့မိသေးတယ်။

အဲဒီလို ဥသြငှက်ကလေးတွေ အပေါ်မှာ ထားခဲ့မိတဲ့ ကြင်နာသနားတဲ့ စိတ်တွေဟာ ၂-၂-၂၀၁၀ နေ့ ညနေက စလို့ တစ်မျိုးတစ်ဖုံ ပြောင်းလဲချင်လာတယ်။ တစ်နည်းအားဖြင့် သူတို့လေးတွေရဲ့အကျင့်စရိုက်တွေအပေါ်မှာ သံသယစိတ်နဲ့ ရွံမုန်းချင်သလိုလို ဖြစ်လာမိတော့တယ်။

အဲဒီညနေက မြဝတီရုပ်သံက လွှင့်ထုတ်နေကျ သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များဆိုတဲ့ အခန်းဆက်အစီအစဉ်တစ်ခုကို အမှတ်မထင် ကြည့်လိုက်မိတယ်။

ဒီအစီအစဉ်ကို နောက်ခံစကား (အင်္ဂလိပ်လို)ပြောတဲ့သူရဲ့ အဆိုအရတော့ သူတို့ဟာ ဥသြငှက်တွေရဲ့ဓလေ့စရိုက်ကို စူးစမ်းလေ့လာဖို့ တောတောင်ဆွေထဲမှာ သုံးလေးလ အချိန်ယူစောင့်ကြည့်ပြီး ရိုက်ခဲ့ရတယ်တဲ့။

ကျွန်တော် ကြည့်ရတဲ့ အပိုင်းတော့ ဘယ်နှပတ်မြောက်လဲ မသိပါဘူး။ ဟို.. သစ်ပင်မြင့်မြင့်ကြီးရဲ့ ထိပ်ဖျားငှက်သိုက်တစ်ခုထဲမှာ ဂေါ်လီလုံးအရွယ်အက်ကွဲစ ဥကလေးတစ်လုံးရယ် ဥကပေါက်စ နီနီထွေးထွေး ငှက်ကလေးတစ်ကောင်၊ ပြီးတော့ အကောင်ထွားထွား နီနီထွေးထွေး ငှက်ကလေးတစ်ကောင်တို့ကို မြင်နေရတယ်လေ။ အဲဒီအကောင်ထွားထွားက ဥသြငှက်ပေါက်တဲ့။ အမွေးအမှင် မပေါက်သေးမျက်လုံးလည်း မပွင့်သေးပါဘူး။

အဲဒီကောင်က သူ့ထက်သေးတဲ့ ငှက်ပေါက်ကလေးကို အတောင်နှစ်ဖက်နဲ့ ညှပ်ပြီး အသိုက်နှုတ်ခမ်းပေါ် တရွေ့ရွေ့ တွန်းတင်နေပါတယ်။ ငှက်ပေါက်ကလေးလည်း အသိုက်နှုတ်ခမ်းပေါ် ရောက်သွားရော ခေါင်းပြောင်ပြောင်လေးနဲ့ တွန်းချလိုက်တော့တယ်။ ဟောနောက်တစ်ခါ အက်ကွဲစ ဥကလေးကိုလည်း ခုပုံအတိုင်းပဲ အသိုက်ထဲက တွန်းချလိုက်ပြန်တယ်။

မကြာခင်မှာဘဲ အသိုက်ရှင် ငှက်မောင်နှံ အစာရှာရာက ပြန်ရောက်လာကြပြီး အသိုက်နှုတ်ခမ်းပေါ်မှာ နားလိုက်ကြတယ်။ ဒီအသံလည်းကြားရော ဥသြငှက်ပေါက်လေးက နှုတ်သီးကို အစွမ်းကုန် ဟဖြင့်လို့ တကျိကျိ အော်တောင်းနေပါတော့တယ်။

ငှက်ဖိုမောင်နှံခမျာမှာတော့ ဘာမှ မသိရှာဘူး ထင်ပါရဲ့။ အသိုက်ထဲမှာ တစ်ကောင်တည်းရှိတော့တဲ့ ငှက်ပေါက်စလေးကို သူတို့ရင်သွေးလို့ပဲ ထင်ပြီး နှုတ်သီးနှင့် ချီလာတဲ့ အစာတွေကို ငှက်ပေါက်စလေးရဲ့ အာခေါင်ထဲ ထိုးသွင်းကျွေးနေရှာကြတယ်။ သူတို့ ကိုက်ချီလာတဲ့ အစာကို ကျွေးလို့လည်းကုန်ရော နောက်တစ်ခါ အစာရှာဖို့ ပျံထွက်သွားကြပြန်တယ်လေ။

ဒီလိုနဲ့ လေး၊ ငါး၊ ဆယ်ရက် ငှက်

www.burmeseclassic.com

www.burmeseclassic.com

အောင်နုံရှာကျွေးတဲ့ အစာကို တဝတပြဲ စားနေရတဲ့ ဥဩငှက်ကလေးဟာ အတောင်အလက်လည်း စုံလာရော ကောင်းကင်ယံမှာ ပျံဝဲပြီး ဥဩသံပေးနေတဲ့ သူ့ဆွေမျိုးငှက်တွေရှိရာကို ထပျံပြေးသွားပါတော့တယ်။ အဲဒီလို မြဝတီရွှမ်းသဲက ကြည့်လိုက်ရတဲ့တစ်ပိုင်းတစ်စ ပုံရိပ်တွေကို ပိုပြီးစုံစုံစေ့စေ့သိချင်လို့ သဲလွန်စလိုက်ရှာနေခဲ့တာတော့ ကြာပါပြီ။

မကြာသေးခင် အချိန်က ရန်ကုန် တက္ကသိုလ်စာကြည့်တိုက်မှာ **The new Encyclopedia Britannica in 30 (thirty) volumes** ဆိုတဲ့ နောက်ဆုံး ပေါ်စွယ်စုံကျမ်းကြီးတစ်ခုကို ဘွားခနဲ တွေ့လိုက်ရပါတယ်။

ဒါနဲ့ C(စီ)အက္ခရာနဲ့ စတဲ့ အတွဲ ၅ ကို ခေတ္တငှားရမ်းကြည့်လိုက်မိတယ်။ ဟော တွေ့ပါပြီ၊ Cuckoo (ဥဩ)ငှက် အကြောင်း လေ့လာတွေ့ရှိချက်တွေပေါ့။

ကမ္ဘာပေါ်မှာ ဥဩငှက်မျိုးစိတ် ပေါင်း ၁၂၇ နီးပါးရှိတယ်။ အန္တာတိက တိုက်မှအပ အပူပိုင်းဇုန်နဲ့ သမပိုင်းဇုန် တွေမှာ သူတို့ကို အများဆုံးတွေ့ရတယ်တဲ့။

ဒီနေရာမှာ ထူးခြားတာလေးတစ်ခု သွားတွေ့တယ်။ ကျွန်တော်တို့က ဥဩ-ဥဩလို့ သူ့အော်သံကို အစွဲပြုပြီး 'ဥဩငှက်'လို့ အမည်တပ်သလို သူတို့အနောက်နိုင်ငံသားတွေကလည်း most of which are called 'go away birds' (because the calls of some are 'g-way g-way') လို့ ဆိုထားတော့ ကျွန်တော်တို့နားထဲမှာ ဥဩ- ဥဩ လို့ ကြားတာကို သူတို့နားထဲမှာ 'ဂဝေး-ဂဝေး'လို့ ကြားတယ် ထင်ပါရဲ့။ ဥပမာ ပြရရင် ကျွန်တော်တို့က ကြက်ဖတွန်သံကို 'အောက်အိအီးအွတ်'လို့ကြားတာကို သူတို့က 'Cock-a-doodle-doo'လို့ ကြားသလိုနေမှာပေါ့။

ကဲ မျိုးဆက်ပြန့်ပွားပုံလေး ကြည့်လိုက်ကြရအောင်။

သူတို့သားပေါက်တဲ့ရာသီ နီးလာပြီဆိုရင် ဥဩငှက်မောင်နှံဟာ ကောင်းကင်ယံမှာ ပျံဝဲရင်း အခြားသော ငှက်တွေရဲ့ အသိုက်တွေကို လေ့လာသတဲ့။ ကျွန်တော်တို့ ယျောဘုယျ သိထားတာက ဥဩငှက်ဟာ ကျီးကန်းသိုက်ထဲမှာ ဥတယ်လို့ပဲ သိထားတာပါ။ အဲဒီလို မဟုတ်ပါဘူး။ ဘယ်ငှက်သိုက်မဆို အလစ်မှာ ဝင်ဥကြတာပါ။ ယုတ်စွအဆုံး စာဘူးတောင်းသိုက်လို ဝင်ပေါက်တစ်ပေါက်တည်းသာရှိတဲ့ အသိုက်မှာတောင် မှ ဝင်ဥကြတာတဲ့လေ။ သူတို့ရဲ့ ကောက်ကျစ်စဉ်းလဲယုတ်မာတဲ့ အကျင့်စရိုက်ကလည်း အတော်အံ့သြဖို့ကောင်းတယ်။ အခြားသော ငှက်များရဲ့ အသိုက်တွေကို ကောင်းကင်က ပျံဝဲလေ့လာရင်း ဥတစ်လုံးလောက် ဥထားတာတွေ့မှ မူလအသိုက်ရှင်ငှက်မ မရှိတဲ့အခိုက် အလစ်မှာ ဝင်ဥတာတဲ့။ ပြီးတော့ အခြားငှက်တွေလို ဥသုံးလေးလုံးလောက်ဥပြီး သားပေါက်အောင် ကိုယ်တိုင်ဝပ်တာလည်းမဟုတ်ဘဲ၊ တစ်ရာသီမှာ အသိုက်တစ်ခု တစ်လုံးကျနဲ့အနည်းဆုံး ဆယ့်ငါးလုံး၊ အလုံးနှစ်ဆယ်ဥတာပါ။ (The Cuckoo places only one egg in each host nest and so much find a new nest for each of her 15 to 20 eggs.) အဲဒီလို ဥချရင်း တစ်ခါတလေ အသိုက်ပိုင်ရှင် ငှက်မရဲ့ဥတွေကို ဖျက်ဆီးပစ်တတ်ကြသေးတယ်တဲ့။

> အခြားသော ငှက်များရဲ့ အသိုက်တွေကို ကောင်းကင်က ပျံဝဲလေ့လာရင်း ဥတစ်လုံးလောက် ဥထားတာတွေ့မှ မူလအသိုက်ရှင်ငှက်မ မရှိတဲ့အခိုက် အလစ်မှာ ဝင်ဥတာတဲ့

ကဲ သူတို့မျိုးဆက် ရှင်သန်ပေါက်ဖွားလာပုံကလေး ဆက်ပြီး ကြည့်လိုက်ကြရအောင်။ ဥဩငှက်ရဲ့ ဥတွေဟာ မူလအသိုက်ရှင် ငှက်မရဲ့ ဥတွေထက် အကောင်ပေါက် စောကြသတဲ့။ ဒါမှလည်း မပေါက်သေးတဲ့ ဥနဲ့ပေါက်ပြီးစ ငှက်ကလေးတွေကို ဖျက်ဆီးနိုင်ကြမှာပေါ့။

ဥမှပေါက်စ ဥဩငှက်ဟာ အသိုက်ထဲမှာ ရှိသမျှ ဥတွေရော၊ အကောင်ပေါက်လေးတွေကိုပါ မြဝတီမှာ ကြည့်ခဲ့ရသလို အသိုက်ထဲကနေ တွန်းထိုးဖယ်ရှားဖျက်ဆီးလိုက်ကြတော့တယ်။ နောက်ဆုံးတော့ သူတစ်ယောက်တည်းပဲ အသိုက်ထဲမှာ ကျန်တော့တာပေါ့။ ဒီအခါမှာ မွေးစားမိဘ ငှက်မောင်နှံ ရှာမွေကျွေးမွေးသမျှ တဝတပြဲစား၊ အားအင်တွေပြည့်ဖြိုးလို့ အတောင်လည်း စုံရော သူ့ဆွေမျိုးတွေရှိရာကို ထပြန်သွားတော့တယ်လေ။ (Within a few hours of hatching, the blind naked, young cuckoo has the nest and the attentions of the foster parents itself.)

စာဖတ်သူများခင်ဗျား ခုလောက် ဆိုရင် အင်မတန် လွမ်းဆွတ်ကြေကွဲဖွယ်ရာကောင်းတဲ့ အသံရှင် ဥဩငှက်တို့ရဲ့ ရှုမုန်းစရာကောင်းလှတဲ့ စရိုက်ဥဒ္ဒသိုးကို လေ့လာမိလောက်ကြပြီ ထင်ပါရဲ့။

ဒါကြောင့် မျိုးဆက်လည်း များချင်သေး၊ ကိုယ်တိုင်ကျတော့ အသိုက်လည်း မဆောက်၊ ဝပ်လည်း မဝပ်ဘဲ သူများပိုင်နက်ထဲ ဝင်ရောက်ကျူးကျော်အပိုင်စီးတတ်တဲ့ ဒီဥဩငှက်တွေကို ကျွန်တော် ခုလို ပြောတာပေါ့။

'ဥဩကို မုန်းတယ်' လို့။ ■

မောင်ထွေးဦး၊ရန်ကုန်တက္ကသိုလ်

www.burmeseclassic.com

ဂျစ်တစ်ဆယ် ဆယ်နှစ်

မာန်၊ကောင်းမြန်၊



www.burmeseclassic.com

www.burmeseclassic.com

တိုင်းကြီးသားသာ ပြည်မြန်မာဝယ်
ဤသည်သော အကူရောလုံးလုံးကို
အာယ်သူ သေချိုအံ့နည်း။
ယနေ့ ဒီမိုကရေစီပြည်သစ်ကြီး
အတွက် အရေးပါလှသော
အကူရာများဖြစ်ကြသည်ဖို့
အများပြည်သူများ ဂုဏ်ယူသွေး
သိကျွမ်းသော ဂဏန်းအလှူရှင်များ
ဖြစ်တော်မူသည်။

ကဗျာဆရာ
ကိုမြသိန်းသည် ရွှေတွင်ကြီး
ဌေးဦးဝင်းကြီး ကောလိပ်လျှောက်သင်
ကြားခဲ့ရသည်။ စပြီးနေ့ခင်းသည်
အဝီးထဲကဲ့သာ အပူတပြင်း
နိုင်းကိုမင်းဇော်၏ ထစ်ချာဒန်းကျော်
ဆောင်ရွက်ကာ ထိုးထွင်းလှသော
ဆေးခြင်းကြောင့် မျက်နှာဂရိ
ပြတင်းတံခါးသည် တဒိုင်းဒိုင်း

မြည်သံပေးရင်း
လှုပ်ယမ်းခံနေတော့သည်။
နေလေရူးသည်
အရှေ့အနောက်တောင်မြောက်ဝဲယာ
စိတ်ရှိတိုင်းထင်ရာစိုင်းနေခြင်းပင်။
ခဲနက်ကိုးနာရီ အခါသမယကာလများပင်
အနောက်အရပ်သို့ မျက်နှာမူထားသည့်
ကိုမြသိန်း၏ အိမ်ဧကာသည်
ချွေးတစ်ပြိုက်ပြိုက်ဖြစ်နေလေပြီ။
ငယ်မယားဖြစ်သူ မကျေးဦးသည်
ခြေဝစ်လက်ဝစ် ကျောဒိုထိုင်နေရင်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ချက်တစ်ချက် မြည်သံထွက်နေသော ပြတင်းတံခါးချပ်ကို မျက်စောင်းထိုးနေမိသည်။

လောကဝယ် ဆန်းကြယ်မှုအပေါင်းတို့ထက်သာ၍ ဆန်းကြယ်သော လင်နှင့် မယားစိတ်ချင်းဆက်စပ်ကာ အားပြိုင်နေသည့် ဆန်းကြယ်မှုကား စာဖွဲ့၍ကောင်းလှတော့သည်။

လေသည် ပင့်ကာဆောင့်ပြန်သည် တစ်ချီ။ သံဘောက်ချိတ်ပြုတ်နေသော ကြောင့် ပြတင်းတံခါးသည် မြည်သံပေး၍ ဒိန်းခနဲရိုက်ခတ်လာသည်။ ကိုမြသိန်းနှင့် သော်လည်းကောင်း၊ မကျေးဦးနှင့်သော်လည်းကောင်း ခြေတစ်လှမ်းမျှပင် မဝေးကွာသည့် ပြတင်းတံခါးမှာ အမိအဖ လက်လွတ်ထားသည့် ကလေးငယ်ကဲ့သို့ ရှမ်းချင်တိုင်းရမ်းနေ၏။ အဖကလည်း မလှုပ်၊ အမိကလည်း မလှုပ်။ ဤလင်နှင့် မယားက စိတ်တွင်း တိုက်ပွဲဆင်နွှဲနေကြသည်ကော။

❑

၂၀၀၈ ခုနှစ်

ကိုမြသိန်းသည် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လာသောကြွပ်ကြွပ်အိတ်ကို အိမ်ရှေ့ဧည့်ခန်းတွင် ပစ်ချလိုက်ပြီး ခရီးတစ်ခုသို့ အောင်မြင်စွာဆိုက်ရောက်လာသည့် လူတစ်ဦးနယ် စိတ်ကိုဖြေလျှော့ချလိုက်တော့သည်။

'ရေတစ်ခွက် ယူခဲ့စမ်းကွာ'

ကိုမြသိန်းက သူ့မယားကို လှမ်းမကြည့်ပါဘဲ ပြောလိုက်ခြင်းပင်။ တကယ်

> ငွေအသပြာသည် သူလာချင်ပြီဆိုလျှင် ခြေလေးချောင်း ပေါက်ကာ နေ့ညမခဲ့ တသဲသဲ ဝင်လာတတ်စမြဲ

တော့ သောက်ရေအိုးသည် ကိုမြသိန်းအနီးမှာပင် ရှိနေပါသည်။ အိမ်တံခါးဝ၏ နံဘေးမှာပင် သဲအိုးဖြင့်စိမ်ထားသော သောက်ရေအေးသည် မေလလယ်တွင် တစ်စက်ချင်းစိမ့်ယိုကာ အအေးဓာတ်ကိုဆောင်နေလေသည်။

'ချွေးတွေ သုတ်ပါဦးတော်၊ ရော့ ရော့။ ကျန်မယပ်ခတ်ပေးရမလား'

ကိုမြသိန်းသည် သူ့မယားကို ဆိတ်ငြိမ်ခြင်းဖြင့် လက်သင့်ခံလိုက်၏။ ဖန်ခွက်ဖြင့် အပြည့်ခပ်လာသော သောက်ရေအေးကို အားပါး

တရမော့ချကာ ကန်ထွက်လာသော အပူဓာတ်ကို ဟူးခနဲမှုတ်ထုတ်လိုက်သည်။

မကျေးဦးတစ်ယောက် ယပ်တောင်ကို ယမ်းကာ တဖြည်းဖြည်း ခတ်ပေးလိုက်၊ ကြွပ်ကြွပ်အိတ်ကို လက်လှမ်းလိုက်နှင့် စိတ်လှုပ်ရှားနေလေပြီ။ ကိုမြသိန်းထံမှ ဘာတစ်ခွန်းမှ ထွက်မလာသော်ငြား ဤအသပြာထုပ်သည် အိမ်ဧဟာအတွင်း နန်းစိုက်တော်မူလေပြီကို မကျေဦး သိလိုက်လေပြီ။

'ဆယ့် ရှစ်သိန်းကွ။ နောက်နေ့ ထပ်ရဦးမယ်'

'မဲသမားတွေတော့ မနက်က လာသေးတယ်။ မြောက်ဘက်ပိုင်းက ဆယ့်ကိုးဦးထပ်ရတယ်တဲ့။ ကျွန်မခြောက်ထောင် ပြောထားလိုက်တယ်။ ငါးရာတော့ လျှော့မှပေါ့။ ဘယ်-ကိုယ်က ပင်ပင်ပန်းပန်း အာမခံထားရတဲ့ဟာ မတတ်နိုင်ဘူး'

မကျေးဦး၏စကား ကြောင့် ကိုမြသိန်းအတွေးတွင် ဆယ့်ကိုးဦးနှင့် ၅၀၀ ကျပ်ကို မြောက်ကြည့်မိသည်။ လူနှစ်ဆယ်ပဲထား၊ ကျပ်တစ်သောင်း၊ ဆယ့်ကိုးဦးဆိုတော့ ငါးရာနှုတ်လျှင် ကိုးထောင့်ငါးရာပေါ့။

အသည်းကြောက မဲတစ်ပြားအတွက် ငွေငါးရာတော့ မိမိတို့လက်ခံထားသင့်သည်ပဲ။ ထိုမဲတစ်ပြားအတွက် အာမခံချက်ကြီးကြီးပေးကာ၊ ကျရာတာဝန် ကျပွန်အောင်ထမ်း ဆောင်နေရသည်ကော။ မိမိတို့အထက်ဆီမှ၊ အထက် အထက်ဆီမှချမှတ်ပေးလိုက်သော တန်ဖိုး

ကား အောက်ခြေဆီသို့ ကာလျော့ကာ ကျလာ စင်စစ် တကယ့်မဲဆန္ဒရှင် ပြည်သူအပေါင်းနှင့် ထိ ရသည်က မိမိ။ တကယ် ကျေးဇူးခံစားစေသည်က တကယ်ရုန်းကန်ရင်ဆိုင် သည်က မိမိပင်မဟုတ်လော

ကျေးလက်လူထုသည် ကား ပေးကိုပေးမှ ကျေ သည့်လူစားများသာတည် ဝေ့ဝေ့လည်လည် လုပ်၍ သူတို့ကို ငထုံငထိုင်းများ သတ်မှတ်၍မဖြစ်။ လူပေါ် သောင်းချီ၍ ထောက်ခံ ပေးစေမည့် ပွဲကြီးအတွ ကျေးဇူးပြုမှ ကျေးဇူးသိ မည်သာ။ နေ့စားခကို တွ ရသည်။ ခရီးစရိတ်ကို တွ ရသည်။ စားစရိတ် တွက်ရသည်။ ထို့ကြောင့် တစ်ဦးလျှင် ရှစ်ထောင့်ငါး နှုန်းဖြင့် အထက်သို့စာရင် တင်ပြခဲ့သည်။ အထ ကလည်း ခွင့်ပြုပါသည် ထိုခွင့်ပြုချက်ကို ရသည်နှင့် နေ့စဉ်နှင့်အမျှ ဆိုင်ကယ်တစ် စီးဖြင့် ခရီးနှင်ခဲ့ရတော့ သည်။ မကြာမီ ကျင်းပတော့ မည့် လူထုထောက်ခံပွဲကြီး အတွက် လူပေါင်းထောင်ချီ ကာ တက်ရောက်စေဖို့ အား ကြိုးမာန်တက် ကြိုးစားခဲ့ရ တော့သည်။

အထက်က ညွှန်ကြား လာသည်ကား ၉၅ ရာခိုင် နှုန်းပြည့်မီရေးပေကိုး။ ဒေသ ခံလူတစ်ရာလျှင် ၉၅ ဦး တက်ရောက်စေဖို့ပင်။

ကိုမြသိန်းအဖို့ အောက် ပြည်အောက်ရွာသည် ၄၅၀ ရလွယ်လှပေသည်။ ယခု ပင်လျှင် လူပေါင်းရာထောင်

www.burmeseclassic.com

www.burmeseclassic.com

ဒီလူတွေ ဘယ်လောက် အတိတ်ကံ ခေလှတယ် ဆိုတာ လက်တွေ့ပဲ ဖွဲ့စည်းပုံ ဆန္ဒ မဲလေးတောင် ထည့်မသွား ကြရရှာဘူး တို့ခေတ်သစ်ကြီးနဲ့ ဝေးသွားကြရတာ စိတ်မကောင်း စရာပဲ

ချီကာ ဆောင်ရွက်ပေးနိုင်သောကြောင့် ငွေထုပ်ပိုက်ကာ ပြန်လာနိုင်ခဲ့ပြီကော။ ငွေအသုံးပြုသည် သူလာချင်ပြီဆိုလျှင် ခြေလေးချောင်း ပေါက်ကာ နေ့ညမခဲ့ တသဲသဲဝင်လာတတ်စမြဲ။ ခရီးရောက်မဆိုက်မှာပင် မဲထည့်လိုသည့် လူဆယ်ကိုးဦးထပ် ရလာချေပြီ။

ဈေးနှုန်းမှာ သူ့မယား၏အမြော်အမြင်ကြီးမှုကြောင့် တစ်ဦးလျှင် ၅၀၀ ကျော်စီ ထပ်မံ၍ အမြတ်ထွက်ရလေပြီ။

'မနက်က နာဂစ် အတွက် အလှူခံလို့ ကျွန်မ တစ်ထောင်ထည့်လိုက်သေးတယ်။ ခမျာများ သေလိုက်ကြတာနော်၊ သနားစရာပဲ'

'အေးကွာ။ ဒီမနက်ပဲ ရုံးမှာပြောနေတာ ဒီလူတွေ ဘယ်လောက်အတိတ်ကံခေလှတယ်ဆိုတာ လက်တွေ့ပဲ ဖွဲ့စည်းပုံဆန္ဒမဲလေးတောင် ထည့်မသွားကြရရှာဘူး။ တို့ခေတ်သစ်ကြီးနဲ့ ဝေးသွားကြရတာ စိတ်မကောင်းစရာပဲ'

'အေးလေ။ ကျွန်မတော့ တစ်ထောင်ထည့်လိုက်ပါတယ်လေ။ ဘယ်တတ်နိုင်ပါ့မလဲ။ မနက်ဖြန်တော့ လက်သမားချိန်းထားတယ်။ ဦးကြာခင်းကြီးပဲ လာမှာပါ။ မျက်နှာဝမှ ပြတင်းပေါက်ဖောက်လိုက်တော့မယ်လေ'

ကိုမြသိန်း ထုံးစံအတိုင်း တိတ်တိတ်နေလိုက်လေသည်။ ရေဒီယိုမှ ထုတ်လွှင့်နေသော သတင်းတစ်ပုဒ်က အိမ်ဂေဟာအတွင်း ပဲ့ကွင်းနေ၏။ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းတွင် ပျက်စီးဆုံးရှုံးကာ အိုးမဲ့အိမ်မဲ့ဖြစ်သွားကြရှာသည့် ဒေသခံပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ သန္ဓါထက်စွာ ထောက်ပံ့လှူဒါန်းသော မင်္ဂလာသတင်းဖြစ်ပါသည်။

ကိုမြသိန်း အတွေးဦ ခိုဝင်နေသည်ကား သေကျေပျက်စီးသွားကြကုန်သော လူအပေါင်းအတွက် သုံးစွဲရန် ခွင့်ပြုထားသော မဲဆန္ဒခံယူပွဲ အသုံးစရိတ်ကို ထိုဒေသမှ သူလိုလူများ မည်သို့စာရင်းပြမည်နည်းဆိုသည့် အတွေးပင်ဖြစ်တော့သည်။

ကို မြ သိ နိ် း သည် လောကတွင် အံတိုနေပြီဆိုသော လူသားသာတည်း။ သူကျင်လည်နေသော နယ်မြေတစ်ခွင်၌ မဲစာရင်းစစ်တမ်းကောက်ယူစဉ်ကပင် လျှင်ဆယ့်ရှစ်နှစ်ပြည့်ပြီးသူဆိုပါက ရှင်လူမကလို့ သေလူပင်ဖြစ်စေ ထောက်ခံမဲစာရင်း၌ ထည့်သွင်းလိုက်စမြဲ။ အဓိကအချက်မှာ ၉၅ ရာခိုင်နှုန်းပြည့်မီရေးပေကိုး။ ဤနယ်တစ်ဝိုက်မှ အစိုးရဝန်ထမ်း ၆ ရာခိုင်နှုန်းကို သူတာဝန်ယူစရာမလို။ သူ့လေသူထိုးပဲနှုးရောက်ရောက်သာ သတောထားရတော့မည်။ ကျန်လူစာရင်းကို ကြည့်၍ ကိုမြသိန်း တွက်ကိန်းထုတ်နေမိသည်မှာ အခါခါ။

အခုတော့လည်း အလုံးစုံအောင်မြင်ပြီးမြောက်သလောက် ဖြစ်နေလေပြီ။ ဖွဲ့စည်းပုံဆန္ဒခံယူပွဲအတွက် မိမိအနေဖြင့် အစွမ်းကုန်ကြိုးစားလုပ်ကိုင်ပေးခဲ့သည်။ အကယ်၍သာ နာဂစ်ကြောင့် သေဆုံးသွားသူကိုယ်စား မဲကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရပါလျှင် ယခုလိုပင်ပန်းစရာမလိုတော့။ စာရင်းပျောက်အင်းပျောက်။ သပိတ်ဝင်အိတ်ဝင်ရလိမ့်မည့် အကျိုး။ ထို ဒေ သ များအတွက် ဆန္ဒခံယူပွဲပလပ်လိုက်သည့်အတွက် တာဝန်ခံများအနေဖြင့် ယပ်ခတ်နေရုံသာရှိတော့သည်မဟုတ်လား။

❑

၂၀၁၀ ပြည့်နှစ်

ပွက်လောညံနေသော လူအုပ်ကြီးသည် ကိုမြသိန်း တို့အိမ်ခြံတံခါးဝမှသည် ရှေ့နောက်စီတန်းလျက် ဓာတ်တိုင် ၂ တိုင်စာမျှ ရှိနေတော့သည်။ ထိုလူအုပ်ကြီးအတွင်း ခေါင်းရွက်ဗျပ်ထိုးဈေးသည်များနှင့် အရပ်တကာတွင် တွေ့ရလေ့ရှိသည့် မိန်းမကြီး ငယ်အစုအဝေးများက အများစုသာ ဖြစ်တော့သည်။ ယောကျ်ားသားများက အတော်ပင်နည်းပါးလှပါသည်။

ခြံတံခါးဝတွင်ထောင်ထားသည့် ဆိုင်းဘုတ်ကြီးကခံညားလှပါသည်။

'ငွေစုငွေချေးအသင်း'

အစုတစ်စုလျှင် ငါးယောက်နှုန်းဖြင့် တစ်ဦးလျှင် ငါးသောင်းကျပ်ချေးမည်။

မှတ်ပုံတင်မူရင်း၊ မိတ္တူ ပူးတွဲယူဆောင်လာရမည်။ မိမိအစုအတွက် ကျန်အစုဝင်လေးဦးမှ တာဝန်ယူရမည်။ သက်ဆိုင်ရာရပ်ကွက်ရုံးမှ ထောက်ခံစာပါရှိရမည်ဟု ရေးသားဖော်ပြထားတော့သည်။

ထိုလုပ်ငန်းကြီးကို ဦးဆောင် ကျင်းပနေသည့် အဓိက ပါတီကြီးမှတစ်ဆင့် ကိုမြသိန်းတို့ကို ဒေသခံများ၊ လုပ်ပိုင်ခွင့်များအတွင်း တိုင်းသူပြည်သားအပေါင်းတို့ခမျာ မိမိတို့အဘယ်မျှမွဲနေ၊ တေနေ၊ ဒုက္ခပင်လယ်ဝေနေရသည်ကို မျက်မြင်ပြခြင်းအားဖြင့် စိတ်နေစောင့်မျှော်လျက်ရှိကြကုန်၏။

ရယကထောက်ခံစာအတွက် ငွေကျပ် ၂၀၀ သွင်းခဲ့ရပြီးပြီ။ အဖွဲ့တစ်ဖွဲ့လျှင် ငါးဦးနှုန်းဖြင့် စုစည်းညီညာစွာ လျှောက်ထားတင်ပြခဲ့ကြပြီးပြီ။ ရလာမည့် ငွေငါးသောင်းကျပ်အား ဆယ့်ငါးရက်လျှင် ကျပ်ခြောက်ထောင်နှုန်း ပြန်သွင်းပါမည့်အကြောင်း အား

www.burmeseclassic.com

ကျွန်မတို့က တိုင်းပြည်အတွက် မူဝါဒငါးချက်နဲ့ အညီ ဆောင်ရွက်နေတာ သူများတွေလို အပြောသက်သက် မဟုတ်ဘူး ဖတ်ဖူးတယ် ရှိအောင် ဖတ်ထားကြဦး ကျေးဇူးတရားကို နားလည်မှ ဘုရား ကြိုက်တာနော

ဘန္တေခံထားကြရဖြီးပြီ။ မနက်ရုစ်နာရီကာလမှစ၍ တစ်စုပြီးတစ်စု၊ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ငွေစက္ကူကိုယ်စီပိုက်ကာ တဖွဲဖွဲထွက်ခွာသွားကြလေပြီ။

ရှေ့ဆုံးတန်းမှ အမယ်ကြီးအိုနှစ်ဦးသည် မကျေးဦးဟောပြောရှင်းလင်းပြသည်များကို မျက်လုံးအိုင်းသားဖြင့် နားထောင်ရင်း မိမိတို့အတွက် ထုတ်ပေးမည့် ငွေငါးသောင်းကို ပြင်းစွာသောမျှော်လင့်ခြင်းဖြင့်စောင့်မျှော်နေဆဲပင်။

မကျေးဦးသည် ဟောပြောရှင်းလင်းနေရာမှ အိမ်ရှေ့တံစက်မြိတ်တွင် တွဲလွဲချိတ်ထားသည့် ဗီနိုင်းကားချပ်ကြီးကို လက်ဖြင့်ပုတ်ပြလိုက်ပြန်သည်။

'ကျွန်မတို့က တိုင်းပြည်အတွက် မူဝါဒငါးချက်နဲ့ အညီ ဆောင်ရွက်နေတာ၊ သူများတွေလို အပြောသက်သက် မဟုတ်ဘူး။ ဖတ်ဖူးတယ်ရှိအောင် ဖတ်ထားကြဦး။ ကျေးဇူးတရားကို နားလည်မှ ဘုရားကြိုက်တာနော။ အပိုတွေ ဘာမှမပြောတော့ဘူး။ ကျွန်မတို့က စေတနာသန့်သန့် ထုတ်ချေးနေတာ။ သေရင် ကိုယ့်နောက်အကြွေးမတင်စေချင်ရင် မှန်မှန်ဆပ်ကြ၊ သိပ်မပြောချင်ဘူး'

'အေးပါ ကျေးဦးရယ်၊ ငါတို့ကလည်း သေရာအပါ မခံပါဘူး။ ဆပ်မှာပါဟဲ့'

'ဘယ် သူ့အကြွေးမှ အတင်မခံပါဘူးအေ'

'မဲထည့်ဖို့လည်း မမေ့ကြနဲ့ဦး'

မကျေးဦးက သုံးကြိမ်မြောက်တိုက်တွန်းလိုက်ခြင်းပင်။ နံဘေးဆီမှ ငွေရေတွက်ပေးနေသော ကလေးမနှစ်ဦးက ငွေငါးသောင်းကျပ်ပုံနှစ်ပုံကို လာချပေးလေသည်။

'ဟဲ့ ကောင်မရယ်။ ညည်းလိုချင်ရင် ဒီမဲများအရုကိုပေးခဲ့မယ်။ ပိုက်ဆံသာမြန်မြန်ပေးစမ်းပါအေ။ စောင့်နေရတာ ကြာကြာလှပြီ'

'အိုတော် အလှည့်နဲ့ပေးနေတာပဲ။ ရော့ ဒီမှာလက်မှတ်ထိုး။ ကိုယ့်အဖွဲ့ကို ကိုယ်တာဝန်ယူကြနော်။ ဒါ ဒီမိုကရေစီပဲ'

အမယ်ကြီးအိုနှစ်ဦးမှာ မကျေးဦးပြောသည်ကို လုံးစေ့ပတ်စေ့နားလည်သည်တော့မဟုတ်။ မိမိတို့ရမည့် ငွေငါးသောင်းကို ငေးစိုက်ကာ စိတ်လှုပ်ရှားနေကြသည်။

'ဒီမို ကရေစီ ဆို သာကိုယ့်လူကိုယ်တာဝန်ယူရတယ်နော်။ မဲထည့်တော့လည်း ဒီလိုပဲ ရှင်းလား'

'ကောင်မရယ်၊ ညည်း ပိုက်ဆံလည်း ပြန်ဆပ်မှာပါ။ ဘာတွေညာတွေပြောမနေပါနဲ့။ ညည်းလိုချင်တဲ့နေ့လာခဲ့။ ငါ တစ်ယောက်တည်းတင်မလာဘူး၊ အိမ်ကဟာကြီးပါထည့်ခိုင်းပါ့မယ်။ နောက်ကျနေရတဲ့အထဲ လေကြောရှည်မနေစမ်းပါနဲ့အေ'

မကျေးဦးသည် ဖြည့်သွင်းရေးမှတ်ရမည့် စာရွက်စာတမ်းများကိုချပေးပြီးနောက် အမယ်ကြီးအိုနှစ်ဦးထံကို ငွေငါးသောင်းစီထုတ်ပေးလိုက်သည်။ အမယ်ကြီးနှစ်ဦးမှာ လက်ထဲရောက်လာသည့်ငွေငါးသောင်းကို တစ်ရွက်ချင်း စေ့စေ့ရေတွက်ရန်အတွက် မြေပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်ချလိုက်ကြသည်။

ဤသည်မှာ ဤတိုင်း ဤပြည် ဤပြည်သစ်ကြီး၏ ဒီမိုကရေစီခရီးလမ်းအစပင်ဖြစ်တော့သည်။ ကိုမြသိန်းတို့လင်မယားသည် ဤအရပ်ဒေသတွင် ၃ နှစ်တာကာလအတွင်း အကြီးအကျယ်ကြီးပွားတိုးတက်လာကြလေပြီ။ အိမ်ကြီးရခိုင် တစ်လုံးသစ်လွင်တောက်ပအောင် ဆောင်လုပ်ပြီးလေပြီ။ လေတွင် မြားတံပြေးသကဲ့သို့ အရှိန်ပြင်းစွာ မောင်းနှင်နိုင်သော ခေတ်မီလှသည့် ကားအသစ်တစ်စီးလည်း စီးနိုင်ကြပြီ။ အရပ်ထဲမှ အမွဲအဆော ခေါင်းရွက်ဗျပ်ထိုး၊ လက်လုပ် လက်စားအပေါင်းတို့အပေါ် လည်း အရှင်သခင်များသဖွယ် တင်စီးနိုင်ခဲ့ကြလေပြီ။ ပါတီကြီးပွားတိုးတက်ရေးအတွက်လည်း ကောင်းချီးဆောင်သည့် ဇနီးမောင်နှံအဖြစ် ထင်ပေါ် ကျော်ကြားလျက်ရှိကြကုန်ပြီ။

၂၀၁၀ ရွေးကောက်ခဲ့ကြီးက တစ်စတစ်စ နီးလာလေလေ ကိုမြသိန်းတို့ ဇနီးမောင်နှံအဖို့ ရွှေငွေဝင် သည်းသည်းလှုပ်လှုပ်ဖြစ်ကြတော့သည်။ ဤ အရပ်ဒေသတစ်ခွင်တွင်ရှိကြကုန်သောဆင်းရဲဒုက္ခအပေါင်းဖြင့် လုံးချာလည်လိုက်နေကြသည့် မဲဆန္ဒရှင်ပြည်သူအပေါင်းမှာ ခွေးငွေးငွေးအပေါင်းဖြင့် ခေါင်းမော်နိုင်အောင် ရှိကြသည်ဖြစ်၍ ကိုမြသိန်းတို့အား အရှင်ကြီးသခင်ကြီးများသဖွယ် အားကိုးအားထားပြုနေကြပြီကော။ အသည်းကြားမှ မဲတစ်ပြားကို ရက်ရောသဒ္ဓါခဲ့ကြပြီကော။

အကြွေးပေါ် အကြွေးဆင့်လျက်၊ ဒုက္ခပေါ် ဒုက္ခဆင့်လျက်ရှိကြသည့် လူတန်းစားအဖို့ ဒီမိုကရေစီပြည်သစ်ကြီးတည်ရာတွင် အတိုးခဲချေးငွေရခြင်းသည် ကုသိုလ်ကြီးပေစွဟု မုချတွက်ဆကာ ကိုမြသိန်းတို့ တောင်းဆိုသမျှလိုက်လျောရန် ဝန်မလေးကြတော့ချေ။ ပိုက်ဆံထုတ်ချေးသော ပါတီသည် မိခင်ပါတီဖြစ်ကြရလေပြီ။

ထို့ကြောင့်ပင်လျှင် ဤနယ်တစ်ကြော၌ ကိုမြသိန်းတို့ကြီးပမ်းဆောင်ရွက်မှုဖြင့် ဧရာမအောင်ပွဲကြီးခံလျက်

www.burmeseclassic.com

မဲအပြတ်အသတ်အနိုင်ရသွားပါတော့သတည်း။

❑

၂၀၁၂ ဖေဖြို ၁ ရက်နေ့

ညဦးပိုင်းကတည်းက ပင် လူဦးရေစာရင်းကိုကြည့်၍ ကိုမြသိန်းတို့လူစု စကားဘာမျှမပြောနိုင်ကြတော့။ ၂၀၀၈ နှင့် ၂၀၁၀ ကာလတုန်းက ညနေလေးနာရီမှစ၍ ရရှိလာသော လူစာရင်းများက ရေး၍မှတ်၍ပင် မကုန်နိုင်။ မဲဆန္ဒရှင် ၂ သိန်း ၃ သောင်းကျော် ရှိသည့်ဒေသအတွင်း ကျိန်းသေရရှိမည့် မဲစာရင်းက ၂ သိန်းကျော် နေပြီ။ ကြိုတင်မဲပေါင်းက ရှစ်သောင်းကျော်။ ကျိန်းသေလာရောက်ထည့်မည့် လူစာရင်းက ကိုးသောင်းကျော် ရရှိပြီးနေပြီ။ ယခုတော့ ဤသို့မဟုတ်ချေပြီတကား။ အရပ်တကာလှည့်၍ စည်းရုံးလှုံ့ဆော်ရသည်မှာ ဓောချေးပင်ပြန်နေပြီ။ ခြေကုန်လက်ပန်းကျ၍နေပြီ။ ထုတ်ချေးထားရသည့်ဆွေးွေးများမှာလည်း အထက်မှချပေးသည်က မလုံလောက်၍ ရှိသမျှ ရောင်းတန်ရောင်း၊ ပေါင်တန်ပေါင်ဖြင့် မကျေးဦး စိန်နားကပ်ပင် မကျန်တော့ပြီ။

တကယ်ဆိုလျှင် ညဦးပိုင်းကတည်းက မဲစာရင်းတစ်သိန်းကျော်သင့်နေပြီ မဟုတ်လော။ ထုတ်ချေးထားသည့် ငွေပေါင်းသိန်းထောင်ချီနေသည့်အတွက် ထိုမျှတော့ ရောက်လာသင့်ပြီ။ အမှန်စင်စစ် ရောက်ရှိလာသည့် မဲစာရင်းက လေးသောင်းပင် မပြည့်သေး။ ထိုလေးသောင်းသည်ပင်လျှင် အတိအကျမှတ်ယူရန် မသေချာသေး။

မနက် အရုဏ်ကျင်းသည်နှင့် မဲရုံတခါးဖွင့်ပေတော့မည်။ ပြိုင်ဘက်ပါတီများထံမှ အဓိကပါတီတစ်ခု၏ မဲလျာထားစာရင်းမှာ သိန်းကျော်၍ နေပြီကော။ ဤသို့မဖြစ်သင့်၊ ဤသို့မဖြစ်ထိုက်။ ဤသို့ကြမ္မာလွှဲင်းမဝင်သင့်ပါချေ။

ကိုမြသိန်းတို့ လူစုသည် မဲရုံအသီးသီးမှ လျာထားစာရင်းများကို စားပွဲပေါ်တွင် ချထားလျက် မည်သူမျှကောက်၍ မကြည့်ရဲကြတော့။ ဘဝတွင် ပုံအောလောင်းချထားသည့် အလောင်းအစားအတွက် ရုန်းနိမ့်တော့မည်ကို နိမိတ်ပြလျက်ရှိသော လျာထားစာရင်းစာရွက်များကို စိတ်မချမ်းမြေ့စွာ စိုက်၍ကြည့်နေကြတော့သည်။

ကိုမြသိန်းက ရုံးခန်းတံခါးဝကို တစ်ချက်တစ်ချက် လှည့်ကြည့်မိသည်။ သို့ရာတွင် ရုံးခန်းတံခါးမှာ ပွင့်လာခြင်းမရှိ။ ညသည် သန်းခေါင်ယံကို စတင်ကျော်ဖြတ်၍နေလေပြီ။

'ဘယ်လို လုပ်ကြမလဲ။ ကြိုတင်မဲလည်း ဘယ်ကမှ မရတော့ဘူး'

ကိုမြသိန်း၏ အမေးကို မည်သူမျှ မဖြေနိုင်တော့ပြီ။

'တောက်၊ ဒီအဘွားကြီး ထောင်ထဲထည့်ထားရမှာကွ။ ငါ့လွေးမှပဲ ဒီလောက်ဖြစ်လုတာ တစ်ခါတည်း ထောင်ထဲ ထည့်ထားရမှာ'

'အေးဗျာ။ သူ မပါရင် ကျုပ်တို့အသာလေးပဲ'

စကားဝိုင်းမှာ အစဖျိုးပြီးသည်နှင့် ရုတ်ခြည်းပြန်လည်၍ တိတ်ဆိတ်သွားပါတော့သည်။ အထက်မှ ညွှန်ကြားချက်က ရှိနေပြန်သည်ကိုး။ မဲဆန္ဒရှင်များနှင့် ပြဿနာတစ်စုံတစ်ရာ မဖြစ်စေရဟု ညွှန်ကြားချက် ထုတ်ပြန်ထားလေပြီ။

ကိုမြသိန်းတို့ လူစုသည် ရုံးအတွင်းဆက်လက်စောင့်စားရင်း ကြိုးစိုးဖိစီးလာသည့် ပင်ပန်းနွမ်းနယ်လှသော စိတ်ခံစားချက်များကြောင့် နံနက်အရုဏ်မတက်မီမှာပင် ကိုယ်စီအိပ်မောကျသွားကြတော့သည်။

အပြင်ဘက်တွင် လူပေါင်းထောင်ချီကာ စကားတပြောပြောသွားလာလှုပ်ရှားနေသံများကြောင့် လန့်နိုးလာချိန်တွင် မိုးစင်စင်လင်း၍နေလေပြီ။ ရုံးခန်းအဝရှိ ကုလားထိုင်တွင်ပါတီကိုယ်စားလှယ်အမတ်လောင်းသည် ငူငူငိုင်ငိုင်ကြီး ထိုင်နေရှာ၏။ သူ့ခမျာ အိပ်မောကျနေသော ကိုမြသိန်းတို့ လူစုကိုနှိုးဖို့ နေနေသာသာ၊ လက်ငင်းကြိုတွေ့နေရသော စိတ်ဒုက္ခကြောင့် အသံတစ်သံမျှပင် မထွက်ဝံ့အောင် ငေးငိုင်နေရှာ၏။ အပြင်ဘက်ဆီတွင် မဲရုံသို့သွားကြသည့်အသံ၊ မဲရုံမှ ပြန်လာသည်အသံများကြောင့် စိစီညံနေတော့သည်။

ကိုမြသိန်းသည် ရုံးခန်းတံခါးကို မ,သည်ဆိုရုံမျှ မ, ၍ အပြင်ကမ္ဘာသို့ချောင်းမြောင်းကြည့်ရှုနေဖြစ်သည်။ ဩော် ဤလူအုပ်ကြီးသည် တစ်ခါတုန်းဆီက မိမိတို့ထံသို့ ရောက်ရှိလာခဲ့ဖူးသည်။ ထိုလူအုပ်ကြီးထဲမှ မဲပြားများကို မိမိတို့လက်ဝယ်ပိုင်ဆိုင်ရရှိဖူးခဲ့သည်။ ယနေ့တော့ဆန့်ကျင်ဘက်အရပ်သို့ ချီတက်နေပါကောလား။

ကိုမြသိန်းကြည့်ရှုနေစဉ်မှာပင် ရုံးခန်းခြံစည်းရိုးအနီးရဲတပ်သားသုံးဦးလာရောက်ရပ်နေသည်ကို တွေ့လိုက်ရသည်။ ရုံးခန်းလုံခြုံရေးအတွက် ရောက်ရှိလာကြခြင်းဖြစ်ပေမည်။ မိမိတို့အတွက် တစ်စုံတစ်ရာဆိုးရွားမှုကြောင့်ကြသဖြင့် ရောက်ရှိလာခြင်းပင်။

ရဲတပ်သား သုံးဦးသည် ခြံတံခါးအဖြစ် ကာရံထားသည့် ဝါးလုံးသုံးလုံးကို ဆွဲကိုင်လှုပ်ယမ်းကြည့်သည်။ ဝါးလုံးများမှာအဖြစ်မျှသာတင်ထားကြခြင်းပင်။ ဆွဲကိုင်လိုက်သည်နှင့် ဖွေခနဲပါသွားသည်။

ကိုမြသိန်းသည် ဘာဆက်လုပ်မည်ကို စောင့်ကြည့်နေသည်။ ရဲတပ်သားတစ်ဦးက ဘောင်းဘီအိတ်ထဲမှ ပလတ်စတစ်ကြိုးစရှည်ရှည်တစ်ချောင်းကိုထုတ်လိုက်၏။ လမ်းပေါ်မှ ဖြတ်သွားဖြတ်လာသူများကလည်း မိမိတို့ရုံးခန်းကိုလှည့်စောင်းလှည့်စောင်းကြည့်သွားကြသည်။ ရုံးခန်းကဲလားသည် ပိတ်လှောက်သောရိုး၏။ မနိုင်ခဲ့သော ခြံစည်းရိုးသည် ရဲတပ်သားတို့၏ စေတနာကြောင့် ကြိုး

www.burmeseclassic.com

ဖြင့်သေသေချာချာပြန်လည်ချည်နှောင်မိလျက်သားဖြစ်သွားသည်။ ထိုရဲသားများကခြံစည်းရိုးနံဘေးမှာပင် ရပ်လျက်စောင့်ရှောက်ပေးနေကြသည်။

'ကဲလား မဖွင့်လိုက်နဲ့နော်'

အမတ်လောင်းသည် သွေးမဲ့နေသောမျက်နှာထားဖြင့် ကိုမြသိန်းအား သတိပေးလိုက်ပါသည်။

'ဘာလဲ၊ ဒီအတိုင်းထိုင်နေရမှာလား။ အဓိပ္ပာယ်မရှိတာဗျာ'

'မဖွင့်နဲ့ဆို မဖွင့်နဲ့ဗျာ။ တစ်ရှက်က နှစ်ရှက်အဖြစ်မခံနိုင်ဘူး။ ကျုပ်တို့ကိုတွေ့ဖို့ သတင်းထောက်တွေ ရောက်နေတယ်ဗျ'

'ခင်ဗျား လေရှည်ထားတာပဲ ခံပေါ့ဗျ'

'ကိုမြသိန်းခင်ဗျား အဲဒီလိုတော့ မပြောနဲ့လေဗျာ။ ခင်ဗျားပဲ ဖဝ ရာခိုင်နှုန်းအာမခံထားတဲ့ဟာ ကျုပ်က ပြောသင့်တယ်ထင်ရင် ပြောတာပဲ။ ခင်ဗျားလူတွေ မဲလာထည့်ရင် ဘာပြဿနာမှ မရှိဘူး'

ကိုမြသိန်းက ကဲလားကို လက်ဖြင့်ပုတ်ရင်း အမတ်လောင်းဘက်သို့ လှည့်ကာ-

'ဘာလဲ ။ ကျုပ်တကယ် ငွေမပေးဘဲ ပေးတယ်လို့ ခင်ဗျား စွပ်စွဲနေတာလား'

'မဟုတ်ဘူးလေ။ ခင်ဗျားလည်း ပေးတာပဲ။ ကျုပ်က မဲမထည့်ကြတာကို ပြောတာဗျ'

သူတို့နှစ်ဦး ပြန်၍တိတ်ဆိတ်သွားကြပြန်သည်။

လမ်းမထက်တွင် မဲရုံသွားကြ၊ ပြန်ကြသည့်လူအုပ်ကြီးက ဆူညံနေဆဲ၊ ရုံးခန်းထဲမှာတော့ ဘာသံမျှထွက်မလာကြတော့။ ဤကမ္ဘာလောကကြီးတွင် လမ်းကြောင်းတစ်ခုဆီသို့ ဖြိုင်တူပြေးပွဲဝင်နေကြသည့် အုပ်စုနှစ်စုတွင် တစ်စုက ဆူညံ၊ တစ်စုက ဆိတ်ငြိမ်လျက်ယှဉ်တွဲနေသည့် အဖြစ်ပါကလား။ အထီးကျန်သည့်တက်နှင့် အောင်ပွဲခံသည့် ဘက်တို့သည် ဤသို့သောပြယုဂ်မျိုးဖြစ်တတ်ပါသည်ကော။

ကိုမြသိန်းသည် တဒိုင်းဒိုင်းအသံပေးနေသောပြတင်းတံခါးကို တုံဏှောင်းငိုင်၍ ကြည့်နေဆဲပင်။ သူတို့လက်ထဲတွင် စည်းစိမ်ဥစ္စာဟူ၍ရှားပါးခန်းခြောက်ခဲ့လေပြီ။ ဤအရပ်မှ အမွဲအတေပြည်သူအပေါင်းတို့သည်ကား ကြားဖြတ်ရွေးကောက်ပွဲကြီးကို ဖျော်ရွှင်စွာဆင်နွှဲခဲ့ကြလေပြီ။ လက်ဝယ်ပိုင်ပိုင်ရယူထားကြသည့် ဆွေငွေများကိုပင် ကျေးဇူးမပြုကြတော့ဘဲ လုပ်ချင်ရာလုပ်သွားခဲ့ကြပြီကော။ ကိုမြသိန်းတို့လင်မယားပုံအောအသုံးပြုခဲ့သည့် လောင်းကြေးများမှာကား စာရင်းမဲ့အင်းမဲ့ ပျက်စီးဆုံးရှုံးရလေပြီ။ အနှစ်နှစ်အလလ ထုပ်ပိုးသိမ်းဆည်းထားသမျှကို ကြားဖြတ်ဒီရေနှင့်အတူ စီးမျောသွားခဲ့ပါပြီကော။

တစ်ခုတော့ သူတို့ရလိုက်သည်။

ဤအရပ်ဒေသမှ အမွဲအတေ ဆင်းရဲသားအပေါင်းတို့နှင့်အတူ ဒိုးတူပေါင်ဖက်လက်တွဲ၍ ပြည်သစ်ကြီးတည်ရန် ဘဝတူအဖြစ်သတ်မှတ်ခံလိုက်ရခြင်းသာတည်း။

■

မာန်၊တောင်လုံးပြန်

www.burmeseclassic.com

www.burmeseclassic.com

ဖိုးလမင်း

နှင်တန် နှင်တန်

www.burmeseclassic.com

www.burmeseclassic.com

"ဟကောင်ရ
မင်းတွေသလို
ဓလွယ်လို့ပေါ့ကွာ၊
ခု အခြေအနေက
လက်ညှိုးနဲ့
လက်ခလယ်ကို
ဖိဖို့ နေနေသာသာ
မျက်နှာချင်းတောင်
မဆိုင်နိုင်လို့ဟေ့"
"အလိုဗျာ ဘယ်လို
ဖြစ်ကြရတာတဲ့တုံး၊
တမြန်နေကပဲ
အကောင်းကြီးပါ"
ပြုံးချို့မေးသည်။
"မနေ့က
မနက်ပိုင်းအထိ
အကောင်းအကိုင်းပဲ၊
နေခင်းကျမှ စဖြစ်တာ"
ဝေဖြူ စိတ်ပျက်
လက်ပျက် ညည်းသည်။
"ဘယ်လိုက
စဖြစ်ရတာလဲဗျာ"
"ကတုံး...ကတုံး
ပြုံးချို့
ခေါင်းကုတ်ရတော့၏။
"ဒါများ အလွယ်လေးပါ
ကိုဓေဖြူရာ"
ထွန်းထွန်း ဝင်ပြောသည်။
တုတ်ထိုးသကြားလုံးကို
တပြွတ်ပြွတ်
စုပ်နေရသေးသဖြင့်
ချက်ချင်းစကား
မဆက်နိုင်သေး။
နှုတ်ခမ်းကို လျှာဖြင့်
သေသေသပ်သပ်
လျက်ပြီးကာမှ
ဆက်ပြောနိုင်သည်။
"တစ်ယောက်က
လက်ညှိုးနဲ့
လက်ခလယ်ကို
ထောက်ပြီး
ဟောဒီလို
ကွင်းကလေးလုပ်၊
နောက်တစ်ယောက်က
ဟောဒီလို ဇီးညှစ်လိုက်ရင်
ပြီးသွားတာပါပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com

… တယ်လီဖုန်းက စတာပဲ ဟေ့'

'ဗျာ ဘယ်လို ဘယ်လို'

'*ကတုံး×××ကတုံး×××တယ်လီဖုန်း၊ ရှန်ကုန်မန္တလေး×××ဆက်ပါဦး။ တစ်နာရီ မိုင်သုံးဆယ်×××ကတုံး စိတ်ပျက်တယ်×××* တဲ့။ မင်း မကြားဖူးဘူးလား'

'အင်း ဟိုဘက်လမ်းက ကလေးတွေ အော်နေကြတာ တစ်ခါတော့ ကြားမိသလိုပဲ'

'အေး အဲဒါက မရွေအိက ထပ်ကာ ထပ်ကာဆို တော့ သဲသဲက သူ့ကို စောင်းဆိုသတဲ့လေ၊ သူက ဝက်သက်ပေါက်လို့ ခေါင်းတုံးရိတ်ထားရတာကိုး'

'သဲသဲကလည်း အခုတစ်လော တော်တော် အကဲဆတ်နေတယ်ဗျ'

ထွန်းထွန်း ဝင်ပြောသည်။

'ဟို့ တစ်နေ့က ကျွန်တော် အမှတ်တမဲ့ 'ကြီးမှ ဝက်သက်ပေါက်ရင် မလွယ်ဘူး၊ မလွယ်ဘူး'လို့ ဆိုလိုက်မိတာ သူစောင်းပါတယ်ဆိုပြီး ကောက်သွားလို့ မနည်း ပြန်တောင်းပန်လိုက်ရတယ်'

'ဒါကတော့ကွာ သူ့ခမျာ နာလန်ထခါစဆိုတော့ တို့က နားလည်ပေးရမှာပေါ့'

ပြုံးချို၏ သဘောထားက လူကြီးဆန်ပေ၏။

'ဒါနဲ့ နေပါဦး မမအိက ဘာလို့ ကတုံး ကတုံး တယ်လီဖုန်းကို ဆိုရတာလဲ၊ သူများ မကြိုက်တဲ့ဥစ္စာ'

'သူမှာကလည်း 'ဆိုရေးရိုက ဆိုအပ်လှ၏'ပဲကွ။ သူ့အဖေက ထောင်ငါးရာ ဖုန်းမဲပေါက်လာတယ်။ အဲဒီဖုန်းကို သူ့အဘွားကိုပေးထားတယ်။ အဘွားက နေ့လယ်နေခင်း တစ်ရေးအိပ်တဲ့အချိန်မှာ မအိက ဖုန်းကို ယူကိုင်တယ်။ ဖုန်းရှိတဲ့ သူငယ်ချင်းတွေဆီ ဟိုဆက် ဒီဆက်လုပ်၊ ဆက်စရာမရှိတော့ ရင် 'ကတုံး…ကတုံး'ကိုဆို၊ အဲဒါကို သဲသဲက အမြင်ကတ်၊ ပြဿနာက ဒါပဲ'

'ကတုံးက ကတုံး အခေါ်ခံရတာ နာစရာမှ မဟုတ်တာဗျာ၊ ဒါတော့ သဲသဲ လွန်တယ်'

ထွန်းထွန်း မှတ်ချက်ပေးသည်။

'ဟကောင်ရ ကတုံးခေါ်တာ နာလို့ မဟုတ်ဘူးဟေ့၊ တယ်လီဖုန်းကို နာတာကွ သိလား'

'ဗျာ ဘယ်လို'

ထွန်းထွန်း နားဝေတိမ်တောင်ဖြစ်သွား၏။

'သူ မကိုင်နိုင်တဲ့ တယ်လီဖုန်းကို ဟိုကကိုင်ပြီး ဟန်ရေးပြနေတာကို မခံနိုင်တာကွ'

'ဩော်…ဩော်…ဒီလိုကိုး'

'အဲဒါတော့ မမအိ လွန်တယ်ဗျ၊ အချင်းချင်း ဒီလိုကပ်ကြွားတာ ဘယ်ကောင်းမလဲ'

ပြုံးချို့က သူ၏ ထင်မြင်ချက်ကို ဝင်ရောက်ဖော်ထုတ်ပါမှ တာဝန်ကျေမည်ဟု ယူဆလေ၏။

'ဩ မင်းက သဲသဲဘက်ကလား'

'ဟုတ်တယ်လေ၊ မှန်တဲ့ဘက်တော့ လိုက်ရမှာပဲ'

ပြုံးချို့ လက်မထောင်၍ ပြောလေသည်။

'ငါကတော့ မမအိ မှန်တယ်ထင်တယ်။ ဒါ သူ့ လုပ်ပိုင်ခွင့်ဘောင်ထဲကပဲ'

ထွန်းထွန်းက တုတ်ထိုးသကြားလုံးကို ပါးစောင်မှာ ငုံလျက်က ဗလုံးဗထွေး ပြောသည်။ ဝေဠု စိတ်ညစ်သွားလေ၏။ ခေါင်းကို သတိလက်လွတ် ကုတ်ဖွပစ်လိုက်ပြီးမှ သတိရ၍ ထိပ်ပေါ်က ဆံပင်စုစုကို ပြန်ဆွဲထောင်ထားလိုက်ရသည်။

'ဟေ့ကောင်တွေ မင်းတို့ကလည်း ဟိုဘက်လိုက်၊ ဒီဘက်လိုက်နဲ့ မီးလောင်ရာ လေပင့်လုပ်ကြဦးမလို့လား ဟင်'

'သူတို့က ရန်ဖြစ်တမ်း ကစားနေကြတာလားမှ မသိတာ'

'ကြဲကြဲဖန်ဖန်ကွာ'

'မပြောနိုင်ဘူးဗျ တချို့ဆို စစ်တိုက်တမ်းကစားကြတာပဲ'

'တော်ကြစမ်းပါကွာ ငါ ရင်တုန်လွန်းလို့'

အားလုံး တိတ်သွားကြပြန်သည်။ အတွေးကိုယ်စီတွေးနေကြလေ၏။

'ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ၊ ကိုဝေဠု သူတို့ မပါဘဲ ကျွန်တော်တို့ချည်းပဲ ကစားကြမလား'

ပြုံးချို မေးသည်။

'ဒါကတော့ ဘယ်ဖြစ်မလဲကွ၊ သူတို့ကို ပစ်ထားလိုက်ရင် ပိုဆိုးသွားလိမ့်မယ်'

'ဒီတော့…'

'ဒီတော့…'

ဝေဠု နားထင်ကို လက်ညှိုးဖြင့် ထောက်ပြီး စဉ်းစားသည်။

'ထွန်းထွန်း မင်း အဲ့ဆီသွား၊ ပြုံးချို မင်း သဲသဲသွား ပြေလည်ရာ ပြေလည်ကြောင်းပြော၊ နှစ်ဖက်ညှိနှိုင်းလို့ရနိုင်မယ့် အချက်အလက်တွေ ရှာလာခဲ့ကြ၊ ဟုတ်ပလား'

❑

ထွန်းထွန်း ရောက်သွားချိန်တွင် မအိ အလုပ်မနှံ့အားနေပါသည်။ အကြောင်းမှာ ဘွားဘွား မအိပ်သေးသဖြင့် တယ်လီဖုန်း မကိုင်ရသေးသောကြောင့် ဖြစ်ပါသည်။

'မမအိရေ'

'ဘာလဲ ပြော'

'သြော် ဖုန်းကိစ္စဟာ ဘာမဟုတ်တာနဲ့ အချင်းချင်း စိတ်ဝမ်းကွဲကြရင် မကောင်းဘူး မဟုတ်လား၊ သူငယ်ချင်းတွေ စည်းစည်းလုံးလုံးနဲ့ဆိုရင် ပျော်ပျော်ပါးပါး ကစားကြရတာပေါ့ဗျာ'

'ဖုန်းဆက်တာ ငါ့လွတ်လပ်ခွင့်ပါဟဲ့၊ အိုင်တီခေတ်မှာ ငါတို့ အမီလိုက်ကြရမှာ မဟုတ်လား'

'ဒါတော့ ဒါပေါ့ဗျာ၊ သူငယ်ချင်းမောင်နှမတစ်တွေ ချစ်ချစ်ခင်ခင် ရှိကြဖို့လည်းလိုသေးတယ်လေ'

မအိ ဘာမျှ ပြန်မပြောဘဲ ငြိမ်နေသည်။ သူဘက်သို့ ပါလာဟန်ရှိသဖြင့် ထွန်းထွန်း အားရှိလာသည်။ ထိုစဉ်တွင် အိမ်ထဲသို့ ဘလက်ကီအောင်နက် ဝင်လာသည်။ အမြီးနှန့်လျက်၊ လျှာထုတ်လျက်။ လည်ပင်းတွင် ကတ်ပြားတစ်ချပ် တွဲလွဲပါလာသည်။ ကတ်ပြားပေါ်က စာသည်ကား-

www.burmeseclassic.com

'ဟဲလို...ဟဲလို...ကြားလား...ကြားလား' ဟူ၍ ဖြစ်လေ၏။

'ကြည့်စမ်း...ကြည့်စမ်း ဒါ သင်းလက်ချက်ပဲ၊ တယ်...ငါ...နော်...'

မအိ မပေါက်ကွဲမိအောင်ချုပ်တည်းလိုက်ရသည်။ အကြောင်းမှာ ဘွား ဘွား အိပ်ရာဝင်နေပြီဖြစ်၍တည်း။

'ထွန်းထွန်း...နင် ပြန်နှင့်၊ ခဏနေ ငါလာခဲ့မယ်'

❑

'ငါပြောလို့ အဆင်ပြေခါနီးမှကွာ'

ထွန်းထွန်း မချင့်မရဲ ပြောသည်။ ပြုးချိုကလည်း မျက်နှာ သိပ်မကောင်း။

'ကျွန်တော် ရောက်သွားတော့ မမသဲက ကတ်ပြားမှာ စာရေးပြီး ခွေးလည်ပင်းမှာ ဆွဲနေပြီဗျ၊ ကျွန်တော်က အဲဒီလို မလုပ်ဖို့ တားပါသေးတယ်။ ဘလက်ကီကလည်း တင်ပါးကို တစ်ချက်ရိုက်ထုတ်လိုက်တာနဲ့ မမအိတို့ အိမ်ကို တန်းပြေးတာပဲ။ နောက်က လိုက်ခေါ်တာတောင် မရဘူး'

ပြုးချိုလည်း ကြိုးစားရှာပါသည်။ အခြေအနေက တော်မီးလို ထိန်းမရ ဖြစ်သွားသည်။ ဝေဠု သရက်ပင်အခြေကို ကျောမှီ၍ ထိုင်နေရာမှ ငေါက်ခနဲ ထလိုက်၏။

'တောက် ငါ ကိုယ်တိုင်ကိုက ညံ့တာ၊ စောစောက ဒီအိုင်ဒီယာကို ရခဲ့ရင် မင်းတို့ကို လွှတ်စရာတောင်မလိုဘူး'

ဝေဠုစကားအဆုံးတွင် ဟိုနှစ်ကောင် ခေါင်းထောင်လာကြလေသည်။

'ဘယ်လို အိုင်ဒီယာလဲဗျာ'

'မဲခွဲရမယ်ကွ၊ မဲနဲ့ဆုံးဖြတ်ရမယ်၊ ဒါမှ ဒီမိုကရေစီနည်းလမ်းကျမှာ'

'ဘယ်လိုဗျ'

'ခုကိစ္စမှာ ရန်ဖြစ်ချင်တာက သူတို့နှစ်ယောက်။ ငြိမ်းချမ်းချင်တာက ငါတို့သုံးယောက်။ မဲခွဲဆုံးဖြတ်လိုက်ရင် ငါတို့နိုင်မယ်၊ ဒါပဲ အဖြေက'

ဝေဠု အားတက်သရော ပြောသည်။ ထွန်းထွန်း စဉ်းစားနေသည်။

'တကယ်လို့ သူတို့က ဗီတိုအာဏာ သုံးခဲ့ရင် ဘယ့်နယ်လုပ်မလဲ'

'ဟိတ်ကောင် တိတ်စမ်း၊ ဒီနေရာမှာ ဘာဗီတိုမှ မရှိဘူး၊ ဒီမိုကရေစီ စစ်စစ်ပဲ ရှိတယ်။ တော်တော့ စကားမရှည်နဲ့၊ ဟိုမှာ လာနေကြပြီ'

မအိက ဒေါနှင့်မောနှင့် ထဘီစွန်တောင်ဆွဲလာသည်။ သဲသဲက ဆုတ်ကန် ဆုတ်ကန်။

'ဟေ့ ဒီမှာ မအိ နင် ဘာမှ ပြောမနေနဲ့၊ ငါ အားလုံး သိပြီးပြီ။ ဒီပြဿနာရဲ့ အဖြေက ဆန္ဒမဲပဲ။ ဆန္ဒမဲနဲ့ အဆုံးအဖြတ်ယူရမယ်'

'ဘာကို ဆန္ဒမဲနဲ့ ဆုံးဖြတ်မှာလဲ'

မအိ မေးသည်။

'ငြိမ်းချမ်းရေးကို'

'ဘာ ငြိမ်းချမ်းရေးဟုတ်လား'

'ဟုတ်တယ် နင်နဲ့ သဲသဲနဲ့ ငြိမ်းချမ်းရေးအတွက် မဲခွဲဆုံးဖြတ်ရမယ်'

မအိ နည်းနည်း စဉ်းစားကြည့်သည်။

'ဘယ်သူတွေက မဲပေးမှာလဲ'

'တို့ အားလုံးပေါ့'

မအိ ထပ်စဉ်းစားသည်။

'ဘလက်ကီနဲ့ ကွန်မန်ဒို တို့ကော မဲပေးရမှာလား'

မအိ အတွန့်တက်သည်။

'ကိုဝေဠု ဘလက်ကီနဲ့ ကွန်မန်ဒိုကို မထည့်နဲ့၊ ဒီကောင်တွေကို သူတို့က ထန်းလျက်နဲ့ ပုစွန်ခြောက် ကျွေးထားတာဗျ'

ပြုးချိုဝေဠုကို တိုးတိုးကပ်ပြောသည်။ ဝေဠုက ငါသိပါတယ်၊ အသာနေ ဟူသော အကြည့်ဖြင့် ပြန်ကြည့်လေ၏။

'မဆိုင်ဘူး၊ တို့ငါးယောက်ပဲ မဲပေးရမှာ။ သဲသဲသဘောတူတယ်နော်'

'တူတယ် ပြုးချို၊ နင် ငါ့ဘက်ကနော်'

ပြုးချို အင်းမလုပ် အဲမလုပ် ငြိမ်နေသည်။ နောက်ဆုံး မဲခွဲကြသောအခါ သုံးမဲနှစ်မဲဖြင့် ငြိမ်းချမ်းရေးအဆိုအောင်လေ၏။ ဝေဠု၊ ထွန်းထွန်းနှင့် ပြုးချိုတို့ အောင်ပွဲခံလေ၏။ မအိ လက်ညှိုးနှင့် လက်ခလယ်ကို ထောက်၍ ကွင်းကလေး လုပ်ပေးလိုက်ရသည်။ သဲသဲက စိတ်မပါတပါဖြင့် ကွင်းကလေးကို ဖိညှစ်လိုက်လေသည်။

ငြိမ်းချမ်းရေး၏ အာနိသင်ကြောင့် ထိုနေ့ တစ်နေ့လုံး မိုးကောင်းကင်သည် ကြည်လင်ပြာစင်လျက် သာယာလှပေ၏။ သရက်တစ်ပင် ကစားကွင်းတွင်လည်း ကျား-သုံး၊ မ-နှစ်၊ အထီး-နှစ်တို့ ပျော်ရွှင်စွာ မြူးထူးခုန်ပေါက်၍ ကစားကြလေသတည်း။

❑

ဓာတ်လမ်း ဤတွင် ဆုံးသင့်ပါသည်။ သို့ရာတွင် ရရှိခဲ့သော ငြိမ်းချမ်းရေးသည် ရွှေရည်စိမ်ငြိမ်းချမ်းရေး ဖြစ်သွားသဖြင့် ကြာရှည်မခံပါချေ။ မကြာမြင့်မီပင် အမည်း အကွက်အကွက်များ ထလာတော့သည်။ ထို့ကြောင့် ဓာတ်လမ်းမဆုံးနိုင်ဖြစ်ရလေသည်။

နောက်တစ်နေ့ နေ့လယ်ခင်း ဘွားဘွား တစ်ရေးအိပ်ချိန်တွင် မအိလက်ထဲသို့ တယ်လီဖုန်း ရောက်နေပြန်၏။

'ကတုံး×××ကတုံး×××တယ်လီဖုန်း၊ ရုန်ကုန်မန္တလေး ဆက်ပါဦး×××'

ဤသို့သော စစ်ရေးပြသီဆိုသံကို ကြားရပြန်လေ၏။ ဘလက်ကီအောင်နက်ကလည်း ကတ်ပြားတစ်ချပ်ကို လည်မှာဆွဲလျက် လမ်းသလားနေလေ၏။ စာသားသည်ကား-

'လူကြီးမင်း ကိုင်ဆောင်သောတယ်လီဖုန်းသည် အကုကြိုးဖြစ်ပါသဖြင့် ခေါ်ဆို၍မရနိုင်ပါရှင်' ဟူသတတ်။

❑

'တောက် လူတွေ ဘာလို့ မငြိမ်းချမ်းနိုင်ကြပါလိမ့်ကွာ'

ဝေဠု စိတ်ပျက်လက်ပျက် ညည်းပြန်သည်။

'လူတွေ ငြိမ်းချမ်းနေရင် ပျင်းစရာကြီးဖြစ်နေမှာပေါ့ ကိုဝေဠုရာ'

ထွန်းထွန်း၏ မှတ်ချက်ဖြစ်ပါသည်။ ■

ဖိုးလမင်း

www.burmeseclassic.com

www.burmeseclassic.com

ငြိုကွာလေးက ကိုထွေးအကြောင်း

မောင်ကိုကို၊ အမရပူရ၊

အဖေ
သေဆုံးပြီးနောက်ပိုင်းမှာ
အထီးကျန်ဝေဒနာကို
ထီးထီးကျန်ကျန်
ခံစားရသည်
လူတွေက သူ့အဖေလို
သူ့ကို ဘာကြောင့်
တန်ဖိုးမထားတာလဲ
သူ့အဖေလောက် သူ့ကို
ဘာလို့ တန်ဖိုးမထားတာလဲ

၁။
ပုလင်းအလွတ်တွေ အကြားမှာ ကိုထွေး
ထိုင်နေသည်။ ရမ်ပုလင်းအလွတ်များ၊
ဂရင်းအမည်းပုလင်းအလွတ်များ၊ ရှားရှားပါးပါး
ဂျက်ဒန်နီယယ်ပုလင်းအလွတ်တစ်လုံးတည်း။
သူ မြင်ဖူး၊ သောက်ဖူးအောင် စာရေးဆရာက
နှစ်ပက်လက်ကျွန် ဂျက်ဒန်နီယယ်ပေးခဲ့၏။
'သောက်မယ်ဟေ့'
'သောက်ကြရအောင်'
ဘယ်လိုဘယ်လို ပုလင်းများ
စုပုံလာခဲ့သလဲ။ ဘယ်က စသလဲ။
သူ တွေးကြည့်၏။ ကိုထွေး၏အမေ
သေသွားသည်။ အစ်မလတ်က
သားအိမ်ကင်ဆာနှင့်သေသွားသည်။ အစ်မငယ်
ကလည်း သားအိမ်ကင်ဆာနှင့် သေသွားသည်။
နောက်တော့ သူ့အစ်ကိုလေးက
သွေးတိုးရောဂါဖြင့် ရုတ်တရက် သေသွားသည်။
ဆက်တိုက် ဆက်တိုက် သေသွားသည်။
သူ့အဖေနှင့် သူ နှစ်ယောက်တည်း
အိမ်မှာရှိသည်။ အစ်ကိုကြီးက ကျောက်ဆည်မှာ၊
အစ်မကြီးက ရန်ကုန်မြို့၊ ဒဂုံမြောက်ပိုင်းမှာ။
❑
၂။
ကိုထွေးက တွင်ခုံလုပ်ငန်းလုပ်သည်။
အစ်မငယ် (သူက မမလေးဟု ခေါ်၏)
ဝယ်ပေးထားခဲ့သော တွင်ခုံ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ အဖေတစ်ခု၊ သား တစ်ခုလိုဖြစ်နေတော့ သူ အလုပ် ပိုလုပ်သည်။

အဖေ့အတွက် အလုပ်တွေ လုပ်သည်။ ဘဝသည် အဖေ့အတွက်။ ဘဝမှာ အဓိပ္ပာယ် ရှိနေ၏။ ရပ်ကွက်ထဲက လူတွေကလည်း အဖေထံ ဟင်းလာပို့ကြ၊ လက်ဖက်သုပ်လာပို့ကြ၊ မုန့်လာပို့ကြ။ နယ်မြို့ကလေးမှာ တစ်ရပ်ကွက်လုံး၏ မေတ္တာ၊ စေတနာကို သူ့အဖေကို အကြောင်းပြု၍ ရရှိခဲ့သည်။ သို့သော် မကြာခင်ကသူ့အဖေ သေဆုံးသွား၏။ မည်သူကမှ ဟင်းလာမပို့တော့၊ မုန့်လာမပို့တော့၊ လက်ဖက်သုပ်လာမပို့တော့။

'ကိုထွေးရေ'

ခြင်းတံခါးဆီက အသံနှင့်အတူ ပုလင်းများ ပါလာသည်။ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေက ပုလင်းတွေ ဆွဲပြီး သူ့အိမ်ထဲ လာလာသောက်ကြသည်။

အိမ်မှာ သူမှလွဲ၍ ဘယ်သူမှမရှိတော့ ဤအိမ်သည် သူငယ်ချင်းများ၏ 'အရက်ဘီ'ဖြစ်လာ၏။

'ကိုထွေးရေ...'

ပုလင်းသံ ကြားရသည်။ ဖန်ခွက်များ အသင့်ပြင်ထားပြီ။

'အဲဒီအိမ်မည်းကြီးက လူတစ်ယောက်ပြီး တစ်ယောက် သေနေတာ။ အိမ်ကို သရဲစီးနေတာ။ အခု တစ်ယောက်ကျန်တာ ဘယ်တော့သေမလဲ မသိဘူး'

အရပ်ထဲက မိန်းမများ၏ အသံကို ကိုထွေး ပြန်ပြန် ကြားရသည်။

သူငယ်ချင်းများ အရက်သောက်ပြီး ပြန်သွားကြလျှင် အိမ်ပေါ်မှာ သူတစ်ယောက်တည်း ပုလင်းလွတ်တွေနှင့် ငေါင်လျက်။ အဖေ သေဆုံးပြီးနောက်ပိုင်းမှာ အထီးကျန်ဝေဒနာကို ထီးထီးကျန်ကျန် ခံစားရသည်။ လူတွေက သူ့အဖေလို သူ့ကို ဘာကြောင့် တန်ဖိုးမထားတာလဲ။ သူ့အဖေလောက် သူ့ကို ဘာလို့တန်ဖိုးမထားတာလဲ။

❑

၃။

အိပ်မက်ထဲမှာ အမေလာသည်။

အစ်မလတ်က ဆံပင်ဖားလျားချပြီး မျက်လုံးပြူးပြူးနှင့် လာသည်။

အစ်မငယ်(မမလေး)ကလည်း ဆံပင်ဖားလျားနှင့် ပျံဝဲလျက် လာသည်။ မမလေး လွင့်မျောနေသည်။ မမလေး၏မျက်လုံးများသည် သူ့ကို စိတ်မချဟန်။

သို့သော် သူတို့အားလုံး လှေကားထိပ်မှာ ရပ်နေကြ၏။ မမလေးက လှေကား၏အပေါ်မှာ လွင့်မျောနေ၏။ အိမ်၏ အပေါ်ထပ်ဆီသို့ ဝင်လို့မရကြပါ။ လူဘဝမှာ အမြဲတရားထိုင်သော အဖေမှာ သူ့အိပ်မက်ထဲမှာပင် ရောက်မလာခဲ့ပါ။ အဖေ ဘယ်ရောက်သွားပြီလဲ။

မမလေး၏ မျက်လုံးများမှာ ရီဝေကြေကွဲလျက်။ မမလေး၏ နှုတ်ခမ်းများမှာ လှုပ်နေသည်။ အသံမထွက်။ မမလေး ဘာပြောချင်သလဲ။ ဘုရားပန်းများ မလဲလှယ်လို့လား။ သူ အလုပ်သိပ်မလုပ်လို့လား။

ကိုထွေး နိုးလာသည်။ သူသည် အကျဉ်းအကျပ်က လွတ်မြောက်လာ၏။ သူ မောပန်းနေသည်။

မမလေး ဘာမှာချင်သလဲ။

မမလေး တစ်ခုခု ပြောလျှင်လည်း သူ နားထောင်လိုက်နာနိုင်မှာလား။ သူ့ချွေးစေး ပြန်နေ၏။

အဖေ သေပြီးနောက် သူ လေလွင့်ခဲ့သည်။ စိတ်လေလွင့်၏။

အလုပ်တွေ အားကြိုးခန့်လုပ်လို့ကော ဘာအဓိပ္ပာယ်ရှိသနည်း။

ဘဝသည် လွင့်နေ၏။ မျောနေ၏။

သောက်လိုက်ကြစို့ သူငယ်ချင်း။

ပုလင်းလွတ်များ၊
အရက်ပုလင်းများ၊
ပုလင်းအလွတ်များ။

အရက် ထည့် ထား သော လူဘဝများ။ လွတ်နေသောလူဘဝများ။ ဘာမှမရှိသော ဘဝများ။ တာဝန်မရှိသော ဘဝများ။ တာဝန်မယူသော ဘဝများ။

သူတွင်ခုံမှာ ခင်မင်သူ အချို့က အလုပ်လာ အပ်၏။ တော်တော်နှင့်မပြီး။ အခြားတွင်ခုံက ပို့လျှံသော အလုပ်များသည် သူ့ထံ ရောက်လာတတ်၏။ အချို့ကတော့ လူကိုယ်တိုင် စောင့်ပြီး သူ့ကို ခိုင်း၏။ လက်ဖက်ရည်ချိန်လက်ဖက်ရည်တိုက်၊ အရက်ချိန် အရက်တိုက်။ အလုပ်မပြီးသေးလျှင် နောက်နေ့ထပ်လာ။ ပစ္စည်းကို စောင့်ယူ။

သူ ထမင်းစားလို့တော့ ရပါသည်။

လူဆိုတာ တော်တန်ရုံနှင့် သေခဲ့ မဟုတ်လား။

❑

၄။

အချစ်...။

သူမှာ အချစ် မရှိ။ သူ လူငယ်ဘဝကတည်းက ပိုက်ဆံပေးရသော မိန်းမများစွာနှင့် နေထိုင်ခဲ့၏။

မိန်းမတစ်ယောက်ကို အဆုံးစွန်ထိအောင် ကိုယ်ကာယဆက်ဆံပြီးကတည်းက မိန်းမများစွာ၏ အကြောင်းကို သူ နားလည်သွားသလိုပင်။

မိန်းမများစွာနှင့် သူ ဆက်ဆံသည်။ မိန်းမတစ်ယောက်၏ မည်သည့်အရာကို တန်ဖိုးထားရမည်နည်း သူ မတွေးပါ။ ဆန့်ကျင်ဘက်လိင် မွတ်သိပ်သည်။ ထင်သည်။ ပြီးသွားသည်။ ပြီးတော့လည်း ပြီးသွားတာပဲ မဟုတ်လား။ ပိုက်ဆံပေးပြီး ကျေနပ်အောင် ဆက်ဆံလိုက်ရတာ ရှင်းသည်။ သူထလည်း ဒါပဲ ဆယ့်ငါးမိနစ်လောက် လိုအပ်တာမဟုတ်လား။ ပိုက်ဆံမပေးရလျှင် ပိုအလုပ်ရှုပ်သည်။ ဇာတ်လမ်းတွေများသည်။ မြွေတွေများသည်။ အရှုပ်ထုပ်မှာ သူ အလုပ်မရှုပ်ချင်။

သူက သူနှင့် မဆိုင်သည့် မိန်းမအမျိုးအစားကို ဘယ်လောက် လှလှ၊ ဘယ်လောက် သားနားသားနား လှည့်တောင် မကြည့်။ ဂုဏ်သရေ ဘယ်လောက်ရှိရှိ၊ ဘယ်လောက်ချမ်းသာ ချမ်းသာ မဆိုင် မသက်ဆိုင်ပါ။ လက်ထဲမှာ ပိုက်ဆံဘယ်

www.burmeseclassic.com

လောက်ရှိသလဲ၊ ဒီပိုက်ဆံလောက်နဲ့ဆို ဘယ်နေရာမျိုးလောက်မှာ သွားလာလို့ရသလဲ။ သူ သိသည်။ သူ သွားသည်။ သူ ကျွမ်းကျင်၏။

❑

၅။

ကိုထွေး ဖုန်းလေးတစ်လုံး ဝယ်လိုက်သည်။ ဖုန်းကလည်း ဈေးပေါသွားပြီ။ ဖုန်းက ဘယ်သူ့ကို ဆက်ရမလဲ။ ဖုန်းဆက်လျှင်လည်း ပို့ဆံကုန်မည်။ အလုပ်ကလည်း သူ့မှာ ရှိလှတာမဟုတ်။ ဖုန်းတစ်လုံးနှင့် ဘာမဟုတ်သည့် စကားတွေကို ပြောနေရလောက်အောင်လည်း သူ မည်ဖျင်းသေးပါ။ ဖုန်းတော့ အများနည်းတူ ကိုင်ဖူးတယ်ရှိအောင် ဝယ်လိုက်၏။

သူ ဖုန်းဝယ်ပြီး သုံးရက်မြောက်မှာ ည ၉ နာရီတွင် သူထံ ဖုန်းဝင်လာသည်။

'ကိုထွေး နင် နောက်နှစ်ရက်နေရင် သေမယ်။ နင် ဦးနောက်ကြောပြတ်ပြီး ရုတ်တရက် သေသွားမယ်'

သူ ဒေါသ ထွက်သည်။

ကြာလာတော့ သူ နည်းနည်းတုန်လှုပ်၏။ သူ တစ်ခါတစ်ရံ သွေးတိုးတတ်၏။ အရင်ကတည်းက သူ့မှာ သွေးတိုးရှိ၏။ သူငယ်ချင်း၏ ဆိုင်ကယ်ပေါ်မှာ ထိုင်လိုက်ပြီး ဆိုင်ကယ်ပေါ်က အဆင်းမှာ မူးမိုက်သွားဖူး၏။ အကြာကြီး ထိုင်နေရသည်။

သူ ထိတ်လန့်သည်။

အရက်ကို ပက်ပက်စက်စက် မသောက်ရဲ။ သူ ကြိုက်သော ဝက်သားဟင်းကို အားပါးတရ မစားရဲ။

သူ အရက်သောက်ရတာ မပျော်ရွှင်။ သူငယ်ချင်းများကိုလည်း ဖုန်းထဲက နိမိတ်ဖတ်ခံရမှုကို သူ ပြောမပြချင်။

သူ အရက်သောက်ရင်း တွန့်တွန့်သွားတတ်၏။ နှုတ်ခမ်းတွန့်သည်။ လက်တွန့်သည်။ တစ်ကိုယ်လုံး တွန့်သွား၏။

သန်ဘက်ခါ သေမည်။

သန်ဘက်ခါ သေမည်။

သန်ဘက်ခါ သေမည်။

ဦးနောက်ကြောပြတ်ပြီး ရုတ်တရက် သေမည်။

နောက်နှစ်ရက်မှာ သေမည်။

❑

၆။

ညကလည်း မမလတ်နှင့် မမလေးကို သူ အိပ်မက်မက်၏။ မမလေးက ဆံပင်ဖားလျားနှင့် တစ်ခုခုပြောမည့် ပုံသဏ္ဌာန်၊ နှုတ်ခမ်းလှုပ်ရွှေ့နေ၏။ အသံမထွက်။

တစ်ရေးနိုးတော့ သူ တော်တော်နှင့်အိပ်မပျော်။

မမလတ်နှင့် မမလေးက သူ့ကိုလာခေါ်နေသလား။ မလိုက်ဘူး၊ မလိုက်ဘူး၊ ငါ မလိုက်ဘူး။ သူ အော်သည်။

ချွေးစေးများ ပြန်နေသည်။

သူ မောဟိုက်နေ၏။ နှလုံးခုန်နေသည်။

အရက်ထပ်သောက်ရမလား။

'ကိုထွေး နင် သန်ဘက်ခါ သေမယ်'

အသံတွေ ကြားနေ၏။

ဘုရား၊ ဘုရားဆီသို့ သူ ပြေးရမလား။

သူ ဘုရားရှိခိုးလေ့ မရှိ။

အဖေ ရှိစဉ်ကတော့ အဖေ့ ဘုရားစာရွက်ဖတ်သံသည် ဤအိမ်မှာ ညံနေခဲ့၏။

ဘုရားပန်းများလည်း ဘုရားစင်မှာလန်းရွှင်သည်။

အခုတော့ သူ့အိမ်မှာ အရက်ပုလင်းလွတ်များသာ တိုးပွားလာ၏။

နေ့ခင်း ဆယ့်နှစ်နာရီကျော်မှ သူ အိပ်ရာနိုး၏။

သူ့ဘော်ဒါရောက်လာသည်။

'ကိုထွေး ဒီပုလင်းလွတ်တွေကို ငါ သွားရောင်းပစ်လိုက်မယ်။ နောက်ထပ် အရက်ဝယ်လာခဲ့မယ်'

ကိုထွေး မျက်မှောင်တွန့်သွားသည်။

'အေး'

သူ အသံထွက်လာသည်။

သူ အသက်ရှိသည်။ သူအသက်ရှင်နေသည်။ သူ ဘော်ဒါကို 'အေး' ဟု တုံ့ပြန်နိုင်၏။ သူ မသေ။

'ရောင်းလိုက်မယ်နော်'

'မဟုတ်ဘူး။ ငါ မရောင်းချင်ဘူး။ ငါ့အသက်ကို ငါ မရောင်းဘူးကွ'

ကိုထွေး အော်လိုက်သည်။

သူ စကားပြောနိုင်သည်။

သူ လှုပ်ရှားနိုင်သည်။

သူ မသေ။ သူ ရှင်သန်နေသည်။

'ဟိုကောင်မကို သတ်မယ်'

ဖုန်းမြည်လာသည်။

'ကိုထွေး နင် သန်ဘက်ခါမှာ သေမယ်။ ဦးနောက်ကြောပြတ်ပြီး ရုတ်တရက် သေသွားမယ်'

ဒီဖုန်းက ဘာလို့အချိန်မှားပြီး ဝင်လာတာလဲ။

'ခွေးမ နင့်ကို ငါ သတ်မယ်၊ နင့်ကို ငါသတ်မယ်။ ငါ မသေဘူး။ နင့်ကို ငါ သတ်မယ်'

သူဘော်ဒါက သူ့ကို ကြောင်ကြည့်နေ၏။

'ကိုထွေး မင်း ကြောင်သွားပြီ။ အရက်ကြောင်ကြောင်သွားပြီ'

ပုလင်းအလွတ်များသည် ငြိမ်သက်တိတ်ဆိတ်စွာ မတ်တတ်ရပ်နေကြ၏။

ဟိုစာရေးဆရာ ပေးထားခဲ့သည့် ဂျက်ဒန်နီယယ် ပုလင်းအလွတ်သည်လည်း ကြောင်စီစီ။

သူဘော်ဒါသည် သူ့ကို ကြောင်၍ ကြည့်နေဆဲ။ ကိုထွေးမှာ ချွေးပြန်နေသည်။

■

မောင်ကိုကို (အမရပူရ)

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၅၊ ဇွန်၊ ၂၀၁၄

ဒီလအဖို့ အများစုက စာမူကောင်းတွေ ဖြစ်နေတယ်လို့ ဆိုရမှာပါ။ ချွတ်ယွင်းချက်၊ အားနည်းချက်တွေ ရှိနေတယ် ဆိုပေမယ့် အကြွင်းအကျန်ဖြင့် စာမူပေါ်မှာ ကြိုးစားအားထုတ်မှု တိုးတက်လာသလို စိတ်ကျေနပ်မှ ပေးဝိုလာတာကိုလည်း သတိထားမိပါတယ်။ ဒါကြောင့် စာမူအရေအတွက် တိုးမဖတ် တော့ဘဲ ထားလိုက်ရပါတယ်။

၁။ *မျှော်လင့်မထားစွာ*

ခွန်နေရောင်

စာပေဟောပြောပွဲ စီစဉ်သူတစ်ယောက်ရဲ့မျှော်လင့်မထား တဲ့ ဖြစ်ရပ်ဆိုးတစ်ခုပေါ်မှာ အခြေခံပြီး ရေးဖွဲ့ထားတာဖြစ်ပါ တယ်။ အရေးအသား ပြေပြစ်ပြီး တင်ပြပုံသင့်တယ်ဆိုပေမဲ့ စာမူရဲ့ပြောလိုရင်းကို စာဖတ်သူနှလုံးသွင်းနိုင်ဖို့ ချိတ်ဆက်ရာမှာ ကွာဟ ချက်တွေရှိနေပါတယ်။ သမားရိုးကျဝတ္ထုထုံးစံ အခင်း၊ အကျ၊ အဖြေရယ်လို့ ရေးသင့်လောက်တဲ့ အတိုကွက်မျိုးလည်း မဟုတ်ပါဘူး။ ဒါကို အဆုံးသတ်ပုံက သမားရိုးကျဟန်မျိုး နဲ့ အဆုံးသတ်ထားပြီး ပြောချင်တဲ့အကြောင်းအရာမှာလည်း ဆက်တွေးချင်စရာကောင်းလောက်အောင် ငြိုချက်မရှိတဲ့ အတွက် အားနည်းရပါတယ်။ ကြိုးစားပါဦး။

၂။ *ချစ်တတ်တဲ့နှလုံးသား*

ယေလေးတော်ဝင်

အရေးအသားအားနည်းချက်တွေနဲ့ အတွေးတွေကို ရေးဖွဲ့ ထားတဲ့စာမူတစ်ပုဒ်ပါ။ ပြောချင်တာရှိမေပမဲ့ အရေးအသား မှာ အနုပညာအားနည်းနေသလို တင်ပြပုံအချိတ်အဆက်လည်း မရှိပါဘူး။ စာများများ ဖတ်ပါဦး။

၃။ *ယုန်ဆိပ်သင့်လိမ်ကြောင်*

လင်းသစ္စာဦး

အရေးအသား ပြေပြစ်လှပါတယ်။ အကြောင်းအရာရိုး စင်းနေပြီး တင်ပြပုံဆွဲဆောင်မှုအားမကောင်းတဲ့အတွက် အား နည်းသွားရခြင်းဖြစ်ပါတယ်။

၄။ *စွဲတီတုံးပေါ်က လက်*

ငြိမ်းချမ်းစော်

စကားပြေ၊ စကားပြော ရောနေပါတယ်။ ပြောချင်နေ တာတွေ ရှိပေမဲ့ အတွေးတွေကို အနုပညာမြောက်မြောက် လှလှပပ၊ ဆေးသေသပ်သပ်၊ အချိတ်အဆက်မိမိ မရေးဖွဲ့နိုင် လိုက်တဲ့အတွက် စာမူကောင်းမဖြစ်ခဲ့ပါဘူး။ စာများများဖတ် ပြီး တင်ပြပုံကို ဆွဲဆောင်မှုရှိအောင် ကြိုးစားကြည့်စေချင်ပါ တယ်။ စာတိုကောင်နဲ့ ပတ်ဝန်းကျင်ကြားက အခင်းအကျင်း ကို အခုထက်ပိုပြီး ထင်သာမြင်သာစာနှာနိုင်မယ့် ဖွဲ့နွဲ့ တွေ လိုအပ်ပါလိမ့်မယ်။

၅။ *ငါ သေတဲ့ နှင်*

နေးဟောသာ

အရေးအသားပြေပြစ်ပါတယ်။ အချစ်ဝတ္ထုတစ်ပုဒ် ရွှေထောင့်တစ်ခုကနေ လှလှပပ တင်ပြနိုင်ဖို့ ကြိုးစားထား မဲ့ စကားပြောနဲ့ အတွေးကိုသာ အဓိကအားထားပြီး ဖွဲ့ တာဖြစ်တာမို့ စာတိုကောင်စရိုက် ကြွတက်မလာခဲ့ပါဘူး ထူးခြားတဲ့ စာတိုကွက်မျိုး မရှိဘဲ အရေးအသား၊ အဖွဲ့ ကို အားကိုးပြီး စာဖတ်သူ ငြိသွားအောင် ကြိုးစားမယ်ဆို စာတိုကောင်စရိုက်အဖွဲ့အနွဲ့ကို အားစိုက်ဖို့ လိုပါမယ်။ ကောင်တွေရဲ့ အတွေး၊ အပြောနဲ့တင် မလုံလောက်ဘဲ အမူ၊ ပတ်ဝန်းကျင် အခင်းအကျင်းပေါ် စာတိုကောင်တွေ တိုးပြန်ပုံ စသဖြင့် သိုင်းသိုင်းဝိုင်းဝိုင်း ဖွဲ့ပြနိုင်လေ အားကောင်း တဲ့စာမူမျိုးဖြစ်လေဆိုတာကို သတိထားစေချင်ပါတယ်။

၆။ *ခြင်္သေ့ရုံကောင်းကဲ့သို့ပင်သော်*

၇။ *ခေါင်ရှမ်းမှုံးတို့ပွင့်စေရာ*

၈။ *ခြင်္သေ့ရုံရှိစိတ်*

လှဦးမင်း(ညောင်လေးပင်)

အရေးအသား ရိုးစင်းပြီး ဝါကျတိုတွေ သုံးထားတာ တွေ့ရပါတယ်။ စာမူကောင်းတစ်ပုဒ်မှာ စာတိုကွက် စာတိုကောင် စရိုက်ပေါ် မူတည်ပြီး တင်ပြပုံအပြောင်းအလဲ အားထုတ်ဖို့ လိုမှာဖြစ်ပါတယ်။ အဲဒီအတွက် ဝါကျတွေ ပုံသေသတော အတိုချည်းပဲ သုံးတာ၊ အရှည်ချည်းပဲ သုံးတာ ထက် သင့်လျော်သလို စာမူအနေအထားပေါ်လိုက်ပြီး သုံးစွဲ အကြံပေးချင်ပါတယ်။ တချို့ဝတ္ထုတွေအတွက် ဝါကျတိုတွေ အနုပညာမြောက်အောင် ရေးဖွဲ့နိုင်ပေမဲ့ တချို့ဝတ္ထု အတွက်တော့ ဝါကျရှည် လိုအပ်ပါလိမ့်မယ်။ စာင်ပြလာ သုံးပုဒ်စလုံးဟာ အကြောင်းအရာ ရိုးစင်းပြီး မေတ္တာတရား အခြေခံထားတဲ့ ဖွဲ့နွဲ့ကွအကြောင်းတွေဖြစ်သလို စာဖတ်သူ စွဲတ်စကားဝင်ပြောတဲ့စာမူတွေလည်း ဖြစ်နေပါတယ်။ ကြိုး စားပါဦး။

၉။ *ရွှေသားမြစ်*

ဆွေငဲဦး

စာရေးအတော်လေး ပြေပြစ်ပါတယ်။ ရိုးစင်းတဲ့ အကြောင်းအရာတွေကို ရိုးစင်းတဲ့အရေးအသားလေးတွေနဲ့ ခပ်အေးအေး ဆွဲခေါ်သွားနိုင်တဲ့ စာမူပဲ ဖြစ်ပါတယ်။ ပြော ချင်တာကို ပါးပါးလေး ရေးဖွဲ့သွားနိုင်ပြီး အဆုံးသတ်ပုံက လည်း သူသဘာဝအတိုင်းလေး စာမူဆုံးသွားပဲနဲ့ တူပါတယ်။ ရွေးချယ်ထားတဲ့အကြောင်းအရာအရ အားကောင်းမောင်းသန် စာမူတစ်ပုဒ် ဖြစ်မလာခဲ့တာကလွဲရင် ပြေပြစ်တဲ့စာမူပါ။ ရေးကောင်းသူမို့ ဒီစာမူလေးကိုပဲ ဒီထက် ပိုအားကောင် အောင် ရွေးသည်တွေရဲ့ စရိုက်ကို ပိုပိုပြင်ပေးမယ့်စော်

www.burmeseclassic.com

www.burmeseclassic.com

ထွက်အပိုင်းလေးမှာ အားနည်းနည်းထပ်ထည့်ပြီး ပြုပြင်ပေးဖို့စေလိုပါတယ်။ ကြိုးစားပါနော်။

၁၀။ အရှေ့ဖြိုနှလုံးသား

နေမင်းညို

အရေးအသား ရိုးစင်းပြီး ရေးနေကျစောက်တွက်ဖြစ်နေပါတယ်။ ဝတ္ထုကောင်းတွေဟာ ဇာတ်ကြောင်းပြောရုံသက်သက် မဖြစ်သင့်ဘဲ အနုပညာမြောက်စွာ ရေးသင့်ပါတယ်။

၁၁။ ရဲခေါင်ဖက်ရှိ၊ ထွက်ပြေး ဖမ်းဖမိ

ဆွတ်ပျံသင်း

အရေးအသား ပြေပြစ်ပါတယ်။ ဒီစာမူရဲ့အားနည်းချက်ကတော့ စာဖတ်သူတွေနဲ့ကွင်းဆိုင်းလုတဲ့ ကြက်ခွအကြောင်း ရေးဖွဲ့ရာမှာ ဗဟုသုတကို ပိုများများရေးဖွဲ့ထားပြီး အဖွဲ့အနွဲ့နဲ့ စာတိုကောင်စရိုက်ဖော်ရာမှာ အားနည်းနေတာပဲဖြစ်ပါတယ်။ ဝတ္ထုရဲ့ သဘာဝဟာ ဗဟုသုတအချက်အလက်များကို လိုအပ်လို့ ထည့်သွင်းဖော်ပြရတာပဲ ဖြစ်သင့်ပြီး အဲဒီအပေါ်မှာ မှီခိုနေသော ဇာတ်ကောင်များလွန်းရင်အားနည်းသွားတတ်ပါတယ်။ သတိပြုနိုင်ပါစေ။

၁၂။ အတွေးကု

သူဇာခင်

ဆေးကုခန်းလေးထွေရဲ့ပြဿနာအကြောင်း ဟာသဆန်ဆန် ရေးဖြရင်ပေမဲ့ အရေးအသားအားနည်းချက်ကြောင့် စာမူကောင်း ဖြစ်မလာပါဘူး။ စာများများဖတ်ပါဦး။

၁၃။ ဥမ္မတ္တက နှာတမ်း

၁၄။ ဖြစ်တို့စ်အစည်အလာ

၁၅။ ချိုးကလေး ကွယ်သာ

ဂူဦးမိုးအေး(ဆီဒီးနဲ့)

စာရေးကောင်းပါတယ်။ ဥမ္မတ္တက နှာတမ်း က ရေးဖွဲ့နေကျအကြောင်းအရာလေးကို အခြေခံထားတာမို့ အားမရှိလှပါဘူး။ ဖြစ်တို့စ်အစည်အလာ ကတော့ စာမူတစ်ပုဒ်တည်းမှာပဲ ဇာတ်ကောင်ပြောင်းပြီး ရေးထားတာ ဖြစ်နေပါတယ်။ အချိတ်အဆက် ပြေပြေပြစ်ပြစ် ပြန်လုပ်နိုင်မယ်ဆိုရင် အဆင်ပြေကောင်းပြေနိုင်မယ်ဆိုပေမဲ့ အသားမကျသေးတဲ့ လက်အနေနဲ့ အခုလို ဇာတ်ကောင်ပြောင်းပြီး ရေးပုံရှိုးဟာ စာမူကို အလွန်အားနည်းသွားစေပါတယ်။ မသင့်တော်ပါဘူး။

ချိုးကလေး ကွယ်သာ ကိုတော့ ဆရာ ဦးဝင်းငြိမ်းတဲ့ တင်ပြလိုက်ပါတယ်။

ဆရာ ဦးဝင်းငြိမ်းထံ ထပ်မံတင်ပြတဲ့စာမူတွေကတော့-

-အောင်ပြည့်အေး(ဆွောတ်) ရဲ့

လိမ္မော်နီရောင်တွေ တောက်တဲ့နေ့

-မယ်းယော် ရဲ့ ခိုရာမဲ့

-ဆွေရေးထင်ထင် ရဲ့

သဝေထိုး ခွေးဝဆွဲ ခွေ…ဝဋ္ဌနှစ်လုံးပေါက် ခွေး

-ဓင်းတွန်းအောင်စိမ်းလွင် ရဲ့ ရိုးရာ

-ကောင်းမြတ် ရဲ့ ချော်လဲ၍ချက်နေကျဖြစ်ခြင်း

-ရီးကိုလေး ရဲ့ အစည်သည်သာ

-ရင်ငြိမ်းသူ (မော်လမြိုင်)ရဲ့

နွယ်ပင်လေးရဲ့အလင်းရောင် နဲ့

စတဲ့ဝိုင်းအတွင်း ရှင်သန်နေကြသူများ ပဲဖြစ်ပါတယ်။

❑

ဆန်းခါတင်စာရင်းဝင်လာတဲ့ ဝတ္ထုတိုများအနက် ဆရာ ရိုးကိုလေးရဲ့ 'အစည်သည်သာ' ဝတ္ထုတရွေ့ပိုင်းမှာ စိတ်ဝင်စားလောက်စရာ မရှိဘဲ နောက်ဆုံးစကားတစ်လုံးနဲ့သာ ဖမ်းစားထားတာဖြစ်ပါတယ်။ ကျွန်တော် အားရတဲ့အထွတ် ချုံ့ခဲ့ပါတယ်။ ဆရာမ မေးငယ်ရဲ့ 'ခိုရာမဲ့' ဝတ္ထုမှာ ပုတ်စီးနေတဲ့ မိုးကလေးတစ်ယောက်ရဲ့အကြောအနေနဲ့ ရေးထားတာ ဖြစ်ပါတယ်။ ကျွန်တော် အားရပါ။ ဆရာ ဓင်းတွန်းအောင်စိမ်းလွင်ရဲ့ 'ရိုးရာ' ဝတ္ထုက ရသထက် သုတများနေခြင်းကြောင့် ရသမပေါ်ထွင်ပါ။ ဆရာ အောင်ပြည့်အေး(ဆွောတ်)ရဲ့ 'လိမ္မော်နီရောင် ဆွေ ကောက်တဲ့နေ့' ဝတ္ထုက အသုဘတစ်ခုအကြောင်း အသေးစိတ်ရေးထားပြီး နောက်ဆုံးမှာ ကိုယ်ဖိုရင်ဖို လာရောက်ကူညီတဲ့ တိုင်းတစ်ပါးသားက သူ့ကိုတွယ်တွယ်သူများက ကျန်ရှိပစ္စည်းများ ပွဲလျှောင်းပေးဆပ်ခဲ့ကြောင်းကောက်ရိုက်တဲ့ဝတ္ထု ဖြစ်ပါတယ်။ အသုဘကိစ္စ အသားပေးထားပြီး ဝတ္ထုကုည်ကွက်က အားနည်းပါတယ်။

ဒါကြောင့် ဒီလောလောဆယ်စာမူများအပြင် ဆရာမ ဂူဦးမိုးအေး(မော်လမြိုင်)ရဲ့ 'ဇာတိဝိုင်းအတွင်း ရှင်သန်နေကြသူများ' (ဆရာမရဲ့ 'နွယ်ပင်လေးရဲ့ အလင်းရောင်' ဝတ္ထုကိုတော့ ဖွေရှုလုံးသားကတ္တာအတွက် ဖွေရွယ်ထားပါတယ်။)၊ ဆရာ လူဦးမိုးအေး(ဆီဒီးနဲ့)ရဲ့ 'ချိုးကလေး ကွယ်သာ'၊ ဆရာမ ဒွေရှေးထင်ထင်ရဲ့ 'သဝေထိုးခွေးဝဆွဲခွေ…ဝဋ္ဌနှစ်လုံးပေါက် ခွေး'၊ ဆရာ ကောင်းမြတ်ရဲ့ 'ချော်လဲ၍ခြင်း မနက်ဖြန် ဘို့ကို ဖွေရွယ်ထားပြီးကိုပါတယ်။

ဖွေအယ်စာများနဲ့ ပတ်သက်ပြီး ယြောဇနာရှိတာက ဖွေအယ်အနေနဲ့ ဖေးဝိုလာတဲ့ ဝတ္ထုများကို ကျွန်တော်တို့မြင်ပြီး မဆန့်တော်ပေးနေပါတယ်။ ဒီတစ်ခါကို ကျွန်တော် ရည်ရွယ်တာက စာရေးချင်စိတ်ပြင်းပြပြီး ကလောင်သွေးထိုးတဲ့ အယ်များအတွက် ရည်ရွယ်ခဲ့တာပါ။ အခုတော့ ဖွန်ဂိုင်းပေါ်မှာ လက်ရွေးချယ်နေကြတဲ့ ဆရာ၊ ဆရာမများကထည်း ဖွေအယ်ကတ္တာကို တိုးဝင်လာကြတာကို ဝမ်းသာမိပါတယ်။ ဥပမာ-ဒီလ ဖွေရွယ်တော်ပြပေးခဲ့တဲ့ 'ဖွေရှေးထင်ထင်'၊ မြို့လာက ဖွေရွယ်တော်ပြပေးခဲ့တဲ့ 'ရွှေဦးဝေ(လမင်းရောင်ပြည်)' တို့ ဖြစ်ပါတယ်။ ကျွန်တော်တို့က ဖွေအယ်အနေနဲ့ ဖွေရွယ်တာဖြစ်ပေမဲ့ သူတို့လက်ရာတွေကို အွန်ဂိုင်းမှာ ဖတ်ရှုတဲ့သူတွေက အသစ်အဆန်း ပေတုတ်ဘဲလို့ အော်ကတတ်ကြပါတယ်။ ဒါကြောင့် ဖြစ်နိုင်ပေမဲ့ဆိုရင်တော့ ကိုယ်သတ်ကို ကိုယ်ယုံရင် ဖွေတတ္တအနေနဲ့သာ ဝိုင်းရွေးပါတယ်။ ■

ဝင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကတ္တရာလမ်းမနှင့်
စာသင်ကျောင်းကြား ကျယ်ပြန့်သော
မြက်ခင်းပြင်ကျယ်၌
လမ်းဘက်မှ ကျောင်းဘက်ဆီ၊
တစ်ဖန် ကျောင်းဘက်မှ လမ်းမဆီ
လူးလာတုံ့ခေါက် တရိပ်ရိပ်
ကျွန်မတစ်ယောက်တည်း
အပြေးပြိုင်နေသည်။ ကွင်းပြင်ကျယ်ကို
ဖြတ်ပြေးလာသော လေအေးအေးကို
အဆုတ်ထဲ အားရပါးရ ရှူသွင်းလျက်
မြင်နိုင်စွမ်းသာရှိလျှင် ပြေးလမ်း
တစ်လျှောက် ကျွန်မ လွတ်ချခဲ့သော
တစ်စုံတစ်ရာကို တွေ့ရလိမ့်မည်။
ထိုတစ်စုံတစ်ရာသည်
ဖွင့်ဟခွင့်မရသမျှ သူမ၏ အစိုင်အခဲ

စက်ဝိုင်းအတွင်း

ရှင်သန်ကြသူများ

ရင်ငြိမ်းသူ၊ မော်လမြိုင်၊

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ဖြေလျှော့ခွင့်မရသမျှ သူမ၏ အကျိတ်အခဲဖြစ်သည်။

ပုံမှန်အားဖြင့် ကျွန်မတို့သည် တာဝန်များ ခဏကင်းလွတ်သည့် စနေ အားလပ်ရက်မတိုင်ခင် သောကြာလို ညနေခင်းများမှာသာ နောင် ရောက်လာမည့် ရက်သတ္တပတ်တွေအတွက် အားအင်ကို ခလို အပြေးပြိုင်ခြင်းဖြင့် ဖြည့်တင်းနိုင်ကြသည်။ ခြင်းချက်အနေဖြင့် ဗုဒ္ဓဟူးဖြစ်သည့် ယနေ့အတွက် ကျွန်မတို့ ဒီနေရာကိုရောက်လာခြင်းသည် သူမအတွက် သက်သက်သာဖြစ်သည်။ ကျွန်မ ပြေးသည်ကို သူမအား ငြိမ်ငြိမ်သက်သက် ထိုင်ကြည့်စေပြီး သူမအစား ကျွန်မက သူမ ဝန်ထုပ်ကို လွတ်ချနေခြင်းဖြစ်သည်။

နေ့လယ် ထမင်းစားချိန် မတိုင်ခင် 'နေ့ဝက်ဆေးခွင့်ယူမည်' ဆိုသော စာတိုလေး သူမဆီမှ ရောက်လာတော့ အမှုမဲ့ အမှတ်မဲ့သာ။ ညနေ ငါးနာရီခွဲလောက်မှာ ဘူတာရုံဘေး စားသောက်ဆိုင်မှာစောင့်နေမည် ဆိုလာပြန်တော့ ကျွန်မ စိတ်ထင့်သွားရသည်။ သူမ ငှားနေသော အိမ်သည် ကျွန်မအိမ်မှ ရထား ငါးဘူတာ အကွာမှာရှိသည်။ သူမအလုပ်လုပ်သော စက်ရုံ ရောက်ရန် ကျွန်မအိမ်နား ကားမှတ်တိုင်သို့ လာပြီး Shuttle bus စီးရသေးသည်။ သူမ အိမ်ပြန်ပြီး တစ်ခေါက်ပြန်ထွက်လာရလောက်အောင်ဟု တွေးမိသည့်အခါ ကျွန်မ စိုးရိမ်မှု ဒီဂရီ မြင့်တက်သွားရသည်။

> အို... တိမ်ဖြူတွေရယ် မင်းတို့ပခုံးထက် ငါ့ကို ထမ်းပိုးပြီး ငါ့ရဲ့အိမ်လေးဆီ ခေါ်ဆောင်သွားပေးပါလား' ဟု ကျွန်မက ညည်းတွားသလိုလို တိုင်တည်သလိုလို ရေရွတ်လျှင် ငဲ့စောင်းမကြည့်သော်လည်း သူမ ကျွန်မကို စူးစူးရှရှ ကြည့်နေမည်မှာ သေချာသည်

သူမကို မြင်တော့ ကျွန်မ စိုးရိမ်ထားသလို သူမ မျက်နှာလေးသည် အတော် ချောင်ကျနေချေပြီ။ နဂိုဖြူသည့် သူမ အသားရောင်သည် ဖျော့သည့်ဘက်သို့ ယိမ်းယိုင်လုလု။ ကျွန်မနှင့် သူမ သောကြာညနေတိုင်း ဆုံနေကျ။ ဒီသုံးလေးရက်အတွင်း ဒီမျှလောက် ပိန်သွားခဲ့ချေပြီ။ သူမက ရှေ့မှ ကျွန်မကိုလည်း မမြင်သယောင်။ တွေတွေငေးငေး ဆွေးဆွေးရီရီ။ အွေ့ပြယ်ပြီး ဆန်ပြုတ်အားလည်း တစ်ဖွန်း တလေ့မျှ မခပ်သေး။ လက်ယာမှ လက်ဝဲ၊ လက်ဝဲမှ လက်ယာ အခါခါမွေ့ခြင်းအားဖြင့် ပန်းကန်ကြမ်းခင်း၌ စိန်လက်စွပ်ကို စမ်းမိလေ မည်ထင်နေသလားဟု ကျွန်မ ခပ်ရွဲ့ရွဲ့တွေးမိသွားသည်။ တစ်ချက် တစ်ချက်သက်ပြင်းမောများလည်း ချသေးသည်။

နှမ်းဖပ်ဖပ် ညှိုးလျလျ သူမအားကြည့်ရင်း မချင့်မရဲဖြစ်လာသော ကျွန်မက 'အဲလောက်လည်း နုမနေစမ်းပါနဲ့။ အသက်နဲ့မှ အဝေးကြီးရယ်' ဟု ဘုတောမိတော့သည်။ ယခင်ဆို လျှင် စနောက်ကျီစယ်မှန်းသိသည့် တိုင် ပါးဖောင်းဖောင်းလေးများနီရဲသည်ထိ ရှူးရှူးရဲရဲ အသက်ရှူမြန်လာကာ ကျွန်မကို စိတ်ကောက်တတ်သည့် သူမက ခု ခပ်ယဲ့ယဲ့သာ ပြုံးပြလေသည်။

'ဆေးခန်းသွားတော့ ဆရာဝန်က ဘာပြောလဲ'

ဖျတ်ခနဲ သူမ မော့ကြည့်သည်။ ပြီးတော့ လေးတွဲ့စွာ ခေါင်းခါပြသည်။

'ဆေးခန်းလည်း မသွားဖြစ်ပါဘူး ချီရယ်။ ပြီးခဲ့တဲ့အခေါက်ကတည်းက ဆရာဝန်က ပြောပြီးသား။ နောက်တစ်ခေါက် ဗိုက်ပြန်အောင့်လာရင် ဆေးရုံမှာ ဆေးစစ်ဖို့လိုလိမ့်မယ်တဲ့။ ဆေးစစ်ရင် စရိတ်တွေက အများကြီး ကုန်မှာလေ။ လောလောဆယ်တော့ အစာမာတွေ မစားဘဲ အစား ဆင်ခြင်လိုက်ရင် သက်သာသွားမှာပါ'

သူမလက်ဖဝါးလေးအား ဆုပ်ကိုင်ပြီး အားပေးနေမိသည်။

'ဒါဆိုလဲကွယ် ... အိမ်မှာ သက်သောင့်သက်သာ နားနေပါတော့လား။ တစ်ခေါက် ပြန်ထွက်လာရတယ်လို့'

'စက်ရုံက ထွက်လာလာချင်း အခန်းပြန်ပြီး ခုတင်ပေါ် ခွေနေဦးမလို့ဘဲ။ ဒါပေမဲ့ နေ့လယ်ခင်းဆို အားလုံးအလုပ်သွားနေကြတာ။ တစ်ယောက်တည်း ယောင်ချာချာဟိုတွေးဒီတွေး ရောဂါတိုးလာတာထက် ချီတို့ အိမ်နားက ကလေးကစားကွင်းမှာ ဆော့နေတဲ့ ကလေးတွေကိုငေးနေတာက လက်ရှိဖြစ်တည်မှုကို တဒင်္ဂမေ့စေမယ်ထင်လို့ ထိုင်နေခဲ့တာ'

'လွင်ရယ်...'

ကျွန်မ လည်ချောင်းဝမှာ စကားလုံးတို့ ပျောက်ရှုကုန်သည်။ ထွက်ကျလာသည့် စကားတစ်ခွန်းက-

'မြက်ခင်းပြင်ထဲ သွားကြစို့'

ကျွန်မ ပြေးပြီး မော်လာတော့ မြစိမ်းရောင် မြက်ခင်းပြင်ကို မွေ့ရာအလားမှတ်ယူကာ သူမရှေ့မှာ ပက်လက်လန် လှဲချပြီး ကောင်းကင်ပြာပြာကိုမော့ကြည့်သည်။

'အို ... တိမ်ဖြူတွေရယ် မင်းတို့ပခုံးထက် ငါ့ကို ထမ်းပိုးပြီး ငါ့ရဲ့အိမ်လေးဆီ ခေါ်ဆောင်သွားပေးပါလား' ဟု ကျွန်မက ညည်းတွားသလိုလို တိုင်တည်သလိုလို ရေရွတ်လျှင် ငဲ့စောင်းမကြည့်သော်လည်း သူမ ကျွန်မကို စူးစူးရှရှ ကြည့်နေမည်မှာ သေချာသည်။ သူမ နှုတ်ခမ်းထောင့်ချိုးလေး ကွေးရုံ ပြုံးသွားတာကိုလည်း မျက်ဝန်းထောင့်မှတစ်ဆင့် မြင်လိုက်ရသည်။

'ဘာလဲ ချီ ဘာဆိုသူမ မသိလိုက်ပါဘဲ ယောက်

www.burmeseclassic.com

www.burmeseclassic.com

ဆက်ခတ်သွားမယ့် အချိန်ဆွဲ ကြိုလာမှာ စိုးတယ်ပေါ့'' ဟု တိုးတိုးလေး ပြောသော်လည်း ကျယ်လောင်သည်ဆင် ရသည့် စကားသံကို ကြားရလျှင် သူမ မျက်နှာပေါက အရိပ်ကို အလောတကြီး ရှာဖွေမိတတ်သည်။ သူမကိုယ်သူမ ယုံကြည်ခြင်းများ ဖိတ်လှျံကျနေသည်နှင့် ဆပ်တူညီစွာ အခံရခက် ကြွက်ခြင်းများ ရောစပ်နေသည့် အရောင်စပ်မျက်နှာကို မြင်ရသည့်အခါ တစ်စုံတစ်ရာ၏ စေ့ဆော်အားကြောင့် သူမကို ပွေ့ဖက်မိသွားပေလိမ့်မည်။

ယောက်ယက်ခတ်သည် ဆိုနိုင်လောက်သော ဖြစ်ရပ်ကို သူမ ဇာတ်ကြောင်းလှန်တုန်းက ကျွန်မမှာ မျက်လုံးအပြူးသား ရင်မောခဲ့ရသေးသည်။ နေရာဒေသ ကွာဟချက် တစ်ခုနှင့်တင် အပယ်က ကိစ္စက ဆူးတစ်ချောင်းနှယ် သူမရင်ကို စိုက်ဝင်သွားခဲ့ခြင်းဖြစ်သည်။

တနင်္ဂနွေ အလုပ်ပိတ်ရက်နှင့် ဟောလီးဒေးလ် (Holiday) ကြား တစ်ရက်တည်းသော အလုပ်ဖွင့်ရက်၊ သူမတစ်ယောက်တည်း အလုပ်လာသည့်ရက်၊ တံခါးခေါက်သံကြား၍ အဝင် တံခါးဖွင့် အပြင်ကိုအကြည့်၊ ဟထားခဲ့သော တံခါးက လေအရှိန်ဖြင့် ပိတ်သွား၊ ကံဆိုးစွာ လော့ခ်ကိုလည်း ချမိလျက်သား။ ပိုက်ဆံအိတ်၊ ဖုန်း၊ ရထား၊ ကားစီးသည့် ကတ်အားလုံး တံခါးချပ်၏ အတွင်းမှာ။ သော့ပိုရှိသော မန်နေဂျာကို ဆက်သွယ်ရန် ဖုန်းငှားဆက်ရအောင်လည်း အနီးဝန်းကျင်မှာ စက်ရုံများ သာရှိသဖြင့် အမျိုးသမီး ထက် ယောကျ်ားသားများသာ အများစုမို့ အကူအညီ တောင်းလိုက်ကာမှ အန္တရာယ်ကို ဖိတ်ခေါသလို ဖြစ်မှာလည်း စိုးရသေးသည်။ ဖုန်းငှားခဲ့သူရှိလျှင်တောင် ဖုန်းနံပါတ်တွေက မှတ်ဉာဏ်ထဲ နတ္ထိ။ အစဂဏန်း သိလျှင် အဆုံးနံပါတ် မသေချာ။ အဆုံးနံပါတ် မှတ်မိလျှင် အစဂဏန်း ဝေဝေဝါးဝါး။

တစ်နာရီလောက် ပျာယာခတ်ပြီးကာမှ သူမ သူငွေးဆီ အမြဲတမ်း ပစ္စည်းသွင်းခဲ့သည့် ကုမ္ပဏီမှ ကုန်အမှာလာပို့သည်နှင့် ကြုံ၍ မှတ်ဉာဏ်ထဲက အရောရော အထွေးထွေး အလုပ်သမားခေါင်းဆောင်ဖုန်းကို အခါခါခေါပြီး မန်နေဂျာကို ဆက်သွယ်ခိုင်းခဲ့ရသည်ဆိုမှ ကျွန်မမှာ သက်ပြင်းချနိုင်သည်။

ကျွန်မ ခုလိုမျိုး ပူပန်ပေးနေသည့် သူမသည် တစ်ချိန်က ကျွန်မ၏ အမြင်ကတ်ပုဒ်မနှင့် ငြိစွန်းခဲ့ဖူးသည်။ ရန်ကုန်သူ ကျွန်မက ရန်ကုန်မြို့ပေါ်ရှိ ကုမ္ပဏီတွေထက် လစာပိုသာပြီး၊ စားစရိတ်၊ နေစရိတ်အငြိမ်း၊ စနေ၊ တနင်္ဂနွေ ရန်ကုန်-နေပြည်တော် အသွားအပြန် ဖယ်ရီလည်း စီစဉ်ပေးမည်ဆို၍ နေပြည်တော်ရုံးခွဲရှိ ထိုအလုပ်ကို လက်ခံခဲ့သည်။ အလုပ်ဝင်စ ကျွန်မမှာ ကွန်ပျူတာမလွဲပြီး မည်သည့် စာရေးကိရိယာကိုမှ ဝန်ထမ်းရေးရာမှ ထုတ်မယူရသေး။ တစ်နေ့ အလွန်ကြီးမားသော အဆောက်အဦ၏ ခန့်မှန်းခြေကုန်ကျစရိတ်တွက်ရန် တာဝန်ယူရသည်။ အဆိုပြု ပုံစံငယ် Drawing သည် ရှုပ်ယှက်ခတ်လွန်းသဖြင့် အရောင်များနှင့် အပိုင်းလိုက် ခွဲထုတ်မှသာ ရှင်းလင်းမည်ဖြစ်၍ သူမ မရှိခိုက် သူမ စားပွဲပေါ် အသင့်တွေ့သည့် ရောင်စုံခဲတံများကို ယူသုံးလိုက်မိသည်။ သူမ သိသည့်အခါ သူတစ်ပါး ပစ္စည်းခွင့်တောင်းသင့်သည်ဆိုကာ ပေါက်ကွဲတော့သည်။ ဘာမဟုတ်တာလေးနှင့် ဆပ်ပြာပူဖောင်းလို အကဲဆတ်သည့် သူမကို အံ့လည်းအံ့သြ၊ နောက်ပိုင်း ခပ်တန်းတန်းသာ ဆက်ဆံမိသွားတော့သည်။

စကားဝိုင်းထဲ သူမဝင်လာလျှင် ထထွက်သွားသူမှာ ကျွန်မဖြစ်ပြီး အဆောင်နောက် ရေချိုးကန်၌ ကျွန်မအဝတ်လျှော်နေတုန်း သူမ လှမ်းလာတာမြင်လျှင် လျှော်လက်စ အဝတ်များကို ပင်တိုးလိုးတန်းလန်း ထားခဲ့လေ့ရှိသည်။ ဌာနခေါင်းဆောင်မှ သူမနှင့်အတူတူ ပရောဂျက်တွဲလုပ်မခိုင်းစေရန်လည်း တိတ်တိတ်ကျိတ် ဆုတောင်းဖူးသည်။ တစ်ခါ သူမ ညက သရဲခြောက်ခံရကြောင်းကို အကြောက်မပြေသေးဟန်ဖြင့် ထမင်းစားဆောင်မှာ ရင်ဖွင့်သံကြားရသည့်အခါ စိတ်ထဲ၌ လက်ခုပ်ပင်တီး၍ ဝမ်းသာလိုက်သေးသည်။

အဲသလိုနှင့် ကျွန်မ အစမ်းခန့်ကာလပြည့်ပြီး သုံးပတ်မြောက်မှာ ရန်ကုန်-နေပြည်တော် အသွားအပြန် ဖယ်ရီပေါ်မှာ တစ်ပတ်လည်း မဟုတ်၊ နှစ်ပတ်လည်းမက နယ်မြို့လေးကလို့ သိထားသော သူမကို တွေ့ရတော့ နီးစပ်ရာကို စပ်စုကြည့်မိသည်။ အို... သူမလို လူကောင်သေးသေးလေးမက် သည့်အိပ်မက်တို့ကို ချီးကျူးစိတ်ထက် လှောင်ရယ်စိတ်က အလေးသာခဲ့လိမ့်မည်။ ကျောတစ်ခင်းစာ ခက်ခဲသည့် ရန်ကုန်လို မြို့ပြမှာ သိရဲလောက် မိတ်ဆွေအိမ်မှာ အောက်ကျို့ခံတည်းပြီး လိုအပ်သည့် သင်တန်းအစုံစုံတက်သည်။ ရည်ရွယ်ချက်က နိုင်ငံခြားသို့ လှမ်းမည်။ ကျွန်မတို့လို ကိုယ့်ပိုက်ဆံနှင့် ကိုယ် ရင်းနှီးနိုင်သူတွေတောင် အဖြူအမည်း မသဲကွဲသည့် ရလဒ်အတွက် ခြေမလှမ်းရဲချိန်မှာ သူတစ်ပါး ထောင်ပေးမှ တက်ရမည့် လှေကားကိုနှင်းပြီး အမြင့်မှန်းနေသည့် သူမကို အပြစ်တင်ချင်မိခဲ့သည်မှာ အမှန်တရားပင်။ သို့ပေမဲ့ ကူညီဖေးမစကား မဆိုခဲ့တာတော့ အတို့အလှည့်၏ ရလဒ်သာပဲလေဟု ကိုယ့်ဘက်ကိုယ်ယက်၍ တွေးလိုက်သည်။

အချိန်တွေသည် တဖြုတ်ဖြုတ် ကြွေဆင်းသွားသည်။ သူမနှင့် နောက်ဆုံးနှုတ်ဆက်ပွဲညမှာ အားလုံးဆုတောင်းစကားပြောကြသော်လည်း ကျွန်မအလှည့်၌ လက်ကာပြပြီး မုန့်ကိုသာ ငုံစားနေခဲ့သည်။ သူမအလုပ်ထွက်၊ နိုင်ငံခြားရောက်ပြီး တော်တော်ကြာအောင် ကျွန်မမှာ စိန်ခေါ်မှုအသစ်တို့ကို ကြောက်ရွံ့လို့ အသားကျပြီး အလုပ်ကို မစွန့်နိုင်သေး။ နေပြည်တော်မှာ ပျော်နေခဲ့၊

www.burmeseclassic.com

လုပ်ဖော်ကိုင်ဖက် အစ်မများ၏အီးမေးလ်မှတစ်ဆင့် သူမ ပျော်မြူးနေသည့် ဓာတ်ပုံများ မြင်ရသော် ထူးပြီး မခံစားမိသော်လည်း တစ်လတစ်လ အိမ်ကိုလွှဲနိုင်သည့် ငွေပမာဏကို ကြားရတော့ ရုက်ရွံ့သည့် ခံစားချက်က သွေးကြောထဲ ဖြတ်စီးသွားသည်။ ကျွန်မ လခ ဆယ်လလောက်စုမှ သူမ၏တစ်လစာနှင့် ညီမျှမည်လေ။ ကျွန်မတို့ဌာနမှ တချို့လည်း သူမလျှောက်သည့်လမ်းကို မက်မောစွာ၊ နှစ်လိုစွာ ရွေးချယ်သွားချိန်မှာတောင် ကျွန်မမှာ မပြတ်သားနိုင်သေး။

ထို အချိန် မှ ၁ပင်ကံကြမ္မာ အချိန်တန်လာသည်ဆို ရလေမလား။ Settle ကျပြီး သူငယ်ချင်းက သူ့အောက်က လစ်လပ်ရာထူးအတွက် ထောက်ခံပေးမည်။ လာခဲ့လိုက်ဆိုသည်။ အလုပ်နေရာက သေချာနေပြီမို့ ကျွန်မ ရှည်ရှည်လျားလျားမတွေး။ ကျွန်မ ဒီကျွန်းနိုင်ငံလေးကို ရောက်နေမှန်း ကျွန်မဖေ့ဘုတ် စာမျက်နှာမှတစ်ဆင့် သူမ သိတော့ လိပ်စာမေးပြီး အပြေးလာတွေ့သည်။ မုန့်ဝယ်ကျွေးသည်။ သူမကူညီနိုင်မည့်အရာမေးသည်။ ကျွန်မ ပစ်ပစ်ခါခါ ကျောခိုင်းထားဖူးသည့် သူမကို တအံ့တသြ ငေးကြည့်နေမိသော ကျွန်မကို "ဒီလိုပဲ၊ ခံစားတတ်လာလိမ့်မယ်။ အရင်က မခင်ခဲ့လည်း မကျွမ်းဝင်ခဲ့လည်း ကိုယ်ရှူခဲ့ဖူးတဲ့ လေတချို့ သူလည်း ရှိုက်ခဲ့ဖူးပါလား ဆိုတဲ့ အသိနဲ့တင် လုံလောက်ပြီ" ထိုစကားကို ခုတိုင်

ကိုယ့်ပိုက်ဆံနှင့် ကိုယ် ရင်းနှီးနိုင်သူတွေ တောင် အဖြူအမည်း မသဲကွဲသည့် ရလဒ်အတွက် ခြေမလှမ်းရဲချိန်မှာ သူတစ်ပါး ထောင်ပေးမှ တက်ရမည့် လှေကားကိုနင်းပြီး အမြင့်မှန်းနေသည့် သူမကို အပြစ် တင်ချင် မိခဲ့သည်မှာ အမှန်တရားပင်

မှတ်မိနေသေးသည်။

ဖုန်းစဆက်သူက သူမ သာဖြစ်ပြီး သောကြာညနေ ခင်းတိုင်း ဆုံရန်ချိန်းသူက လည်း သူမသာ ဖြစ်သည်။

မောင်နှမများသော မိသားစု၏ အကြီးဆုံးသမီးမို့ မိသားစု၏ ဂရုစိုက်မှု၊ အလိုလိုက်မှုအားလုံး အငယ်တွေကို ဦးစားပေးခဲ့ ရသော၊ မေတ္တာနှို့ရည်ကို မစို့မပို့ သောက်သုံးခဲ့ရသော သူမ၏ နောက်ခံကို သူမ၏ မျှဝေမှုများမှ ခပ်ပါးပါး ပုံဖော်မိလာချိန်မှာ နေပြည်တော်မှာတုန်းကလို သူမကို အမြင်ကတ်သည့်နေရာမှာ ကရုဏာစိတ်က အစားဝင်လာသည်။ ကျွန်မက သူမ အပါအဝင် သူငယ်ချင်းများ ကိုယ့်ကို အသိမပေးဘဲ တစ်နေရာရာ လည်ပတ်လျှင်ဖြစ်စေ၊ တွေ့ဆုံပွဲလုပ်လျှင်ဖြစ်စေ မည်သို့မျှ မနေသော်လည်း ကျွန်မသူမကို မခေါ်ဘဲ တစ်နေရာရာသွားမိလို့ တစ်နည်းနည်း ဖြင့်ပြန်သိလျှင် သူမက တဖျစ်တောက်တောက်။ အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်သော်လည်း လူသဘာဝကိုက ကိုယ့်ကိုနေရာပေးလျှင်၊ တွယ်တာလျှင် သဘောကျတတ်ကြသည်လေ။

တစ်ဆင့်ထက် တစ်ဆင့် မြင့်မားသော ပညာတို့ကို သင်ချင်သည့် သူမ၊ သူတကာထက် ရှေ့ရောက်လိုသော သူမ၊ ကျွန်မ မြင်ရသည်မှာ အားနှင့်ဝန် မမျှစွာ ပင်ပန်းကောင်း ပင်ပန်းမည် ဖြစ်သော်လည်း သူမ အမှန်တကယ် ပျော်ရွှင်နေဖို့သာ မျှော်လင့်ပါသည်။

ကျွန်မတို့နှစ်ဦး အိမ်လွမ်းဝေဒနာများ တူတူသီဆိုလိုက်၊ တစ်ယောက်က တစ်ယောက်ကို ဖေးမလိုက်ဖြင့် ရာသီစက်ဝန်း တစ်ပတ်ပြည့်သွားသည်။ တော်သင့်ရုံ လောက်သာ မိဘဆီ ငွေပြန်လွှဲရလျှင် ငွေကြေး အတိုင်း အတာတစ်ခုထိ စုမိပြီး လောက်သည့် အချိန်ကာလမို့ ဘွဲ့လွန်ဆက်တက်သော် ကျပ်ကျပ်တည်းတည်း မဖြစ်သော်လည်း မိသားစုကို ငဲ့ရသည့် သူမအဖို့ ဒုတိယ ရာသီစက်ဝန်း တစ်ပတ်စာလောက် စောင့်စေချင်ခဲ့သည်။ သဘာကြားမင်း ဆင်းတားလျှင်တောင် မဖြို့မည့် သူမက သူတို့ နိုင်ငံ အသိအမှတ်ပြု စာရွက်လေး တစ်ရွက်မှ မကိုင်ထားလျှင် မည်မျှ အရည်အချင်းရှိရှိ နောက်တန်းက နောက်တန်းဆိုသည့်စကားကို ကျွန်မ မငြင်းနိုင်။

သူမ ကျောင်းတက်သည့်အခါ ခပ်စိပ်စိပ် မဆုံဖြစ်တော့ဘဲ ခပ်ကျဲကျဲသာ တွေ့နိုင်တော့သည်။ တစ်ပတ် တစ်ပတ် တင်လိုက်ရသည့် Assignment များ၊ တစ်လ တစ်လ ဖြေလိုက်ရသည့် Tutorial များ၊ ဦးနှောက် ပေါက်ထွက်တော့မည်။ စာမေးပွဲ မဖြေခင် ရူးသွားနိုင်သည်။ ဖုန်းထဲမှ လည်း ညည်းသည်။ မက်ဆေ့ချ်များလည်း ရသည်။ ကျွန်းမာရေး မပျေ့ဆရန်လည်း ကျွန်မက တဖွဖွသတိပေးရသည်။

တစ်ဖက်က သူမ ထိုသို့ထိုနှယ် စိတ်ဖိစီးနေချိန် ဒီဘက်မှ ကျွန်မကလည်း ကြိုတင်မျှော်လင့်ပြီးဖြစ်သည့်တိုင်၊ အကြိမ်ကြိမ် အသင့်ပြင်ထားပြီးဖြစ်သည့်တိုင် ဒီနိုင်ငံသူ၊ နိုင်ငံသားများဆီမှ အကြင်နာတရားကို ငှဲ့လင့်နေမိ၍ ကိုယ့်ဘာသာ ဒေါသထွက်နေရသည်။ အချိန်ကာလ ဒဏ်ကြောအောင် လက်တွဲဆောင်ရွက်ခဲ့သမျှ အကောင်းချည်း ရလဒ်မှာ တစ်ခါတစ်ရံ ချွတ်ချော်မှု အတွက် ကျွန်မကို နားလည်ပေးစေချင်သည်။ တစ်ချိန်က မက်မက်မောမော လိုချင်ခဲ့သော ငွေကြေး အတိုင်း အတာကိုလည်း မိဘဆီ ပြန်နိုင်သည့်နည်းတူ သေဆုံးသွားသည့် တက်ကြွမှုများ မြုပ်နှံလိုက်ရသည့် လက်ဆတ်မှုများကို ကျန်းတော်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

'မေးလ်ထဲမှာ သတင်းကောင်းပြောမယ်လို့ ရေးထားတာ ဘာများလဲ ယောကျ်ားယူတော့မို့လား'

'ဟာ...ဟ မဟုတ်ပါဘူး ချို။ လွင် အပြီးပြန်လာတာ။ နယ်ပြန်ပြီး မိဘ၊ မောင်နှမတွေနဲ့ပဲ လုပ်ကိုင်စားတော့မလို့'

'ချိုရော အရင်စိတ်ကူးခဲ့ဖူးသလို စားပင်သီးပင်တွေ စိုက်ပြီး အေးအေးချမ်းချမ်းပေါ့'

ကျွန်မ လေးတွဲ့စွာ ခေါင်းယမ်းပြလိုက်သည်။

'ခု TOEFL ဖြေဖို့ သင်တန်းတက်နေတာလေ'

' TOEFL...'

သူမ သံယောင်လိုက်သည်။

'ဘာလုပ်ဖို့လဲ'

' TOFEL ပါဆို။ ကျောင်းလျှောက်မလို့ပေါ့'

'ကျောင်း'

သူမ သံယောင်လိုက်ပြန်သည်။

'အဲလိုမကြည့်နဲ့ လွင်။ ဘယ်သူ့အတွက်လဲ။ ဘာအတွက်လဲ။ ကိုယ့်မှာ အဖြေမရှိဘူး။ နောင်လည်း အဖြေရှိလာ၊ မရှိလာ မသေချာဘူး'

ကျွန်မနှင့် သူမကြား တိတ်ဆိတ်သွားခဲ့သည်။ ထို့နောက် လမ်းခွဲလိုက်ကြသည်။ ကျွန်မဖြစ်စေ၊ သူမဖြစ်စေ၊ တစ်ဦးတစ်ယောက်ဖြစ်စေ လည်ပတ်မှုစက်ဝိုင်းအတွင်းမှ ရုန်းထွက်နိုင်လိမ့်မည်ဟု တပ်အပ်သေချာမပြောနိုင်ပေ။

■

ရင်ငြိမ်းသူ
၊မော်လမြိုင်၊

သူမ ရူးသွားချေပြီဟု ကျွန်မ တွေးလိုက်သည်။

'လုံးလုံးလျားလျား ရူးသွားရင်လည်း ကောင်းသား။ ခုဆို မှောင်လာမှာကို စိုးထိတ်နေပြီ ချိုရယ်၊ မျက်လုံးမှိတ်လိုက်လို့ အမှောင်ကမ္ဘာထဲရောက်သွားတိုင်း မြင်မက်မယ့် အိပ်မက်တွေကို'

'အိပ်မက်ထဲမှာလေ ဖေဖေက လက်ယပ်ခေါ်နေတာ။ မျက်နှာကလည်း ဖွေးဆွတ်လို့။ ဖေဖေဆီ ပြေးသွားလေ ဖေဖေက ခြေလှမ်းဆုတ်သွားလေလေ။ အိမ်ကို ဖုန်းဆက်မေးတော့လည်း နေကောင်းတယ် စိတ်မပူပါနဲ့တဲ့'

'တချို့ညတွေမှာတော့ လွင်က လွင်တို့အိမ်တံခါးကို ခေါက်တာ။ ဒါပေမဲ့ ဘယ်သူမှ မကြားဘူး။ အဲလို ဆင်တူအိပ်မက်တွေ ရက်ဆက်လာတော့ မှောင်လာမှာကို ကြောက်နေမိရော'

'ပြီးတော့ မက်သေးတယ်။ ကိုယ့်အိမ်ကို ပြန်တဲ့လမ်းကို တောင် လွင်က မမှိတ်မိဘူးတဲ့လေ'

ကျွန်မအတွက် အချက်ပေးခေါင်းလောင်းသံတွေ ညံဆူသွားသည်။ ကျွန်မ အလုပ်ထွက်စာတင်တော့ သူ့ဘေးက တားသည်။ ဘဝအာမခံချက်၊ တက်လမ်း၊ ကွာခြားမှုကို ဧယာဒွေ့ ယူ ဥ ပြသည်။ စကားလုံးနှင့် ဆွယ်သည်။ ငွေကြေးနှင့် မျှားသည်။ မည်သို့ဆိုစေ ကျွန်မ မိဘအရိပ်အောက် ပြန်ခိုဝင်ခဲ့သည်။

တချို့လည်း သူတို့တွေဝေနေသည့် အရာကို ကျွန်မ ရဲဝင့်သွားသည့် အတွက် ထောမနာ ပြုကြသည်။ တချို့လည်း အားကျကြသည်။ တချို့က မိုက်ရူးရဲဆန်လိုက်တာဟု အပြစ်ဆိုချင်ကြသည်။ ကျွန်မကတော့ ကျွန်မ ရွေးချယ်မှုအတွက် ကျေနပ်ပျော်ရွှင်ခဲ့ရသည်။

❑

ကျွန်မနှင့်သူမ ရေမြေခြားသွားသော်လည်း ဆက်သွယ်မှုကြိုး ပြတ်မသွားခဲ့ကြချေ။ သုံးပတ် တစ်ခါ သို့မဟုတ် တစ်လ တစ်ခါ လူချင်း မတွေ့လျှင်တောင် စာအသွားအလာ Email ချန်ခဲ့ကြသည်။ သူမ ဂုဏ်ထူးများဖြင့် မာစတာဘွဲ့ သိမ်းပိုက်နိုင်ကြောင်း သိရတုန်းကလည်း ကျွန်မ သူမနှင့် ထပ်တူ ဝမ်းသာရသည်။ ရာထူးတွေ တစ်ဆင့်တစ်ဆင့် မြင့်၊ လစာတွေ တစ်စ တစ်စ တက်၊ လုပ်ပိုင်ခွင့်တွေ ပိုလာကာ အောင်နိုင်ခြင်း အလံတိုင် စိုက်ထူနိုင်ပြီဆိုတုန်းကလည်း မုဒိတာပွားရသည်။

'အိပ်မက်တွေ မက်တုန်းပဲလား' မေးတော့ 'အသားကျနေပါပြီ' ဆိုသည့် သူမကို 'တရားနာ၊ သတိပဋ္ဌာန်ကို အလေ့အကျင့်လုပ်' ဟု စိတ်ပူပင်စွာ သတိပေးခဲ့သေးသည်။ အလှုပ်အရှေ့၊ အတက်အဆုတ် ငြိမ်သော ကျွန်မအခြေအနေထက် သူမ အနေအထားကိုသာ ပြောဖြစ်သည်ကများသည်။ ဟော ခု သူမနှင့် ပြန်ဆုံရတော့မည်။

'ဘယ်လို လွင် ကိုယ်ရှူခဲ့ဖူးတဲ့လေကို ပြန်ရှူရတဲ့ ခံစားချက်'

သူမ လက်မထောင်ပြသည်။

'ဘာကို မျော်လင့်တာလဲ။ ဘာကို တောင့်တနေတာလဲ။ လိုချင်တဲ့ငွေကြေး သူတို့ဘက်က ပုံပေးထားပြီးပြီ။ ကိုယ့်ဘက်ကလည်း ပေးဆပ်သင့်သလောက် ပေးဆပ်ပြီးပြီ။ ဘာကိုထပ်ပြီး လိုချင်သေးတာလဲ'

'မေတ္တာလား၊ အကြင်နာလား၊ ဂရုစိုက်မှုလား၊ ဒီ Type, ဒီ Standard ကို သိနေရဲ့သားနဲ့ မျော်လင့်နေသေးတယ်ဆိုရင် မျော်လင့်သူ အလွန်လား၊ မပေးသူ အလွန်လား'

'ဘာအတွက် ကြိုးစားနေတာလဲ။ ဘယ်သူ့အတွက် ကြိုးစားနေတာလဲ။ ကိုယ့်လောဘက ကိုယ့်ကို ကြိုးကိုင်နေတာ။ အရေးကြီးဆုံးက ပိုက်ဆံလား။ ပိုက်ဆံတွေတော့ စုမိလာပါရဲ့။ ပညာပိုင်းမှာလည်း နိုင်ငံတကာ အတွေ့အကြုံတွေ ရလာပါရဲ့။ တစ်ချိန် ဒါတွေကို တမလွန်ဆီ သယ်သွားနိုင်မှာမို့လား'

ဒီကြားထဲ သူမက လစာသာသည့်အလုပ်ကို ခုန်ကူးလိုက်သေးသည်။ ကျွန်မ အနေနှင့် ကျောခိုင်းထားခဲ့တော့မည်တွေးလိုက်၊ မက်မောလောက်စရာ အခွင့်အရေးများက လှမ်းဆွဲထားလိုက်၊ လုံးလည်ချာလည် သံသရာလည်ရင်း မဆုံးဖြတ်နိုင်သေး။ ဆန့်တင်ငင် ကျွန်မ ဆုံးဖြတ်ချက်ကို တိခနဲပြတ်ကျသွားနိုင်မည့်ဓားသွားကို သူမက ဒုတိယ နှစ်ဝက်စာမေးပွဲဖြေအပြီးမှာယူဆောင်လာခဲ့သည်။

'အမှောင်မပါရင် ညက သူ့ဘာသာရပ်တည် မနေနိုင်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

'မကြူ...
ဟိုမှာကြည့်စမ်း'
နွယ်နွယ် ညွှန်ပြရာသို့
မကြူအကြည့်
ရောက်သွားသည်။
ခွေးပေါက်စသေး
သေးလေးတစ်ကောင်၊
ဝိုပြီး တိတိကျကျဆိုရလျှင်
အလွန်
ချည့်နဲ့ပိန်လှီနေသော
ခွေးပေါက်စလေးပါ။
'သူ့ကို ထမင်းကျွေး
လိုက်ကြရအောင်'
နွယ်နွယ်က
ခွေးပိန်လေးအပေါ်
အလွန်ကရုဏာ
သက်သွားပုံပင်။
ပြောပြောဆိုဆို အိမ်ရှေ့မှ
မီးဖိုခန်းဆီသို့
လှစ်ခနဲ ပြေးဝင်သွား၏။
ပြန်ထွက်လာတော့
ထမင်းနှင့်ဟင်း
တစ်ပန်းကန်ပါလာပြီး
အိမ်ရှေ့လှေကားထစ်နားတွင်
သတင်းစာလေးတစ်ရွက်
ခင်းကာ
ထမင်းပုံကျွေးနေ၏။
ယိုင်နဲ့နဲ့ ခွေးလေးက
အနားမလာရဲရှာ။
လူကြောက်နေပုံပင်။
နွယ်နွယ်က

သဝေထိုး ခရွေးဝဆွဲ ဒွေ...
ဝဓွေ နှစ်လုံးပေါက် ဒွေး...

ရွှေရေးထင်ထင်

www.burmeseclassic.com

www.burmeseclassic.com

တမ်း မက်မက်မောမော စား လေ့ရှိသော ထိုအပျိုကြီးသည် ပုတီးလေး လည်မှာ ဆွဲ၍ လောကီချမ်းသာစည်းစိမ်တို့မှာ အတုအယောင်များဖြစ်ကြောင်း မသာယာသင့် ကြောင်း တရားများ ဟောပြောနေ သည်က ရှေ့နောက် မည် ညှတ်လှပြီကော။

တစ်ခါက ကျောင်း ဝိတ်ရက်တွင် 'သူငယ်ချင်း များနဲ့ ရုပ်ရှင်ကြည့်၊ ဈေး ဝယ်ထွက်၊ မုန့်စား၊ လျှောက် လည်ပစ်လိုက်မယ်'ဟု ဒေါ် တင်အေးရွှေ့တွင် နွယ်နွယ် စိတ်ကူးယဉ်ထားသမျှကို အာချောင်ခဲ့ဖူး၏။ တကယ် တမ်းတွင် စိတ်ကူးလေးအား အကောင်အထည်ဖော်နိုင်သော အင်အား သူမမှာ မရှိပါ။ 'ဖြန်း'ဖို့ မဆိုထားဘိ 'သုံး'ဖို့ ပင် လောက်အောင် မနည်း စိစစ်ရသည်။ နယ်မှ မိဘများ ပို့ပေးသော ခပ်ပါးပါး ငွေ လေးကို သင်တန်းလခ၊ အဆောင်လခ၊ စားစရိတ်၊ သွားစရိတ်များ လောက်ငှ အောင် ခွဲခြမ်းစိတ်ဖြာရသည် မှာ အလွန် စိတ်မောဖွယ် ကောင်းလှ၏။

လဆန်းရက်တိုင်းတွင် အဝတ်အစားအသစ် ဝယ်သည် ဆိုသော အတွေးကို သူ တွေးခဲ့စမြဲ။ သို့သော် ကန့်ကွက် ရွှက်က ရွှေဈေးနှင့်အပြိုင် ဈေးတက်လာသော ဤ ခေတ်၊ မုန့်ဟင်းခါးစားပြီး ဟင်းရည် အဆစ်တောင်းမီ လျှင် ငွေတစ်ရာ ထပ်ပေး သော ဤခေတ်၊ ဗိုက်နာ ခေါင်းကိုက်ဖြစ်၍ ဆေး ပြေးရသောအခါ ကောင်း ဂဏန်းနီးပါး ကုန်ကျသော

ဝိတ်ရက်လေး ဘာလေးမှာ ဘုရား သွား၊ ပုတီးစိပ်လေး လုပ်ပါလား ငါ့တူမတို့ရယ် စိတ်အေးချမ်းမှု ရလိုက်ပါဘိနဲ့ အလကားနေရင်း ဈေးဝယ်ထွက် ရုပ်ရှင်ကြည့် မုန့်စားနေရင် ငွေကုန် အကျိုးမရှိဘူးကွဲ့

မကြွေက ဘာမှ ဆက် မပြောတော့။ ကိုယ်မပိုင်သော နေရာဖြစ်၍ အနေအထိုင် ဆင် ခြင်ရန် အမြဲ သတိချပ်ရလေ သည်။ သူမတို့က ဤမိန်း ကလေးအဆောင်တွင် ငှား ရမ်းနေထိုင်ကြသူများပါ။ အငြိမ်းစား ကျောင်းဆရာမ ဟောင်း အပျိုကြီး ဒေါ်တင် အေးက ဤ ၇ ထပ်တိုက်၏ မြေညီထပ်နှင့် ပထမထပ်တို့ အား ဝယ်ယူပြင်ဆင် အခန်း ဖွဲ့ပြီး မိန်းကလေးအဆောင် ဖွင့်ထားခြင်း ဖြစ်သည်။ တစ် ကိုယ်ရေ တစ်ကာယ အပျို ကြီးက မြေညီထပ်ရှိ မီးဖိုခန်း နံဘေး အခန်းကျဉ်းလေးတွင် သာ နေသည်။ သန့်ရှင်းသပ် ရပ်သော ဤအဆောင်လေး က ရန်ကုန်မြို့အတွင်းနှင့် သိပ်မဝေးလှ၍ အတော် ကလေး အချက်အချာကျ သည်ဟု ဆိုနိုင်ပါသည်။

'မနွယ်တို့ ဒီနေ့ အတန်း မရှိဘူးလား'

'ဒီနေ့ ဝိတ်ရက်ပါ ဒေါ်ဒေါ်'

'ဝိတ်ရက်လေး ဘာ လေးမှာ ဘုရား သွား၊ ပုတီး စိပ်လေး လုပ်ပါလား ငါ့ တူမတို့ရယ်။ စိတ်အေးချမ်းမှု ရလိုက်ပါဘိနဲ့။ အလကားနေ ရင်း ဈေးဝယ်ထွက်၊ ရုပ်ရှင် ကြည့်၊ မုန့်စားနေရင် ငွေကုန် အကျိုးမရှိဘူးကွဲ့။ ကုသိုလ် ဘာဝနာဆိုတာ ယူနိုင်တုန်း ယူထားရတာ။ ကြီးတယ်၊ ငယ်တယ် အသက်အရွယ် ရွေးမနေနဲ့'

ဟော စလာပါချေပြီ။ နွယ်နွယ်နှင့် မကြွေက အချင်း ချင်း မျက်စပစ်ပြီး အလျှိုလျှိုနှင့် အပေါ်ထပ်သို့ တက်လာခဲ့ လိုက်ကြ၏။ ထိုအဆောင်ပိုင် ရှင် အပျိုကြီးက တွေ့တာနှင့် တရားဟောလေတော့သည်။ ကုသိုလ်၊ ကမ္မဋ္ဌာန်း၊ သီလ စသည့်တရားစကားများကို တွင်တွင်သုံးပြောတတ်၏။ ထိုအခါတိုင်း နွယ်နွယ်က ဝါးလုံးကွဲအောင် ရယ်ပစ် လိုက်ချင်သည်။ TV မှ ကိုရီး ယားဇာတ်ကား လာချိန်တိုင်း အလွတ်မခံတမ်း စောင့်ကြည့် လေ့ရှိသော၊ အဆောင်လခ ပေးချိန်နောက်ကျလျှင် မျက် ထောင့်နီကြီးဖြင့် ကြည့်လေ့ ရှိသော၊ အစားအသောက် ကောင်းလေးတွေဆိုရင် မထ

စိတ်ရှည်ရှည်နှင့် ခေါ်တော့မှ ခွေးလေးက မရဲတရဲနှင့် ထမင်းပုံနား တိုးလာကာ စား၏။

'မင်း တစ်ကောင် တည်းလားကွ မမေ မပါ ဘူးလား၊ နောက်နေ့ ဆာရင် မမတို့ဆီ လာစားနော် မမေ့ ကိုပါ ခေါ်ခဲ့'

တိရစ္ဆာန်ရစ်တတ် သော နွယ်နွယ်က ခွေးလေး ကို ထပ်မံ ဖိတ်ခေါ်စကား ဆိုနေ၏။ စားပြီးသွားသော ခွေးလေးက လူစကား နား လည်သည်အလား နွယ်နွယ့် ကိုမော့ကြည့်နေသည်။ ကျေး ဇူးတင်ကြောင်း အမြီးလှုပ် ပြပြီး အာဟာရပြည့်ဝသော ခြေလှမ်းများဖြင့် ခပ်သွက် သွက် ပြေးထွက်သွားလေ သည်။

'အောင်မယ်လေး... မိရွှေနွယ်ရယ် နင်က ထပ်လာ ဖို့ ခေါ်နေသေးတယ်၊ ဒေါ် တင်အေးကြီး တွေ့သွားလို့က တော့ အပြောခံနေရဦးမယ်။ သူက အိမ်နားမှာ ခွေးစာ ကျွေးရင် ကြိုက်တာ မဟုတ် ဘူး'

'အို အဲဒါက သူတစ် ပါးအိမ်နားမှာ စည်းကမ်းမဲ့ ပစ်စလက်ခတ် အစာပုံကျွေး သွားတဲ့သူတွေကို ပြောတာ ပါ။ နောက်နေ့ ခွေးလေး ထပ်လာရင် နွယ်က ပန်းကန် လေးနဲ့ သန့်သန့်လေး ကျွေး မှာ။ သူ စားပြီးရင် ပန်းကန် ပြန်သိမ်း အမှိုက်လှည်းကျင်း ပြန်လုပ်ပေးမှာပေါ့။ အဲဒီလို လုပ်ရင် ဒေါ်တင်အေးကြီး ဘာမှ မပြောသာပါဘူး'

'ကြည့်လုပ်ပေါ့ မရွှေ နွယ်ရယ်'

www.burmeseclassic.com

www.burmeseclassic.com

ဤခေတ်တွင် မည်မျှ ချွေတာ
ခဲ့ဦးတော့ သူမ၏ အတွေး
လေးသည် အကောင်အထည်
ဖြစ်မလာခဲ့ပေ။ ထိုအခါတိုင်း
သူမက နယ်တွင် ရိုးရိုးသား
သား လုပ်ကိုင်ကြိုးစားနေ
သော အဖေ့ကို မဆီမဆိုင်
အပြစ်လှမ်းဖို့မိတော့သည်။

'အဖေရယ် သူဌေးကြီး
ဖြစ်အောင် ကြိုးစားခဲ့ပါရော့
လား'

❑

'မိန္ဓယ်ရေ နင့်အကောင်
ရောက်နေတယ်၊ မြန်မြန်လေး
ဆင်းလာခဲ့စမ်းပါ'

မကြူ၏ အလန့်
တကြား အော်သံကြောင့် နွယ်
နွယ် ကပျာကယာ အပေါ်
ထပ်မှ ပြေးဆင်းလာ၏။ မနေ့
က အစာကျွေးလိုက်သော
ခွေးကလေးသည် သူမိသား
စု တစ်အုပ်တစ်မကြီးကို ခေါ်
လာကာ ရောက်နေပါ
ပကော။ နွယ်နွယ်ကိုမြင်တော့
ထိုခွေးကလေးက တဝုတ်
ဝုတ်ဟောင်ကာ အမြီးနှဲ့ပြ
၏။ ခွေးလေး၏ ဆွဲညှဲသံ
ကြောင့် ဒေါ်တင်အေးနှင့်
အခြား အဆောင်သူများပါ
ပြေးထွက်လာကြသည်။ နွယ်
နွယ်က ခွေးအကောင် အရေ
အတွက်ကို စိတ်မှန်းဖြင့်
ရေတွက်ကြည့်လိုက်တော့
စုစုပေါင်း ၇ ကောင်။ မနိုင်ဝန်
ထမ်းချင်သော နွယ်နွယ့်ကို
အားလုံးက အပြစ်တင်ချင်ကြ
သည်။ သို့သော် နွယ်နွယ်က
ဘာကြောင့်မှန်းမသိ သဒ္ဓါ
တရားထက်သန်ချင်နေမိ၏။

နွယ်နွယ် ချက္ကွေးသမျှ
ကို မြိန်ရေရှက်ရေနှင့် စား
ကြသော ခွေးလေး ၇ ကောင်
ကိုမြင်ရတော့ ဝမ်းသာကြည်
နူးမိရသည်။ မနေ့က သူမဆီ
စရောက်လာသော အညို
ရောင် ခွေးထီးလေးက အား
လုံးထဲတွင် အသွက်ဆုံး၊ ချစ်
စရာ အကောင်းဆုံးဖြစ်၏။
သူ့ကို 'အညိုလေး' ဟု
နာမည်ပေးထားလိုက်သည်။

'မနက်ဖြန် ဘယ်လို
လုပ်မလဲ နွယ်'

မကြူက တွေးပူ၏။
ဆန်ကွဲ တစ်ပြည်ကို ခွေး ၇
ကောင်အား ဘယ်နှရက်
ကျွေးလို့ရနိုင်မည်နည်းဟု
နွယ်နွယ့်စိတ်ထဲက တွက်နေမိ
သည်။ တစ်လနှင့် တစ်လ
ကိုယ့်စရိတ်တောင် အနိုင်နိုင်
လောက်ငအောင် သုံးနေရ
သော နွယ်နွယ်အဖို့ ခွေး ၇
ကောင် စားစရိတ်ကို ရေရှည်
ထမ်းနိုင်ပါ့မလားဟု တွေး
တော့ ပူမိသား။

❑

နွယ်နွယ် ဝယ်လာ
သော ခွေးလည်ပတ်
အကောင်းစားလေးကိုကြည့်
ပြီး မကြူက သက်ပြင်းချ
သည်။

'နင့်မှာ ဘယ်က ငွေပို
ရှိလို့ ဝယ်လာတာလဲ နွယ်'

နွယ်နွယ်က ပြန်မဖြေ။
ပြုံး၍သာ ငြိမ်နေသည်။
ဒေါ်လေး ဆင်ပေးခဲ့သည့်
တန်ဖိုးနည်း ရွှေနားကပ်လေး
အား ခွေးကလေးများ၏ စား
စရိတ်အတွက် စွန့်လွှတ်လိုက်
ခြင်းမှာ အများအမြင်တွင်
လွန်သည် ထင်အံ့၊ နွယ်နွယ်
အတွက်တော့ မလွန်ပေ။

တစ်လခွဲခန့် ကောင်းမွန်
စွာ ကျွေးမွေး၍ ရေချိုး
သန့်စင်ပေးထားသောအခါ
အညိုလေးသည် ဖွံ့ဖွံ့ထွား
ထွား ညီညီညာညာ စိုစိုနှင့် ချစ်
စဖွယ်လေး ဖြစ်လို့နေလေ
သည်။ ယခုဆိုလျှင် မြင်သူ
တိုင်းက အညိုလေးကို ငေး
ကြသည်။ အညိုကလေးက
လည်း နေရာစုံ ခြေဆန့်လည်
ပတ်နေတတ်တော့ သူမမှာ
ပူပင်ရလေပြီ။ အညိုလေး
အား ကြိုးချည်ထားရန်
ကြိုးစားဖူးသော်လည်း
အဆော့မက်သော အညိုလေး
က တအိန်အိန် အော်ငိုလွန်း၍
အထမမြောက်ခဲ့။ အမျိုးမျိုး
ချွေတာကာ ကျွေးမွေးလာခဲ့ရ
ပြီးမှ အညိုလေးကို တစ်ပါး
သူများက မောင်ပိုင်စီးသွား
မှာ သူမ စိုးရိမ်နေမိသည်။
ဒီတော့ အညိုလေးမှာ ပိုင်ရှင်
ရှိမှန်းလူသိအောင် ပြသဖို့
လည်ပတ်ကောင်းကောင်းလေး
တစ်ခုတော့ လိုလာပြီလေ။

သို့သော် တကယ်တမ်း
နွယ်နွယ် ခြေတစ်လှမ်း
နောက်ကျလို့သွားလေပြီ။
ထမင်းစားချိန်တွင် ရောက်
လာသော အညိုလေး၏
လည်ပင်းတွင် လည်ပတ်
အကောင်းစားကြိုးတစ်ခုက
ခုံခုံထည်ထည်ကြီး နေရာ
ယူထားနေပါပကော။

'အိုး ဒီလိုလုပ်လို့ ရရိုး
လား'

နွယ်နွယ်က စိတ်မြန်
လက်မြန်နှင့် ကတ်ကြေးတစ်
လက် ပြေးယူကာ အညိုလေး
လည်ပင်းမှ တစ်ပါးသူ၏
လည်ပတ်ကို ညှပ်ချလိုက်
သည်။ ပြီးတော့ သူမ၏
လည်ပတ်လေးကို အညိုလေး
အား ပတ်ထားပေးလိုက်
သည်။

❑

လည်ပတ်ပြဿနာ
သည် ထိုနေ့တွင် ရပ်တန့်
မသွားပါ။ နောက်တစ်နေ့
တွင် တစ်ဖက်မှသူကလည်း
နွယ်နွယ်ပတ်ပေးလိုက်သော
လည်ပတ်အား ဖယ်ရှားကာ
အခြားလည်ပတ်သစ်တစ်ခု
ပြန်ပတ်ပေးလိုက်ပြန်သည်။
နွယ်နွယ်မှာ မရှိမဲ့ရှိမဲ့နှင့် ဝယ်
ခဲ့ရသော လည်ပတ်လေး
အတွက် မချိတင်ကဲ ဖြစ်ရ
တော့သည်။ ဒီလိုနှင့်ပဲ ခွေး
လည်ပတ်တိုက်ပွဲ စတင်လာ
ခဲ့သည်။ နွယ်နွယ်က တစ်
ဖက်မှ ပတ်ပေးလိုက်သော
လည်ပတ်ကို ဖြုတ်ပစ်၏။
အဝတ်ကြိုးတန်းအား သင့်
တော်သလို ညှပ်၊ ဖြတ်၊ ချည်
ထုံး၍ လည်ပတ်လေး လုပ်
ပေးလိုက်သည်။

နောက်တစ်နေ့၌ အညို
လေးက လည်ပတ်အသစ်နှင့်
ရောက်လာပြန်၏။ ထိုလည်
ပတ်တွင် စာလေးတစ်စောင်
ပါ ပူးတွဲချည်နှောင်ပါလာ
သည်။ တစ်ဖက်က ရန်တွေ့
စကားဆိုထားသည်ပဲ။ အညို
လေးက သူပိုင်သော Brown
လေးဟု ဆိုသည်။ စာသား
အရ တစ်ဖက်သူမှာ
ယောကျ်ားလေးဖြစ်မှန်း သိ
နိုင်၏။ နွယ်နွယ်တို့ ဒေါသ
ဖြစ်ရပြီပေါ့။ ငြိမ်ခံမနေနိုင်ပြီ။
သို့နှင့် နွယ်နွယ်သည်လည်း
သူမကသာ ခွေးပိုင်ရှင်ဖြစ်
ကြောင်း ခွန်းတုံ့ပြန် ရန်တွေ့
စာ ရေးပေးလိုက်၏။ အညို

www.burmeseclassic.com

ဖီဆိုင် တစ်ဆိုင်လောက်မှာ မျက်နှာချင်းဆိုင် တွေ့ကြရအောင်။ တစ်ယောက်တည်း မလာချင်ဘူးဆိုရင် သူငယ်ချင်းတွေ ခေါ်လာနိုင်ပါတယ်။ ကျွန်တော်က အည်ိလေးအစ်မနဲ့ အရမ်း ခင်မင်ချင်နေလို့ပါ။ မနက်ဖြန် ညနေ (၅) နာရီ '++++' Coffee Shop မှာ စောင့်နေမယ်။ ကျွန်တော့်အကြီးက အဖြူရောင်နော်'

သူစာကိုဖတ်ပြီး နှယ်နှယ် ရင်မောသွားမိသည်။ မကြူကတော့ တွေးကာ စိတ်ကူးယဉ်နေသည်။ အဆင့်မြင့် အဆောင်မှာနေသူ လူရည်သန့်၊ သူဌေးသားလေးနှင့် ခင်မင်ပြီးလျှင် ရုပ်ရှင်တွေထဲလို ချစ်သူတွေ ဖြစ်သွားကြမည်... ဟူ၏။ တိရစ္ဆာန်လေးတွေကို ညှာတာတတ်သူဖြစ်၍ စိတ်ထားလေးလည်း ဟော့ဟော့ရမ်းရင် မဖြစ်နိုင်ဟု မကြူက ခန့်မှန်းထားသည်။ မကြူလို ပင် နှယ်နှယ်လည်း မရဲတရဲ စိတ်ကူးယဉ်ကာ ရင်ခုန်မိသည်။ နှယ်နှယ့်လို နုပ်နုပ်စုတ်စုတ် အနေအထား မိန်းကလေး တစ်ဦးအဖို့ ဤလို လူရည်သန့် ပိုက်ဆံရှိ ရည်စားလေး တစ်ယောက် ရပါက လောကကြီးတွင် အလွန်မျှော်လင့်မည်မှာ အသေအချာပင်။ တစ်ဖက်သူသည် စိတ်ထားတည်ကြည်သော လူကောင်းလေးဖြစ်ပါမူ နှယ်နှယ်လည်း လက်လွတ်ခံနိုင်မည် မထင်ပေ။

ဒီလိုတွေးမိတော့ နှယ်နှယ် ပိုရင်မောလာသည်။ တင့်တင့်တယ်တယ်ဖြစ်အောင်

ကျသူမှာ ထိုသူဌေးသားများထဲမှ ဖြစ်ပါမူ နှယ်နှယ်တို့တော့ မယှဉ်သာလေပြီ။ ဉာဏ်ရည်မြင့်၍ သိတတ်နားလည်သော အည်ိလေးသည် နှယ်နှယ်ကျွေးသော ဆန်ကွဲနှင့် ငါးရိုးပြုတ်ထက် အမဲသားနှင့် ထမင်းကောင်းကောင်း ကျွေးသော သခင်ကိုသာ ပို၍ နှစ်သက်ပေလိမ့်မည်။ သူမ ရင်မောမိသွားရ၏။

❑

တစ်ဖက်မှ တိုက်ပွဲကို အရှိန်သတ်လိုက်သည်။ သူ ဘက်မှ ရေးလာသော တောင်းပန်စာက အခြေအနေ တစ်မျိုး ပြောင်းလဲသွားစေ၏။ နှယ်နှယ်ကလည်း လူယဉ်ကျေးပီသစွာ သူမဘက်မှ လွန်သည်ကို ပြန်တောင်းပန်စာ ရေးလိုက်သည်။

ဒီလိုနှင့် အစပြုလာသော အည်ိလေးမှ တစ်ဆင့် စာပေးစာယူခြင်း ၆ စောင်မြောက်တွင် သူက ဒီလိုဆိုလာသည်။

'အည်ိလေး အစ်မရဲ့ နာမည်နဲ့ ဖုန်းနံပါတ်လေး သိပါရစေ'

ခက်ချေပြီ။ ဖုန်းနံပါတ်ပေးရအောင် ဤအဆောင်ဖုန်းမှာ ပျက်နေသည်က များ၏။ ထို့အပြင် မေးမေးချင်း နာမည်ပြောပြရမှာကလည်း မိန်းကလေး သိက္ခာကျသည်ဟု သူမက ထင်သည်။ ဒီတော့ နည်းနည်း မူလိုက်မည်ဟု သူမက ဆုံးဖြတ်လိုက်သည်။ ဒီတော့ ကိုယ်တော် ချောက တစ်မျိုးပြောင်းကာ တောင်းဆိုစာရေးလာသည်။

'ဒီလိုလုပ်ပါလား ကော်ဖီဆိုင်
တစ်ဆိုင်လောက်မှာ
မျက်နှာချင်းဆိုင်
တွေ့ကြရအောင်
တစ်ယောက်တည်း
မလာချင်ဘူး
ဆိုရင်
သူငယ်ချင်းတွေ
ခေါ်လာနိုင်ပါတယ်
ကျွန်တော်က
အည်ိလေး
အစ်မနဲ့
အရမ်း
ခင်မင်ချင်နေလို့ပါ

လေး အစာစားပြီး ထွက်သွားတော့ စောင့်ကြည့်ရန် နှယ်နှယ်နှင့် မကြူ အိမ်အပေါ်ထပ် ဝရန်တာသို့ တက်လာခဲ့လိုက်သည်။

အည်ိလေးတို့ မိသားစုက နှယ်နှယ်တို့တိုက်နှင့် မျက်စောင်းထိုးရှိ ၃ ထပ်တိုက်နံဘေး လမ်းကြားထဲသို့ ဝင်သွားလေသည်။ အမှန် မျက်စောင်းထိုးဟု ဆိုသော်ငြား အတော်ကြီးစောင်းအောင် ထိုးရသော မျက်စောင်းပါ။ ထို ၃ ထပ်တိုက်မှာ ယောကျ်ားလေးအဆောင် ဖြစ်၏။ ထိုအဆောင်၏ ကပ်လျက် နံဘေးတိုက်က လူမနေကြ။ ဒီတော့ ခွေးလုဘက်သည် ယောကျ်ားလေးအဆောင်မှ သူတစ်ဦးဖြစ်ရမည်ဟု မကြူက ခန့်မှန်းသည်။

'အဆောင်ကို အသစ်ရောက်လာတဲ့ သူတစ်ဦးက အည်ိလေးကို သဘောကျပြီး ဘုမသိ ဘမသိနဲ့ ပိုင်ရှင် ဝင်လုပ်တာ ဖြစ်မယ်'

မကြူပြောတာ ဖြစ်နိုင်သည်။ နှယ်နှယ်က စိတ်အားငယ်စွာဖြင့် အဆင့်မြင့် ယောကျ်ားလေးအဆောင်ဘက်ကို လှမ်းငေးကြည့်လိုက်မိ၏။ ထိုအဆောင်ကို အဆင့်မြင့်အဆောင်ဟု အမည်တပ်ထားခြင်းမှာ အကြောင်းရှိသည်။ အခန်းတိုင်းတွင် Air Con, ရေပူရေအေးစက်၊ TV ပါရှိသည်။ Internet ဝန်ဆောင်မှုအပြင် အိပ်ခန်းသန့်ရှင်းရေးနှင့် အဝတ်အထည် လျှော်ပေးသော ဝန်ဆောင်မှုရှိသည်။ ထမင်းချက်လည်း ရှိ၍ စားရေးသောက်ရေး အဆင်သင့်၏။ ထိုအဆောင်

၏ တစ်လခစျေးနှုန်းမှာလည်း မည်သည့်ဝန်ဆောင်မှုမှ မရှိသော နှယ်နှယ်တို့လို သာမန်အဆောင် ဈေးနှုန်းထက် ၁၀ ဆမျှ ပိုများလေသည်။ ထိုအဆောင်တွင် နေသူအများစုက ရန်ကုန်တွင် ကျောင်းလာတက်သော နယ်မှ သူဌေးသားလေးများပင်။ တိုက်ခန်းငှားနေ၊ ဝယ်နေရန် တတ်နိုင်ကြသော်လည်း နေထိုင်စားသောက်မှု ကရိကထ မများဘဲ စရိတ်ငြိမ်းသော ထိုအဆောင်၏ ဝန်ဆောင်မှုကို နှစ်သက်၍ လာနေကြခြင်းပါ။

အည်ိလေးကို သဘော

www.burmeseclassic.com

www.burmeseclassic.com

မည်သို့ ပြင်ဆင်သွားရပါ့။ နွယ်နွယ့် အဝတ်အစားများ အားလုံးသည် အပြန်ပြန် အလှန်လှန် ရေလျှော်ရမှန်များ လွန်၍ အရောင်တွေမွဲကာ ခပ်ဖွေးဖွေးဖြစ်နေသည်။ သနပ်ခါး ပါးကွက်ကျားကို သာ အမြဲတင်ထားလေ့ရှိသော နွယ်နွယ်တွင် မွမ်းမံခြယ်သရန် မိတ်ကပ်ကောင်းကောင်း မရှိ။ ယနေ့ခေတ် မိန်းကလေးတွေ ဆင်မြန်းစီးနင်းသလို ဖိနပ်လှလှလည်း မရှိ။ ကနဦးတွေ့ဆုံမှုတွင် ဝင့်ကြွားတောက်ပစွာ လှပနေလိုသည့် စိတ်ကလေးက မိန်းကလေးပီပီ တားဆီးမရနိုင်ဖြစ်နေ၏။ လက်ထဲရှိသော ငွေကလေးနှင့် လိုအပ်တာအားလုံး ဝယ်ဖို့ကလည်း မလောက်ငပြန်ပေ။ မကြူထံ အကူအညီတောင်းလိုသော်လည်း သူမ အနေအထားက နွယ်နွယ်နှင့် သိပ်မခြားနားလှပါ။

အိအိနီဆီက အကူအညီတောင်းလျှင်တော့ ရနိုင်ပေသည်။ စားသောက်ဆိုင်တစ်ခုမှ ညပိုင်းအဆိုတော် အိအိနီထံတွင် ခေတ်ပေါ် မိတ်ကပ်၊ အဝတ်အစား၊ ဖိနပ်မျိုးစုံရှိသည်။ သဘောကောင်းသော သူမကို အကူအညီတောင်းလျှင် ရနိုင်၏။ သို့သော် ခရီးသွားနေသော အိအိနီက နောက် သုံး၊ လေးရက်နေမှ ပြန်ရောက်နိုင်မည်ထင်သည်။ ရက်အတိအကျတော့ သေချာမသိ။

မတတ်သာတော့ပြီ။ တစ်လမ်းပဲ ရွေးစရာ ရှိတော့သည်လေ။ နွယ်နွယ်က နှမြောတသစွာနှင့် နောက်တစ်ပတ်ခန့်နေမှ ဆုံကြရန် ရက်ချိန်းအား မရေမရာ ပြန်ပြင်ချိန်းလိုက်ရတော့သည်။ ဒီတစ်ကြိမ် တွေ့ရဖို့ နှောင့်နှေးရပေမဲ့ နောက်တစ်ကြိမ် ဆုံကြဖို့အတွက် နွယ်နွယ်က အားခဲကာ မျှော်လင့်ထားလိုက်မိ၏။

❑

'အို... မဖြစ်နိုင်တာ'

နွယ်နွယ့် လက်ထဲမှ ခရီးဆောင်အိတ် လွတ်ကျသွား၏။ ဝိုင်းကျယ်သွားသော သူမနှုတ်ခမ်းက ပြန်မစ့်လာတော့။ အိအိနီ ပြန်ရောက်အလာအား စောင့်ဆိုင်းနေစဉ် ဤရက်ပိုင်းအတွင်း နွယ်နွယ်က နေထိုင်မကောင်းသော ဒေါ်လေးအိမ်သို့ နှစ်ရက် သွားရောက်ပြုစုပေးပြီး ယခုမှ ပြန်ရောက်လာခြင်း ဖြစ်သည်။ မကြူထံမှ ဆီးကြိုလာသည့် သတင်းက နွယ်နွယ့်ရင်ကို ဓားနှင့် ထိုးလိုက်သည့်နှယ်။ အညိုလေးတို့ မိသားစု အပါအဝင် တစ်လမ်းလုံးမှ ခွေးလေခွေးလွင့်များ မရှိတော့ဟု ဆိုနေပါရော လား။

'စည်ပင်သာယာက ခွေးလေခွေးလွင့် ရှင်းလင်းရေးထဲမှာပဲ ပါသွားတာလား၊ တခြား ဘာကြောင့်လဲဆိုတာတော့ မကြူလည်း သေချာမသိဘူး'

နွယ်နွယ် မကြူစကားကို ဆုံးအောင်ပင် မစောင့်တော့ဘဲ လမ်းမထက်သို့ ပြေးထွက်သွားလေသည်။ နေပူကဲကဲတွင် ထီးပင် မဆောင်းနိုင်ဘဲ ကသုတ်ကရိုက် ပြေးလွှားရင်း အညိုလေးကို ရှာဖွေနေသော နွယ်နွယ့် ပုံသဏ္ဌာန်က အရူးဓီးဝိုင်းသလို မျိုးရယ်။ သူမ နှုတ်ကလည်း အညိုလေးကို တတွတ်တွတ် ဟစ်ခေါ်နေ၏။ ငို့တော့ မယောင် နီရဲရဲ မျက်ဝန်းများဖြင့် နွယ်နွယ်က အညိုလေးကို ကူရှာပေးရန် မကြူကို အကူအညီတောင်းခံသည်။

နွယ်နွယ်စိတ်တိုင်းကျ စေဖို့ မကြူလည်း အနီးအနား ပတ်ဝန်းကျင် လမ်းများပါ မကျန် တစ်နေကုန် တစ်နေခန်း အညိုလေး ရှာပုံတော်ဖွင့်ရ၏။ မိုးစုပ်စုပ်ချုပ်မှပင် နွယ်နွယ်က စိတ်လျှော့လေတော့သည်။ ယောကျ်ားလေး အဆောင်ရှေ့မှ ဖြတ်ပြန်လာချိန်တွင်တော့ နွယ်နွယ့် မျက်ရည်များက ပိုးပိုးပေါက်ပေါက် စီးဆင်းလာသည်။

'ဟိုတုန်းက ဘာမှ ထည့်တွက်မနေဘဲ သူချိန်းတာကို သွားခဲ့ဖို့ကောင်းတယ်။ ဒါမှမဟုတ်လည်း နာမည်နဲ့ ဖုန်းနံပါတ် မေးတုန်းက မှုမနေဘဲ တန်းပြောပြခဲ့လိုက်ရမှာ။ အခု အညိုလေး မရှိမှတော့ ဘယ်သူမှန်း မသိတဲ့သူကို ဘယ်လို ဆက်သွယ်ရပါ့'

အိမ်အပြန်လမ်းတွင် နွယ်နွယ်က မချိတင်ကဲ စကားကို ထပ်တလဲလဲ ဆိုလေတော့၏။

❑

စိတ်ပန်းလူပန်းနှင့် ဖျား ပြီး နောက်တစ်ပတ်ခန့်အကြာတွင် နွယ်နွယ် ပြန်၍ နာလန်ထလာ၏။ ပုံမှန်အတိုင်း ပြီးရယ်မောကာ လှုပ်ရှားသွားလာလေသည်။ သို့သော် နွယ်နွယ့်ဒဏ်ရာ အရှင်းမပျောက်သေးတာ မကြူ သိသည်။ ရံဖန်ရံခါ ညနေစောင်းများတွင် နွယ်နွယ်က ဝရန်တာထွက်ထိုင်ရင်း ညို့မှိုင်းသော မျက်ဝန်းများဖြင့် ယောကျ်ားလေးအဆောင်ဘက်သို့ ငေးနေတတ်သည်။ သွားလာစရာရှိ၍ ယောကျ်ားလေး အဆောင်ရှေ့မှ ဖြတ်သွားတိုင်း နွယ်နွယ့်ခြေလှမ်းများ သိသိသာသာ တုံ့နေးသွားတတ်သည်။ နီးစပ်ရာ အများသူငါတို့၏ စကားဝိုင်းတွင် ခွေးလေခွေးလွင့် ရှင်းလင်းသုတ်သင်ရေးအကြောင်း ပြောဆိုနေသံများ ကြားမိပါက နွယ်နွယ်တစ်ယောက် ဟန်ပင်မဆောင်နိုင်ဘဲ ရှိုက်ကြီးတငင် ငိုနေတတ်သည်။ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို 'ခွေး' ဟူသော စကားလုံးကြားမိလျှင် နွယ်နွယ့်မျက်ဝန်းတွင် မျက်ရည်များ ရစ်ဖွဲ့လာတတ်သည်။ ထိုအခါတိုင်း အခြားသော အဆောင်နေ မိန်းကလေးများက တအံ့တသြနှင့် ဆိုကြသည်။

'ခွေးလေးပျောက်တာ ဒီလောက်ဝမ်းနည်းစရာလား'

တကယ်တော့ နွယ်နွယ် ပျောက်ဆုံးသွားသည်က 'ခွေး' တင် မကဘူးဆိုတာ သူတို့မှ မသိကြဘဲကိုး။ ■

ရွှေရေးထင်ထင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ချိုးကလေး ကူသံသာ

ဗဒြမ်းဒေး (ဆိပ်ခဲ)

www.burmeseclassic.com

www.burmeseclassic.com

သေနတ်ကို ပွတ်သပ်ရင်း လောလောဆယ် မရှောင်သာ မတိမ်းသာ အခက်အခဲ အကျပ်အတည်းကြား ရင်ဆိုင် ကြုံတွေ့ခဲ့ရတဲ့ သူ့အဖြစ်ကိုပဲ စိတ်ထဲမှာ စဉ်းစားနေမိတယ်။ အဲဒီအခါ အကြောင်းတိုက် ဆိုင်ရင် ပေါ်လာမြဲဖြစ်တဲ့ သူ ငယ်ဘဝ အတိတ်ဖြစ်ရပ်တွေက အတွေးအာရုံထဲ ရောက် လာရပြန်တယ်။

တကယ်တော့ လည်း အဖေ ဦးစိုင်းဆိုင်မောက်နဲ့ သူ ပတ်ဝန်းကျင် တစ်ရွာတည်း သားချင်းတွေ ဖြောပြလို့သာ သူ့ရဲ့ငယ်ဘဝအဖြစ်တွေကို သိခဲ့ရ၊ ကြားဖူးခဲ့ရတာပါ။ ဒါပေမဲ့ မွေးကင်းစ လသား လေးအရွယ်မှာပဲ ကံဆိုးမိုး မှောင်ကျခဲ့ရတဲ့ သူဘဝအဖြစ် တွေကို သူခန္ဓာကိုယ်မှာ လည် ပတ်နေတဲ့ သွေးကြောသွေး မျှင်တွေကများ သိနေကြလေ သလား၊ရယ်တော့ မပြော တတ်ဘူး။ စဉ်းစားမိလိုက် တိုင်း သူစိတ်တွေ ကယောင် ချောက်ချားဖြစ်အောင်၊ သွေး ပျက်လောက်အောင် အာရုံထဲ မှာ တရိပ်ရိပ် ပေါ်လာတတ် တယ်။

တဝုန်းဝုန်း တဒိုင်းဒိုင်း ပေါက်ကွဲသံတွေ၊ မီးဟုန်း ဟုန်းတောက်လောင်နေတဲ့ တဲ အုံကနား ဘုရားကျောင်းကန် တွေ၊ အထိတ်တလန့် အော် ဟစ်ဆူညံ ပြေးလွှားကြတဲ့ ကလေးလူကြီး ကျွဲ၊ နွား၊ ကြက်၊ ဘဲ အိမ်မွေးတိရစ္ဆာန် တွေရဲ့အသံတွေ၊ ပြီးတော့ မီးခိုးတလူလူ ယမ်းငွေ့ တထောင်းထောင်းနဲ့ ဘာမှ မဖြစ်ခဲ့သလို ကြယ်ရောင်ပြိုး ပြက်အောက်မှာ တိတ်ဆိတ်

မွေးကင်းစ လသားလေး အရွယ်မှာပဲ ကံဆိုးမိုးမှောင် ကျခဲ့ရတဲ့ သူဘဝ အဖြစ်တွေကို သူခန္ဓာကိုယ်မှာ လည်ပတ်နေတဲ့ သွေးကြော သွေးမျှင်တွေကများ သိနေကြ လေသလား ရယ်တော့ မပြောတတ်ဘူး

ငြိမ်သက်နေတဲ့ ညဉ့်အမှောင်။

သူ သတိထားမိတဲ့ အချိန် ညီမို့ဖို့ အနံ့နဲ့ ညောင်နံ့ တွေထဲမှာ နူးညံ့ပျော့ပျောင်း တဲ့ လက်တစ်ဖက်နဲ့ သူခန္ဓာ ကိုယ်ကို ပွေ့ဖက်ထားတာ သိလိုက်ရတယ်။ တစ်ဆက် တည်း သူရင်ခေါင်းထဲမှာ ပူ လောင်နေတာ သတိရလိုက် တယ်။ အာခေါင်တွေက လည်း ခြောက်ကပ်နေတယ်။ သူ အမြဲအရသာခံနေကျ ချိုချို ဆိမ့်ဆိမ့် ပျစ်တွဲတွဲ အရာဝတ္ထု တစ်ခုကို အမှတ်ရလိုက်တယ်။ အဲဒီလိုအပ်မှုကို ရလိုစေနဲ့ သူလက်တွေ ဟိုစမ်းဒီစမ်း စမ်းရင်း အင်မတန် နူးညံ့အိ စက်လွန်းတဲ့အထိအတွေ့ပေါ် ကိုရောက်သွားတယ်။ နောက် တော့ ခြေထောက်နှစ်ဖက်ကို အားယူစုံကန်ပြီး ဖက်တွယ် တက်လိုက်ပြီးနောက် ပါးစပ် နဲ့ ငုံမိတွေ့မိတာနဲ့ အငမ်းမရ အားပြုစုပ်ယူလိုက်တဲ့အခါ…။

အခုမှပဲ ပူလောင်ပြင်းပြ ခံစားနေရတဲ့ သူ့ရင်တွေ အေး မြသွားတယ်။ ငတ်မွတ် ခြောက်ကပ်နေတဲ့ သူ့ရဲ့ အာ ခေါင်တွေလည်း စီးဝဲစိုစွတ် လာတယ်။

အချိန် အတန်ကြာသွား တဲ့အခါ သူရင်ထဲ၊ ဝမ်းထဲက တောင့်တမှုလိုအပ်မှုတွေ ပြည့် စုံ လုံ လောက် လာတော့ တဖြည်းဖြည်း မိန်းမောမိန့်မူး ရင်း တိတ်ဆိတ်ငြိမ်သက်နေ တဲ့ လောကထဲမှာ…။

❑

ညက တစ်ညလုံး စိုင်း ဆိုင်မောက်တို့ လင့်စင်ပေါ်က မဆင်းရဲကြဘူး။ တော ကောင် အန္တရာယ်ကြောင့် မဆင်းရဲတာ မဟုတ်ဘူး။ သူ တို့လင့်စင်နဲ့ ၃ ဖာလုံလောက် အကွာမှာ သူပုန်နဲ့ အစိုးရတပ် တိုက်ပွဲဖြစ်ကြတယ်။ ညဥ့် ဦးယံကစပြီး ပစ်သံဓာတ်သံ တွေ ကြားရတာ တစ်ညလုံး နီးနီးပါပဲ။ စိုင်းလူတို့နှစ် ယောက် လင့်စင်ဆောက် ထားတဲ့ လူနှစ်ဖက်လောက် ကျွန်းပင်ကြီးကို ကျောတပ်ပြီး အကာအကွယ် ယူထားရ တယ်။ သိပ်မဝေးလှတော့ မတော် ကျည်တွေ အာတွေ အချိန်မရွေး ကျဲလာနိုင်တယ် လေ။ အောက် ကို လည်း မဆင်းရဲကြဘူး။ ပေါက်ကွဲ သံတွေကို ကြောက်လန့်ပြီး ဦးတည့်ရာကို ပြေးလာတတ် တဲ့ တောကောင်တွေကို လည်း ကြောက်ရသေးတယ်။

ဒီလိုနဲ့ သန်းခေါင်ယံ ကျော်ကျော်လောက်မှာ မိုင်း ခေါက်ရွာဘက်ဆီက မီး တထိန်ထိန် တောက်လောင် နေတာကို မြင်ရတယ်။ ပြီး တော့ အဆောက်အဦ တဲအုံ ကနား၊က ပြိုကျပျက်စီးသံ တွေ ကြားရတယ်။ ဒီ ကတည်းက တောဘက်က ရွာကို မီးရှို့ပြီး ဆုတ်သွားပြီ လို့ တွက်လိုက်ကြတယ်။ မိုင်းခေါက်ဆိုတာ သူပုန်တွေ အမြဲဝင်ထွက်သွားလာနေတဲ့ ရွာလေ။

မနက် ဝေလီဝေလင်း လောက်မှာ စိုင်းဆိုင်မောက်နဲ့ စိုင်းလူ လင့်စင်ပေါ်က ဆင်း ဆင်းခဲ့တယ်။ အစတော့ အလင်းရောင် သူငါမကွဲသေး တဲ့အချိန် အသင့်ရှိတဲ့ ရေနံဆီ တုတ်ကို မီးရှို့ပြီး လက်ထဲမှာ ကိုင်လာရတယ်။ မနက်လင်း လာလို့ အလင်းရောင် ပြတ် ပြက်ထင်ထင် ရှိလာမှ မီး တုတ်ကို ငြိမ်းသတ်ရတယ်။ ညက မိုင်းခေါက်ရဲ့ အရှေ့ အနေကို သိချင်လို့ အဲဒီရွာ ဘက်ဆီ ဦးတည်ပြီး ခရီးနင်း လာခဲ့ကြတယ်။ အသွား အလာများတဲ့ ရွာချင်းဆက် လမ်းမို့ လမ်းသာပါတယ်။ တဖြည်းဖြည်းနဲ့ ရွာအခြေ ရောက်လာခဲ့ကြတယ်။ အဲ နေရာမှာ မိုင်းသာချောင်း ရွာအခြေကို ကွေ့ဝိုက်စီးဆင်း နေတယ်။

မိုးတွင်းကာလ နံနက် စောစောရဲ့ ပတ်ဝန်းကျင်ဟာ မိုးဆီးနှင်းတွေနဲ့ မှုန်ဝိုးဝိုး ဆိုင်းနေသေးတယ်။ ချောင်း

www.burmeseclassic.com

www.burmeseclassic.com

ကမ်းဘေး ကမ်းပါးထိပ်တစ်နေရာမှာ ဝိုးလိုးပက်လက်လဲကျနေတဲ့ လူနှစ်ယောက်ရဲ့ သဏ္ဌာန်ကို လှမ်းမြင်လိုက်ရလို့ စိုင်းလူနဲ့နှစ်ယောက်သား အဲဒီနေရာဆီ တိုးကပ်သွားကြတယ်။

'ဟာ ကျွတ် ကျွတ် ကျွတ်'

တိုင်ပင်မထားပါဘဲ စိုင်းဆိုင်မောက်နဲ့ စိုင်းလူအာမေဠိတ်အသံနဲ့အတူ ပြိုင်တူစုတ်သပ်မိကြတယ်။

အသက်သုံးဆယ်ဝန်းကျင်အရွယ် အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်။ အမျိုးသားက ချောင်းကမ်းပါးထိပ်မှာ ဝမ်းလျားမှောက်လျက် မလှုပ်မယှက် လဲကျလို့။ အမျိုးသမီးကတော့ ခပ်စောင်းစောင်း ပက်လက်အနေအထားနဲ့ အတွင်းခံအင်္ကျီလန်နေတဲ့ ရင်ဘတ်ပေါ်မှာ ကိုးလဆယ်လအရွယ် ကလေးငယ်တစ်ယောက်က အမေနို့ကို စို့တွယ်ရင်း မလှုပ်မယှက် ငြိမ်သက်နေတယ်။

စိုင်းဆိုင်မောက်က ကလေးရဲ့ ကျောပြင်ပေါ်ကို လက်ဖဝါးနဲ့ အတန်ကြာ တင်းကြည့်လိုက်ပြီး…

'အသက်ရှူနေသေးတယ်၊ အိပ်ပျော်နေတာ နေမှာပါ'

အဲဒီနောက် သူတို့နှစ်ယောက် ကလေးကို ကောက်ယူပွေ့ချီကြည့်တော့ ကျည်ထိမှန်ခံရပြီး အသက်မရှိတော့ဘဲ မိခင်ရဲ့နို့ရည်သောက်စို့ရင်း အိပ်ပျော်နေရှာတဲ့ ကလေးကို တွေ့လိုက်ကြရတယ်။

စိုင်းဆိုင်မောက် ကလေးအတွက် ရင်နဲ့မချိအောင် ခံစားလိုက်ရတယ်။ 'ဖြစ်မှဖြစ်ရလေ ကလေးရယ်' လို့လည်း ရင်ထဲ ညည်းတွားလိုက်မိတယ်။

နောက်တော့လည်း အဲဒီကောက်ရသားလေးကပဲ သားသမီး တစ်ယောက်မှ မရှိသေးတဲ့ စိုင်းဆိုင်မောက်တို့လင်မယားနှစ်ယောက် အတွက် ဝမ်းနဲမလွယ်လိုက်ရပေမဲ့ သိကြားပေးတဲ့ ကိတ္တိမသားလေးတစ်ယောက် ဖြစ်ခဲ့ရတော့တယ်လေ။

❑

သားတစ်ယောက် အပေါ် ထားရှိတဲ့ ဖြစ်မြောက်ပေါက်ရောက်စေချင်တဲ့ စေတနာတွေသာ အဖေမှာ အပြည့်အဝ မရှိခဲ့ဘူးဆိုရင် ဆုံးဖြတ်ရန် ခက်ခဲလှတဲ့ ဒီလို အကျပ်အတည်း အခက်အခဲမျိုးကို ထိပ်တိုက်ရင်ဆိုင်ရလိမ့်မှာ မဟုတ်ဘူးလို့ အိုက်ခမ်း အောက်မေ့မိတယ်။

တောင်ယာလုပ်ငန်းမှာ အားကိုးအားထား မရှိရှာတဲ့ အဖေ့ကို ဝိုင်းကူတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့အတူ ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ် အရွယ်မှာ အိုက်ခမ်း ရွာဦးကျောင်းက ရှင်လူထွက်ခဲ့တယ်။ အလယ်တန်းကို ရောက်နေပြီဖြစ်တဲ့ ညီမလေး နန်းခင်လှလှကိုလည်း ခေတ်ပညာတတ်ကလေး ပေါက်ပေါက်ရောက်ရောက် ဖြစ်စေချင်တယ်။ အခုဆို ညီမလေးက အဝေးသင်ဘွဲ့လေးတစ်ခုနဲ့ ရွာကျောင်းမှာ လုပ်အားပေး အရပ်ခန့် ဆရာမလေးတောင် ဖြစ်နေပြီ။ ပြေးကြည့်မှ ဒီမောင်နှမနှစ်ယောက်ပဲ ရှိတာလို့ပဲ အိုက်ခမ်းအောက်မေ့ထားတယ်။ အသက်ချင်းတစ်နှစ်ကျော်ကျော်သာ ကွာကြတဲ့ သူတို့ မောင်နှမတွေကို အမေက သားဆက်မခြား မြီးဆက်ခေါင်းဆက် မွေးခဲ့တာပဲလို့ အစကတော့ အိုက်ခမ်း ထင်ခဲ့တယ်။ ဒါပေမဲ့ သူထင်သလို မဟုတ်ခဲ့ဘူး။ ရွာထဲကလူတွေ တစ်စတစ်စ ဟိုက ဒီက ပြောကြတာ အိုက်ခမ်း နားထဲရောက်လာတာက ညီမလေး နန်းခင်လှလှနဲ့ သူဟာ မွေးစားမောင်နှမတွေတဲ့။ အိုက်ခမ်းက အဖေနဲ့အမေတို့ရဲ့ ကောက်ရမွေးစားသားတဲ့။ နန်းခင်လှလှက အိုက်ခမ်း ရောက်လာပြီးနောက်မှ အမေက မွေးခဲ့တဲ့ သမီးအရင်းတဲ့။ အဲဒီအကြောင်းတွေ စစ်စစ်မြမြ သိလိုက်ရခါစက အိုက်ခမ်း ကိုယ့်ဘဝကို တွေးပြီး အတော်လေးဝမ်းပန်းတနည်း ခံစားရတယ်။ အထီးကျန်ခံစားမှုနဲ့အတူ ဘဝအကျိုးပေးကံဆိုးဝါးလှတဲ့ သူ့အဖြစ်ကို တွေးပြီး အသက်ရှင်ရပ်တည်လိုစိတ်တောင် မရှိလောက်အောင် ဖြစ်သွားတယ်။ ဒါကို အကင်းသား နားပါးလျားလှတဲ့ အဖေက…

'ဒီအကြောင်း ကိစ္စတွေနဲ့ ပတ်သက်လို့ ငါ့သားတွေးပြီး ဘာမှ စိတ်ပျက်အားငယ်စရာ မအောက်မေ့နဲ့၊ ဝမ်းပန်းတနည်းလည်း ဖြစ်စရာမလိုဘူး၊ ငါ့သားကို အဖေနဲ့အမေတို့က သားအရင်းနဲ့မခြား ခုံမင်မြတ်နိုးခဲ့တာပါ၊ ငါ့သားရောက်လာလို့လည်း အဖေနဲ့ အမေတို့မှာ နောက်ထပ် ညီမလေးတစ်ယောက် ပေါ်လာတယ်လို့ပဲ ယုံကြည်ထားတယ်' ဆိုတာက စပြီး သူပုန်နဲ့ အစိုးရတပ် တိုက်ပွဲတစ်ခုဖြစ်ပြီးနောက်နေ့မှာ မိုင်းခေါက်ရွာဘေး ချောင်းစပ်တစ်နေရာမှာ အဖေမုဆိုးစိုင်းဆိုင်မောက်နဲ့ စိုင်းလူတို့ နှစ်ယောက် တိုက်ပွဲတွင်းပြေးရင်းလွှားရင်း ကျည်ထိမှန်ပြီး သေဆုံးနေတဲ့ မိဘနှစ်ပါးနဲ့အတူ အမေ့ဗိုက်ပေါ်နို့တက်စို့နေတဲ့ သူ့ကို တွေ့ခဲ့ကြတဲ့အကြောင်းအဆုံး အဖေက ပြောပြတယ်။

'ဒီအကြောင်းတွေ အဖေတို့က လိမ်လည်ဖုံးကွယ်ထားပြီးတော့ ငြိုးမှ သိခဲ့ရင် အဖေတို့မှာ ပိုပြီး တာဝန်ရှိတယ်၊ အပြစ်ရှိတယ်ထင်လို့ပါ'

အဖေ့ရင်ထဲကလာတဲ့ အဲဒီစကားတွေကို နားနဲ့ဆတ်ဆတ် ကြားခဲ့ရပြီးတဲ့နောက် အိုက်ခမ်းမှာ အဖေနဲ့အမေ အပေါ် နှစ်ဆတိုးပြီး ပိုလို့တောင် ချစ်ခဲ့ရတယ်။ ညီမလေး နန်းခင်လှလှကိုလည်း

'အစ်ကိုလေးရဲ့ ဘဝအဖြစ်မှန်တွေ သိရလို့ အစ်ကိုလေးအပေါ်မှာ ဟိုးငယ်ငယ်ကတည်းက မောင်နှမအရင်းမခြား ချစ်ခဲ့တဲ့ အချစ်တွေကို တော့ ယုတ်လျော့မသွားလိုက်ပါနဲ့ ညီမလေးရယ်' လို့ ပြောတော့ အိုက်ခမ်းရင်ခွင်မှာ ခေါင်းကလေးတိုးဝှေ့ပြီး ရှိုက်ကြီးတငင် ငိုရှာတယ်။

'ညီမလေးကို ချစ်ရင် နောက်ကို အဲဒီအကြောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်တော့မှ မပြောပါနဲ့လား အစ်ကို လေးရယ်' လို့လည်း ညီမလေး နန်းခင်လှလှ မျက်ရည်လည်ရဲ့ ပြောရှာတယ်။

တောင် ယာတောကို ထွက်တဲ့အခါ ရွာမူလတန်း ကျောင်းကလေးအနီး ဖြတ်သွားတိုင်း ကဗျာရွတ်ဆိုသင် ပြနေတဲ့ ညီမလေး နန်းခင်လှလှရဲ့ အသံလေးကို ကြားရတတ်တယ်။

'တနင်္ဂနွေ တနလာ ချိုးကလေး ကူသံသာ... အင်္ဂါ ဗုဒ္ဓဟူး ချိုးကလေး တကူးကူး၊ ကြာသပတေး သောကြာ ချိုးကလေး မှန်မှန်လာ၊ စနေမှာ မလာအား ချိုးကလေး ပျံလို့သွား'

ညီမလေး ရွတ်ဆိုနေတဲ့ ချိုးကလေးကူသံသာ ကဗျာလေးကို ကြားရတော့ သူငယ်စဉ် မူလတန်းမှာတုန်းက ချိုးကလေးကူသံသာ ကဗျာလေးရဲ့ အဓိပ္ပာယ်ကို ဆရာပြောပြခဲ့တာ ပြန်လည်ကြားယောင်မိတယ်။

'တကူးကူး တကူးကူးနဲ့ နရီချက်မှန်မှန် ကူနေတဲ့ ချိုးငှက်ကလေးရဲ့ ကူသံဟာ အဲဒီကဗျာထဲကလိုပဲ အင်မတန် သာယာနာပျော်ဖွယ်ကောင်းတာ၊ ပြီးတော့ ချိုးဖြူငှက်ကလေးဟာ တို့တစ်မျိုးသားလုံးရဲ့ ငြိမ်းချမ်းရေး နိမိတ်ပုံလေ'

ငယ်ငယ်က ဆရာ့ရဲ့ စကားကို အိုက်ခမ်း ကြားယောင်မိရင်း သူဘဝနဲ့ ယှဉ်ပြီး လူ့လောကတစ်ခွင် ညီအစ်ကိုမောင်နှမ၊ သားနဲ့အမိ ရင်အုပ်မကွာ၊ ရင်ခွင်မကွာ ထာဝစဉ် ငြိမ်းချမ်းသာယာကြပါစေလို့ ဆုတောင်းမိရပြန်တယ်။

အထိတ်တလန့် အော်ဟစ်ဆူညံ ပြေးလွှားကြတဲ့ ကလေးလူကြီး ကျွဲ၊ နွား ကြက်၊ ဘဲ အိမ်မွေး တိရစ္ဆာန်တွေရဲ့ အသံတွေ ပြိုးတော့ မီးခိုးတလူလူ ယမ်းငွေ့ တထောင်းထောင်းနဲ့ ဘာမှမဖြစ်ခဲ့သလို ကြယ်ရောင် ပြိုးပြက်အောက်မှာ တိတ်ဆိတ် ငြိမ်သက်နေတဲ့ ညဉ့်အမှောင်

ဒါပေမဲ့ အဖေအမေ ညီမလေးတို့ရဲ့ သူ့အပေါ် ထားရှိတဲ့ မိသားစုချစ်ခြင်း မေတ္တာနွေးထွေးမှုကိုတော့ အိုက်ခမ်း အကြွင်းမဲ့ ယုံကြည်ပြီးပါ။

မွေးစားသားဆိုပေမဲ့ အဖေဆိုရင် အိုက်ခမ်းအပေါ် သားအရင်းနဲ့မခြား ချစ်တာ အမှန်။ အိုက်ခမ်း ရှင်လူထွက်ပြီး အဖေ့ကို ဝိုင်းကူပါ ပြီဆိုကတည်းက တောင်ယာခုတ် လယ်လုပ်၊ တောလိုက် တောပစ် အားလုံး ကျွမ်းကျင်တတ်မြောက်လေအောင် လက်ထပ်သင်ပေးခဲ့တာ။ အဖေတို့ မရှိတဲ့နောက် ကျားကျားလျားလျား ရပ်တည်ဖို့ မဲမတင်းရလေအောင်တဲ့။

အခုကိစ္စကလည်း သားဖြစ်သူ သူ့အပေါ် တစ်ရာတစ်ယောက် ပေါက်မြောက်စေလိုတဲ့ အဖေ့စေတနာတွေကြောင့် အိုက်ခမ်း မလွဲမရှောင်သာ အခက်အခဲ အကျပ်အတည်းတွေကို ထိပ်တိုက်ရင်ဆိုင် ကြုံတွေ့ခဲ့ရတာ။

သီတင်းကျွတ်ရင် အိုက်ခမ်းတို့ရွာ ရွာဦးကျောင်း ရွေသိမ်တော်မြတ်စွာဘုရားပွဲကို အကြီးအကျယ် ကျင်းပနေကျလေ။ ရွာဘုရားပွဲ သီတင်းကျွတ်လပြည့်နေ့မှာ ဘုန်းကြီးဆွမ်းကပ်တာကအစ ဘုရားပွဲလာ ဧည့်ပရိသတ် ကျွေးမွေးဧည့်ခံဖို့အဆုံး အသားဟင်းလျာအတွက် ရွာကာလသားတွေက တာလိုက်တောပစ်ရတာ။ ၁၄ ရက် အဖိတ်နေ့ည တောပစ်လို့ရတဲ့ ဟင်းလျာနဲ့ လပြည့်နေ့မနက်ခင်းမှာ ဆွမ်းလောင်းဆွမ်းကပ် ကျွေးမွေးဧည့်ခံရတာ။

ဘုရားပွဲ ဟင်းလျာအတွက် ရွာသားဝါရင့် မုဆိုးကြီးတွေက သားကောင်တစ်ကောင်ကောင်ရဲ့ ဝပ်ကျင်းစားကြက် သွားလမ်း၊ လာလမ်း အချိန်နာရီကအစ ရှာဖွေသတ်မှတ်ပေးရတာ။ ပြီးတော့ အိုက်ခမ်းတို့အဖေ ဦးစိုင်းဆိုင်မောက်က ဒီရွာရဲ့ ဥက္ကဋ္ဌလေ။ အများတွေ့ထားတဲ့ သားကောင်တွေထဲက သူ့သူငယ်ချင်း မုဆိုးကြီး ဦးစိုင်းလူတွေ့ခဲ့တဲ့ တောဝက်မကြီးကို တောပစ်ဖို့ အဖေ ဦးစိုင်းဆိုင်မောက်က ရွေးချယ်လိုက်တယ်။ လဆန်းခါစတစ်ရက် ကာလသားတွေခေါ်ပြီး ဘုရားပွဲအတွက် တောပစ်ဖို့ အစည်းအဝေးလုပ်တော့ အဖေက...

'ဒီနှစ် ဘုရားပွဲမှာ ဆွမ်းဟင်းလျာအတွက် စိုင်းလူတွေ့ခဲ့တဲ့ တောဝက်မကြီးကို တောပစ်ဖို့ ရွေးချယ်လိုက်တယ်၊ အဲဒါ ကာလသားလက်ဖြောင့်မုဆိုးနှစ်ယောက် လိုအပ်တယ်။ တစ်ယောက်ကတော့ ငါ့သား အိုက်ခမ်းကို ငါကိုယ်တိုင် ယုံယုံကြည်ကြည် ရွေးချယ်ထားတယ်၊ နောက်တစ်ယောက် ကာလသားတွေထဲက အများသဘောကျ ရွေးချယ်ပေးပါ'

အဲဒီမှာ အိုက်မောင်က ထတဲ့ပြီး...

'လိုအပ်နေတဲ့ မုဆိုးတစ်ယောက်အတွက် ကျွန်တော် တာဝန်ယူပါတယ်၊ ကျွန်တော် ပစ်ပါမယ် ဥက္ကဋ္ဌကြီးခင်ဗျာ'

အိုက်မောင် ပြောလို့ အပြီးမှာ အစည်းအဝေးလာ ကာလသားတစ်ဝက်ကျော်က ထပြီး ထောက်ခံကြတယ်။

အိုက်မောင်ရယ်၊ အိုက်ခမ်းရယ်၊ နန်းခင်လှလှရယ်က တစ်ရွာတည်း ကျောင်းနေဖက်တွေ။ အိုက်ခမ်းအဖေကို တောင်ယာလုပ်ငန်းခွင် ကူနိုင်အောင် ကျောင်းထွက်လိုက်တော့ နန်းခင်လှလှနဲ့ အိုက်မောင်တို့နှစ်ယောက်က မြို့ကျောင်းအထိ ကျောင်းဆက်တက်ကြရတယ်။ နောက်တော့ အိုက်မောင်က ကိုယ့်အရပ် ကိုယ့်နယ်ရဲ့မြို့ကလေး တစ်မြို့မှာပဲ သစ်တောအုပ်ကလေး ဖြစ်လာတယ်။

ဒီနှစ် သီတင်းကျွတ် ဘုရားပွဲမတိုင်မီ ဘစ်လ

www.burmeseclassic.com

www.burmeseclassic.com

လောက်မှာကတည်းက အိုက်မောင် ရွာကို ခွင့်နဲ့ ကြိုရောက်နေတာ။

ဒီနှစ်တစ်ခေါက် အိုက်မောင် ရွာကို ရောက်လာတာ သူ့အပေါ်ဆက်ဆံရေး တစ်မျိုးကြီးပဲလို့ အိုက်ခမ်းထင်နေတယ်။ အိုက်မောင်ရဲ့ အချိုးတွေ အရင်နဲ့မတူ ပြောင်းလဲနေတယ်။

သီတင်းကျွတ်မတိုင်မီ တစ်နေ့မှာပေါ့။

ညီမလေး နန်းခင်လှလှ ကျောင်းပိတ်တစ်ရက်၊ မောင်နှမနှစ်ယောက် တောင်ယာတောမှာ ပေါင်းပေါက်ကြရင်း…

'အစ်ကိုလေး အိုက်မောင်က ငါ့ကို ချစ်ရေးဆိုတယ်'

ညီမလေးရဲ့ စကားကို ကြားရတော့ အိုက်ခမ်း အံ့သြသွားတယ်။ အဲဒီတော့မှ အရင်နဲ့မတူ သူ့အပေါ် ပြောင်းလဲနေတဲ့ အိုက်မောင်ရဲ့အဖြစ်ကိုလည်း နားလည်သဘောပေါက်ခဲ့ရတယ်။

'ညီမလေး နင်က ဘာပြန်ပြောလိုက်သလဲ'

'နင့်ကို ငယ်ပေါင်း သူငယ်ချင်းလိုပဲ ငါ ခင်တယ်တို့ ပြောလိုက်တယ်။ ပြီးတော့ အိုက်မောင်က မေးတယ်၊ အိုက်ခမ်းကိုရောတဲ့'

'နင်က ဘာပြန်ပြောလိုက်လဲ'

'အဖေကလွဲရင် ယောကျ်ားတွေထဲမှာ အစ်ကိုလေးဟာ ငါ ချစ်ခင်အားကိုးဆုံးသူတစ်ယောက်ပဲလို့ ပြောလိုက်တယ်'

နန်းခင်လှလှရဲ့ စကားဆုံးတော့ အိုက်ခမ်းရင်ထဲ မောဟိုက်ပြီး ကျန်ခဲ့ရတယ်။

သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ မနက်ခင်းမှာ အိုက်ခမ်းနဲ့ အိုက်မောင်ကို ဦးစိုင်းလူက သူ့အိမ်ကို ဖိတ်ခေါ်ပြီး အဲဒီနေ့ည တောပစ်ဖို့ တောဝက်မကြီးရဲ့ ဝပ်ကျင်း၊ ရေသောက်ဆင်းရာလမ်း၊ မိုင်းသာချောင်းစတဲ့ ရေမြေတောတောင် အနေအထားကို မြေပုံချပြတယ်။ ငယ်စဉ်ကတည်းက အမြဲတမ်း သွားလာနေကျ ကိုယ့်ဒေသ ကိုယ့်နေရာတွေမို့ သစ်ပင်ချုံနွယ်ချိုင့်ဝှမ်း ကုန်းအင်္ဂကအစ အိုက်ခမ်းနဲ့အိုက်မောင် သိပြီးသားပေါ့။ အဲဒီအချိန် တောပစ်ဖို့ အစီအစဉ် ရှင်းလင်းပြောပြနေတဲ့ ဦးစိုင်းလူက…

'တောဝက်မကြီးရဲ့ ဝပ်ကျင်းမှာ နို့စို့အရွယ် ကလေးသုံးကောင်ရှိတယ်၊ ချောင်းစပ်က ရေသောက်ပြန်ပြီး ပြန်အလာ တောခြောက်တဲ့အဖွဲ့က ငြာသံပေးလိုက်ရင် ဘယ်နည်းမဆို သူ့သားသမီးတွေ ရှိရာ လာလမ်းကိုပဲ တန်းတန်းပြေးမှာပဲ။ အဲဒီမှာ မင်းတို့နှစ်ယောက် နှစ်ဦးသဘောတူ သတ်မှတ်ထားတဲ့ ပစ်မှတ်ကိုစောင့်ပြီး ပစ်ရုံပဲ'

ဦးစိုင်းလူရဲ့ စကားအဆုံး အိုက်ခမ်းခေါင်းတွေ ချာချာလည်သွားတယ်။ ရင်ထဲကလည်း တလှပ်လှပ်ခုန်ပြီး မောဟိုက်လာတယ်။ အိုက်ခမ်းရဲ့မျက်စိထဲမှာ တဝုန်းဝုန်း တဒိုင်းဒိုင်းပစ်သံ ခတ်သံတွေ၊ မီးတဟုန်းဟုန်း တောက်လောင်နေတဲ့ တဲအုံကနားတွေ၊ အထိတ်တလန့် ပြေးကြလွှားကြတဲ့ ကလေးလူကြီး၊ ကျွဲနွားတိရစ္ဆာန်တွေ၊ ယမ်းငွေ့တထောင်းထောင်း သွေးသံရဲရဲ ပိုးလိုးပက်လက် လူသေအလောင်းတွေ အိုက်ခမ်းမျက်စိစုံမှိတ်ပြီး ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားလိုက်တယ်။

ပြီးတော့ ဦးစိုင်းလူ မရိပ်မိအောင် အတတ်နိုင်ဆုံး ဣန္ဒြေဆည်နေလိုက်တယ်။

နောက်တော့လည်း တိုးတိုးသက်သာ ရင်ထဲမှာပဲ…

'အမေရယ်…သား သမီးအပေါ် ထားရှိတဲ့ အမေရဲ့ မေတ္တာတွေ၊ ကျေးဇူးတရားတွေကို သား အခါအခွင့်သင့်သလို ဘဝနဲ့ရင်းပြီး အတတ်နိုင်ဆုံး ပေးဆပ်သွားပါမယ်'

အိုက်ခမ်း တမလွန်ရောက် အမေ့ကို တမ်းတရင်း ရင်ထဲစကားတွေ တိုးတိုးလေး ပြောပြလိုက်မိတယ်။

❑

အိုက်ခမ်း အမေ့ကို တမ်းတရင်း သူ့ငယ်ဘဝ ပုံရိပ်တွေကို မျက်စိစုံမှိတ်ပြီး ဖျောက်ဖျက်ပစ်နေမိတယ်။

လှပ်ရှားနေတဲ့ စိတ်ကိုလည်း အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားနေမိတယ်။ ချောင်းကမ်းစပ်ဘက်ဆီမှာ တောခြောက်မယ့် ကာလသားအဖွဲ့ကတော့ တုတ်တုတ်မျှမလှုပ်ကြ။ လာနေကျ လမ်းအတိုင်း အချိန်ကျရင် ရေသောက်ဆင်းလာမယ့် တောဝက်မကြီးကို မျက်ခြည်မပြတ် စောင့်နေကြလိမ့်မယ်လို့ အိုက်ခမ်း တွေးလိုက်တယ်။

ပြီးတော့ အိုက်မောင်…။

အိုက်မောင်က အိုက်ခမ်းနဲ့ ဘေးချင်းယှဉ်လျက် ပေနှစ်ဆယ်လောက်အကွာ ကျွန်းပင်တစ်ပင်ကို အကာအကွယ်ပြုပြီး နေရာယူထားတာ။ ချောင်းကမ်းစပ်ဘက်မှာ တောခြောက်မယ့် အဖွဲ့ကို ကျောပေးလျက် အဲဒီအဖွဲ့နဲ့ ပေတစ်ရာခန့်အကွာမှာ ဦးစိုင်းလူရဲ့ ညွှန်ကြားမှုအတိုင်း တောဝက်မကြီးအလာကို စောင့်ရတာ။ တောဝက်မကြီး ရေသောက်ပြီးအပြန် တောခြောက်အဖွဲ့ ခြောက်ထုတ်လိုက်ရင် သူတို့နှစ်ယောက် အကြားဖြတ်ပြီး လာလမ်းအတိုင်း ပေနှစ်ဆယ်ခန့်အကွာ ကျွန်းပင်ပျိုတစ်ပင်ရဲ့ အခြေကနေဖြတ်မှာ။ အဲဒီနေရာကို သူတို့နှစ်ယောက် နှစ်ဦးသဘောတူ ပစ်မှတ်အဖြစ် သတ်မှတ်ထားတယ်။ ပစ်မှတ်နဲ့ သူတို့နှစ်ယောက်ရဲ့ ကျည်လမ်းကြောင်းကို မျဉ်းဆွဲကြည့်မယ်ဆိုရင် လှည်းဦးကင်းသဏ္ဌာန်ပေါ့။

အချိန်က တဖြည်းဖြည်း နီးကပ်လာပြီ။ လရောင်က ပိုလင်းလာသလိုပဲ။ အိုက်မောင် ပုန်းကွယ်နေတဲ့ ကျွန်းပင်ဆီကို အိုက်ခမ်း စူးစိုက်ကြည့်လိုက်တယ်။ ပစ်မှတ်ဆီ အသင့်အနေအထားနဲ့ ချိန်ရွယ်ထားတဲ့ အိုက်မောင်ရဲ့ သေနတ်ပျောင်းကို မြင်ရတယ်။ သေနတ်ပျောင်းက ကျွန်းပင်လုံးပတ်ဘေးမှာ ရှေ့ကို တစ်ပေသာသာလောက် ထိုးထွက်နေတာ လရောင်ရေးရေးနဲ့ အတိုင်းမြင်နေရတယ်။

အိုက်ခမ်းခေါင်းထဲ အတွေးတစ်ခုက ဝင်ရောက်

www.burmeseclassic.com

လာတယ်။ ဒီလိုအချိန် ဝက်ကလေးသုံးကောင် မအောက်မကြီးကို အလုအယက် နို့တွယ်နေကြမှာလား။ ဒါမှမဟုတ် တစ်ကောင်နဲ့တစ်ကောင် မှီတွယ်မှေးစင်းရင်း အဝေးကို ရောက်နေတဲ့ အမေကို မျှော်နေကြမှာလား။

'ဟော လာပြီ'

အိုက်ခမ်း စိတ်ထဲကပဲ ရေရွတ်လိုက်တယ်။

သူတို့နှစ်ယောက် ပစ်မှတ်သတ်မှတ်ထားတဲ့ ကျွန်းပင်လေးက အပြေးကလေး ထွက်လာတဲ့ တောဝက်မကြီးကို ဘွားခနဲ မြင်လိုက်ရတယ်။

ဝက်မကြီးက သူတို့နှစ်ယောက်ရဲ့ အလယ်ဗဟိုကြားကနေ ချောင်းရှိရာဘက်ဆီ ပြေးဆင်းသွားတယ်။

တစ်မိနစ်...နှစ်မိနစ်...သုံးမိနစ်...လေး...'ဟေး-ဟေး' တောခြောက်သံတွေနဲ့ အတူ ချောင်းဘက်က တစ်ရှူးထိုး ပြေးလာတဲ့ တောဝက်မကြီး အလာတုန်းကလိုပဲ သူတို့နှစ်ယောက်အကြားက ဖြတ်ပြီးအပြေး၊ ကျော်လွန်သွားတော့...

'ဒိုင်း'

ရှေ့ကို တစ်ပေခန့် ထိုးထွက်နေတဲ့ ကျွန်းပင်အကွယ်က အိုက်မောင်ရဲ့ သေနတ်အောက်ကို လွှင့်စဉ်ပြုတ်ကျသွားတယ်။

တောဝက်မကြီးလည်း လာလမ်းအတိုင်း ပစ်မှတ်သတ်မှတ်ထားတဲ့ ကျွန်းပင်ဖျိုရဲ့ ဟိုတစ်ဖက်ဆီသို့ တစ်ဟုန်ထိုး ထွက်ပြေးပျောက်ကွယ်သွားတယ်။

အိုက်ခမ်း ပြိုင်ပွဲတစ်ခုမှာ ပန်းဝင်လိုက်ရတဲ့ လူတစ်ယောက်လို ပီတိစိတ်တွေ တစ်ကိုယ်လုံးမှာ ဖြာဝေသွားတယ်။

အဲဒီနောက်တော့...

နှင်းမှုန်ပျယ်ပျယ်နဲ့ လရောင်ဖွေးဖွေးရဲ့အောက်မှာ ချုံနွယ်ပိတ်ပေါင်းတွေ၊ သစ်ပင်ကြီးငယ်တွေ၊ ဝါးရုံ ဝါးတောတွေနဲ့ တောရိပ်တောင်ရိပ်တွေဟာ အိုက်ခမ်းရဲ့ နောက်ဆီမှာ တရိပ်ရိပ်နဲ့ ကျန်ခဲ့လေရဲ့။

ဟိုး...အရှေ့ဆီမှာ အဖေ ဦးစိုင်းဆိုင်မောက်ရဲ့ တောင်ယာလယ်ကွင်းနဲ့ တောင်ယာတဲလေးကို မြင်နေရပြီ။

ပြီးတော့ တစ်မျှော်တစ်ခေါ် လယ်ကွင်းပြင်အလွန် ချောင်းတစ်ကွေ့မှာ တမလွန်ရောက် အဖေနဲ့အမေတို့ရဲ့ မိုင်းခေါက်ရွာ။ ရွာရိပ်အခြေ တငြိမ့်ငြိမ့်စီးဆင်းနေတဲ့ မိုင်းသာချောင်း။

မိုးနှောင်းညရဲ့ မိုးနှင်းမြူမှုန်ဝါးဝါးအောက်မှာ အိုက်ခမ်း အဖေ့လယ်ကန်သင်းပေါ် မတ်မတ်ရပ်ပြီး ငေးကြည့်နေမိတယ်။

အိုက်ခမ်းရဲ့ နားထဲမှာ ရွာကျောင်းလေးက ညီမလေး နန်းခင်လှလှရဲ့ ကဗျာရွတ်ဆိုသံလေးကို ကြားယောင်နေမိတယ်။

'တနင်္ဂနွေ တနင်္လာ
ချိုးကလေး ကူသံသာ...'

နောက်တော့...

နောက်တော့လည်း အမေတောဝက်မကြီးရဲ့ နို့ကို အလုအယက်စို့တွယ်နေကြတဲ့ ဝက်ကလေးတွေကို အိုက်ခမ်း မျက်စိထဲမှာ မြင်ယောင်မိရင်း...။ ■

လူငြိမ်းအေး၊ဆီမီးနုံ၊

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၂၂ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မေ ၆ ရက်နေ့အထိ ရောက်ရှိလာသော ရွှေအသစ်စာမူများ

(၁)ဂျူပီတာ *အိမ်ရဲ့ကာရံလေး* ၊ချင်း/တောင်၊
(၂) Aအိုင် *ကံပုဒ်မသည်* ၊မန္တလေး၊
(၃) သော်ဇင်(လွှိုင်ကော်) *ဟောင်တတ်တဲ့ ငါးစာ* ၊Email၊ (၄) ရည်ဝေ(လင်းရောင်ခြည်) *အရောင်မဲ့မာယာ* ၊ရန်ကုန်၊ (၅) မိုးခကျော်သွင် *စဉ်းစားရင်း တွေးရင်း ရှာဖွေဆန်းစစ်ရင်း* ၊ပျော်ဘွယ်၊ (၆) ငြိမ်းချမ်းဇော် *ထွက်ပေါက်ရှိပေမဲ့* ၊ရန်ကုန်၊ (၇) သူဇာခင် *သုံးယောက်ပေါင်း လောင်းကျော်* ၊ကျောက်ဖြူ၊ (၈) မြတ်သောခေတ် *လူယုံ* ၊ရန်ကုန်၊ (၉) ပန်းမြတ်မာလာ *ရေနွေးကြမ်းပုံပြင်* ၊ရန်ကုန်၊ (၁၀) နေလဗိုလ် *လူနဲ့လူ* ၊ဟသံတ၊ (၁၁) နေလဗိုလ် *ခွင်* ၊ဟသံတ၊ (၁၂) ကောင်းမြတ် *တံငါသည် ကျွန်တော်* ၊နေပြည်တော်၊ (၁၃) မောင်ခိုင်စု *ခိုထက်လည်း မတတ်နိုင်ပါ မကြည်ပြာ* ၊မကွေး၊ (၁၄) လူဦးမင်း(ညောင်လေးပင်) *နှတ်ပြည်က ပြည်တောင်းကြီး* ၊ပဲခူး၊ (၁၅) ပိုပိုအောင်(ဝန်းသို) *ဆရာမကြီး* ၊မြစ်ကြီးနား၊ (၁၆) လူဦးဇင်(မကွေး) *အရူးတစ်ယောက်ရဲ့ ရင်ခုန်သံ* ၊မကွေး၊ (၁၇) ယွန်းမြတ် မွန်းသျှန် *လမ်းပြကြယ်* ၊အုတ်တွင်း၊(၁၈) မြင့်မိုရ်ကျော်လင်း(မိုးမိတ်) *နှင်းရိုင်းတောမှ မြူခိုးမြူ* ၊ရှမ်း/မြောက်၊ (၁၉) ကောင်းစေသူ *အသိုက်မဲ့ ငှက်တို့နှားခိုရာ* ၊မုံရွာ၊ (၂၀) ယောကျ်ား(ဗီးနပ်စ်) ဖိနပ်ခြုံပိသမား ၊မုံရွာ၊ (၂၁) ဆွေဇင်ဦး *မနက်ဖြန်မှာ ထားထားအောင်ကို အရင်အတိုင်း မြင်ချင်တယ်* ၊ပြည်၊

■

အေးမြတ်မြတ်ချို ပြုစုသည်

www.burmeseclassic.com

www.burmeseclassic.com

စကြာလင့်ခြင်းအနုကျင့်ဝတ်များ

'ရိုးတစ်လျှောက်'
'ရိုးတစ်လျှောက်'
'ဖြိုးမောက်ကြီးခဲ့
လယ်ပတူ'
စာသစ်လို့မှ တစ်ကြောင်း
မဆုံးချင်သေး၊
သုံးတန်းဘက်က စီခဲ့
ညီထွက်လာတယ်။
'ဟေ့ ဟေ့ ခုနက
ပေးထားတဲ့
သချိုလေ့ကျင့်ခန်း
နှစ်ပုဒ်က ပြီးပလား'
'မပြီးသေးပါဘူး
ဆရာမ'
'အဲဒါဆို
ဆက်တွက်ကြလေ၊
မဆူကြနဲ့'
'ဆရာမ၊ ဆရာမ

အေးမူ တက်နင်းတာလေ ကျွန်တော့်ခဲတံလေး ကျိုးသွားပြီ ဆရာမ'
တစ်တန်းက ပုစုခရုလေး တစ်ယောက်က ခဲတံအကျိုးလေးကိုင်ပြီး
ငိုမဲ့ငိုမဲ့နဲ့ လာတိုင်တယ်။ သူငယ်တန်းနဲ့ နှစ်တန်းဘက်ကိုလည်း
တစ်ချက် ဝေ့ကြည့်လိုက်မိတယ်။ ကျောင်းလွတ်ချိန် နီးပြီမို့
အကုန်လုံးက မငြိမ်ချင်တော့။ လူပ်လူပ်ရွရွနဲ့
သည်းသည်းဖြိုနေတော့တယ်။
ကျောင်းသား ခြောက်ဆယ်ကျော် ခုနစ်ဆယ်ကို
ဘယ်လိုငြိမ်အောင် ထိန်းရမလဲဆိုတာ ချိုချိုလည်း မတွေးတတ်တော့ဘူး။
လက်ပတ်နာရီကို ငုံ့ကြည့်လိုက်တော့ ဆယ့်နှစ်နာရီပဲ ရှိသေးတယ်။

အမှတ် ၂၇၅ ဇွန်၊ ၂၀၁၄

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ခါတိုင်းလိုဆို ကျောင်းက ဆယ့်နှစ်ခွဲမှ ဆင်းပေးရမှာ။

ချိုချို သက်ပြင်းရှည် ရှည်တစ်ချက် ချလိုက်ပြီး ဟောခန်းကြီးတစ်ခုလုံးကြား အောင် ကျောက်သင်ပုန်းကြီးကို သုံးချက်တိတိ တုတ်နဲ့ တဖြန်းဖြန်းရိုက်လိုက်တယ်။ အားလုံး ခဏလေး ငြိမ်သွားတယ်။

'အားလုံး ကျောင်းဆင်းမယ်'

အားလုံး မျက်နှာလေးတွေ ဝင်းလက်သွားတယ်။

'ကဲ သွားလို့ရပြီ'

လေးတန်း ရှေ့ဆုံးတန်းက ကျောင်းသားလေးက အထက်နှုတ်ခမ်းအထိ ကျနေတဲ့ နှပ်ချေးတွဲလောင်းကို ရှူးခနဲ ရှူသွင်းလိုက်ပြီး အလု အယက်ပြောတယ်။

'ဆရာမ နှုတ်ဆက်ရဦးမယ်လေ'

'သြော် အေး အေး၊ ဟုတ်သားပဲ။ နှုတ်ဆက်မယ်ဟေ့'

'မင်္ဂလာပါ ဆရာမ၊ ကျေးဇူးတင်ပါတယ် ဆရာမ'

'အေး အေး မင်္ဂလာပါ ကွယ်'

အားလုံး ဝေါခနဲ ပြေးထွက်သွားကြတော့တယ်။

❑

တကယ်တော့ ချိုချိုက တကယ့်ဆရာမ မဟုတ်ပါဘူး။ ပြီးတော့ ဒီရွာကလည်း မဟုတ်ပါဘူး။ ချိုချို့အိမ်က ကျုံပျော်မြို့ တစ်ဖက်ကမ်းက ညောင်လမ်းပင်ရွာကလေးမှာပါ။ ချိုချိုတို့ ရွာမှာလည်း စာသင်ကျောင်း မရှိပါဘူး။ မြို့ထဲမှာပဲ ခက်ခက်ခဲခဲ ကျောင်းသွားတက်ကြရတယ်။

ကလေးတွေကို သနားလို့သာ သင်နေရတာ ချိုချိုရေ လခကြေင့် ရတစ်ချက် မရတစ်ချက်ပဲ အိမ်မှာ အမေက ကုန်စုံလေး ရောင်းနေလို့သာ နည်းနည်း ခံသာတာ အစ်မလည်း တစ်ခါတစ်ခါ ထွက်ဖို့ တွေးမိပါတယ် ကိုယ့်ရွာက ကလေးတွေ မျက်နှာ မြင်ရတော့လည်း ဒီအတိုင်း ပစ်မထား ရက်ခဲ့ပြန်ဘူး

ချိုချို အစွမ်းကုန် ကြိုးစား ပေမဲ့ ဆယ်တန်းကို သုံးခါ ဖြေပြီးမှပဲ အောင်တယ်။ အောင်တော့လည်း ချိုချို ဘာလုပ်ရမလဲ မသိပါဘူး။ အမှတ်ကလည်း နည်းတော့ ဘယ်တက္ကသိုလ်ကောင်း ကောင်းမှလည်း မမီဘူး။ မီရင်လည်း ချိုချို့မိဘတွေက မထားနိုင်ပါဘူး။ အဲဒီအချိန် တုန်းက ဆယ်တန်း ကျူရှင် လခတွေတောင် အကျမပေး ရသေးဘူးလေ။ ချိုချို အဝေး သင်ပဲ လျှောက်တယ်။ လျှောက်တဲ့အတိုင်း သမိုင်း မေဂျာနဲ့ပဲ ပြန်ကျလာပါတယ်။

အဲဒီနှစ်တုန်းကတော့ ပညာရေးကောလိပ်က ထပ် ခေါ်တယ်ဆိုလို့ ချိုချိုလျှောက် ပါသေးတယ်။ ခေါ်တဲ့အရေ အတွက်က နည်းတော့ သူ များတွေက 'လိုအပ်တယ် နော်'ဆိုတဲ့ အားထုတ်မှုတချို့ နဲ့ မကြိုးစားခဲ့မိလို့ပဲလား၊ ချိုချိုပဲ ဆရာမဖြစ်ဂံ့ မပါခဲ့ လို့လား မသိပါဘူး။ ချိုချို မပါခဲ့ဘူး။ အဲဒီတုန်းက ဝမ်း နည်းသလိုလိုတော့ ဖြစ်မိ သား။ အမေကတော့ အား ပေးရှာပါတယ်။

'စိတ်မပူပါနဲ့ တာပိုး လေးရယ်။ အချိန်တန်ရင် အလုပ်တစ်ခုတော့ ရမှာပါ။ အချိန်မတန်သေးလို့ပါ'

ချိုချို အားတက်ချင် ပေမဲ့ ဘယ်တော့ အချိန်တန် မလဲဆိုတာ ချိုချိုမှ မသိနိုင်ဘဲ လေ။

❑

ဒီလိုနဲ့ပဲ ချိုချို အဝေး သင်တက်တယ်။ စာမေးပွဲနီး ရင် ဟင်္သာတကို ပြေးရ တယ်။ ကျူရှင်လေး လု ယက်တက်၊ ကျောင်းတက်၊ အဆောင်နေ စာကျက်နဲ့ပဲ ပေါ့။ ဒါပေမဲ့ ချိုချို သူများ တွေလို အလှပြင်လိုက်၊ လည် လိုက်ပတ်လိုက်နဲ့ အချိန် မဖြုန်းပါဘူး။ ချိုချို စာကြိုး စားတယ်။ ချိုချို တစ်နှစ်တစ် တန်းအောင်မှ ဖြစ်မယ်ဆိုတာ ချိုချိုသိတယ်။ ချိုချို့မိဘတွေ က ညီမလေးအတွက် ပူရသေး တယ်လေ။

ကျန်တဲ့အချိန်တွေဆို ရင်တော့ ချိုချို့တို့ တောက အလုပ်ပဲ လုပ်ရတာပေါ့။ ပင်ပန်းပေမဲ့ ချိုချို ကျေနပ်ပါ တယ်။ ချိုချို့မိဘတွေကို တစ်ဖက်တစ်လမ်းက ချိုချို ကူညီရမယ် မဟုတ်လား။

တစ်ခေတ်တစ်ခါက တော့ ချိုချိုတို့ မိသားစုအပါ အဝင် တစ်ရွာလုံး စီးပွားရေး အဆင်ပြေခဲ့ပါရဲ့။ ချိုချို့ဆို မျက်နှာကြီးထဲမှာတောင် ပါ သေးတယ်။ နောက်ပိုင်းတော့ စီးပွားရေး ပျက်လာလို့ကြ တာ တစ်ရွာလုံး ချွတ်ခြုံကျ တာပဲ။ ရာသီဥတုကလည်း မမှန်ဘူး။ စပါးစျေး၊ ဝီလော ပိန်စျေးတွေ မကောင်းရတဲ့ ကြားထဲ နှစ်လုံးသုံးလုံး ဂယက်တွေကလည်း ရိုက် ချက်ပြင်းလေတော့ စပါးပေး၊ ဝီလောပိန်ပေးတွေနဲ့ အကြွေး ပင်လယ်မှာ စုံးစုံးမြုပ်ကြရ တော့တာပဲ။ တချို့ဆို အကြွေး ရှောင်ရင်း မိသားစုလိုက် တောင်ပြေးမြောက်ပြေး ပြေး ကြရတယ်။ လုပ်နိုင်ကိုင်နိုင် အရွယ်ကောင်းတွေအကုန် ရန်ကုန်တို့ နေပြည်တော်တို့ဆီ အလျှိုလျှို အလုပ်လုပ်ထွက် ကြရင်း ရေကြည်ရာ မြက်နု ရာ ရှာကြရတာ ရွာမှာတောင် လူသိပ်မကျန်တော့ဘူး။

အဆင် ပြေသွားကြ လား မေးရင်တော့ ဖြေရမှာ က ခက်ခက်ပဲ။ ချိုချိုတောင် ဘွဲ့ရပြီးတဲ့နှစ်က အဆွယ် ကောင်းတာနဲ့ ရန်ကုန်ကို အလုပ်လုပ်ဖို့ လိုက်သွားသေး တယ်။ အထည်ချုပ်စက်ရုံမှာ အလုပ်ရမယ်ဆို လို့။ ဟို ရောက်တော့ စက်တော့ ရှိပေ ရပါရဲ့။ ဒါပေမဲ့ လုပ်နေ့အိတ် စက်ရုံမှာ ချုပ်ရတာ။ လစာ

www.burmeseclassic.com

www.burmeseclassic.com

ကလည်း တစ်လမှ ခြောက်သောင်းဆိုတော့ စားတာသောက်တာနဲ့ ရန်ကုန်စရိတ်နဲ့ဆို ဘာမှ ပိုတယ်မရှိဘူး။ နေရေးထိုင်ရေးကလည်း အဆင်မပြေတာနဲ့ ချီချိုရွာပဲ ပြန်လာခဲ့တော့တယ်။

အရင်တလောက ဘွဲ့ရ အလုပ်လက်မဲ့တွေကို အစိုးရစာသင် ကျောင်းတွေမှာ ဆရာမလိုမျိုး၊ စာရေးစာချီလိုမျိုး ခန့်မယ်ကြားတော့ ချိုချို ပျော်ခဲ့ရပါတယ်။ လိုအပ်တဲ့ စာရွက်စာတမ်းတွေ ပြင်ဆင်ပြီး အပြေးအလွှား လျှောက်လိုက်ရတာ မောရမှန်းတောင် မသိခဲ့ဘူး။ ဒါပေမဲ့ ချိုချို ဘက်က ဘာတွေ ချွတ်ယွင်းခဲ့သလဲ မပြောတတ်ပါဘူး။ ချိုချို မပါပြန်ဘူး။ သူများတကာတွေ သင်တန်းတက်တဲ့လူလည်း သွားတက်ကြသတဲ့။ ရုံးအကူလိုမျိုးတွေလည်း ရကြသတဲ့။ အရင်က ဆရာ မလုံလောက်တဲ့ ကျောင်းတွေမှာ အငှားသင်နေတဲ့ ဘွဲ့ရဆရာမလေးတွေလည်း အတည်ခန့် ရသွားကြသတဲ့။ ချိုချိုပဲ အမောဆို့ကျန်ခဲ့ရတယ်။

နောက်ပိုင်းတော့ ချိုချိုလည်း ရွာအလုပ်ရှိတဲ့အချိန်ဆို ရွာမှာအလုပ်လုပ်။ အလုပ်ပါးတဲ့ အချိန်ဆို ချိုချိုအမေလိုပဲ အမျိုးတွေရှိတဲ့ အသုတ်မြို့ဘက်ကနေ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်တွေ ယူလာခဲ့ပြီး ချိုချိုတို့ရွာဘက်မှာ လဆိုင်းနဲ့ ပြန်ရောင်းတယ်။ အများကြီး မဟုတ်ပေမဲ့ တစ်ခါတလေ အပိုဝင်ငွေလေး ရတာပေါ့လေ။ အဲ အခု ဇာတ်လမ်းကလည်း အဲဒီအသုတ်ဘက် သွားသွားနေရာကနေ စတာပါ။

❑

ဒီနှစ် မိုးလယ်ပိုင်း လောက်က အသုတ်ဘက် အသွားမှာ ချိုချိုတို့အမျိုးဘုန်းကြီးက ပြောတယ်။ 'တာပိုးလေး နင် စာသင်မလား၊ ရွာက စာသင်ကျောင်းမှာ အငှားဆရာမတစ်ယောက် လိုနေလို့'

ချိုချိုလည်း ရေငတ်တုန်း ရေတွင်းထဲ ကျသလိုပေါ့။

'သင်မယ် ဘုရား၊ တပည့်တော် အိမ်ကို ပြန်ပြောရဦးမယ် ဘုရား' ဆိုပြီး ချိုချို အပြေးပြန်လာခဲ့တယ်။

ရွာပြန်ရောက်လို့ အမေကို ပြောပြတော့မှပဲ ချိုချို ဘာမှ သေသေချာချာ မမေးခဲ့မိမှန်း ချိုချိုသိတော့တယ်။ အမေကတော့ မျက်စောင်းတစ်ချက်ထိုးတယ်။ နောက်တစ်ပတ်ကျတော့ ချိုချိုနဲ့ အမေ တစ်ခေါက် ပြန်သွားစုံစမ်းရတယ်။

ကျောင်းက ဘုန်းဘုန်းတို့ ဆတ်ကြီးရွာမှာပဲ။ အသုတ်နဲ့ နည်းနည်းတော့ လှမ်းတယ်။ ချိုချိုအမောက်က အဒေါ်တွေ၊ အမျိုးတွေတော့ အဲဒီရွာမှာ ရှိတယ်။ ကျောင်းက တွဲဖက် မူလတန်းကျောင်းအဆင့်ပဲ ရှိသေးတယ်။ မူလတန်းကျောင်း ဖြစ်ဖို့တော့ လျှောက်ထားတုန်းပဲ။ နောက်နှစ်မှ ဖြစ်မယ်တဲ့။ အငှားသင်ဆရာမ နှစ်ယောက် ရှိတာ တစ်ယောက်က ထွက်သွားတော့ လောလောဆယ် တစ်ယောက် ကျန်သေးတယ်။

'ဆရာမတွေကို တစ်လလေးသောင်းခွဲ ပေးမယ်ဆိုခဲ့ပေမဲ့ ရွာသားတွေဆီကပဲ ကောက်ခံမရလို့လား၊ ကြားထဲမှာပဲ ပျောက်နေသလားမသိပါဘူး ဒကာမကြီးရယ်၊ လတိုင်းမှန်မှန် မရဘူးဖြစ်နေတော့ ဆရာမတစ်ယောက် ကတော့ စွမလုပ်နိုင်တော့ဘူး။ သူရွာပြန်သွားပြီ။ ဒီလိုပဲ ဆရာမတွေက မမြဲကြဘူး။ တာပိုးလေးအတွက်တော့ ဘုန်းဘုန်းကပဲ ပေးပါ့မယ်။ တစ်လကို သုံးသောင်းခွဲပေးမယ်။ ဒီနှစ်အကုန်အထိတော့ သင်ပေးပါဦး တာပိုးလေးရယ်။ ကလေးတွေလည်း သနားဖို့ကောင်းပါတယ်'

အဒေါ်တွေကလည်း ပြောရှာပါတယ်။ 'စာလာသင်မယ်ဆိုရင်တော့ အိမ်မှာပဲ လာနေပေါ့။ အိမ်မှာပဲစား။ အိမ်က သုံးတန်းကောင်ကိုလည်း စာသင်ပေးလို့ ရတာပေါ့'

ချိုချိုကိုယ်တိုင်ကလည်း စိတ်ပါနေတော့ သင်ပါ့မယ်လို့ ဘုန်းဘုန်းကို ချိုချို လျှောက်ခဲ့တယ်။

လစာကတော့ ချိုချိုအဖို့ မမက်မောလောက်ပါဘူး။ ဒါပေမဲ့ ချိုချိုမျှော်လင့်တာရှိတယ်။ နောက်နှစ်ဆို ဒီကျောင်းက တွဲဖက်ကနေ မူလတန်းကျောင်း ဖြစ်မှာဆိုတော့ ဒီကျောင်းမှာ အငှားသင်တဲ့ ချိုချိုလည်း အတည်ခန့်ဆရာမဖြစ်ဖို့ အခွင့်အရေးများ ရလာမလားလို့ပါ။ နောက်နှစ် ဒီလိုပဲ ဘွဲ့ရကျောင်းဆရာတွေ ထပ်ခေါ်ပါစေလို့ပဲ ချိုချို ဆုတောင်းနေရတော့မှာပေါ့။

❑

ချိုချို့က သုံးတန်းနဲ့ တစ်တန်းကို သင်ရတယ်။ သူငယ်တန်းကိုလည်း တစ်ခါတစ်ခါ ဝင်ထိန်းပေးရတယ်ပေါ့လေ။ ဆရာမ သူဇာကတော့ ချိုချို့ကို အစစအရာရာ သင်ပေးရှာပါတယ်။ ချိုချိုတို့နှစ်ယောက်လုံး ဆရာဖြစ်သင်တန်းတွေ မတင်ဖူးပေမဲ့ ဆရာမ သူဇာကတော့ သင်တာ ကြာနေပြီမို့ သင်ကြားရေးရော စီမံခန့်ခွဲမှုပါ တော်တော်လေး ကျွမ်းကျင်နေပါပြီ။

'ကလေးတွေကို သနားလို့သာ သင်နေရတာ ချိုချိုရေ။ လခကဖြင့် ရတစ်ချက်၊ မရတစ်ချက်ပဲ။ အိမ်မှာ အမေက ကုန်စုံလေး ရောင်းနေလို့သာ နည်းနည်းခံသာတာ။ အစ်မလည်း တစ်ခါတစ်ခါ ထွက်ဖို့ တွေးမိပါတယ်။ ကိုယ့် ရွာက ကလေးတွေ မျက်နှာ မြင်ရတော့လည်း ဒီအတိုင်း ပစ်မထားရက်ခဲ့ပြန်ဘူး'

ချိုချိုကတော့ မျက်လေးတောင်လေး ပုတ်ခတ် ပုတ်ခတ်လုပ်ရင်းသာ နားထောင်နေရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ချိုချိုတတ်သလောက် မှတ်သလောက်နဲ့တော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသင်ပေးပါတယ်။ ထူးချွန်ထက်မြက်တဲ့ ကျောင်းသားလေးတွေ ဖြစ်မလာစေဦးတော့ သူတို့လေးတွေ ကျောင်းစာနဲ့ အဆက်မပြတ်အောင်တော့

www.burmeseclassic.com

www.burmeseclassic.com

ချိုချို ကြိုးစားစွမ်းဆောင်ခဲ့ပါတယ်။

❑

အသားကျမယ် ကြံရုံရှိသေး ချိုချို ဒုက္ခရောက်ရပြန်ပါတယ်။ နှစ်လတောင် မပြည့်သေး၊ ပစ်မထားရက်ပါဆိုတဲ့ ဆရာမ သူဇာက ရန်ကုန်မှာ အလုပ်လုပ်မယ်ဆိုပြီး ပစ်ထားရက်ခဲ့ပါပြီ။ ချိုချို့မှာတော့ ကျောင်းသားခုနစ်ဆယ်ကျော်လောက်နဲ့ ဒုက္ခပင်လယ် ဝေနေရတော့တယ်။ စာကို ထိထိရောက်ရောက် မသင်နိုင်သလို အတန်းငြိမ်အောင်လည်း မထိန်းနိုင်တော့ဘူး။ တစ်တန်းကို သင်နေပြီဆို ကျန်တဲ့အတန်းတွေက ဆူတယ်။ ဒီတော့ တစ်တန်းကို အတွက်ပုစ္ဆာတွေ လေ့ကျင့်ခန်းတွေ ပေးထားပြီး နောက်တစ်တန်းကို ကူးရတယ်။ တစ်ခါတလေလည်း နှစ်တန်းပေါင်း သင်လိုက်တယ်။ ကလေးတစ်ဦးချင်းစီရဲ့ ပြဿနာပေါင်းစုံကိုလည်း ဦးခံဖြေရှင်းပေးရသေးတယ်။ အရင်က စိတ်ရှည်ရှည် ထားနိုင်ခဲ့ပေမဲ့ ခုတော့ ဆူမိငေါက်မိတာလည်း ရှိတယ်။ မိုးတွင်းဆိုရေကြီးတဲ့အရပ်ဖြစ်လေတော့ ကျောင်းပတ်ပတ်လည်က ရေတွေချည်းပဲ။ ကလေးငယ်တွေ ကစားရင်း ရေထဲပြုတ်ကျမှာကိုလည်း ချိုချို ပူရသေးတယ်။

ချိုချို စိတ်ဆင်းရဲရပါတယ်။ ဒီအတိုင်းသာဆိုရင်တော့ ချိုချိုလည်း ကြာကြာခံနိုင်ပါတော့မလားမသိ။ ဘုန်းဘုန်းကတော့ တစ်လနှစ်လအတွင်း ဆရာမအသစ်တစ်ယောက် ရှာပေးပါတယ်လို့ အာမဘန္တေခံထားပါရဲ့။ ဒါပေမဲ့ ချိုချို သည်းခံရမှာပါ။ မသေချာ မရေရာပေမဲ့ ချိုချို မျှော်လင့်ချက်အတွက် ချိုချို သည်းခံမှာပါလေ။

❑

ချိုချို ဒီမနက် ကျောင်းသွားဖို့ပြင်တုန်း ဆရာတော် ကျောင်းမှာ ချိုချို့အတွက် ဖုန်းလာနေတယ်ဆိုပြီး လာခေါ်တယ်။ ချိုချို ကျောင်းရောက်တော့ ဘုန်းဘုန်းက 'ဒကာမကြီးဆီက' လို့ ပြောတယ်။

'တာဝိုးလေး အမေပါ၊ အဆင်ပြေရဲ့လား'

'တစ်ယောက်တည်း ဆိုပေမဲ့ ပြေအောင်လုပ်ရတာပေါ့ အမေရယ်။ ဒီလိုပါပဲ။ ဆရာမအသစ် မြန်မြန်ရပါစေပဲ ဆုတောင်းရတော့မှာပဲ'

'ဒီနေ့တော့ နားရမှာပေါ့။ အမျိုးသားနေ့ မဟုတ်လား။ အငယ်မတို့တောင် ကျောင်းပိတ်တယ်လေ'

'ဗုဒ္ဓေါ၊ ချိုချို ကျောင်းသားတွေကို ကျောင်းပိတ်တယ် ပြောမထားဘူး အမေရဲ့။ ဒါပဲနော် ချိုချိုကျောင်းသွားတော့မယ်။ နောက်မှပဲ ပြန်ဆက်လိုက်မယ်နော်'

ချိုချို ဖုန်းကို ဂွပ်ခနဲ မြည်အောင် ချလိုက်ပြီး ဆရာတော်ကိုတောင် နှုတ်မဆက်နိုင်ဘဲ ကျောင်းကိုသာ ပြေးလိုက်ရတော့တယ်။

ကျောင်းရောက်တော့ ကျောင်းသူနှစ်ယောက်က ချိုချို့ကို လာကြိုတယ်။ ချိုချိုကတော့ ဘယ်လိုလုပ်ရမလဲ စဉ်းစားနေမိတုန်း။ အမျိုးသားနေ့ကိုတောင် သတိမရရကောင်းလားလို့ ကိုယ့်ကိုယ်ကို မကျေမချမ်းဖြစ်မိပေမဲ့ မျက်နှာကတော့ ပြုံးစိစိလုပ်နေမိတယ်။

အရင်လိုပဲ 'ကျောင်းတက်မယ်ဟေ့' လို့ ပြောလိုက်တော့ အားလုံး မတ်တတ်ရပ်ပြီး နိုင်ငံတော်သီချင်းဆိုဖို့ ပြင်လိုက်ကြတယ်။ လေးတန်းကျောင်းသားလေးက 'အားလုံး သတိ' ဆိုပြီး စ တိုင်တာကနေ ကျောင်းသားအားလုံး နိုင်ငံတော်သီချင်းကို မညီမညာဆိုတာသာ ပြီးသွားတယ်။ ချိုချို လိုက်မဆိုမိ။ ငူငူကြီး ရပ်နေမိခဲ့။ ကျောင်းသားတွေကလည်း ပြုံးစိစိလုပ်နေတဲ့ ဆရာမကို ကြည့်ပြီး နားမလည်နိုင်ကြ။ တချို့ကတော့ ခါတိုင်းလို နာမည်ခေါ်တော့မလား စောင့်နေကြပုံရှိတယ်။

ချိုချို ပြုံးစိစိကနေ ပြည့်ပြည့်ဝဝ တစ်ချက်ပြုံးလိုက်ပြီး ကျောက်သင်ပုန်းကြီးကို သုံးချက်တိတိ တုတ်နဲ့ တဖြန်းဖြန်း ရိုက်လိုက်တယ်။ ခဏငြိမ်သွားတုန်း ဟောခန်းတစ်ခုလုံးကြားအောင် အသံကို မြှင့်ပြီး စကားစလိုက်တယ်။

'သားတို့ သမီးတို့ ဒီနေ့ ဘာနေ့လဲ သိကြလား'

'မသိပါဘူး ဆရာမ'

ချိုချို ပြုံးစိစိမျက်နှာကို အပိုးသတ်လိုက်ပြီး ဆက်ပြောလိုက်တယ်။

'ဒီနေ့က တန်ဆောင်မုန်းလပြည့်ကျော် ဆယ်ရက်နေ့ဆိုတော့ အမျိုးသားနေ့ပေါ့။ တစ်နိုင်ငံလုံးက ကျောင်းသားတွေအားလုံးက အင်္ဂလိပ်အစိုးရကို တည်တည်တံ့တံ့ သပိတ်မှောက် ဆန္ဒပြခဲ့ကြတဲ့နေ့ပေါ့ကွယ်။ ဒါကြောင့် အမျိုးသားနေ့လို့ သတ်မှတ်ခဲ့ကြတာပေါ့။ အရင်တုန်းကဆိုရင်တော့ ဒီနေ့မှာ တစ်နိုင်ငံလုံး အထိမ်းအမှတ် ပွဲတွေလမ်းတွေ ကျင်းပခဲ့ကြတာပေါ့။ ပြီးတော့ ဒီနေ့ဟာ အစိုးရရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်လည်းဖြစ်တယ်။ ဒါကြောင့် သားတို့သမီးတို့ကို ဒီနေ့ ကျောင်းပိတ်ပေးမယ်'

'ဟေး...'

ကျောက်သင်ပုန်းကြီးကို ချိုချိုတုတ်နဲ့ တဖြန်းဖြန်း ထပ်ရိုက်လိုက်တယ်။

'ကဲ အားလုံးထ၊ နှုတ်ဆက်မယ်'

'မင်္ဂလာပါ ဆရာမ၊ ကျေးဇူးတင်ပါတယ် ဆရာမ'

'အေး အေး၊ မင်္ဂလာပါ၊ ကောင်းကောင်းပြန်ကြနော်'

ကျောင်းသားတွေအားလုံး အပြေးတစ်ပိုင်း ထွက်သွားကြပါတယ်။

ကျောင်းသားတွေအားလုံး ခြံစည်းရိုးနား ရောက်တာနဲ့ ဘေးဘယ်ညာ တစ်ချက်ကြည့်လိုက်ပြီး ချိုချို တစ်ယောက်တည်း ဝါးလုံးကွဲ ရယ်ချလိုက်မိပါတော့တယ်။

မွန်းကျပ်မှု တချို့ကို ဖွင့်လွှတ်ပစ်လိုက်နိုင်ပေမဲ့ ရယ်သံကျယ်ကျယ်ကြောင့် ချို့ချို့မျှော်လင့်ချက်လေးလန့်လွှင့် ထွက်ပြေးသွားမှာကိုတော့ ချိုချို ဝိုးရိမ်မိသား...။

■

ကောင်းမြတ်

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

ဟားရိုးမြို့ နက္ခတ်သိဒ္ဓိရှင် **ဆရာတော် ဦးပဏ္ဍိတဓဇ** ၏ သမီးတော်၌

ဆန်းကျမ်းပေဒင် **ဆရာမ ဒေါ်နုနိုးခမ်းလန်**

မိတ်ပေါင်းကို စောင့်မျှော်ဖိတ်ခေါ်ခြင်း မိတ်သစ်ကိုလည်းကြိုဆိုပါတယ်ရှင်။

အမှတ် (၆၈၆)၊ မဟာဗန္ဓုလလမ်း ၄၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နှုန်ယ်။
[ဒဂုံမောင်လှက်ရည်ဆိုင်ဘေးကပါ]
ဖုန်း - ၀၉ ၃၁၃၄၁၃၉

မုံရွာ ဆရာမိုး

အမှတ်တံဆိပ်

အမောလုံ နှလုံးအားဆေး

စားဝင်အိပ်ပျော် မူးမောကင်းဝေး
မုံရွာ ဆရာမိုး အမောလုံ နှလုံးအားဆေး

ကိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010736

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ထူး
တောမင်းသမီး

အမှတ် (၂၇၂) ဒွန်၊ ၂၀၁၄
ရဲစိန်မဂ္ဂဇင်း
အခန်းဆက် ဝတ္ထုရှည်

၂၀၁ ရွှေအမြဲတေ ရုပ်စုံမဂ္ဂဇင်း ဒွန် ၂၀၁၄

www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှအဆက်...)

၃၀။

'ရှုပါရဲ့ သက်အေးပုံဇာတ်သဘင်။

၁၃၄၀-ခုနှစ်တွင် တည်ထောင်သည်'

သစ်သားပြားပေါ်မှာ သစ်သားထွင်းစာလုံးဖြင့် ကပ်ထားသော ဇာတ်သဘင်ဆိုင်းဘုတ်ကို မြင်လိုက်ရတိုင်း ဥဩသံအေး မျက်ရည်စို့ရသည်။ တစ်ခါတစ်ခါ လူသူလေးပါး မရှိသည့်အခိုက်ဆိုလျှင် ကတွတ်ပေါက်ကို ဖွင့်ချလိုက်သလို မျက်ရည်သွင်သွင်ကျအောင် ငိုရပါ၏။ မရှိရာတော့သော မွေးစားအမေ၊ ဘဝခြားခဲ့ရသော ယောကျ်မအမေ။ တစ်နှစ်အတွင်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို သည်အသိုက် သည်အမြိုထဲက ထွက်ခွာခဲ့ကြသူတွေကို သတိရတိုင်း နောင်တတို့သည်လည်း ကပ်ပါရမြဲပင်။ ပင်ကိုအားဖြင့် စိတ်မာသူဆိုတော့ တော်ရုံလောကဓံကို လောကဓံ မထင်ခဲ့။ ဥဩသံအေးကိုယ်တိုင်မသိခဲ့သော အဖေ့သွေးလား ဒါမှမဟုတ် အမေ့သွေးပေလား။ ငယ်ငယ်ကလေးကတည်းက သည်ရွာ သည်အိမ် သည်မအေကို စွန့်ပုံခဲ့သည်။ နှစ်ပေါင်းများစွာ အမေနှင့် ဝေးဝေးနေခဲ့သည်။ ကိုယ်တိုင်သမီးကလေးရမှ သူကိုယ်တိုင်မမွေးခဲ့ပေသိ 'အမေလည်း ငါ့ကိုချစ်ရှာသား' ဆိုသည့်စိတ်ကလေး ဝင်ခဲ့ရသည်။ အမေ့ကိုတော့ မပစ်ပယ်ခဲ့တာ အမှန်။ ကျေးဇူးတရားကို မမေ့မလျော့ရှိခဲ့တာလည်း အမှန်ပင်။ ညောင်ခါးရွာ လက်ပံမြစ်ပါးပျဉ်းထဲက ကောက်ယူခဲ့ရုံမက လူလုံးလှအောင် ကျွေးမွေးသုတ်သင်ရှိခဲ့ရှာသော အမေ။ ရွာထိပ်က ညောင်သုံးပင်အောက် ဆီပူမီးပူ အကြော်ကြော်ရင်း တစ်မြို့တစ်မ ဘဝဝမ်းအေးစေခဲ့သည့် အမေ။ ရက်စက်စွာပစ်ထားခဲ့သည့် အမေရင်းက လာခေါ်မှာစိုးလို့ တစ်သက်လုံးလိုလို ကျီးကန်း တောင်းမှောက်ရှိခဲ့ရသည့် အမေ။

အမေမဖိုင်းတောင့် မဆုံးခင်ကရက်တွေကို သတိရမိပါ၏။ နေ့ခင်းတစ်ထောက်တစ်အား ရှိကြသည့်တစ်ရက်မှာ အမေက ဥဩသံအေးကို အနားထိုင်ခိုင်းပြီး စကားတွေပြောနေခဲ့သည်။ ကိုသက္ကက ရွာဒိုးဆရာကိုမောင်ထီတို့ လာခေါ်လို့ ရွာထဲ အလည်လိုက်သွားသခိုက် ဖြစ်သည်။ ကျီးတိုးက သက်အေးပုံကို ပုခက်ထဲ ထည့်သိပ်ရင်း လွဲနေခဲ့သည်။ အမေက ဥဩသံအေး အနားတိုးလာကာ စကားစခဲ့ခြင်း ဖြစ်သည်။

'အမေ သမီးကို မပြောဖြစ်ခဲ့တဲ့စကားတွေ ရှိသယ်။ သမီးကိုအမေ ငယ်ငယ်က ဆွဲပေးခဲ့တဲ့ ပယင်းညိုပုတီးကုံးကလေး မှတ်မိသေးသယ်နော်။ အဲသည်အကြောင်း အမေ မပြောဖြစ်ခဲ့ဘူး။ အမေ့အမေ မအေးပုံဆိုသော ရှေးက သူတို့ခေတ် သူတို့အခါ ရွာတွေမှာလိုက်ကတဲ့ တောမင်းသမီး။ ထင်ထင်ပေါ်ပေါ်ကြီးထဲကတော့ မဟုတ်ရှာပါဘူး။ အမေ

www.burmeseclassic.com

www.burmeseclassic.com

မအေးပုံရဲ့အမေက မပိုးမျှင်တဲ့။ အင်မတန်သဘောမနော အေးချမ်းသယ်။ အမေ့အဖေ ဦးကျောက်တိုင်ကတော့ အမေလို မဟုတ်ဘူး မာဆတ်ဆတ်ရယ်။ နှုတ်ခမ်းမွေးသဲ့သဲ့ သျှောင်တွဲကြီးနဲ့ မျက်နှာထားဆိုးဆိုးလို့ ပြောကြသယ်။ မြင်းကြီးတစ်စီးနဲ့ သမီးမအေးပုံကတဲ့ရွာတွေကို လိုက်သွားတတ်သယ်။ အမေ မအေးပုံရဲ့ဆရာက ဇာတ်လူပြက်ဟောင်း။ နာမည်က ကိုစည်ပိုင်းတဲ့။ အသက်လေးဆယ်လောက်ရှိတဲ့ မုဆိုးဖို။ သည့်အရင်က မယားတစ်ယောက်ရဖူးသာ တောမျော် မတင်တင်ဆိုတဲ့မင်းသမီးတဲ့။ ကိုစည်ပိုင်းက တောင်သာနယ်ဘက်က ဗိုလ်ရာညွန့်ဂိုဏ်းသား။ အင်္ဂလိပ်အစိုးရမင်းကို တော်လှန်တဲ့ဂိုဏ်းဆိုတော့ ထိန်ပင်ရွာမှာ ပုလိပ်က ပစ်လို့ သေရရှာသယ်။ တောမျော်မတင်တင်နဲ့ သားတစ်ယောက် ရှိသလိုလို ဆိုပေသိ နောက်ပိုင်း ပြောသံမကြားဖူးဘူး။ အဲသည် ကိုစည်ပိုင်းနဲ့ ညည်းဘွားအေ ရွှေပါရုံမအေးပုံနဲ့က ဆရာတပည့်ဘဝနေကြရင်း တောပွဲတွေလိုက်ကကြရာက မေတ္တာရှိကြသယ် ပြောပါတော့အေ။ မုဆိုးဖိုနဲ့ အပျိုကလည်း ဖြစ်ပြန် အသက်ချင်းကလည်း ကွာခြားလေတော့ ဖအေ ဦးကျောက်တိုင်က အဲသလိုဖြစ်မှာစိုးလို့ မြင်းတစ်စီးနဲ့ လိုက်ထိန်းသာနေမှာပေါ့။ အမေမအေးပုံက တောမင်းသမီးဆိုပေသိ သုံးလေးနှစ်လောက်ကခဲ့သာပါအေ။ သီပေါမင်းပါတော်မူတော့ ညည်းဘွားအေက ခုနစ်နှစ်သမီးရှိသေးသာ။ အမေတို့ နဂိုဇာတိက နတ်မောက်နယ် ကျီးပင်ချောင်ဘက်ကပါ။ ကိုစည်ပိုင်းဆုံးတော့ အမေ့အဖေဦးကျောက်တိုင်ကလည်း ဗိုလ်ရာညွန့်ဂိုဏ်းသားဟောင်းဆိုတော့ ရာဇဝတ်သင့်မှာစိုးလို့ တစ်ရွာကို တိမ်းရှောင်ရာက ထနောင်းပင်လှရွာဘက် အခြေချခဲ့သာပေါ့။ အမေမအေးပုံက ထနောင်းပင်လှရောက်မှ သက်ကယ်ပြင်ရွာသားနဲ့ အိမ်ထောင်ကျသယ်။ ထနောင်းပင်လှကိုရောက်ကတည်းက အမေမအေးပုံက မင်းသမီးဘဝကို တစ်သက်လုံးစွန့်လွှတ်ပြီး အကြော်အကြော်ရောင်းရင်း ဘဝကုန်ရရှာသာပေါ့။ အမေ့ခမျာ မကျွတ်မလွတ်ရှာဘူး ထင်ပါရဲ့အေ။ အမေ့ကို အိပ်မက်တွေ မကြာခဏ ပေးတတ်သယ်။ အင်္ဂလိပ်မင်းရဲ့ ပုလိပ်သားလက်ချက်နဲ့ သူချစ်သူ ဆုံးပါးသွားကတည်းက သည်းခြေမကောင်းရှာဘူးနဲ့တူပါရဲ့အေ။ အမေ ညည်းနေကျ သီချင်းစကလေးက ညည်းဘွားအေမအေးပုံ မင်းသမီးဘဝက ညည်းနေကျသီချင်း။ ဒါက အမေ့အကြောင်း ပြောပါတော့ အေ'

အမေမဓိုင်းတောင့်က သည်အကြောင်းတွေကို ဆွေးဆွေးမြည့်မြည့် ပြောနေခြင်းဖြစ်ပါ၏။ သည်အကြောင်းတွေကို အမေ ဘာလို့တခုတ်တရ ပြောပါလိမ့်လို့ ဉာဩသံအေး တွေးနေခဲ့မိသည်။

'အမေ့ချစ်သူ ကိုစည်ပိုင်းက အမေ့ကို ဘူးကလေးနဲ့ ထည့်ထားတဲ့ ပယင်းညိုလည်ဆွဲကလေးတစ်ကုံး ပေးခဲ့ဖူးသတဲ့။ သမီးငယ်ငယ်က အမေဆွဲပေးနေကျ လည်ဆွဲကလေးပေါ့။ ညည်းဘွားအေက ချစ်သူပေးခဲ့ဖူးတဲ့ သည်လည်ဆွဲကို အင်မတန် မက်စက်လွန်းလို့တစ်သက်လုံး သိမ်းထားရှာသယ်။ သူ့ဆီမှာ မထားပေါင်အေ။ သူ ပွဲကရာ တကောက်ကောက် လိုက်ခဲ့ဖူးတဲ့ သူ့အချစ်ဆုံးသူငယ်ချင်း ဂျီးပုတူဆီမှာထားသာပါ။ ဂျီးပုတူ ဆုံးတော့မှ ဂျီးပုတူ သေတ္တာထဲက လှည်းဆရာ ကိုသာညိုတွေ့လာသာ။ အဲသာ ညောင်ခါးဘုရားပွဲတစ်ရက်မှာ သမီးကိုဆွဲပေးထားသာ မှတ်မိမှာပေါ့။ သမီးက ညောင်ခါးက မကြည်ညွန့်တို့ အိမ်မှာချုတ်ထားတုန်း မကြည်ညွန့်သမီး ဘုတ်မက ကလေးဝိပီ လိုချင်ရှာလို့ ဝှက်ထားသာ နှစ်ချီသာ ကြာရော့။ တစ်ရက်တော့ မကြည်ညွန့်က မှတ်မှတ်ရရ ပြန်လာ ပေးသယ်။ သူ့ကို အမယ်အိုတစ်ယောက်က ပြန်ပေးဖို့ အိပ်မက်လာလာပေးလွန်းလို့ ကြောက်ပြီးလာပေးသာ ပြောသယ်။ အခု အမေ့ဆီ ပြန်ရောက်နေပါပြီ။ သည်ပယင်းညိုလည်ဆွဲကို ညည်းဆွဲခဲ့ပြီ။ အခု ငါ့မြေးကလေး သက်အေးပုံကို ပေးခဲ့ချင်သယ်။ ရှိရှိသေသေ သိမ်းပါအေ ဘွားအေကြီး ပစ္စည်းမို့ပါ။ တိုးစိန် သေတ္တာထဲနှိုက်ချေစမ်း'

ဂျီးတိုးက သေတ္တာထဲက ပယင်းညိုလည်ဆွဲကလေးကို ဘူးနှင့်တကွ ထုတ်ယူလာခဲ့ပါ၏။ ဉာဩသံအေး ငယ်ငယ်က အမေ ထုတ်ဆွဲပေးတတ်သည့် လည်ဆွဲကလေး အမေပြောမှ အမေ့ဘဝနှင့်ယှဉ်သော လည်ဆွဲကလေးမှန်း သိတော့သည်။ ငယ်ငယ်က အဖိုးတစ်တန် မဟုတ်ဘူးရယ်လို့ ပေါ့ပေါ့ဆဆရှိခဲ့တာကိုလည်း သတိရမိပါ၏။ သည်လို လည်ဆွဲကလေးတစ်ကုံး သူ့မှာရှိသည်။ မင်းသားရဲတင်းပေးခဲ့သည့် ပယင်းဝါလည်ဆွဲကလေး။ ထည့်ထားသည့်ဘူးတော့ မပါပါ။ တစ်ခါက ရဲတင်းနှင့် ငြိတွယ်ခဲ့ရသည့် မေတ္တာအမှတ်အသားအဖြစ် ခပ်ဝါးဝါးထင်ခဲ့သော ပုံရိပ်ကို မြင်ယောင်မိသည်။ စကားရောက်သခိုက် ဉာဩသံအေးက သူ့မှာရှိသည့် ပယင်းဝါလည်ဆွဲကလေးကိုထုတ်ပြသည်။ အမေက လည်ဆွဲနှစ်ကုံးယှဉ် ကြည့်ရင်း တူလိုက်သာအေတဲ့။ အညိုနှင့် အဝါသာကွဲသည်။ ပယင်းအလုံးရေကလည်း အတူတူ၊ အရွယ်အစားကလည်း အတူတူပင်။

'အေးလေ၊ ဒါမျိုးက သူ့ခေတ်သူ့အခါအလျောက် အများကြီးရှိမှာပေါ့။ ကိုင်း၊ ရော့။ သည်တစ်ခါတော့ ငါ့သမီးက အစရှိရှိသေသေရှိပါအေ။ ငါ့မြေးကလေးကို တစ်ခါတလေ ဆွဲပေးပါ။ တမလွန်က ညည်း ဘွားအေကြီးက ဝမ်းသာရှာမှာပါ'

'စိတ်ချပါအမေရယ်။ ကျုပ် အဲသလိုမှန်း မသိခဲ့လို့ပါ' ဘူးအောက်ခြေမှာတော့ ယွန်းဆေးနှင့် ရေးထားသည့် စာတစ်ကြောင်း။ စာက ဖတ်ဖို့ခက်လောက်အောင် ဝါးနေခဲ့ပြီ။

အမေ မဓိုင်းတောင့် ဆုံးသည့်ရက်မှာတော့ ဆောင်းအလွန်နွေအကူး လေလူးလေပွေ ထသည့် ရာသီပြောင်းမိုးဖြစ်ပါ၏။ နေဝင်ဖျိုးဖျ နှင်းအုပ် နယဉ်အုပ်သွင်းကြတဲ့ ဟစ်ရွာလုံး

www.burmeseclassic.com

www.burmeseclassic.com

ဖုန်မှုန့်တွေ အူအူကြွေနေချိန်ဖြစ်သည်။ သည့်အရင်နှစ်ရက်က ချောင်းကလေး အဟွတ်ဟွတ် ဆိုးသည်။ ကိုယ်ကလေး နွေးတေးတေးနှင့်ဆိုတော့ ရွာဆေးမန်ကျည်းစေ့နှစ်စေ့ စာလောက်ကို ပါးစပ်ထဲ ပက်သွင်းရင်း ရေနှင့်မျောချသည်။ ဘာကြောင့်မှန်းမသိ အမေ မျက်ရည်တွေကျသည်။ သည်ရက်ထဲမှာ သမီး၊ သမက်နှင့် မြေးတွေ လာစုနေချိန်ဆိုတော့ အမေ ဝမ်းသာနေတာကိုလည်း သိထားတော့ မျက်ရည်တွေတွေ ကျတာကို ဥဩသံအေး နားမလည်နိုင်။ တစ်ခါမှာတော့ စကားတစ်ခွန်း ပြောရှာပါ၏။

'ငါ့သားငါ့သမီးများကို အမေ့စိတ်ထဲ ကျေးဇူးကြီး လှသယ် အောက်မေ့မိသယ်။ ညည်းတို့သာ အမေ့အရိပ်ထဲ မရှိကြရင် အမေသည်လောက်တောင် အသက်ရှည်မယ် မထင်ဘူး။ အိုက်ကောင်းသယ် ပြောရမှာပေါ့လေ။ သည်တစ်ခေါက် အခုလို ရက်ကြာကြာ လာနေကြလိမ့်မယ်လို့လည်း အမေဘယ်တုန်းကမှ ထည့်မတွက်ခဲ့ဘူး။ ဒါပေသိ အမေ့မှာသိနေတဲ့ တစ်ချက်ရှိသယ်။ အဲသာ အမေပဲသိသယ်။ ဘာလဲဆိုတော့ သည်ဘက်ရက်တွေမှာ အမေ့ရင်ထဲမလင်းလှဘူး။ ညဘက်ကျရင် အမေ့နားထဲ ဘယ်ဆီကမှန်းမသိတဲ့ ဆိုင်းသံတွေကြား နေရသလိုပဲ။ အမေ့အမေ မဆုံးခင်ကလည်း သည်လိုပြောဖူးသယ်။ သူနားထဲ ဘယ်အရပ်ကမှန်းမသိတဲ့ ဆိုင်းသံတွေ ကြားရသယ်တဲ့။ အမေ့မှာ ရှိသင့်သလောက် တရားရှိတဲ့အတွက် အသိကလေး ကပ်ပြီးနေနိုင်ခဲ့လို့ စိတ်ပူပူပန်းပန်း မရှိပါဘူး။

အနိစ္စတရားဟာ တစ်နေ့ကြုံရမယ့်ကိစ္စပဲ။ ဒါပေသိ အမေမျက်ရည်တော့ ကျမိသယ်။ အမေ့မြေးကလေးနဲ့ အမေ နေချင်သေးသယ်။ ညည်းတို့ဇာတ်ထွက်ရင် အမေ့မြေးကလေး ထားခဲ့မယ်ဆိုတော့ ဘွားအေနဲ့မြေး တောက်တောက်တက်တက် နေရချေသေးအောက်မေ့မိသယ်။ ဒါက တော့ ပုထုဇဉ် သဘာဝ အမေဖြစ်ချင်သာပါအေ'

'အမေရယ်၊ မဟုတ်သာတွေ မပြောစမ်းပါနဲ့။ အမေဖြင့် သွားနိုင်လာနိုင် စားနိုင်သောက်နိုင်နဲ့ ရောဂါရယ်လို့ မရှိဘဲ စိတ်သွားတိုင်းကိုယ်ပါနေနိုင်သေးသာပဲ။ နားထဲဆိုင်းသံကြားရသာနဲ့ပဲ အမေထင်ရာမတွေးပါနဲ့။ ကျုပ်တို့ရှိပါသယ်။ အမေ့မြေးကလေးကိုလည်း ကျုပ်တို့ဇာတ်ထောင်ဖြစ်ရင် ထနောင်းပင်လှမှာပဲ ထားခဲ့ရမှာပါ။ အမေ့ဘေးမှာ ဂျီးတိုးလည်းရှိမှာပဲ'

အားပေးလို့သာပေးရတာ ပင်ခြေကအလှီးခံရသော ဖရုံပင်လို အမေညှိုးချင်မှန်း သိနှင့်ပြီ။ အမေအိပ်ရာထဲ နှစ်ရက်လဲသည်။ ဂျီးတိုးက ဆန်ကလေး တစ်ဆုပ်ပြုတ်ပြီး ပိတ်ပါးနှင့် စစ်ချကာ ကစီနှစ်ကို တစ်ခွန်းချင်းတိုက်ရှာပါ၏။ ဥဩသံအေးကတော့ သူကိုယ်တိုင်မျက်ခုံးလက်ရုံးလှုပ်လာလို့ ဇာတ်ထဲတုန်းက မျက်ခုံးလှုပ်ပိုချင်းကိုပင် သတိရနေမိသည်။

'လှုပ်လို့က်တာ××ခဲခက်စွာ ဖွေအင်မဆုံးပါကလာ ×××ဝဲလက်ယာ ရွှေမင်ခုံးရယ်က××စက်အုံးမှာ ခါခါမကြည် ဖို့××မျက်ခုံးမှာ ခါခါလည် ရာသရှင်×××နာရီနှင့်မခြား' ဆိုသလို မျက်ခုံးမျက်လုံးတွေ လှုပ်လေတိုင်း 'လာဘ်ရရင် ရတနာ၊ ရန်လာလျှင်ကျေစေရာ' လို့ ဆုတောင်းနေမိခဲ့သည်။

တတိယမြောက် မနက်ခင်းမှာ မိုန်းနေသည့် အမေလန်းလာခဲ့ပြန်ပါ၏။ ရေတောင်းသည်။ မသောက်တာကြာပြီဖြစ်သည့် ဆေးလိပ်တစ်ဖွာတောင်းသည်။ အမေ့ကိုကြည့်ပြီး ဂျီးတိုးပင် သီချင်းကလေး ညည်းနေခဲ့သည်။ လူမမာနာလန်ထသည့်အခန်းမှာ ဆိုလေ့ရှိကြသည့် နောက်ပိုင်းဇာတ်ထုပ်ထဲက သီချင်းဖြစ်သည်။ ဂျီးတိုးက အမေ့ကို ထူပေးရင်းက ဆိုခြင်းဖြစ်၏။

'ခါးနဲ့ထိုး ခါးကျိုးလို့ လှ ခွေ×××ပြောင်နာဂိန် ရွှေဆင်မင်းတောင် နင်းလို့ မသေ×××ကုန်းမှာတဲ့တစ်ထွေ ရေမှာတဲ့တခြား×××ပဒုမ္မာရွှေကြာပန်းလိုလန်းတဲ့ ဗိုင်းတောင့်×××အောင့်ဟောင့်'

'ဂျီးတိုးကလည်း သီချင်းက ပဒုမ္မာရွှေကြာပန်းလို လန်းတဲ့ယောကျ်ားပါ'

'ညည်း အမေက ယောကျ်ားမှမဟုတ်သာအေ။ မဗိုင်းတောင့်ဆိုတော့ လန်းတဲ့ ဗိုင်းတောင့် လုပ်ရသာပေါ့ ညည်းနယ်'

နှရိုင်း သွင်းချိန်မှာတော့ မလန်းနိုင်တော့ပြီ။ မဗိုင်းတောင့် သည်းလို့ဆို သည့် သတင်းကြားနှင့်ရောက်လာကြသော ထနောင်းပင်လှ

သူတော်ကောင်းမကြီး ဗိုင်းတောင့်နှင့်ကို နတ်ပြည်အရောက် ငါ့လှည်းနဲ့မှ မပို့ရလားအေ'တဲ့ သည်စကား ကြားတော့မှ ဥဩသံအေး မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ရသည် ဟုတ်ပါရဲ့ အမေ မဗိုင်းတောင့်ဟာ တကယ့် သူတော်ကောင်းပင် အမေ့ကို ဘကြီးသာညို လှည်းနဲ့ နတ်ပြည်ပို့ဖို့ မလိုပါဘူးတော် အမေက နတ်ပြည်ကို နတ်ပန်းရထားနဲ့ သွားမယ့်သူပါ

www.burmeseclassic.com

ရွာသူရွာသားတွေက အသံမထွက်ကြဘဲ သူတို့ရွာသူ၏ ခရီးရှည်တာအထွက်ကို စောင့်စားနေကြသည်နှင့်ပင် တူတော့သည်။ ဥဩသံအေးက အမေ့အနားကပ်ရင်း နဖူးစပ်ကို ပတ်ရစ်ဖြင့် အသာအယာ ပွတ်ပေးနေခဲ့သည်။ ရေနံတိုင် မီးခွက်အလင်းထဲမှာ အားလုံးငြိမ်သက်နေကြပါ၏။ ဂျီးတိုး၏ ငိုသံထွက်လာပေသိ ဘယ်သူကမှ မဟန့်တားကြ။ ကိုသက္ကသမီးကိုချီပိုးရင်း အိမ်အပြင်ထွက်နေလိုက်သည်။ ကောင်းကင်ဆီက ညဉ့်ဦးတစ်တီတူး အော်သံတစ်ချက်ကြား လိုက်ရသည်။ သည့်နောက်တော့ အမေမိုင်းတောင့် ဆုံးရှာလေသည်။ အမေ့ကို ရွာသင်္ချိုင်းမှာပဲ မြှုပ်နှံရသည်။ အမေ့ကို ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုခဲ့သည်။ ကိုသက္က၏အမေသီလရှင်နှင့် အမေမိုင်းတောင့်တို့ လမခြားကွယ်လွန်ကြတာကလည်း တိုက်ဆိုင်လွန်းလှပါ၏။ အမေမိုင်းတောင့်ဆုံးတော့ ဘကြီးသာညိုက ငါလည်းမနေရတော့ပါဘူး ဗိုင်းတောင့်ရယ်လို့ ဆိုရှာသည်။

'သူတော်ကောင်းမကြီး ဗိုင်းတောင့်။ နင့်ကို နတ်ပြည်အရောက် ငါ့လှည်းနဲ့မှ မပို့ရလားအေ'တဲ့။ သည်စကားကြားတော့မှ ဥဩသံအေး မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ရသည်။ ဟုတ်ပါရဲ့။ အမေမိုင်းတောင့်ဟာ တကယ့်သူတော်ကောင်းပင်။ အမေ့ကို ဘကြီးသာညို လှည်းနဲ့နတ်ပြည်ပို့ဖို့ မလိုပါဘူးတော်။ အမေက နတ်ပြည်ကို နတ်ပန်းရထားနဲ့ သွားမယ့်သူပါ။ ပြောသာပြောရတာပါလေ။ အမေ့စိတ်နှလုံးကို ဥဩသံအေးကိုယ်တိုင် အမေသေမှ စဉ်းစားမိတာလည်း အမှန်။ အမေဟာ စိတ်ကောင်းရှိတယ်။ နူးညံ့တယ်။ သူတစ်ပါးကို ငဲ့တယ်။ တရားရှိတယ်။ သည်လိုတွေးမိတော့လည်း အမေ့ကို လွမ်းရပြန်ပါ၏။

'သည်နှစ်ထဲမှာ အစ်ကို့အမေလည်း ဆုံးသယ်။ ကျုပ် အမေလည်း ဆုံးသယ်။ ဘာပဲဖြစ်ဖြစ် အစ်ကို့အမေရဲ့ နောက်ဆုံးခရီးနဲ့ကျုပ်အမေရဲ့နောက်ဆုံးခရီးကို ကျုပ်တို့နှစ်ယောက် စလုံး ကိုယ်ထိလက်ရောက် ချဆောင်ခွင့်ရသာကိုပဲ ကျုပ် ဖြေသာပါသယ် အစ်ကိုရယ်။ ကျုပ်တို့သာ ခါတိုင်းလို ဇာတ်နောက် တကောက်ကောက်ဆိုရင် ကုသိုလ်ရမယ်တောင် မထင်ဘူး'

အမေမရှိတော့သည့် နောက်ပိုင်းရက်တွေမှာတော့ ရှေ့ရေးကိုတိုင်ပင်ကြရပြီ။ ဘာပဲပြောပြော ဇာတ်ခုံမီးလောင်လို့ ဇာတ်ခေါင်းကွဲကြပြီဆိုကတည်းက ရွာခြေပြန်ကပ်ခဲ့ကြတာဆိုတော့ ဇာတ်မကရသည့်ရက်တွေ ညောင်းလှပြီမဟုတ်လား။ အမေသန်းရီတို့က သူတို့ဇာတ်က ဇာတ်ပစ္စည်းအဆင်တန်ဆာစုံအပ်ချင်ကြောင်း အမေပုတ်ကလေးကတစ်ဆင့် ကြားထားနှင့်ပေသိ ခုထိတော့ လူမလာ စာမရောက်တာက တစ်ချက်၊ ဥဩသံအေးကိုပဲ ခေါ်ချင်သူ၊ ဆရာကိုသက္ကကိုပဲ ခေါ်ချင်သူတွေ မလာကြသေးတာကလည်းတစ်ကြောင်း၊ ဦးချမ်းသာ၏လက်ရင်းတပည့် ဦးဘကလေးဆိုသူ ပေါ်မလာတာက လည်း တစ်ဂါထာဆိုတော့ လာမည့်သူတွေကိုပဲ ငုတ်တုတ်ထိုင် မျှော်ရမလိုလို၊ ကိုယ်တိုင်ပဲ ထလိုက်ကြရမလိုလို ဖြစ်နေကြရပါ၏။ အခက်အခဲတစ်ခုက အမေမိုင်းတောင့် မရှိတော့သည့်နောက်ပိုင်း ဂျီးတိုးက ရွာထဲပြန်နေတော့မယ် ဆိုလာခြင်းပင်။

'ညည်းအမေရှိတုန်းကတော့ ဂျီးတိုးက အရီးလိုလည်း အောက်မေ့သယ်၊ အမေလိုလည်းအောက်မေ့သယ်။ ထမင်းတစ်ခဲရှိရင် တစ်ဆုပ်စီ စားခဲ့ကြသာပါအေ။ သူရှိလို့လည်း ငါကမှီ၊ ငါရှိလို့လည်း သူကတွဲ၊ မျက်လုံးမကောင်းသူနဲ့ နားမကောင်းသူ နှစ်ယောက်ပေါင်းနေသလိုနေခဲ့သာပါ။ သူမျက်လုံး ကိုယ်ကအားကိုး၊ ကိုယ့်နား သူကအားကိုးဆိုသလို နေခဲ့ကြသာ ညည်းသိသားပဲ။ အခုတော့ အရီးမရှိတော့ဘူးလေ။ ညည်းတို့ဆိုသာလည်း နက်ဖြန်သန်ဘက် ထွက်ကြတော့မှာ။ သက်အေးပုံကလည်း စကားပီနားကြားရှိပြီ ဆိုတော့ ငါမလိုတော့ပါဘူး။ ဂျီးတိုး ရွာထဲက တစ်အိမ်အိမ်မှာ သွားနေမယ်'

'မဟုတ်သာ ဂျီးတိုးရယ်။ ကျုပ်တို့ကလည်း ဂျီးတိုးကို နေ့သဝေထိုး ညခွေး လုပ်ဖို့မစဉ်းစားပါဘူး။ ဂျီးတိုးကိုလည်း ထည့်စဉ်းစားပြီးသားပါ။ ကျုပ်သမီးကလေးက ငယ်သေးသယ်။ ကျုပ်က စင်ပေါ်မှာ,က၊ သမီးကနောက်ဖေး ဝါးခြမ်းရှ အဖြစ်မခံပါဘူး။ ဂျီးတိုး ရှိမှဖြစ်မှာပေါ့။ ကျုပ်တို့နဲ့ မခွဲချင်ပါနဲ့တော်'

'မယ်ဥဩ ဂျီးတိုးပြောဖူးပါသယ်။ ညည်းပွဲကရင် ငါ တစ်သက်လုံး ထဘီလိုက်ခေါက် ပေးစမ်းပါရစီလို့လေ။ အခုတော့ ညည်းက လင်ရပြီပဲ။ ဘုံသုံးဘုံအလယ် ငကွယ်ကငုတ်တုတ်ဆိုသာလို ငါမနေချင်ပါဘူး။ ဇာတ်နောက်လည်း မလိုက်ချင်တော့ပါဘူး။ အရီးလို ငါ့ရွာမှာငါ အေးအေးခေါင်းချပါရစေတော့။ မျက်လုံးကလည်း မျက်ခမ်းစပ်ချင်ပြီ၊ နားကလည်း အူချင်ပြီ။ လက်ရန်းပေါ်တက်သာ ကျုပ်ခိုးစင်ပေါ်တက်သာ ရှင်ငယ်မှ ကောင်းပါသယ်အေ'

'ဂျီးတိုးရယ်၊ ကျုပ်က ခိုင်းဖို့ခေါ်သာ မဟုတ်ပါဘူး။ စောင့်ရှောက်ချင်လို့ ခေါ်သာပါ။ အမေ့ကို စောင့်ရှောက်ခဲ့တဲ့ ကျေးဇူး ကျုပ်ကတစ်လှည့် ဆပ်စမ်းပါရစီ။ မငြင်းပါနဲ့တော်။ ကျုပ်မှာ လင်ရှိသာကလွဲလို့ အနီးဖော်အဝေးဖော် ဆွေရယ်မျိုးရယ် ရှိသာမဟုတ်ပါဘူး။ အမေနဲ့တောင် ကျုပ် သွေးမစပ်သာ၊ အမေ့အမျိုးဆိုသာတွေတော့ ကျုပ်နဲ့အဝေးကြီးရယ်။ ကျုပ်နဲ့လိုက်နေပါ။ ဖြစ်တဲ့ဘဝတော့ ခင်ပုပ်ပျံ ဘုတ်ပျံ လောကခံပါ'

'အေးပါအေ၊ ငါစဉ်းစားပါရစီဦး'

အမေမရှိတော့ တစ်ယောက်လျှော လျော့မှန်းသိသိ အမေ့အိမ်ကလေး ခြောက်သွေ့သွားသလို ခံစားရသည်။ ခါတိုင်း စကားဖွာတတ်သော ဂျီးတိုးပင် သည်ရက်တွေမှာ ငြိမ်နေရှာခဲ့ပါ၏။ မျက်ရည်တွေ ကျလာတတ်လို့လား မသိ၊ အင်္ဂို

www.burmeseclassic.com

www.burmeseclassic.com

လက်မောင်းနှင့် မျက်ရည်သုတ်တာတွေ မကြာခဏဆိုသလို မြင်နေရတော့ ဥဩသံအေးပင် စိတ်မကောင်းဖြစ်ရသည်။ ဘာပဲဖြစ်ဖြစ် ထနောင်းပင်လှနှင့်အမွေအိမ်ကလေးကို ထားခဲ့ရတော့မည်။ တစ်ရက်မှာတော့ တစ်မိသားစုလုံး လှည်းနှစ်စီးနှင့် ကားလမ်းအထိထွက်ကြရပြီ။ အဖေသီလတို့ဆီ ဝင်ကြမည်။ မြို့ဆိုတော့ အဆက်အသွယ်ကောင်းရနိုင်သလို တွေ့ချင်သူတွေ အဖို့ရာလည်း လွယ်လွယ်ကူကူ တွေ့နိုင်ကြသည်။ တစ်အုပ်တစ်မကြီး ရောက်လာသည့် ဥဩသံအေးမိသားစုကို တွေ့ရတော့ဝမ်းသာကြသည်။ အမေသန်းရီက ရောက်ရောက်ချင်း-

'ညည်းတို့ဆီ လာဖို့ပါပဲအေ။ အလုပ်ကိစ္စကလေးတွေ တိုင်ပင်စရာရှိသယ်' ဆိုပါ၏။ ကနဦးကတော့ မင်းသားလတ် တစ်လက် ကောင်းကောင်းရှာပြီး နာမည်သစ်နှင့် သူတို့ကိုယ်တိုင် ဇာတ်ပြန်ထောင်ချင်ကြောင်း၊ မင်းသမီးကြီးတချို့နှင့် အတူ မင်းသမီးအရွယ်ကောင်း ပညာကောင်းတွေ ရှာနေကြောင်း၊ လူပြက်တွေကတော့ လူဟောင်းတွေကိုပြောထားကြောင်း၊ စိတ်သာရှိပြီး ကိုယ်မလိုက်နိုင်ကြလို့ ဆရာမောင်သက္ကန္ဓဥဩသံအေးကိုပဲ လွှဲချင်ကြကြောင်း၊ နှစ်ဖက်အပေးအယူ စာချုပ်ကလေးချုပ်ပြီး အလုပ်လုပ်ချင်ကြောင်း တွေ့ပြောလာခဲ့သည်။ တစ်ပတ်လောက်အတွင်းမှာ စကားသွားစကားလာ နှစ်ဖက်ပြေလည်ကြသည်ဖြစ်၍ စာချုပ်ချုပ်ဖို့ပြင်ကြရပြီ။ ရန်ကုန်-မန္တလေးမြို့ကြီးတွေမှာ ထုတ်ဝေသည့် သတင်းစာတွေမှာ ပွဲကြော်ငြာထည့်မည်။ ဇာတ်အသစ်ဖွဲ့စည်းထူထောင်ပြီးသည်ဖြစ်၍ မိတ်သစ်မိတ်ဟောင်းများ ပွဲငှားနိုင်ကြောင်း လက်ကမ်းကြော်ငြာလွှာတွေပါ ရိုက်နိုပ်မည်။ အနယ်နယ်က ပွဲငှားနေကျ ပွဲငှားကန်ထရိုက်များနှင့် ဂေဇက်ရဘုရားပွဲတော်ဂေါပကလူကြီးတွေထံ ကြော်ငြာတွေ ပို့မည်။ ဆရာ ကိုသက္ကက ဇာတ်ပစ္စည်းတွေကြည့်ပြီး တစ်စခန်းထွင်ချင်သည်။ ခါတိုင်း ပွဲခွင်တွေမှာ ဇာတ်တကာ သုံးနေကျ အနီရောင်ကတ္တီပါ ကန့်လန့်ကာကြီး မသုံးချင်တော့။ အစိမ်းပုပ်ရောင် ကတ္တီပါကန့်လန့်ကာ ပြောင်းချုပ်ဖို့ပြင်သည်။ စန္ဒရားလတ်လတ်တစ်လုံး ဝယ်ချင်သည်။ မီးတွေကို ပက်မီး၊ ထိုးမီး၊ မီးစူးနှင့် ရောင်စုံမှန်ထိုးမီးတွေ သုံးချင်သည်။ မီးအလင်းအမှောင်ချိန်းနိုင်သော ပြည်တွင်းလုပ်မီးထိန်းစက် ဝယ်ချင်သည်။ ဇာတ်ဝတ်ဇာတ်စားတွေ၊ ဇာတ်အသုံးအဆောင်တွေ၊ ဇာတ်စင်သုံးကိရိယာတွေ၊ ဇာတ်သေတ္တာတွေကအစ ဖြည့်ထားချင်သည်။ ဇာတ်သူဇာတ်သားတွေကို ပညာအလိုက် ကြိုတင်ငွေပေးထားမည်။ သည့်အတွက် ငွေကြေးအတော်များများလိုသည်။ သည်အတွက် ခေါင်းခဲရပြီ။

'အမေတို့မလည်း ဇာတ်ပစ္စည်းတွေသာ ကျန်ကောင်းကျန်ရာ ကျန်သာပါ။ ငွေကြေးအလိုတော့ မောင်သက္ကပြောသလောက်ဘယ်ရှိမှာတုံး။ ဒါပေသိ ရှာကြရမှာပေါ့၊ တို့ဇာတ်တွေရဲ့ထုံးစံ ငွေတိုးနဲ့ယူကြရမှာပေါ့။ အမေတို့ကတော့ မင်းတို့ကိုဖြစ်စေချင်သာပဲ ရှိသယ်။ ငွေရယ်ကြေးရယ် ချေးဖို့ဆိုသာတော့ သည်အရွယ်တွေရောက်မှ မရှာချင်တော့ဘူး။ မဆပ်နိုင်ရင် ငွေကိုးနှစ်မယ် သံသရာပါမယ်။ အမေတို့ပစ္စည်းတွေ အဖို့ရာတော့ ငါသားငါသမီးများက ရာသီကုန်တိုင်းကန်တော့သင့် သယ်ထင်သလောက်သာကန်တော့'

အမေသန်းရီ ပြောတာလည်း မှန်သည်။ ငွေလိုသည်။ ငွေဖြည့်ရမည်။ သည့်အတွက်တော့ ဘာသာရှာကြရုံ။ ဇာတ်ကရင်းအကြွေးဖဲ့ဆပ်ရုံပင်။ ကိုသက္ကကလည်း သည်သဘော ရှိသည်။ ငွေလုံးငွေရင်း ငွေတိုးချေးနိုင်သည့် ဇာတ်ထောင်တွေ လေးငါးယောက်ရှိသည့်အထဲက ဇာတ်ထောင်ဦးချမ်းသာကတော့ ကူညီနိုင်လိမ့်မည်ထင်သည်။ ခက်တာက ဦးချမ်းသာက သူကိုယ်တိုင်က ဥဩသံအေးကို ခေါင်းဆောင်တင်ကာ ဇာတ်ထောင်ချင်သူသာ ဖြစ်သည်။ သူဘက်က မင်းသားတောင့်တောင့်တစ်လက်ရှာဖို့သာ စိတ်ကူးရှိသူဖြစ်သည်။ သူထောင်ထားသည့် ဇာတ်မှာ ကိုသက္ကကိုယ်တိုင် ဦးစီးစေချင်တာပဲ ရှိသည်။ အခုလို ကိုယ့်ဘက်က ဇာတ်ထောင်ပြီးငွေလိုလို့ ချေးပါဦးဆိုတာမျိုးကို ကျေနပ်နိုင်မည်မထင်။ ကိုသက္ကကတော့ ပြောကြည့်ချင်သည် ဆိုပါ၏။

'အတိုးနဲ့ငွေချေးမှာပဲ မယ်ဩရယ်၊ သူယုံကြည်ရင် ချေးလိမ့်မပေါ့။ ကျုပ်ကို

ငါတို့က ပွဲကြည့်လာကြသာ ကြာပြီအေ့ အသက် တစ်ရာသာ မပြည့်သယ် မင်းသမီး တစ်ရာ ကြည့်ခဲ့ပြီးပြီ ဘယ်မင်းသမီးမှ ခြောက်ဆယ် လေးပြား မပြည့်လို့ တစ်ကျပ် မခေါ်နိုင်ခဲ့ဘူး ညည်းက ပြည့်လိုက်သာမှ ညည်းအမေ ဒေါင်းဝို့ လှသာလား ဥဩဝို့ ချိုသာလား ပြောစမ်းပါဦး

www.burmeseclassic.com

ကလည်း ယူသင့်မှယူမှာပေါ့။ စကားပြောကြည့်တာ မမှားပါဘူး။ အစ်ကိုနဲ့ မယ်ဩ တစ်ရက်တော့ သူ့လူရင်း ကိုဘကလေးဆီသွားကြတာပေါ့။ လိပ်စာပေးထားဆို'

'လိပ်စာ ရှိပါသယ်။ ဦးဘကလေးနဲ့ ပြီးပါ့မလား အစ်ကိုရယ်။ ဥဩတော့ ဦးချမ်းသာနဲ့ တစ်ခါတည်း ပြောချင်သယ်'

'ဟုတ်ပါပြီလေ။ ဒါဆိုအစ်ကိုက လူပြက်ဦးကောက်ရိုး ပြောခဲ့တဲ့ ချောက်၊ ရေနံချောင်းဘက်က ဓာတ်ပစ္စည်းတွေ ဆိုတာတွေ သွားကြည့်လိုက်ချင်သေးတယ်။ မယ်ဩက ဦးဘကလေးဆီကတစ်ဆင့် ဦးချမ်းသာနဲ့တွေ့ပေါ့။ သူစကားကျနားထောင်ပြီးမှ စဉ်းစားကြတာပေါ့။ မယ်ဩ သွားနိုင်ပါ့မလား'

'သွားရမှာပေါ့အစ်ကို။ လုပ်စားရမယ့် ရာသီကလေး ကျန်တုန်း ပြေးရလွှားရမှာပဲ အစ်ကို။ သမီးတော့ ဂျီးတိုးနဲ့ ထားခဲ့ရမှာပဲ။ အဆင်ပြေသာမပြေသာတော့ ကျူပ်တို့ကုသိုလ်ကံပေါ့လေ။ ငွေလိုတော့လည်း ဥဩမှာရှိတဲ့ ရွှေတိုရွှေစကလေး ရောင်းလိုက်ကြသာပေါ့'

ဥဩသံအေးတို့မှာ ငွေက လိုနေပြီ။ မင်းသမီးဆိုတော့ လူရိုသေ ရှင်ရိုသေ ရွှေကလေးပြိုးပြိုးပြက်ပြက် ဝတ်ထားတာ ကလေးရောင်းရတော့မည်။ အမှေဈာတိအမှေရပ်ရွာ ထဆောင်းပင်လှကိုလည်း တစ်ခေါက်တစ်ကျင်း ပြန်စရာအကြောင်းနည်းပြီ။ အခြေအနေက ပုဏ္ဏားရိုတုန်း ဗေဒင်မေးရမည့်ကိန်းမဟုတ်လား။ သည်လိုနှင့်ရက်ကောင်းကလေးရွေးပြီး တစ်ခရီးစီထွက်ခဲ့ကြရသည်။ ထွက်သာလာခဲ့ပေသို့ ဥဩသံအေးအားမရှိ။ ဓာတ်သဘင်နယ်မှာ နာမည်ရမင်းသမီးတစ်လက်ဆိုတာကလွဲလို့ ငွေပင်ငွေရင်းများများ ရဖို့ဆိုတာ သေချာတာမဟုတ်။ ဓာတ်ထောင်ဦးချမ်းသာ၏ လူယုံလက်ရင်းဖြစ်သူ ဓာတ်စာရင်းထိန်း ဦးဘကလေးနှင့်တွေ့တော့ စိတ်ကူးသမျှ ပြုံကျရပြီ။

'အလိုဗျာ မင်းသမီးနယ်၊ ခင်ဗျားတို့ကို သူက ဓာတ်ထောင်ချင်တာဗျ။ ငွေချေးချင်တာ မဟုတ်ဘူး။ ကိုချမ်းသာက လူတစ်မျိုးနော်။ ပြီးတော့ ကျူပ်သိသလောက် ရွှေလိုမြေလို တန်ဖိုးသင့်နိုင်တဲ့ပစ္စည်းလောက်တော့ ပါမှပေါ့။ ရွှေပေါင်ခံတယ်တော့ မဟုတ်ဘူးပေါ့ မင်းသမီးရာ။ ကိုယ့်ဘက်က လိုချင်ရင် ယုံလောက်တဲ့အထည်ကလေးတော့ပါရမှာပေါ့။ သည်လောက်ငွေကိုမင်းသမီးက အရပ်ထဲ ဆန်ချေးသလို ချေးလို့ရနိုင်ပါ့မလား'

'ဦးချမ်းသာနဲ့ တွေ့သာပေးပါ ဦးဘကလေးရယ်။ ကျူပ်တို့ ဓာတ်သမားဆိုတာ ရွှေပေါင်ငွေပေါင်ရယ်လို့ အလုံးအထည်နဲ့ ဘယ်ရှိပါ့မတုံး။ ပညာပဲရှိသာပါ။ ပညာနဲ့ပဲဆပ်ပါရစီ။ ဓာတ်ထောင်စ ပထမနှစ်အတွက် အတိုးတစ်ခါတည်း နှတ်ယူပါ။ နှစ်နှစ်ဆိုရင်တော့ ကျူပ်တို့ လှည့်သာပါပြီ'

'ခက်ပါ့ကော မင်းသမီးရယ်၊ ပွဲငှားက ဘယ်ဆီနေမှန်း မသိဘူး ခင်ဗျားက ခါးတောင်အင်္ကျီဝတ်နှင့်ပြီဆိုသာလို့ဖြစ်နေပြီ။ ကျူပ်က ကိုချမ်းသာရဲ့ငွေကို ထိန်းရသူဆိုတော့ မဖြစ်နိုင်တာကို ပြောမနေချင်ဘူး။ မင်းသမီးကိုယ်တိုင်လည်း မပြောစေချင်ဘူး။ သည်ကပဲ လှည့်ပြန်ပါလားဗျာ။ ကနေတော့ မိုးချုပ်ပြီ။ သည်အိမ်မှာအိပ်လိုက်။ ကျူပ်တူမတွေနဲ့ အိပ်ပေါ့။ ကျူပ်ကူညီနိုင်တာ ဒါပဲရှိတယ်'

ထိုညက တစ်ခါမှမရောက်ဖူးသော အရပ်မှာ ညအိပ်ခဲ့ရသည်။ ဦးချမ်းသာဆိုသူကို တွေ့ရဖို့နေနေသာသာ ကြားလူက မဆီမဆိုင်ငေါက်တာကိုပင် ခံလိုက်ရတာကို တွေးမိတော့ ဝမ်းနည်းရသည်။ ညအိပ်တော့ ဦးဘကလေး၏တူမ နှစ်ယောက်နှင့် အိပ်ရသည်။ ဦးဘကလေး၏ဇနီးက ခရီးသွားသည်ဆိုပါ၏။ တူမနှစ်ယောက်နှင့် စကားပြောဖြစ်တော့ သူ့အခက်အခဲကို ရင်ဖွင့်ဖြစ်သည်။ တူမနှစ်ယောက်က ဘာမမပြောကြပေသိ ဥဩသံအေးကို သနားကြပုံရသည်။ ရုပ်ရည်ချောမော သလောက် မင်းသမီးဆက်ကျသော ဥဩသံအေးကို ချစ်ခင်ကြရုံမက ညတစ်ဝက်စာလောက် စကားပြောဖြစ်သည့် အခါမှာတော့ ဦးချမ်းသာရှိရာ အရပ်ကိုသိရပြီ။ မြင်းခြံဆယ့်နှစ်မုခ်ဘုရားပွဲမှာ ဦးချမ်းသာပိုင်ဓာတ်တစ်ဓာတ်ကနေသတဲ့။ လောလောဆယ် ဦးချမ်းသာမြင်းခြံမှာ ရှိလိမ့်မည်။ နောက်တစ်နေ့ မိုးလင်းတော့ ဥဩသံအေး မြင်းခြံကို လိုက်တော့သည်။ တွေ့ပြီ။ ဦးချမ်းသာဆိုပေသိ အသက်က ငါးဆယ်ကျော်လောက်သာ ရှိပုံရပါ၏။ မျက်နှာက ပြားအစ်အစ်၊ အသားအရောင် ပွစိစိ။ မျက်ခွံပိပိအောက်က မျက်လုံးတွေက အရည်အသွေး အကဲဖြတ်ရခက်သည့် ကျောက်ပွင့်တွေလို တလက်လက်။ ပါးနှစ်ဖက်ပေါ်မှာတော့ မျှစ်ပြုတ်ကို တွယ်ချိတ်နှင့် မွှထားသလို အမျှင်အမျှင် ထနေသည့် ထရေးကြောင်းတွေ မနည်းလှ။ လက်သူကြွယ်လက်ချောင်း တုတ်တုတ်မှာ ရွှေပိန်းလက်စွပ် အခဲကြီးက ကွမ်းသီးလုံးထက်ပင် ကြီးလိမ့်မည်ထင်၏။ လူကတော့ လူလုံးလူဖန်နှင့် မလိုက်အောင် နွဲ့လှပါ၏။

'ကျူပ် ဥဩသံအေးပါ ဓာတ်ထောင်ကြီးရယ်။ ဦးချမ်းသာနဲ့ တွေ့ချင်လို့လာခဲ့သာပါ။ ကျူပ်ယောကျ်ားက ပြဓာတ်ဆရာ ကိုသက္ကပါ'

'သိပါ့ဗျာ။ မင်းသမီးတို့ဆီ ကျူပ်လူ ကိုဘကလေးကို တောင်လွှတ်နေသေးတာ။ ဦးချမ်းသာမလုပ်စမ်းပါနဲ့ မင်းသမီးရာ၊ ကျူပ်အသက် ငါးဆယ်ကျော်ရှိပါသေးတယ်။ ကိုင်း၊ ပြော'

ဓာတ်ထောင်ဆရာက ဥဩသံအေးကို မနီးမဝေးကဖျင်ထည်ခင်း ပက်လက်ကုလားထိုင်တွေဘက် ခေါ်သွားခဲ့သည်။ တစ်ယောက်တစ်လုံး ထိုင်မိကြတော့မှ ပြောချင်သည့်စကားတွေ မကျန်အောင်ပြောပြသည်။ အခက်အခဲဖြစ်နေရပုံကို ရှင်းပြသည်။ ဦးချမ်းသာက ဥဩသံအေး ပြောသမျှ နားထောင်သည်။ မျက်နှာကိုမရွေ့။ ဥဩသံအေး၏လုံးဝိုင်း

www.burmeseclassic.com

ဝိုင်းကလေးတွေကို ကြည့်သည်။ နှာခေါင်းစင်းစင်းကို ကြည့်သည်။ နှုတ်ခမ်းဖူးဖူးကလေးတွေကို တမေ့တမောကြည့်သည်။ မေးဖျားကမဲ့နက်ကလေးကိုတောင် ကြည့်နေလေသလား။ ဥဩသံအေးစကားမပြတ်ခင်ကပင် ဆုံးဖြတ်ပြီးသားလို တစ်ခွန်းသာပြောလေ၏။

'မင်းသမီးရယ်၊ ကျုပ်က ဇာတ်ထောင်စမ်းပါရစီလို့ တောင် မေးဖူးသာပဲ။ ငွေအလိုတော့လည်း ကျုပ်အဖို့ရာ မခက်လှပါဘူး။ အတိုးဆိုတာတော့ ထုံးစံပေါ့လေ။ မင်းသမီးတို့ယူရင် အတိုးလျှော့ရုံပေါ့။ မင်းသမီးတော့ စာချုပ်မှာ လက်မှတ်ထိုးရမယ်။ ဘယ်လိုယူမယ် ဘယ်လိုပေးမယ် ဒါလောက်ပါ'

'ကျုပ်ယောကျ်ား...'

'မင်းသမီးယောကျ်ားက ဇာတ်ခုံနောက်နေတဲ့လူလေ။ ကျုပ်က စင်ပေါ်က နာမည်ကြီးမင်းသမီး လက်မှတ်လိုချင်တော့မပေါ့'

'တစ်ခုပြောဖို့ ကျန်သွားသယ်'

'ပြော'

ဥဩသံအေးက ဦးဘကလေးဆီ ဝင်ခဲ့ပုံ၊ ဦးဘကလေးက ငြင်းလိုက်ပုံ၊ ညဘက် တူမတွေနှင့်စကားပြောတော့မှ ဦးချမ်းသာရှိသည့်နေရာကို သိရပုံတွေပါပြောပြလိုက်သည်။ ဦးချမ်းသာက ခပ်န့ဲန့ဲပြုံးသည်။

'ကိစ္စမရှိပါဘူးလေ ဒါပေသိ ကိုဘကလေး ပြောတာ အမှန်ပဲ။ ကျုပ်ကပိုက်ဆံချေးရင် တစ်ခုခုတော့ အလေးတိုက် အလေးစား ယူထားလေ့ရှိတယ်။ ကျုပ်က လူတစ်မျိုးဗျ။ တချို့ရွေထုပ်နဲ့လာတာတောင် ကျုပ်က မေတ္တာမရှိရင် မချေးဘူးရယ်။ မင်းသမီးတော့ ကျုပ်က မေတ္တာရင်းစွဲရှိလို့ ချေးတယ်အောက်မေ့ပါ' သည်စကားကို ဥဩသံအေးမကြိုက်လှပေသိ စိတ်ကိုလျှော့ထားလိုက်ရသည်။ မေတ္တာရှိရင်းစွဲဆိုတာ ဘာလဲ။ စီးပိုးလာသောစကားတစ်ခွန်းကြောင့်တော့ ရှိပါစေလေ။ ပျားတစ်စက်ကြောင့် ပြည်ပျက်မခံတော့ပြီ။ ဝမ်းသာစိတ်နှင့် အသာထတော့ ဦးချမ်းသာက သည်ည ဘယ်မှာ အိပ်မှာလဲမေးသည်။ ဥဩသံအေးက မြင်းခြံမှာ ကခဲ့ဖူးလို့ ခင်မင်ခဲ့ဖူးသည့်အိမ်တစ်အိမ်မှာ အိပ်မည့်အကြောင်း ပြောပြလိုက်သည်။ ဦးချမ်းသာက ဇာတ်ခုံမှာပဲရေမိုးချိုး၊ ထမင်းစား၊ ညအိပ်တော့ မင်းသမီးမသောင်းကြည်နှင့်အိပ်ဖို့ စီစဉ်ပေးသည်။ ထိုညက ဇာတ်ပွဲ မရှိ။ နောက်တစ်နေ့မှ ပွဲရှိတာဆိုတော့ ဇာတ်ခုံနောက်မှာ ဖယောင်းတိုင်မီးလက်လက်ကို မြင်နေရသည်။ ညဘက် အိပ်ရာဝင်ကြတော့ မင်းသမီးမသောင်းကြည်က တိုးတိုးမေးသည်။

'ညည်းက ဘယ်သူတုံး'

'ဥဩသံအေးပါ'

'ဩော်၊ ဥဩသံအေးက ညည်းလား။ နာမည်ကြီးပါကော အေ။ အခုက သည်မှာ ကဖို့လာပြောသာလား'

'မဟုတ်ပါဘူး။ ဦးချမ်းသာနဲ့ ကိစ္စလေးရှိလို့ပါ'

'ကိုချမ်းသာနဲ့ ကိစ္စရှိသာ မကောင်းဘူးအေ့။ လူကအေးဆိုးရယ်'

'ဘာကို ပြောသာလဲ အေးဆိုးဆိုသာ'

'အေးဆိုးဆိုသာ အေးအေးလေးနဲ့ ဆိုးသာပေါ့အေ။ ဘာရှိလိမ့်မတုံး။ ကိုချမ်းသာက လူနဲ့သလောက် မိန်းမနဲ့ပတ်သက်ရင် လက်နှစ်ဖက်မဟုတ်ဘူး လက်ခြောက်ဖက်ရယ်'

'လက်ခြောက်ဖက်...'

တစ်ညက ကိုသက္ကပြောဖူးသည့် အမေရွှေဆံထိုးငယ်ငယ်ကကြုံခဲ့ရသော လက်ခြောက်ဖက်အကြောင်းကိုပင် သတိရမိလိုက်သည်။ ထိုညက ဇာတ်ခုံမှောင် မည်းမည်းထဲမှာ အိပ်မပျော်ဘဲ ငိုက်မျဉ်းနေခဲ့သည်။ လက်ခြောက်ဖက်တဲ့။ အေးဆိုးတဲ့။ ကိုချမ်းသာနဲ့ကိစ္စရှိသာ မကောင်းဘူးတဲ့။ မိုးလင်းခါနီးမှ မှေးခနဲ တစ်ချက်ပျော်သွားခဲ့ရပါ၏။

❑

အစိမ်းပုပ်ရောင် ကတ္တီပါကားကြီးက အမြင်ဆန်းလို့ပဲလား မသိ။ ခံညားလှပါ၏။ အိအိပိပိကြီး လှိုင်းထနေသည့် ကန့်လန့်ကာစိမ်းကြီးက ပရိသတ်အာရုံကို ဖမ်းစားနိုင်သည်။ ဥဩသံအေးတစ်လျှောက်လုံး ကခဲ့သည့်ဇာတ်တွေမှာ ကတ္တီပါ ကားက အနီရောင် ဒါမှမဟုတ် အညိုရောင်တွေသာ များသည်။ တချို့က အဝါရောင်ကြီးတွေ ပင်

ဥဩသံအေး ကိုယ်တိုင်ကလည်း ငိုး၊ မွေး၊ မျှော်၊ ခေါ်၊ အောင်၊ ဇော်၊ လှ၊ ဘ၊ ရူး၊ အ၊ သေ၊ ပစ် မင်းသမီးတို့ တတ်အင်သမျှ အငမ်းမရ ရှိခဲ့ရသည် သည်လိုရှိခဲ့ပေသိ ပညာစုံပြီ မထင်ခဲ့ သဘင်သုခမ ပညာဆိုတာ ဆုံးပဲ မဆုံးနိုင် ကုန်ပဲ မကုန်နိုင် တွေ့သည့်နေရာက ပညာယူခဲ့သည်

www.burmeseclassic.com

စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/-) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျွန်တော်ချောင်

၀၇၂-၂၂၃၁၄၊ ၀၇၂-၂၁၅၄၁၊ ၀၉-၆၄၆၃၉၉၊ ၀၉-၉၁၀၄၃၇၇

မန္တလေး

ဦးမြင့်စိုး(ဈေးပွဲရံ) ၀၉-၉၁၀၂၃၇၈၊ ဒေါ်တင်ဝင်း(လူထု) ၀၉-၇၉၇၁၀၊ ဒေါ် ဂိုရီမြင့်(သွင်စက်မှု) ၀၉-၂၀၁၃၁၇

ရန်ကုန်

သီရိသုဝဏ္ဏသိုက်ဒေါ်ခင်သန်းမြင့် (ပဝဒင်းဂုတန၊ ဝိုလ်ချုပ်လေး။ ၀၉-၇၃၂၀၁၁၀)၊

ဒေါ်ယဉ်သန်း(အမှတ်၁၊ ဒွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ၀၉-၅၃၂၂၇၇)

ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ၀၉-၅၁၂၂၀၃)

ဒေါ်မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ၀၉-၂၂၀၅၁၉၊ ၀၉-၇၃၀၇၂၄၂)

ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ၀၉-၅၁၀-၅၁၉၇၀၉၊ ၀၉-၇၃၁၀၉၃၃၄)

ဒေါ်စန်းစန်းဦး(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ဂျိုးပြေလိုင်သား၊ ဂျိုးပြေလမ်း၊ မဟာဗောဓိညွှန်မြို့နယ်။ ၀၉-၂၅၂၂၇၂၊ ၀၉-၅၀၈၂၂၇၁)

ဒေါ်စန်းစန်းမေ(ဗဟုမြို့ဆေးတိုက်)(အမှတ်-၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ၀၉-၂၃၀၀၄၂၇၊ ၀၉-၂၃၀၀၄၂၈)

ကလျာမဂ္ဂင်းဘိုက်(ဦးဆွိန်)(အမှတ် ၁၆-ပထမထပ်၊ ဦးအောင်ပြတ်လမ်း၊ သိမ်ပြူကွင်းရပ်၊ မဟာဗောဓိညွှန်မြို့နယ်။ ၀၉-၂၉၀၁၇၆)

လှူဒါန်းကြတဲ့အလှူရှင်များစာရင်း

၂၀၀။ ဦးသီဟစော+ဒေါ်သုဇာမြင့်ကြည်၊ (သား)မောင်နန္ဒစောမြင့်မောင် — ၅၀၀,၀၀၀/- (ငါးသိန်း)
အမှတ် ၂၄၇၊ ယင်းမာမြို့ငြိလမ်း၊ သုဝဏ္ဏမြို့နယ်၊ ရန်ကုန်မြို့။

၂၀၁။ ဒေါ်ရီရီသိန်း မိသားစု — ၅၀၀,၀၀၀/- (ငါးသိန်း)
အမှတ် (၅/အီး)၊ သီရိရတနာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၂၀၂။ ဒေါက်တာ ဦးသိန်းထွန်း+ဒေါက်တာ ဒေါ်သန်းတိုး(စီးပွားရေးတက္ကသိုလ်-ငြိမ်း) — ၅၀၀,၀၀၀/- (ငါးသိန်း)
သား-ကျော်တိုးထွန်း၊ ဇော်တိုးထွန်း၊ သမီး-ခိုင်မာလာသိန်းမိသားစု။
အမှတ် ၆၆၂(ဘီ)၊ ၉ လမ်း(တောင်)အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

၂၀၃။ ဦးမြင့်အောင်+ဒေါ်စည်စည်ထွေး
(Royal Marine Engineering and Trading Co.Ltd)
အမှတ် ၂၂(ဒု-ထပ်)၊ ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၂၀၄။ မိဘများဖြစ်သော ဦးဘအိ+ဒေါ်သိန်းတင်၊
(အဒေါ်)ဒေါ်တင်ထွေးတို့အား ရည်စူး၍ ဒေါက်တာ သန်းသန်းဝင်းကောင်းမှ
အမှတ် ၂၃(အီး)၊ အင်းလျားမြို့လမ်း၊ ရွှေတောင်ကြား ၂ ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၂၀၅။ ဦးအောင်ကျော်+ဒေါ်ခင်ဌေးရီ သားသမီးမြေးမိသားစု
အမှတ် (၁၃၀)၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၂၀၆။ ဦးသန်းညွှန့်မောင်နှင့် ဒေါက်တာ ကျော်ကျော်တို့အား ရည်စူး၍
ဒေါ်စန်းကြည်၊ (သမီး) ဒေါ်သီတာသန်း၊ ဒေါ်ဥမ္မာသန်း သားသမီးတစ်စုကောင်းမှ
အမှတ် (၇၁၈)၊ ဘူတာလမ်း၊ နယ်မြေ(၇)၊ ရပ်ကွက် (၉)၊ လားရှိုးမြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၂၀၇။ ဦးဖေညွှန့်+ဒေါ်ချမ်းအေး မိသားစု
ကသာမြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၂၀၈။ ဦးတင်မောင်စန်း+ပါမောက္ခ ဒေါက်တာ ဒေါ်သီတာ
(ကလေးအထူးကုဆရာဝန်ကြီး)မိသားစု။ မန္တလေးမြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၂၀၉။ ဒေါ်ဌေး၊ (တူမ)ဒေါက်တာ ရီရီဝင်း၊ ကိုဘုန်းပိုင်ဦး+မကျဉ်နဒ္ဒေးအောင်၊
မဘရဏီဌေးအောင်၊ ကိုဥက္ကာ+မသစ်သစ်၊ ရိုးရိုး၊ နိုးနိုး မိသားစု
၃၃ လမ်း၊ ၈၅×၈၆ ကြား၊ မန္တလေးမြို့။
၁၂၀၀,၀၀၀/-
(တစ်ဆယ့်နှစ်သိန်း)

၂၁၀။ ဒေါ်သန်းမြင့်မိသားစု
၃၄၅၊ အုတ်လုပ်ငန်း၊ မတ္တရာမြို့။
BURMESE CLASSIC
၃၀၀,၀၀၀/-
(သိန်းသုံးဆယ်)

၂၁၁။ အဘိုး ဦးတင်မောင်ဦး+ အဘွား ဒေါ်လှလှဝင်းတို့ကို အမှူးထား၍
(မြေး)မောင်ဝဏ္ဏလှိုင် ၅ နှစ်ပြည့်မွေးနေ့အလှူ
အမှတ် (၁၀၁)၊ ၅၇ လမ်း၊ မန္တလေးမြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၂၁၂။ ဒေါ်စံအေးခိုင်၊ ဒေါ်လှမြခိုင်၊ ဒေါ်သင်းသင်းခိုင် ကောင်းမှု
ပွဲဆိပ်ရပ်၊ စစ်ကိုင်းမြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၂၁၃။ ဒေါ်ဖြူဖြူစစ်နှင့်အဖွဲ့ကောင်းမှု
မြို့မဈေး၊ စစ်ကိုင်းမြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၂၁၄။ ဆရာကြီး ဦးမြသောင်း (၈၀) နှစ်မြောက် မွေးနေ့အလှူ
စစ်ကိုင်းမြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၂၁၅။ ကျစွာချောင်-သန်းကြွယ်သူ စံကျောင်းဒကာ ဦးသူတော်+ဒေါ်ခင်သန်း
(သမီး)မကြည်ကြည်ဌေး၊ မကြည်ကြည်အေး(သန်းကြွယ်သူ)မိသားစု
အမှတ် (၂)ရပ်ကွက်၊ မတ္တရာမြို့။
၁၀၀၀,၀၀၀/-
(ဆယ်သိန်း)

၂၁၆။ ဦးရဲမြင့်+ဒေါ်ရွှေရွှေ(အမရပူရ)မိသားစု
Perth, Australia
၃,၀၀၀,၀၀၀/-
(သိန်းသုံးဆယ်)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

သုံးကြသည်။ ကိုသက္ကကတော့ တစ်ဘာသာထွင်ကာ အစိမ်းပုပ်ကို ရွေးသည်။ အနားတွေမှာ ရွှေရောင်ပြားကွပ်ထားသောအစိမ်းနှင့် ရွှေရောင်က တည်ငြိမ်သည့်အသွင်ဖြင့် တစ်မျိုးလှသည်။ လေတိုက်တိုင်း တလှုပ်လှုပ် တနွဲ့နွဲ့ရှိတတ်သော ကတ္တီပါကားကိုကြည့်ရင်း မင်းသမီးဖြစ်ချင် လွန်းခဲ့ရသော ဘဝကိုပင်သတိရသည်။ အခုတော့ ဇာတ်တစ်ဇာတ်ကိုထောင်ထားပြီး ဦးစီးရသူဖြစ်ခဲ့ပြီ။ အင်းလေ၊ ဘဝဆိုတာသည်လိုပဲရှိရမှာပေါ့။ တစ်ဆင့်တက်ရမှာပေါ့။ ဦးချမ်းသာထံက ချေးယူငွေနှင့် လက်ဝတ်လက်စားကလေးတွေကိုရောင်းလိုက်တော့ အကောင်းစားကြီးမဟုတ်သော်မှ တော်ရုံဇာတ်တွေထက်တော့ လတ်လတ်လောလော ရှိခဲ့ရပြီ။

အထူးသဖြင့် မီးတွေကို စိတ်ကြိုက်ပြစားနိုင်ပြီ။ အရောင်ပြားတွေ ကပ်ထားသော သံဖြူခွက်ကြီးတွေကို ပုဏ္ဏားကွယ်ထောင့်ကလှည့်ပြီး မီးထိုးပေးရုံဖြင့် အရောင်စုံကစားနိုင်သည်။ ဥဩသံအေးတို့ ငယ်ငယ်က မင်းသမီးမျက်နှာကို မီးစုံးစေချင်တော့ စပါးခြင်းသည့်တင်းတောင်းလို တောင်းဖင်မှာ ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်ပိုင်းစာ အပေါက်ဖောက်ပြီး အလင်းပေးရတာကြုံဖူးပါ၏။ အောက်ပြည်အောက်ရွာ က ဇာတ်တွေဆိုလျှင် ပြဇာတ်မှာရော၊ နောက်ပိုင်းမှာပါ လူပြက်တွေက အချိန်တော်တော်ယူပြီး ပြက်လေ့ရှိသည်။ ဥဩသံအေးတို့ အညာဇာတ်တွေကတော့ မင်းသမီးမင်းသားတို့၏ သမ္မာနှင့်ပညာကို များများကြီးသုံးမှ ကြိုက်ကြသည်။

'ဇာတ်က ခိုပါသယ်အေ။ မင်းသမီးက ဆံထုံးပြင်နေရသာနဲ့ အဝတ်အစားလဲနေရသာနဲ့ မိုးလင်းတော့သာပါ။ အသားမပါချက်တော့၊ ဘုရားရှိခိုးခန်းကလည်း အကြာကြီး။ အပျိုတော်ကလည်း အကြာကြီး။ ဝန်တွေ ပြည်တည်တော့လည်း တစ်ရေးငိုက်ပေတော့။ တော်ပါအေ သည်ဇာတ်မျိုးတော့'

တစ်ယောက်ယောက်က သည်လိုကဲ့ရဲ့လိုက်လျှင်သည် စကားက ပွဲခင်းထဲတင်ပျောက်သွားတာ မဟုတ်။ တစ်နယ်လုံးပျံ့တော့သည်။ ပွဲကြည့်သူတစ်ယောက်က ချက်နှင့်လက်နှင့် များများကဲ့ရဲ့တတ်လေ ဇာတ်မှာ များများထိခိုက်လေ။ သံရိုးထဲက သီချင်းကြိုးထဲက ဇာတ်လမ်းနှင့်လိုက်ဖက်တာ မဆိုနိုင်တော့လည်း အပြောမလွတ်။ သံရိုးတွေစုံအောင်ဆိုပြတော့လည်း ခေတ်မပါချက်တော့ ဖြစ်ရပြန်ပါ၏။ ဥဩသံအေးတို့ တည်ထောင်ထားသော ရူပါရုံသက်အေးပုံ ဇာတ်ကတော့ အထိုက်အလျောက် လူကြိုက်များလှသည်။ တောကလည်း ကြိုက်ကြသည်။ မြို့ကလည်းကြိုက်ကြသည်။ ဆရာကိုသက္ကက ပြဇာတ်တွေ ပိုင်သည်။ ပြဇာတ်မင်းသားတစ်လက် ထားသော်လည်း ဆရာကိုသက္ကကိုယ်တိုင်ဝင်ကသည့်ပြဇာတ်တချို့လည်းရှိသည်။ တချို့က သဘာဝမင်းသား ကိုသက္ကကို ကြိုက်ကြသည်။ ဥဩသံအေးကတော့ တစ်မိုးလုံး ဖျောက်ဆိပ်ဆိုသလို ပြည်ဖုံးကားကြီး အဖွင့်သီချင်းက စလိုက်တာ အော်ပရာ၊ ပြဇာတ်၊ နှစ်ပါးသွား၊ နောက်ပိုင်းဇာတ်အထိမိုးလင်းအောင်ကျုံးရသည်။ အသားဝါရုပ်ချော၊ အဆိုကောင်း၊ အိုကောင်းဆိုတော့ ခေတ်မင်းသမီးတွေကြားမှာ ရှိန်ရှိန်ဝင်းဝင်းရှိလှသည်။ ဇာတ်ပညာကလည်း ပြည့်သူဆိုတော့ လူနှင့်စာတစ်ထပ်တည်းကျသည်။ ပြီးတော့ အစွယ်ရှိသူ အစွယ်အားကိုး၊ လက်သည်းရှိသူ လက်သည်းအားကိုး မဖြစ်စေဘဲ ဇာတ်ထုပ်တစ်ထုပ်ကို စံရွေးကိုက် အချိန်ကိုက် အလှည့်ပေးထားသည့်အတွက် ကျစ်ကျစ်လျစ်လျစ် ရှိပါ၏။ ပွဲဦးဇာတ်ခံချိန်ကအစ ကန့်လန့်ကာ အတင်အချ၊ အဝင်အထွက်၊ အခန်းကူး၊ အခန်းပြောင်း၊ အဝတ်အစား၊ ဇာတ်ဝင်စကား၊ အရာအရာတွေအဆုံး မလိုစေရ၊ မပိုစေရ၊ မဟာစေရ။ အရပ်ပြောအရပ်ဆိုတွေ လျှော့ပြီး ဇာတ်ပြောဇာတ်ဆိုတွေကို အားပြုတော့ ဇာတ်ပွဲကြည့်ရတာ တန်ချက်တော့ဆိုတာမျိုး ဖြစ်ရပြီ။

'မသွေဘူးတဲ့မောင်ရယ်×××မပစ်ပါဘူးပျို့ချစ်ဦးရယ်×××စကားသံကြားရ ပြန်တော့တယ်×××ခုတော့ မေရယ်××× ကေသွယ်×××သေဖွယ်ညှန်းရော့သလား×××မလာနေ ကြာလေခေး×××ဆွေးရတော့တယ်×××ချစ်စက မသုန်ပေါင် မမှန်ပေါင်×××မယုံယုံအောင် ကလိသော်လည်း×××တအား လူးကား ပတ္တမြားနဖူးစာ×××ဘုရားစူးရပါစေမောင်ရယ်×××သွေလည်းမငြို့ မေပုလဲအပျို×××ခြေခွဲလို့မျိုပါစေတဲ့××× ဆိုးဆိုးညစ်ညစ် ရိုးရိုးမချစ်×××မိုးကြိုးပစ်စေ ကျိန်စေချင်တယ်'

ရွှေက ရုပ်သေးမင်းသမီးတွေ ဆိုခဲ့ကြသည့် စာတွေကိုလည်း မလွတ်စေရ။ လိုသည့်နေရာတွေမှာ ထည့်သည်။

'ကျွမ်းစရယ်တို့×××လွမ်းရတာ ဘာလို့လို့နဲ့×××မချိမခါး×××သိလိုက်ပေါင် ထိခိုက်အောင် မောင်မကြဲလို့×××အားမတန် အနိုင်စွန့်ရတယ်×××ကွယ် စိုးရွံ့မိသား'

'ညြော် မအေးသပ ဆွေးသမျှ×××ခွေးလာရဲ့ကဲထင်ပါရဲ့ ရှင်×××တွေးဆရင် ပူရန်နိမိတ်×××ရွှေအံတော်ကြိတ်××× ထိပ်တင်သက်ဝေ×××မကြည်သပ သည်ဘဝ×××ခဏနဲ့များသေရတော့မလား×××ဘယာအထွေထွေတွေးကာ ဖိတာကြောင့်××× ဖန်လာသည့်ဝဋ်ကြွေး ဘယ်ပုံနဲ့တွေးရပါ့××× ရေစေးတဲ့ပန်းပုဒမ် မီးပုံလို့တိုက်သည့်နယ်××× မောင်ကြီးရေ၊ ရေကူလို့ ဖျန်းလှည့်ပါဦး'

တောနယ်တွေက သည်လိုငိုစာ၊ သည်လို အဖွဲ့အနွဲ့စာတွေကို ကြိုက်ကြသည်။ တောထဲရောက်တော့ တောလား၊ တောင်ပေါ် ရောက်တော့ တောင်လား။ ရေလား၊ သပြေလား၊ သုသာန်လား ကအစ လေပြေစုံထိုးနိုင်မှ နာမည်ရသည်။ ရည်းစားမျှော်၊ အလောင်းပိုက်၊ သားချော့၊ နတ်စကား၊ ဝိဇ္ဇာစကား၊ ဇော်ဂျီစကား၊ ဘီလူးမပတ်တိုက်၊ နန်းစကား၊ တောစကားတွေ ရွတ်နိုင်မှ ဟုတ်လှချည့်ဖြစ်ရသည်။ မြို့မှာ

www.burmeseclassic.com

www.burmeseclassic.com

တော့ မြို့အကြိုက်နှင့် စခန်းသွားရပါ၏။ စာရွက်လို့မရ။ စကားရှည်လို့မရ။ မြို့အကြိုက် ဆိုးဆိုးဆတ်ဆတ်ကလေး တွေနှင့်မှ ဖြစ်သည်။ မြို့ရောတောပါ ကြိုက်သည့်အော်ပရာ တွေကို ဇာတ်၏လက်ကိုင်တုတ်ထားရပါ၏။ ကိုသက်က ရေးသည့် 'လင်းအရုဏ်ထဲက တေးသီဌင်' အော်ပရာ၊ 'ဆွမ်းတော်ဗျို့' အော်ပရာ၊ 'လက်ပံကောက်' အော်ပရာ၊ 'ရေခဲဆင်းချိန်' အော်ပရာတွေက နာမည်ရသည်။ အကနှင့် အလှပသာဒ ရောထားသည့် မြန်မာဆန်ဆန် အော်ပရာတွေ ဖြစ်သည်။ ပြဇာတ်မှာတော့ 'မာယာသိန်းသန်း' တို့၊ 'ဟင်္သာလည်းငှက် ကျေးလည်းငှက်' တို့၊ 'တိမ်ဆံမြိတ်ဦးမှာ လူးသည့်ကြယ်' တို့၊ 'မောင်ရွှေးသီတဲ့ ပန်းသရဖီ' တို့ သတင်းကြီးလှပါ၏။ နောက်ပိုင်းဇာတ်ထုပ်မှာတော့ မင်းသား စိန်မြင့်ကျော်နှင့် ဉာဏ်သံအေးတို့ကသည့် 'မစောလှ သိုက်သမိုင်း' ကို အမြဲကကြရသည်။ ဇာတ်တည်ရာဌာနကို အဖေသီလတို့ မြို့လိပ်စာပေးထားတော့ ပွဲပြကွဒိန်တွေ များများရပြီ။

'ပျော်လိုက်သာ အစ်ကိုရယ်။ ပွဲတွေများများရလို့ ပျော်တာရော ဉာဏ်ဖြစ်ချင်ခဲ့တဲ့ ဇာတ်ထောင်ဘဝကို ဖြစ်ရသာရော ပေါ့တော်။ အစ်ကိုလည်း ပင်ပန်းလှပါပြီ။ ကျုပ်ကတော့ ဝါသနာကြီးလွန်းလို့လား မသိဘူး ဘယ်လောက်ပင်ပန်း ပင်ပန်း ညနေဇာတ်ခုံမီးလင်းရင် ကျုပ်ခန္ဓာကိုယ်ထဲ အားတွေ ပြည့်လာသလိုပဲ။ မိုးသာစင်စင်လင်းရော ကျုပ်က နေ့ကူးက လိုက်ချင်သေးသာ'

တစ်ခါတစ်ခါ လင်နှင့်မယား စကားပြောခွင့်ကလေး ရလျှင် သည်လိုပြောဖြစ်မြဲပင်။ ဘာပဲဖြစ်ဖြစ် ဉာဏ်သံအေး အဖို့ရာနေပျော်ခဲ့ရပါ၏။ သဘင်လမ်းက တဖုန်ဖုန်မို့ စမိတော့လည်း လျှောက်လေဦးတော့ ဉာဏ်ရေ···။

'အမိန့်တော် သေချာထမ်းပြီး×××မြို့လမ်းကထွက်လို့မို့ ×××အချက်ကျကျလာခဲ့ရ×××ဘုရင့်အမိန့်တော်ဆိုတော့ အခါမနေးအောင်×××တစ်ရေးသော်မှ မဆိုင်းဝံ့ပေဘဲကိုး ဝန်မင်းရဲ့' ဆိုတာလို လှမ်းမိသည်ဖဝါး မနားနိုင်ခဲ့ပြီ။ တစ်ရေးသော်မှ မဆိုင်းနိုင်ခဲ့ပြီ။

❑

ဉာဏ်သံအေး အသက်သုံးဆယ်တင်းတင်း ပြည့်ပြီ။ အသက်သုံးဆယ်ဆိုတာ တကယ်တော့ကြီးလှပြီမဆိုသာပါ။ ငယ်သကောရယ်လို့လည်းမပြောနိုင်။ သူတကာ အသက်သုံးဆယ်ဆိုတာ ဘယ်လိုဘယ်ဝါရှိလေသည် မသိနိုင်ပေသိ ကိုယ့်အလှည့်အသက်သုံးဆယ်ကတော့ ဘဝပဲကြမ်းလေသလား၊ ဘဝပဲဆန်းလေသလား။ တစ်ခါတစ်ခါ တွေးကြည့်တော့လည်းရရာသည့် အဖြေမရှိ။ ငယ်ဘဝ ဆယ်နှစ်ကလေးအရွယ်၊ သည်ကလွန်တော့ ဝါသနာကိုမို့၍တော မင်းသမီးတစ်ကောင်ထိုးဘဝနှင့်ပြီးခဲ့ရသည်။ နှစ်ဆယ်ကကျော်တော့ သဘင်ရည်ကလေးရလာသည်နှင့် ဇာတ်စင်ပေါ်ရောက်ရပြန်ပါ၏။ မထင်မှတ်ပါဘဲ အိမ်ထောင်ဆိုသည့် အဝတ်အစားလဲပြီး ဘုရားဖူးကြသည် သမီးငယ်ကို ပူဆာသမျှ ဝယ်ပေးဖြစ်သည် သည်လိုနှင့် နေကုန်ခဲ့ပြီ သည်လိုနှင့် သန်းခေါင်တိုင်ပြီ သည်လိုနှင့် မိုးလင်းခဲ့ပြီ မီးစက် သွားပြင်သည့် စက်ရော ရောက်မလာသေး ဘယ်နယ်များ ဖြစ်နေကြပါလိမ့် မနက် ရှစ်နာရီသာသာ မှာတော့ စက်ရေသမားတွေ ဆီက တစ်ဆင့် သတင်း ရောက်လာခဲ့ပြီ

ကျင်းထဲပန်းမကိုင်ဘဲ ကျခဲ့ရသည်။ ချစ်ရသူနှင့် မကွေမကွင်းရှိခဲ့လို့ ဝမ်းနည်းဝမ်းပါး မကြုံခဲ့ရတာလည်း ကုသိုလ်ပေပဲလား။ ဇာတ်သမတွေထဲမှာ သူတကာ ထက်ပိုသောအလှ၊ သူတကာ ထက်ပိုသောအသံ၊ သူတကာ ထက်ပိုသော ပညာကိုပိုင်ဆိုင်ခဲ့လို့ ငယ်ငယ်ရွယ်ရွယ်နှင့် ခိုင်စံပယ်မြိုင်လယ်မှာ ကြိုင်လှောင်းဆိုတာလို နာမည်တစ်လုံး မွေးမွေးကြီး ကျခဲ့ရသည်။ အရပ်တကာ နယ်တကာက ဉာဏ်သံအေးကို ချစ်ကြသည်။ ခင်ကြသည်။ တချို့ရွာတွေမှာ အမေအို တွေက ဇာတ်ခုံနောက်ဖေးလာကြပြီး စေ့စေ့အကဲခတ်ကြသည်။

'လှလိုက်တဲ့ မိန်းမအေ။ အသံကလည်းအနှစ်ကျတဲ့ နှစ်ချို့ပျားရည်ကျလို့ ပါကော။ အပြောအဆိုကလည်းကောင်း၊ အက အခုန်ကလည်းကောင်း၊ ကတော့လည်း ဇာတ်ကွက်ဇာတ်လမ်းထောင့် ကျိုးချက်တော့။ အကြမ်းအနုကူးချင်တဲ့ဘက်ကူးက ရောပါအေ စုန်းများ ကဝေများ ရုပ်ခွဲနာမ်ခွဲ ပညာနဲ့ပြုစားကြသလို ညည်းပြုစားနိုင်ချက်တော့။ ငါတို့က ပွဲကြည့်လာကြသာကြာပြီအေ့။ အသက်တစ်ရာသာ မပြည့်သယ် မင်းသမီးတစ်ရာကြည့်ခဲ့ပြီးပြီ။ ဘယ်မင်းသမီးမှ ခြောက်ဆယ့်လေးပြား မပြည့်လို့ တစ်ကျပ်မခေါ်နိုင်ခဲ့ဘူး။ ညည်းက ပြည့်လိုက်သာမှ။ ညည်းအမေ ဒေါင်းမို့ လှသာလား၊ ဉာဏ်မို့ ချိုသာလား ပြောမင်း

www.burmeseclassic.com

ပါဦး'

ဥဩသံအေးကိုယ်တိုင်ကလည်း ပိုး၊ မွေး၊ မျှော်၊ ခေါ်၊ အောင်၊ ဇော်၊ လု၊ ဘ၊ ရူး၊ အ၊ သေ၊ ပစ် မင်းသမီးတို့တာတ်အပ် သမျှအင်မံမရရှိခဲ့ရသည်။ သည်လိုရှိခဲ့ပေသိ ပညာစုံပြီ မထင်ခဲ့။ သဘင်သုခုမပညာဆိုတာ ဆုံးပဲ မဆုံးနိုင်။ ကုန်ပဲမကုန်နိုင်။ တွေ့သည့်နေရာက ပညာယူခဲ့သည်။ ကြုံသည့်နေရာက ပညာယူခဲ့သည်။ မင်းသမီးကြီးတွေနှင့် တွေ့ရတိုင်းသူတို့ဆီက တစ်လက်စွန်း တစ်ယောက်မ ချိုးခြစ်သလို ခြစ်ယူရင်းက သဘင်သုခုမကျိတောင်းပုတ်တောင်း ဖြည့်ခဲ့ရသည်။ ပြီးပြီပေါ့။ ပြည့်စုံတန်သလောက်ပြည့်စုံပြီပေါ့။ ပညာနှင့်ပတ်သက်လျှင် ဥဩသံအေးအဖို့ရာ ပြီးပြည့်စုံပြီလို့ မထင်။ ပညာများရမယ်ဆိုရင် မအေသေတာတောင် ဖျာနဲ့အုပ်ထားခဲ့မယ့် မိန်းမပါအေလို့ မင်းသမီးကြီးတွေကပင် သြချရသည်အထိ ပညာတွင်းဆုံးနှိုက်ခဲ့သည်။

သည်လိုနှင့်ပင် ဥဩသံအေး အသက်သုံးဆယ်ပြည့်ခဲ့ရခြင်းဖြစ်ပါ၏။ အသက်သုံးဆယ်ပြည့်သည့်နေ့က အတွေး။ အသက်သုံးဆယ်ပြည့်သည့်နောက်မှာတော့ ဥဩသံအေးအဖို့ရာ ဇာတ်ခုံပေါ်က တောကား တောင်ကား ထိုးကားတွေ တစ်ကားပြီးတစ်ကားပြောင်းသလိုပြောင်းခဲ့ရပြီ။ အသက်သုံးဆယ်တစ်ဖက်ခြမ်းမှာတုန်းကတော့ 'နှစ်ဆယ်ကျော်လွှစ်လို့ စွန်းလေးနှစ် ပေါ်စဝင်၊ ယဉ်သွယ်နုပျော့ပျောင်း၊ ဝိတ္တုန်းရောင်လို ဆံထုံးတော်ကေသီမိုနှင့် လဲမလိုကိုယ်ဟန်ချဲ့တယ် ခါးနွဲ့လို့နှောင်း' ဆိုတာလို လှသောငြိမ်သောဘဝနှင့် ရှိခဲ့ရပါ၏။ အသက်သုံးဆယ် သည်ဘက်ခြမ်းမှာတော့ ထိုလှသောငြိမ်သောဘဝကို ငှက်ဆိုးက သုတ်သလိုရှိခဲ့ရသည်။ 'လေဟုန်သံတိမ်တိုက်ထဲက၊ ဝဲတည့်လို့မြန်မကြာ၊ နှုတ်သီးရယ်ဝရဖိန်နှင့် တစ်ချက်ချိန်ပေါက်ကာကုတ် ထိုးသုတ်သောခါလေ'။ ဘဝကံကြမ္မာက ကောင်းကင်ကစွန်များသိမ်းများ မြေပေါ်ကကြွက်ကို ထိုးသုတ်သလို တစ်ချက်တည်းချိန်ပေါက်ပြီး ထိုးသုတ်လိုက်သည့်အခါ တစ်ခါက လှသော ငြိမ်သော ဘဝလည်းပါသွားခဲ့ရသည်။ ပဋ္ဌာစာရီဇာတ်ထုပ်ထဲကစာလို 'ဒုက္ခတွေစုံသည့် ထဲ၊ မဲ(မည်း)တည့်လို့ မိုးပစ္စုန်၊ ရာဟုရယ် စနေဆီက၊ လေနီတွေဆင်သင်တိုင်း၊ မှိုင်းတည့်လို့မှန်' ဖြစ်ခဲ့ရသည်။ မိုးက မိုးလုံးတုန်အောင်သည်းခဲ့သည်။ လေက လေလုံးထအောင် ပြင်းခဲ့သည်။

တစ်နှစ်လုံးခြောက်သွေ့နေခဲ့သော ယမားချောင်းပြင်မှာ အထက်မိုးကောင်းလို့ ရုတ်တရက် ရေလုံးကြီးကျသလို ချောင်းကြီးရေသန်ကြုံခဲ့ရသည်။

'စိတ်ထင်မှော ရိပ်ဆင်ကိုပြောရမှာဖြင့်×××ဟောဟို တစ်လျှောက်ဆန္ဒန်းသဏ္ဌာန်×××ဝလုံးခံ ဘကုန်းဟန် ပေါက်ပါပေါ့×××မောက်မောက်စွေစွေ ကောက်ကောက်ကွေ့ကွေ့ ×××ရှေ့မှာတစ်တန့်×××တိမ်ဒါလီ တိမ်လွှာချီ မိလ္လာရည်သန့် ×××ရန့်သိုက်မြို့ ဟိုဆဲ ညို့မည်း၍မှုန်×××သံစုံခရာ မာန် ဟုန်ဖြာ×××စည်ပုန်း မြည်တွန်ဟစ်×××ကသစ်ကယ် နန်းမျော်×××ကြွက်ကြွက်ကယ်ညံအောင် လက်နက်သံဆော်တော့×××ပြည်တော်ကို လွှမ်းလိုက်ပါဘိတော့တယ်'

ဇာတ်ထဲမှာဆိုခဲ့ရသည့် တိမ်လားစကားလို မိုးကြီးဖြုန်းဖြုန်း ထစ်ချုန်းသံအုန်းအုန်းရှိခဲ့ရသည်။ ဥဩသံအေး သုံးဆယ်ကျော်လို့ တစ်နှစ်စွန်းစနှစ်က ဖြစ်၏။

'ရူပါရုံသက်အေးပုံ' ဇာတ်သဘင်အဖွဲ့ အထက်ဥရ ချောင်းဖျားက ရွာကြီးတစ်ရွာမှာ ကခဲ့ရသည်။ ခရီးပင်ဝေးလှပေသိ ဇာတ်ငှားစရိတ်ကောင်းကောင်း ပေးကြသည်က တစ်ကြောင်း၊ မရောက်ဖူးရသောဒေသမို့ ဇာတ်နယ်ကလေးချဲ့ချင်တာကတစ်ကြောင်းကြောင့် တစ်ဇာတ်လုံးကောက်ကောက်ပါအောင်လိုက်ခဲ့ကြသည်။ ထိုရွာကြီးမှာ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆုတောင်းပြည့်စေတီတော်ဘုရားပွဲ ဖြစ်သည်။ ရွာဘုရားပွဲက စည်လိုက်သည့်ဖြစ်ချင်း။ ပွဲငှားရွာနှင့်အနီးတစ်ဝိုက်ရွာတွေကလည်း သည်ပွဲတော်ကို ရောက်အောင်လာကြတော့ ဘုရားကွင်းကျယ်ကြီးပင် မဆံ့ချင်။ အနယ်နယ်က စျေးသည်တွေကလည်း တပ်တန်းကြီးထိုးကာ ရောင်းချကြသည်။ ဥရချောင်းဘေးဆိုတော့ ရေနှင့်ကမ်းနှင့်လှပါပေ၏။ ရောက်ရောက်ချင်းဆိုသလို တစ်ဇာတ်လုံးရေချိုး ဆင်းကြသည်။ ဘုရားပွဲလာဧည့်သည်တွေကလည်း ချောင်းရေပြင်တစ်လျှောက်ရေတွေချိုးကြ၊ အဝတ်တွေ လျှော်ကြ။ ဥဩသံအေးကတော့ ဂျီးတိုးနှင့်သမီးကိုခေါ်ကာ အထက်နားကျကူသောင်ပြန့်အထိ လျှောက်လာခဲ့သည်။ သည်နေရာက ဘုရားပွဲခင်းအခြေ ရေချိုးကြသူတွေနှင့် အတန်ငယ်ဝေးသည့်နေရာဖြစ်သည်။ သည်နေရာကကြည့်လျှင် စေတီတော်နှင့် ဥရချောင်းမြင်ကွင်းက ပန်းချီဆန့်လွန်းလှသည်။

'အိုးတုတ်ချောင်းသာဆိုသယ် မြစ်ကျလို့ပါကော မယ်ဩရယ်။ ရေကလည်းစိမ်းကြည်နေသာပဲ။ အတင့်တော့ မရဲနဲ့ဟဲ့၊ ချောင်းကကိုယ့်ရွာဘေးက သဲချောင်းတွေလို မဟုတ်ဘူးနော်၊ ချောက်ကြီး ကျင်းကြီးတွေရှိနိုင်သယ် ညည်းအေ၊ ဘုရားဆိပ်အများချိုးတဲ့နေရာမချိုးဘဲနဲ့'

'ဥရချောင်းပါကျိုးတိုးရယ် အိုးတုတ်ချောင်း မဟုတ်ပါဘူး။ သည်နေရာက လူလွတ်သယ်။ ကျုပ်က မင်းသမီးရယ်၊ မင်းသမီးရေချိုးနေသယ်ကြားရင် ပြိုလာကြတော့မှာ တွက်ရသေး'

'အဲသာတော့ ဟုတ်သယ်။ တို့ဇာတ်ကားကြီးဝင်လာတော့ မတွေ့ဘူးလား။ လာကြည့်ကြတဲ့မိန်းမတွေ ညည်းမပြောနဲ့ ငါ့တောင်ကြည့်ကြသာရယ်၊ လက်ထောက်မင်းသမီးထင်ကြထင်ပါရဲ့'

'တော်သေးသာပေါ့။ ဂျီးတိုးကို ဥဩသံအေး မထင်ကြလို့' ဥရချောင်းရေက ရေစီးသန်သလောက် ရေနက်သည်။ ရေကြည်သည်။ ကျဉ်နေအောင်အေးသည်။ ဂျီးတိုးက ဥရလို့ အသံမထွက်တတ်တော့ အိုးတုတ်ချောင်းလို့သာ ခေါ်တော့

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဥဩသံအေးက ထဘီကိုရင်ရှားပြီး ချောင်းစပ်မှာပဲ ဖလားနှင့် ခပ်ချိုးသည်။ ဂျီးတိုးကတော့ ခါးတစ်ဝက်လောက် အထိဆင်း ရေစိမ်လေ၏။ သက်အေးပုံကို ရေချိုးမပေးတော့။ ကလေးဆိုတော့ ရေပြောင်းရေလွှဲ ဖျားမှာနာမှာကြောက်လို့ ဖြစ်သည်။ ထိုအခိုက်မှာပင် ဇာတ်ထဲက မျောက်အုန်းသီး ရေစပ်ကိုရောက်လာခဲ့ပါ၏။ နာမည်ရင်းရှိပေသိ တစ်ဇာတ်လုံးက မျောက်အုန်းသီးခေါ်ကြသည့် လူငယ်ဖြစ်သည်။

'အစ်မ၊ ကျုပ်နဲ့အစ်ကို ဟုမ္မလင်းသွားပြီး မီးစက်ပြင်ရမယ်။ မီးစက်က ဘယ်လိုမှ နှိုးမရလို့ အခုသွားမှ ညနေပြန်နိုင်မှာ။ စက်လေ့လည်းဌားပြီးပြီ'

'ဟုတ်လား၊ အေး အေး...တို့လည်းပြီးပါပြီ။ သွားနှင့် သွားနှင့်'

ရေကို ကမန်းကတန်းချိုး၊ ချောင်းကမ်းပါးမှာပဲ အဝတ်စိုလဲကာ ဇာတ်ခုံဘက်ကို ပြန်လာခဲ့ကြသည်။ ဥဩသံအေးတို့ ရောက်တော့ မီးစက်ကြီးကို လူအားနှင့် ရေဆိပ်ကိုချနေကြပြီ။ စက်ဆရာနှင့် ကိုသက္ကမှာပါ တစ်ကိုယ်လုံးစက်ဆီတွေ ပေကျံလို့။

'ဟုမ္မလင်းက အဝေးကြီးလား'

'နည်းနည်းလှမ်းတယ်ဗျ။ ရေဆန်ဆိုရင် ဝိုတောင်ကြာဦးမယ်။ ပြင်တာက ဘယ်လောက်ကြာမယ် မသိသေးဘူး'

'အဲသလိုဆို အစ်ကိုလိုက်မသွားပါနဲ့လား။ မျောက်အုန်းသီးနဲ့ စက်ဆရာပဲ ထည့်လိုက်ပါလား။ အစ်ကိုနားပါဦး။ခရီးကြမ်းခဲ့ပါဘိသနဲ့ အစ်ကိုပန်းလှရောပေါ့'

'မဖြစ်ဘူးမယ်ဩရဲ့။ မနက်ဖျင်းည က၊ရမှာဆိုတော့ မီးစက်က ကနေ့ကောင်းမှကိုဖြစ်မှာ။ သူတို့ချည်း လွှတ်လိုက်လို့ မဖြစ်ပါဘူး'

'အင်းပေါ့လေ၊ ဟုတ်တော့လည်း ဟုတ်ပါရဲ့။အစ်ကို ပင်ပန်းနေလို့ပြောသာပါ'

ကိုသက္ကက အပြင်ထွက်ခါနီး ပြုနေကျအတိုင်း ဇနီးနှင့် သမီးကလေးကို တစ်လှည့်စီပါးကို ဖျစ်သည်။ လွယ်အိတ်ကလေးကို သိုင်းလွယ်ကာ ဥရုချောင်းဘက် ထွက်ခဲ့ကြသည်။ ဥဩသံအေးက စက်လေ့ထွက်သွားလို့ မှုန်မှုန်လောက်မြင်ရတော့မှ ဇာတ်ခုံကိုပြန်ခဲ့သည်။ အဝတ်အစားလဲပြီး ဘုရားဖူးကြသည်။ သမီးငယ်ကို ပူဆာသမျှဝယ်ပေးဖြစ်သည်။ သည်လို နှင့် နေကုန်ခဲ့ပြီ။ သည်လိုနှင့် သန်းခေါင်တိုင်ပြီ။ သည်လိုနှင့် မိုးလင်းခဲ့ပြီ။ မီးစက်သွားပြင်သည့်စက်လေ့ ရောက်မလာသေး။ ဘယ်နှယ်များ ဖြစ်နေကြပါလိမ့်။ မနက်ရှစ်နာရီသာသာမှာတော့ စက်လေ့သမားတွေဆီကတစ်ဆင့် သတင်းရောက်လာခဲ့ပြီ။ အောင်ဘောဂစက်လေ့ ဟုမ္မလင်းချင်းတွင်းဝမှာ မှောက်လို့တဲ့။

အို၊ ဘုရား...ဘုရား။ အောင်ဘောဂစက်လေ့က မီးစက်ပြင်သွားသည့် စက်လေ့။ ကိုသက္က၊ စက်ဆရာနှင့် မျောက်အုန်းသီးတို့ ပါသွားသည့်စက်လေ့။

သည်လိုနှင့် မိုးကြီးသာ ချုပ်ခဲ့လေပြီ။ ■

(ဆက်လက်ဖော်ပြပါမည်)

ခင်ခင်ထူး

www.burmeseclassic.com